မဟာရလောပ၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင်

မန်လည်ဆရာတော်ဘုရားကြီး

၏

# ဝဇိရူပမဗျာကရဏကျမ်း

နှင့်

၃-စောင်တွဲ



မကာရလောပ၊ အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးရှင်
မန်လည် ဆရာတော်ဘုရားကြီး

မဟာရဝလာပ၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင်

မန်လည်ဆရာတော်ဘုရားကြီး

၏

# ဝိဇ္ဇူပမဗျာကရဏကျမ်း

နှင့်

၃-စောင်တွဲ

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

သာသနာနှစ် ၂၅၂၅၊ ကောဇာ ၁၃၄၃၊ ခရစ် ဇူလိုင်လ၊ ၁၉၈၁။

၁၉၇၃ ခု၊ ဇူလိုင်လ
တတိယအကြိမ်
အုပ်ရေ (၁၀၀၀)

ပန်းချီ — မြင့်မောင်
ဘာလောက် — ရှောင်နီဦး ၃၁-လမ်း
အဖုံးရိုက် — အောင်သာ
စာအုပ်ချုပ် — သန်းသန်းယဉ်

ကင်းလွတ်ခွင့်အမှတ် (၆၅၁)
ဘာသာရေး ခွင့်ပြုအမှတ် (၁၈၂၇)

ထုတ်ဝေသူ — ဦးဘဌေး(ဥက္ကဋ္ဌ) မန်လည် စာပေစောင့်ရှောက်ရေးအဖွဲ့၊
အောင်ချမ်းသာရပ်၊ အင်းတော်မြို့။

ပုံနှိပ်သူ — ဒေါ်တင်လှ (၀၂၀၃၀) နေလင်းစာပုံနှိပ်တိုက်၊
၁၁၊ ၁၂၅-လမ်း၊ ကန်တော်လေး ရန်ကုန်။

# ပုံနှိပ်လုပ်ဆောင်သည့်နိဒါန်း

မဂ်ဝရဇိန်၊ စက်ရဝိန်ဖြင့်၊ ဖျက်ချိန်ပယ်သတ်၊ ကမြင်ပြတ်အောင်၊ ညင်းတတ် ကိလေ၊ ပြတ်တိမ်ခြွေ၍၊ ဗိဒသသဝတ်၊ အရဟတ္တဖိုလ်၊ ထိုမဂ်ဖိုလ် မျှော်မျက်မြင်၊ အောင်ပွဲယင်သော်၊ ဝန်းကျင်ထက်အောက်၊ မျက်မှောက်ဖူးမြော်၊ ကျော် မြတ်နိုး၊ နတ်မျိုးစုံ၊ ပြဟ္မာစိုးသွတ်၊ ဦးညွှတ်ချီးဆာ၊ ပီသဝေယျ၊ နေရပ်ပြည်ကြိုးရှင်၊ ဘုရင်ဘုန်းဝေ၊ ငါးမားရိအောင်သည်၊ ၅၀၀၀-ဝရေ တွက်၊ ရွှေစက်ပိုင်းခြား၊ ထေးတော်မူခဲ့သော သာသနာ ၂၄၄၅-ခုနှစ်သို့ ရောက်သောအခါ၊ သုံးခွအပိုင်၊ ခရိုင်အစိုး၊ ဥက္ကံမြို့၌၊ စံဂျီမရာ၊ ခမ္မာသဘာ၊ စာသွဲယင်ဆဖြိုး၊ ဝန်းကျင်ဝေးနီး၊ တံဆိပ်ရ မရအရေးတော်ဘုရားကြီးဟူသည်၊ အသီးသီးကြွရောက်တော်မူကြလေသတည်း။

ထိုသည့်ကာလ၊ထိုဌာန၌၊ ဝါမဘုရား၊အယူကွဲပြား၊ကဆားအခက်၊ ၁၅-ချက် ကို၊ ယုံမှားလျက် ရှိနေကြသော၊ ဥက္ကံမှလူကြီးတို့သည်၊ ယူနည်းလမ်းမှန်၊ ကျမ်းဂန်ပါဠိ၊ အငွကာသာ၊ ဋီကာဂဏ္ဍိ၊ ပြဿဟ၊ယူ ၊ စုံ ထုံးပုံသဒ္ဒါ၊ ညာပကနှင့်၊ သမာနဝါဒီ၊ ကလျာဏ စ ရိတ်ချ၍၊ ပါရမီ ပြတ်ကို၊ ထုံး မှတ်၍၊ ဆုံးဖြတ်တော်မူပါမည့်အကြောင်း၊ တော တောင်းလျှောက်ထား၊ အသ နားခံကြရာ၊ မဟာဝိသုဒ္ဓါရာမ၊ နာယကမည်၊ သံဃာထေရ်သည်၊ မြင့်မြတ် ထက်အောက်၊ ဘဝဂ်ရောက်အောင်၊ မျက်မှောက် တော်ပြု၊ ထောက်မျှော်ရှု သော်၊ ယခုအခါ၊ သုခမ္မာခွင်၊ စာသင်၍၊ ရုပ်တင်မရေးခက်၊ လျှောက်မေး ချက်ကို၊ ရှေးအထက်ခါ၊ ဓမ္မာသောက၊ မိလိန္ဒဟူ၊ နရသုန်း၊ လူမှုန်ကင်းတို့၊ ညာက်ရင်းသန်မာ၊ ကြံဖန်ကာဖြင့်၊ ပြဿနာမူ၊ ဆပ်ခံပြုသည်ကို၊ အနုပညဝန်၊ ပုဂ္ဂိုလ်မွန်တို့၊ ထုတ်ဆိုညွှန်ပြခြင်းငှါ၊ မတတ်စွမ်းနိုင်ရာဟု၊ ရဟန္တာ အရှင်မြတ် တို့သည်၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၊ အရှင်မဟာနာဂသေန၊ မထေရ်မြတ် တို့ကို၊ လွှဲအပ်ဝန်ချ၊ ဖြေဆိုညွှန်ပြ စေဘိသကဲ့သို့၊ ထိုအတူ ဇမ္ဗူဝန်းကျင်၊ ကျွန်းအပြင်၌၊ ထွန်းထင်ကျော်စော၊ အဟောဝတာ၊ ပြောပမပြီး၊အံ့ချီးမကုန်၊ ဂုဏ်ထက်ဂုဏ်ဘိုဖြင့်၊ ငွေပုဏ္ဏမ၊ ရွှေယုန်ပကဲ့သို့၊ ဝိသေသမထေရ်၊အာဇာနည် ပုဂ္ဂိုလ်မန်လည်မြို့မ ပြာသာဒ်ကျောင်းကြီးထရာတော်မြတ်ကို၊ ဆုံးဖြတ်ဖြေဆို စေသဖြင့်၊ ထိုထိုကျမ်းဂန်၊ လမ်းမှန်ညွှန်ပြ၊ ရေးသားစီရင်တော်မူရသော

ပျဉ်းမနားမြို့၊ မြို့နီစိပါယ်ရှိစာရေးကြီး မောင်ထွန်းလှိုင်၊ ရွှန်မြိုင်လက်မှုံ၊ ဆယ်ခက်နှံ့လျက်၊ စက်စုံခြေဦး၊ မြေနဖူးဖြင့်၊ ကြည်နူး ဖွယ်ရန်ထွာ၍၊ ကျမ်းလာမှုချိုကို၊ ထုတ်ပြုတော်မူရသော ဝဇီရဗုဒ္ဓိပကာသနီကျမ်း၊ ထိုနောက်တဖြာ၊ ပါဠိအဋ္ဌကထာ၊ ကျမ်းဋီကာတို့မှ ထုတ်ဆောင်၍၊ ဆုံးဖြတ်ဖြေဆိုအပ်သော ဝဇီရနိဿယ ဝိနိစ္ဆယကျမ်းတို့ကို၊ နှစ်သက်ကြည်ညို၊ ရှိသေမြတ်လေး၊ မှတ်ရေးစုံအောင်၊ မပြတ်ဆောင်လိုကြသော၊ ရဟန်းသံဃာ၊ တကာ တကာမတို့သည်၊ ကာလမကြာခင်၊ စက်တင်ပုံနှိပ်မည်အကြောင်း၊ တောင်းပန်တိုက်တွန်းအပ်သည်ဖြစ်၍၊ မန္တလေးမြို့မ၊ ပြာသာဒ်ကျောင်းကြီး၊ တသျှောင်းထီးကို၊ ဆောင်းပြီးနေသည်၊ ပျော်မွေ့ရသော၊ ရဟန်းတော် ဦးကုသလ၊ ထီးကျိုင်းမြို့မ ရွှေစည်းခုံ၊ ကြေးမုံဗိမာန်၊ ကျောင်းရိပ်စံသော၊ နိဗ္ဗာန်နန်းမျှော်၊ ရဟန်းတော် ဦးအာစိဏ္ဏ ဦးကုမာရ တို့သည်၊ သမာနဝါဒီ၊ ကလျာဏစာရီတို့၏၊ ပါရမီဉာဏ်၊ ထက်သန်ရင့်မာ၊ ရှည်မြင့်စွာတိုးပွား၍၊ အကျိုးများစေခြင်းငှါ၊ ကောင်းစွာသိုက်မြိုက်၊ မန္တလေးတိုင်းသတင်းစာတိုက်၌၊ ပဌမအကြိမ်ရိုက်နှိပ်ပြီးသည့်နောက်၊ကသာမြို့မဟာလေးထပ်ကျောင်း ဆရာတော် ဦးနန္ဒဝံသ နှင့် တပည့် ဦးနန္ဒိမာ တို့က ၁၃၁၆-ခု၊ ကဆုန်လတွင် ဒုတိယအကြိမ် ရန်ကုန်မြို့ သုဓမ္မဝတီစာပုံနှိပ်တိုက်၌ ပုံရိုက်လုပ်ဆောင်ကြပြီးလျှင်၊ ယခုတတိယအကြိမ် ရန်ကုန်မြို့ နေလင်းပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ကာ မန်လည်စာပေ စောင့်ရှောက်ရေး အဖွဲ့က ဖြန့်ဝေပါသည်။

နိဒါန်း ပြီး၏။

## မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့၏ အမှာစာ

**နိဒါန်း**

၁။ စစ်ကိုင်းတိုင်း၊ ထီးတော်မြို့တွင် မန်လည်စာပေစောင့်ရှောက်ရေး အဖွဲ့ကို ၁၃၃၇-ခုနှစ်က ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့ကြည်ရာဌာနမှာ အဖွဲ့ ပြင်ပြောက်ရန် စတင်စုစည်းပေးခဲ့၍ ယခုကို ဦးဆောင်ဦးပေးလျက် ရှိသော ဆရာတော် ဦးနန္ဒဝံသ၏ မြို့ဘုန်းတော်ကြီးကျောင်းဖြစ်ပါသည်။ အဆိုပါအဖွဲ့သည် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး ရေးသားပြုစု ခဲ့သော စာပေကျမ်းဂန်များကို စောင့်ရှောက်ရန် တာဝန်သိစွာ လုပ်ကိုင် ဆောင်ရွက်နေပါသည်။ အဖွဲ့ဖွဲ့စည်းရခြင်းအကြောင်းနှင့် ယခုအထိ လုပ်ကိုင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို တင်ပြရန် ဤအမှာစာကို ရေးသား ရခြင်း ဖြစ်ပါသည်။

**မန်လည်ဒေသ**

၂။ မန်လည်ဟူသော အမည်နာမကို မြန်မာစာပေ လေ့လာလိုက်စားသူ တိုင်း ကြားဘူးကြပါသည်။ မြန်မာစာပေလောကတွင် ကုန်းဘောင်ခေတ် နောက်ပိုင်း၌ ထင်ရှားကျော်ကြားခဲ့သော မန်လည်ဆရာတော်ဘုရားကို အစွဲ ပြု၍ အသိများလာရခြင်း ဖြစ်ပါသည်။ ထင်ရှားကျော်ကြားသော ဒေသဖြစ် ၍ ထနယ်၊ ယယ်အလုပ်လုပ်မှ ရဟန်းရှင်လူများ ယနေ့တိုင် တပွဲပွဲ ရောက်ရှိလေ့ လာနေကြသော ဒေသဖြစ်ပါသည်။ စာပေပါရဂူ ကဝိဘွဲ့ ဆုံရှင်တော်မူသော အဆိုပါဆရာတော်ဘုရား မွေးဖွားကြီးပြင်းရာ မန်လည်ဒေသသည် ငါးကိုင်း တိုင်း ထီးတော်မြို့နယ်တွင်းမှ ကျေးရွာကြီးတရွာ ဖြစ်ပါသည်။ မန္တလေး- မြစ်ကြီးနား ရထားလမ်း မိုင်တိုင်အမှတ်(၅၁၈) တွင်ရှိသော ဆည်ရွာဘူတာမှ အနောက်သို့ နှစ်မိုင်ခရီးမျှ ဝေးကွာပါသည်။ ဆည်ရွာမှ မန်လည်သို့ သွားရာ လမ်းခရီးသည် ညို့ညို့ဆိုင်းဆိုင်း အုံ့မှိုင်းပြာမှိုင်းသည့် ထင်းကညင်တော၏ အရိပ်အကာကွယ်နှင့် တွေးတွေး သဲမြေလမ်း ဖြစ်သည့်အပြင် ပျော်ရွှင်ဖွယ်ကောင်းသော ခရီးလမ်းဖြစ်ပါသည်။ ကြည်လင်အေးမြသော မဲဇာချောင်းအဲ ဝန်းရံထားခြင်းခံရသော မန်လည်သည် စိမ်းစိုလန်းဆန်းသော ဒေသအသွင်နှင့် တင့်တယ်နေပါသည်။ ရှေး ပဝေသဏီကာလ ပါဠိသိက္ခာပြည် ဗိန္ဒုသာရမင်းကြီး စိုးစံတော်မူခါ အခါက စတင်ပေါ်ပေါက်ခဲ့ပြီး သက္ကရာဇ် ၆၂၀-ခု၊ တပေါင်းလဆန်း ၂-ရက်၊

ဗိုဒ္ဓဟူးနေ့တွင် သခရခေတ္တရာခေတ်၊ သာသိမင်းကြီး၏အမတ် ဒိဗ္ဗနရာ ဦးဆောင် ပြုပြင်ခဲ့ရာမှ ယနေ့တိုင် စည်ကားနေသည်ဟူသော သမိုင်းကိုလည်း ယနေ့ မန်လည်၏ အနေအထားများက ထောက်ခံနေပါသည်။ ကုန်းဘောင်ခေတ် မင်းများလက်ထက်တွင် မြို့ဝန်အဆင့်အုပ်ချုပ်သော ဒေသဖြစ်ရကား မြို့ရိုး၊ မြို့ဝန်အိမ်နေရာနှင့် ရေတွင်းစသည်တို့ကို ယနေ့တိုင်အောင် မင်းကုန်းရပ်တွင် တွေ့မြင်ရပါသေးသည်။ အင်္ဂလိပ်အစိုးရလက်ထက်အစပိုင်းတွင် မြို့အုပ်ရုံးစိုက်ရာ ဒေသဖြစ်ခဲ့ဘူးသေးရကား အိမ်ကြီး၊ အိမ်ကောင်း၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ဖြင့် သိုက်မြိုက်စည်ကားလျက် ရှိနေပါသည်။

၃။ မန်လည်ဆရာတော်သည် မန်လည်ဒေသနှင့်ပတ်သက်၍ မိုးတားမြို့စား အညာမြစ်စဉ်ဝန်အား ပါဠိဘာသာဖြင့် ဂါထာစီကာ ပါဠိဘာသာဖြင့်ပင် အနက်ပဏ္ဍနာပြု၍ မြန်မာပြန်ရန် ပညာစမ်းခဲ့ပါသည်။ ယင်းဂါထာများမှ တခုကို အောက်ပါအတိုင်း တွေ့ရပါသည်။

> "မန် ရဋ္ဌေတိ ပတ္တာနံ၊ ဣတိမန်လည်တိ နာမကော။
> နဂရေ ရာဇဂါမန္တ-မဟာဝိဟာရ-မာရမေ။"

ထိုပြင် ဆရာတော်က "မန် ရဋ္ဌေတိတိ မန်လည်"ဟူ၍ ဝိဂ္ဂြိုဟ်ပြုထားသေးရာ ဟုတ်မဟုတ်၊ မှန်မမှန်၊ စာဆိုနှင့်ညီမညီ ဝေဖန်ရန်မှာ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုရန်မှ တပါး အခြားနည်းလမ်းမရှိချေ၊ "မကြုံစဖူး၊ မြင်ဘူးမှ ယုံစဖွယ်" ဟူသောစာနှင့် ညီလှသော မန်လည်ဒေသသည်ကား ယနေ့တိုင် အောင် အင်းတော်မြို့နယ်၏ ရှေ့ဆောင်ကျေးရွာကြီး တရွာအဖြစ် တည်ရှိနေ ပါသည်။

## မန်လည်ဆရာတော်

၄။ မန်လည်ဆရာတော်၏ ငယ်စဉ်က အမည်မှာ မောင်မာ ဖြစ်၍ ၁၂၀၃-ခု၊ နယုန်လဆန်း၊ ၁၂-ရက် အင်္ဂါနေ့ညဉ့် (၃) ချက်တီး ကျော်တွင် မန်လည်မြို့ မင်းကုန်းရပ်နေ ဝန်စာရေးကြီး ဦးထင်ညို၊ ဇနီးဒေါ် ဖြေတို့မှ မွေးဖွားသူဖြစ်ပါသည်။ ၁၂- နှစ်သားအရွယ်တွင် ဝန်းသိုမြို့ စော်ဘွားကြီး ဦးအောင်မြတ်၏ နေခင်တော် တောင်ပေါ်ကျောင်း ဘုန်းကြီး ဦးပန်းအောင်ထံတွင် စာပေသင်ကြားသည်။ ၁၆-နှစ်အရွယ်တွင် ရှင်သာမဏေ ပြု၍ "ရှင်ဇဝန"ဟုဘွဲ့မည်ရသည်။ မန်လည်မြို့သို့ ပြန်လာပြီးနောက် တောင်တွင်းဆရာတော်-ခင်ကြီးပျော်ဟု အမည်ရသည့် ရှင်ဉာဏဝရ၏ သုံးဆက် မြောက် တပည့်ဖြစ်သူ ဦးနန္ဒမဥ္ဇူထံတွင် ပညာဆက်လက်သင်ကြားခဲ့ပါသည်။

ဤဖြစ်စဉ်ကို ဆရာတော်ဘုရား၏ "ငါတို့အရင်း၊ နွယ်ဆက်ဆင်း၊ တောင်တွင်းကျော်ဆရာ၊ စတုတ္ထမြောက်၊ ငါသို့ရောက်၊ အဆက်ဆက်ဝေးမကွာ" ဟုဖွဲ့ဆို ဖော်ပြခဲ့ခြင်းက ထင်ရှားစေပါသည်။

၅။ မန်လည်ဆရာတော်သည် ပညာပါရမီ ရင့်သန်သူဖြစ်ရကား ၁၆-နှစ်သားအရွယ် သာမဏေဘဝကပင် မြန်မာစာကို ဆင်ထုံးဆင်နည်း နည်းများ နှင့် ပုဒ်ချည်းမကျန် ကရိုဏ်ဝါကျ မြန်မာ့အဖွဲ့ကဗျာ သတ်ပုံ အလုံးစုံသော လင်္ကာတို့ကို တတ်ကျွမ်း၍ ဆာဝါပြဇာတ်၊ ပဒုမပြဇာတ် လေးချိုးဘောထပ် စသည်များစွာတို့ကို ရေးသားသီကုံးတော်မူနိုင်ခဲ့ပါသည်။ ဆက်တော် ၂၅-နှစ် အရွယ်တွင် မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကြီးကို မင်းထင်မင်းလှ သမန္တ ရာဇာဘွဲ့ခံ မန်လည်မြို့စား ဦးပုံ၏ တောင်းပန်ချက်အရ ရေးသားသီကုံးခဲ့ပါ သည်။ ဤသို့အားဖြင့် ကျမ်းစာ (၃၀)ခန့်နှင့် ရတု၊ ကဗျာ၊ လင်္ကာ၊ တေးပ အမြောက်အမြားကို ရေးသားပြုစုတော်မူခဲ့ပါသည်။ ၁၂၇၉-ခုနှစ်တွင် အိန္ဒိယ ဘုရင်ခံချုပ်က ဆက်ကပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းကို ခံယူတော်မူပါသည်၊ ၁၂၈၂-ခု၊ တော်သလင်းလဆန်း (၁၃) ရက်နေ့ နံနက် (၁-၃၀)နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး မပုပ်မသိုး ကြွင်းကျန်ရစ် သော ရုပ်ကလပ်တော်ကို ဖန်ကျောင်း ဆောက်လုပ် တည်ထားကိုးကွယ်ခဲ့ရာ ယနေ့တိုင် ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။

ဆရာတော်၏ စာပေများ

၆။ မန်လည်ဆရာတော်သည် မ-ကာရလောပအကျော် ပထမ မန်လည် ဆရာတော်အဖြစ် စာပေနယ်တွင် ထင်ရှားလှပါသည်။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကိုသာ နိုင်ငံအဝှမ်း သိသူများလှသော်လည်း အခြား ကျမ်းစာစာပေါင်းများစွာကိုလည်း ရေးသားပြုစုခဲ့ကြောင်း အောက်ပါစာရင်း ကိုကြည့်၍ သိနိုင်ပါသည်။

(၁) မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်း၊
(၂) ပုစ္ဆာဝိသဇ္ဇနာကျမ်း၊
(၃) ပဉ္စစတ္တာလီသ ပုစ္ဆာဝိသဇ္ဇနာကျမ်း၊
(၄) သဘာပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်း၊
(၅) ပညာဝိမံသနကထာကျမ်း၊
(၆) သီမာဝိစာရဏာပါဠိနိဿယကျမ်း၊
(၇) ဒသသီလဝိဇ္ဇိရဂ္ဂဒီပနီ၊
(၈) ရာမညဒေသယျဝါဒဝိဇ္ဇိုဂ္ဂဏ္ဌိ မှု၊

(၉) မန်လည်ဥဒါန်း ဩဘာကဗျာကျမ်း၊
(၁၀) ဝိသဇ္ဇနာရသီကျမ်း၊
(၁၁) ဖုံသားထေရဂါထာပါဠိနိဿယ၊
(၁၂) သာမညဖလသုတ်ပါဠိနိဿယ၊
(၁၃) သမဏပတိရူပပါဠိနိဿယ၊
(၁၄) သမဏဘဒြကထာပါဠိနိဿယ၊
(၁၅) ဂိရိမာနန္ဒသုတ်ပါဠိနိဿယ၊
(၁၆) လောကသမုဒယကျမ်း၊
(၁၇) အဘိဏှသုတ် ပါဠိနိဿယနှင့် ကမ္မဋ္ဌာန်းကျမ်းသစ်၊
(၁၈) မင်္ဂလာရတုပေါင်းချုပ်၊
(၁၉) ဆန်းသံခိပ်၊
(၂၀) ဘုန်းကြီးပျံ့ဝိုချင်း အပါအဝင် ကဗျာများ၊
(၂၁) ဘုရားရှိခိုးအမျိုးမျိုးနှင့် တရားတောင်းရေစက်ချများ၊
(၂၂) အာယုဒါယ ပေဒင်ကျမ်း၊
(၂၃) ဂတိဝိသောဓန ဒီပနီ၊
(၂၄) ဒိဋ္ဌိဝိသောဓနဝဇီရဂ္ဂ ဒီပနီ၊
(၂၅) မဏိဇောတိကဝိသဇ္ဇနာကျမ်း၊
(၂၆) သံမုဋ္ဌရေနာ၊ လဟုကမ္မဋ္ဌာန အဆုံးအဖြတ်ကျမ်း၊
(၂၇) ဝဇီရူပမဗျာကရဏကျမ်း၊
(၂၈) ဝဇီရတ္တရပကာသနီကျမ်း၊
(၂၉) ဝဇီရနိန္နယဝိနိစ္ဆယကျမ်း၊
(၃၀) ကစ္စာယနသုသုဟာရကသဒ္ဒါကျမ်း၊

**မန်လည်စာပေစောင့်ရှောက်ရေး အဖွဲ့ ဖွဲ့စည်းခြင်း**

၇။ မန်လည်ဆရာတော်ဘုရား ပျံလွန်တော်မူသည်မှာ နှစ်ပေါင်း ၆၀-ခန့် ကြာပြီဖြစ်သည့်ပြင် ရေးသားတော် မူခဲ့သော ကျမ်းစာ များအပြားမှာ ထပ်မံပုံနှိပ်ခြင်းမပြုတော့၍ လော ကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ပေးစွမ်းနိုင်သည့်ကျမ်းစာများကို ယနေ့ရှင်လူတို့ ဖတ်ကြားခွင့် မရရှိကြချေ။ အချို့သော ကျမ်းစာများကို ပြန်လည်ရိုက်နှိပ်ကြပါသော်လည်း မူရင်းစာပေများနှင့် တိုက်ဆိုင်ညှိနှိုင်း စစ်ဆေးခြင်းမပြုနိုင်ကြ၍ အမှားအယွင်းများပါလာပါသည်။ စာပိုဒ်ဘာခုလုံး ကြွင်းကျန်ရစ်ခဲ့သဖြင့် ရေးသားသူ ဆရာတော်ဘုရားကြီး၏ ပညာရည်အပေါ် သံသယဝင်ကာ ဖတ်ရှုသူ အပြစ်ပွားဖွယ်များ ပင် ပေါ်ပေါက်ခဲ့ရပါသည်။ မန်လည်ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးကို သိ ကျွမ်းပူဇော်သောအားဖြင့် ဆရာတော်၏ စာပေများကို တည်တံ့အောင်

ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်ကြောင်း သိမြင်သော အင်းတော်မြို့မ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးနန္ဒဝံသသည် သက်ဆိုင်ရာ ပါတီယူနစ်နှင့် မြို့နယ်ပြည်သူ့ကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းခဲ့ပါသည်။

၈။ ထို့နောက် အင်းတော်မြို့နယ်ရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်ရွာ သာသနာ့အကျိုးဆောင်များထဲမှ စာပေရေးရာဝါသနာပါသူများကို စုစည်း၍ ဆရာတော်များ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နာယကအဖွဲ့ဝင် ၅-ဦး၊ အမှုဆောင်အဖွဲ့ဝင် ၁၇-ဦး တို့ပါဝင်သော ''မန်လည်စာပေ စောင့်ရှောက်ရေး အဖွဲ့''ကို ၁၃၃၇-ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

**မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့**

**နာယကများ**

(၁) ဦးယုဂန္ဓရ - စတုတ္ထမန်လည်ဆရာတော်။
(၂) ဦးနန္ဒဝံသ - အင်းတော်မြို့မကျောင်းဆရာတော်။
(၃) ဦးဉာဏိန္ဒ - မန်လည်ဆရာတော် (မြောက်ကျောင်း။)
(၄) ဦးစိန်လွင် - အင်းတော်မြို့နယ်ပါတီယူနစ်။
(၅) ဦးရန်လင်း - အငြိမ်းစားဗိုလ်ကြီး။

**အမှုဆောင်အဖွဲ့**

(၁) ဦးဘရွှေ - မြို့နယ်ပြည်သူ့ကောင်စီ၊လုပ်ငန်းစစ်အဖွဲ့ဝင်၊ ဥက္ကဋ္ဌ
(၂) ဦးလှဖေ - အငြိမ်းစား မြို့လျှပ်စစ်မန်နေဂျာ၊ အဖွဲ့ဝင်
(၃) ဦးထွန်းစိန် - မြို့နယ်သမ စုလုယ်အတွင်းရေးမှူး၊ ။
(၄) ဦးစိန်ဦး - အငြိမ်းစား ရဲဝန်ထောက်၊ ။
(၅) ဦးဘကြွယ် - အငြိမ်းစား တောအုပ်ကြီး၊ ။
(၆) ဦးကျော်အေး - နာရီပြင်ဆရာ-အောင်ချမ်းသာရပ်၊ ။
(၇) ဦးဘသိန်း - အငြိမ်းစား အထက်တန်းပြဆရာ၊ ။
(၈) ဦးခင်မောင်သန်း- မြို့နယ်ပြည်သူ့ကောင်စီ၊ အမှုဆောင်အဖွဲ့ဝင်၊ ။
(၉) ဦးထွန်းညွန့် - မြို့နယ်သမဝါယမ၊ဒု-ဥက္ကဋ္ဌ၊ ။
(၁၀) ဦးစက်ဖေ - စက်ပိုင်၊ မန်လည်မြောက်ရပ် ။
(၁၁) ဦးအေး - တောင်သူ၊ ။ ။
(၁၂) ဦးအေးမောင် - တောင်သူ၊ မန်လည်တောင်ရပ် ။
(၁၃) ဦးသန်းဖေ - မြို့နယ်ကောင်စီဝင် ။ ။

(၁၄) ဦးသိန်း　　- နိဗ္ဗာန်ဆော် မန်လည်တောင်ရပ်　　အဖွဲ့ဝင်
(၁၅) ဦးစိန်ဖိုင်　　- တောင်သူ၊ ဝါးဖြူတောင်ရွာ　　　　॥
(၁၆) ဦးညွန့်အောင် - မြို့နယ်ပြည်သူ့ကောင်စီ၊
　　　　　　　　　လုပ်ငန်းစစ်ဥက္ကဋ္ဌ၊　　　　　အတွင်းရေးမှူး
(၁၇) ဦးတင်ကြည် - မြို့နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ တွဲဖက်　　॥

အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ

၉။ မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ ပထမအကြိမ်အစည်းအဝေးမှ ဆရာတော်ဘုရား၏ စာပေများကို သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားစေရန် ဆောင်ရွက်ရာတွင် လိုက်နာသင့်သော မူများအဖြစ် အောက်ပါအတိုင်း သတ်မှတ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

(၁) တိမ်းပါးမှားယွင်းခြင်းမရှိစေရန် စောင့်ရှောက်မည်။
(၂) ပျက်စီးချွတ်ယွင်းခြင်း မရှိစေရန် ထိန်းသိမ်းမည်။
(၃) တိမ်မြုပ်ပျောက်ကွယ်ခြင်း မရှိစေရန် ဖော်ထုတ်မည်။
(၄) တဦးတယောက် အမြတ်အစွန်းရရှိရေးအတွက်မဟုတ်၊ တိုင်းပြည်နှင့် သာသနာကြီးပွားရေးအတွက်သာ ရိုက်နှိပ်ထုတ်ဝေမည်။

၁၀။ မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့သည် ဆရာတော်ဘုရား၏ စာကြည့်ပိဋကတ်တိုက်ကို သုတ်သင်ရှင်းလင်း၍ စာအုပ်စာရင်းများ ပြုစုခြင်း၊ စေတနာရှင်များ၏ ငွေကြေးအကူအညီဖြင့် ဗီရိုများပြုလုပ်ကာ ပေစာ၊ ပုရပိုက်၊ စာအုပ်စာတမ်းများကို လုံခြုံစွာ ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ဆရာတော်၏ စာပေများကို အောက်ပါအစီအစဉ်အတိုင်း ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

(၁) မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကျမ်းကြီး(၁၉၃၀-ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့)
(၂) မန်လည်အမေးအဖြေပေါင်းချုပ်ကျမ်းခေါ် ပညာဝိမံသနကထာကျမ်း(စာရင်း ၂-မှ၁၀-အထိ ၉-ကျမ်းကို စုပေါင်း၍ ၁၃၃၉-ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့)
(၃) မန်လည်ကမ္မဋ္ဌာန်းပေါင်းချုပ်ကျမ်း(စာရင်း ၁၁-မှ၁၇-အထိ ၇-ကျမ်းကို စုပေါင်း၍ ၁၃၄၀-ခုနှစ်၊ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်)
(၄) မန်လည်ကဗျာပေါင်းချုပ်ကျမ်း (စာရင်း ၁၈-မှ ၂၀-ထိ ၃-ကျမ်းပေါင်း၊၁၃၄၁-ခုနှစ်၊မန္တလေး သုဓမ္မဝတီပိဋကတ်ပုံနှိပ်တိုက်)

(၅) မန်လည်ဘုရားရှိခိုးပေါင်းချုပ်ကျမ်း (စာရင်း ၂၁-နှင့် ၂၂-ကို စုပေါင်း၍ ၁၃၄၂-ခုနှစ်၊ ရန်ကုန်မြို့-နေလင်းပိဋကတ်ပုံနှိပ်တိုက်)
(၆) ဝဇီရဂ္ဂမဏိဇောတိကကျမ်း (စာရင်း ၂၃-မှ ၂၆ ထိ ၄-ကျမ်းကို စုပေါင်း၍ ၁၃၄၂-ခု၊ ရန်ကုန်မြို့၊ နေလင်းပိဋကတ်ပုံနှိပ်တိုက်)

## ယခုထုတ်ဝေသည့် ကျမ်းစာ

၁၁။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျမ်းစာပေါင်း ၂၆-စောင်ကို စာစဉ် ၆-ခုဖြင့် ရိုက်နှိပ်ဖြန့်ချီခဲ့ပြီးဖြစ်ပါသည်။ ယခုထုတ်ဝေမည့်ကျမ်းစာမှာ "ဝဇီရူပမဗျာကရဏကျမ်း" ဖြစ်၍ အောက်ပါအတိုင်း ကျမ်းစာ၃-စောင်ကို စုပေါင်းရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။

(၁) **ဝဇီရူပမဗျာကရဏကျမ်း။** ။သာယာဝတီခရိုင်၊ဥက္ကံရွာနေသူကြီးဦးဘိုးအိုအပါအဝင် ၇-ဦးတို့က မေးမြန်းလျှောက်ထားသော ဘာသာရေးဆိုင်ရာ ပုစ္ဆာ ၈၅-ချက်ကို ဖြေဆိုပါရန် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရာမတိုက် ဆရာတော်ဘုရား၏ တိုက်တွန်းချက်အရ မန်လည်ဆရာတော်က ရေးသားကြောင်း သိရပါသည်။ ဘာသာရေးဆိုင်ရာ ဝါဒမတူ အယူကွဲပြား ဟရားအခက် ၁၅-ချက်ကို ယုံမှားလျက် ရှိနေကြသော ပုဂ္ဂိုလ်တို့အား ယူနည်းလမ်းမှန် ကျစေရန် အတွက် ကျမ်းဂန်ပါဠိအဋ္ဌကထာ ဋီကာဂဏ္ဌိဘိုနှင့်အညီ ယုတ္တိဒဋ္ဌ စံမိုလုံးစုံ ထုံးပုံသာဓကထုတ်ဖော်ပြ၍ သမာနဝါဒီ ကလျာဏစာရိတ္တ၏ ပါရမီနှန်းမြတ် စာမရီထုံးမှတ်ကို ဆုံးဖြတ်ဖြေဆိုရာ ကျမ်းစာဖြစ်ပါသည်။ ကျမ်းပြီးသက္ကရာဇ်မှာ ၁၂၆၃-ခုဖြစ်၍ ၁၂၆၄-ခုနှစ်၊နယုန်လတွင် မန္တလေးတိုင်းသတင်းစာတိုက်က ရိုက်နှိပ်ထုတ်ဝေဘူးကြောင်း သိရပါသည်။

(၂) **ဝဇီရတ္တရပကာသနီကျမ်း။** ။ပျဉ်းမနားမြို့နေ၊တကာမောင်ထွန်းလှိုင်၏ လျှောက်ထား တောင်းပန်ချက်အရ ရေးသား ပြုစုတော်မူသည်။ ဒိဋ္ဌိဟိတ်၊တိဟိတ်နှင့် ကလျာဏပုဂ္ဂိုလ်တို့ကို ခွဲခြားပြခြင်းမူစ၍ ဘာသာရေးဆိုင်ရာ ခက်ဆစ် ခဲချ ပြဿနာ ၁၆-ချက်ကို ပညာရှိယောင် ဟန်မဆောင်တတ် ဟုတ်ဟုတ်မှန်ရာ သိလိုစွာသော ကလျာဏအပေါင်း သူတော်ကောင်းတို့အား သိန်းသောင်းကုဋေ ရွှေငွေဥစ္စာ ရတနာမက တောင့်တလိုလားအပ်သည့် မြတ်သော ဝဇီရတ္တရနာမိကံ၊ ဝရဇိန်လက်နက် မိုးကြိုးစက်သို့ ဝက်ဝက်ခွဲဖြို ဖြေဆိုရာဖြေဆိုကြောင်းဖြစ်သော ကျမ်းစာ ဖြစ်ပါသည်။ ၁၂၅၉-ခုနှစ်၊ သီတင်းကျွတ်လဆန်း၃-ရက်နေ့ ရေးသားပြီးမြောက်၍ အထက်ပါ ကျမ်းစာနှင့်အတူ ၁၂၆၄-ခု၊နယုန်

လတွင် မန္တလေးတိုင်းသတင်းစာတိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ကြောင်း သိရပါသည်။

(၃) ဝဇီရနိန္ဒယဝိနိစ္ဆယကျမ်း။ ။ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းစသော သဘင်သည်ရေးရာနှင့် ပတ်သက်၍ အလွန်သိရခက်ခဲသော ကျမ်းဂန်ပါအချက်အလက်များကို ကိုးကား ဆုံးဖြတ်ပြေဆိုရာ ကျမ်းစာဖြစ်ပါသည်။ မိုးတားမြို့လက်ပံရွာ၊ မန်ကျည်းပင်ကျောင်းနေ ရှင်ကေတုက နစ္စ၊ ဂီဘ၊ ဝါဒိဘ အရာတွင် ငရဲခံရသူမှာ သဘင်သည်တို့သာဖြစ်သည် ဟုပြောကြ၍ ပွဲကြည့်သူဘို့နှင့် ဆိုင်မဆိုင် ဆုံးဖြတ်ပေးပါရန် ပန်ကြားချက်အရ ရေးသားခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။ အထက်ပါကျမ်းစာများနှင့် တွဲ၍ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရပါသည်။

၁၂။ ကျန်ရှိနေသေးသော ဆရာတော်ဘုရား၏ ကျမ်းစာများကိုလည်း ဤအဖွဲ့မှ ဆက်လက်ရိုက်နှိပ် ထုတ်ဝေသွားရန် စီစဉ်ထားပြီးဖြစ်ပါသည်။ ဘာသာရေးလောက စာသင်သားနယ်ပယ်တွင် အဖိုးတန်လှသော အောက်ပါကျမ်းကို ထုတ်ဝေနိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းလျက်ရှိကြောင်း သတင်းကောင်းပါးလိုပါသည်။ (၁) ကစ္စာယနသုသုဟာဒရကာသဒ္ဒါကျမ်း။

နိဂုံး

၁၃။ ယခုကျမ်းစာကို ထုတ်ဝေနိုင်ရန် စီစဉ်ဆဲကာလမှာပင် မန်လည်စာပေအဖွဲ့အနေနှင့် ဝမ်းနည်းဖွယ်ရာ ဆုံးရှုံးမှုကြီး တရပ်နှင့် ကြုံရသည်ကိုလည်း မှတ်တမ်းတင်လိုပါသည်။ မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ ဖြစ်မြောက်အောင် ကြိုးပမ်းခဲ့ပြီး နာယကတဦးအနေနှင့် တာဝန်ယူကာ လိုအပ်သောအကြံဉာဏ်များ၊ လမ်းညွှန်ချက်များ ပေးခြင်းဖြင့် ရပ်တည်ခဲ့သူ မန်လည်မြောက်ကျောင်းဆရာတော် ဦးဉာဏိန္ဒသည် ရတ်ဘရက် ပျံလွန်တော်မူခြင်းဖြစ်ပါသည်။ အဖွဲ့အနေနှင့် အားထားရသည့် မဏ္ဍိုင်တခု ပြိုလဲသည်နှင့်မခြားကြီးမားသော ဆုံးရှုံးမှုကြောင့် အဖွဲ့ဝင်အားလုံးက ပူဆွေး တသ ဝမ်းနည်းရပါသည်။

၁၄။ အချုပ်အားဖြင့် ပန်ကြားလိုသော အချက်များလည်း ရှိပါသည်။ မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့သည် စေတနာပြင်းပြစွာဖြင့် အပြည့်အဝကြိုးပမ်းကြသော်လည်း ကျမ်းကျင်မှုနည်းပါးခြင်း၊ အတွေ့အကြုံနည်းခြင်းတို့ကြောင့် ရာနှုန်းပြည့် ကျေနပ်ဖွယ်ရအောင် မဖြည့်ဆည်းနိုင်ခဲ့ကြပါ။ သို့စေကာမူ ဆက်သွယ်ဆောင်ရွက်ရသည့် အဖွဲ့အသီးသီးမှ ဝါသနာရှင်များ၊ ဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းခွင်မှ စေတနာရှင်များက ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်ကို ထောက်ထား၍ အကူအညီ

ပေးကြခြင်းအားဖြင့် ကြီးမားသော အဟန့်အတားမတွေ့ရပဲ လုပ်ငန်းအောင်မြင်ခဲ့ပါသည်။ ယင်းသို့ ကူညီလုပ်အားပေးကြသူများကိုလည်း အဖွဲ့မှ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။ အမှားအယွင်းများ၊ လိုအပ်ချက်များကို ပြုပြင်နိုင်ရန် အကြံဉာဏ်များ ပေးခြင်းဖြင့် ဆက်လက်ကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ပြီးခဲ့သော ချွတ်ယွင်းမှုမျိုးများ နောင်တွင် မပေါ်ပေါက်စေရန်နှင့် မည်သို့သော အကျိုးဆက်များနှင့် ကြုံရစေကာမူ ပိုမိုကောင်းမွန် အောင်မြင်အောင် ပြည်သူ၏ အကူအညီဖြင့် ကြိုးပမ်းသွားမည်ကြောင်း ကတိပြုလျက် နိဂုံးချုပ်အပ်သတည်း။

* * *

ဝဇိရူပမ ဗျာကရဏကျမ်း

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အဘိယာစကနိဒါန်းကို ပြရာ .... | ၃ |
| | ပဏာမ ပုစ္ဆက ဂန္ထာရမ္ဘကို ပြရာ — | ၅ |
| ပဌမ | လဇ္ဇီ အလဇ္ဇီတို့၏ လက္ခဏာကို မေးရာ၊ ၎င်း၊ ပုဒ်တို့၏ ဝစနတ္ထ၊ ၎င်းတို့၏ လက္ခဏာ၊ ၎င်းတို့၏ အပြားကို ဖြေဆိုဆုံးဖြတ်ရာ — | ၀၈ |
| ဒုတိယ | အလဇ္ဇီ ဒုဿီလမှန်းသိ၍ မဆည်းကပ် မကိုးကွယ်ရာ၌ မဂ်လာဖြစ်-မဖြစ်များကို မေးဖြေဆုံးဖြတ်ရာ — | ၄၂ |
| တတိယ | အလဇ္ဇီ ဒုဿီလမှန်း သိလျက် ဆည်းကပ်ကိုးကွယ်ရာ၌ မင်္ဂလာ ဖြစ် မဖြစ်များကို မေးဖြေဆုံးဖြတ်ရာ .... | ၄၇ |
| စတုတ္ထ | အလဇ္ဇီ ဒုဿီလမှန်းသိလျက် လှူဒါန်းပူဇော်ရာ၌ မင်္ဂလာ ဖြစ် မဖြစ်များကို မေးဖြေ ဆုံးဖြတ်ရာ .... | ၅၅ |
| ပဉ္စမ | အလဇ္ဇီ ဒုဿီလမှန်း သိလျက် အရိုအသေ ပြုရာ၌ မင်္ဂလာဖြစ် မဖြစ်များကို မေးဖြေ ဆုံးဖြတ်ရာ .... | ၇၀ |
| ဆဋ္ဌ | အလဇ္ဇီ ဒုဿီလမှန်း သိလျက် အရိုအသေစသည် ပြုရာ၌ သမ္မာဒေဝ သမာစရဏ ဖြစ် မဖြစ်များကို မေးဖြေ ဆုံးဖြတ်ရာ .... | ၇၈ |
| သတ္တမ | အလဇ္ဇီ ဒုဿီလတို့သည် ပါဏိပါတ သရဏဂုံ ထိုက်မထိုက်များကို မေးဖြေ ဆုံးဖြတ်ရာ .... | ၈၄ |
| အဋ္ဌမ | အလဇ္ဇီ ဒုဿီလများကို ထိပါးပြောဆိုရာ၌ ဒဏ်အပြစ် လွတ် မလွတ်များကို မေးဖြေ ဆုံးဖြတ်ရာ — | ၁၁၂ |
| နဝမ | အလဇ္ဇီသည် လဇ္ဇီဖြစ်နိုင်မည့်အကြောင်းများကို မေးဖြေ ဆုံးဖြတ်ရာ .... | ၁၃၈ |
| ဒသမ | စတုပါရိသုဒ္ဓိသီလတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို မေးဖြေ ဆုံးဖြတ်ရာ — | ၁၅၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ကောဒသမ | စတုပါရိသုဒ္ဓိသီလကို စောင့်ရှောက် ကျူးလွန်သူတို့၏ အကျိုးအပြစ်များကို မေးဖြေ ဆုံးဖြတ်ရာ | .... ၁၅၈ |
| ဒွါဒသမ | သံဃိကဒါန လှူနည်းကို မေးဖြေ ဆုံးဖြတ်ရာ | .... ၁၆၆ |
| တေရသမ | သံဃိကဒါန တပါးပါးနှင့် ဘုရားကို လှူရခြင်းသည် မည်သည့်အလှူက သာလွန်ကြီးမြတ်သည်ကို မေးဖြေ ဆုံးဖြတ်ရာ | .... ၂၀၅ |
| စုဒ္ဒသမ | ဂဟဋ္ဌဖြစ်သူ လူတို့သည် ဝိနည်းတရားကို သင်ကြားအပ် မသင်ကြားအပ်များကို မေးဖြေ ဆုံးဖြတ်ရာ | .... ၂၂၀ |
| ပန္နရသမ | ရဟန်းတော်များသည် လူ ဒါယကာတို့အား ဝိနည်းတရားကို ဟောကြားအပ် မဟောကြားအပ်များကို မေးဖြေ ဆုံးဖြတ်ရာ | .... ၂၂၄ |
| | နိဂုံးဂါထာပါဌ်အနက်ကို ပြရာ | .... ၂၂၇ |

**ဝဇီရုပမ ဗျာကရဏကျမ်း မာတိကာပြီး၏။**

---

**ဝဇီရုတ္တရ ပကာသနီကျမ်း မာတိကာ**

| | | |
| --- | --- | --- |
| | ဝဇီရုတ္တရ ပကာသနီကျမ်း နိဒါန်းကို ပြရာ | .... ၂၃၅ |
| | ပဏာမ ပုဗ္ဗက ဂန္တာရဗ္ဗကို ပြရာ | .... ၂၄၅ |
| ပဌမ | ကလျာဏပုထုဇဉ်နှင့် တိဟိတ်ပုထုဇဉ် မည်သည့် ပုထုဇဉ်အဖြစ် ခံယဉ်းသည်များကို မေးဖြေ ဆုံးဖြတ်ရာ | .... ၂၄၁ |
| ဒုတိယ | ဒွိဟိတ်ပုဂ္ဂိုလ်သည် မုချကလျာဏ သေက္ခအဖြစ်သို့ ရောက်နိုင် မရောက်နိုင်များကို မေးဖြေ ဆုံးဖြတ်ရာ | .... ၂၅၆ |
| တတိယ | ဗောဓိပက္ခိယဓမ္မသည် သာသနာတွင်း သာသနာပ နှစ်ရပ်တို့၌ ဖြစ်ထိုက် မဖြစ်ထိုက်များကို မေးဖြေ ဆုံးဖြတ်ရာ | .... ၂၇၀ |
| စတုတ္ထ | မဂ်၏ရှေ့၌ ရထိုက်သော ဝိသုဒ္ဓိ ၆ - ပါးသည် မဂ္ဂသစ္စာ ထိုက်မထိုက်များကို မေးဖြေဆုံးဖြတ်ရာ | .... ၂၇၈ |
| ပဉ္စမ | ဈာန်ရှေ့ဂေါတြဘူ မဂ်ရှေ့ဂေါတြဘူ နှစ်ရပ် အပယ် အဖြတ် မည်သို့ ထူးသည်များကို မေးဖြေ ဆုံးဖြတ်ရာ | .... ၂၈၉ |

# အဘိယာစက နိဒါန်း

ဘုရားတပည့်တော် ဥက္ကံရွှေနေ ဒါယကာ တကောတိုက်သူကြီး ဘိုးအိုမှ စ၍ အောက်ပါအမည် ဒါယကာတစုတို့က ခြေတော်စုံနှစ်ဖြာကို ရှိသေစွာ ဦးဖြင့်ခိုက်၍ ရှိခိုးလျှောက်ထား အသနားတော်မြတ် ခံဝံ့ပါသည် ကျေးဇူးတော်ရှင် ဆရာတော်သခင် အရှင်သူမြတ်တို့ဘုရား။

ဘုရားတပည့်တော် ဒါယကာတို့မှာ ပါရမီဒဗ္ဗ သမ္ဘာရ သေးငယ်ကြပါသောကြောင့် ကြီးကျယ်လှစွာသော မြတ်စွာဘုရား၏ ရွှေဉာဏ်တော် ကျက်စားရာ များစွာသော ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို သင်အံလေ့ကျက် ဆောင်ရွက်သူများမဟုတ်၊ အပ္ပသုတချည်းသာ ဖြစ်ကြ၍ အတွေ့အမြင် အလွန်ပင် နည်းပါးလှသဖြင့် မှောက်မှား တိမ်းစောင်း မကောင်းသောမိစ္ဆာဉာဏ် သက်၍ အယူများပျက်ခဲ့လျှင် စက်အဏ္ဏဝါ သံသရာဝဲ ရှည်ကြာစွာ နစ်မွန်း၍ မဖြစ်ထွန်းနိုင်မည့် အရေးကို တုန်အေး လန့်ကြောက်လှပါသောကြောင့် အောက်ပါ လျှောက်ထားချက် အရပ်ရပ်တို့ကို အရှင်မြတ်ပုဂ္ဂိုလ်တို့က ဗြဟ္မစိုရ်တရား ကရုဏာ ရှေ့ထားပြီးလျှင် ဘုရားတပည့်တော် ဒါယကာတို့အား သနားတော်မူပါသဖြင့် အယူ၏စင်ကြယ်ရာ စင်ကြယ်ကြောင်း ကောင်းမြတ်သော ကျမ်းဂန်တို့နှင့် လမ်းမှန်သို့ရောက်ကြရအောင် အဖြေတရား ရေးသားချီးမြှောက်တော်မူကြပါမည့်အကြောင်း လျှောက်ထား အသနားတော်မြတ်ခံပါသည် ကျေးဇူးရှင် ဆရာတော်သခင် အရှင်သူမြတ်တို့ဘုရား။

| | | | | |
|---|---|---|---|---|
| မောင်ဘိုးအို | တိုက်သူကြီး | } | ဆရာဇိုင် | ကျောင်းတကာ |
| မောင်ရွှေလာ | တန်ဆောင်း | | မောင်ဒွတ် | ဧင်း |
| | ဒါယကာ | | မောင်ရွှေရေး | ပြာသာဒ်တကာ |
| ဦးဘော် | ဘုရားတကာ | | မောင်ငယ် | ရဟန်းတကာ |

ၑင်းလျှောက်လွှာအရ သုတပညာ လွန်စွာပြည့်ဝှန် သဒ္ဒါလွန်သည်ဖြစ်၍ ဝန်လေးတော် မမှုတန်ရာဟု နှလုံးထားမိပါသောကြောင့် ဤ (၁၃) ချက်သော ပုစ္ဆာ၏ အဖြေစကားကို ရေးသားတော်မူပါမည့်အကြောင်း တောင်းပန်တိုက်တွန်းတော်မူသော မန္တလေးမြို့တော် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ အမိန့်ကိုနှစ်သိမ့်ရှိသေစွာ ရောဝတီဇာနဒီဟု နှစ်လီယှက်ရုံ သန်လျက်ခုံဝယ် စက်စုံမယုတ် ချက်ကုန်ခုတ်သဖြင့် မနုဿတ္တ စသည် ငါးသွယ်တရားကြွယ်လျက် လားဖွယ်ဂတိ မငြိမယှက် အထက်ရောက်ကြောင်း ချီးမြှောက်ပုံကောင်းလှ၍ တသောင်းဇမ္ဗူ အပေါင်းလူတို့ ဆောင်းယူကာမိုး သဒ္ဒါရိုးကာ ထွာကိုးလုံးပတ် မဆုံးဖြတ်သော မေတ္တာရွက်ဖြူ ဘဝဂ်လူအောင် ချက်ဟူသနွှေ မြူမငွေ့ပဲ ဖြူမွေ့ယဉ်ညံ့ အမြင့်ခံ့သား စင်သန့်ဉာဏ်ရောင် တပြေဗင်ပြောင်နှင့် အခေါင်ဆောင်းပြီး တသောင်းထီး ဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် မန်လည်မြို့မ ပြာသာဒ်ကျောင်းကြီး ဆရာတော်ဘုရား ရေးသား၊ ဆုံးဖြတ် ဖြေဆိုတော်မူအပ်သော ၁၅-ရပ်သော အမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာတည်း။

# ဝဇိရဗုဒ္ဓိ ဗျာကရဏကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမပဋိဇ္ဇာ ဂန္ထာရမ္ဘ

၁။ သဗ္ဗဉ္ဉုဟိ ပဉ္စရသံ၊ ဓမ္မဉ္စ သမ္ပနာဂတံ။
နတွာ သဒ္ဒမ္ပိ သံဃဉ္စ၊ နတွာ သာဒရစေတသာ။

## ပဌမ ဘဏာရ ဝိပုလာဂါထာ

၂။ ယံ မဟာဗုဒ္ဓဃောသဏော ထေရော၊ တဿ ပါဒေ စ သိရသာ။
ဝဇိရဗုဒ္ဓိံ ဗျာကရဏံ၊ ဘာသိဿံ ဓမ္မဋ္ဌိတိယာ။
တံ သာဓဝေါ နိသာမေထ၊ ဝိသုဒ္ဓဉာဏမာနသာ။

## တတိယ ဘဏာရ ပုဝိလာဂါထာ

သီရသစ္စ္ဆ သီကို ဒိဿ၊ ဓမ္မဋ္ဌိတိယာ၌ ဋ္ဌိကို သံယုဂ်ကင်း ဆန္ဒာနု
ရက္ခနမှတ်။

အနက်ကား—(၃) ဧဟာ၊ ငါသည်။ ဝါ၊ ဂရုဂဟိတ ငယ်ကရသော နာမထင်စွာ မထေရ်ငါသည်။ သဗ္ဗဉ္ဉုဟိ၊ ဝိဇ္ဇာ ၃-ပါး ငိဇ္ဇာ ၈-ပါးတို့နှင့် တကွဖြစ်ကုန်သော။ ပဉ္စရသဓမ္မဟိ၊တခါယ့်ငါးပါးသော စရဏတရားတို့နှင့်။ ဝါ၊ တဆယ့်ငါးဝ စရဏဂုဏ်တော် ဟိုးဟိုးကျော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူထသော။

(သမန္နာဂတောတိ သမင်္ဂီဘူတော။ ဣတိဝုတ်အဋ္ဌကထာ၊ ပါရာဇိကကဏ် အဋ္ဌကထာ စသည် သမန္နာ ဂစ္ဆတိ သမ္ပဇ္ဇတီတိ သမန္နာဂတံ။ (မဏိမဉ္ဇူ) သံ-အနု-အာဂစ္ဆတီတိ သမန္နာဂတော။ သံ-အနု-အာပုဗ္ဗဿ-ဂမု-ဿပ-ဂတိမှို။ သန္ဓိဂင္ဂုန်ပျံ။သမန္နာဂတောတိ သမန္တတော အနုပုနပ္ပုန် အာဂတောတိ သမန္နာ ဂတော။ သမင်္ဂီဘူတောတိ အတ္တော။ ဧတ္ထ ဟိ သံသဒ္ဒေါ သမန္တတ္ထဝံါစကော။ အနုသဒ္ဒေါ နု ဥပစ္စိန္နဝါစကော။ (ပါစိတ်ယောဇနာ။) နု-ဒွေးဘော်လည်း သင့်၏။ ရူပသိဒ္ဓိနှင့်ညီသည်။ နု-ဲဒွေးဘော်မဲ့လည်း သင့်၏။ စိဝရစေတာပန်၊ စိဝရစေတာပန္န ကဲ့သို့တည်း။ ကျမ်းတို့၌ကား အထူးမစီရင်။ ပြယုဂ်အမြင်ကား နု-ဒွေးဘော်များ၏။)

တနည်း—(၂) သမန္နာဂတံ၊ မဘင်းအတူ ရှိတော်မူထသော။ (သမန္နာ ဂတောတိ အဝိဂတော ဝိဇ္ဇမာနော။ မဟာနိဒ္ဒေသ အဋ္ဌထထာ။)

တနည်း—(၃) သမန္နာဂတံ၊ အစဉ်ဖွဲ့ကာ မကွာမလွတ်ထသော။ (သမန္နာ ဂတဿာတိ သမနုဗန္ဓဿ အပရိမုဉ္စနဿ၊ ၎င်း မဟာနိဒ္ဒေသအဋ္ဌကထာ။ မူလဋီကာ။ အင်္ဂုတ္တရ မဟာဋီကာ။)

တနည်း—(၄) သမန္နာဂတံ၊ မချို့မယုတ် တော်မူထသော။ (သမန္နာ ဂတောတိ အပရိဟီနော။ ၎င်း မဟာနိဒ္ဒေသ အဋ္ဌကထာ။)

တနည်း—(၅) သမန္နာဂတံ၊ မပြတ်အစဉ် အမြဲယှဉ်တော်မူထသော။ (ဝိပဿနာယ သမန္နာဂတောတိ သတ္တဝိဓာယ အနုပဿနာယ ယုတ္တော။ ၎င်း မဟာနိဒ္ဒေသအဋ္ဌကထာ။သမန္နာဂတောတိ သံယုတ္တော။ ဣတိဝုတ်အဋ္ဌကထာ။)

တနည်း—(၆)သမန္နာဂတံ၊ လျောက်ပတ်သော အားဖြင့် ဖြစ်တော်မူထ သော။ ဝါ၊ လျောက်ပတ်သောအား ဖြင့် ယှဉ်တော်မူထသော။ (သမန္နာ ဂတောတိ သမနုအာဂတော ပဝတ္တော ယုတ္တော စ။ (ဝဂ်ဂိသံယုတ် အဋ္ဌကထာ အင်္ဂုတ္တရမဟာဋီကာ။) သမ္မာ အနုရူပတော အာဂတော ပဝတ္တောတိ သမန္နာ ဂတောတိ စုဇ္ဇတိ။ သမ္မာ အနုရူပတော ယုတ္တောတိ ဝတ္တုံ အရဟတိ။ (၎င်းသံယုတ်ဋီကာ။)

တနည်း—(၇) သမန္နာဂတံ၊ ပြည့်စုံကောင်းစွာ အခါမပြတ် အဖန်ဖန် ကပ်သော။ (သမန္နာဂတန္တိ သမ္ပန္နံ။ သမ္မဒေဝ အနု အနု အာဂတံ ဥပဂတံ။ ထေဿပသံယုတ်ဋီကာ။)

သံအနုအာ၊ ဥပသာကြောင့်၊ သမန္တာဂတ၊ နေကတ္ထ၊ မှတ်ကြ ကျွမ်း
တွေဆို။

သံရှေးရှိလတ်၊ ပဒခေတ်၊ မှတ်ကြ ကျွမ်းမဆို၊
ပစောက်မဟုတ်၊ မသာဟုတ်၊ သည့်ပုဒ် သမန္တာဂတကို။
ပစောက်သာဟုတ်၊ မ မဟုတ်၊ နှုတ်မျှ ကေစိဆို။ (နိယံ)

(၁) သဒ္ဓမ္မသံဃံ၊ တရားသံဃာတို့နှင့်တကွ ဖြစ်တော်မူသော။ (ဤကား သ သဒ္ဒါ သဟတ္ထကြံ)

တနည်း— (၂) သဒ္ဓမ္မသံဃံ၊ အရိယာပုဂ္ဂိုလ်တို့၏ တရား။ ဝါ၊ ထင်ရှားရှိသောတရား။ ဝါ၊ ချီးမွမ်းထိုက်သောတရား ပရမတ္ထအရိယာသံဃာတော်ရှိတော်မူထသော။ (ဤကား သ သဒ္ဒါကို သန္တသဒ္ဒါ၏ ကာရိယ။ ၎င်းသန္တသဒ္ဒါ၏လည်း သပ္ပုရိသတ္တ-သံဝိဇ္ဇမာနတ္ထကြံ။ နောက်ဆုံးကား ပသတ္ထသဒ္ဒါ၏ ကာရိယကြံ၊ ဋီကာကျော်နှင့် အညီတည်း။)

(၁) နာထဥ္စ၊ မြတ်စွာဘုရားကိုလည်း။ (ဤကား သက်သက်ဒြပ်ကိုင်သော ကေဝလဒဗ္ဗပေက္ခ အနက်)

တနည်း— (၂) နာထဥ္စ၊ သတ္တဝါဟူသမျှ သတ္တလောက၏ တဆူတည်းသာ ကိုးကွယ်ရာအသျှင်သခင် အမှူးအကြီး ဦးကိုင်ဦးစီးခရီးညွှန်လမ်းပြ နာယကကြီး ဖြစ်တော်မူသော မြတ်စွာဘုရားကိုလည်း။ (ဤကား ဂုဏ်နှင့်တကွ ဒြပ်ကိုင်သော သဂုဏဒဗ္ဗာပေက္ခအနက်။ ဤအနက် ၂-ပါး အပေါင်းသည် ဝစနတ္ထအားဖြင့် မရှောင်း။ နာထဟူသည် သတ္တဝါတို့၏ ကိုးကွယ်ရာ အသျှင်သခင် အကြီးအကဲဟူသော လောကသင်္ကေတ အမှတ် ပညတ်သမ္မုတိ ဝေါဟာရဖြင့်သာ ဖြစ်သောကြောင့် သင်္ကေတတ္ထတည်း။)

နာထောတိ လောကပဋိသရဏော လောကသာမိ လောကနာယကောတိ ဝုတ္တံ ဟောတိ။

သာရတ္ထဒီပနီ ဋီကာ၊ ဝိမတိဝိနောဒနီဋီကာ။

ယော ဟိ အညဿ သရဏံ ဂတိပတိဋ္ဌာ ဟောတိ သော နာထော။ ယော စ အညဿ သရဏံ ဂတိပတိဋ္ဌာ န ဟောတိ နာပိ အတ္တနော အညော သရဏံ ဂတိပတိဋ္ဌာ ဟောတိ သော နာထောတိ ဝုစ္စတိ သင်္ကေတဝသေန။ တထာ ဟိ သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏတ္တာ ဝုတ္တံ။

သဒ္ဒနီတိ ပဒမာလာပါဠိ။

တနည်း—(၃) နာထ႐ွ၊ ဝေနေယျသတ္တဝါ ဖြဟ္မာ နတ် လူ သုံးဘုံသူ အများတို့၏ စီးပွားချမ်းသာ မဂ်လာကို လွန်စွာမပြတ် တောင့်တတော်မူတတ်သော မြတ်စွာဘုရားကိုလည်း။ (ဤကား ဝိမတိဝိနောဒနီ ဋီကာအလို။)

နာထတီတိ နာထော၊ ဝေနေယျာနံ ဟိတသုခံ အာသီသတီတိ အတ္ထော။

ဝိမတိဝိနောဒနီ။

တနည်း—(၄) နာထ႐ွ၊ ဝေနေယျသတ္တဝါ ဖြဟ္မာ နတ် လူ သုံးဘုံသူ အများတို့၏ စီးပွားချမ်းသာ မဂ်လာကို မေတ္တာမပြတ် တောင့်တတော်မူတတ်သော မြတ်စွာဘုရားကိုလည်း။ (ဤကား သာရတ္ထဒီပနီ ဋီကာ အလို။)

အထဝါ နာထတီတိ နာထော။ ဝေနေယျာနံ ဟိတသုခံ မေတ္တာယနဝသေန အာသီသတိ ပတ္ထေတီတိ အတ္ထော။

သာရတ္ထဒီပနီဋီကာ။

တနည်း—(၅) နာထ႐ွ၊ ဓမ္မကထာ ဒေသနာဖြင့် သဒ္ဒါကြည်လင် ထောင်းစွာ ရှင်စေခြင်း နီယတဆုထူး ရှေးဦးထိပ်ပြင် ပန်ဆင်ခံယူတော်မူသည် ကစ၍ သင်္ချေလေးမြွာ ကမ္ဘာတသိန်း ကာလပတ်လုံး ငါတည်းမချွတ် သံသာဝဋ်က ထွက်လွတ်ကူးမြောက်ရသည်ဖြစ်၍ စင်စစ်မုချ များလှအုပ်ထွေ ဗိုလ်ခြေစိုးစိုး ဝေနေတို့ကိုလည်း ဘယ်သို့ ထွက်လွတ် ကူးမြောက်စေရ ပါမည်နည်းဟု အားသည်း ကြံချည်တော်မူခြင်းဖြင့် မကင်းမပြတ် တောင့်တတော်မူတတ်သော မြတ်စွာဘုရားကိုလည်း။ (ဤကား ဝဇိရဗုဒ္ဓိဋီကာအလို။)

ဓမ္မိယာ ကထာယ သံဒဿေတိ သမာဒပေတိ သမ္ပဟံသေတီတိ ဝစနတော သမ္ပဟံသနသခ်ါတေန အာသီသင္အေန ပဏိဓာနတော ပဋ္ဌာယ ကထံ နာမာဟံ မုတ္တော မောစယိဿာမိတိ အာဒိနာ နယေန အာသီသင္အေန ဝါ နာထတေတိ နာထောတိ ဝေဒိတဗ္ဗော။

ဂုဏ်း ဝဇိရဗုဒ္ဓိ ဋီကာ။

(ဤကား နာထဓာတ် အာသိသ‌ တ္ထကြံ)

တနည်း—(၆) နာထ႐ွ၊ ဝေနေယျတို့၏ သန္တာန်၌ ဖြစ်ကုန်သော ဆိုးညစ်ယုတ်မာ ကိလေသာတို့ကို ပြင်းစွာကပ်၍ ပယ်ဖြတ် ပူပန်တော်မူစေတတ်သော မြတ်စွာဘုရားကိုလည်း။ (ဤကား သာရတ္ထဒီပနီ၊ ဝိမတိဝိနောဒနီ ဋီကာအလို။)

နာထယတိ ဝေနေယျဂတေ ကိလေသေ ဥပတာပေတီတိ အတ္ထော။

ဂုဏ်း သာရတ္ထဒီပနီ ဝိမတိ ဋီကာ။

တနည်း—(၇) နာထဥ္စ၊ ရဟန်းတို့အား ပြစ်မှားကျူးလွန်သည်နှင့်လျော်စွာ သိက္ခာပုဒ်တော်မြတ် ပညတ်စီမံတော်မူခြင်းဖြင့် မျက်မှောက် တမလွန်၌ ဖြစ်သော ဘေးရန်တို့ကို သနားကြီးစွာ မဟာကရုဏာတော်ဖြင့်ကပ်၍ ငယ်ဖြတ် ပူပန်တော်မူစေတတ်သော မြတ်စွာဘုရားကိုလည်း။ ဝါ၊ သုတ္တန်ဒေသနာတော်ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ခန္ဓာသန္တာန်၌ မြဲမြံစွာ ကိန်းအောင်းတည်နေကုန်သော ကိလေသာတို့ကို မဟာကရုဏာတော်မြတ် သဗ္ဗညုတဉာဏ်တော်တို့ဖြင့်ကပ်၍ ငယ်ဖြတ် ပူပန်တော်မူစေတတ်သော မြတ်စွာဘုရားကိုလည်း။ ဝါ၊ အဘိဓမ္မာ ဒေသနာတော်ဖြင့် ထိုထိုတေဘူမက သင်္ခါရတို့ကို အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာ ယာဉ်စကြာဖြင့် ဟုတ်မှန်စွာ ဆင်ခြင်တော်မူ၍ ကိုယ်တော်၏ ကိလေသာတို့ကို မဟာဝဇီရ အရဟတ္တမဂ် ပညာဖြင့်ကပ်၍ ပိုင်းဖြတ် ပူပန်တော်မူတတ်သော မြတ်စွာဘုရားကိုလည်း။ (ဤကား ဝဇီရဗုဒ္ဓိဋီကာအလို၊)

ဘိက္ခူနံ ဝီတိက္ကမာနုရူပံ သိက္ခာပဒပညာပနေန ဒိဋ္ဌဓမ္မိက သမ္ပရာယိကဘယေ ကရုဏာယ ဥပဂန္တွာ တာပေတိ၊ သုတ္တန္တဝသေန ဝါ တေသံ သဗ္ဗသတ္တာနံ အနုသယိတေ ကိလေသေ ကရုဏာယ စ ပညာယ စ ဥပဂန္တွာ တာပေတိ၊ အဘိဓမ္မဝသေန ဝါ တေ တေ သင်္ခါရေ အနိစ္စာဒိလက္ခဏဝသေန ဥပ ပရိက္ခိတွာ အနတ္တနော ကိလေသေ ပညာယ ဥပစ္စ ပရိစ္ဆိန္ဒိတွာ တာပေတီတိ တပနံ့ထွေနာပိ နာထယတေတိ နာထော။ ဝဇီရဗုဒ္ဓိဋီကာ။

(ဤကား နာထဓာတ် ဥပတာပနတ္ထ။ သာရတ္ထ ဝိမတိတို့ကား သာမညယောဇနာ။ ဝဇီရကား ဝိသေသယောဇနာတည်း။)

တနည်း—(၈) နာထဥ္စ၊ ဝေနေယျတို့ကို မိမိအစီးအပွားကို ပြုခြင်း၌ တောင်းပန်ဆော်ညွှန်း တိုက်တွန်းအားထုတ်စေတော် မူတတ်သော မြတ်စွာဘုရားကိုလည်း။ (နာထတီတိ ဝါ ယာစတိ ဝေနေယျေ အတ္တနော ဟိတေ ကရဏေ ယာစေတွာပိ နိယောဇေတီတိ နာထော။ ဝိမတိဋီကာပါဌ်)

တနည်း—(၉) နာထဥ္စ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ကိုထိုထိုပွားစီးပြီးကြောင်း ပဋိပတ် အကျင့်မြတ် အကျင့်ကောင်းကို တောင်းပန်သမူ မပြတ်ရှုလျက် ကရုဏာတော် နှိုးဆော်တိုက်တွန်းအပ်သည်ဖြစ်၍ ထို သတ္တဝါတို့ကို ထို ပဋိပတ် အကျင့်မြတ်၌ မပြတ်အစဉ် ယှဉ်စေတော်မူတတ် အားထုတ်စေတော်မူတတ်သော မြတ်စွာဘုရားကိုလည်း။

နာထတီတိ ဝါ ယာစတီတိ အတ္ထော။ ဘဂဝါ ဟိ သာဓု ဘိက္ခဝေ ဘိက္ခု ကာလေနကာလံ အတ္တသမ္ပတ္တိံ ပစ္စဝေက္ခေယျာတိ အာဒိနာ

သတ္တာနံ တဏှ် ဟိတပဋိပတ္တိ ယာစေတွာပိ ကရုဏာယ သမုဿာ ဟိတော တေ တတ္ထ နိယောဇေတိ။

သာရတ္ထဒီပနီပါဠိ။

တနည်း—(၁၀) နာထဥ္စ အလုံးစုံသော သတ္တဝါရှိသမျှတို့၏ အာသယ အနုသယ စရိုက် အဓိမုတ္တိ အပြားနှင့်လျော်စွာ ဒေသနာကရားကို ဟောကြား တော်မူခြင်းငှါ စွမ်းနိုင်သဖြင့် ငါ့ဘုရားကို ထောင်နာမသုန် နာကြကုန်ဟု မမှုန် မဆန် တောင်းနှောင်ဘိုက်တွန်းတော်မူဘတ်သော မြတ်စွာဘုရားကိုလည်း။

နာထေတိ သဗ္ဗသတ္တာနံ အာသယာနုသယစရိတာဓိမုတ္တိဘေဒါ နုရူပဓမ္မဒေသနာသမတ္ထဘာဝယ မေ့ ဝေါ ဘိက္ခဝေ ဒေသိဿာမိ၊ တံ သုဏာထာတိ ဝေ ယာစနတ္တန္ပိ နာထောတိ။

ဝဇိရဗုဒ္ဓိဋီကာပါဠိ။

ဤကား နာထဓာတ် ယာစနတ္ထ။ ဝိမတိကား သာမညယောဇနာ။ သာရတ္ထ ဝဇိရတို့ကား ဝိသေသယောဇနာတည်း။

တနည်း—(၁) နာထဥ္စ၊ အလွန်ဘဲ စိတ်တော်ကို ဆုံးရတော်မူနိုင်ခြင်းနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ခုခေတ်နယ်ပုံ အလုံးစုံသော သတ္တဝါရှိသမျှ တို့ကို ခေါင်ကလွမ်းမိုး အစိုးရတော်မူသော မြတ်စွာဘုရားကိုလည်း။

ပရမေန ဝါ စိတ္တိဿရိယေန သမန္နာဂတော သဗ္ဗသတ္တေ ဂုဏေဟိ အဘိဘဝတီတိ ပရမိဿရော ဘဂဝါ နာထောတိ ဝုစ္စတိ။

သာရတ္ထဒီပနီဋီကာ၊ မူလဋီကာ။

တနည်း— (၁၂) နာထဥ္စ၊ နတ်နှင့်အတူ သုံးပါးလူ့ဘုံ ဘေဘုက်ထား ပုဂ္ဂိုလ်မင်းဖြစ်တော်မူသည်၏အဖြစ် တယောက်တည်း ထွက်ပေါ်လာ၍ လူ ကျူးဆန့်ကျင် ပိတ်ပင်တားမြစ်ခြင်းငှါ မတတ်နိုင်သော တရားဟောတော်မူ ခြင်း ရှိသည်၏ အဖြစ်ကြောင့် စင်စစ်လွန်ကဲစွာ စိတ်တော်ကို အစိုးရတော်မူ သော မြတ်စွာဘုရားကိုလည်း။

သဒေဝကေ လောကေ အပ္ပဋိပုဂ္ဂလတ္တာ ကေနစိ အပ္ပဋိဟတ ဓမ္မဒေသနတ္တာ ပရမစိတ္တိဿရိယပ္ပတ္တော စ ဣဿရိယဋ္ဌေန နာထောတိ နာထော။

ဝဇိရဗုဒ္ဓိဋီကာ။

ဤကား နာထဓာတ် ဣဿရိယတ္ထတည်း။ ဤသို့ နာထဓာတ်သည် အနက် သုံးပါးရှိသတည်း။ ထို့ကြောင့် နာထ ယာစနောပတာပိဿရိယာသိသာသု- ဟူ၍ သဒ္ဒနီတိ မိန့်၏။

အနိပ္ဖန္န၊ နိပ္ဖန္န၊ နှစ်ပါးပြ၊ နာထသဒ္ဒါ သဘောတည်း။
အနိပ္ဖန္န၊ ထိုနာထ၊ သရဏအနက် ဟောသတည်း။
အနိပ္ဖန္န၊ နာထဓာတ်မှာ၊ အာသီ ယာစန၊ ပတာပ၊ ဣဿရ
လေးနက် ဟောသတည်း။ (နိယံ)

တနည်း—အသ နာထဿ၊ ထိုမြတ်စွာဘုရား၏။ ဓမ္မသံဃဉ္စ၊ တရားသံဃာတော်ကိုလည်း။ တနည်း- အဿ နာထဿ၊ ထိုမြတ်စွာဘုရား၏။ ဓမ္မဉ္စ၊ တရားတော်ကိုရင်း။ သံဃဉ္စ၊ သံဃာတော်ကိုရင်း။ (ဤသို့ နာထံ သဒ္ဓမ္မသံဃံ ဟူသော နိဂ္ဂဟိတ်နောင် နိသံယောဂပုဒ်ကို ဧဝံ သတေတာသား ဟံ ဟူသော ပြယုဂ်ကဲ့သို့ နာထံ အသ ဓမ္မသံဃံဟူ၍ သသံယောဂ ပဋ္ဌေဒ ပဒဝိဘာဂ ပဒစိန္တာ ပြုလေ။ နောက်နည်း ဓမ္မထက်လည်း နိဂ္ဂဟိတ်လာ။)

သာဒရစေတသာ၊ ရိုသေခြင်းနှင့်တကွ ဖြစ်သောစိတ်ဖြင့်။ ဝါ၊ အလွန်ရိုသေသောစိတ်ဖြင့်။ နတွာ-နမာမိ၊ ရှိခိုးပါ၏။ ["ရှေ့ဝိကပ်ကား သံ သဒ္ဒါ သဟတ္ထ။ နောက်ဝိကပ်ကား သံ အာဒရ ပုဒ်ဖြတ်၍ သံ သဒ္ဒါ သုဋ္ဌုဝါစက။ (ဤကား စိတ်ကိုပဓာနအားဖြင့် ကရိုဏ်းထား၍ ပဏ္ဏာမ ပြုသတည်း။)

တနည်း—သာဒရစေတသာ၊ ရိုသေသော စိတ်နှင့်တကွ ဖြစ်သော ကာယဒွါရ ဝစီဒွါရ မနောဒွါရဖြင့်။ နတွာ- နမာမိ၊ ၏။ (ဤကား ဒွါရကို ပဓာနအားဖြင့် ကရိုဏ်းထား၍ ပဏ္ဏာမပြုသတည်း။)

(စိတ်ကို ပဓာနအားဖြင့် ကရိုဏ်းထားသည်ကား မနသာ စေ ပသန္နေန ဘာသတိ ဝါ ကရောတိ ဝါ- ဟူသော ဓမ္မပဒပါဠိတော်နှင့် အညီတည်း။ စိတ်သာမဟုတ်သေး၊ အလိုရှိသော ဓမ္မဖြင့်လည်း ကရိုဏ်းထားရာ၏။ သဒ္ဓါယ ဩဃံ တရတိ ဟူသော သံယုဂ်ပါဠိတော် စသည်တို့ကဲ့သို့တည်း။ ပဏ္ဏာမ့အရာ မဟုတ် ဟူအံ့။ မဟုတ်သော်လည်း ကရောတိ ဝါ ဟူသည်ကို ထောက်။ ဒွါရကို ကရိုဏ်း ထားသည်ကား ဝိပသန္နေန စေတသာ ဝန္ဒိတွာတိ အရဟာဒိ အနေကပ္ပကာရဂုဏဝိသေသာနုဿရဏဝသေန ဝိဝိဓံ ဝိသေသေန ဝါ ပသန္နေန မနသာ သဒ္ဓိံ ကာယဝါစာဟိ ကရဏဘူတာဟိ၊ အဘိဝန္ဒိယာတိ အတ္ထော။ တီဟိ ဒွါရေဟိ နမဿိတွာတိ ဝုတ္တံ ဟောတိ- ဟူသော ကင်္ခါဋီကာသစ် စသည်တို့နှင့် အညီတည်း)။

နတွာ၊ ရှိခိုးပြီး၍။ ယံ ဗျာကရဏံ။ အကြင်ဆန္ဒသမ်ာ လိုရှိစွာသော ဥပါသကာအပေါင်း သူတော်ကောင်းတို့ တောင်းပန် လျှောက်ထားအပ်သော အမေးပုစ္ဆာ အဖြေကို။ ကာတုံ၊ ပြုခြင်းငှါ။ (ရင်းတုမတ္ထသမ္ပဒါန်ပုဒ်ကိုထည့်)။ အဇ္ဈေသကော၊ တိုက်တွန်းတော်မူသော။ ဇယာ မဟာထေရော၊ အကြင်

မဟာထေရ်သည်။ (ဤကား မဟာသဒ္ဒါသည် ထေရသဒ္ဒါနှင့် အဖွဲ့သက ပုဒ်ခြားသော်လည်း။ နဝံ ပုန ဘိက္ခုနော စီဝရလာဘေန ပုဒ်ကဲ့သို့ ပဒန္တရ သမာသ်ဖြစ်သတည်း။)

တနည်း—မဟာ မဟန္တော ဝုဒ္ဓိပတ္တော၊ ဥပသမ္ပန္န ဖြစ်သည်ကလျှင် စ၍ သိချာ ရေတွက်ပါသော် အဝါနှစ်ဆယ် ပြည့်ကယ်ကျော်ပြီး ထေရ်ကြီး ပါမောက် ပြောင်ရှယ်ရောက်သော။ ယော ထေရော၊ အကြင် မထေရ်ဘုရား သည်။ အတ္ထိ၊ ရှိတော်မူ၏။

(ဤကား ဝါကျဖြစ်သော မဟာ သဒ္ဒါတည်း။ ဝါကျဖြစ်လျက် ဘယ် အတွက်ကြောင့် မဟာဒေသ ဖြစ်ကောင်းအံ့နည်း။ မဟတံ မဟာ တုလျာဓိ ထရဏေ ပဒေ ဟူသော ကစ္စည်း သုတ်လက္ခဏာနှင့် ပြောင့်စွာရန်ပြု၊ ဥဇုပဋိပက်၊ ဆန့်ကျင်ဘက်ဖြစ်ခဲ့၏ဟု လိနတ္ထရပုဒ် ထုတ်ဆိုစောဒနာငြားအံ့၊ မညီသည်မဟုတ် ညီစွ၊ ကစ္စည်းသုတ်ကား ဥပလက္ခဏ နိဒဿနနည်းမျှသာ၊ ဝါကျ၌လည်း လိင်သုံးပါးလုံးပင် ပါဠိအဋ္ဌကထာ ဋီကာဂန္ထန္တရတို့၌ မဟာ ဒေသ များစွာထင်၏။ သေနာ စ တေ ပဒိဿတေ မဟာဟူသော မဟော် ပါဠိတော်၌ ဣတ္ထိလိင်။ ယောတိ လောဟိတင်္ဂေါ မဟာဟူသော နေမိ၂ါဠိ တော်။ မဟာ စ မေဃော သဟသာ ပဝဿိဟူသော ပဋ္ဌပေါသထ ဇာတ် ပါဠိတော်။ မဟာ စ မေဃော ဥဂ္ဂတော ဟူသော မဟာဝါခန္ဓက ပါဠိ တော်။ မဟာ ခေါ ဥပါသက ဘိက္ခုသံဃော ဟူသော ကဿပတ္ထေရ ဂါထာ အဋ္ဌကထာ စသည်တို့၌ ပုလ္လိင်။ အဟံပိ သဗ္ဗသေတေန၊ မဟာဘာ သုမဟံ ပုရံ ဟူသော ဘူရိဒတ်ဇာတ် ပါဠိတော်။ မဟာ မေ ဘယမာဂတံ ဟူသော ပဋ္ဌကနိပါတ် ပလာသဇာတ် ပါဠိတော်။ ဗာရာဏသိ ရဇ္ဇံ နာမ မဟာ ဟူသော ဧကနိပါတ် မဟာသီလဝဇာတ် အဋ္ဌကထာစသည်တို့၌ နပုံလိင်။ ဤသို့ ဝါကျ၌ မဟာဒေသ လိင်သုံးပါးထင်သတည်း)။

(ကမ္မဓာရည်း သမာသ်ပုဒ်၌သာ မဟုတ် တပ္ပုရိသ် ဗဟုဗ္ဗီဟိသမာသ် ပုဒ်တို့၌လည်း ထင်၏။ မဟန္တံ ဣစ္ဆတီတိ မဟိစ္ဆော။ (သမ္မော အဋ္ဌကထာ၊ အင်္ဂုတ္တရ အဋ္ဌကထာ စသည်။) မဟာန္တံ့ဟိ ဃာသစ္ဆာဒနာဒိ ပစ္စယေဟိ ဘူတံ ပဝတ္တန္တိ မဟာဘူတံ ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌ ကထာ။ မဟန္တေ သီလက္ခန္ဓာဒိကေ ပဋ္ဌမမ္မက္ခန္ဓေ ဧသတိ ဂဝေသတီတိ မဟေသီ။ မဟန္တေဟိ ဧသိတောတိ ဝါ။ (ဋီကာ္ဋီကာသစ်စသည်။) မဟတော ဗုဒ္ဓဿ ဘဂဝတော ဗောဓိ ဝါ မဟာဗောဓိ၊ ဗောဓိသိဋ္ဌကတ္ထေရ အပဒါန် အဋ္ဌကထာ။ ဗောဓိဝင်ဋီကာစသည် များစွာထင်၏။ ဗဟုဗ္ဗီဟ်၌ကား မဟာဒ္ဓ နော မဟိဒ္ဓိကော စသည်။ ဝါကျပုဒ် သမာသ်ပုဒ်၌သာ မဟုတ်။ တဒ္ဓိတ် ပုဒ်၌လည်း ထင်၏။ မဟတ္တန္တိ မဟန္တဘာဝံ။ (သမ္ဘဝဇာတ် ဋီကာစသည်)။

၁။ သမာသ်တဒ္ဓိတ်၊ ဝါကျပုဒ်၊ အဟုတ် မဟာ ပြုလေတည်း။
၂။ ကမ္မဓာရည်းကို၊ ကစ္စည်းဆို၊ မှတ်လို နိဒဿန နည်းသာတည်း။
၃။ တပ္ပုရှသ်နှင့်၊ ဗဟုဗ္ဗိဟိ၊ ပြယုဂ်ရှိ၊ ပြုဘိ မဟာဒေသတည်း။
၄။ တုလျာဓိကရဏ၊ ကစ္စည်းပြ၊ နိစ္စဝိဓိ မှတ်လေတည်း။
၅။ တုလျာဓိမှာ၊ မဟာဒေသ၊ မပြုရ၊ အပွကလည်း ရှိသတည်း။

မဟန္တပါတုဘာဝေ ဣတိမဟန္တာရမ္ဘဏံ မဟန္တာရမ္ဘဏံစသည်။

(ဤသို့ နိယံသစ် အသီးမှတ်လေကုန်)။

တနည်း—မဟာ မဟန္တော သေဋ္ဌော သီလ သမာ ပညာသာရ ဂုဏ်သေဋ္ဌကြောင့် ဝိသေသ တုဆူ မြတ်သည်တမူလည်း ဖြစ်ထသော။ (ဤကား မဟန္တသဒ္ဒါ သေဋ္ဌတ္ထ)။

တနည်း—မဟာ မဟန္တာ ဗဟုပကာရော၊ ပရိယတ်နှင့် ပဋိပတ်ဂုဏ် စွယ်စုံပေါက်လှ မာတင်္ဂသို့ မူရနှစ်ဖြာ ပြည့်စုံစွာ၍ သာသနာတော်၏ အစီးအပွား သတ္တဝါတို့၏ အစီးအပွား အကျိုးအားဖြင့် များသော ကျေးဇူးရှိတော်မူသော။ (ဤကား မဟန္တသဒ္ဒါ ပစုရတ္ထ)။

တနည်း—မဟာ မဟန္တော ပူဇိတဗ္ဗော ပူဇာရဟော၊ ပူဇော်အပ် ပူဇော်ထိုက်သော ပဉ္စမဆင်္ဂါယနာတင် ဘုရင်ခေါင်ဖျား မင်းတရားက သားတော်မင်းမြတ်နှဲနတ်ဝံသ လက်ထက်ကျအောင် ဆင်ဖြူမသျှင် ညာတင်ဥက္ကဌ် ကမ္ဘုနတ်တို့မပြတ်ကော်ရော် ပူဇော်ချီးမြှင့်အပ်ပူဇော်ချီးမြှင့်ထိုက်သော။ (ဤဋ္ဌကားမဟန္တသဒ္ဒါ ပူဇနတ္ထ။ မဟာ ပူဇာယံ၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ။ အဘိဓာန်ဋီကာစသည်)။

ဤဋ္ဌ မဟာဓာတ် ပူဇနတ္ထဖြစ်စေ။ အန္တပစ္စည်းသည် ကမ္မတ္ထကို အဘယ့်ကြောင့် ဟောသနည်း။ အန္တော ဏတ္တရိ မာနော၊ ဘာဝေ ကမ္မနိ ကတ္တရိ ဟူသော သဒ္ဒါငယ် ကျမ်းများတို့နှင့် ကွဲပြားဝါဒီ မညီခဲ့ တကား ဟူအံ့။ တေနေဝ မာနပစ္စယော အတ္တနောပဒါနိ ဘာဝေစ ကမ္မနိတို့ ဘာဝကမ္မေသုပိ ဟောတိ။ တဿ အတ္တနောပဒါနိ ပရဿပဒတ္တန္တိ ကွစိ အန္တပစ္စယာဒေသောစ ဟူ၍ ရူပသိဒ္ဓိမိန့်သောကြောင့် အတ္တနောပုဒ်မည်သော မာနပစ္စည်းကို ပရဿပုဒ်မည်သော အန္တာဒေသသို့ ရောက်စေသဖြင့် ကံဟောလည်း ဖြစ်သင့်၏ ဟူပေ။

သမန္တဘာသန္တဿ အသမန္တဘာသန္တဿ ဟူသော ဝိဘင်းပါဠိတော်၊ သိက္ခာပေန္တော ပိဘိက္ခုဟိ ဟူသော ဖုဿတ္ထေရ ဂါထာပါဠိတော် တို့ကဲ့သို့တည်း။ သမန္တဘာသန္တဿာတိ ကမ္မကာရကေ ကတ္တုနိဒ္ဒေသောတိ အာဟ သမန္တဘာသိတဿ မာနဿာတိ၊ (တေရသကဏ်ပါဠိ။) အသမန္တဘာသန္တဿာတိ ကမ္မကာရကေ ကတ္တုနိဒ္ဒေသော၊ သမန္တဘာသနကမ္မံ အကရိယမာနဿာတိ အတ္ထော။ (ဝဇိရဗုဒ္ဓိဋီကာပါဠိ။) သိက္ခာပေန္တောပီတိ သိက္ခာပိယမာနာပိ၊ ကမ္မတ္ထေ ဟိ အယံ ကတ္တုနိဒ္ဒေသော။ (ဖုဿတ္ထေရဂါထာ အဋ္ဌကထာပါဠိ။)

မာနပစ္စယော၊ ပုဒ်သဘော။ အတ္တနောပုဒ်ကဲ့သို့မှတ်လေ။
ပစ္စည်းအန္တ၊ သဘာဝ၊ ပုရိသပုဒ်အနေ။
မာနပစ္စယာ၊ အန္တာဒေသ၊ ပြုကုန်ကြ၊ ကမ္မတ္တအနက်ပေ။
(ဤထား မှတ်လွယ်ရန် နိယံသစ်ပြုလိုက်သည်။)

တနည်း—မဟာ မဟန္တော၊ ထေရ်ကြီးပါမောက် ပြောင်ရှယ်ရောက်သည် လည်းဖြစ်သော။ ဝါ၊ သီလ သမာ ပညာသာရ ဂုဏ်သေဋ္ဌကြောင့် ဝိသေသ တဆူ မြတ်သည် တမူလည်းဖြစ်သော။ ဝါ၊ ပရိယတ်နှင့် ပဋိပတ်ဂုဏ် စွယ်စုံ ပေါက်လှ မာတင်္ဂသို့ စူရနှစ်ဖြာ ပြည့်စုံစွာ၍ သာသနာတော်၏ အစီးအပွား သတ္တဝါတို့၏ အစီးအပွား အကျိုးအားဖြင့် များသော ကျေးဇူးရှိသည်ဖြစ် သော။ ဝါ၊ ပဉ္စမ သံဂါယနာတင် ဘုရင်ခေါင်ဖျား မင်းတရားက သား တော်မင်းမြတ် နေနတ်ဝံသ လက်ထက်ကျအောင် ဆင်ဖြူမသျှင် ညာတင် ဥက္ကဋ္ဌ ကမ္ဘုနတ်တို့ မပြတ်ကောင်ချော် ပူဇော်ချီးမြှင့်အပ် ပူဇော်ချီးမြှင့်ထိုက် သော။ ထေရော၊ သုံးလုံးခုံလောက် မြင်းမိုရ်ဆောက်သို့ လှုပ်ချောက်မနိုင် ကြံ့ ခိုင်တည်ကြည်သော သမာဓိလည်း ရှိထသော။ ဝါ၊ ယမှိ သစ္စဉ္စ ဓမ္မော စ၊ အဟိံသာ သံယမော ဒမော၊ မိန့်ဟောခြောက်ပုံ ထေရဂုဏ်နှင့် ယှဉ်ယှဉ် အားဖြင့် ညီညွတ်ပြည့်စုံသော။ ယော မဟာထေရော၊ အကြင်မဟာထေရ် သည်။ ဝါ၊ အကြင် မဟာဝိသုဒ္ဓါရုမ မည်တော်ရသော မဟာထေရ်သည်။ ဝါ၊ အကြင် ဝိသုဒ္ဓါစာရမဇ္ဈိမပတိ ပဝရ မဟာ ဓမ္မရာဇာဓိ ရာဇဂုရု၊ ဝိသုဒ္ဓါ စာရ ဘိဓေ မိပတ် ပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ ရေးထုခတ်နှိပ် တံဆိပ် နှစ်ထပ် မင်းလှူအပ်ဒသာ သောင်းရပ်မက သိဟိုဠ်ကျအောင် နာမထင်ပေါ် ဘွဲ့မည်တော်နှင့် အကျော်တပါး ဖြစ်တော်မူသော မဟာထေရ်ကျော် ဆရာ တော် ဘုရားကြီးသည်။ အတ္ထိ၊ ရှိ၏။

တနည်း—ယော မဟာထေရော၊ အကြင်မဟာထေရ်သည်။ မဟာ-မဟန္တော၊ သီလ သမာပညာသာရ ဂုဏ်သေဋ္ဌကြောင့် ဝိသေသတဆူ မြတ်တော်မူ၏။ ဝါ၊ ၏။ ဝါ၊ ၏။ ထေရော၊ သုံးလုံ ခုံလောက်။ လ။ သမာဓိရှိတော်မူ၏။

ဤနည်းတို့ကား မဟာထေရော ဟူသော ပုဒ်ကို သဗ္ဗမညဝါစကဟော တပုဒ်တည်းယူ၍ ဝုတ္တတ္ထာဒိ ဝါစကဟော မဟာတပုဒ်၊ ထိရတ္တဝါစကဟော ထေရတပုဒ် အသီး အသီး ယူပြန်သဖြင့် ဘိန္နသတ္တိ သမဝေတနည်း ယောဇနာ သည်။ သေတော မာဝတိကဲ့သို့ရင်း၊ သုခနာန် သုမနံ သောမနဿံ ကရောန္တော နေတိတိ သုမနံ ဟူသော ပဒပူဇကတ္တေရ အပဒါန် အဋ္ဌကထာကဲ့သို့ရင်းတည်း။ ရင်း သေတော မာဝတိပြယုဂ်၌ သေတော မာဝတိဟူ၍ရင်း၊ သာ ဣတော မာဝတိ ဟူ၍ရင်း အသီးအသီး ခြား၍ ဘိန္နသတ္တိ သမဝေတနည်း လက္ခဏာ

ကို မဟာသာရလောပဖြစ်တော်မူသော တောင်တွင်းအကျော် ဆရာတော်ဘုရား ပြုတော်မူ၏။ ထို တောင်တွင်းအကျော်ဆရာတော်ဘုရားသည် ငါတို့၏လေးဆက်မြောက် စတုတ္ထ ဆရာတော်မြတ်ပေတည်း။

နာထသဒ္ဒါ၊ မဟန္တသဒ္ဒါ၊ ထေရသဒ္ဒါ တပုဒ်တည်းကို အနက်များစွာ ကြံ၍ ယောဇနာခြင်းသည် အဓိကိဿရ ဝစနေကဲ့သို့ ပဒီပနည်းတည်း။

၁။ ပုဒ်ကိုသီးသီး၊ ခွဲပြီးတုံရှောင်း၊ ပေါင်းစိတ်ပုဒ်နှင့်၊ စပ်ကာဆင့်၊ မှတ်သင့် ဘိန္နသတ္တ သဘောတည်း။

၂။ တပုဒ်တည်းကို၊ ထိုထိုပုဒ်ခေတ်၊ ပစ္စယံတ်၊ ကြံလတ် ပဒီပနည်း၏ သဘောတည်း။

၃။ အဘိဓေယျ၊ ရတိုင်းပြု၊ မှတ်ကြ သိလေသနည်း၏ သဘောတည်း။

၄။ ပေါင်းစိတ်နှစ်ရပ်၊ သမ္ဗန်စပ်၊ ထပ်လေ တန္တနည်း၏ သဘောတည်း။ (နည်းလေးပါး လက္ခဏာ အထူးနိယံသစ် မှတ်ရန်)။

တဿ မဟာထေရဿ၊ ထိုမဟာထေရ်ကျော် ဆရာတော် ဘုရားကြီး၏။ ပါဒေစ၊ ခြေတော်စုံတို့ကိုလည်း။ သိရသာ၊ ဦးဖြင့်။ ဝါ၊ အမြတ်အားဖြင့်။ နတွာ- နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ တံ ဗျာကရဏံ၊ ထို မဟာထေရ်မြတ် တိုက်တွန်းတော်မူအပ်သော ဆန္ဒသမွာ လိုရှိစွာသော ဥပါသကာအပေါင်း သူတော်ကောင်းတို့ တောင်းပန်လျှောက်ထားသော အမေးပုစ္ဆာ၏ အဖြေကျမ်းကို။ ဝဇိရူပမံ၊ လောကလူ့ရွာ ဖိုးထိုက်စွာသော ရာရတီ၌နုံ ထွန်းတောက်ထိန်သော ရတနာစိန်တုံး စိန်ခဲလျှင် ဥပမာရှိသည်ကို။ ကတွာ၊ ပြု၍။ တနည်းကား—ဝဇိရူပမံ၊ ရွယ်ရာထုတ်ချေဒက် ပစ်တိုင်းပေါက်သော သိကြားနတ်စစ် ဣန္ဒရာဇ်၏ လက်ပစ်ဝင်းထိန် ထန်ပြင်းရှိန်သော ဝရဇိန်လက်နက်လျှင် ဥပမာရှိသည်ကို။ ကတွာ၊ ပြု၍။ ဓမ္မဒီပိကယာ၊ မတင်းမခလျော့ မပေါ့ မသန် ဟုတ်မှန်သောအား တရားအတိုင်း တည့်စေခြင်းငှါ။ ဘာသိဿံ၊ ဖြေဆိုဟောကြားပေအံ့။ တံ၊ ထိုဖြေဆိုဟောကြားလတ္တံ့သော ဝဇိရူပမ ဗျာကရဏကျမ်း ကို။ သာဓဝေါ၊ သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ ဝိသုဒ္ဓ ဉာဏမာနသာ၊ မဇ္ဈေဂ္ဂုသာ မိစ္ဆာ မလူး အထူးသဖြင့် စင်ကြယ်သော ဉာဏ်နှင့် ယှဉ်သောစိတ်ဖြင့်။ ဝါ၊ အထူးသဖြင့် စင်ကြယ်သော ဉာဏ်နှင့် ယှဉ်သော စိတ်ရှိကုန်သည်ဖြစ်၍။

(ရှေ့ကား မာနသသဒ္ဒါ နာဝိဘတ်။ အာပြု ကရဏတ္ထ၊ နောက်ကား မာနသသဒ္ဒါ ပဌမာဝိဘတ်၊ ဗဟုဗ္ဗိဟိ လက္ခဏတ္ထတည်း။ ဗဟုဗ္ဗိဟိလက္ခဏာလည်း ကြိယာဝိသေသနမျိုးပင်တည်း)။

နိသာမေထ၊ နာကြကုန်လော့။ ဝါ၊ ရှုကြည့်ကြကုန်လော့။ ဝါ၊ ကြံစည်စဉ်းစားမှတ်သားဆင်ခြင်ကြကုန်လော့။ တနည်း—သောတ သာဓု၊ ထိုသို့သဘော

ရှိသော သူတော်ကောင်းသည်လည်း။ နိသာမေတု၊ နာလေလော့။ ဝါ၊ ရှုကြည့်လေလော့။ ဝါ၊ ကြံစည်စဉ်းစား မှတ်သားဆင်ခြင်လေလော့။ တော စ သာဓဝေါ၊ ထိုသို့ သဘောရှိကုန်သော သူတော်ကောင်းတို့သည်လည်း။ နိသာမေန္တု၊ နာလေကုန်လော့။ ဝါ၊ ရှုကြည့်ကြကုန်လေလော့။ဝါ၊ ကြံစည်စဉ်းစား မှတ်သားဆင်ခြင်ကြလေကုန်လော့။ တွဥ္စ သာဓု၊ သင်တယောက်တယောက်ဇီသော ပန်ထွာလျောက်တောင်း သူတော်ကောင်းသည်လည်း။ နိသာမေဟိ၊ နာဘိလော့။ ဝါ၊ ရှုကြည့်ဘိလော့၊ ဝါ၊ ကြံစည်စဉ်းစား မှတ်သားဆင်ခြင်ဘိလေလော့။ တုမှေစ သာဓဝေါ၊ သင်တို့များစွာ ပန်ထွာလျောက်တောင်း သူတော်ကောင်းတို့သည်လည်း။ နိသာမေထ၊ နာကြကုန်လော့။ ဝါ၊ ရှုကြည့်ကြကုန်လော့။ ဝါ၊ ကြံစည်စဉ်းစား မှတ်သားဆင်ခြင် ကြကုန်လော့။ တုမှေ သာဓဝေါ၊ သူနှင့်သူတို့ သင်သင်တို့ဖြစ်ကုန်သော သူတော်ကောင်းတို့သည်။ နိသာမေထ၊နာကြကုန်လော့။ဝါ၊ ရှုကြည့်ကြကုန်လော့။ ဝါ၊ ကြံစည်စဉ်းစား မှတ်သားဆင်ခြင်ကြကုန်လော့။

(ဤကား အတ္တဝါကျအားဖြင့် ပုရိသယောဇနာတည်း။ ဤပုရိသယောဇနာနည်း၌ နိဒ္ဒေသစသော သဒ္ဒါကျမ်းတို့၌ တျန္တိ သိ ထ စသော စတုက္ကသာ ပြကုန်လျက် ဤ၌ တျန္တိသိ ထ ထ နည်းလွှန်၍ ပြလိုက်သည်ကား တောင်းပန်ရင်း ဥပါသကာတို့အား အတျူသားဟန ကရုဏာကိစ္စကို ပြသည်။ ကရုဏာယော ဒေါသောမျှ ဖြစ်သတည်း)။

ဤနိသာမေထ ဟူသော ပုဒ်သည် နိရှေးရှိသော သမဓာတ်၊ ဏေပစ္စည်း၊ ပဥ္စမီ ထဝိဘတ် စုရာဒိဂိုဏ်းတည်း။ သတ္တမီ ထေ ဝိဘတ်မဟုတ်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ နိသာမယထ သာဓဝေါ ဟူ၍ ထင်၏။

ငင်း စုဆုဒိဂဏိက သမဓာတ်သည် တသွာဟိ ဘူတာ နိသာမေထ ဟူသော ရတနသုတ် ပါဠိတော်၊ အဝိက္ခတ္တာ နိသာမေထ ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာဘို့၌ သဝနတ္ထ၌ ဖြစ်၏။ နိသာမေထာတိ သုဏာထ။ ငင်း ရတနသုတ် အဖွင့် ခုဒ္ဒကပါဌ အဋ္ဌကထာ၊ သုတ္တနိပါတ် အဋ္ဌကထာ၊ ပရိတ်ကြီးဋီကာ၊ မူလဋီကာ။ သဒ္ဒနီတိ၌ကား တတော ကဏှာ ဇိနာယာပိ၊ နိသာမေဟိ ရထေ သဘာ· ဟူသော ဝေဿန်ပါဠိကို ထုတ်၏။ တတ္ထ နိသာမေဟီတိ သုဏောဟီတိ အတ္ထော ဟူ၍လည်း ဖွင့်ဆို၏။ ငင်း ဝေဿန်ဇာတ် အဋ္ဌကထာ ဋီကာတို့၌ကား မဖွင့်၊ မဖွင့်သော်လည်း အသင့်ပင်။

ဂူဃ် မဒ္ဒိ နိသာမေဟိ၊ ရမ္မံ ရူပံ ပဒိဿတိ-ဟူသော ဝေဿန်ပါဠိပဋ္ဌမဂါထာ၌ အာလောစနတ္ထ၌ ဖြစ်၏။ နိသာမေဟီတိ ဩလောကေဟိ။ ငင်း ဝေဿန်ဇာတ် အဋ္ဌကထာ။ သဒ္ဒနီတိ၌ကား ဂူဃ် မဒ္ဒိ နိသာမေဟိ၊ စိတ္တံ ရူပံဝ ဒိဿတိ ဟူသော ဝေဿန်ပါဠိ၊ တတိယဂါထာကို ထုတ်၏။ အဋ္ဌကထာကား ပဋ္ဌမဂါထာကိုသာ ဖွင့်၏။ သို့သော်လည်း အတူတူပင်။

သမ အာလောစနေ အာလောစနံ အပေက္ခနံ။ သဒ္ဒနီတိဓာတုမာလာ။ အနုယောဂဝတ္တံ နိသာမယ ဟူသော ပရိဝါဒုတိယဂါထာသင်္ဂဏ္ဌပါဠိ။

ဣလ္လယ် မဒ္ဒိ နိသာမေဟိ။ နိဇ္ဈာသော တာဒိသော ဝနေ–ဟူသော ဝေဿန္တရပါဠိ၌ ဝိတက္ကတ္ထ၌ဖြစ်၏။ အနုလောမဝတ္တတံ နိသာမယ တံ ဥပဓာရေဟီတိ။ ပရိဝါအဋ္ဌကထာ။ နိသမကာရီ၊ အနိသမကာရီ ဟူသည်တို့၌လည်း အတူတူပင်။

နိသာမေဟီတိ သကာသေနာယ ဝါ ပရသေနာယ ဝါ ဥဓာရေဟိ။ ဇင်းဝေဿန္တရာတ် အဋ္ဌကထာ။ ။သဒ္ဒနီတိ၌ကား– တတ္ထ ဟိ နိသာမေဟီတိ ဝိတက္ကေဟိ ဥပဓာရေဟီတိ အတ္ထောဟူ၍ ဖွင့်၏။ (ထို့ကြောင့် သမဓာတ်ကို သဝနတ္ထ၊ အာလောစနတ္ထ၊ ဝိတက္ကတ္ထ၊ သုံးနက်ပေးသတည်း)။

ပဏ္ဍာမပုစ္ဆက ဂန္ထာရမ္ဘ ပြီး၏။

* * *

## ယခုအခါ၌ ပဋိညာဉ်အတိုင်း ပဋိညာတဗ္ဗကို ပြုပေအံ့သတည်း။

### ပဌမပုစ္ဆာ

(၁) ယခုအခါ ဘုရားမြတ်စွာ၏ သာသနာတော်မြတ်ကြီး၌ လဇ္ဇီ၊ အလဇ္ဇီ၊ ဒုဿီလ ဟူ၍ ပုဂ္ဂိုလ်သုံးမျိုး ကွဲပြားရှိရာ ၎င်းတို့၏ အသီးသီးသော အင်္ဂါလက္ခဏာတို့ကို ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့က ဆောင်၍ သိလိုလှပါသည်ဘုရား။

---

### ဝဇီရှပမ ဗျာကရဏ ပဌမပုစ္ဆာ အဖြေ

(၁) ၎င်း ပဌမ လျှောက်ချက်အရ လဇ္ဇီ၊ အလဇ္ဇီ၊ ဒုဿီလဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိရာ ဟူသည်၌ အလဇ္ဇီနှင့် ဒုဿီလသည် မကွဲပြားကြပြီ။ အလဇ္ဇီပင် ဒုဿီလ၊ ဒုဿီလပင် အလဇ္ဇီမည်သည်ဖြစ်၏။ ထိုအလဇ္ဇီမည်သော ဒုဿီလသည် နိဿီလဖြစ်သော ဒုဿီလ၊ ဒုဿိတသီလဖြစ်သော ဒုဿီလဟူ၍ နှစ်မျိုးတည်း။

ထို့ကြောင့် ထိုအကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌—

ဒုဿီလာတိ နိဿီလာ ဒုဿိတသီလာ စ—

ဟူ၍ မိန့်၏။

အနက်ကား—ဒုဿီလာတိ၊ ဒုဿီလာဟူသည်ကား။ နိဿီလာ စ၊ ပါရာဇိက သိက္ခာပုဒ်ပျက်၍ သက်သက်သီလ မရှိကုန်သော ဒုဿီလပုဂ္ဂိုလ်တို့သည်၎င်း။ ဒုဿိတသီလာ စ၊ ကြွင်းသော သိက္ခာပုဒ် ပျက်ကုန်သော ဒုဿီလပုဂ္ဂိုလ်တို့သည်၎င်း။ ဒုဿီလပုဂ္ဂလာ၊ ဒုဿီလပုဂ္ဂိုလ် မည်ကုန်၏။

ထိုနှစ်ပါးသော ဒုဿီလ ပုဂ္ဂိုလ်တို့တွင် တပါးပါးသော ပါရာဇိက သိက္ခာပုဒ် ပျက်သဖြင့် သက်သက်ရဟန်း၏ သီလမရှိသော ပုဂ္ဂိုလ်တို့သည် နိဿီလဖြစ်သော ဒုဿီလပုဂ္ဂိုလ် မည်ကုန်၏။ ပါရာဇိက လေးပါးမှ ကြွင်းကုန်သော သံဃာဒိသိသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိ သိက္ခာပုဒ်တို့တွင် တပါးပါးပျက်ကုန်သဖြင့် ထိုသိက္ခာပုဒ်ကို လွန်ကျူးခြင်းတို့ကြောင့် သီလကျိုးခြင်း၊ ပေါက်ခြင်း ခဏ္ဍ ဆိဒ္ဒ စသည်၏ အဖြစ်သို့ရောက်၍ သီလပျက်သောပုဂ္ဂိုလ်တို့သည် ဒုဿိတသီလဖြစ်သော ဒုဿီလ မည်ကုန်၏။

ပါရာဇိကသိက္ခာပဒပါဘင်္ဂေဟိ နိဿီလာ အဓိပ္ပေတာ။ သေသ သိက္ခာပဒဝိဘင်္ဂေဟိ တေဟိ ဝိတိက္ကမေဟိ ခဏ္ဍဆိဒ္ဒါဒိ ဘာဝပ္ပတ္တိယာ ဒုဿီလာ အဓိပ္ပေတာ။

ရင်းဝိမတိဋီကာ။

အနက်ကား—ပါရာဇိက သိက္ခာပဒဝိဘင်္ဂေဟိ၊ ပါရာဇိက သိက္ခာပုဒ် ပျက်ခြင်းတို့ဖြင့်။ နိဿီလာ၊ သက်သက်ရဟန်း၏ သီလမရှိကုန်သော နိဿီလ ဒုဿီလ ပုဂ္ဂိုလ်တို့ကို။ ဝါ၊ တို့ဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ သေသ သိက္ခာပဒ ဝိဘင်္ဂေဟိ၊ ပါရာဇိက ၄-ပါးတို့မှ ကြွင်းကုန်သော သိက္ခာပုဒ် ပျက်ကုန်သဖြင့်။ ဝါ၊ ပျက်သောပါရာဇိကမှ ကြွင်းသော သိက္ခာပုဒ်ရှိကုန် သော။ တေဟိ ဝိတိက္ကမေဟိ၊ ထိုလွန်ကျူးခြင်းတို့ကြောင့်။ ခဏ္ဍ ဆိဒ္ဒါဒိ ဘာဝပ္ပတ္တိယာ၊ ကျိုးခြင်း ပေါက်ခြင်း စသော အဖြစ်သို့ ရောက်ခြင်းဖြင့်။ ဒုဿီလာ သီလာ၊ ပျက်သောသီလရှိကုန်သော။ ဒုဿီလ သီလာ၊ ဒုဿီလ ပုဂ္ဂိုလ်တို့ကို။ ဝါ၊ တို့ဟူ၍။ အဓိပ္ပေတာ၊ ကုန်၏။ ဤ ဝိမတိဋီကာ စကားသည် ကင်္ခါဝိတရဏီအဋ္ဌကထာနှင့်လည်း ညီပေစွ။

ဧဝံ ကာယဝါစာဟိ အဇ္ဈာစာရဝီတိက္ကမောပိ စိတ္တံ အဝိဿော ဒမေန္တော နဿတိ ပနေဝ ကတဝီတိက္ကမော ဒုဿီလောတိ။

ကင်္ခါဝိတရဏီအဋ္ဌကထာ။

အနက်ကား—ဧဝံ၊ ဤသို့။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ အဇ္ဈာစာရဝီတိက္ကမောပိ၊ မပြုအပ်သော လွန်ကျူးခြင်း ရှိသော်လည်း။ ဝါ၊ လွန် ကျူးခြင်းကို မပြုအပ်သော်လည်း။ စိတ္တံ၊ စိတ်ကို။ အဝိဿဇ္ဇန္တော၊ အကုသိုလ်အဖြစ်မှ မသုတ်သင်သော ရဟန်းသည်။ နဿတိ၊ ပျက်တတ်၏။ ကတဝီတိက္ကမော၊ ပြုအပ်သော လွန်ကျူးခြင်းရှိသော။ ဝါ၊ သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းကို ပြုတတ်သော။ ဒုဿီလော၊ ဒုဿီလရဟန်းသည်ကား။ ပနေဝ၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ နဿတိ ဧဝ၊ ပျက်စီးတတ်သည်သာ လျှင်တည်း။ ဝါ၊ ပျက်စီးတတ်သည်သာ တမုံ။

သိက္ခာပုဒ် ကျူးလွန်ခြင်းကို ဒုဿီလဟူ၍ ပြ၏။ သို့ဖြစ်၍ ဤ ၂-ပါး စုံသော ဒုဿီလအားဖြင့် အလဇ္ဇီ ရဟန်းတို့ကိုသာ ဒုဿီလ ပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ကုန်သတည်းဟု ဝိမတိဋီကာမိန့်၏။

ဥဘတောပါနာပိ အလဇ္ဇီနော ဝ ဣဓ ဒုဿီလာတိ ဝုတ္တာတိ ဝေဒိ တဗ္ဗာ။

ရင်း ဝိမတိဋီကာ။

အနက်ကား — ဥဘယေနာပိ၊ ဒုဿီလ ၂–ပါးစုံ အားဖြင့်လည်း။ အလဇ္ဇီနေ ဝ၊ အလဇ္ဇီတို့သည်းတည်း။ တေ အလဇ္ဇီနော ဝ၊ ထို ၂–ပါးသော အလဇ္ဇီ ရဟန်းတို့ကိုသာလျှင်။ ဣမ၊ ဤ နိဂ္ဂဟအရာ၌။ ဒုဿီလာတိ၊ ဒုဿီလတို့ဟူ၍။ ဝုတ္တာ၊ မိန့်အပ်ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဒီပဝင်ကျမ်း၌ကား အာဇီဝက အညလဒ္ဓိ ဒိဋ္ဌိထေယျသံဝါသက၊ နိဿီလ ဒုဿီလတို့ကို အလဇ္ဇီဟု ဆို၏။

မဒ္ဒိတွာ နာနာဝါဒါနိ၊ နိဟရိတွာ အလဇ္ဇိနော။
ဗဟုံ သာသနံ ဇောတယိတွာန၊ ကထာဝတ္ထုံ ပကာသယိ။

ဒီပဝင်ပါဠိ။

အနက်ကား — နာနာဝါဒါနိ၊ အထူးထူးသော မိစ္ဆာ အယူတို့ကို။ မဒ္ဒိတွာ၊ နှိမ်နင်း၍၊ အလဇ္ဇိနော၊ မိစ္ဆာဝါဒီ ဒုဿီလ အလဇ္ဇီတို့ကို။ နိဟရိတွာ၊ နှင်ထုတ်၍။ ဗဟုံ၊ များစွာ။ သာသနံ၊ သာသနာတော်ကို။ ဇောတယိတွာန၊ ထွန်းတောက်စေ၍။ ကထာဝတ္ထုံ၊ ကထာဝတ္ထုကျမ်းကို။ ပကာသယိ၊ ဟောပြတော်မူပြီ။

ဤသို့ အလဇ္ဇီ ဒုဿီလတို့သည် အထူးအပြားမရှိကုန်၊ အတူတူသာ ဖြစ်ကုန်သေးကြောင့် သုတ် အဘိဓမ္မာတို့၌ ဒုဿီလ အမည်အားဖြင့် များစွာ ဟောတော်မူ၏။ ဝိနည်းတော်၌ကား အလဇ္ဇီ အမည်အားဖြင့် များစွာ ဟောတော်မူ၏။ ဒုဿီလဟု ဟောတော်မူခြင်းသည်လည်း သံဝရ သီလတည်ပြီးမှ ပါရာဇိကသိက္ခာပုဒ်ပျက်၍ သီလကင်းသော နိဿီလပုဂ္ဂိုလ်၊ သံဝရသီလ ဆက်သက်မတည်ဘူးသော နိဿီလပုဂ္ဂိုလ်တို့ကို ဒုဿီလ ပုဂ္ဂိုလ်တို့ဟူ၍ များစွာဆိုအပ်ကုန်၏။ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ် တပါးပါးပျက်သော ပုဂ္ဂိုလ်တို့ကို အလဇ္ဇီတို့ဟူ၍ များစွာဆိုအပ်ကုန်၏။ ဤသို့ များစွာဆိုအပ်သောကြောင့် အလဇ္ဇီနှင့် ဒုဿီလကွဲပြားသကဲ့သို့ အပ္ပဿုတ ပုဂ္ဂိုလ်တို့ မှတ်ယူပြောဆိုကြကုန်၏။ ဗဟုဿုတ ပုဂ္ဂိုလ် ဆရာကြီးတို့လည်း များရာသို့လိုက်၍ ပြောဟောတော်မူတတ်ကြကုန်၏။ စင်စစ်သော်ကား မကွဲမပြားကုန်။ အရာအားဖြင့်သာ ကွဲပြားကြကုန်၏ဟု အရာရာတိုင်း ဆင်ခြင် မှတ်ယူကြကုန်ရာသတည်း။

သီလဝန္တ လဇ္ဇီပုဂ္ဂိုလ်ဟူရာ၌လည်း အာပတ်မသင့်စေပဲ သိက္ခာပုဒ်တို့ကို ဖြည့်သောပုဂ္ဂိုလ်နှင့်တကွ အာပတ်သင့်၍လည်း ဝုဋ္ဌာနကံ ဒေသနာကံဖြင့် ကုစားပြီးသော ဝိသုဒ္ဓ သီလပုဂ္ဂိုလ်၊ သင့်သော အာပတ်ကို ဝိနည်းကံဖြင့် မကုစားရသေးသော အဝိသုဒ္ဓ သီလပုဂ္ဂိုလ်။ ဝတ္ထု၌ရင်း၊ အာပတ်၌ရင်း၊ လွန်ကျူးခြင်း၌ရင်း ယုံမှားခြင်းရှိသော ဝေမတိက သီလပုဂ္ဂိုလ်။ ဤ ၃-မျိုး တို့သည်လည်း သီလဝန္တ လဇ္ဇီတို့ပင် မည်ကုန်၏။

ယံ အာပတ္တိံ အနာပဇ္ဇနေန ပူရိတံ အာပဇ္ဇိတွာ ဝါ၊ ကတပဋိကမ္မံ တံ ဝိသုဒ္ဓံ၊ အာပတ္တိံ အာပန္နဿ အကတပဋိကမ္မံ အဝိသုဒ္ဓံ၊ ဝတ္ထုမ္ပိ ဝါ အာပတ္တိယာ ဝါ အဇ္ဈာစာရေ ဝါ ဝေမတိကဿ သီလံ ဝေမတိကသီလံ နာမ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

အနက်ကား—ယံ သီလံ၊ အကြင်သီလကို။ အာပတ္တိံ၊ အာပတ်သို့။ အနာပဇ္ဇနေန၊ မရောက်စေသဖြင့်၊ ဝါ၊ မသင်စေသဖြင့်။ ပူရိတံ၊ ဖြည့်ကျင့်အပ်၏။ ဝါ၊ အချို့ကား။ ယံ သီလံ၊ အကြင်သီလသည်။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇိတွာ၊ ရောက်၍။ ဝါ၊ သင့်၍။ ပုန၊ တဖန်။ ကတပဋိကမ္မံ၊ ပြုအပ်သော ကုစားခြင်းရှိ၏။ ဝါ၊ ကုစားခြင်းကို ပြုအပ်၏။ တံ သီလံ၊ ထိုသီလသည်။ ဝိသုဒ္ဓံ နာမ၊ ဝိသုဒ္ဓသီလမည်၏။ ဝါ၊ စင်ကြယ်ပြီးသော သီလမည်၏။ ယံ သီလံ၊ သည်။ အာပတ္တိံ၊ သို့။ အာပန္နဿ၊ ရောက်သောရဟန်းအား။ ဝါ၊ သင့်သော ရဟန်းသည်။ အကတပဋိကမ္မံ၊ မပြုအပ်သေးသော ကုစားခြင်းရှိ၏။ ဝါ၊ ကုစားခြင်းကို မပြုအပ်သေး။ တံ သီလံ၊ သည်။ အဝိသုဒ္ဓသီလံ နာမ၊ အဝိသုဒ္ဓသီလမည်၏။ ဝါ၊ မစင်ကြယ်သော သီလမည်၏။ ဝတ္ထုမ္ပိ ဝါ၊ ဝတ္ထု၌လည်းကောင်း။ အာပတ္တိယာ ဝါ၊ အာပတ်၌လည်းကောင်း။ အဇ္ဈာစာရေ ဝါ၊ လွန်ကျူးခြင်း၌လည်းကောင်း။ ဝေမတိကဿ၊ ယုံမှားခြင်းသို့ရောက်သော ရဟန်း၏။ သီလံ၊ သည်။ ဝေမတိကသီလံ နာမ၊ ဝေမတိကသီလမည်၏။ ဝါ၊ ယုံမှားခြင်းရှိသော သီလမည်၏။

ဤစကားတို့၌ ကုစားခြင်း ပဋိကမ္မမည်သည်ကား ဝုဋ္ဌာနကံ ဒေသနာကံ အာပတ်အတိုင်း ဝိနည်းတော်နှင့်အညီ ကုစားခြင်းတည်း။ ဤသို့ ဝိနည်းတော်နှင့်အညီ ကုစားသည်ရှိသော် ပျက်ပြီးသော သီလသည် ပကတိအတိုင်း စင်ကြယ်သော ဝိသုဒ္ဓသီလသည်သာ ဖြစ်ပြန်သတည်း။

ကတပဋိကမ္မန္တိ ဝုဋ္ဌာနဒေသနာဟိ ယထာဓမ္မံ ကတပဋိကာရံ၊
ဧဝံ ဟိ တံသီလံ ပဋိပါကတိကမေဝ ဟောတီတိ ဝေနာဟ တံ ဝိသုဒ္ဓန္တိ။

ရင်းဝိသုဒ္ဓိမဂ် မဟာဋီကာ။

အနက်ကား—ကတပဋိကမ္မန္တိ၊ ကတပဋိကမ္မံ ဟူသည်ကား။ ဝုဋ္ဌာနဒေသနာဟိ၊ ဝုဋ္ဌာနကံ ဒေသနာကံတို့ဖြင့်။ ယထာဓမ္မံ၊ ဝိနည်းတရားတော်အတိုင်း။ ကတပဋိကာရံ၊ ပြုအပ်သော ကုစားခြင်းတည်း။ ဟိ သစ္စံ၊ မှန်၏။ ဝါ၊ ဟိ ဖလံ၊ ကုစားခြင်းအကျိုးကား။ ဧဝံ၊ ဤသို့ ဝိနည်းတရားတော် အတိုင်း ကုစားခြင်းကို ပြုအပ်သည်ရှိသော်။ တံ သီလံ၊ ထိုပျက်သော သီလသည်။

ပဋိပါကတိကမ္မဝ၊ ကဖန် ပကတိရှေးအတိုင်း စင်ကြယ်ခြင်း ရှိပြန်သည်သာလျှင်။ ဟောတိ၊ ၏။ တေန၊ ထိုကြောင့်။ တံ ဝိသုဒ္ဓန္တိ၊ တံဝိသုဒ္ဓံဟူ၍။ အာဟ၊ အဋ္ဌကထာဆရာမိန့်၏။

ဤသို့ ဝိနည်းကံဖြင့် မကုစားရသေးသော်လည်း နောက်တဖန် ဤကဲ့သို့ ငါမပြုပြီဟု စိတ်ဆောက်တည်ခြင်းသည်လည်း ကုစားခြင်းပင်မည်၏ ဟူ၍ ရှင်းဗိသုဒ္ဓိမဂ်မဟာဋီကာ၌ မိန့်၏။

ကတပဋိကမ္မန္တိ ဣမိနာ စ န ပုနေဝံ ကရိဿန္တိ အဓိဋ္ဌာနမ္ပိ သင်္ဂဟိတန္တိ ဒဋ္ဌဗ္ဗံ၊

ဝိသုဒ္ဓိမဂ်မဟာဋီကာ။

အနက်ကား—စ၊ မှချမှတပါး ဥပစာရကား။ ဝါ၊ နိဗ္ဗတ်မှတပါး နေယျတ်ကား။ ဝါ၊ ဥဇုဝုတ်မှတပါး ဝင်္ကဝုတ်ကား။ ကတပဋိကမ္မန္တိ ဣမိနာ၊ ကတပဋိကမ္မံဟူသော ဤပုဒ်ဖြင့်။ ပုန၊ တဖန်။ ဧဝံ၊ ဤသို့။ နကရိဿံ၊ ငါမပြုတော့အံ့။ ဣတိ၊ ဤသို့။ အဓိဋ္ဌာနမ္ပိ၊ ဆောက်တည်ခြင်းကိုလည်း။ သင်္ဂဟိတံ၊ ပေါင်းယူအပ်၏။ ဣတိ။ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဝါ၊ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ဝါ၊ သန္နိဋ္ဌာန်ကျ ကေန္တဟု မှတ်ရမည်တည်း။

ဤစကားကို ပါတိမောက္ခ သံဝရ သီလပျက်ခြင်း ဟူသော အာပတ်သင့်သည်ကိုသာ ရည်၍ မဆိုအပ်၊ ဣန္ဒြိယသံဝရ သီလပျက်သည်ကိုသာ ရည်၍ဆိုအပ်၏။ ထို့ကြောင့် အာပတ်သင့်သော ရဟန်းသည် အာပတ်ကို မကုစားရသေးသမျှ အပရိသုဒ္ဓသီလသာ ဖြစ်၍ အလဇ္ဇီဖြစ်၏ဟု ဆိုကြကုန်၏။ ထိုသို့ ဆိုကုန်သော်လည်း ၊ ဤသို့ စိတ်ဆောက်တည်ခြင်းဖြင့် လဇ္ဇီသဘော သက်သောကြောင့် အာပတ်ကို မကုစားရသေးသော်လည်း အဝိသုဒ္ဓ၊ သီလရှိသော လဇ္ဇီ ရဟန်းကောင်းပင် ဖြစ်ပေ၏။ ဖုံးလွှမ်းလိုသဖြင့် မကုစားမူကား အလဇ္ဇီသာတည်း။ ဝေမတိကဋ္ဌလည်း နည်းတူသာ မှတ်နုံ၏။

ဤအတူပင် ဤကဲ့သို့ တဖန် ငါမပြုအံ့ဟူသော စိတ်ဖြစ်သဖြင့် လဇ္ဇီ ဖြစ်ကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌လည်း မိန့်သတည်း။

န ပုန ဤဒိသံ ကရိဿာမီတိ စိတ္တေန လဇ္ဇိနော စ ဟောန္တိ။

ရှင်းဝိမတိဋီကာ။

ဤပါဌ်၏အနက်ကို အထက် လဇ္ဇီ အလဇ္ဇီလက္ခဏာကို ပြရာ၌ ရေးအံ့။ ဤပဋိကမ္မအရာ၌ ဒီပဝိပာရဝါသီ သမ္မုတ္ထေရဝါဒ၊ တိပိဋကစူဠနာဂတ္ထေရဝါဒတို့ကိုလည်း ပြရန်ရှိ၏။ ယခုနည်းသာ ပမာဏတည်း။

ထို့ကြောင့် ဆိုခဲ့ပြီးသောနည်းဖြင့် ဝိသုဒ္ဓသီလ၊ အဝိသုဒ္ဓသီလ၊ ဝေမတိက သီလ ရှိသော ရဟန်းသည်လည်း သီလဝန္တမည်၏ဟု သေသေချာချာ မှတ်ကုန်ရာ၏။

ဤ သီလဝန္တ ဂ ဇ္ဇီ အရာ၌လည်း ဝိသုဒ္ဓသီလရှိသော ရဟန်းကိုသာ သီလဝန္တ လဇ္ဇီဟု ပါဠိ အဋ္ဌကထာတို့၌ အလားများသို့ လိုက်၍ ခေါ်ဝေါ် စွဲမှတ်ကြကုန်၏။ အရာအားဖြင့် အဝိသုဒ္ဓသီလဝန္တ ဝေမတိကသီလဝန္တ လဇ္ဇီတို့လည်း ရှိကုန်၏ဟူ၍ မှတ်ကြကုန်ရာ၏။

သို့ဖြစ်၍ ဒုဿီလ အလဇ္ဇီနှစ်ပါး လက္ခဏာအားဖြင့် ခွဲပြား၍ မပြသာပြီ။ ဝစနတ္ထအားဖြင့်၎င်း၊ လဇ္ဇီ အလဇ္ဇီ လက္ခဏာအားဖြင့်၎င်း၊ အလဇ္ဇီပုဂ္ဂိုလ်အပြားအားဖြင့်၎င်း ခွဲပြား၍သာ ပြအံ့။

လဇ္ဇာ ဧတဿ အတ္ထီတိ လဇ္ဇီ။ အင်္ဂုတ္တရ မဟာဋီကာကြီး မိန့်အပ်သည်နှင့်အညီ လဇ္ဇာပုဒ်၊ ဤပစ္စည်း၊ အဿတ္ထိဘဒ္ဒိုတ်ဝိဂြိုဟ်။ ဧတဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ လဇ္ဇာ၊ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း ဒုစရိုက်တို့မှ ရှက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ လဇ္ဇီ၊ လဇ္ဇီမည်၏။ လဇ္ဇီ၊ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း ဒုစရိုက်တို့မှ ရှက်ခြင်းရှိသည့် ပုဂ္ဂိုလ်။

န လဇ္ဇတီတိ အလဇ္ဇီ၊ ဝိနယာလင်္ကာရဋီကာ မိန့်သည်နှင့်အညီ နရှေ့ရှိသော လဇ္ဇဓာတ်၊ ဣပစ္စည်း၊ ကတ္တုသာဓနကိတ်ဝိဂြိုဟ်။

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ န လဇ္ဇတိ၊ သိက္ခာပုဒ်ကို လွန်ကျူးခြင်း ဒုစရိုက်တို့မှ မရှက်တတ်။ ဣတိတသ္မာ၊ ကြောင့်။ သော ပုဂ္ဂလော၊ သည်။ အလဇ္ဇီ၊ အလဇ္ဇီမည်၏။ အလဇ္ဇီ၊ သိက္ခာပုဒ်ကို လွန်ကျူးခြင်း ဒုစရိုက်တို့မှ မရှက်တတ်သော ပုဂ္ဂိုလ်။

ဤ ဝိနယာလင်္ကာရဋီကာ အလိုအားဖြင့် အလဇ္ဇီဟု ဣကာရန္တပုဒ် ဖြစ်ရာ၏။ အင်္ဂုတ္တရမဟာဋီကာနည်းအားဖြင့် နလဇ္ဇီ အလဇ္ဇီဟု ပြုလျှင် ဤကာရန္တဖြစ်ရာ၏။ ဣမေ အလဇ္ဇိနော ပါပဘိက္ခူဟူသော ပြယုဂ် ဥဒါဟရဏ် ထင်ရှားရှိသည်ကို ထောက်သော် အဂ္ဂိနော မုနယောကဲ့သို့ ဣကာရန္တ ပကတိရှိသောပုဒ်မဟုတ်၊ ဒဏ္ဍိနော ဘောဂိနော တို့ကဲ့သို့ ဤကာရန္တ ပကတိရှိသော ပုဒ်ဖြစ်၏ဟု စင်စစ်မှတ်ယူရာ၏။ လဇ္ဇီတိ ဟိရိမာဟူသော သံယုတ်အဋ္ဌကထာ၊ လဇ္ဇီတိ ပါပဇိဂုစ္ဆနလက္ခဏာယ လဇ္ဇာယ သမန္နာဂတော၊ ဝူဋ္ဌဟတ္ထိပဒေါပမ သုတ်အဋ္ဌကထာ စသည်တို့နှင့်လည်း ညီ၏။ ဒုဿီလကိုကား ယခင် ဝိမတိ

ဋီကာအတိုင်း နတ္ထိ သီလံ ဧတဿာတိ ဒုဿီလော ဟူ၍ နိသီလဖြစ်သော ဒုဿီလဘို၊ နပုဗ္ဗ ဗဟုဗ္ဗိဟိ ဝိဂြိုဟ်ပြု။

ဒုဿိတံ သီလံ ဧတဿာတိ ဒုဿီလော ဟူ၍ ဒုဿိတသီလဖြစ်သော ဒုဿီလဘို၊ စတုတ္ထီ ဗဟုဗ္ဗိဟိ ဝိဂြိုဟ်ပြု။

အနက်ကား—ဧတဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ သီလံ၊ သိက္ခာသီလသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ သော ပုဂ္ဂလော၊ သည်။ ဒုဿီလော၊ ဒုဿီလမည်၏။ ဒုဿီလော၊ သိက္ခာသီလမရှိသော ပုဂ္ဂိုလ်။

ဧတဿ ပုဂ္ဂလဿ၊ အား။ ဒုဿိတံ၊ ဖျက်ဆီး ကျေဉ်နင်းအပ်သော။ သီလံ၊ ခုဒ္ဒါနုခုဒ္ဒက သိက္ခာသီလသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သော ပုဂ္ဂလော၊ သည်။ ဒုဿီလော၊ မည်၏။ ဒုဿီလော၊ ဖျက်ဆီး ကျေဉ်နင်းအပ်သော ခုဒ္ဒါနုခုဒ္ဒက သိက္ခာသီလရှိသော ပုဂ္ဂိုလ်။

ဒုဿိတံ သီလံ အနေနာတိ ဒုဿီလော ဟူ၍ တတိယာ ဗဟုဗ္ဗိဟိ ဝိဂြိုဟ်လည်း ပြုရာ၏။ အနေန ပုဂ္ဂလေန၊ ဤပုဂ္ဂိုလ်သည်။ ဒုဿိတံ၊ သော။ သီလံ၊ သည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ သော ပုဂ္ဂလော၊ သည်။ ဒုဿီလော၊ မည်၏။ ဤ၌ ပဌမကား ဒုသဒ္ဒါ အဘာဝ အနက်ဟော။ ဒုတိယ စသည်တို့ကား ဒုသဒ္ဒါ ဒုဿိတ အနက်ဟော။ ၎င်းအနက် ၂-ပါးကို ဟောတတ်သော ဒုသဒ္ဒါ တပါးတည်းဖြင့် ဒုဿီလ ဟူခြင်းသည် ပဒီပနည်းတည်း။ ဤသို့ လဇ္ဇီ အလဇ္ဇီ ဒုဿီလပုဒ်တို့၏ ဝစနတ္ထကို သိရာမှတ်ရာ၏။ လက္ခဏာအားဖြင့်ကား—

သဉ္စိစ္စ အာပတ္တိံ နာပဇ္ဇတိ၊ အာပတ္တိံ န ပရိဂူဟတိ။
အဂတိဂမနံ န ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ လဇ္ဇီပုဂ္ဂလော—

ဟူသော ပရိဝါပါဠိတော်ဖြင့် လဇ္ဇီလက္ခဏာကို သိမှတ်ရာ၏။

အနက်ကား— ယော ပုဂ္ဂလော၊ အကြင်ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည်။ သဉ္စိစ္စ၊ သိလျက်လွန်ကျူးလိုသော စေတနာဖြင့် စေ့ဆော်၍။ ဝါ၊ လွန်ကျူးလိုသော စေတနာရှိသည်ဖြစ်၍။ အာပတ္တိံ၊ အာပတ်သို့။ နာပဇ္ဇတိ၊ မရောက်။ ဝါ၊ မသင့်စေ။ အာပတ္တိံ၊ သင့်သော အာပတ်ကို။ န ပရိဂူဟတိ၊ မဖုံးလွှမ်း။ အဂတိဂမနံ၊ ဆန္ဒ ဒေါသ ဘယ မောဟ အားဖြင့် မလားအပ်သော အဂတိသို့ လားရခြင်းသို့။ န ဂစ္ဆတိ၊ မလိုက်မလား။ ဧဒိသော၊ ဤသို့ သဘောရှိသော။ ဝါ၊ ဤသို့ လက္ခဏာ ၃-ပါးဖြင့် ရှုအပ်သော။ ပုဂ္ဂလော၊ ရဟန်းဖြစ်သော ပုဂ္ဂိုလ်ကို။ လဇ္ဇီ၊ လဇ္ဇီဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပရိဝါ ပါဠိတော်နှင့်အညီ ဝိတိက္ကမစေတနာဖြင့် သိလျက် အာပတ် ကြီးငယ်ကို မသင့်စေခြင်း။ သင့်မိသောအာပတ်ကို မဖုံးလွှမ်းခြင်း။ အဂတိ ၄-ပါးတို့တွင် တပါးပါးသို့ မလား မလိုက်ခြင်း။ ဤလက္ခဏာ ၃-ပါးရှိသော ရဟန်းသည် လဇ္ဇီမည်၏ဟု သိရာ၏။ ဤလက္ခဏာ ၃-ပါးကို လဇ္ဇီ လက္ခဏာဟု မှတ်ရာ၏။

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဒေိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။

ရင်းပရိဝါပါဠိတော်။

**အနက်ကား—**ယော ပုဂ္ဂလော၊ သည်။ သဉ္စိစ္စ၊ လျက်။ ဝါ၊ ၍။ အာပတ္တိံ၊ သို့။ အာပဇ္ဇတိ၊ ၏။ အာပတ္တိံ၊ ကို။ ပရိဂူဟတိ၊ ဖုံးလွှမ်းအံ့။ အဂတိဂမနဉ္စ၊ အဂတိ ၄-ပါးသို့ လားခြင်းသို့လည်း။ ဂစ္ဆတိ၊ လားတတ် လိုက်တတ်၏။ ဒေိသော၊ ဤသို့သဘောရှိသော။ ဝါ၊ ဤ လက္ခဏာ ၃-ပါးဖြင့် ရှုအပ်သော။ ပုဂ္ဂလော၊ ကို။ အလဇ္ဇီ၊ အလဇ္ဇီဟူ၍၊ ဝုစ္စတိ၊ ၏။ ဤပရိဝါ ပါဠိတော်ဖြင့်လည်း အလဇ္ဇီလက္ခဏာကို သိမှတ်ရာ၏။

ဤ လဇ္ဇီ အလဇ္ဇီ လက္ခဏာ ၃-ပါးတို့ကို မှတ် ကြောင်း လက္ခဏာမျှသာ ဖြစ်သောကြောင့် ၃-ပါးလုံး ညီညွတ်ပြည့်စုံမှသာ လဇ္ဇီ အလဇ္ဇီ ဖြစ်သည်ဟု မမှတ်ရာ၊ တပါးပါးသော လက္ခဏာရှိလျှင်ပင် လဇ္ဇီ အလဇ္ဇီ ဖြစ်၏ဟု စင်စစ် မှတ်ရာ၏။ အဘယ်ကဲ့သို့နည်း။ ဒုစိန္တိတစိန္တီ ဒုဘာသိတဘာသီ ဒုက္ကဋကာရီ ဟူသော ဗာလလက္ခဏာ ၃-ပါးတို့တွင် တပါးပါးသော လက္ခဏာဖြင့် ဗာလ ဖြစ်သကဲ့သို့တည်း။ ထို့ဖြစ်၍ သိလျက် အာပတ်ကို မသင့်စေခြင်း လက္ခဏာ စသည် တပါးပါးရှိလျှင် လဇ္ဇီ ဖြစ်၏။ အလဇ္ဇီ အရာ၌လည်း သိလျက် အာပတ် ကို သင့်စေခြင်းစသည် တပါးပါးရှိလျှင်ပင် အလဇ္ဇီဖြစ်၏။ လဇ္ဇီ သည် တရံ တခါ အစိတ္တကအားဖြင့် အာပတ်သင့်သည်ကို ဖုံးလွှမ်းလို၍ မကုမသ မထစေ ငြားအံ့၊ ဖုံးလွှမ်းသည်ကာ၍ မကုမသ မထစေသမျှ ကာလပတ်လုံး အလဇ္ဇီဖြစ် ၏။ အာပတ်ကို ကုသထမြောက်စေလိုသည်က စ၍ ရှေးက အလဇ္ဇီပင် ဖြစ် သော်လည်း လဇ္ဇီ ဖြစ်ပေ၏။ အဂတိသို့ လိုက်ခြင်း၌လည်း အတူတူပင် မှတ်ရာ သတည်း။

သစေ ပန ဆာဒေသာ ဗာမိတိ မူရန်ကွေပ ကတွာ ပုရောဘတ္တေ ဝါ ပစ္ဆာဘတ္တေ ဝါ ပဌမယာမာဒီသု ဝါ လဇ္ဇီဓမ္မံ ဩက္ကမိတွာ အန္တော အရုဏေယေဝ အာရောစေတိ။ အယံ ဆာဒေတုကာမော န ဆာဒေတိ နာမ—

ဟူသော စုဏ္ဏဝါ အဋ္ဌကထာ ဝိနယ သင်္ဂဟ အဋ္ဌကထာတို့၌ လဇ္ဇီ ဓမ္မံ ဩက္ကမိတွာ ဟူသော အနွယ စကားဖြင့် မဖုံးလွှမ်းလို အာပတ်ကို ကြားလိုသည့်စိတ် ဖြစ်သောအခါ၌ပင် လဇ္ဇီနိုင်ဖြစ်၊ ၎င်းစကား၏ ဗျတိရိက်အားဖြင့် ဖုံးလွှမ်းအံ့ဟု ဝန်ချသည်ကစ၍ အလဇ္ဇီ၏ အဖြစ်ကို သိအပ်၏။ ဤနှင့်သဘောတူပင် ရှေးကပြခဲ့သော ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ဝိနယာလင်္ကာရဋီကာတို့ဖြင့်လည်း သိအပ်၏။

အနက်ကား—သစေ ပန၊ အကယ်၍ကား။ ဆာဒေသာ မီတိ၊ အာပတ်ကို ဖုံးလွှမ်းအံ့ဟု။ ဓုရနိက္ခေပံ၊ ဝန်ချခြင်းကို။ ကတွာ၊ ၍။ ပုဒရာဘတ္တေ ဝါ၊ နံနက်အခါ၌ရင်း။ ပစ္ဆာဘတ္တေ ဝါ၊ နေလွဲညချမ်းအခါ၌ရင်း။ ပဌမ ယာ မာဒီသု ဝါ၊ ညဦးပဌမယံ စသည်တို့၌ရင်း။ လဇ္ဇီဓမ္မံ၊ လဇ္ဇီသဘောသို့။ ဩက္ကမိတွာ၊ သက်၍။ အန္တော အရုဏေယေဝ၊ အရုဏ်အတွင်း၌သာလျှင်။ အာဝိ ကရောတိ၊ ဒေသနာကြားအံ့။ အယံ၊ ဤရဟန်းသည်။ ဆာဒေတုကာမော၊ ဖုံးလွှမ်းလိုလျက်။ န ဆာဒေတိ နာမ၊ မဖုံးလွှမ်းသည်မည်၏။ ဤသို့ လဇ္ဇီဓမ္မံ ဩက္ကမိတွာ ဟူသောပါဠိဖြင့် သိအပ်၏။

သို့ဖြစ်၍ အာပတ်သင့်သော်လည်း သင့်တိုင်း စသည်ဖြင့် အလဇ္ဇီ မမှတ်ရာ။ ဝိတိက္ကမစေတနာ အနာဒရိယအားဖြင့် အာပတ်ကို သင့်စေသော်သာ အလဇ္ဇီဖြစ်၏။ စေတနာမရှိပဲ သင့်သော်ကား အလဇ္ဇီမဖြစ်။ အနာဒရိယစိတ်ဖြင့် မဖုံးလွှမ်း၊ ရှက်သောအားဖြင့် ဖုံးလွှမ်းခြင်းသည်လည်း ဖုံးလွှမ်းသည် မမည်၊ အလဇ္ဇီမဖြစ်။ အနာဒရအားဖြင့် ဖုံးလွှမ်းသော်သာ ဖုံးလွှမ်းသည်မည်၏၊ အလဇ္ဇီ ဖြစ်၏ဟု မှတ်အပ်၏။

> သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိတိ ဧတ္ထ အနာဒရိယဝသေန အာပဇ္ဇန္တော ဝေ အလဇ္ဇီ ဟောတိ န ကုတရောတိ စ၊ အာပတ္တိံ ပရိဂူဟတီတိ ဧတ္ထ လဇ္ဇာယ ပရိဂူဟန္တော အလဇ္ဇီ န ဟောတိ ကိမ်န္တ အနာဒရိယဝသေန ပရိဂူဟန္တော ဟောတိတိ စ လိက္ခိတံ။
>
> ကင်္ခါဋီကာ ဟောင်း။

အနက်ကား—သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိတိ ဧတ္ထ၊ သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ ဟူသော ပါဠိတော် ဝါကျ၌။ အနာဒရိယဝသေန၊ သိက္ခာပုဒ်ကို မရိုသေခြင်း၏ အစွမ်းဖြင့်။ အာပဇ္ဇန္တော ဝေ၊ အာပတ်သင့်သော ရဟန်းသည်သာလျှင်။ အလဇ္ဇီ၊ အလဇ္ဇီသည်။ ဟောတိ၊ ၏။ ကုတရော၊ သိက္ခာပုဒ်ကို ရိုသေလျက် အာပတ်သင့်သော ရဟန်းသည်ကား။ အလဇ္ဇီ၊ သည်။ န ဟောတိ၊ မဖြစ်။ ကုတိ စ၊ ဤသို့ရင်း။ အာပတ္တိံ ပရိဂူဟတီတိ ဧတ္ထ၊ အာပတ္တိံ

ပရိဂ္ဂဟာတိ ဟူသော ပါဠိတော် ဝါကျ၌။ လဇ္ဇာယ၊ သူတပါးကို ရှက်သဖြင့်။ ပရိဂ္ဂဟန္တော၊ ဖုံးလွှမ်းသော ရဟန်းသည်။ အလဇ္ဇီ၊ သည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ? ကမ္မိနော ဝစနေန၊ ဤစကားဖြင့်။ အနာဒရိယာဝသေန၊ သိက္ခာပုဒ် တော်ကို မရိုသေခြင်း၏ အစွမ်းဖြင့်။ ပရိဂ္ဂဟန္တော၊ ဖုံးလွှမ်းသော ရဟန်းသည် သာလျှင်။ အလဇ္ဇီ၊ သည်။ ဟောတိ၊ ၏။ ဣတိ စ၊ ဤသို့ရင်း။ လိက္ခိတံ၊ ရေးအပ်၏။

ရင်း ကင်္ခါဝိတရဏီဋီကာသစ်၌လည်း—

> ပရိဂ္ဂဟာတီတိ နိဂူဟတိ န ဒေသေတိ န ဝုဋ္ဌာတိ လဇ္ဇာယ
> ပရိဂ္ဂဟန္တော အလဇ္ဇီ န ဟောတီတိ။ ကမ္မိနော ဟိ အနာဒရိယေန
> ပရိဂ္ဂဟန္တော အလဇ္ဇီ ဟောတီတိ ဒဿေတိ—

ဟူ၍ မိန့်၏။

အနက်ကား—ပရိဂ္ဂဟာတီတိ၊ ဟူသည်ကား။ နိဂူဟတိ၊ ရှို့ဝှက်ဖုံးလွှမ်း၏။ န ဒေသေတိ၊ ဒေသနာမကြား။ န ဝုဋ္ဌာတိ။ ဝုဋ္ဌာနကံဖြင့် မထ။ လဇ္ဇာယ၊ ရှက်သဖြင့်။ ပရိဂ္ဂဟန္တော၊ ရှို့ဝှက် ဖုံးလွှမ်းသော ရဟန်းသည်။ အလဇ္ဇီ၊ သည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ သို့။ ဒဿေတိ၊ ၏။ ဟိ သစ္စံ၊ မှန်၏။ ကမ္မိနော ဝစနေန၊ ဤလဇ္ဇာယ ပရိဂ္ဂဟန္တော အလဇ္ဇီ နဟောတိ ဟူသော စကားဖြင့်။ အနာဒရိယေန၊ သိက္ခာပုဒ်တော်ကို မရိုသေခြင်းဖြင့်။ ပရိဂ္ဂဟန္တော၊ ရှို့ဝှက်ဖုံးလွှမ်းသော ရဟန်းသည်သာလျှင်။ အလဇ္ဇီ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။ ဤသို့ အာပတ်သင့်တိုင်း ဖုံးလွှမ်းတိုင်း အလဇ္ဇီမဖြစ်ဟု စင်စစ် မှတ်ကုန်ရာသတည်း။

သဉ္စိစ္စ ဟူသော ပုဒ်ကိုလည်း အာဒိဒီပကနည်းအားဖြင့် ယူ၍ အနာဒရ စေတနာဖြင့် အာပတ်သင့်စေသော ရဟန်း၊ အနာဒရစေတနာဖြင့် အာပတ် ကို ဖုံးလွှမ်းသော ရဟန်း၊ အနာဒရစေတနာဖြင့် အဂတိသို့ လိုက်သော ရဟန်းသည်သာ အလဇ္ဇီဖြစ်၏။ အနာဒရ မရှိမူ အလဇ္ဇီ မဖြစ်သည်၏ အဖြင့်ကို ရင်းကင်္ခါဝိတရဏီဋီကာသစ်၌ မိန့်၏။

> ဧတ္ထ စ သဉ္စိစ္စာတိ ကမ္မိနော အနာဒရိယဝသေနေဝ အာပတ္တိံ
> အာပဇ္ဇန္တော အာပန္နဥ္စ အာပတ္တိံ ပရိဂ္ဂဟန္တော ဆန္ဒာဂမနီယ
> ဌာနာဒီသု အဂတိဂမနံ ဂစ္ဆန္တော အလဇ္ဇီ ဟောတိ။ န ဣတရေတိ
> ဒဿေတိ။

ကင်္ခါဝိတရဏီဋီကာသစ်ပါဠိ။

အနက်ကား—စ၊ ဆက်၍ ဆိုပါအံ့။ ဝါ၊ ရှေ့ါကျဝယ် ပြစ်တင်ဖွယ် ကိုပယ်၍ ဖြေဆိုလိုက်ဦးအံ့။ ဧတ္ထ၊ ဤ သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ အစရှိသော ပါဠိတော်၌။ သဉ္စိစ္စာတိ ဣမိနာ၊ သဉ္စိစ္စဟူသော ဤဝိခါသသန ပုဒ်ဖြင့်။ အနာဒရိယ ဝသေနေဝ၊ သိက္ခာပုဒ်ကို မရိုသေသည်၏ အစွမ်းဖြင့်သာလျှင်။ အာပတ္တိံ၊ သို့။ အာပဇ္ဇန္တော စ၊ ရောက်စေသော ရဟန်းသည်ရင်း။ အာပန္နံ၊ သော။ အာပတ္တိံ၊ ကို။ ပရိဂူဟန္တော စ၊ ရှို့ဝှက် ဖုံးလွှမ်းသော ရဟန်းသည်ရင်း၊ ဘဏ္ဍာဘာဇနီယ ဌာနဒီသုံ၊ သံဃိက ဥစ္စာကို ဝေဖန်ရာ အရပ်စသည်တို့၌။ အဂတိဂမနံ၊ အဂတိသို့ လားခြင်း လိုက်ခြင်းသို့။ ဂစ္ဆန္တော စ၊ လိုက်သော ရဟန်းသည်ရင်း။ အလဇ္ဇီ၊ အလဇ္ဇီသည်။ ဟောတိ၊ ၏။ ဣတရော၊ အနာဒရမရှိသော ရဟန်းသည်။ ဝါ၊ အနာဒရမရှိပဲ အာပတ်သင်သော ရဟန်း၊ အနာဒရမရှိပဲ ရှက်သဖြင့် အာပတ်ကို ဖုံးလွှမ်းသော ရဟန်း၊ အနာဒရမရှိပဲ အဂတိလိုက်မိသော ရဟန်းသည်။ အလဇ္ဇီ၊ သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ ဒဿေတိ၊ ပြ၏။

ဤသို့ သဉ္စိစ္စ ပုဒ်ကို ဝါကျတိုင်းယှဉ်၍ အနွယ ဗျတိရေက အဓိပ္ပာယ်ကို သိလေကုန်။ ဤ၌ အနာဒရမရှိပဲ အဂတိသို့ လိုက်မိခြင်းကိုကား သုတ္တနိပါတ် ဟေမဝတသုတ် အဋ္ဌကထာ၌ လာသော သာတာဂိရိ၊ ဟေမဝတ နတ်ဘီလူးနှစ်ဦး၏ အလောင်း၊ ကဿပဘုရား လက်ထက်တော်၌ ဝိနည်းဓိုရ် ရဟန်းနှစ်ပါးကဲ့သို့ သိအပ်၏။ သို့ဖြစ်၍ အနာဒရရှိမှသာ အလဇ္ဇီဟု မှတ်လေ။

ဤသို့လျှင် လက္ခဏာသုံးပါးလုံး ညီညွတ်ပြည့်စုံမှသာ လဇ္ဇီ အလဇ္ဇီ ဖြစ်၏ဟူ၍ မမှတ်လင့်။ တပါးပါးဖြင့်ပင် လဇ္ဇီ အလဇ္ဇီဖြစ်၏။ အင်္ဂါကိုလည်း အနာဒရ ရှိမရှိနှင့် ယှဉ်၍ နှစ်ပါး နှစ်ပါးစီ ဖြစ်သည်ကို သိလေကုန်။

ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ လဇ္ဇီ အလဇ္ဇီ ဖြစ်သည်သည်း စိတ္တက္ခဏနှင့်စပ်၍ ဖြစ်ခြင်းရှိ၏။ အခါခပ်သိမ်း လဇ္ဇီ အလဇ္ဇီဟု မမြဲတည်။ သိလျက် အနာဒရအားဖြင့် လွန်ကျူးသော စိတ်ဖြစ်သော်သာ အလဇ္ဇီ ဖြစ်ကုန်၏။ တဖန် ဤကဲ့သို့ ငါမပြုကူသော စိတ်ဖြစ်မှ လဇ္ဇီ ဖြစ်ကုန်၏ဟု ဝိမတိဋီကာ၌ မိန့်ဆို၏။

> အလဇ္ဇီတဉ္စ ပုထုဇ္ဇနာနံ စိတ္တက္ခဏပဋိဗဒ္ဓံ န သဗ္ဗကာလိကံ၊ သဉ္စိစ္စ ဟိ ဝီတိက္ကမစိတ္တေ ဥပ္ပန္နေ အလဇ္ဇိနော န ပုန ဤဒိသံ ကရိဿာမီတိ စိတ္တေန လဇ္ဇိနော စ ဟောန္တိ။
>
> ရင်းဝိမတိဋီကာပါဠိ၌။

အနက်ကား—ပုထုဇ္ဇနာနံ၊ ပုထုဇဉ်တို့၏။ အလဇ္ဇီတဥ္စ၊ အလဇ္ဇီအဖြစ်သည် လည်း။ (စသဒ္ဒါဖြင့် လဇ္ဇီတဥ္စကို ဆည်း၊) စိတ္တက္ခဏပဋိဗဒ္ဓံ၊ စိတ္တက္ခဏနှင့် စပ်၏။ ဟိ စိတ္တာဝရေမိ၊ ချဲ့ဦးအံ့။ သဒ္ဓိစ္စ၊ သိလျက်။ ဝါ၊ စေတနာဖြင့် စေ့ ဆော်၍။ ဝီတက္ကမစိတ္တော၊ လွန်ကျူးလိုသော စိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိ သော်၊ အလဇ္ဇီနော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ပုန၊ တဖန်။ ဤဒိသံ၊ ဤသို့သောအမှုကို။ န ကရိဿာမိ၊ ငါမပြုအံ့။ ဣတိ၊ သို့။ စိတ္တေန၊ စိတ်ဖြင့်။ လဇ္ဇီနော စ၊ လဇ္ဇီတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။

ဤသို့ လဇ္ဇီအဖြစ် အလဇ္ဇီ အဖြစ်သည် အမြဲမရှိ၊ စိတ္တက္ခဏမျှသာ လဇ္ဇီ အလဇ္ဇီ ဖြစ်တတ်သည်ကို သိရာ မှတ်ရာ၏။

ဤ ပရိဝါ ပါဠိတော်၌ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏ သိက္ခာပုဒ် အရာဖြစ်သောကြောင့် ရဟန်းတို့၏ လဇ္ဇီ အလဇ္ဇီ လက္ခဏာကို ဆိုအပ်၏။ သာမဏေ စသည်တို့အားလည်း လဇ္ဇီ အလဇ္ဇီရှိသည်သာ ဖြစ်၏။ သာမဏေ စသည်တို့အားလည်း ဆက်ဆံသော လက္ခဏာအားဖြင့်ကား သိလျက် အနာ ဒရစိတ်ဖြင့် မိမိတို့၏ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း မကျူးလွန်ခြင်း စသည်ကို ထိုသာမဏေ စသည်တို့၏ လဇ္ဇီ အလဇ္ဇီ လက္ခဏာဒ္ဓပင်တည်းဟု မှတ်ကုန်ရာ သတည်း။

> သဉ္စိစ္စ အာပတ္တိန္တိ အာဒိ အလဇ္ဇီ လဇ္ဇီလက္ခဏံ ဘိက္ခူ ဘိက္ခု
> နီနံ ဝသေန ဝုတ္တံ။ တေသဉ္စ သမ္ဗာကာရတော သိက္ခာပဒါဓိကာရ
> ရတ္တာ သာမဏေရာဒီနမ္ပိ သာဓာရဏဝသေန ပန သဉ္စိစ္စ ယထာ
> သကသိက္ခာပဒဝီတိက္ကမနာဒိကံ အလဇ္ဇီ လဇ္ဇီလက္ခဏံ ဝေဒိတဗ္ဗံ။
>
> ဝိမတိဝိနောဒနီဋီကာပါဠိ။

အနက်ကား—သဉ္စိစ္စ အာပတ္တိန္တိ အာဒိ၊ သဉ္စိစ္စ အာပတ္တိံ အစရှိသော။ အလဇ္ဇီ လဇ္ဇီ လက္ခဏံ၊ အလဇ္ဇီ လက္ခဏာ လဇ္ဇီလက္ခဏာကို။ ဘိက္ခူ ဘိက္ခုနီနံ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏။ ဝသေန၊ ဖြင့်။ ဝုတ္တံ၊ အရှင်ဥပါလိ မိန့်အပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တေသဉ္စ၊ ထို ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သာလျှင်။ သိက္ခာပဒါဓိကာရတ္တာ၊ သိက္ခာ ပုဒ်၏ အရာ၏ အဖြစ်ကြောင့်တည်း၊ ဤအလိုကား အဓိကာရနည်း ဆိုလိုသည်။ ဝါ၊ သိက္ခာပုဒ်တို့၏ အကြီးအကဲ ပဓာနအစစ် ပြဋ္ဌာန်းသည်၏ အဖြစ် ကြောင့်တည်း။ ဤအလိုကား ပဓာနနည်း ဆိုလိုသည်။ ပန၊ အဘို့တပါး ကို ဆိုဦးအံ့။ ဝါ၊ ရဟန်းတို့ အရာမှတပါး သာမဏေ စသည်တို့၏အရာကို ဆိုဦးအံ့။ ဝါ၊ ပြဋ္ဌာန်းသည်မှတပါး မပြဋ္ဌာန်းသည်ကို ဆိုဦးအံ့။ ၈ါ၊ မဆက်

ဆံသည်မှာပါး ဆက်ဆံသည်ကို ဆိုဦးအံ့၊ သာမဏေရာဒီနမ္ပိ၊ သာမဏေ အစရှိသည်တို့အားလည်း။ သာဓာရဏာဝသေန၊ ဆက်ဆံသည်၏ အစွမ်းအား ဖြင့်၊ ဝ၊ ဆက်ဆံသော အစွမ်းကြောင့်၊ ဝ၊ ဆက်ဆံခြင်းအကျိုးငှါ။ သဒ္ဒိစ္စ၊ သိလျက်၊ ယကာသကသိက္ခာပဒဝိတိက္ကမနာဒိကံ၊ မိမိတို့ဥစ္စာ သိက္ခာ ပုဒ်အတိုင်း လွန်ကျူးခြင်း အစရှိသော၊ အလဇ္ဇီ လဇ္ဇီလက္ခဏာ၊ အလဇ္ဇီလဇ္ဇီ လက္ခဏာကို၊ ဝေဒိတဗ္ဗံ၊ ၏။

ရှင်းဝိမတိဋ္ဌိကာ ပဌမပါရာဇိက ပဒဘာဇနီအဖွင့်၊ ကင်္ခါဝိတရ သိက္ခာ ပုဒ်အဖွင့်တို့၌လည်း ဤပရိဝါပါဠိတော်လာ အလဇ္ဇီလဇ္ဇီလက္ခဏာ ၃-ပါး ဟူသည်ကို ဥက္ကဋ္ဌဖြစ်သော ရဟန်းတို့၏ အစွမ်းအားဖြင့်သာ ဆိုအပ်၏။အဘယ့် ကြောင့်နည်း။ သာမဏေ စသည်တို့အားလည်း အလဇ္ဇီဝေါဟာရ ထင်ခြင်း ကြောင့် ဟူသတည်း။ အလုံးစုံ ရဟန်း ရှင် လူတို့နှင့် ဆက်ဆံသော အလဇ္ဇီ လက္ခဏာကား ဘုရားသခင် စီရင် ပညတ်တော်မူသော ပဋိပတ်အကျင့်၌ မဘည်ခြ ၊တပါးသာတည်းဟူ၍ မိန့်ဆိုကုန်၏။

> သဉ္စိစ္စ အာပတ္တိအာပဇ္ဇနာဒိ လက္ခဏံ ပန၊ ဥက္ကဋ္ဌာနံ ဘိက္ခူနံ ဝသေန ဝုတ္တံ၊ သာမဏေရာဒီနမ္ပိ အလဇ္ဇီဝေါဟာရဒဿနတော အလဇ္ဇီ သာမဏေရေဟိ ဟတ္ထကမ္မံ ပန န ကာရေတဗ္ဗန္တိ ဟိ ဝုတ္တံ။ယထာ ဝိဟိတာင်္ဂပ္ပတ္တိယံ အပတိဋ္ဌနံ ဟိ သဗ္ဗသာဓာရဏံ အလဇ္ဇီသက္ခဏံ ဒုဿီလာ လိင်္ဂဂဟဏတော ပဋ္ဌာယ ယထာဝိဟိတပဋိပတ္တိယာ အဘာဝတော ဘေန္တ အလဇ္ဇီနော ပ မဟာသံဃိကာ ဒိနိကာယန္တရိကာ ဝိယ လိင်္ဂတ္တေနကာဒယော ဝိယ စ။
>
> ဝိမတိဋ္ဌိကာ ပဌမပါရာဇိက ပဒဘာဇနီအဖွင့်။

သဉ္စိစ္စ အာပတ္တိအာပဇ္ဇနာဒိလက္ခဏံ ပန၊ သိလျက် အာပတ်ကို သင့်ခြင်း အစရှိသော လက္ခဏာကိုကား။ ဥက္က ္ဌာနံ၊ မြတ်ကုန်သော ဘိက္ခူနံ၊ တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝုတ္တံ၊ အရှင်ဥပါလိထေရ် မိန့်အပ်၏၊ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ သာမဏေရာဒီနမ္ပိ၊ သာမဏေ စသည်တို့အားလည်း။ အလဇ္ဇီဝေါဟာရဒဿနတော၊ အလဇ္ဇီဟု ခေါ်ပေါ်ခြင်း ဝေါဟာရကို မြင်သောကြောင့်တည်း။ ဟိ သစ္စံ၊မှန်၏။ အလဇ္ဇီ သာမဏေရေဟိ ဟတ္ထကမ္မံ ပန န ကာရေတဗ္ဗန္တိ၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာ ဆရာ ဆိုအပ်၏။ အလဇ္ဇီ သာမဏေရေဟိ၊ အလဇ္ဇီသာမဏေတို့ကို။ ဟတ္ထကမ္မံ ပန၊ လက်အမှုကိုကား။ န ကာရေတဗ္ဗံ၊ မပြုစေအပ်။ အဋ္ဌကထာပါဠ်အနက်။ (ဤ၌ ဟိ သဒ္ဒါကား ဟိတ်နောက်နေသော်လည်း ဝိတ္ထာရ ဇောတက မဟုတ်၊ ယုတ္တိ ဒဠှီဇောတက

မျှသာတည်း။ ထိုကြောင့် ''ဟေတုနောက်မှ၊ ဟိနှင့်ပြ၊ ချဲ့မှသညီ၊ ဝိတ္ထာပြီ'' ဟူသော နိယံကို ယေဘုယျ ဥပလက္ခဏာနည်းဟု မှတ်ရာ၏။) ဟိ၊ ဥက္ကဋ္ဌ အသင်္ခာရဏနည်းမှတပါး သဗ္ဗသင်္ခာရဏနည်းကို ပြဆိုဦးအံ့၊ ယထာ ဝိဟိတ ပဋိပတ္တိယံ၊ ဘုရားသခင် စီရင်ပညတ်တော်မူတိုင်း အကျင့်ပဋိပတ်၌။ အဝေတိဋ္ဌနံ၊ မဘည်ခြင်းသည်။ ဝါ၊ မကျင့်ခြင်းသည်၊ သဗ္ဗသင်္ခာရဏံ၊ အလုံးစုံ ရဟန်း ရှင် လူတို့နှင့် ဆက်ဆံသော။ အလဇ္ဇီ လက္ခဏံ၊ အလဇ္ဇီလက္ခဏာတည်း။ ဒုဿီလာ၊ သက်သက် သီလမရှိကုန်သော နိဿီလ ဒုဿီလ ပုဂ္ဂိုလ်တို့သည်။ လိင်္ဂဂဟဏ တော၊ ရဟန်းအသွင်ကို မိမိအလိုလို ယူသည်မှ။ ပဋ္ဌာယ၊ စ၍။ ယထာဝိဟိတ ပဋိပတ္တိယာ၊ ဘုရားသခင် စီရင် ပညတ်တော်မူတိုင်းသော အကျင့် ပဋိပတ် ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ကေန္တအလဇ္ဇိနော ဝ၊ စင်စစ် ဧကန် မဖောက်ပြန်နိုင်သော အလဇ္ဇီတို့သာတည်း။ ကေဝိယ၊ အဘယ် သူတို့ကဲ့သို့ နည်းဟူမူကား။ မဟာ သံဃိကာဒိ နိကာယန္တရိကာဝိယ၊ မဟာသင်္ဃိကဂိုဏ်း အစရှိကုန်သော အမွေပါဒီ နိကာယ်တပါး ဂိုဏ်းသား ရဟန်းယောင်တို့ကဲ့သို့ ငှင်း။ လိင်္ဂတ္ထေနကာဒယော ဝိယ စ၊ လိင်ခိုးစသော အဘဗ္ဗပုဂ္ဂိုလ်တို့ကဲ့သို့ငှင်း။ ကေန္တအလဇ္ဇိနော၊ ကေန်စင်စစ် အလဇ္ဇီဆိုး ရဟန်းမျိုးတို့သည်။ ဟောန္တိ၊ ကုန်၏။

ဝိမတိဋီကာ ကုင်္ခာဝိတရဏီ ပုဒ်အဖွင့်၌ကား —

တွေ စ အလဇ္ဇီဟိ သာမဏေရေဟိတိ ဝုတ္တတ္တာ သဉ္စိစ္စ အာပတ္တိ အာပဇ္ဇတီတိအာဒိ အလဇ္ဇီလက္ခဏံ ဥက္ကဋ္ဌဝသေန ဥပသမ္ပန္နေ ငေ့စ ဥပလက္ခဏတော ဝုတ္တန္တိ။ တံ လက္ခဏဝိရဟိတာနံ သာမဏေရာဒီနံ လိင်္ဂတ္ထေနကာ ဂေါတြဘူပရိယောသာနာနံ ဘိက္ခုပဋိညာနံ ဒုဿီလာ နမ္ပိ သင်္ခာရဏဝသေန အလဇ္ဇီလက္ခဏံ ယထာဝိဟိတပဋိပတ္တိယံ အပတိဋ္ဌမေဝါတိ ဂဟေတဗ္ဗံ -

ဟူ၍လာ၏။

အနက်ကား — စ၊ ဆက်၍ဆိုဦးအံ့။ တွေ၊ ဤအရာ၌။ အလဇ္ဇီဟိ သာမဏေ ရေဟိတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ အဋ္ဌကထာဆရာ မိန့်ဆိုအပ်သည်၏ အဖြစ်ကြောင့်။ သဉ္စိစ္စ အာပတ္တိ အာပဇ္ဇတီတိအာဒိ၊ သဉ္စိစ္စ အာပတ္တိ အာပဇ္ဇတိ စသည်ရှိသော။ အလဇ္ဇီလက္ခဏံ၊ အလဇ္ဇီလက္ခဏာကို။ ဥက္ကဋ္ဌဝသေန၊ ဥက္ကဋ္ဌနည်း၏ အစွမ်း အားဖြင့်။ ဥပသမ္ပန္နေ၊ ပဉ္စင်းဖြစ်သောပုဂ္ဂိုလ်တို့ကို။ ငေ့စ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ ဥပလက္ခဏတော၊ မှတ်ရုံအားဖြင့်။ ဝုတ္တံ၊ ဥပါလိထေရ် မိန့်ဆို အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ လက္ခဏဝိရဟိတာနံ၊ ထိုအာပတ်သင့်ခြင်း

စသော လက္ခဏာတို့မှ ကင်းကုန်သော။ သာမဏေရာဒီနံ၊ သာမဏေ အစရှိကုန်သော။ လိင်္ဂတ္ထေနက ဂေါတြဘူ ပရိယောသာနာနံ၊ လိင်္ဂနိုး အဘဗ္ဗ ရဟန်းနှယ်မျှ သမဏာပဋိရူပက ရဟန်းယောင်ပုဂ္ဂိုလ်တို့ အဆုံးရှိကုန်သော။ ဘိက္ခုပဋိညာနံ၊ ငါလည်းရဟန်းဟု ဝန်ခံခြင်းသာ ရှိကုန်သော။ ဒုဿီလာနမ္ပိ၊ သက်သက် သီလမရှိကုန်သော နိဿီလ ဒုဿီလ ပုဂ္ဂိုလ်တို့အား။ ဝါ၊ တို့နှင့်။ သာဓာရဏဝသေန၊ ဆက်ဆံသည်၏ အစွမ်းအားဖြင့်။ ဝါ၊ ဆက်ဆံခြင်း အကျိုးငှာ။ အလဇ္ဇီလက္ခဏံ၊ ကို။ ယထာဝိဟိတပဋိပတ္တိယံ၊ ဘုရားသခင် စီရင်ပညတ်တော်မူတိုင်းသော အကျင့် ပဋိပတ်၌။ အပတိဋ္ဌမာနေါတိ၊ မတည်ခြင်း မကျင့်ခြင်းသာလျှင်တည်း။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဝါ၊ ဆိုအပ်၏။ ဝါ၊ သိအပ်၏။

ရင်း ဝိမတိဝိနောဒနီ ဝိနယဋီကာ ပုဒ်အဖွင့်၌လည်း—

> သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတီတိအာဒိ ဘိက္ခုဘိက္ခုနီနညေဝ ဝုတ္တံ အလဇ္ဇီလက္ခဏံ၊ သာမဏေရာဒီနံ ပန ဂဟဋ္ဌာနဉ္စ သာဓာရဏဝသေန ယထာသကံ သိက္ခာပဒဝီတိက္ကမနပရိဂူဟနာဒိတော ဝေဒိတဗ္ဗံ၊ လဇ္ဇီလက္ခဏေပိ ဧသေဝနယော—

ဟူ၍မိန့်၏။

အနက်ကား—သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတီတိ အာဒိ၊ ကို။ ဘိက္ခု ဘိက္ခုနီနညေဝ၊ တို့၏သာလျှင်။ အလဇ္ဇီလက္ခဏံ၊ ကို။ ဝုတ္တံ၊ ၏။ သာမဏေရာဒီနံ ပန၊ စသည်တို့အားရင်း။ ဂဟဋ္ဌာနဉ္စ၊ တို့အားရင်း။ သာဓာရဏဝသေန၊ ဖြင့်။ ယထာသကံ၊ မိမိတို့၏ ဥစ္စာအတိုင်း။ သိက္ခာပဒဝီတိက္ကမန ပရိဂူဟနာဒိတော၊ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း ဖုံးလွှမ်းခြင်း အစရှိသောအားဖြင့်။ ဝေဒိတဗ္ဗံ၊ ၏။ လဇ္ဇီလက္ခဏေပိ၊ ၌လည်း။ ဧသေဝနယော၊ ရှိ၏။

တနည်းကား—ကေဝလ ဒုဿီလအလဇ္ဇီ၊ အနေကန္တ ဒုဿီလ အလဇ္ဇီဟူ၍ နှစ်မျိုးမှတ်ရာ၏။ ထိုနှစ်မျိုးတို့တွင် ဝိမတိဋီကာ မိန့်အပ်သော သက်သက် သီလ သိက္ခာမရှိပဲ ရဟန်းအသွင်ကို ယူကုန်သော မဟာသံဃိက လိင်္ဂတ္ထေနက အစ ဂေါတြဘူ အဆုံးရှိသော ဒုဿီလတို့သည် ကေဝလ ဒုဿီလ အလဇ္ဇီ မည်ကုန်၏။ ထိုအဖြစ်ကို ဒုဿီလလိင်္ဂဂဟဏတော ပဋ္ဌာယ။ လ။ ကေဝလ အလဇ္ဇီနေဝ ဟူသော ဝိမတိဋီကာပါဌ်ဖြင့် သိအပ်၏။ သိက္ခာယူပြီးမှ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ် တပါးနှစ်ပါး စသည် ပျက်ကုန်သော ရဟန်းစစ် ဒုဿီလ အလဇ္ဇီတို့သည် အနေကန္တ ဒုဿီလ အလဇ္ဇီမည်ကုန်၏။ ထိုအဖြစ်ကို

အလဇ္ဇီတဉ္စ ပုထုဇ္ဇနာနံ။ လ။ လဇ္ဇီနော စ ဟောန္တိ ဟူသော ရှင်းဝိမတိဝိနောဒနီ အဋ္ဌကထာဖြင့် သိအပ်၏။

ဓမ္မပဒအဋ္ဌကထာ၌ကား ဇာတိအားဖြင့် ဖွားသည်ကစ၍ အကုသလကမ္မပထ ဆယ်ပါးတို့ကို ကြဉ်ရှောင်ဘူးသည်မရှိ၊ ပြုသောလူသည် အစ္စန္တဒုဿီလ မည်၏။ ရဟန်းပြုသောနေ့ကစ၍ သံဃာဒိသိသ် ပါရာဇိက အာပတ်သင့်နေသော ရဟန်းသည် အစ္စန္တဒုဿီလမည်၏ဟူ၍ လာ၏။

ဂိဟိ ဝါ ဇာတိတော ပဋ္ဌာယ ဒသ အကုသလကမ္မပထေ ကရောန္တော ပဗ္ဗဇိတော ဝါ ဥပသမ္ပန္နဒိဝသတော ပဋ္ဌာယ ဂရုကာ ပတ္တိံ အာပဇ္ဇမာနော အစ္စန္တဒုဿီလော နာမ။

ဓမ္မပဒအဋ္ဌကထာ၊ ဒေဝဒတ္တဝတ္ထုအဖွင့်။

**အနက်ကား** — ဇာတိတော၊ ဖွားသည်မှ။ ပဋ္ဌာယ၊ စ၍။ ဒသ အကုသလကမ္မပထေ၊ ဆယ်ပါးသော အကုသလကမ္မပထ တရားတို့ကို။ ကရောန္တော၊ ပြုသော။ ဂိဟိ ဝါ။ လူသည်ရင်း။ ဥပသမ္ပန္န ဒိဝသတော၊ ပဉ္စင်းခံသော နေ့မှ။ ပဋ္ဌာယ၊ ၍။ ဂရုကာပတ္တိံ၊ သံဃာဒိသိသ် ပါရာဇိကဲ့ အာပတ်သို့။ အာပဇ္ဇမာနော၊ ရောက်နေသော။ ပဗ္ဗဇိတော ဝါ၊ ရဟန်းသည် ရင်း။ အစ္စန္တဒုဿီလော နာမ၊ အစ္စန္တဒုဿီလ ပုဂ္ဂိုလ်မည်၏။ ဝါ၊ အလွန်ဆုံးသော။ ဝါ၊ အလွန်ယုတ်မာဆုံးဖြစ်သော ဒုဿီလပုဂ္ဂိုလ်မည်၏။

ဖွားသည်ကစ၍ အကုသိုလ်ကို မကြဉ်ရှောင်ဘူး ကြဉ်ရှောင်မည်ဟု စိတ်မဖြစ်ဘူးသော မုဆိုးတံငါစသော အမျိုး၌ဖြစ်သော လူများကိုယူ။ ရဟန်း၌ကား မဟာဝါပါဠိတော်၌ လာသော ရဟန်းခံ၍ သိမ်ကထွက်ခဲ့ကြရာ အဖော်မပါ တယောက်တည်းလာသဖြင့် လမ်းအကြားတွင် မယားဟောင်းနှင့် တွေ့၍ မေထုန်မှီဝဲသော ရဟန်းကဲ့သို့ ရဟန်းကိုယူ။

တနည်းကား—အလဇ္ဇီ၊ မဟာအလဇ္ဇီ ဟူ၍ ၂-မျိုးမှတ်ရာ၏။ ထို ၂-မျိုးတွင် မြတ်စွာဘုရား အဆုံးအမတော် သုတ် အဘိဓမ္မာတရား မဟုတ်သည်ကို မြတ်စွာဘုရား အဆုံးအမတော် သုတ် အဘိဓမ္မာတရား၊ ဝိနည်းတော် မဟုတ်သည်ကို ဝိနည်းတော်ဟူ၍ ပြုတတ်သော သာသနာတော်၏ ရန်သူ သာသနပစ္စတ္ထိကဖြစ်သော အလဇ္ဇီသည် မဟာအလဇ္ဇီမည်၏။ ထိုမှပြန်သော ဗျတိရိက်နည်းအားဖြင့် ဝိနည်းဓိုရ်ဖြစ်သော မိမိအကျိုးစီးပွား၏ ရန်သူဖြစ်သော အတ္တပစ္စတ္ထိကအလဇ္ဇီသည် အလဇ္ဇီသာမည်၏။ စူဠအလဇ္ဇီဟူ၍လည်း မှတ်သင့်၏။

ထိုအဖြစ်ကို ယော ပန မဟာအလဇ္ဇီ ဥဒ္ဒမ္မံ ဥဗ္ဗိနယံ သတ္ထုသာသနံ ကရောတိ ဟူသော ဝိမတိဝိနောဒနီ မိန့်သည်ကို ထောက်၍ သိအပ်သတည်း။

အနက်ကား—ယော ပန မဟာအလဇ္ဇီ၊ အကြင် မဟာအလဇ္ဇီ ရဟန်းသည်ကား။ ဝါ၊ အကြင် အလဇ္ဇီကြီးသည်ကား။ ဥဒ္ဒမ္မံ၊ သုတ် အဘိဓမ္မာ တရားမဟုတ်ပဲ။ ဥဗ္ဗိနယံ၊ ဝိနည်းတော်မဟုတ်ပဲ။ သတ္ထုသာသနံ၊ မြတ်စွာဘုရား၏ အဆုံးအမ သုတ် အဘိဓမ္မာ ဝိနည်းကို၊ ကရောတိ၊ ပြု၏။ ထိုကြောင့် အလဇ္ဇီ၊ မဟာအလဇ္ဇီ ဟု ၂-မျိုးမှတ်သင့်သတည်း။

တနည်းကား—အတ္တပစ္စတ္ထိက ဒုဿီလအလဇ္ဇီ၊ သာသနပစ္စတ္ထိက ဒုဿီလ အလဇ္ဇီဟူ၍လည်း ၂-မျိုးမှတ်သင့်သေး၏။ ထို ၂-မျိုးတို့တွင် မိမိဟုဆိုအပ်သော ဝိနည်းဓိုရ်ပုဂ္ဂိုလ် သိက္ခာကာမ ပေသလပုဂ္ဂိုလ် သူတော်ကောင်း၏ ဆန့်ကျင်ဘက် ရန်သူသည် အတ္တပစ္စတ္ထိက ဒုဿီလ အလဇ္ဇီမည်၏။ မိစ္ဆာအယူရှိသော မြတ်စွာဘုရား သာသနာတော်၏ ရန်သူသည် သာသနပစ္စတ္ထိက ဒုဿီလ အလဇ္ဇီမည်၏ဟု သိလေကုန်။

ဒွိမေ ပစ္စတ္ထိကာ နာမ အတ္တပစ္စတ္ထိကာ သာသနပစ္စတ္ထိကာ။ တတ္ထ မေတ္တိယဘူမဇကာ ဘိက္ခူ ဝဇ္ဇော စ လိစ္ဆဝိ အမူလကေန အန္တိမဝတ္ထုနာ စောဒေသုံ ဣမေ အတ္တပစ္စတ္ထိကာနာမ။ ယေ စ ဒေညပိ ဒုဿီလာ ပါပ ဓမ္မာ သဗ္ဗေတေ အတ္တပစ္စတ္ထိကာ။ ဝိပရီတဒဿနာ ပန အရိဋ္ဌဘိက္ခု ကဏ္ဍကသာမဏေရ ဝေသာလိ ဝဇ္ဇီပုတ္တကာ။ ပရူပဟာရ အညာဏ ကင်္ခါဝိတရဏာဒိဝါဒါ။ မဟာသံဃိကာဒယော စ အဗုဒ္ဓသာသနံ ဗုဒ္ဓ သာသနန္တိ ဝတွာ ကတပဂ္ဂဟာ သာသနပစ္စတ္ထိကာ နာမ။

ဘိက္ခုဝိဘင်းအဋ္ဌကထာ၊ ဝိလေခနသိက္ခာပုဒ်အဖွင့်။

အနက်ကား—ဒွိမေ၊ ၂-ပါးအပြားအားဖြင့်။ ဝါ ၂-ပါးအပြားရှိကုန်သော။ ပစ္စတ္ထိကာ နာမ၊ ရန်သူတို့မည်သည်ကား။ အတ္တပစ္စတ္ထိကာ၊ မိမိ၏ ရန်သူတို့သည်၎င်း။ သာသနပစ္စတ္ထိကာ၊ သာသနာတော်၏ ရန်သူတို့သည်၎င်း။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထို ၂-ပါးတို့တွင်။ မေတ္တိယ ဘူမဇကာ၊ မေတ္တိယ အမည် ဘူမဇကအမည်ရှိကုန်သော။ ဘိက္ခူ စ၊ အလဇ္ဇီ ရဟန်းတို့သည်၎င်း။ ဝဇ္ဇော၊ ဝဇ္ဇအမည်ရှိသော။ လိစ္ဆဝိ စ၊ လိစ္ဆဝီမင်းသားသည်၎င်း။ အမူလကေန၊ မြင်ခြင်း ကြားခြင်း ရှိရှာခြင်း အရင်းမရှိသော။ အန္တိမဝတ္ထုနာ၊ ပါရာဇိကဝတ္ထုဖြင့်။ စောဒေသုံ၊ စောဒနာတတ်ကုန်၏။ ဣမေ၊ ဤသူတို့သည်။ အတ္တပစ္စတ္ထိကာ နာမ၊ ဝိနည်းဓိုရ်ဖြစ်သော မိမိ၏ ရန်သူမည်ကုန်၏။ အဇ္ဇေပိ စ၊ တပါးလည်းဖြစ်ကုန်သော။ ပါပဓမ္မာ၊ ယုတ်မာသော အကျင့်သဘော ရှိကုန်

သော။ ယေ ဒုဿီလာ၊ အကြင်ဒုဿီလ ရဟန်းဆိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ဒုဿီလာ၊ ထို ဒုဿီလရဟန်းဆိုးတို့သည်။ အတ္တပစ္စတ္ထိကာ နာမ။ ဝိနည်းမိုရ်ဖြစ်သော မိမိ၏ ရန်သူမည်ကုန်၏၊ ပန၊ အတ္တပစ္စတ္ထိကာမှ တပါး သာသနပစ္စတ္ထိကကား။ ဝိပရိဘာဒသာနာ၊ ဖောက်ပြန်သော မိစ္ဆာ အမြင် ရှိကုန်သော။ အရိဋ္ဌဘိက္ခု ကဏ္ဍကသာမဏေရ ဝေသာလိ ဝဇ္ဇိပုတ္တကာ စ၊ အရိဋ္ဌရဟန်းဆိုး၊ ကဏ္ဍက သာမဏေဆိုး၊ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား အဓမ္မဝတ္ထု ဆယ်ပါးကို ပြုကတ်သော ရဟန်းဆိုးတို့သည်၎င်း။ ပရူပဟာရ အညာဏ ကင်္ခါ ပရဝိတရဏာဒိ ဝါဒါ၊ ပရူပဟာရဝါဒ အညာဏဝါဒ ကင်္ခါဝါဒ ပရဝိတရဏဝါဒ အစရှိကုန်သော။ မဟာသံဃိကာဒယော စ၊ မဟာသံဃိကဂိုဏ်း အစရှိကုန်သော အဓမ္မဝါဒီဂိုဏ်းသားတို့သည်၎င်း။ အဗုဒ္ဓ သာသနံ၊ မြတ်စွာဘုရား အဆုံးအမ သုတ် အဘိဓမ္မာ ဝိနည်းမဟုတ်သည်ကို။ ဗုဒ္ဓသာသနန္တိ၊ မြတ်စွာဘုရား အဆုံးအမ သုတ် အဘိဓမ္မာ ဝိနည်းဟူ၍။ ဝတွာ၊ ပြောဆိုကုန်၍။ ကတပဂ္ဂဟာ၊ ပြုအပ်သော မိစ္ဆာအယူကို ချီးမြှောက် စွဲယူ ခြင်း ရှိကုန်သော သူတို့သည်။ သာသနပစ္စတ္ထိကာ နာမ၊ သာသနာတော်၏ ရန်သူမည်ကုန်၏။ ဝါ၊ သာသနာတော်၏ သူပုန်မည်ကုန်၏။

ဤ၌ အတ္တပစ္စတ္ထိကာဟူသည် သိက္ခာကာမ ပေသလ လဇ္ဇီ ဝိနည်းမိုရ် ပုဂ္ဂိုလ်ဟု ဆိုအပ်သော မိမိ၏ ရန်သူတည်း။ အတ္တနော ပစ္စတ္ထိကာ အတ္တ ပစ္စတ္ထိကာ။ သာရတ္ထဒီပနီ ဋီကာ၊ ၎င်းအလိုဖြင့် အတ္တ၌ ဒန္တဇသဒ္ဒါ တ-ဒွေး ဘော်တည်း၊ ပစ္စတ္ထိကာ၌ကား အသဒ္ဒါ ဒွေးဘော်တည်း။ ပဋိပက္ခံ အတ္ထယန္တီတိ ပစ္စတ္ထိကာဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့် အညီတည်း။

ဤ၌ မေတ္တိယရဟန်း ဘူမဇကရဟန်းတို့သည်ကား ဘုရားသခင် ရှေ့လက် ထက်တော်၌ ရဟန္တာ အရှင်ဒဗ္ဗကို ဒိဋ္ဌ သုတ ပရိသင်္ကိတ မူလမရှိပဲ နှစ်ကြိမ် တိုင်အောင် ပါရာဇိကအာပတ်ဖြင့် စွပ်စွဲကတ်ကုန်သော ဆဗ္ဗဂ္ဂီရဟန်း၆-သင်း တို့တွင် အကျုံးဝင်သော အလဇ္ဇီ ဒုဿီလ ပါပရဟန်းတို့တည်း။

ဝစုလိစ္ဆဝီဟူသည်ကား ထိုမေတ္တိယ ဘူမဇကရဟန်းတို့သည် တိုက်တွန်းအပ် သည်ဖြစ်၍ မိမိမယားနှင့် အရှင်ဒဗ္ဗကို စွပ်စွဲသောကြောင့် ပတ္တနိကုဇ္ဇနသပိတ် မှောက်ကံ အပြုခံရသော လိစ္ဆဝီမင်းသားတည်း။ ထိုလိစ္ဆဝီမင်းသားကား မြန်မာဘာသာအားဖြင့် မင်းသားဖောင်ပွား ဆိုလိုသည်။

အရိဋ္ဌရဟန်းဟူသည်ကား ဘုရားသခင်လက်ထက် ရှေးမျက်မှောက်တော် အခါ၌ မေထုနသေဝန အန္တရာယိကဓမ္မကို အနန္တရာယိကဓမ္မဟု ဖောက်ပြန် ယူမှား၍ ဘုရားသခင်သော်မှ ဆုံးမ၍မရသောကြောင့် ဥက္ခေပနီယကံပြုသဖြင့်

သဃ်္ဘဘောင်မှ နှင်ထုတ် ပယ်စွန့်ရသော လင်းတသဏ်မျိုး ရဟန်းဆိုး မိစ္ဆာဒိဋ္ဌိ ဒုဿီလ အလဇ္ဇီတည်း။ ၎င်းအရိဋ္ဌဟူသည်လည်း ငြိုးရန်လို ဆိုလိုသည်။

ကဏ္ဍက သာမဏေဟူသည်လည်း ဤအရိဋ္ဌရဟန်းဆိုး၏ အယူကဲ့သို့ မိစ္ဆာအယူကို ယူ၍ သံဃာဆိုဆုံးမ၍ မရသောကြောင့် ဒဏ္ဍကမ္မ နာသနပြုသဖြင့် ရဟန်းသံဃာများအထံမှ နှင်ထုတ် စွန့်ပယ် ဒဏ်ပေးရသော မိစ္ဆာဒိဋ္ဌိ အလဇ္ဇီ ရှင်ဆိုးကြီးတည်း။ ၎င်းကဏ္ဍကသည်လည်း ရှင် ဆူး ရှင် စူးဟုလိုသည်။ ဝဇ္ဇီပုတ္တက ရဟန်းတို့ဟူသည်ကား ဒုတိယသင်္ဂါယနာ၏ အကြောင်း ဥပ္ပတ္တိနယ ဒသဝတ္ထုတို့ကို ပြတင်သော အဓမ္မဝါဒီ အလဇ္ဇီ ဒုဿီလ ပါပ ရဟန်းဆိုးတို့တည်း။ ဒသဝတ္ထုဒီပက၊ ဝဇ္ဇီပုတ္တကာ။ (ဝဇီရဗုဒ္ဓိဋီကာ။) ဝဇ္ဇီပုတ္တကာ ဒသဝတ္ထုဒီပကာ။ (ဝိမတိဋီကာ။)

မဟာသံဃိက ဟူသည်ကား ဒုတိယသင်္ဂါယနာတင် အရှင်မဟာယသ ရဟန္တာမြတ်တို့ နှင်ထုတ်အပ်ကုန်သော တစ်သောင်းသော ဝဇ္ဇီပုတ္တက ပါပ ရဟန်းတို့သည်ပင်လျှင် အပင်းအသင်းကို ရှာကုန်၍ မိမိတို့နှင့် သဘောတူ အသင်းကို ရကြ၍ အသီးအခြား တည်ထောင်၍နေကြသော အာစရိယ ကုလဲမည်သော မဟာသံဃိက ဂိုဏ်းသား အဓမ္မဝါဒီ အလဇ္ဇီ ဒုဿီလ ပါပ ရဟန်းမျိုးတို့တည်း။ ထိုမဟာသံဃိက ဂိုဏ်းကစ၍ အနှစ် နှစ်ရာ အတွင်း၌ တဆယ့်ရှစ်ဆိုင်း မိစ္ဆာဂိုဏ်းတို့သည် ပွားလှိုင်းကွဲပြားရှိကြောင်း။ ၎င်းနောက်လည်း ဟေမဝတိကဂိုဏ်း၊ ရာဇဂိရိကဂိုဏ်း၊ သိဒ္ဓတ္ထိကဂိုဏ်း၊ ပုဗ္ဗသေလိယဂိုဏ်း၊ အပရသေလိယဂိုဏ်း၊ ဝါဇိရိယဂိုဏ်းဟူ၍ အာစရိဝါဒ ခြောက်ဂိုဏ်းတဖန် ဖြစ်ပွားပြန်ကြောင်းများကို ကထာဝတ္ထုအဋ္ဌကထာ၊ ပါရာဇိကဏ်အဋ္ဌကထာ၊ ဒီပဝင်၊ မဟာဝင်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာတို့၌ အကျယ်ဆိုကုန်၏။

ထိုမဟာသံဃိက အဓမ္မဝါဒီ ဂိုဏ်းသားတို့၏ အယူတို့သည်ကား ပရူပဟာရဝါဒ စသည်တို့တည်း။

ပရူပဟာရဝါဒတို့ဟူသည်ကား ရဟန္တာမဖြစ်ပဲ ရဟန္တာဖြစ်၏ဟု ဝန်ခံကုန်သဖြင့် သုက်လွှတ်သည်ကို မြင်ကုန်၍ ဥပါသကာတို့က ရဟန္တာအား သုက်ရှိသလောဟု မေးဆိုကုန်သော် မာရ်နတ်မျိုးတို့ ရဟန္တာအား သုက်ကို ဆောင်တတ်ကုန်၏ဟု လူအများတို့ကို လှည့်ဖြားပြောဆို တတ်ကုန်သော ကုဟက ပါပိစ္ဆာ ယုတ်မာကျင့်ဆိုး ရဟန်းမျိုးတို့သည်၎င်း၊ ကုဟက ပါပိစ္ဆာ မဟုတ်၊ သမ္မာပဋိပန္န ရဟန်းပင်ဖြစ်သော်လည်း ရနိုးခြင်း အဓိမာနဖြင့် ရဟန္တာမဖြစ်ပဲ ရဟန္တာဖြစ်ပြီထင်၍နေရာ သုက်လွှတ်ခြင်းကို မြင်၍လည်း ငါရဟန္တာ မဟုတ်သေးဟု နှလုံးမသွင်းမမှတ်။ မာရ်နတ်မျိုးတို့သည် ရဟန္တာ

ပုဂ္ဂိုလ်သား သုတ်ကို ဆောင်တတ်ကုန်၏ ဟူ၍သာ မိစ္ဆာမှတ်ယူကုန်သော ရဟန်းတို့သည်ပင် ပရူပဟာရဝါဒတို့ မည်ကုန်၏။

အညာဏဝါဒတို့ ဟူသည်ကား အလုံးစုံသော မိန်းမယောကျ်ား စသည်တို့၏ အမည် အနွယ်ဖြစ်သော နာမ ဂေါတ္တ စသည်တို့ကို ရဟန္တာ၏ မသိခြင်းကြောင့် ရဟန္တာအားလည်း မောဟ ရှိ၏ဟု မိစ္ဆာအယူ စွဲမှတ်ယူတတ်ကုန်သော ရဟန်းတို့သည် အညာဏဝါဒတို့ မည်ကုန်၏။

ကင်္ခါဝါဒတို့ ဟူသည်ကား ထို မိန်းမယောကျ်ား စသည်တို့၏ နာမ ဂေါတ္တစသည်တို့၌ပင်လျှင် ရဟန္တာအား ဆုံးဖြတ် ပိုင်းခြားနိုင်ခြင်း မရှိသောကြောင့် ရဟန္တာအားလည်း ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်္ခါသဘော ရှိ၏ဟု မိစ္ဆာအယူ စွဲမှတ်ယူတတ်ကုန်သော ရဟန်းတို့သည် ကင်္ခါဝါဒတို့မည်ကုန်၏။

ပရဝိတရဏဝါဒတို့ ဟူသည်ကား ရဟန္တာအားလည်း သူတပါး ထံမကြားဘူးရသော်သာ ထိုနာမ ဂေါတ္တ စသည်တို့ကို သိတတ်သောကြောင့် သစ္စာတရားတို့၌လည်း ရဟန္တာအား သူတပါးတို့ ပြောကြားရခြင်း ရှိ၏ဟု မိစ္ဆာအယူ စွဲမှတ်ယူကုန်သော ရဟန်းတို့သည် ပရဝိတရဏဝါဒတို့မည်ကုန်၏။

ဤ ဝါဒလေးပါးတို့ကိုကား ပုဗ္ဗသေလိယ ဂိုဏ်းသား၊ အပရသေလိယ ဂိုဏ်းသားတို့ ယူကုန်ကြောင်းကို ကထာဝတ္ထုပါဠိတော် သာရတ္ထဒီပနီဋီကာတို့၌ မိန့်ဆိုကုန်သည်။ ထိုမိစ္ဆာဝါဒ လေးမျိုးတို့၏ အကျယ်ကိုလည်း ကထာဝတ္ထု ပါဠိ အဋ္ဌကထာ၊ ဝဇိရဗုဒ္ဓိဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ ဝိမတိဋီကာ ဝိနယာလင်္ကာရဋီကာ၊ ဝိလေ်ခနသိက္ခာပုဒ်အဖွင့်တို့၌ပင် ဆိုကုန်၏။

နောက်နောက် ဂိုဏ်းပွား နှစ်ဆယ့်လေးတို့နှင့်တကွ မဟာသံဃိက ဂိုဏ်းသားတို့သည် မိစ္ဆာဝါဒ လေးပါးမျှ မဟုတ်ကုန်သေး။ များစွာသော မိစ္ဆာဝါဒတို့ဖြင့် ဘုရားသာသနာတော်ကို နှောင့်ယှက် ဖျက်ဆီးကုန်လျက် ကြီးစွာသော သာသနာ့ဘေးဥပဒ်ကြောင့် ဘေးရန်ကို ပြုသော အဖြစ်တို့ကို ကထာဝတ္ထုပါဠိတော် တကျမ်းလုံးဖြင့် သိအပ်ကုန်သတည်း။ ထို့ကြောင့် ထိုမဟာသံဃိက စသော ဂိုဏ်းသား ရဟန်းတို့ကို သာသနပဋ္ဌိကာ အမေ့ဝါဒီ မဟာအလဇ္ဇီ ဒုဿီလ ပါပရဟန်းဆိုးကြီးတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုသာသနပဋ္ဌိကာ သာသနာတော်၏ ရန်သူတို့တွင်လည်း အရိဋ္ဌ ရဟန်းဆိုး၊ ဆဗ္ဗဂ္ဂိယ ရှင်ဆိုး တို့ သည် ဘုရားသခင်လက်ထက်တော်က သာသနာ့ရန်သူတို့ ဖြစ်ကုန်၏။ ဝဇ္ဇီပုတ္တက မဟာသံဃိက ဂိုဏ်းသား ရဟန်း ဆိုးတို့ သည်ကား ဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အနှစ် ၂၀၀ - ကျော်အတွင်း သာသနာ့ရန်သူတို့ ဖြစ်ကုန်၏။ ထိုစကားမှန်၏။ ဥပ္ပိနယ ဒသဝတ္ထုကို

ပြတတ်ကုန်သော ဝဇ္ဇီပုတ္တက မဟာသံဃိကဲဂိုဏ်းသား ပါပရဟန်းဆိုးတို့သည် ဝိနည်းသာသနာတော်၏ ရန်သူတို့တည်း။ ပရူပဟာရ ဝါဒအသည်တို့ကား သုတ် အဘိဓမ္မာ သာသနာတော်၏ ရန်သူတို့တည်းဟူ၍ ဝဇိရဗုဒ္ဓိဋီကာ၌ မိန့်၏။

ဗုဒ္ဓကာလေ အရိဋ္ဌကဏ္ဍကာ သာသနပစ္စတ္ထိကာ။ နာလံ အန္တရာယာယာတိ ဝစနေန ဟိ တေ ဘဂဝတော အသဗ္ဗညုတံ ဒီပေန္တိ။ ပရိနိဗ္ဗုတေ ဘဂဝတိ ဒသဝတ္ထုဒီပကာ ဝဇ္ဇိပုတ္တကာ တေ ဟိ ဝိနယသာသနပစ္စတ္ထိကာ။ ပရူပဟာရဒိဝါဒါ ပန သုတ္တန္တအဘိဓမ္မပစ္စတ္ထိကာ။

ငှင်းဝဇိရဗုဒ္ဓိဋီကာ၊ ဝိလေခနသိက္ခာပုဒ်အဖွင့်။

အနက်ကား—ဗုဒ္ဓကာလေ၊ ဘုရားသခင် ထင်ရှားလက်ထက်တော်၌။ အရိဋ္ဌကဏ္ဍကာ၊ အရိဋ္ဌ ရဟန်းဆိုး ကဏ္ဍကရှင်ဆိုးတို့သည်။ သာသနပစ္စတ္ထိကာ၊ သာသနာ့ ရန်သူတို့တည်း။ ဝါ၊ သာသနာ့သူပုန်တို့တည်း။ ဟိသစ္စံ၊ မှန်၏။ နာလံ အန္တရာယာယာတိဝစနေန၊ နာလံအန္တရာယာယ စသော စကားကို ပြောဆိုသဖြင့်။ တေ၊ ထို အရိဋ္ဌရဟန်းဆိုး ကဏ္ဍက ရှင်ဆိုးတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အသဗ္ဗညုတံ၊ သဗ္ဗညုမဟုတ်သည်၏ အဖြစ်ကို၊ ဒီပေန္တိ၊ ပြတတ်ကုန်၏။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံဝင်ချုပ်ငြိမ်းတော်မူပြီးသည်ရှိသော်။ ဒသဝတ္ထုဒီပကာ၊ ဝိနည်းမဟုတ် အသီးထုတ်သော ဥဗ္ဗိနယဝတ္ထု ဆယ်ပါးတို့ကို ပြတတ်ကုန်သော။ ဝဇ္ဇိပုတ္တကာ၊ ဝဇ္ဇီတိုင်းသား ရဟန်းဆိုးများတို့သည်။ သာသနပစ္စတ္ထိကာ၊ သာသနာ့ရန်သူတို့တည်း။ ဝါ၊ သာသနာ့ သူပုန်တို့တည်း။ ဟိ သစ္စံ၊ မှန်၏။ ဝါ- ဟိ ဝိသေသော၊ အထူးကား။ တေ၊ ထိုဝဇ္ဇီတိုင်းသား ရဟန်းဆိုးများတို့သည်။ ဝိနယ သာသနပစ္စတ္ထိကာ၊ ဝိနည်းအဆုံးအမ သာသနာ့ရန်သူ သူပုန်တို့တည်း။ ပရူပဟာရဒိဝါဒါ ပန၊ ပရူပဟာရ စသည်များစွာ မိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော ပုဗ္ဗသေလိယ အပရသေလိယ ဂိုဏ်းသားစသော အဓမ္မဝါဒီ အလဇ္ဇီ ပါပ ရဟန်းဆိုးတို့သည်ကား။ သုတ္တန္တ အဘိဓမ္မပစ္စတ္ထိကာ၊ သုတ္တန် အဘိဓမ္မာ သာသနာတို့၏ မိစ္ဆာရန်ဆိုး သူပုန်မျိုးတို့တည်း။

ထို မဟာသံဃိက ရဟန်းတို့လည်း အချို့သော အလုံးစုံမဟုတ်ကုန်ဟု ငှင်းဝဇိရဗုဒ္ဓိဋီကာ၌ပင် မိန့်ပေ၏။

ကေ ပန တေ ကေစ္စ မဟာသံဃိကာဒယော န သဗ္ဗေတိ ဒီပနတ္ထံ ပရူပဟာရ။ လ၊ ဝါဒါတိ ဝိသေသနမာဟ။

ဝဇိရဗုဒ္ဓိဋီကာ။

အနက်ကား—တေ ပန၊ ထိုပရူပဟာရစသည် ဒိဋ္ဌိအယူရှိကုန်သော ရဟန်းဆိုးတို့သည်ကား။ ကေ၊ အဘယ်တို့နည်း။ ကေစေ၊ အချို့ကုန်သော။ မဟာသံဃိကာဒယော၊ မဟာသံဃိက စသည့်မိုက်ရိုင်း မိစ္ဆာဂိုဏ်းသားတို့တည်း။ သဗ္ဗေ၊ အလုံးစုံတို့သည်။ နု၊ မဟုတ်ကုန်။ ဣတိ၊ သို့။ ဒီပနတ္ထံ၊ ပြခြင်းအကျိုးငှာ။ ပရူပဟာရ။ လ။ ဝါဒါတိ၊ ပရူပဟာရ။ လ။ ဝါဒါဟူသော။ ဝိသေသနံ၊ ဝိသေသနပုဒ်ကို။ အာဟ၊ အဋ္ဌကထာဆရာ မိန့်ဆို၏။ ဤမဟာသံဃိကကို မဟာသံဂီတိဟု ဒီ၂ဝင်၊ သီဟိုဠ်မဟာဝင်၌ ရေး၏။

ပရိဝါရဋီကာ ဝိမတိ၌လည်း—

> အတ္တာပစ္စတ္ထိကာတိ လဇ္ဇီပေသလာ ဧေဒကပါပဂရဟီပုဂ္ဂလာ အနတ္ထကာမာ ဝေရိပုဂ္ဂလာ။ သာသနပစ္စတ္ထိကာတိ အတ္တဒနာ အနာစာရာနုရူပံ ဗုဒ္ဓဝစနံ ပကာသေန္တာ တဏှာဂဟိကာ ဒိဋ္ဌိဂဟိကာ စ–

ဟူ၍ မိန့်သတည်း။ ရင်းဝိမတိအလိုဖြင့်လည်း အက္ခ၌ တ-သဒ္ဒိသဒ္ဒွေးဇောင်ပင် လိုသတည်း။

အနက်ကား—အတ္တပစ္စတ္ထိကာတိ၊ ဟူသည်ကား။ လဇ္ဇီပေသလာ၊ လဇ္ဇီသူတော်ကောင်းဖြစ်သော။ ဧေဒကပါပဂရဟီပုဂ္ဂလာ။ အပြစ်ကို စောဒနာတတ်သော မကောင်းမှုကို ကဲ့ရဲ့တတ်သောပုဂ္ဂိုလ်၏။ အနတ္ထကာမာ၊ အကျိုးမဲ့ကို အလိုရှိကုန်သော။ ဝေရိပုဂ္ဂလာ၊ ရန်သူ ပုဂ္ဂိုလ်တို့တည်း။ သာသနပစ္စတ္ထိကာတိ၊ ဟူသည်ကား။ အတ္တနော၊ ၏။ အနာစာရာနုရူပံ၊ မကောင်းသော အကျင့်အားလျော်စွာ။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား စကားတော်ကို။ ပကာသေန္တာ၊ ပြကုန်လျက်။ တဏှာဂဟိကာ စ၊ တဏှာအားဖြင့် စွဲဘတ်ကုန်သော ရဟန်းတို့သည်၎င်း။ ဒိဋ္ဌိဂဟိကာ စ၊ မိစ္ဆာအယူရှိကုန်သော ရဟန်းတို့သည်၎င်း။ ဟောန္တိ၊ ကုန်၏။

သာမဏေ လူဘို့သည်လည်း အလဇ္ဇီ လဇ္ဇီမည်ကြောင်းကို ပါဠိ အဋ္ဌကထာ ဋီကာတို့၌ အသင်အရှား ဝေါဟာရအားဖြင့် ရှိကုန်သည်သာဟု မှတ်ကုန်ရာ၏။

> အလဇ္ဇီဟိ ပန ဘိက္ခူဟိ ဝါ သာမဏေရေဟိ ဝါ ဟတ္ထကမ္မံ န ကာရေတဗ္ဗံ။

ပါရာဇိကဏ်အဋ္ဌကထာ ကုဋိကာရသိက္ခာပုဒ်အဖွင့်။

အနက်ကား—အလဇ္ဇီဟိ၊ အလဇ္ဇီ ဖြစ်ကုန်သော။ ဘိက္ခူဟိ ဝါ၊ ရဟန်းတို့ကို၎င်း။ သာမဏေရေဟိ ဝါ၊ သာမဏေတို့ကို၎င်း။ ဟတ္ထကမ္မံ၊ လက်အမှုကို။ န ကာရေတဗ္ဗံ၊ မပြုစေအပ်။ (ကုဋိကာရသိက္ခာပုဒ်အဖွင့် အဋ္ဌကထာအနက်။)

သာမဏေရော ဝါ အာရာမိကော ဝါ လဒ္ဓီ ဟောတိ အတ္တနော ပလိဗောဓေါဝိယ မညတိ။

ပါစိတျာဒိအဋ္ဌကထာ၊ ပဌမသေနာသနသိက္ခာပုဒ်အဖွင့်။

သာမဏေရော ဝါ၊ သာမဏေသည်ရှင်း။ အာရာမိကော ဝါ၊ ဇရပ်စောင့်လူသည်ရှင်း။ လဒ္ဓီ၊ လဒ္ဓီသည်။ ဟောတိ၊ ၏။ အတ္တနော၊ ၏။ ပလိဗောဓေါဝိယ၊ အကြောင့်ကြကဲ့သို့။ မညတိ၊ မှတ်ဘတ်၏။ (သေနာသနသိက္ခာပုဒ် အဋ္ဌကထာအနက်။)

ထထံ နု သော န လဒ္ဓေယျ၊ သမ္ပုဓါ ပဟာရံ မမ။
အဒ္ဓုသကာနံ ပုတ္တာနံ၊ အလဒ္ဓိဝတ ဗြာဟ္မဏော။
ယော ပိ မေ ဒါသိဒါသာ၊ အညော ဝါ ပန ပေသိယော။
တဿပိ သုပိဟိနဿ၊ ကော လဒ္ဓီ ပဟာရိဿတိ။

ဓေဿန္တရဇာတ်ပါဠိတော်။

မမ၊ ငါ၏။ အဒ္ဓုသကာနံ၊ မပြစ်မှားထိုက်ကုန်သော။ ဝါ၊ အပြစ်သန့်ရှင်းစင်ကြယ်ကုန်သော။ ပုတ္တာနံ၊ သားတော် သမီးတော် မင်းနှစ်ပါးတို့အား။ သမ္ပုဓါ၊ မျက်မှောက်၌။ ဝါ၊ မျက်မှောက်ထင်ထင် ငါ့ရှေ့တွင်။ ပဟာရံ ပဟာရဏ္ဍော၊ ပြင်းထန်ဆတ်ဆတ် ရိုက်ပုတ်ခတ်သော။ သော၊ ထိုဇူဇကာဆိုပုဏ္ဏားအိုသည်။ ကထံ နု၊ အဘယ့်ကြောင့်လျှင်။ န လဒ္ဓေယျ၊ မရှက်ပါ အားမနာဘိသနည်း။ ဗြာဟ္မဏော၊ ဇူဇကာပုဏ္ဏား သေက်ကျားသည်။ အလဒ္ဓိဝတ၊ အလဒ္ဓီကြီးပါတကား။ ဝါ၊ အရှက်မဲ့စွာ ကရုဏာကင်းငြားတရားမမှီ ကျင့်ဒုဿီနှင့် အလဒ္ဓီ မိုက်ကြီးပါတကား။ ယော၊ အကြင်သူသည်။ မေ၊ ငါ၏။ ဝါ၊ ငါဝေဿန်မင်း လူ့သေဌ်နှင်း၏။ ဒါသိဒါသော၊ ကျွန်မ၏ ကျွန်သည်။ အဿ၊ ဖြစ်၏။ အညော ဝါ ပန၊ ကျွန်မ၏ ကျွန်မှ တပါးလည်းဖြစ်သော။ ပေသိယော၊ အစေခံ ကျွန် ကျွန့်အောက်ကျွန်သည်။ အဿ၊ ဖြစ်၏။ သုပိဟိနဿ၊ အလွန်အယုတ်ဆုံးဖြစ်သော။ တဿာပိ၊ ထိုကျွန်မ၏ ကျွန် အစေခံကျွန် ကျွန့်အောက်ကျွန်အားလည်း။ လဒ္ဓီ၊ လဒ္ဓီဖြစ်သော။ ဝါ၊ လောက ဓမ္မ ရာဇ်သုံးပါး တရားသိစွာ ရှက်အားနာတတ်သော။ ကော၊ အဘယ်လူသည်။ ပဟာရိဿတိ၊ ရိုက်ပုတ်နိုင်ဘိမည်နည်း။ ဝါ၊ မျက်ကွယ်မျက်မှောက် မထောက်မညှာ ရိုက်နိုင်ပါလိမ့်မည်နည်း။ (ဝေဿန်ပါဠိအနက်။)

ဤသို့ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့နှင့်အညီ လဇ္ဇီ အလဇ္ဇီ၏ အဖြစ်ကား သာမဏေ လူများလည်း ရှိ၏ဟု မှတ်ရာ၏။ လူသာမဟုတ်သေး၊ တိရစ္ဆာန်စသည်များလည်း ရှိကုန်၏။ အလွန်များပြား ကျယ်ဝန်းလှမည်ဖြစ်၍ မထုတ် မပြပြီ။ ဝိမတိဋီကာ မိန့်သည်နှင့်အညီ ကိုယ်ကျင့်ဝတ် သိက္ခာပုဒ်တရား ရှိသည့်အတိုင်း မကျင့် မတည်သမျှကို အလဇ္ဇီ၊ ကျင့်ဝတ်တည်သူဟူသမျှကို လဇ္ဇီဟူ၍ သမည လက္ခဏာအားဖြင့် မှတ်သားကြလေကုန်။ ယင်းအလဇ္ဇီကိုပင် ဒုဿီလ၊ ယင်းလဇ္ဇီကိုပင် သီလဝန္တ ဆိုအပ်သည်၏ အဖြစ်ကိုလည်း သတိထားကြပါကုန်။

ဝဇီရှပမ ဗျာကရဏ ပဋ္ဌမပုစ္ဆာ အဖြေ ပြီးပြီ။

* * *

# ဒုတိယပုစ္ဆာ

(၂) အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်သောကြောင့် မဆည်းကပ် မကိုးကွယ်သော သူတို့မှာ အသေဝနာစ ဗာလာနံ မင်္ဂလာဖြစ် မဖြစ်များကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်ဘုရား။

---

## ဝဇီရူပမ ဗျာကရဏ ဒုတိယပုစ္ဆာ အဖြေ

(၂) ရှင်းလျှောက်ချက်အရ အလဇ္ဇီ ဒုဿီလ မှန်သောကြောင့် မဆည်းကပ် မကိုးကွယ်ဟူရာ၌ အကုလသကမ္မပထ သာဂေ ကေန္တဒုဿီလ အဓမ္မဝါဒီ မဟာအလဇ္ဇီ မိစ္ဆာဒိဋ္ဌိ ရဟန်းသာမဏေ တို့ကိုမူကား သက်သက်မဆည်းကပ် မကိုးကွယ်ခြင်းသည်သာ အသေဝနာစ ဗာလာနံ မင်္ဂလာဖြစ်ရ၏။ ဘုရားသခင် လက်ထက်တော်က အနာထပိဏ်ဝိသာခါစသော ဥပါသကာ ဥပါသိကာ တို့ကဲ့သို့တည်း။

ကေန္တ ဒုဿီလ အဓမ္မဝါဒီ မဟာအလဇ္ဇီ ရဟန်း သာမဏေဘို့ကို မသိသော အခါ၌ ဆည်းကပ် ကိုးကွယ်မိသော်လည်း သိသောအခါ ပယ်ခွာ စွန့်ပစ်ခြင်း ကိုသာ ပြုရ၏။ ဥပါလိသူကြွယ်၊ သီဟစစ်သူကြီး၊ ဝပ္ပသာကီဝင်မင်း စသော သူတို့သည် ရှေးမဆွက နိဂဏ္ဌ မိစ္ဆာဒိဋ္ဌိကြီးများကို ဆည်းကပ် ကိုးကွယ်ကုန်လျက် နောက်ဘုရားသခင်နှင့် တွေ့သောကာလ သဘာဝကို သိလျှင် ဒိဋ္ဌိကို ပယ်ခွာ စွန့်ပစ်ခြင်းကို ပြု၍ နတ်ရွာ မဂ်ဖိုလ် ရခြင်းမင်္ဂလာ ဖြစ်ကုန်သကဲ့သို့တည်း။ ဓမ္မာသောကမင်းကြီး စသော သူတို့သည်လည်း နိဂြောဓ ရဟန္တာသာမဏေနှင့် တွေ့သောကာလ တရားကိုသိ၍ ဒိဋ္ဌိတို့ကို ပယ်ခွါ စွန့်ပစ်ခြင်းကို ပြုကုန်သတည်း။

အနေကန္တ အနိဗဒ္ဓ ဒုဿီလ အလဇ္ဇီ သမ္မာဒိဋ္ဌိ ရဟန်း သာမဏေတို့ကိုကား ပညာဖြင့် ဆင်ခြင်၍ ဒုဿီလ အလဇ္ဇီ အကျင့်သဘောတို့ကို မနှစ်သက် မကြည်ညို သံဃာတော်ကို အာရုံပြု၍ လှူဒါန်းလုပ်ကျွေးခြင်း တရားနာခြင်း စသော အကျိုးငှါ ဆည်းကပ် ကိုးကွယ်ခြင်းသည်လည်း အသေဝနာစ ဗာလာနံ မင်္ဂလာမပျက်။ စိတ္တသူကြွယ်၊ ဇမ္ဗုက အလေသင်း၏ ကျောင်းတကာ ကုဋုမ္ဗိကသူကြွယ် စသည်တို့ကဲ့သို့တည်း။

စိတ္တသူကြွယ်ကား အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကစ္စည်း၊ အရှင်ဒကောဋ္ဌိက၊ အရှင်မဟာကပ္ပိန၊ အရှင်မဟာစုန္ဒ၊ အရှင်

အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာ တို့သည် ကာသိတိုင်း မစ္ဆိကာသဏ္ဍမြို့သို့ ရောက်ကြသော် စိတ္တသူကြွယ်သည် ဆည်းကပ် ရှိခိုးသဖြင့် မထေရ်တို့ကို ဆွမ်းလုပ်ကျွေးရာ စိတ္တသူကြွယ်၏ ကျောင်း၌ ကျောင်းထိုင်နေသော အာဝါသိက သုဓမ္မရဟန်းသည် မိမိကို မပန့်မကြားပဲ ပြုသည်ကို ငါ၌ ငဲ့ကွက်ခြင်း ပျက်ခဲ့ပြီဟု မှတ်၍ ဤ ဆွမ်းကျွေးရာ၌ ခဲဖွယ် ဘောဇဉ်တို့ကား ပေါများပါပေ၏။ နှမ်းကျွတ်မုန့်သာ မရှိသည်ဟု စိတ္တသူကြွယ်၏အမျိုး နှမ်းကျွတ်သည်၏ အဖြစ်ကို ရည်ရွယ် စောင်းချိတ်၍ ဇာတိဝါဒဖြင့် ချုပ်ချယ်လွန်ကျူး ပြောဆိုသည်ကို ဒက္ခိဏာပထတိုင်း၌ အမိ ကြက်မ အဘ ကျီးကန်းဖြစ်သော ကြက်ကျီးငယ်ကလေးသည် ကျီးနှယ် မြည်လိုသော် အာ- အောက်ကလီ၊ ကြက်နှယ်တွန်လိုသော် အောက် ကလီ- အာ မြည်တွန်သကဲ့သို့ အရှင် သုဓမ္မသည် မြတ်စွာဘုရား စကားတော် တရားရတနာ များစွာရှိပါလျက် နှမ်းကျွတ်မုန့် ဟူသော ချုပ်ချယ် ထိခိုက်သော အားဖြင့် ရဟန်းစကားမဟုတ် လူစကားမဟုတ်သော စကားကို ဆိုဘိ၏တကား ဆိုလျှင် ထိုသုဓမ္မရဟန်းက သင်သူကြွယ်သည် ငါ့ကို ဆဲရေး ချုပ်ချယ်ဘိ၏၊ ငါကား သွားဘော့မည်ဟု ဆိုသော် အရှင်ဘုရား၊ ဇမ္ဗူပည့်တော်သည် အရှင်အား မဆဲရေးမချုပ်ချယ်၊ အရှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍမြို့ အမ္ဗာဋကဥယျာဉ်ကျောင်း၌ သီတင်းသုံးနေတော်မူပါ၊ အရှင်သုဓမ္မအား အကျွန်ုပ်က ပစ္စည်းလေးပါးတို့ဖြင့် အားထုတ်ပါအံ့ဟု အသင့်နှလုံးထား၍ သုဓမ္မရဟန်း၏ ရဟန်းဆိုးသဘောကို သိလျက်ပင် လျှောက်ထားသတည်း။

ဇမ္ဗူက အလောင်း၏ ကျောင်းတကာ ကုဋုမ္ဗိက သူကြွယ်ကား ကဿပဘုရားသခင် လက်ထက်တော်တွင် မထေရ်တပါးကို ကျောင်းဆောက်၍ ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးကိုကွယ်၏။ ရဟန္တာအရှင်တပါး အိမ်တံခါး၌ ဆွမ်းရပ်လာသည်ကို မြင်သော် ကြည်ညိုသဖြင့် ပဏီတ ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးလျှင် သက်န်းလျာကိုလှူ၍ အရှင်ဘုရားတို့ ဆံကိုချခြင်းငှါ သင်ဓုန်းကို ဆောင်ခဲ့ပါအံ့။ အိပ်တော်မူခြင်းငှါ ညောင်စောင်း ငယ်ကို ဆောင်ခဲ့ပါအံ့ဟု ဆိုသည်ကို ကျောင်းထိုင်ဆရာ ရဟန်းတော်က မနှစ်သက်နိုင်သဖြင့် ကျောင်းသို့ ကြွသွား၍ ငါ့ရှင် အာဂန္တု၊ သူကြွယ်အိမ်၌ ဆွမ်းကို စားခြင်းထက် မစင်ကို စားခြင်းသည် ကောင်းစွ၊ သူကြွယ်ဆောင်ခဲ့သော သင်ဓုန်းဖြင့် ဆံကိုရိတ်ခြင်းထက် ထန်းစေ့ညှပ်ဖြင့် ဆံပင်တို့ကို နုတ်စေခြင်းငှာ မြတ်စွ၊ သူကြွယ်လှူသော သက်န်းလျာကို ဝတ်ရုံသည်ထက် အချည်းနှီး သွားခြင်းငှာ မြတ်စွ၊ သူကြွယ်ဆောင်ခဲ့သော ညောင်စောင်း၌ အိပ်ခြင်းထက် မြေကြီးပေါ်၌ အိပ်ခြင်းသည် မြတ်စွဟု ဆဲရေးပေ၏။ ရဟန္တာမထေရ်မြတ်သည် "ဤ ဗာလရဟန်းမိုက်သည် ငါ့ကိုမှီ၍ ပျက်စီးရှာ၏" ဟု နံနက်စောစော

ထ၍ အလိုရှိရာသို့ ကြွသွားလေ၏။ ကျောင်းထိုင် အာဝါသိကရဟန်းလည်း အာဂန္တုရဟန်း သိမ့်သိမ့်စီး၍ ကျောက်စည်ကို လက်ဘည်းဖြင့် ထိုးခတ်ခဲ့၍ ဆွမ်းခံသွားရာ သူကြွယ်တကာက မျှော်လင့်၍ အရှင်ဘုရား၊ အာဂန္တုအရှင် အဘယ်မှာနည်းဟု မေးလျှင် သင့်ဆရာ ရဟန်းကား ယမန်နေ့ သင်ထွက်သွားသောအခါ တိုက်ခန်းသို့ဝင်၍ အိပ်သည်ကစ၍ ငါ တံမြက်လှည်းသံ ရေလောင်းသံ ကျောက်စည်သံများကို ပြုသော်လည်း မသိဒလဟ၍ ပြော၏။ သူကြွယ်လည်း ဤသို့သော ကုလိယာပုထ်နှင့် ပြည့်စုံသော အရှင်အား ဤမျှလောက် အခါတိုင်အောင် အိပ်ခြင်းမည်သည် မရှိရာ။ ဤသို့ ငါ့ပူဇော်သက္ကာရ ပြုသည်ကိုမြင်၍ ဤ ငါ့အရှင်ကောင်းက တစုံတခု ပြောဆိုအပ်သည် ဖြစ်လတ္တံ့ဟု ကြံသိလျက် မိမိ၏ ပညာရှိသည်၏ အဖြစ်ဖြင့် ထိုကျောင်းနေ အာဝါသိကရဟန်းကို ရှိသေစွာ လုပ်ကျွေး၍ သပိတ်ကို အထူးထူးသော ဘောဇဉ်ဖြင့် ပြည့်စေ၍ အာဂန္တုက အရှင်တွေ့မြင်ရာ၌ လှူလိုက်ပါဘုရားဟု ဆို၏။ ထိုအာဝါသိကရဟန်းသည် ထိုဆွမ်းကို ယူခဲ့၍ ခရီးအကြား၌ စွန့်ပစ်သွားလေ၏။ ထိုကျောင်းထိုင်ရဟန်းသည် သေ၍ ငရဲသို့ကျလျက် ငါတို့ဘုရားသခင်လက်ထက် ဇမ္ဗုက ဖြစ်လာ၏။ အကျယ်ကား ဓမ္မပဒအဋ္ဌကထာ၌လာ၏။

ထို အနေကန္တ အနိဗဒ္ဓ ဒုဿီလ အလဇ္ဇီ သမ္မာဒိဋ္ဌိရဟန်း သာမဏေတို့ကိုလည်း အလဇ္ဇီအကျင့်သဘောကို ကြည်ညိုနှစ်သက်ဂေဟသိတပေမ တဏှာဘက်၍ ရဟန်းတပါးတို့ကို ပြစ်မှားချုပ်ချယ် ကဲ့ရဲ့စုပ်စွဲ ဆဲရေး ရေရွတ်လျက် အလဇ္ဇီအယူကို သဘောတူ ဆည်းကပ် ကိုးကွယ်ခြင်းကိုကား အလျဉ်းဝေစွာ ဘယ်အခါမှ မပြုအပ်။ အကယ်၍ပြုမူ အသောဝနာစ ဗာလာနံ မင်္ဂလာ ပျက်သောကြောင့် ပစ္စုပ္ပန်သံသရာ နှစ်ရွာ မင်္ဂလိုဖိုလ် အကျိုးစီးပွား ရှုံးပါး ပျက်စီးအံ့သည်သာတည်း။ ကပိလရဟန်းဆိုး၏ အမိ နှမ၊ ဒေဝဒတ်ကို ဆည်းကပ် ကိုးကွယ်ကုန်သော ကောကာလိက စသော အမျိုးသား ငါးရာ၊ ဂူထခါဒကပေတ၊ ဂူထခါဒကပေတီ စသည်တို့ကဲ့သို့တည်း။

ကဿပဘုရား သာသနာတော်ကို ဆုတ်ယုတ် ကွယ်ပျောက်အောင် ပြုတတ်သော ကပိလ အလဇ္ဇီ ရဟန်းဆိုး၏ အမိ သာဓနီ၊ နှမ တာပနီတို့သည် ထို ကပိလ အလဇ္ဇီ ရဟန်းဆိုးနှင့် သဘောတူစိတ်တူ တပါးသော ရဟန်းများကို ပြစ်မှားဆဲရေးကုန်၍ မဟာအဝီစိ ငရဲကြီး၌ ယခုတိုင် ရှိကြောင်းကို သုတ္တနိပါတ် အဋ္ဌကထာ ဓမ္မပဒ အဋ္ဌကထာတို့၌ ဆိုကုန်၏။

ဒေဝဒတ်ကို မြေမျိုသောအခါ ဒေဝဒတ်၏ အပင်းအသင်း အမျိုးသား ငါးရာတို့သည်လည်း မြတ်စွာဘုရား ကျိန်ဆဲသောကြောင့် ဒေဝဒတ်ကို မြေမျိုရသည်ဟု ပြစ်မှားကြ၍ ဒေဝဒတ်နှင့်အတူ ငရဲလားကြကြောင်းကို သုတ္တနိပါတ်

အဋ္ဌကထာ၊ ဒွါဒသနိပါတ် သမုဒ္ဒဝါဏိဇဇာတ် အဋ္ဌကထာ စသည်တို့၌ ဆိုကုန်၏။

အလဇ္ဇီ ရဟန်းဆိုးကို ကိုးကွယ်ဆည်းကပ်၍ ထို အလဇ္ဇီရဟန်းဆိုး၏ စကားကို ယုံကြည် လိုက်နာသဖြင့် သဘောတူ စိတ်တူရှိ၍ ရဟန်းတပါးတို့ကို ကဲ့ရဲ့ ငြူစူ ဆဲရေးရေရွတ် ပြစ်မှားသောကြောင့် ထိုအရပ်ကျောင်း ကုဋီတွင်း၌ ဆရာရဟန်းက အောက်၊ ကျောင်းတကာက အထက် ပြိတ္တာဖြစ်ကုန်၍ သူတပါးတို့ စွန့်သော မစင်ကျင်ကြီးတို့ကို ကျောင်းတကာပြိတ္တာက စားမျို၍ စွန့်ချလိုက်သည်ကို ဆရာပြိတ္တာက စားလျက် ပေတဒုက္ခကို ခံနေကြရကြောင်းကို ပေတဝတ္ထုပါဠိ အဋ္ဌကထာတို့၌ ဆိုကုန်၏။

ထိုအတူ အလဇ္ဇီရဟန်းဆိုးကို ကိုးကွယ် ဆည်းကပ်၍ အလဇ္ဇီရဟန်းဆိုးနှင့် စိတ်တူ သဘောတူ တပါးသော ရဟန်းတို့ကို ကဲ့ရဲ့ငြူစူ ဆဲရေးရေရွတ် ပြစ်မှားကုန်သောကြောင့် ထိုကျောင်းကုဋီတွင်း၌ပင် ဆရာရဟန်းက အောက်၊ ကျောင်းအမက အထက် ပြိတ္တာဖြစ်ကုန်၍ ခံတွင်းဟလျက် အထက်ကစွန့်ချသော မစင်ကျင်ကြီးတို့ကို စားမျိုခံနေရကြောင်းကို ၎င်းပေတဝတ္ထုပါဠိ အဋ္ဌကထာတို့၌ပင် ဆိုကုန်၏။

ဤသို့စသည်ဖြင့် အလဇ္ဇီရဟန်းဆိုးတို့၏ အယူကို ယုံကြည်နှစ်သက်သဖြင့် ဆည်းကပ်ကိုးကွယ်ခြင်းကို မပြုရာ၊ ပညာဖြင့် ဆင်ခြင်ပိုင်းခြား၍ တရားတော်ကိုနာခြင်း၊ သံဃာတော်ကို ကြည်ညိုပူဇော် လုပ်ကျွေးခြင်းငှာသာ ဆည်းကပ် ကိုးကွယ်ရာ၏၊ အလဇ္ဇီဒုဿီလကို ကြည်ညိုနှစ်သက်သဖြင့် ဘယ်အခါမှ မဆည်းကပ် မကိုးကွယ်ရာ။ ဆည်းကပ်ကိုးကွယ်မူ အသေဝနာစ ဗာလာနံ မင်္ဂလာ ပျက်၍ နတ်ရွာ မဂ်ဖိုလ်အကြောင်း ကောင်းကောင်းကြီး ပိတ်ကွယ်တတ်သည်သာဟု အမြဲကေန် သန္နိဋ္ဌာန်ကျ မှတ်ကြကုန်ရာ၏။

တေ အင်္ဂ ပဒိတ္တမိဝ အဂါရံ အတ္တနာ ဒုဂ္ဂဟိတေန အတ္တာနဉ္စ အတ္တနော ဝစနကာရကေ စ ဝိနာသေန္တိ။

ခုဒ္ဒကပါဠိ၊ ယုတ္တနိပါတ် အဋ္ဌကထာပါဠိ။

အနက်ကား—တေ၊ ထိုမိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော ပုရာဏကဿပ အစရှိကုန်သော ကေန္တ အလဇ္ဇီ ဒုဿီလ ဗာလ ပုဂ္ဂိုလ် မိမိတို့လည်း အကုသလ ကမ္မပထနှင့် ပြည့်စုံကုန်သည်ဖြစ်၍ သူတပါးတို့ကိုလည်း အကုသိုလ် ဒုစရိုက် တရားတို့ကို ဆောက်တည်စေတတ်သော ဒေဝဒတ် ကောကာလိက အစရှိသော ကေန္တ အလဇ္ဇီ ဒုဿီလ ဗာလပုဂ္ဂိုလ်တို့သည်။ အင်္ဂ၊ မီးသည်။ ပဒိတ္တံ၊

ညီညီးပြောင်ပြောင် စွဲ၍သောင်သော။ အဂါရံ၊ အိမ်ကို။ ဝိနာသေတိက္က၀၊ မီးသွေးပြုပုံ ဖြစ်၍ကုန်အောင် လုံးစုံပျက်ကြေ ဖျက်ဆီးလေသကဲ့သို့။ တထာ၊ ထို့အတူ။ အဘ္ဘုနာ၊ မိမ်သည်။ ဒုဂ္ဂဟိတေန၊ အမှားတိမ်းစောင်း မကောင်းအမူ မကောင်းဖူးယူဖြင့်။ အတ္တာနဥ္စ၊ မိမိကိုယ်ကိုရင်း။ အတ္တနော၊ မိမိ၏။ ဝစကာ ရဏာစ၊ ဆိုစကားကို မှတ်သားလိုက်နာ ပြုတတ်စွာသော ပညာမဲ့သူ ရှင်လူ အပေါင်းတို့ကိုရင်း။ ဝိနာသေန္တိ၊ အပါယ်သေးဘုံ ရောက်၍ကုန်အောင် လုံးစုံ ပျက်ကြေ ဖျက်ဆီးဘတ်လေကုန်၏။

ထိုမှတပါး ပုဂ္ဂလပညတ်ပါဠိတော်၊ ပေါတ္ထကူပမတိက်။ တိကင်္ဂုတ္တရပါဠိတော် ပေါတ္ထကူပမသုတ် စသည်တို့၌လည်း များစွာဟောဘော်မူကုန်၏။ ဤသို့ အပါယ်လေးပါး လားရောက်ပျက်စီးရခြင်းသည်လည်း ပညာမဲ့သောသူတို့သာ။ ပညာရှိတို့ကား မပျက်စီးတတ်ကုန်။ ပူရဏကဿပ၏ တပည့်ဖြစ်ဘူးသော အသမနတ်သား၊ မက္ခလိဂေါသာလ၏ တပည့်ဖြစ်ဘူးသော သဟာလိနတ်သား၊ နိဂဏ္ဌ၏ တပည့်ဖြစ်ဘူးသော နိကနတ်သား၊ ထိုထိုတိတ္ထိတို့၏တပည့် ဖြစ်ကုန် ဘူးသော အနေကာဠနတ်သားတို့ကဲ့သို့တည်း။ ထိုနတ်သားတို့၏ အကြောင်း တို့သည် ဒေဝပုတ္တသံယုတ် ပါဠိ အဋ္ဌကထာတို့၌ လာကုန်၏။

သို့ဖြစ်၍ အလဇ္ဇီ ဒုဿီလမှန်းသိလျက် ဆည်းကပ်ကိုးကွယ်တိုင်းလည်း အဆေဝနာစ ဗာလာနံ မင်္ဂလာပျက်၏ဟု မမှတ်ရာ၊ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ် တို့၏လဲ့ကျမ်းများနှင့်တကွ ဆည်းကပ်ကိုးကွယ်သူတို့ သဘောနှလုံးသွင်းကို သာ ပညာဖြင့် ပိုင်းခြားဆင်ခြင်၍ မင်္ဂလာဖြစ်ရာ မဖြစ်ရာများကို မှတ်သား ယူကျုံး နှလုံးသွင်းအပ်ပေသတည်း။

ဝဇီရူပမ ဗျာကရဏ ဒုတိယပုစ္ဆာအဖြေ ပြီး၏။

* * *

# တတိယပုစ္ဆာ

(၃) အလဇ္ဇီ ဒုဿီလမှန်း သိလျက်နှင့် ဆည်းကပ်ကိုးကွယ်သော သူတို့မှာ ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာဖြစ် မဖြစ်။ သဒ္ဓိဝိရေ သမာ သေထ စသော ဒေသနာတော်နှင့် ညီ မညီများကို အကျိုးအပြစ် ထွေသုံးသက်သေနှင့်တကွ သိလိုပါသည်ဘုရား။

---

## ဝဇီရုဝမ ဗျာကရဏ တတိယပုစ္ဆာ အဖြေ

(၃) ၎င်း တတိယလျှောက်ချက်အရ အလဇ္ဇီ ဒုဿီလမှန်း သိလျက်နှင့် ဆည်းကပ်ကိုးကွယ်သော်လည်း ကေန္တ အလဇ္ဇီ ဒုဿီလ သာသနပစ္စတ္ထိက အဓမ္မဝါဒီ မိစ္ဆာဒဿန ဗာလပုဂ္ဂိုလ်မဟုတ်၊ ဗဟုသုတ ပဏ္ဍိတ ဗျတ္တ သမ္မာဒိဋ္ဌိဖြစ်သော အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့ကိုမူကား တရားနာခြင်း ကျမ်းဂန် ပရိယတ္တိ သင်ခြင်းစသော အကျိုးငှါ ဆည်းကပ်ကိုးကွယ်ခြင်းကို ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာဖြစ်၏ဟု ဆိုရာ၏။ ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာမဖြစ်ဟု မဆိုရာ။

ယော ပန ကောဋ္ဌိယံ ဌိတော ဂန္ထော တဿ ပုဂ္ဂလဿ အစ္စယေန နဿိဿတိ၊ တံ ဓမ္မာနုဂ္ဂဟေန ဥဂ္ဂဏှိတုံ ဝဋ္ဋတိ။

ပါရာဇိကဏ် အဋ္ဌကထာ၊ ရှုပိယသိက္ခာပုဒ်အဖွင့်။

ယော ပန ဂန္ထော၊ အကြင်ကျမ်းဂန်သည်။ ကောဋ္ဌိယံ၊ အစွန်အဖျား ကွယ်လုတျားတျား၌။ ဌိတော၊ တည်၏။ တဿ ပုဂ္ဂလဿ၊ ထိုကျမ်းကို ဆောင်သော ပုဂ္ဂိုလ်၏။ အစ္စယေန၊ ကွယ်လွန်သဖြင့်။ နဿိဿတိ၊ ကွယ်ပျောက်လတ္တံ့။ တံ ဂန္ထံ၊ ထိုကျမ်းဂန်ကို။ ဓမ္မာနုဂ္ဂဟေန၊ တရားတော်ကို ချီးမြှောက်သဖြင့်။ ဥဂ္ဂဏှိတုံ၊ သင်ယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ အပြစ်မရှိ။

ဤသို့ ဗဟုဿုတ ပဏ္ဍိတ သမ္မာဒိဋ္ဌိ ဒုဿီလ အလဇ္ဇီကို ဓမ္မာနုဂ္ဂဟ အကျိုးငှါ ဆည်းကပ်၍ ပဏ္ဍိတာနဉ္စ သေဝနာမင်္ဂလာမပျက်သည့်အဖြစ်တည်း။

ဝတ္ထုကား သီဟိုဠ်ကျွန်း၌ ဘေးကြီးဖြစ်သောအခါ တယောက်သော ဒုဿီလရဟန်း၏သာလျှင် မဟာနိဒ္ဒေသပါဠိတော်ကို လေ့ကျက် ရွက်ဆောင်ခြင်းဖြစ်၏။ ထိုအခါ နိကာယ်လေးပါးကို ဆောင်သော စာတုနိကာယိက

တိဿမထေရ်၏ ဥပဇ္ဈာယ်ယူဖြစ်သော မဟာတိပိဋကမထေရ်သည် မဟာရက္ခိတမထေရ်ကို ငါ့ရှင်မဟာရက္ခိတ၊ ထိုရဟန်း၏ အထံ၌ မဟာနိဒ္ဒေသ ပါဠိတော် သင်ယူပါလော့ဟု ဆိုသော် ပါပေါ ကိရာယံ ဘန္တေ နဂဏှာမိ ဟူသောပါဠိဖြင့် အရှင်ဘုရား၊ ဤရဟန်းကား ယုတ်မာသော ဒုဿီလရဟန်း ဖြစ်သတဲ့၊ အကျွန်ုပ် မသင်ယူလိုပါဟု လျှောက်သော် ငါ့ရှင် မဟာရက္ခိတ၊ သင်ယူသာ သင်ယူပါလော့၊ သင်၏အထံ၌ ငါနေပါမည်ဟု ဆိုလျှင် အရှင်ဘုရား၊ ကောင်းပါပြီ၊ အရှင်ဘုရားတို့ အပေါ်၌ နေတော်မူကုန်သည်ရှိသော် သင်ယူပါအံ့ဟု ဝန်ခံ၍ နေ့ညဉ့်မပြတ် သင်ယူသဖြင့် အဆုံးရောက်သောနေ့၌ ညောင်စောင်းအောက်တွင် မိန်းမကိုမြင်၍ အရှင်ဘုရား၊ ရှေး၌ အကျွန်ုပ် ကြားကာသာ၊ အကယ်၍ အကျွန်ုပ်သိငြားအံ့၊ ဤသို့သဘောရှိသော သူ၏အထံ၌ တရားကျမ်းဂန်ကို မသင်ပါဟု ဆိုသတည်း။

ထို မဟာရက္ခိတ မထေရ်ထံ များစွာသော ရဟန်းတို့သည် သင်ကုန်၍ များစွာအကျိုးဖြစ်သတည်း။

ဤဝတ္ထု၌ ပါပေါ ကိရာယံ ဘန္တေ စသော စကားကို ရှင်မဟာရက္ခိတမထေရ် ဆိုတော်မူ၍ ပယ်ခြင်းသည်ကား အလဇ္ဇီ ဒုဿီလထံ ဓမ္မာနုဂ္ဂဟဖြင့် တရားကျမ်းဂန်ကို သင်ယူခြင်း၌ အပြစ်အာပတ်ရှိသည်ဖြစ်၍ မအပ်သော ကြောင့် ပယ်ဆိုတော်မူသည် မဟုတ်၊ ထိုပုဂ္ဂိုလ်၏ အလဇ္ဇီအဖြစ်ကိုသာ စင်စစ် ရည်၍ ဆိုသတည်း၊ ဓမ္မာနုဂ္ဂဟ အကျိုးငှါကား စင်စစ်မုချ အပ်သည်သာ ဖြစ်၏ဟု မှတ်ကုန်ရာ၏။

ဓမ္မာနုဂ္ဂဟေန ဥဂ္ဂဏှန္တဿ အာပတ္တိယာ အဘာဝေပိ ထေရော
အလဇ္ဇိဘာဝံယေဝ သန္ဓာယ ပါပေါ ကိရာယန္တိ အာဒိမာဟ။

သာရတ္ထဒီပနီဋီကာ၊ ဒုတိယတွဲ၊ ဂုဏ်သိက္ခာပုဒ်အဖွင့်။

အနက်ကား- ဓမ္မာနုဂ္ဂဟေန၊ တရားတော်ကို ချီးမြှောက်လိုသဖြင့်။ ဥဂ္ဂဏှန္တဿ၊ တရားကျမ်းဂန် သင်ယူသော ရဟန်းအား။ အာပတ္တိယာ၊ အာပတ်၏။ အဘာဝေပိ၊ မရှိသော်လည်း။ ထေရော၊ မဟာရက္ခိတထေရ်သည်။ တဿ၊ ထိုရဟန်း၏။ အလဇ္ဇိဘာဝံယေဝ၊ အလဇ္ဇီ ဒုဿီလ အဖြစ်ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ပါပေါကိရာယန္တိအာဒိံ၊ ပါပေါ ကိရာယံ အစရှိသော စကားကို။ အာဟ၊ မိန့်ဆိုတော်မူ၏။

ဤသို့ ဓမ္မာနုဂ္ဂဟ အကျိုးငှာ အလဇ္ဇီထံ တရားကျမ်းဂန် နာခြင်း သင်ခြင်း အပ်သည်၏အဖြစ်ကို သိရာ၏။

ဝိမတိဝိနောဒနီ ဋီကာ၌လည်း—

ဓမ္မာနုဂ္ဂဟေန ဥဂ္ဂဏှိတုံ ဝဋ္ဋတီတိ ဝုတ္တတ္တာ အလဇ္ဇိသန္တကာယ သာသနေ ဩသက္ကန္တေ လဇ္ဇီသု ဖုလ္လှင်္ဂဟေနသု အလဇ္ဇိမ္ပိ ပကတတ္တ ဂဏပူရကံ ဂဟေတွာ ဥပသမ္ပဒါဒိ ကရဏေနစေဝ ကောစိ ဥလင်္ဂနော ဓမ္မာမိသပရိဘောဂေန သင်္ဂဟေတွာ သေသာ လဇ္ဇိဂဏာ နိဂ္ဂဟေန စ သာသနံ ပဂ္ဂဏှိတုံ ဝဋ္ဋတိစေဝ—

ဟူ၍ မိန့်၏။

အနက်ကား—ဓမ္မာနုဂ္ဂဟေန ဥဂ္ဂဏှိတုံ ဝဋ္ဋတီတိ၊ ဓမ္မာနုဂ္ဂဟေန ဥဂ္ဂဏှိတုံ ဝဋ္ဋတိ ဟူ၍။ ဝုတ္တတ္တာ၊ အဋ္ဌကထာဆရာ မိန့်ဆိုအပ်သည်၏အဖြစ်ကြောင့်။ အလဇ္ဇိသန္တကာယ၊ အလဇ္ဇီများပြားသည်၏ အဖြစ်ဖြင့်။ သာသနေ၊ သာသနာတော်သည်။ ဩသက္ကန္တေ၊ ဆုတ်ယုတ်သည်ရှိသော်။ လဇ္ဇီသု၊ လဇ္ဇီရဟန်းတို့သည်။ အပ္ပဟောန္တေသု၊ မလောက်ကုန်သည်ရှိသော်။ ပကတတ္တံ၊ ပါရာဇိကမကျ ဥက္ခိတ္တကမဟုတ် ပကတတိဖြစ်သော။ အလဇ္ဇိမ္ပိ၊ ဒုဿီလ အလဇ္ဇီရဟန်းကိုလည်း။ ဂဏပူရကံ၊ ဂိုဏ်းပြည့်ကို။ ဂဟေတွာ၊ ယူ၍။ ဥပသမ္ပဒါဒိ ကရဏေနစေဝ၊ ပဉ္စင်းခံခြင်း စသည်ကို ပြုခြင်းဖြင့်ငှာ။ ကောစိ၊ အချို့ကုန်သော။ အလဇ္ဇိနော၊ အလဇ္ဇီရဟန်းတို့ကို။ ဓမ္မာမိသပရိဘောဂေန၊ ဓမ္မပရိဘောဂ အာမိသ ပရိဘောဂဖြင့်။ သင်္ဂဟေတွာ၊ ချီးမြှောက်၍။ သေသာ လဇ္ဇိဂဏာ၊ ကြွင်းသော အလဇ္ဇီရဟန်းအပေါင်းကို။ နိဂ္ဂဟေန စ၊ နှိပ်ခြင်းဖြင့်ငှာ။ သာသနံ၊ သာသနာတော်ကို။ ပဂ္ဂဏှိတုံ၊ ချီးမြှောက်ခြင်းငှာ။ ဝဋ္ဋတိစေဝ၊ အပ်သည်သာလျှင်တည်း။

ဤ ဝိမတိဋီကာဖြင့်လည်း ပဉ္စင်းခံခြင်း အလဇ္ဇီကိုနှိပ်ခြင်း အစရှိသော သာသနာနုဂ္ဂဟ အရာတို့၌ ဓမ္မာမိသ ပရိဘောဂ နှစ်ပါးဖြင့် လဇ္ဇီရဟန်းများပင် အလဇ္ဇီရဟန်းနှင့် ပေါင်းဘက်ခြင်း သံဝါသ၊ ချီးမြှောက်ခြင်း သင်္ဂဟ အမှုကို ပြုအပ်သည်၏ အဖြစ်ကို သိအပ်၏။ ထိုသို့ဖြစ်သော်လည်း အလဇ္ဇိသန္တကာယ စသော စကားကြောင့် အလဇ္ဇီများသော အရပ်ဒေသ ကာလ မခိုက်မတန့်မျှသာ အပ်သည်၏အဖြစ်ကို သိရာ၏။ အခါခပ်သိမ်း အလဇ္ဇီနှင့် ဆက်ဆံမြဲတပင် အချစ်အခင် ဂေဟသိတ ပေမဖြင့် ချီးမြှောက်ခြင်း ပဂ္ဂဟကိုကား ဘယ်အခါမျှ မပြုအပ်သည်သာတည်း။

လဇ္ဇီဖြစ်သော ရဟန်းက အလဇ္ဇီဖြစ်သော ရဟန်းကို ချီးပင့်မြှောက်စား လိုသော ပဂ္ဂဟစိတ်ဖြင့် အနုမောဒနာ ပြုခြင်း၊ တရားစကားမပြောမဟောခြင်းငှာ တိုက်တွန်းခြင်း၊ ဒါယကာတို့၌ အထောက်အပံ့ဖြစ်စေခြင်းတို့ဖြင့် ချီးပင့်

မြှောက်စားအံ့၊ အလဇ္ဇီရဟန်းက ပြန်လှန် ချီးပင့်သည်ကို လဇ္ဇီရဟန်းက နှစ်သက်သာယာ၍ အလဇ္ဇီကို ချီးပင့်မြှောက်စားအံ့၊ ထို လဇ္ဇီရဟန်းသည် သာသနာတော်ကို ဆုတ်ယုတ် ကွယ်ပျောက်စေသော သာသနာပျက် ရဟန်း ဆိုးဖြစ်လေ၏ဟု ပါရာဇိကကဏ်အဋ္ဌကထာ၌ မိန့်ဆိုအပ်သတည်း။

> သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ၊ အနုမောဒနာယ အဇ္ဈေသတိ၊ ဓမ္မကထာယ အဇ္ဈေသတိ၊ ကုလေသု ဥပထမ္ဘေတိ၊ ဣတရောပိ အမှာကံ အာစရိယော ဤဒိသော စ ဤဒိသော စာတိ တဿ ပရိသတိ ဝဏ္ဏံ ဘာသတိ၊ အယံ သာသနံ ဩသက္ကာပေတိ အန္တရဓာပေတီတိ ဝေဒိတဗ္ဗော။
>
> ဝင်း ပါရာဇိကဏ်အဋ္ဌကထာ၊ ရှုပိသိက္ခာပုဒ် အဖွင့်။

အနက်ကား—ပန၊ လဇ္ဇီက အလဇ္ဇီကို ချီးပင့်မြှောက်စားသည်ကို ဆိုဦးအံ့။ သစေ၊ အကယ်၍။ လဇ္ဇီ၊ လဇ္ဇီ ရဟန်းကောင်းသည်။ အလဇ္ဇိံ၊ အလဇ္ဇီ ရဟန်းဆိုးကို။ ပဂ္ဂဏှာတိ၊ ချီးပင့်မြှောက်စားအံ့။ ကိံ၊ အဘယ်သို့ ချီးပင့်မြှောက်စားသနည်း။ အနုမောဒနာယ၊ ဆွမ်းစားရာ ဒါယကာတို့အိမ်စသည်၌ အနုမောဒနာပြုစေခြင်းဖြင့်။ အဇ္ဈေသတိ၊ ရှိသေလေးမြတ် တိုက်တွန်းတတ်၏။ ဓမ္မကထာယ၊ တရားဟောစေခြင်းငှာ။ အဇ္ဈေသတိ၊ ရှိသေလေးမြတ် တိုက်တွန်းတတ်၏။ ကုလေသု၊ ဒါယကာတို့၌။ ဥပထမ္ဘေတိ၊ အထောက်အပံ့ဖြစ်စေ၏။ ဣတရောပိ၊ လဇ္ဇီဆရာကြီးမှတပါးသော အလဇ္ဇီရဟန်းကလည်း။ အမှာကံ၊ ငါတို့၏။ အာစရိယော၊ ဆရာကြီးသည်။ ဤဒိသော စ၊ ဤသို့ ဂုဏ်ထူးကျေးဇူး သတ္တိလည်း ရှိပေ၏။ ဤဒိသော စ၊ ဤသို့ ကျေးဇူး ဂုဏ်ထူး ဝိသေသလည်း ရှိပေ၏။ ဣတိ၊ သို့။ တဿ၊ ထိုလဇ္ဇီရဟန်းကြီး၏။ ပရိသတိ၊ ပရိသတ်အလောင်း၌။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသတိ၊ ပြောဆိုအံ့။ အယံ၊ ဤလဇ္ဇီရဟန်းကောင်းသည်။ သာသနံ၊ သာသနာတော်ကို။ ဩသက္ကာပေတိ၊ ဆုတ်ယုတ်စေသည်မည်၏။ အန္တရဓာပေတိ၊ ကွယ်စေသည်မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤသို့ အလဇ္ဇီကို ကြည်ညိုချစ်ခင်သဖြင့် ဂုဏ်ကိုသော်မျှ မချီးပင့်အပ်။ အလဇ္ဇီက ချီးမွမ်းသည်ကို လဇ္ဇီက ပြန်၍ ချီးပင့်ခြင်းကိုမျှလည်း မပြုအပ်ဟု မှတ်ရာ၏။

ဤအဋ္ဌကထာ၌ သက်သက် အလဇ္ဇီကို ကြည်ညိုစုံမက် နှစ်သက်ကျွမ်းဝင် ချစ်ခင်မြတ်နိုးသည်ဖြစ်၍ ချီးပင့်မြှောက်စားလိုသဖြင့်သာလျှင် မအပ်။ ဓမ္မသဝန သာသနာနုဂ္ဂဟ ၂-ပါး၏ အကျိုးငှါကား အပ်သည်သာတည်းဟု မှတ်ရာသတည်း။

သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ။ လ။ အန္တရဓာပေတိတိ ဧတ္ထ ကေဝလံ ပဂ္ဂဏှိတုကာမတာယ ဧဝ ကာတုံ န ဝဋ္ဋတိ၊ ဓမ္မဿ ပန သောတုံ စ သာသနဿ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ။

သာရတ္ထဒီပနီဋီကာ၊ ရင်းအဖွင့်။

အနက်ကား— သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ။ လ။ အန္တရဓာပေတိတိ ဧတ္ထ၊ ဟူသောပါဌ်၌၊ ကေဝလံ၊ သက်သက်။ ပဂ္ဂဏှိတု ကာမတာယ ဧဝ၊ အိမ်ဟွင်လူစစ် လူများချစ်သို့ အလဇ္ဇီကို ချီးပင့်လိုသည်၏ အဖြစ်ဖြင့်သာလျှင်။ ကာတုံ၊ ပြုခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ ပန၊ မအပ်သည်မှ တပါး အပ်သေးသည်ကား။ ဓမ္မဿ၊ တရားကို။ သောတုံ စ၊ နာခြင်းငှါလည်း။ သာသနဿ၊ သာသနာတော်ကို။ အနုဂ္ဂဟတ္ထာယ စ၊ ချီးမြှင့်ခြင်း အကျိုးငှါလည်း။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

ဤ သာရတ္ထဒီပနီဋီကာဖြင့် လဇ္ဇီဖြစ်သော မိမိတို့က တရားကျမ်းဂန်ကို သင်ခြင်း နာခြင်း ငှါလည်း၊ ပရိယတ္တိ ပဋိပတ္တိ စသော သာသနာတော် တက်တိုး ဖြစ်ပွားရန် လဇ္ဇီတရားကို သိအောင် အနုဓမ္မာဒနာ ဓမ္မကထာတို့ကို ပြုစေခြင်း ငှါလည်း တိုက်တွန်းကောင်း၏။ ထို အလဇ္ဇီ တို့အား လဇ္ဇီတရားကို သိအောင်၊ အလဇ္ဇီတရားကို ထိတ်လန့်အောင် တရားစကားများကို ပြောဟောအပ်သည့်၏ အဖြစ်ကိုလည်း သိရာ မှတ်ရာ၏။ အလဇ္ဇီတို့၏ အကျိုးငှါလည်း၊ မိမိ၏ အကျိုးငှါ လည်း တဏှာပေမ အာမိသဂရုအားဖြင့်ကား မပြုအပ်။ ဤအလဇ္ဇီပဂ္ဂဟအရာ၌ သမ္မာအလို တဏှာအလိုအားဖြင့် နှလုံးသွင်းအတိုင်း ဆုံးဖြတ်၍ သိအပ်၏။

တဏှာအလိုဖြင့် အလဇ္ဇီပုဂ္ဂိုလ်၏ ချီးမွမ်းပြောဆိုခြင်း ရသည်ကို စွဲ၍ အလဇ္ဇီ ရဟန်းကို ချီးပင့်မြှောက်စား ပြုမိသော လဇ္ဇီရဟန်းသည်ပင် အလဇ္ဇီဖြစ်၍ သာသနာတော်ကို ကွယ်ပျောက် စေသည်မည်၏ဟု ဝိမတိဋီကာ၌လည်း မိန့်၏။

လဇ္ဇီနာ စ အလဇ္ဇီနော ဝဏ္ဏဘဏနလာဘံ ပဋိစ္စ အာမိသဂရုကတာယ ဝါ ဂေဟဿိတပေမေန ဝါ တံ အလဇ္ဇိံ ပဂ္ဂဏှန္တော လဇ္ဇီ သာသနံ အန္တရဓာပေတိ နာမာတိ ဒဿေတိ။

ရင်း ဝိမတိဝိနောဒနီဋီကာပါဌ်။

အနက်ကား—လဇ္ဇီနာ စ၊ ဤ လဇ္ဇီပုဂ္ဂိုလ်လည်း အဋ္ဌကထာ နောက် ဝါကျပါဌ်ဖြင့်လည်း၊ အလဇ္ဇီနော၊ အလဇ္ဇီရဟန်း၏။ ဝဏ္ဏဘဏနလာဘံ၊ ဂုဏ်ကျေးဇူးစကား ချီးမွမ်းပြောဆိုခြင်းကို ရသည်ကို။ ပဋိစ္စ၊ စွဲ၍၊ အာမိသ

ဂရုကတာယ ဝါ၊ ပစ္စည်းလာဘ်လာဘ တဏှာအာမိသကို အလေးပြုသည်၏ အဖြစ်ဖြင့်ရင်း။ ဂေဟသိတပေမေန ဝါ၊ အိမ်၌နေသူ လူတို့ ချစ်ခြင်းကဲ့သို့ တဏှာနှစ်သက် စုံမက်ချစ်ခင်ခြင်းဖြင့်ရင်း။ တံ အလဇ္ဇိံ၊ ထို ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုဘိတ်သော အလဇ္ဇီရဟန်းကို၊ ပဂ္ဂဏှန္တော၊ ချီးပင့်မြှောက်စားသော၊ လဇ္ဇီ၊ လဇ္ဇီရဟန်းကောင်းသည်။ သာသနံ၊ သာသနာတော်ကို။ အန္တရဓာပေတိ နာမ၊ ကွယ်စေသည်မည်၏။ ဣတိ၊ သို့။ ဒဿေတိ၊ ပြ၏။

ဤအဋ္ဌကထာ ဋီကာတို့ဖြင့် လဇ္ဇီရဟန်းပင် အာမိသအားဖြင့်ရင်း၊ တဏှာပေမအားဖြင့်ရင်း ပဏ္ဍိတ ဗျတ္တ အလဇ္ဇီကို ဆည်းကပ်ခြင်း ချီးမြှောက်ခြင်း အနုမောဒနာ ဓမ္မကထာတို့ကို တိုက်တွန်းခြင်းတို့သည် မအပ်ကုန်သကဲ့သို့ ထို့အတူ လူဒါယကာတို့အားလည်း သားဆရာ မြေးဆရာ ဆွေဆရာ မျိုးဆရာ ထာဝရဆရာ ရပ်ဆရာ ရွာဆရာ ဟူ၍ ဂေဟသိတ တဏှာပေမဖြင့်သာ နှလုံးသွင်း၍ အလဇ္ဇီအကျင့်ကိုပင် ကြည်ညိုချီးမြှောက် ထောက်ပံ့အားပေးခြင်း စသည်ပြု၍ ဆည်းကပ်ကိုးကွယ်ခြင်းသည် ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာမဖြစ်၊ ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟအကျိုးငှာ ပဏ္ဍိတဗျတ္တ အလဇ္ဇီရဟန်းကို ဆည်းကပ်ခြင်း ချီးမြှောက်ခြင်း အနုမောဒနာ ဓမ္မကထာတို့ကို တိုက်တွန်းခြင်းတို့သည် လဇ္ဇီရဟန်းတို့အားလည်း အပ်ကုန်သကဲ့သို့ ထို့အတူ လူဒါယကာ ဒါယိကာမတို့အားလည်း တရားတော်ကို နာရခြင်း သင်ရခြင်း သရဏဂုံသီလကို ခံယူရခြင်း သံဃာတော်ဂုဏ်ကို အာရုံပြုရခြင်း စသည်ဖြင့် ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟအကျိုးငှာ အရပ်ဒေသ ကာလ အခိုက်အတန့်မျှ ဆည်းကပ်ကိုးကွယ်ခြင်းသည်လည်း ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာဖြစ်သည်သာဟူ၍ မှတ်ကုန်ရာသတည်း။

ဧကန္တ နိဗဒ္ဓ အလဇ္ဇီ ဒုဿီလမိစ္ဆာဒိဋ္ဌိ ဗာလပုဂ္ဂိုလ်မဟုတ်၊ အနေကန္တ အနိဗဒ္ဓအလဇ္ဇီ ဒုဿီလသမ္မာဒိဋ္ဌိ ပဏ္ဍိတဗျတ္တဖြစ်၍ ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟ သူတော်ကောင်းတရားကို ချီးမြှောက်သော် အမှီရသောကြောင့်လည်း သဗ္ဘိရေဝ သမာသေထ တရားတော်နှင့်လည်း အခိုက်အတန့်အားဖြင့် ညီညွတ်သည်ပင် ဆိုရပေ၏။ အလဇ္ဇီအကျင့်သဘောကိုကား လိုက်လျော၍ ချီးမြှင့်ထောက်ပံ့ခြင်းကို မပြုအပ်။ ပြုသော် မင်္ဂလာပျက်မည် မချွတ်ဖြစ်သောကြောင့် လဇ္ဇီသူတော်ကောင်းပညာရှိကိုသာ အလိုဆန္ဒများစွာရှိအပ်၏။ ဒုတိယပုစ္ဆာ၏ အဖြေ၌ ဆိုအပ်သော ပတ္တမြားကိုလည်း ဆောင်၍သိရာ၏။ ထို့ကြောင့် ဤအရာ၌လည်း ပညာပုဗ္ဗင်္ဂမ မနသိကာရ ရှိမရှိကို ဆင်ခြင်၍ သဗ္ဘိရေဝ သမာသေထ ဟူသော ဒေသနာနှင့် ညီမညီ၊ ပဏ္ဍိတာနဉ္စသေဝနာမင်္ဂလာ ဖြစ်မဖြစ်များကို ပိုင်းခြားဝေဖန် အမှန်သိအပ် မှတ်အပ်သတည်း။

အမြဲမကွာ အခါမပြတ် ဆည်းကပ်မှီဝဲ ကိုးကွယ်အပ်သော ပညာရှိ ပဏ္ဍိတ တို့ မည်သည်ကား ကုသလကမ္မပထတရား ဆယ်ပါးတို့နှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့တည်း။

တတ္ထ ပဏ္ဍိတာ နာမ ယေကေစိ ပါဏာတိပါတာ ဝေရမဏိအာဒိ ဒသ ကုသလကမ္မပထသမန္နာဂတာ သတ္တာ၊ တေ တီဟာကာရေဟိ ဇာနိတဗ္ဗာ။

ခုဒ္ဒကပါဌ၊ သုတ္တနိပါတ် မင်္ဂလသုတ်အဋ္ဌကထာပါဠိ။

**အနက်ကား—တတ္ထ ဝစနေ၊ ထိုစကား၌။ ပဏ္ဍိတာ နာမ၊ ပညာရှိတို့ မည်သည်ကား။ ယေကေစိ၊ အမှတ်မရှိကုန်သော။ ပါဏာတိပါတာ ဝေရမဏိ အာဒိ ဒသ ကုသလ ကမ္မပထ သမန္နာဂတာ၊ သူ့ဘပါးတို့၏ အသက်ကို သတ်ခြင်းမှ ကြဉ်ခြင်း အစရှိကုန်သော ကုသလ ကမ္မပထ တရား ဆယ်ပါးတို့ နှင့် ပြည့်စုံကုန်သော။ သတ္တာ၊ သတ္တဝါပုဂ္ဂိုလ်တို့သည်း။ တေ၊ ထိုပညာရှိတို့ ကို၊ တီဟိ၊ သုံးပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာ လက္ခဏာတို့ဖြင့်။ ဇာနိတဗ္ဗာ၊ သိအပ်ကုန်၏။**

ပဏ္ဍိတလက္ခဏာ သုံးပါးဟူသည်ကား။ သုစိန္တိတ စိန္တီ သုဘာသိတ ဘာသီ သုကမ္မ ကာရီတည်း။

တနည်း—မုချ ကေန္တစင်စစ် အမြဲမပြတ် ဆည်းကပ် ကိုးကွယ်အပ်သော ပညာရှိပဏ္ဍိတတို့ မည်သည်ကား ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာ သာဝက သုနေတ္တာရသေ့၊ မဟာဂေါဝိန္ဒပုဏ္ဏား၊ ဝိဓူရအမတ်၊ သရဘင်္ဂရသေ့၊ မဟောသဓာအမတ်၊ သုတသောမမင်း၊ နိမိမင်း၊ အယောဃရမင်း၊ အကတ္တိ ရသေ့ စသော မဟာဗောဓိသတ္တဘုရားအလောင်း သူတော်ကောင်းတို့ကဲ့သို့ သော ပညာရှိတို့တည်း။ ထိုဘုရားအစရှိကုန်သော ပညာရှိ ပုဂ္ဂိုလ်မြတ်တို့ သည်ကား မိမိတို့၏စကားကို လိုက်နာကုန်သောသူတို့အား ဘေးဥပဒ်တို့ကို ပယ်ဖျောက်ကုန်လျက် သဂ္ဂမောက္ခ နတ်ရွာ နိဗ္ဗာန်သို့ ကောင်းမချွတ် ဆောက်စေ တတ်ကုန်၏။

တေ ဘယေ ဝိယ ရက္ခာ အန္ဓကာရေ ဝိယ ပဒီပေါ၊ ပိပါသာဒိ ဒုက္ခာဘိဘဝေ ဝိယ အန္နပါနာဒိ ပဋိလာဘော၊ အတ္တနော ဝစန ကရာနံ သဗ္ဗဘယဥပဒ္ဒဝူပဒ္ဒဝ ဝိဒ္ဓံသန သမတ္ထာနော ဟောန္တိ။

ရှင်းအဋ္ဌကထာပါဠိ။

အနက်ကား–တော၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာ သာဝက မဟာဗောဓိသတ္တ အရှင်ရှိသော ပညာရှိတို့သည်။ ဘယေ၊ ခြင်္သေ့ သစ်ကျားစသော ဘေးရန် တွေ့ကြုံလာသည်ရှိသော်။ ရုက္ခာဝိယ၊ သစ်ပင်တို့ကဲ့သို့ရင်း။ အန္ဓကာရေ၊ ဥမင်တိုက်ခေါင် အမိုက်မှောင်၌။ ပဒီပေါဝိယ၊ ဆီမီး ကဲ့သို့ရင်း။ ပိပါသာဒိ ဒုက္ခာဘိဘဝေ၊ ဆာလောင်မွတ်သိပ်ခြင်း ဆင်းရဲဖြင့် နှိပ်စက်သော အခါ၌။ အန္နပါနာဒိ ပဏ္ဏာကာရဝိယ၊ ထမင်းအဖျော် စသည်တို့ကို ရခြင်း ကဲ့သို့ရင်း။ အတ္တာနာ၊ မိမိ၏။ ဝစနကရာနံ၊ စကားကို လိုက်နာတတ်ကုန်သော သူတို့အား။ သမ္ဗာဓာ ဥပဒ္ဒဝူပသဂ္ဂ ဝိဒ္ဓံသနသမတ္ထာနေသာ၊ ငပ်သိမ်းသော ဘေး ဥပဒ် အန္တရာယ်တို့ကို ဖျက်ဆီးခြင်းငှါစွမ် နိုင်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဤအရာ၌ ဝတ္တုသက်သေ ထုတ်ပြရန် အလွန်များလှသည်ဖြစ်၍ ပါဠိ အဋ္ဌကထာ ဋီကာကြီးများလာ တိုင်း သဘောရင် မျှကိုသာ လက္ခဏာအားဖြင့် လိမ္မာစိမ့်သောငှါ ပြ၍ အကျိုးအပြစ် ဝတ္တုသက်သေတို့ကား များစွာ မထုတ် မပြလိုက်ပြီ။ ဒုတိယ ဖြေကာ ပြခဲ့သော အကျိုးအပြစ် ဝတ္တုများကို ဆောင်၍ သိကြလေကုန်။

ဝဇိရှုပမ ဗျာကရဏ တတိယပုစ္ဆာအဖြေ ပြီးပြီ။

* * *

# စတုတ္ထ ပုစ္ဆာ

(၄) အလဇ္ဇီ ဒုဿီလမှန်းသိလျက် ဆွမ်းစသော ဒါနဝတ္ထုတို့ဖြင့် လှူဒါန်း ပူဇော် သက္ကာရပြုသော သူတို့မှာလည်း ပူဇာစ ပူဇနေယျာနံ မင်္ဂလာ ဖြစ် မဖြစ်များကို အကျိုးအပြစ် ဝဂ္ဂုသက်သေနှင့်တကွ သိလိုပါသည်ဘုရား။

---

## ဝဇိရူပမ ဗျာကရဏ စတုတ္ထပုစ္ဆာ အဖြေ

(၄) ၎င်း စတုတ္ထ လျှောက်ချက်အရ အလဇ္ဇီ ဒုဿီလမှန်းသိလျက် ဆွမ်း စသော ဒါနဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော် သက္ကာရပြုသော သူတို့မှာလည်း အလဇ္ဇီ ဒုဿီလ ရဟန်းသည် မုချကေန္တ ပူဇနေယျပုဂ္ဂိုလ် မဟုတ်သောကြောင့် အခါခပ်သိမ်း မင်္ဂလာ မဖြစ်ရာ။ အလဇ္ဇီ ဒုဿီလ အကျင့်အယူကို သဘောတူ စိတ်တူ နှစ်သက်ကြည်ညိုသည်ဖြစ်၍ ဂေဟာသိတ ပေမတဏှာအားဖြင့် ပေးကမ်း ပူဇော်ခြင်းသည် မအပ်၊ သာသနာတော်ကို ကွယ်စေသော သာသနာပျက် ပုဂ္ဂိုလ်မည်သောကြောင့် ထိုအလဇ္ဇီ ဒုဿီလတို့သည် ကေန္တနိဗဒ္ဓအားဖြင့် သူတော်ကောင်း တရားမရှိ မဘည်သောကြောင့်၎င်း၊ ပူဇာစ ပူဇနေယျာနံ မင်္ဂလာမဖြစ်၊ စင်စစ် နှုတ်ရှာ မဂ်ဖိုလ် အကျိုးမရှိဟု မှတ်ရာ၏။ ဂေဟာသိတ ပေမတဏှာမရှိ ယောနိသောမနသိကာရ သဒ္ဓါပညာပြဋ္ဌာန်းသဖြင့် သံဃာ တော်ဟု ရည်မှတ်၍ လှူဒါန်းပူဇော်သက္ကာရပြုမှုကား ထို အလဇ္ဇီ ဒုဿီလ ရဟန်းသည်လည်း သံဃပရိယာပန္န ဖြစ်သောကြောင့် အနေကန္တ ဥပစာရ အားဖြင့်၎င်း၊ ပူဇာစ ပူဇနေယျာနံ မင်္ဂလာဖြစ်သဖြင့် စင်စစ် နှုတ်ရှာမဂ်ဖိုလ် အကျိုးရှိသည်သာဖြစ်၏ဟု မှတ်ရာသတည်း။ ကောသမ္ဗက ရဟန်းတို့ကို ကောသမ္ဗကဥပါသကာတို့ လှူဒါန်းပူဇော်ခြင်း စသည်တို့ကို မပြုကြကုန်သည် ကား အကျိုးမရှိ အပြစ်ရှိသောကြောင့်မဟုတ်၊ ထိုရဟန်းတို့၏ အပြစ် အလျောက် ပြုကြကုန်သည်သာဟု နှလုံးသွင်းရာ၏။ ဤ ဓရာ၌ ဝိနည်းသိက္ခာ ပုဒ်အားဖြင့် ရဟန်းများက ဆစပြုမှု၍ ပြအံ့။

ရဟန်းတို့၌ အာမိသ သံဘောဂ ဓမ္မ သံဘောဂဟူ၍ ဆက်ဆံသုံးဆောင်ခြင်းသည် ၂-ပါးတို့တည်း။ ထို ၂-ပါးတို့တွင် မိမိက ဆွမ်းသင်္ကန်း စသော ပစ္စည်းအာမိသကို တပါးသော ရဟန်းတို့အား ပေးကမ်းခြင်း၊ တပါးသော ရဟန်းတို့က ပေးကမ်းသည်ကို ခံယူခြင်းသည် အာမိသသံဘောဂမည်၏။ ထို အာမိသသံဘောဂဖြင့် ဥက္ကဋ္ဌက အလဇ္ဇီရဟန်း၌ ပေးခြင်း ယူခြင်း ပြုမိအံ့၊ ပါစိတ်အာပတ် သင့်၏။ ပါဠိကျမ်းဂန်ကို မိမိက ပို့ချခြင်း၊ သူတပါးကို ပို့ချစေ၍ မိမိက သင်ယူခြင်းသည် ဓမ္မသံဘောဂမည်၏။ ထိုဓမ္မသံဘောဂဖြင့် ဥက္ကဋ္ဌက အလဇ္ဇီရဟန်း၌ ပုဒ်ဖြင့် ပါဠိကျမ်းဂန်ကို မိမိက ပို့ချခြင်း၊ သူ့ကို ပို့ချစေ၍ မိမိ သင်ယူခြင်းကိုပြုအံ့၊ ပုဒ်တိုင်း ပုဒ်တိုင်း ပါစိတ်အာပတ်သင့်၏။ အက္ခရာဖြင့် ပို့ချခြင်း ပို့ချစေခြင်းကို ပြုအံ့၊ အက္ခရာတိုင်း အက္ခရာတိုင်း ပါစိတ်အာပတ်သင့်၏ဟု ဝိဘင်းပါဠိတော်၌ ပညတ်တော်မူ၏။

> သံဘုဉ္ဇေယျ ဝါတိ သံဘောဂေါ နာမ ဒွေ သံဘောဂါ အာမိသ သံဘောဂေါ စ ဓမ္မသံဘောဂေါ စ။ အာမိသသံဘောဂေါ နာမ၊ အာမိသံ ဒေတိ ဝါ ပဋိဂ္ဂဏှာတိ ဝါ အာပတ္တိ ပါစိတ္တိယဿ။ ဓမ္မသံဘောဂေါ နာမ ဥဒ္ဒိသတိ ဝါ ဥဒ္ဒိသာပေတိ ဝါ၊ ပဒေန ဥဒ္ဒိသတိ ဝါ ဥဒ္ဒိသာပေတိ ဝါ ပဒေ ပဒေ အာပတ္တိ ပါစိတ္တိယဿ။ အက္ခရာယ ဥဒ္ဒိသတိ ဝါ ဥဒ္ဒိသာပေတိ ဝါ အက္ခရက္ခရာယ အာပတ္တိ ပါစိတ္တိယဿ။
>
> ဥက္ခိတ္တသံဘောဂသိက္ခာပုဒ် ပဒဘာဇနီပါဠိတော်။

အနက်ကား—သံဘုဉ္ဇေယျ ဝါတိ တွင်၊ သံဘုဉ္ဇေယျ ဝါဟူသော မာတိကာ ပုဒ်၌။ သံဘောဂေါ နာမ၊ သံဘောဂ မည်သည်ကား။ အာမိသသံဘောဂေါ စ၊ အာမိသ သံဘောဂရင်း။ ဓမ္မသံဘောဂေါ စ၊ ဓမ္မသံဘောဂရင်း။ ဣတိ၊ သို့။ ဒွေ၊ ၂-ပါးကုန်သော။ သံဘောဂါ၊ သံဘောဂတို့သည်။ ဝါ၊ တကွ သုံးဆောင်ခြင်းတို့သည်။ သံဘောဂါ နာမ၊ သံဘောဂမည်ကုန်၏။ အာမိသသံဘောဂေါ နာမ၊ အာမိသ သံဘောဂ မည်သည်ကား။ အာမိသံ၊ သင်္ကန်း ဆွမ်း ကျောင်း စသော ပစ္စည်းအာမိသကို။ ဒေတိ ဝါ၊ မိမိမူလည်း ပေးအံ့။ ပဋိဂ္ဂဏှာတိ ဝါ၊ ပေးသည်ကိုလည်း မိမိကိုယ်တိုင် ခံယူအံ့။ ပါစိတ္တိယဿ၊ ပါစိတ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ၏။ ဓမ္မသံဘောဂေါ နာမ၊ ဓမ္မသံဘောဂ မည်သည်ကား။ ဥဒ္ဒိသတိ ဝါ၊ မိမိမူလည်း ပို့ချငြားအံ့။ ဥဒ္ဒိသာပေတိ ဝါ၊ သူ့ကိုမူလည်း ပို့ချစေငြားအံ့။ ပဒေန၊ ဂါထာပဒ ဝိဘတျန္တပဒအားဖြင့်။ ဥဒ္ဒိသတိ ဝါ၊ မိမိမူလည်း ပို့ချငြားအံ့။ ဥဒ္ဒိသာပေတိ ဝါ၊ သူ့ကိုမူလည်း မိမိကို ပို့ချစေငြားအံ့။ ပဒေ ပဒေ၊ ပဒတိုင်း ပဒတိုင်း ပုဒ်တိုင်း ပုဒ်တိုင်း။ ပါစိတ္တိယဿ၊

သို့၊ အဝပတ္တိ၊ သည်။ ဟောတိ၊ ၏။ အက္ခရေန၊ တလုံးစီသော အက္ခရာဖြင့်။ ဥဒ္ဒိသတိ ဝါ၊ အံ့။ ဥဒ္ဒိသာခေတိ ဝါ၊ ပြောအံ့။ အက္ခရက္ခရာယ၊ အက္ခရာ အက္ခရာ အရေအတွက်အတိုင်း၊ ပါစိတ္တိယဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။

ဥက္ခိတ္တကပုဂ္ဂိုလ်မှ တပါးသော အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့ကို ဓမ္မသံဘောဂ အာမိသသံဘောဂပြုသော ရဟန်းအား အလဇ္ဇီ ပရိဘောဂ ဒုက္ကဋ် အာပတ် သင့်၏ဟု ရှုပိယသိက္ခာပုဒ် အဋ္ဌကထာ၌ မိန့်၏။ ဤသို့ အလဇ္ဇီ ဥက္ခိတ္တက တို့အား သံဘောဂ ပရိဘောဂ မအပ်ဟူရာ၌လည်း မိမိလက်ဖြင့် ပေးခြင်း သဟတ္ထဒါန၏ အစွမ်းဖြင့်သာ ပိုင်းခြားအပ်၏။ သူတပါးကို စေခိုင်း၍ ပေးစေ ခြင်းငှါကား အပ်၏ဟု အနုဂဏ္ဍိပုဒ်၌ ဆိုကြောင်းကို ဝဇိရဗုဒ္ဓိဋီကာ၌ မိန့်သ တည်း။

> အနုဂဏ္ဍိပဒေ ပန အလဇ္ဇီပရိဘောဂေါ သဟတ္ထဒါနဝသေန ပရိစ္ဆိန္ဒိတဗ္ဗော၊ သာရဏီယဓမ္မပူရကာဒယော ဒဿေတွာ အလဇ္ဇိဿ သဟတ္ထာ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တာနံ ဝါဒေါ ပဋိသေဓိတဗ္ဗော၊ ကထံ ဥက္ခိတ္တကဿ သဟတ္ထာ ဒါတုံ န ဝဋ္ဋတီတိ ဝိနိစ္ဆယာနုသာရေန ဒါပေတုံ ပန ဝဋ္ဋတေဝါတိ စ။
>
> မဟာဝါ ပဗ္ဗဇ္ဇာခန္ဓကအဖွင့် ဝဇိရဗုဒ္ဓိဋီကာပါဠိ။

အနက်တား—အနုဂဏ္ဍိပဒေ ပန၊ အနုဂဏ္ဍိပုဒ်၌ကား။ အလဇ္ဇီပရိဘောဂေါ၊ အလဇ္ဇီပရိဘောဂကို။ သဟတ္ထဒါနဝသေန၊ မိမိလက်ဖြင့် ပေးခြင်း အစရှိ သည်၏ အစွမ်းဖြင့်။ ပရိစ္ဆိန္ဒိတဗ္ဗော၊ ပိုင်းခြားအပ်၏။ သာရဏီယဓမ္မ ပူရကာဒယော၊ သာရဏီယ အကျင့်ဝတ်ကို ဖြည့်ကုန်သော ရဟန်းစသည်တို့ကို။ ဒဿေတွာ၊ ပြ၍။ အလဇ္ဇိဿ၊ အလဇ္ဇီရဟန်းအား။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ သို့။ ဝဒန္တာနံ၊ ဆိုကုန်သော ဆရာတို့၏။ ဝါဒေါ၊ ဒေယူကို။ ပဋိသေဓိတဗ္ဗော မြစ်အပ်ပယ်အပ်၏။ ကထံ၊ အဘယ်သို့ သော အကြောင်းဖြင့်။ ပဋိသေဓိတဗ္ဗော၊ မြစ်အပ်ပယ်အပ်သနည်း။ ဥက္ခိတ္တ ကဿ၊ ဥက္ခိတ္တက ရဟန်းအား။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ဒါတုံ၊ ပေးခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ သို့။ ဝိနိစ္ဆယာနုသာရေန၊ အဆုံးအဖြတ်ကို အစဉ်မှီး သဖြင့်။ ပဋိသေဓိတဗ္ဗော၊ မြစ်အပ်ပယ်အပ်၏။ ဒါပေတုံ ပန၊ သူတပါးကို ခိုင်း၍ ပေးစေခြင်းငှါကား။ ဝါ၊ ပေးစေခြင်းသည်ကား။ ဝဋ္ဋတေဝ၊ အပ်သည်သာ လျှင်တည်း။ ဣတိ စ၊ ဤသို့လည်း။ ဝဒန္တိ၊ ဆိုကုန်၏။

ဤ အနုဂဏ္ဍိပုဒ်ဆရာတို့၏ စကား၌။ သာရဏီယ။လ။ ပဋိသေဝိတဗ္ဗော ဟူသောပါဠိဖြင့် သာရဏီယဓမ္မကို ဖြည့်သော ရဟန်းတို့ကို ပြ၍ အလဇ္ဇီအား မိမိလက်ဖြင့် ပေးအပ်၏ ဟူသော ဝါဒသည် သီလဝန္တေဟိတိ ဝစနတော ဒုဿီလဿ အဒါတုံပိ ဝဋ္ဋတိ ဟူသော ပရိဝါ အဋ္ဌကထာ၊ သုတ်မဟာဝါအဋ္ဌကထာ၊ အင်္ဂုတ္တရအဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာတို့၌ အဒါတုံပိဟု ဇပိသဒ္ဒါဖြင့် ဒါတုံပိဟူ၍လည်း ရအပ်သော ဒုဿီလအား ပေးသည်ရှိသော် မိမိလက်ဖြင့်လည်း ပေးရာသည်ကို ရည်၍ ဆိုဖွယ်ရှိ၏။ အလဇ္ဇီ ပရိဘောဂေ၊လ။ ပရိစ္စိန္နိတဗ္ဗော၊ ကထံ ဥက္ကိတ္တကာဿ။လ။ ဝဋ္ဋတေဝ ဟူသော အနုဂဏ္ဍိဆရာတို့၏ ဝါဒ၌ အလဇ္ဇီရဟန်းအား မိမိလက်ဖြင့် မပေးအပ်၊ သူတပါးကို ခိုင်း၍ ပေးစေခြင်းငှါကား အင်၏ဟူသော စကားသည်ကား အာမိသံ ဒေတိ ဝါ ပဋိဂ္ဂဏှာတိ ဝါ အာပတ္တိ ပါစိတ္တိယဿ ဟူသော ဝိဘင်းပါဠိတော်၌ ဒေတိဟူသော သုဒ္ဓကြိယာပုဒ်ကို ထောက်၍ ယူသည်ဖြစ်ရာ၏။ ဤ သိက္ခာပုဒ်အဖွင့် မာတိကာ အဋ္ဌကထာ၌ အနာဏတ္တိကဟု ဆိုခြင်းကြောင့် သင့်သည်လည်း ဖြစ်ရာ၏။

သာရဏီယဓမ္မ ပူရကကထာကိုကား သုတ္တန်အဋ္ဌကထာ၊ ဝိနည်းအဋ္ဌကထာတို့ မိန့်ဆိုကုန်၏။

> သီလဝန္တေဟိတိ ဝစနတော ဒုဿီလဿ အဒါတုံပိ ဝဋ္ဋတိ၊ သာရဏီယဓမ္မပူရကေန ပန သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ ဝုတ္တံ။

ပရိဝါ အဋ္ဌကထာ၊ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၊ ဆက္ကင်္ဂုတ္တရ အဋ္ဌကထာ၊ မူလပဏ္ဏာသ ကောသမ္ဗကသုတ်အဋ္ဌကထာ။

အနက်ကား— သီလဝန္တေဟိတိ၊ သီလဝန္တေဟိဟူ၍။ ဝစနတော၊ ပါဠိတော်တို့၌ ဟောတော်မူသောကြောင့်။ ဒုဿီလဿ၊ ဒုဿီလရဟန်းအား။ အဒါတုံပိ၊ မပေးခြင်းငှါလည်း။ ဝါ၊ မပေးခြင်းသည်လည်း။ ဝဋ္ဋတိ၊ အင်၏၊ သာရဏီယဓမ္မ ပူရကေန ပန၊ သာရဏီယ တရားကို ဖြည့်သော ရဟန်းသည်ကား။ သဗ္ဗေသံ၊ အလုံးစုံ အလိုရှိသမျှ ရဟန်းတို့အား။ ဒါတဗ္ဗမေဝ၊ ထေရာသနကစ၍ အလိုရှိတိုင်း ပေးအပ်သလျှင်ကတည်း။ ဣတိ၊ သို့။ ဝုတ္တံ၊ ဆိုအပ်၏။

ဤ အဋ္ဌကထာတို့၌ ဒုဿီလအား မပေးခြင်းငှါလည်း အပ်၏ဟု ဆိုအပ်သောကြောင့် ဒုဿီလရဟန်းအား ပေးခြင်းငှါ မအင်ဟူသည် အလဇ္ဇီ ပရိဘောဂ ဒုက္ကဋ်အာပတ်ကို မြစ်ပယ်၏ဟု ဝဇီရဗုဒ္ဓိ၌ မိန့်၏။

ဒုဿီလဿ အဒါတုံပိ ဝဋ္ဋတီတိ ဝုတ္တတ္တာ ဧဝ အလဇ္ဇီပရိဘောဂေါ
ဝါရိတော။

ရှင်း ပရိဝါ ဝဇီရဗုဒ္ဓိဋီကာပါဌ်။

အနက်ကား—ဒုဿီလဿ၊ ဒုဿီလရဟန်းအား။ အဒါတုံပိ၊ မပေးခြင်းငှါ
လည်း။ ဝဋ္ဋတီတိ၊ အပ်၏ဟူ၍။ ဝုတ္တတ္တာ ဧဝ၊ အဋ္ဌကထာ မိန့်ဆိုအပ်သည်၏
အဖြစ်ကြောင့်သာလျှင်။ အလဇ္ဇီ ပရိဘောဂေါ၊ အလဇ္ဇီ ပရိဘောဂကို။ ဝါရိ
တော၊ မြစ်ပယ်အပ်သတည်း။

ဤအလိုဖြင့်ကား ဝေဿဝေမ ပဂ္ဂဟဖြင့် ပေးမိမူ အလဇ္ဇီပရိဘောဂဖြစ်ရာ
သည်ကို ပြ၏။

သဗ္ဗေသံ ဒါတဗ္ဗမေဝ ဟူသောပါဌ်ဖြင့် မှချဆုံးဖြတ်သဖြင့် အလဇ္ဇီမှန်း မသိ
သော ရဟန်းသည် ဒုဿီလကို မပေး၊ သီလဝန္တကိုသာ ပေးအံ့ဟု ပုဂ္ဂိုလ်ကို
ဝေဖန်ခြင်း ပုဂ္ဂလဝိဘာဂကို မပြုမူ၍ ပေးအပ်သည်၏ အဖြစ်ကို ပြ၏ဟု
ကေဆရာတို့ဝါဒကို ဝဇီရဗုဒ္ဓိ၌ ပြ၏။

သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ သန္နိဋ္ဌာနေန အဇာနန္တေန ဝိဘာဂံ အက
တွာ ဒါတဗ္ဗဘာဝံ ဒီပေတီတိ ကေ။

ရှင်းဝဇီရဗုဒ္ဓိဋီကာပါဌ်။

အနက်ကား—သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ ဣမိနာ၊ သဗ္ဗေသံ ဒါတဗ္ဗမေဝ
ဟူသော ဤပါဌ်ဖြင့် သန္နိဋ္ဌာနေန၊ ဆုံးဖြတ်သဖြင့်။ တနည်း။ သဗ္ဗေသံ ဒါတဗ္ဗ
မေဝါ တိ ဧတ္ထ၊ ၌။ သန္နိဋ္ဌာနေန၊ ဝေသဒ္ဒါ၏ သန္နိဋ္ဌာနဖြင့်။ အဇာနန္တေန၊
အလဇ္ဇီဟု မသိသော ရဟန်းသည်။ ဝိဘာဂံ၊ ပုဂ္ဂိုလ်ကို ဝေဖန်ခြင်း ပုဂ္ဂလ
ဝိဘာဂကို။ အကတွာ၊ မပြုမူ၍။ ဒါတဗ္ဗဘာဝံ၊ ပေးအပ်သည်၏ အဖြစ်ကို။
ဒီပေတိ၊ အဋ္ဌကထာပြ၏။ ဣတိ၊ သို့။ ကေ၊ အချို့ကုန်သော ဆရာတို့သည်။
ဝဒန္တိ။ ဆိုကုန်၏။

ဤကေဝါဒဖြင့် ဤကား ဒုဿီလဟု သန္နိဋ္ဌာန်အားဖြင့်သိမူ မပေးသော်
လည်း အပ်၏။ သာရဏီယဝတ် မပျက်။ မသိမူကား ဤကား ဒုဿီလလေ
လေဟု တွေးတောသဖြင့် ဒုဿီလ်အား မပေးဟူ၍ ပုဂ္ဂိုလ်ကို ခွဲခြမ်းခန့်ခြင်း
မပြုပဲ ရဟန်းရှိသမျှ အလုံးစုံအားပင် ပေးအပ်သည်ဟူလို။

တပါးလည်း အလဇ္ဇီရဟန်း ဥက္ခိတ္တကရဟန်းတို့အား ပရိဘောဂကို အရင်းမူ
၍ဖြင့် မိမိလက်ဖြင့် မပေးအပ်။ သူတပါးကိုခိုင်း၍ကား ပေးစေအပ်ဟု အပရေ
ဝါဒကို ရှင်းဝဇီရဗုဒ္ဓိ၌ပင် ပြ၏။

> သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ စုတ္တာအဋ္ဌကထာသု တတ္ထ အလဗ္ဘိ ဥက္ကိဋ္ဌကာနံ ပရိဘောဂသီသေန သဟတ္ထာ န ဒါတဗ္ဗံ၊ ဒါပေတဗ္ဗန္တိ အာ ရေယှိ ဝုတ္တံ။

ဝင်း၀ဇီရဗုဒ္ဓိဋီကာပါဠိ။

အနက်ကား—သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ၊ သဗ္ဗေသံ ဒါတဗ္ဗမေဝ ဟူ၍။ စုတ္တာအဋ္ဌကထာသု၊ မိန့်ဆိုအပ်သော အဋ္ဌကထာတို့၌။ တတ္ထ၊ ထို အလုံးစုံသော ရဟန်းတို့တွင်။ အလဇ္ဇီ ဥက္ကိဋ္ဌကာနံ၊ အလဇ္ဇီ ရဟန်း ဥက္ကိဋ္ဌကရဟန်းတို့အား။ သဟတ္ထာ၊ မိမိလက်ဖြင့်။ န ဒါတဗ္ဗံ၊ မပေးအပ်။ ဒါပေတဗ္ဗံ၊ သူတပါးကို ပေးစေအပ်၏။ ဣတိ၊ သို့။ အာပရေယှိ၊ တပါးသော ဆရာတို့သည်။ ဝုတ္တံ၊ ဆိုအပ်၏။

ဤ အပရေဆရာတို့ဝါဒဖြင့်ကား အလုံးစုံသော ရဟန်းတို့အား ပေးအပ်သည်သာဟု ဆိုသော်လည်း အလဇ္ဇီရဟန်း ဥက္ကိဋ္ဌကရဟန်းတို့အား မိမိလက်ဖြင့် ကိုယ်တိုင်မပေးအပ်။ သူတပါးကို စေခိုင်း၍ကား ပေးစေအပ်၏ ဟူလို။

မူလပဏ္ဏာသဋီကာ၌ကား ယူခြင်းငှာ အလိုရှိသော ဒုဿီလအားလည်း ပေးသင့်သော အကြောင်းရှိသော် ပေးအပ်၏။ ဒါနမည်သည်ကို တစုံတ ယောက်သော ကေန္တ အနေကန္တ ဒုဿီလအား မဘားမဖြစ်အပ် ဟူ၍မိန့်၏။

> အဒါတုမ္ပိတိ ပိသဒ္ဒေန ဒုဿီလဿာပိ အတ္ထိကဿ သတိ သမ္ဘဝေ ဒါတဗ္ဗန္တိ ဒဿေတိ။ ဒါနံ ဟိ နာမ ကဿစိ န နိဝါရိတံ။

မူလပဏ္ဏာသဋီကာ ကောသမ္ဗကသုတ် အဖွင့်။

အနက်ကား—အဒါတုမ္ပိတိ ဧတ္ထ၊ အဒါတုမ္ပိ ဟူသော ပုဒ်တို့၌။ ပိသဒ္ဒေန၊ ပိသဒ္ဒါဖြင့်၊ အတ္ထိကဿ၊ အလိုရှိသော။ ဒုဿီလဿာပိ၊ ဒုဿီလ ရဟန်းအားလည်း။ သမ္ဘဝေ၊ ပေးသင့်သောအကြောင်းသည်။ သတိ၊ ရှိသော်။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣတိ၊ သို့။ ဒဿေတိ၊ ပြ၏။ ဟိ သစ္စံ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဒါနံ နာမ၊ ဒါနမည်သည်ကား။ ဝါ၊ အလှူပေးခြင်းမည်သည်ကား။ ကဿစိ၊ တစုံတယောက်သော ဒုဿီလပုဂ္ဂိုလ်အားလည်း။ န နိဝါရိတံ၊ မဖြစ် မဘားအပ်။ တသ္မာ၊ ထိုကြောင့်။ ဒါတဗ္ဗံ၊ ပေးအင်၏။

ဤဋီကာအလိုအားဖြင့် ဒုဿီလရဟန်းက အလိုရှိသော် ပေးအပ်၏။ ပေးသော်လည်း ပေးသင့်သောအကြောင်းရှိသော်သာ ပေးအပ်၏။ အလိုမရှိသော်ငင်း၊ အလိုရှိ၍ပေးသော်ငင်း အကြောင်းမရှိသော် မပေးအပ်။ ပေးသင့်

သော အကြောင်းမရှိပဲ ပေးသော် အလဇ္ဇီပရိဘောဂ အလဇ္ဇီပဂ္ဂဟမှ မလွတ်ရာဟူလို။

ဤ မူလပဏ္ဏာသဋီကာ၌ ပေးသင့်သော သမ္မာဝအကြောင်းကို ထင်စွာမပြ။ သုတ်မဟာဝါဋီကာ၊ ပရိဝါဋီကာ၊ ဘေရသဂဏ်- ဆက္ကဂ္ဂုတ္တရ မဟာဋီကာ တို့၌ကား ထရဏာအကြောင်းရှိသော် ပေးအပ်၏ဟု ထင်စွာ မိန့်ဆိုကုန်သတည်း။

အဒါတုမ္ပိတိ ပိသဒ္ဒေန ဒါတုမ္ပိ ဝဋ္ဋတီတိ ဒဿေတိ၊ တဥ္စ ကရုဏာယ နဝသေန န ဝတ္တပူရဏဝသေန။

သုတ်မဟာဝါဋီကာ၊ မဟာပရိနိဗ္ဗာနသုတ်အဖွင့်။

အဒါတုမ္ပိတိ ပိသဒ္ဒေန ဒါတုမ္ပိ ဝဋ္ဋတီတိ ဒဿေတိ၊ ဒါနံ ဟိ နာမ န ကဿစိ နိဝါရိတံ၊ တေန ဒုဿီလဿာပိ ဇတ္တိဂဿ သတိ သမ္ဘဝေ ဒါတဗ္ဗံ၊ တဥ္စ ခေါ ကရုဏာယနဝသေန န ဝတ္တပူရဏဝသေန သာရဏီယဓမ္မပူရဏဿ အပ္ပဋိဝိဘတ္တဘောဂိတာယ သမ္ဗေသံ ဒါတဗ္ဗမေဝါတိ ဝုတ္တံ။

ပရိဝါဋီကာ ဘေရသကဏ်၊ ဆက္ကဂ္ဂုတ္တရ မဟာဋီကာကြီး။

အနက်ကား-အဒါတုမ္ပိတိ ဌေ၌၊ ၌။ ပိသဒ္ဒေန၊ ပိသဒ္ဒါဖြင့်။ ဒါတုမ္ပိ၊ ပေးခြင်းငှာလည်း။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ သို့။ ဒဿေတိ၊ပြ၏။ တဥ္စ၊ ထိုပေးခြင်းသည်လည်း။ ကရုဏာယနဝသေန၊ သနားခြင်း၏ အစွမ်းဖြင့်။ ဝဋ္ဋတိ၊ ၏။ ဝတ္တပူရဏဝသေန၊ သာရဏီယဝတ်ကို ဖြည့်ခြင်း၏ အစွမ်းဖြင့်။ န ဝဋ္ဋတိ။ မအပ်။ (သုတ်မဟာဝါဋီကာအနက်။)

အဒါတုမ္ပိတိ၊ ၌။ ပိသဒ္ဒေန၊ ဖြင့်။ ဒါတုမ္ပိ၊ ငှာလည်း။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။ ဟိ သစ္စံ။ မှန်၏။ ဒါနံ နာမ၊ ဒါနမည်သည်ကား။ ဓေါ၊ အလှူပေးခြင်းမည်သည်ကား။ ကဿစိ၊ တစုံတယောက်သော ဒုဿီလအား။ န နိဝါရိတံ၊ မမြစ်မတားအပ်။ တေန၊ ထိုကြောင့်။ ဇတ္တိကဿ၊ အလိုရှိသော။ ဒုဿီလဿာပိ၊ ဒုဿီလရဟန်းအားလည်း။ သမ္ဘဝေ၊ ပေးသင့်သော အကြောင်းသည်။ သတိ၊ ရှိသော်။ ဒါတဗ္ဗံ၊ ပေးအပ်၏။ တဥ္စ ခေါ၊ ထိုပေးခြင်းအကြောင်းသည်လည်း။ ကရုဏာယနဝသေန၊ သနားခြင်း၏ အစွမ်းဖြင့်။ ဟောတိ၊ ၏။ ဝတ္တပူရဏဝသေန၊ သာရဏီယဝတ်ကိုဖြည့်ခြင်း၏ အစွမ်းဖြင့်။ န၊ မဟုတ်။ သာရဏီယဓမ္မပူရဏဿ၊ သာရဏီယ အကျင့်ကို ဖြည့်သောရဟန်း၏။ အပ္ပဋိဝိဘတ္တဘောဂိတာယ၊ မခွဲခြမ်းသော သုံးဆောင်

ခြင်း ရှိသည်၏အဖြစ်ကြောင့်။ သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ၊ သဗ္ဗေသံ ဒါတဗ္ဗမေဝ ဟူ၍၊ ဝုတ္တံ၊ အဋ္ဌကထာဆိုအပ်၏။

ဤသို့ ပြုံးပြီးသော ပဏ္ဏာသဋီကာ၊ သုတ်မဟာဝါဋီကာ၊ ပရိဝါဋီကာ၊ အင်္ဂုတ္တရမဟာဋီကာကြီး ဘုံဖြင့်ကား သာရဏီယဝတ်ကိုဖြည့်သော ရဟန်းသည် ကရုဏာဖြစ်သင့်သည် ရှိသော် မိမိလက်ဖြင့် သော်ရင်း၊ သူတပါးကို စေခိုင်း သဖြင့် သော်ရင်း အမှတ်မရှိသော ပေးခြင်းဖြင့်ပင် ဒုဿီလအလဇ္ဇီရဟန်းအား လည်း ပေးအပ်သည်၏ အဖြစ်ကို ပြတော်မူကုန်၏၊ သာရဏီယဝတ်ကို ဖြည့် သော ရဟန်းသာ ကရုဏာအားဖြင့် ပေးအပ်၏။ တပါးသော ရဟန်းတို့သည် ကား မအပ်သကဲ့သို့ ပြကုန်သော်လည်း ထိုအတိုင်းမမှတ်အပ်။ အဘယ့်ကြောင့် နည်း။ သာရဏီယဝတ်ကို ဖြည့်သောရဟန်းနှင့် တပါးသော ရဟန်းတို့၏ သံဘောဂ ပရိဘောဂ သိက္ခာပုဒ်သည် မထူးခြားကြပြီ ဖြစ်သောကြောင့် သာရဏီယဝတ်ကို ဖြည့်သောရဟန်းအား အပ်လျှင်လည်း တပါးသောရဟန်း တို့အား အပ်ကောင်း သည်သာဟု သန္နိဋ္ဌာန်ကျကျ မှတ်ကုန်ရာ၏၊ သို့ဖြစ်၍ အလဇ္ဇီဒုဿီလရဟန်း ဥက္ခိတ္တကရဟန်းတို့အား ဝဇီရဗုဒ္ဓိအလို၊ ကောဆရာ တို့၏အလို၊ အနုဋီဆရာတို့၏အလိုအားဖြင့် သူတပါးကို စေခိုင်း၍ ပေးစေ ခြင်းငှာအပ်၏။ ပဏ္ဏာသဋီကာ၊ သုတ်မဟာဝါဋီကာ၊ ပရိဝါဋီကာ တေရ သကဏ်၊ အင်္ဂုတ္တရမဟာဋီကာတို့ အလိုအားဖြင့်ကား သနားခြင်း ကရုဏာ ဖြစ်သင့်သည်ရှိသော် ကရုဏာအစွမ်းဖြင့် မိမိကိုယ်တိုင်ပင် ပေးခြင်းငှာ အပ်၏။

ဒါနံ ဟိ နာမ ယဿ ကဿစိ န နိဝါရိတံဟူ၍ ရှင်ဋီကာကြီးတို့ မိန့်ဆိုကုန် သောကြောင့် ရဟန်းဖြစ်သောသူ လူဖြစ်သောသူတို့၏ ဒါနမည်သည်ကို တစုံတယောက်သော ကေန္တ အနေကန္တ အလဇ္ဇီဒုဿီလအားလည်း မတား မမြစ်အပ်ဟူ၍ ဆတ်ဆတ်ကော် အမှန်မုချ မှတ်ကုန်ရာသတည်း။ ထို့ကြောင့် ရဟန်းဖြစ်သောသူ လူဖြစ်သောသူတို့သာ အလဇ္ဇီဒုဿီလရဟန်းတို့အား အလဇ္ဇီပုဂ္ဂလမဖြစ်စေပဲ ကရုဏာအားဖြင့်ရင်း၊ ဒါနစေတနာအားဖြင့်ရင်း ပုဂ္ဂလဝိဘာဂမပြုမူ၍ ပန်းနံ့သာနေရာ ဆွမ်းစသည်တို့ဖြင့် ချီးမြှင့်ခြင်းတည်း ဟူသော ပူဇာသက္ကာရ ဒါနစေတနာတို့ဖြင့် ပေးလှူပူဇော်ခြင်းကို ပြုအပ် သည်သာ ဖြစ်ပေ၏။ ဤအကြောင်းကို ပဉ္စင်္ဂုတ္တရပါဠိတော်အဋ္ဌကထာတို့၌လာ သော ကဿပဘုရားသခင် သာသနာတော်၌ ဘတ္တဂ္ဂဝတ် သာရဏီယဝတ်ကို ဖြည့်ဘူးသော ရဟန်း၏ဝတ္ထုကိုရင်း သိအပ်၏။ ဒက္ခိဏာဝိဘင်းသုတ်၌လည်း ကာသာဝကဏ္ဌမျှဖြစ်သော ဂေါတြဘူရဟန်းတို့၌လည်း သံဃဂတဒါနသည် အသင်္ချေယျအကျိုးရှိကြောင်း လာ၏။

ဤ ပူဇာစ ပူဇနေယျာနံ၌ ဘုရားပစ္စေကဗုဒ္ဓအရိယာတို့သည်ကား အလုံး စုံ ကိလေသာအပြစ်ကင်းကုန်ပြီ သောကြောင့်ရင်း၊ အလုံးစုံ သီလစသော

ဂုဏ်ကျေးဇူး တို့နှင့် ပြည့်စုံသောကြောင့်ရင်း မုချကေန္တ ပူဇနေယျ ပုဂ္ဂိုလ်တို့မည်ကုန်၏။ ထိုကေန္တ ပူဇနေယျပုဂ္ဂိုလ်မြတ်တို့အား အနည်းငယ်မျှ ပူဇော်ရကုန်သောသူတို့အား ရှည်ကြာလေးမြင့်စွာ ကာလပတ်လုံး အကျိုးစီးပွားများစွာဖြစ်ဘတ်ပေ၏ဟူ၍ မှတ်ရာ၏။

တတ္ထ ပူဇနေယျာ နာမ သဗ္ဗဒေါသဝိရဟိတတ္တာ သဗ္ဗဂုဏသမန္နာဂတတ္တာ စ ဗုဒ္ဓါ ဘဂဝန္တော တထာ ပစ္စာ ပစ္စေကသမ္ဗုဒ္ဓါ အရိယသာဝကာ စ၊ တေသံ ဟိ ပူဇာ အပ္ပကာပိ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ၊ သုမနမာလာကာရာဒယော စေတ္ထ နိဒဿနံ။

ခုဒ္ဒကပါဌ သုတ္တနိပါတ် မင်္ဂလသုတ်အဋ္ဌကထာပါဌ်။

အနက်ကား—တတ္ထ ဝစနေ၊ ထိုစကား၌။ ပူဇနေယျာ နာမ၊ ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့မည်သည်ကား။ သဗ္ဗဒေါသ ဝိရဟိတတ္တာ စ၊ အလုံးစုံသော အပြစ်တို့မှ ကင်းပြီးသည်၏ အဖြစ်ကြောင့်ရင်း။ သဗ္ဗဂုဏ သမန္နာဂတတ္တာ စ၊ အလုံးစုံသော သီလဂုဏ် စသည်တို့နှင့် အမြဲမပြတ် ပြည့်စုံသည်၏ အဖြစ်ကြောင့်ရင်း။ ဘဂဝန္တော၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူကုန်သော။ ဗုဒ္ဓါ စ၊ သဗ္ဗညု မြတ်စွာဘုရားတို့သည်ရင်း။ တထာ ပစ္စာ၊ ထို့နောက်၌။ ပစ္စေက သမ္ဗုဒ္ဓါ စ၊ ပစ္စေကသမ္ဗုဒ္ဓါ ဘုရားတို့သည်ရင်း၊ အရိယသာဝကာ စ၊ အရိယာသာဝကတို့သည်ရင်း။ ဟောန္တိ၊ ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ တေသံ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့အား။ အပ္ပကာပိ၊ အနည်းမျှဖြစ်သော်လည်း။ ပူဇာ၊ ပူဇော်ခြင်းသည်။ ဒီဃရတ္တံ၊ ရှည်ကြာလေးမြင့်စွာ ကာလပတ်လုံး။ ဟိတာယ၊ စီးပွားခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ၊ ဟောတိ၊ ၏။ ဧတ္ထ၊ ဤ အနည်းငယ်ပူဇော်ရသော်လည်း ရှည်ကြာလေးမြင့်စွာ စီးပွားချမ်းသာဖြစ်ခြင်းတို့၌၊ သုမန မာလာကာရာဒယော၊ သုမနပန်းကုံးသည် ဆက် စသောသူတို့သည်။ နိဒဿနံ၊ သက်သေတည်း။

လူတို့တွင်လည်း ညီငယ်နှမငယ်အား အစ်ကိုကြီး အစ်မကြီး၊ သားသမီး မြေးမြစ်အား မိဘဘိုးဘွား၊ သမက်ချွေးမတို့အား ယောက္ခမ စသည်တို့ လည်းလည်း ပူဇနေယျ ပုဂ္ဂိုလ်ဖြစ်ကုန်၏ ဟု ရင်းအဋ္ဌကထာတို့၌ပင် ဆိုကုန်၏။ ရင်းမုချ ကေန္တ ပူဇနေယျ ပုဂ္ဂိုလ်တို့တွင် အရိယာသာဝက၌ သာသနပစ္စတ္တိ ကမဟုတ်သော ဒုဿီလရဟန်းသည် ပင်ညာသာမညအားဖြင့် သက်ဝင်သည် ဖြစ်၍ လူဒုဿီလ်များထက် ဂုဏ်းဆယ်ပါး ထူးလွန်သောကြောင့်ရင်း၊ သံဃ ဂတဒက္ခိဏာ၏ မဟပ္ဖလ မဟာနိသံသကို ဖြစ်စေတတ်သော ဒက္ခိဏာဝိသုဒ္ဓ ဂုဏ်

ဆယ်ပါးကို ဆောင်တတ်သောကြောင့်ရင်း ဥပစာရအားဖြင့် လှူတို့၏ ပူဇော်နေယျပုဂ္ဂိုလ်ပင် မည်ပေသတည်း။

သို့ပင်ဖြစ်သော်လည်း ပုဂ္ဂလိကအားဖြင့် ဒုဿီလချင်းလှူသော ဒါနအကျိုးသည် ပေတဒုက္ခမှ မလွတ်နိုင်ကြောင်းကို ဒက္ခိဏာဝိဘင်းသုတ် အဋ္ဌကထာ၊ စတုက္ကင်္ဂုတ္တရ ဒက္ခိဏဝိသုဒ္ဓိသုတ် အဋ္ဌကထာတို့၌ လာ၏။ သို့ပင် ပေတဒုက္ခမှ မလွတ်နိုင်သော်လည်း သက်သက် အကျိုးမရှိ၍မဟုတ်၊ ကေန္တပူဇနေယျပုဂ္ဂိုလ် မဟုတ်သောကြောင့် ပေတဒုက္ခကို လွတ်နိုင်လောက်အောင် အကျိုးမကြီးသည်သာဟု မှတ်ရာသတည်း။

ရင်း ဒုဿီလပုဂ္ဂိုလ်အား ဒက္ခိဏဝိသုဒ္ဓိဂုဏ်ဆယ်ပါးရှိသည်ကို မိလိန္ဒပဉ္ဟာပါဠိ၌ ရဟန္တာ အရှင်နာဂသိန်မထေရ်မြတ်သည် မိလိန္ဒမင်းကြီးအား ထင်ရှားထုတ်၍ သရုပ်အားဖြင့် ဟောကြားတော်မူ၏။

ကတမေဟိ ဒသဟိ ကာရဏေဟိ ဥတ္တရိ ဒက္ခိဏံ ဝိသောဓေတိ၊ အနဝဇ္ဇကာယသမာစာရတာပိ ဒက္ခိဏံ ဝိသောဓေတိ၊ ကလျာဏမိတ္တ ဘတ္တိကုလိင်္ဂ ပရိဗ္ဗာဇကတာပိ ဒက္ခိဏံ ဝိသောဓေတိ၊ ကာယသမာစာရ ... ပဋိဝိဒ္ဓတာပိ ဒက္ခိဏံ ဝိသောဓေတိ၊ ဗုဒ္ဓ ဓမ္မ သံဃ သရဏဂမနတာပိ ဒက္ခိဏံ ဝိသောဓေတိ၊ ပဓာနာနုယုတ္တ နိကေတ ဝါသိတာယပိ ဒက္ခိဏံ ဝိသောဓေတိ၊ ဇိနသာသနဓရပရိဟရနတာပိ ဒက္ခိဏံ ဝိသောဓေတိ၊ ပဝရဓမ္မဒေသနာတာပိ ဒက္ခိဏံ ဝိသောဓေတိ၊ ဓမ္မဒီပဂတိပရာယနတာပိ ဒက္ခိဏံ ဝိသောဓေတိ၊ အဂ္ဂေါ ဗုဒ္ဓေါတိ ဧကန္တဒိဋ္ဌိဇုကတာပိ ဒက္ခိဏံဝိသောဓေတိ၊ ဥပေါသထသမာဒါနတာပိ ဒက္ခိဏံ ဝိသောဓေတိ၊ ဣမေဟိ ခေါ မဟာရာဇ ဒသဟိ ကာရဏေဟိ ဥတ္တရိ ဒက္ခိဏံ ဝိသောဓေတိ။

မိလိန္ဒပဉ္ဟာပါဠိတော်ပါဠိ။

အနက်ကား—မဟာရာဇ၊ မင်းကြီးမင်းမြတ်။ ကတမေဟိ၊ အဘယ်မည်ကုန်သော။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဥတ္တရိ၊ လွန်စွာ။ ဒက္ခိဏံ၊ အလှူကို။ ဝိသောဓေတိ၊ အကျိုးကြီးစေသနည်း။ အနဝဇ္ဇကာယစာရတာပိ၊ မပြစ်မှားထိုက်သော ချပ်ဝတ်နှင့်တူသော အဝတ်သင်္ကန်းကို ဆောင်သောကြောင့်လည်း။ ဒက္ခိဏံ၊ အလှူကို။ ဝိသောဓေတိ၊ အကျိုးကြီးစေ၏။ ကလျာဏမိတ္တ ဘတ္တိကုလိင်္ဂ မာရဏတာပိ၊ ဣရိယာ ရဟန်းမြတ်တို့နှင့် ဆက်ဆံသော ဦးပြည်းခြင်းစသော အသွင်ကို ဆောင်သောကြောင့်လည်း။

ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ သံဃ ဘာမယ သမနုဿဝိဋ္ဌတောပိ၊ သံဃာတော် အပေါင်းအသင်းတို့ စောင့်ရှောက်ရင်းဝေါဟာ သညာ ပဋိညာဉ်အားဖြင့် ဝင်သောကြောင့်လည်း။ ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ ဗုဒ္ဓဓမ္မ သံဃ သရဏ ဂမနတောပိ၊ ဘုရား တရား သံဃာ ရတနာသုံးပါး ကိုးကွယ်ခြင်း သရဏဂုံ တည်သောကြောင့်လည်း။ ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ ပဓာနာတိသယ နိကေတဝါသိဘာဝယပိ၊ ကမ္မဋ္ဌာန်းကျောင်း၌ နေလေ့ရှိသည်၏ အဖြစ်ကြောင့် လည်း။ ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ ဇိနသာသနဓရပရိယေသနတောပိ၊ မြတ်စွာဘုရား သာသနာတော် တည်ခြင်းကို ရှာဘတ်သောကြောင့်လည်း။ ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ ပဝရဓမ္မဒေသနာတောပိ၊ မြတ်သောတရား တော်ကို ဟောကြားတတ်သောကြောင့်လည်း။ ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ ဓမ္မဒီပဂတိပရာယနတောပိ၊ တရားတော်သာလျှင် မှီရာ လားရာ လည်း လျောင်းရာ ရှိသောကြောင့်လည်း။ ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အဂ္ဂေါတိ၊ မြတ်၏ ဟူ၍။ ဧကန္တဒိဋ္ဌိဇုတောပိ၊ စင်စစ် အမှာဒိဋ္ဌိအယူ ဖြောင့်သောကြောင့်လည်း။ ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ ဥပေါသထ သမာဒါနတောပိ၊ တလမယုတ် နှစ်ဥပုသ်ကို အဟုတ်ဆောက် တည်သောကြောင့်လည်း။ ဝါ၊ ဖြဟ္မပေါသထ စသည် မယုတ် ခြောက် ဥပုသ်ကို အဟုတ်အမြဲ ဆောက်တည် သောကြောင့်လည်း။ ဒက္ခိဏာ၊ ကို။ ဝိသောဓေတိ၊ ၏။ မဟာရာဇ၊ မင်းကြီးမင်းမြတ်။ ဒသဟိ၊ ကုန်သော။ ဣမေဟိ ကာရဏေဟိ၊ တို့ဖြင့်။ ဥတ္တရိ၊ လွန်စွာ။ ဒက္ခိဏာ၊ ကို။ ဝိသော ဓေတိ၊ ၏။ ဣတိ၊ ဤသို့မှတ်လော့။

ဤသို့ ရဟန်းသည် ဒုဿီလဖြစ်၍ ညစ်ညူးပူပန်သော သဘောရှိသော် လည်း ရှုံ့ညွန်များသော ရေသည် လူတို့ ကြေးညှော်ကို ပယ်သကဲ့သို့၊ ကျိုက်ကျိုက်ဆူပူသော ရေဘည် မီးကို ငြိမ်းစေသကဲ့သို့၊ အဆိပ်နာသော ဘော ဇဉ်သည် ဆာမွတ်ခြင်းကို ပယ်သကဲ့သို့ ဒါယကာတို့ အလှူကို အကျိုးကြီး စေတတ်၏ဟု ဥပမာ ၃-ပါးကိုလည်း ရှင်းမိလိန္ဒပဉ္စာ၌ပင်။ ရဟန္တာ အရှင် နာဂသိန်မထေရ်မြတ်သည် ဟောတော်မူ၏။ ဤသို့ ဒုဿီလ ရဟန်းသည် ဒက္ခိဏာဝိသောဓနဂုဏ် ဆယ်ပါးရှိလျက် ပေတာဒုက္ခကို မလွတ်စေနိုင်ခြင်းကား သရဏဂုံအကျိုးကြီးသော်လည်း မလွှဲကာ ဒေပဒတ်တို့ကို ငရဲလွတ်အောင် မကယ်နိုင်သကဲ့သို့ဟူ၍ မှတ်ရာ၏။

မြတ်စွာဘုရားသည်လည်း ကောဿမ္ဗက အဓမ္မဝါဒီ ရဟန်းများတို့အားပင် ဒါန မမှုဿဝနတို့ကို မမြစ်မပယ်တော်မူပဲ ဓမ္မဝါဒီ အဓမ္မဝါဒီ နှစ်ပါးစုံ အားပင် အလှူကို ပေးလှူလော့၊ တရားကိုလည်း နာယော့၊ နှစ်ပါးစုံတို့၌ တရားနာပြီးသော် ဓမ္မဝါဒီရဟန်းတို့၏ အယူကိုသာ နှစ်သက်လော့ဟု အနာ

ထပိဏ် ဝိသာခါတို့အား ဟောကြား ဆုံးမတော်မူသည်။ ၎င်းအကြောင်းကား ဝိနည်းမဟာဝါ ကောသမ္ဗက ခန္ဓက၌ လာ၏။ ရဟန်းကိုသာ မဟုတ်သေး၊ မိစ္ဆာဒိဋ္ဌိကြီး ဖြစ်သော နိဂဏ္ဌ တက္ကတွန်းများကိုပင် မပယ် မမြစ်တော်မူပဲ အိမ်သို့ရောက်လာ ကပ်လာသမျှ နိဂဏ္ဌာဘုံအား ပေးလှူအပ်သည်၏ အဖြစ်ကို အောက်မေ့လော့ဟု သီဟစစ်သူကြီး ဥပါလိသူကြွယ် စသော သူတို့ကို တိုက်တွန်း ဆုံးမတော်မူ၏။ ၎င်းအကြောင်းကား ဝိနည်းမဟာဝါပါဠိ၊ အင်္ဂုတ္တရပါဠိ၊ မဇ္ဈိမပဏ္ဏာသ ဥပါလိသုတ် ပါဠိတို့၌ လာ၏။

ဆဒ္ဒန်ဆင်မင်း၊ မဟာသီလဝဆင်မင်း ဝေဿန္တရာမင်း တို့သည်ကား ဒုဿီလ ဧစ် မုဆိုးအလဇ္ဇီအဖြစ်ကို သိလျက်ပင် လှူသည်ဖြင့် သဗ္ဗညုတ သမ္မာသမ္ဗောဓိဉာဏ်၏ ဥပနိဿယကို ဖြစ်စေကုန်၏။ ဤဆဒ္ဒန္တဇာတ်၊ မဟာသီလဝဆင်မင်းဇာတ်၊ ဝေဿန္တရာဇာတ် စသည်များကို ထောက်လျှင် အလဇ္ဇီ ဒုဿီလ မှန်းသိလျက် လှူဒါန်းပူဇော်ခြင်းစသည်ကို အပြစ်မဆိုရာ။ နှလုံးသွင်းကောင်းသော် အကျိုးများစွာ မဟာနိသံသ ဖြစ်သည်ကို သိရာ၏။

မိလိန္ဒပဉှာ ပါဠိတော်၌ပြသော ဒုဿီလသည် ဒုဿိတသီလမဟုတ်၊ နိသီလ အစစ်ဖြစ်သော ဒုဿီလရဟန်းတည်း။ ဧကန္တ အနေကန္တတို့တွင် ဧကန္တ ဒုဿီလ ရဟန်းတည်း။ နိဗဒ္ဓ အနိဗဒ္ဓတို့တွင် နိဗဒ္ဓ ဒုဿီလရဟန်းတည်း။ အတ္တပစ္စတ္ထိက သာသနပစ္စတ္ထိကတို့တွင် အတ္တပစ္စတ္ထိက ဒုဿီလရဟန်းတည်း။ ဤသို့လျှင် ထိုဧကန္တ နိဗဒ္ဓဒုဿီလ အလဇ္ဇီအဧစ်ကြီးပင် မိမိအကျိုးသာ ပျက်စီး၍ သူတပါးတို့၏အကျိုးကို အထူးသဖြင့် လူချင်းချင်းထက်မက ပြီးစေတတ်သော ကြောင့် လူတို့၏ ပူဇနေယျ ပုဂ္ဂိုလ်ဖြစ်ပေ၏ဟု အသင့်အားဖြင့် မှတ်ရာ၏။

သို့ပင်ဖြစ်သော်လည်း ဒုဿီလအလဇ္ဇီဖြစ်သဖြင့် ဧကန္တ ပူဇနေယျမဟုတ်သောကြောင့် အခါမပြတ် ဆည်းကပ်မှီဝဲ အမြဲကိုးကွယ်ခြင်းကိုပြု၍ လှူဒါန်း ပူဇော် ချီးမြှင့်ခြင်းငှါ မသင့်။ အဘယ့်ကြောင့်နည်း၊ ပညာမဲ့သူတို့သည် ထို ဒုဿီလအလဇ္ဇီတို့၏ ဒိဋ္ဌာနုဂတိသို့ လိုက်ပါတတ်ကုန်သည်ဖြစ်၍ ပစ္စုပ္ပန် သံသရာ လောကီ လောကုတ္တရာ စီးပွားချမ်းသာ ပျက်စီးရသောကြောင့်တည်း။ ထိုအကြောင်းကို ဒုတိယအဖြေ၌ ဆိုအပ်ပြီးသော ဝတ္ထုသက်သေတို့ဖြင့် ဆောင်၍ အကျိုးအပြစ်များကို သိရာသတည်း။

ပညာပုဗ္ဗင်္ဂမ ဒါနဇ္ဈာသယရှိသော ပညာရှိသူတော်ကောင်းဖြစ်သောသူသည် လှူသောကာလ၌ကား အယုတ် အမြတ် မရွေးမချယ်၊ ရောက်သမျှ ရသမျှ ရှင်ဒုဿီလ လူဒုဿီလ အဟိတ်တိရစ္ဆာန် မကျန်စေရ ထိုက်သည်အားလျော်စွာ လှူရာ၏။ ထိုလှူခြင်းကိုပြုရာ၌ အလဇ္ဇီဒုဿီလ အလှူခံမည်ကာမျှ၌လည်း စိတ်ချရောင့်ရဲခြင်း မပြုရာ။ အလှူဝတ္ထုထူးသည်ထက် အထူး၊ မွန်သည်ထက်

အမွန်၊ အလှူခံပုဂ္ဂိုလ်လည်း မြတ်သည်ထက်မြတ် မွန်သည်ထက်မွန် သီလဝန် ဂုဏဝန် ရဟန္တာ အင်္ဂါသဝက ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုမြတ်စွာ ဘုရားတိုင်အောင် ပညာဖြင့် ကြံစည်တက်တိုးခြင်း ဆန္ဒအထူးကို ဖြစ်စေ၍ လှူဒါန်းလိုသောစိတ်၊ လှူဒါန်းခြင်းတို့ကို ဖြစ်စေရာ၏။ ဤသို့ ဖြစ်စေခြင်းသည် ဝိစေယျဒါနဖြစ်၍ အထူးသဖြင့် ချီးမွမ်းထိုက်ကြောင်းကို အင်္ဂုတ္တရ၊ ပေတဝတ္ထု ပါဠိအဋ္ဌကထာ၊ ဒေဝတာသံယုတ်ပါဠိအဋ္ဌကထာ၊ နေဝနီပါတ် အာဒိတ္တဇာတ် ပါဠိအဋ္ဌကထာတို့၌ မိန့်ဆိုကုန်၏။

ဝိစေယျဒါနံ သုဂတပ္ပသတ္ထံ၊ ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

ငှင်းအင်္ဂုတ္တရ ပေတဝတ္ထုပါဠိ၊ ဒေဝတာသံယုတ်ပါဠိ၊ နေဝနီပါတ် အာဒိတ္တဇာတ်ပါဠိ။

ဝိစေယျဒါနန္တိ ဒက္ခိဏံ ဒက္ခိဏေယျဉ္စ ဥစ္စိနိတွာ ဒိန္နဒါနံ၊ တတ္ထ ယံဝါတံဝါ အဒတွာ အဂ္ဂံ ပဏီတံ ဒေယျဓမ္မံ ဝိစိနိတွာ ဒဒန္တော ဒက္ခိဏံ ဝိစိနတိ နာမ၊ ယေသံ ဝါ တေသံ ဝါ အဒတွာ သီလာဒိဂုဏ သမ္ပန္နေ ဝိစိနိတွာ တေသံ ဒဒန္တော ဒက္ခိဏေယျံ ဝိစိနတိ နာမ၊ တံ သုဂတပ္ပသတ္ထန္တိ ဧဝရူပံ ဒါနံ ဗုဒ္ဓေဟိပိ ပသတ္ထံ။

အာဒိတ္တဇာတ် အဋ္ဌကထာ စသည်။

အနက်ကား—ဝိစေယျ၊ စိစစ်အထူး ရွေးချယ်ဦး၍။ ဒါနံ၊ ပေးအပ်သော အလှူကို၊ သုဂတပ္ပသတ္ထံ၊ မြတ်စွာဘုရားတို့သည် ချီးမွမ်းအပ်၏။ ကေသု၊ အဘယ်ပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ၊ လှူအပ်သောအလှူတို့နည်း။ ဣဓ ဇီဝလောကေ၊ ဤသတ္တဝါဟူသမျှ လူ့လောက၌။ ယေ ပုဂ္ဂလာ၊ အကြင် အရိယာပုဂ္ဂိုလ်တို့သည်။ ဒက္ခိဏေယျာ၊ မြတ်သောအလှူကို ခံထိုက်ကုန်၏။ ဧတေသု၊ ထို ဒက္ခိဏေယျပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့၌၊ ဒိန္နာနိ၊ လှူအပ်သော အလှူတို့သည်။ သုခေတ္တေ၊ လယ်ကောင်း၌၊ ဝုတ္တာနိ၊ ကြဲချစိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိ ယထာ၊ မျိုးစေ့တို့ကဲ့သို့။ မဟပ္ဖလာနိ၊ အလှူအကျိုး ဖွံ့ဖြိုးကြီး မား များမြတ်ကုန်၏။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဒါနံ၊ ပေးအပ်သော အလှူကို။ သုဂတပ္ပသတ္ထံ၊ မြတ်စွာဘုရားတို့ ချီးမွမ်းအပ်၏။ (ပါဠိတော်၏အနက်။)

ဝိစေယျဒါနန္တိ၊ ဝိစေယျဒါနံဟူသည်ကား၊ ဒက္ခိဏဉ္စ၊ အလှူဝတ္ထုကိုငှင်း။ ဒက္ခိဏေယျဉ္စ၊ အလှူခံပုဂ္ဂိုလ်ကိုငှင်း။ ဥစ္စိနိတွာ၊ ရွေးချယ်စိစစ်၍။ ဒိန္နဒါနံ၊ လှူအပ်သော အလှူတည်း။ တတ္ထ၊ ထိုရွေးချယ်စိစစ်ခြင်း နှစ်ပါးတို့တွင်။

ယံဝါ တံဝါ၊ ဟူးဟူးငြားငြား။ ဝါ၊ အမှတ်မရှိ ရမိသမျှ ဒုဿီလ အလဇ္ဇီ မိစ္ဆာဝါဒီ ပုဂ္ဂိုလ်တို့အားသာလျှင်။ အဒတွာ၊ မလှူမူ၍။ သီလာဒိဂုဏသမ္ပန္နေ၊ သီလစသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်သော ကလျာဏအရိယာ ရဟန္တာ ပစ္စေကဗုဒ္ဓ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့ကို။ ဝိစိနိတွာ၊ ရွေးချယ်စီစစ်၍။ တေသံ၊ ထိုသီလစသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်သော မြတ်ထက် မြတ်မွန် သီလဝန် ဂုဏဝန် ပုဂ္ဂိုလ်တို့အား။ ဒဒန္တော၊ လှူသောသူသည်။ ဝါ၊ လှူသည် ရှိသော်။ ဒက္ခိဏေယျ၊ အလှူခံပုဂ္ဂိုလ်ကို။ ဝိစိနတိနာမ၊ ရွေးချယ်စီစစ်သည် မည်၏။ သုဂတပ္ပသင္ဂေတိ၊ သုဂတပ္ပသင်္ဂှဟူသည်ကား။ ဝေရူပံ၊ ဤသို့ အလှူဝတ္ထု အလှူခံနှစ်ရပ်တို့ ထူးမြတ်လွန်ကဲရာ ပညာထိုးထွင်း စီစစ်၍ လှူခြင်း သဘောရှိသော။ ဒါနံ၊ အလှူကို။ ဗုဒ္ဓေဟိ၊ မြတ်စွာဘုရား သုံးလူ့ဖျားတို့သည်။ ပသဋ္ဌံ၊ ချီးမွမ်းတော်မူအပ်၏။

(အဋ္ဌကထာတို့၏ အနက်။) သံယုတ် အဋ္ဌကထာစသည်တို့၌ကား အနည်းငယ်မျှ ထူးသေး၏။ အဓိပ္ပာယ်မူ အတူတူပင်တည်း။

ဤသို့ ဝိစေယျဒါနကိုသာ ပြုမည်ဟူ၍လည်း အလဇ္ဇီ ဒုဿီလ ရောက်သမျှ ဗုန်းတောင်းယာစကာ အယုတ်အညံ့ ပုဂ္ဂိုလ်တို့အား မှတ်မိမြင်မှတ်၍ မလှူ မပေးပဲ ဆဲရေးချုပ်ချယ်ခြင်းကို မပြုရာ။ ရောက်လာသမျှ တွေ့သမျှတို့အား လည်း ပေးကမ်းလှူဒါန်းသဖြင့် သိဝိတိုင်း ရောရှုဝပြည်၌ ဘုရားအလောင်း တော် ရောရှုမင်းကြီးသည် လူအပေါင်းတို့၏ အမိအဘအရာ၌ တည်၍ အထီး ကျန် ဖုန်းတောင်းယာစကာတို့အား အလှူကြီးကို ဖြစ်စေ၍ တနေ့သ၌ အလှူ တင်းကုပ်ကို ရှုတော်မူသော် ငါ၏ အလှူကို ဒုဿီလပုဂ္ဂိုလ်တို့သာ စားကုန်၏။ ငါ့ကို မရွှင်စေနိုင်။ ငါသည် သီလဝန္တဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ အား လှူဒါန်းလို၏ဟု သမုဒ္ဒဝိဇယမည်သော မိဖုရားကြီးနှင့် တိုင်ပင်ပြီးလျှင် အရှင်ပစ္စေက ဗုဒ္ဓါ ၇-ပါးတို့ကို ဟေမဝန္တာ ဂန္ဓမာဒနတောင်မှ အဓိဋ္ဌာန် ကိစ္စဖြင့် ပင့်ဆောင်၍ သဗ္ဗပရိက္ခာရ အလှူကြီးကို ပေးတော်မူသကဲ့သို့ နှလုံး ပြုကြရာ၏။

ဤသို့ အပြစ်မရှိ အကျိုးစီးပွားကိုသာ အလိုရှိကြသော သူတော်ကောင်း တို့သည် ယောနိသော မနသိကာရ ပညာ သတိ ပြဋ္ဌာန်းသော သူတော်ကောင်း စိတ်ဖြင့် အလဇ္ဇီ ဒုဿီလတို့အားလည်း ပဋိဃစိတ် မှုတ်ပဲ သနားခြင်း ကရု ဏာအားဖြင့်၎င်း၊ သံဃာတ ဒက္ခိဏဖြစ်သော ဒါနစေတနာအားဖြင့်၎င်း မချွင်းမချန် လှူဒါန်းရခြင်းသည် မဟပ္ဖလ မဟာနိသံသ ရှိကြောင်း၊ ရဟန်း ဒုဿီလသည် လူတို့ထက် ဧက္ခိဏ ဝိသောဓနဂုဏ် ဆယ်ပါးရှိသဖြင့် ပူဇနေယျ အရာ ဥပစာရအားဖြင့် ရသင့်ကြောင်းတို့ကို ကောင်းကောင်း မှတ်ယူကြကုန်၍

မိမိတို့ကိုယ်ကို အပြစ်မပွစေး အကျိုးသ၁ မျှားရအောင် နှလုံးထား ဖြောင့်မတ်စွာ ကျမ်းဂန်လာသည့်အတိုင်း နှလုံးသွင်းထား ဆောက်တည်နိုင်ကြကုန်လျက် အလဇ္ဇီ ဒုဿီလကိုလည်း ချုပ်ချယ်ပြင်မှား မပြုကုန်ပဲ ကရုဏာပုဗ္ဗင်္ဂမ သံဃဂတ ဒက္ခိဏာဖြစ်သော ဒါနစေတနာတို့ဖြင့် လှူဒါန်းခြင်း ကုသိုလ်တရားတို့ကို ဖြစ်ပွားစေသဖြင့် ထိုအလဇ္ဇီ ဒုဿီလ တွေ့သမျှ ရောက်သမျှ ရဟန်းတို့နှင့်သာ စိတ်ချရောင့်ရဲ မနေကုန်ပဲ သီလဝန် ဂုဏဝန် လဇ္ဇီသူတော်မွန် ရဟန်းမြတ်တို့ကိုရင်း၊ ဒါနဝတ္ထုတို့ကိုရင်း ထူးမြတ်လွန်ကဲသည်ကိုသာ ပညာဖြင့် ဆင်ခြင်နှိုင်းဆ ပြုကုန်၍ သုဂတပူသင္ဘ ဝိစေယျဒါန ကုသိုလ်များကိုလည်း အထူးသဖြင့် ဖြစ်ပွားစေအောင်ကုန်ရာသတည်း။

ဝဇီရူပမ ဗျာကရဏ စတုတ္ထပုစ္ဆာ အဖြေ ပြီး၏။

* * *

# ပဌမ ပုစ္ဆာ

(၅) အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်မှန်းသိလျက်နှင့် အရှိအသေ ရှိခိုးခြင်း၊ ခရီဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းတို့ကို ပြုသော သူတို့မှာ ဂါရဝေါစ မင်္ဂလာဖြစ် မဖြစ်။ ဘိက္ခုံ စ သီလသမ္ပန္နံ၊ သမ္မ ဒေဝ သမာစရေ—ဟု ကောသလသံယုတ်တွင် ဟောတော်မူသည်နှင့် ညီ မညီ၊ ၎င်းပုဂ္ဂိုလ်တို့သည် ပါဏိပါတ သရဏဂုံထိုက် မထိုက် များကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်ဘုရား။ ၎င်းပုစ္ဆာ၌ ၃-ချက်အရကို ပဌမ ဆဋ္ဌ သတ္တမ ပုစ္ဆာ ၃-ချက်ခွဲ၍ ဖြေအံ့။

---

## ဝဇိရူပမ ဗျာကရဏ ပဌမပုစ္ဆာ အဖြေ

(၅) ၎င်း ပဌမလျှောက်ချက်အရ အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်မှန်းသိလျက်နှင့် အရှိအသေ ရှိခိုးခြင်း စသောအမှုကို ပြုသောသူတို့မှာ အလဇ္ဇီ ဒုဿီလ အကျင့် သဘောကို နှစ်သက်ကြည်ညိုသဖြင့် ချီးမြှင့်မြှောက်စားလိုသော ပဂ္ဂဟစိတ်ဖြင့် ပြုသည်ဖြစ်အံ့၊ ဂါရဝမင်္ဂလာ မဖြစ် အလဇ္ဇီပဂ္ဂဟပြု၍ သာသနာတော်ကို ကွယ်ပျောက်စေသောသူများပင် ဖြစ်ကုန်၏။ ကိဋ္ဌာဂိရိဇနပုဒ်၌ အဿဇိ ပုနဗ္ဗသုက အလဇ္ဇီ ဒုဿီလ ပါပရဟန်းတို့ကို သဘောတူ စိတ်တူ ကြည်ဖြူ မြတ်နိုး ရှိခိုး ပူဇော် ကိုးကွယ်ချီးမြှောက် ပြုကြကုန်သောသူ စသည်ဘို့ကဲ့သို့ လောကီ လောကုတ္တရာ စီးပွားချမ်းသာ ပျက်စီးကြကုန်ရာ၏။ အလဇ္ဇီ ဒုဿီလ အကျင့်သဘောကို မနှစ်သက် မကြည်ညို၊ ကြည်ညိုဖွယ်သော အရိယလိင် သမဏအသွင် သမဏအာကပ္ပ တခုခုကို အကြောင်းပြု၍ ရဟန်း သံဃာ အရိယာတို့၏ဂုဏ်ကို အောက်မေ့ကြည်ညိုသဖြင့် အရှိအသေ ရှိခိုးခြင်း စသော အမှုကိုပြုသော သူတို့မှာလည်း ဂါရဝ မင်္ဂလာ မဖြစ်ဟု မဆိုရာ။ သက်သက် ကြည်ညို နှစ်သက်ဖွယ်မရှိသော မိစ္ဆာဒိဋ္ဌိ ဝက္ကတွန်းများကိုလည်း လက်အုပ်ချီ၍ ရှိခိုးသော ကောသလမင်းကြီး စသည်တို့ကဲ့သို့တည်း။

စင်စစ်မူချ ဂါရဝထိုက်သော ပုဂ္ဂိုလ်ဘို့သည်ကား သဗ္ဗညုမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့်သား၊ ဆရာဥပဇ္ဈာယ်၊ အမိ၊ အဘ၊ အစ်ကိုကြီး၊ အစ်မကြီး စသည်တို့တည်း။ ထို ဂါရဝထိုက်ကုန်သော သဗ္ဗညုမြတ်စွာဘုရား စသည်တို့၌ အရိုအသေ အလေးအမြတ်ပြုခြင်းသည် စင်စစ် နတ်ရွာမဂ်ဖိုလ်ရခြင်းအကြောင်း ဖြစ်သောကြောင့် ဂါရဝမင်္ဂလာမည်၏ဟူ၍ မင်္ဂလသုတ်အဋ္ဌကထာတို့၌ မိန့်ကုန်၏။

> ဂါရဝေါ နာမ ဂရုကာရပ္ပယောဂါရဟေသု ဗုဒ္ဓ ပစ္စေကဗုဒ္ဓ တထာ ဂတသာဝက အာစရိယုပဇ္ဈာယ မာတာ ပိတု ဇေဋ္ဌဘာတု ဘဂိနီ အာဒီသု ယထာနုရူပံ ဂရုကာရော ဂါရဝတာ၊ သောစာယံ ဂါရဝေါ ယသ္မာ သုဂတိဂမနာဒီနံ ဟေတု။
>
> ရှင်း မင်္ဂလသုတ် အဋ္ဌကထာပါဠိ။

အနက်ကား—ဂါရဝေါ နာမ၊ ဂါရဝမည်သည်ကား။ ဝါ၊ အရိုအသေပြုခြင်းမည်သည်ကား။ ဂရုကာရပ္ပယောဂါရဟေသု၊ အရိုအသေပြုခြင်း နှင့် ယှဉ်ထိုက်ကုန်သော။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ တထာဂတသာဝက အာစရိယုပဇ္ဈာယ မာတာပိတု ဇေဋ္ဌဘာတု ဘဂိနီ အာဒီသု၊ သဗ္ဗညုမြတ်စွာဘုရား ပစ္စေကဗုဒ္ဓါ ဘုရားတပည့်သား အရိယာသာဝက ဆရာဥပဇ္ဈာယ် အမိ အဘ အစ်ကိုကြီး အစ်မကြီး စသည်တို့၌။ ယထာနုရူပံ၊ ထိုက်သည်အားလျော်စွာ။ ဂရုကရော၊ အရို အသေ အလေး အမြတ်ပြုခြင်းသည်။ ဂါရဝတာ၊ ဂါရဝ မည်၏။ သောစာယံ သောစ အယံ ဂါရဝေါ၊ ထိုအရိုအသေ အလေးအမြတ်ပြုခြင်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ သုဂတိဂမနာဒီနံ၊ လူ့ဘုံ နတ်ရွာ သုဂတိသို့ လားခြင်း စသည်တို့၏။ ဟေတု၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအဋ္ဌကထာ၌ လာသော ဂရုကာရပ္ပယောဂါရဟ ဖြစ်ကုန်သော သဗ္ဗညု ဘုရား စသော ပုဂ္ဂိုလ်တို့တွင် သာသနပဋ္ဌိက မိစ္ဆာဒိဋ္ဌိ မဟုတ်သော ဒုဿီလ အလဇ္ဇီ ကာသာဝကဏ္ဌ ဂေါတြဘူ ရဟန်းသည်လည်း ဒက္ခိဏာဝိသောဓိသုတ် ပါဠိ အဋ္ဌကထာ စသည်တို့နှင့်အညီ တထာဂတ သာဝက သံဃာ၌ အကျုံး ဝင်သည်၏ အဖြစ်၊ ပြခဲ့ပြီးသော မိလိန္ဒပဉှာပါဠိတော်နှင့်အညီ လူဘို့၏ ဒက္ခိဏာဝိသောဓနေဂုဏ်ဆယ်ပါးရှိသည်၏အဖြစ်ကြောင့် အရိုအသေပြုအပ်သည် ရှိသော် အပြစ် အထူးမရှိ အကျိုးသာ ရှိ၏။

ထို ဒုဿီလ အလဇ္ဇီရဟန်းတို့သည်ကား သီလ သမာဓိ ဝိပဿနာ ပညာ ရှိသထိုက်သော ဒေဝဒတ္တ ဂဏ ရ ဖ ထူးမရှိသောကြောင့်သာ လူ ရှင်

အပေါင်းတို့သည် အရိုအသေ အလေးအမြတ် မပြုနိုင်ကြကုန်။ မိမိတို့လည်း အကျိုးဝိသေသ မရှိကြကုန်သတည်း၊ ဗဟိဒ္ဓသန္တာန်၌ သံဃာတစေတနာ သည်းဖြင့် အရိုအသေ အလေးအမြတ် ပြုကုန်သည်ရှိသော် အကျိုးမရှိ အပြစ် ဖြစ်သည် မဟုတ်၊ လဇ္ဇီ သီလဝန္တတို့၌ကဲ့သို့ ကြီးမြတ်များပြားစွာသော အကျိုးမရှိသည်သာတည်း။ စင်စစ်သော်ကား ဇာတိ လိင် ဝေါဟာရ ပဋိညာဉ်အားဖြင့် ထိုဒုဿီလ အလဇ္ဇီရဟန်းတို့သည်လည်း ပညာရှိ သူတော်ကောင်းတို့အား ဂါရဝထိုက်ပေကုန်၏။ လူဖြစ်သောသူတို့သည် ဒုဿီလ ဖြစ်ကုန်သော အမိအဘတို့၌ ရိုမသေ ပြုအပ်သည်မဟုတ်ကုန်၊ အရိုအသေ ပြုအပ်သည်သာ ဖြစ်ကုန်၏။ ဒုဿီလ အမိအဘတို့အား အရိုအသေ မပြုသော် ဂါရဝ မင်္ဂလာပျက်သည် ဖြစ်ရာ၏။ အရိုအသေ ပြုသော်ကား ဂါရဝမင်္ဂလာဖြစ်သည်သာ ဖြစ်၏။ ဒုဿီလ အမိအဘတို့ကို သတ်သော်လည်း အနန္တရိယကံ မလွတ်နိုင်ကြောင်းကို အဋ္ဌကထာ ဋီကာတို့၌ များစွာဆိုကုန်၏။ ထို့အတူ အနေကန္တ ဒုဿီလ အလဇ္ဇီ ရဟန်းကို ရဟန်းမှန်းသိလျက် ဖူးသွင်စသည်ကို အရိုအသေ မပြုသော် ဂါရဝမင်္ဂလာ ပျက်သည်သာ ဖြစ်ရာ၏။ ဒုဿီလ အလဇ္ဇီအမှုနှင့် ပြည့်စုံသည့်အခါ အရိုအသေ မပြုသော်ကား ဂါရဝ မင်္ဂလာမပျက်ရာ။ နံနက် ဆွမ်းလုပ်ကျွေးသောအခါ ရဟန္တာနှင့်အတူ သက္ကစ္စ ဂါရဝပြု၍ ပေါက်တူး တောင်းလာသောအခါ ခြေနှင့် ကော်၍ ပေးသော သမုဒ္ဒတီရဝိဟာရသာမိ သူကြွယ်ကဲ့သို့တည်း။ ၎င်းအကြောင်းကို ဒက္ခိဏာ ဝိဘင်းသုတ် အဋ္ဌကထာ၌ ဆို၏။ ဝိဝါဒပြုတတ်ကုန်သော ရဟန်းတို့ကို ရှိခိုးခြင်း၊ အရိုအသေပြုခြင်း စသည် မပြုကုန်သော ကောသမ္ဗက ဥပါသကာတို့၏ အကြောင်းကိုလည်း ဝိနည်းမဟာဝါ၌ ဆို၏။

ဒုဿီလ အလဇ္ဇီ အကျင့်သဘောကို ကြည်ညိုနှစ်သက်၍ မဟုတ်၊ ရဟန်းသံဃာအရိယာတို့၏ အသွင်ကို ကြည်ညိုလေးမြတ်သဖြင့် အရိုအသေ ပြုသော်ကား ဂါရဝမင်္ဂလာ ဖြစ်ရာ၏။ အလောင်းတော် ဆဒ္ဒန်ဆင်မင်း ယုဓပတိဆင်မင်း တို့ကဲ့သို့၎င်း၊ တောတိရစ္ဆာန် ရွှေသမင်ကို မြင်၍ ဘုရားဂုဏ်တော်ကို အောက်မေ့ကြည်ညိုမိသောကြောင့် လူနတ်ချမ်းသာ ဆက်ကာခံစား၍ ရဟန္တာအစစ် ဖြစ်လာသော နိမိတ္တသညက ရဟန္တာ အရှင်မြတ်တို့ကဲ့သို့၎င်းတည်း။ ဤနိမိတ္တသညက ရဟန္တာ၏ အကြောင်းသည် ထေရာပဒါန် ပါဠိ အဋ္ဌကထာတို့၌ လာ၏။

ပသေနဒီကောသလမင်းကြီးသည်လည်း မြတ်စွာဘုရား ရှေ့တော်တွင် ခစား နေစဉ်အခါ ကျောင်းတော်အပါး လမ်း၌ သွားကုန်သော အဝတ်မကပ် မလျော်ကပတ် မတင့်တယ် ကြည်ညို မြတ်နိုးဖွယ်မရှိ ဒိဋ္ဌိနိဂဏ္ဌ အာဇီဝက ပရိဗိုဇ်များကိုပင် မိစ္ဆာဒိဋ္ဌိ ဒုဿီလမှန်း သိလျက် လက်အုပ်ချီ၍ အရိုအသေအမှုကို

ပြုသတည်း။ ထိုအကြောင်းကို သဂါထာဝဂ္ဂ ကောသလသံယုတ် ပါဠိ အဋ္ဌကထာ၊ ဥဒါန်းပါဠိ အဋ္ဌကထာတို့၌ ဆို၏။

ဤဂါရဝတရားကား အလောင်းအလျာ ပညာရှိ သူတော်ကောင်း ဖြစ်ကုန်သော ပုဂ္ဂိုလ်သူမြတ်တို့၏ အလေ့တည်း။ ခါ မျောက် ဆင်တို့သည် ဂုဏဝုဍ္ဎဖြင့် ပင် မဟုတ်သေး။ ဝယဝုဍ္ဎအားဖြင့်လည်း အသက်ကြီးငယ်ကို စီစစ်၍ ရှိသေလေးမြတ် ပြုကြကုန်သဖြင့် ကြီးသောသူတို့၏ အဆုံးအမကို လိုက်နာဖြည့်ကျင့်ကြ၍ နတ်ရွာသုဂတိ ရောက်ကြကြောင်းကိုကား ကေနိပါတ် တိတ္တိရဇာတ် ပါဠိ အဋ္ဌကထာ၊ အင်္ဂုတ္တရ စတုက္ကနိပါတ် အဋ္ဌကထာ ဋီကာ၊ စူဠဝါသေနာ သနကွန္တက် ပါဠိ၊ ၎င်းဋီကာ တေရသကဏ်တို့၌ လာကုန်၏။

ယေ ဝုဍ္ဎ-မပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂတိ။

ကေနိပါတ် တိတ္တိရဇာတ် ပါဠိတော်။

အနက်ကား—ယေ နရာ၊ အကြင်သို့သူ ရှင်လူ တိရစ္ဆာန်တို့သည်။ ဓမ္မဿ၊ ဇေဋ္ဌာပစာယန ဂါရဝတရား၌။ ကောဝိဒါ၊ သိလိမ္မာကုန်သည်ဖြစ်၍။ ဝုဍ္ဎံ၊ အသက်ကြီးသူ ဂုဏ်ကြီးသူကို။ အပစာယန္တိ၊ ဇေဋ္ဌာပစာယိက အမှုဖြင့် ဂရုဂါရဝ တုပ်ကွမြတ်နိုး ရှိခိုးကော်ရော် ပူဇော်တတ်ကုန်၏။ တေသံ နရာနံ၊ ထိုသို့သောသူ ရှင်လူ တိရစ္ဆာန်တို့အား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ကာလ ဤဘဝ ကိုယ်အဖြစ်၌။ ပါသံသာ၊ လူအပေါင်းတို့ နှစ်ထောင်းအင်ချိုက် ချီးမွမ်းထိုက်ကုန်၏။ သမ္ပရာယေ စ၊ ဤကိုယ်ဘဝ ဤလောကကို စွန့်ချပြီးနောက် မချွတ်ရောက်အပ်သော မျက်မှောက်ကိုလွန် တမလွန်ဘဝ၌လည်း။ သုဂတိ၊ နတ်ပြည်ခြောက်ထပ် ကောင်းမြတ်သော အလားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

တတ္ထ ယေ ဝုဍ္ဎ မပစာယန္တီတိ ဇာတိဝုဍ္ဎော ဝယဝုဍ္ဎော ဂုဏဝုဍ္ဎောတိ တယော ဝုဍ္ဎာ။ တေသု ဇာတိသမ္ပန္နော ဇာတိဝုဍ္ဎော နာမ၊ ဝယေ ဌိတော ဝယဝုဍ္ဎော နာမ၊ ဂုဏသမ္ပန္နော ဂုဏဝုဍ္ဎော နာမ၊ တေသု ဂုဏသမ္ပန္နော ဝယောဝုဍ္ဎော ဣမသ္မိံ ဌာနေ ဝုဍ္ဎောတိ အဓိပ္ပေတော။ အပစာယန္တီတိ ဇေဋ္ဌာပစာယိကကမ္မေန ပူဇေန္တိ။ ဓမ္မဿ ကောဝိဒါတိ ဇေဋ္ဌာပစာယနဓမ္မဿ ကောဝိဒါ ကုသလာ။ ဒိဋ္ဌေဝဓမ္မေတိ ဣမသ္မိံယေဝ အတ္တဘာဝေ။ ပါသံသာတိ ပသံသာရဟာ။ သမ္ပရာယေ စ သုဂတီတိ သမ္ပရေတဗ္ဗေ ဣမံ လောကံ ဟိတွာ ဂန္တဗ္ဗေ ပရလောကေပိ တေသံ သုဂတိယေဝ ဟောတီတိ။

၎င်းဇာတ် အဋ္ဌကထာ၊ တေရသကဏ်ဋီကာ၊ စတုက္ကင်္ဂုတ္တရ မဟာဋီကာ။

တတ္ထ တိဿံ ဂါထာယံ၊ ထိုဂါထာ၌။ ယေ ဝုဍ္ဎမပစာယန္တီတိ၊ ဟူသည်ကား။ ဇာတိဝုဍ္ဎော၊ အမျိုးကြီးမြတ်သောသူ။ ဝယဝုဍ္ဎော၊ အရွယ်ကြီးမြတ်သောသူ။ ဂုဏဝုဍ္ဎော၊ ဂုဏ်ကြီးမြတ်သောသူ။ ဣတိ၊ သို့။ ဝုဍ္ဎော၊ ကြီးမြတ်သောသူတို့သည်။ တယော၊ သုံးပါးတို့တည်း။ တေသု၊ ထိုသုံးပါးတို့တွင်။ ဇာတိသမ္ပန္နော၊ အမျိုးနှင့် ပြည့်စုံသောသူသည်။ ဝါ၊ အမျိုးကောင်းသောသူသည်။ ဇာတိဝုဍ္ဎော နာမ၊ အမျိုးကြီးမြတ်သောသူမည်၏။ ဝယေ၊ ကြီးရင့်သောအရွယ်၌၊ ဌိတော၊ တည်သောသူသည်။ ဝယဝုဍ္ဎော နာမ၊ အရွယ်ကြီးသောသူမည်၏။ ဂုဏသမ္ပန္နော၊ အကျင့်ဂုဏ်နှင့် ပြည့်စုံသောသူသည်။ ဂုဏဝုဍ္ဎော နာမ၊ ဂုဏ်ကြီးမြတ်သောသူမည်၏။ တေသု၊ ထိုသုံးပါးသောသူတို့တွင်။ ဂုဏသမ္ပန္နော၊ ဂုဏ်နှင့်ပြည့်စုံသော၊ ဝယောဝုဍ္ဎော၊ အရွယ်ကြီးသောသူကို။ ဣမသ္မိံ ဌာနေ၊ ဤအပစာယနအရာ၌။ ဝုဍ္ဎောတိ၊ ဝုဍ္ဎဟူ၍။ ဝါ၊ ကြီးမြတ်သောသူဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ အပစာယန္တီတိ၊ ဟူသည်ကား။ ဇေဋ္ဌာပစာယိကကမ္မေန၊ ဂုဏ်အရွယ်နှစ်ရပ် ကြီးမြတ်ကုန်သော သူတို့အား လျှင် ညွှတ်တွားဝပ်စင်း ရိုသေခြင်းအမှုဖြင့်။ ပူဇေန္တိ၊ ပူဇော်တတ်ကုန်၏။ ဓမ္မဿ ကောဝိဒါတိ၊ ဟူသည်ကား။ ဇေဋ္ဌာပစာယနဓမ္မဿ၊ ဂုဏ်အရွယ်နှစ်ရပ် ကြီးမြတ်ကုန်သော သူတို့အားလျှင် ညွှတ်တွားဝပ်စင်း ရိုသေခြင်း တရားကို။ ဝါ၊ ၌။ ကောဝိဒါ ကုသလာ၊ လိမ္မာကုန်သည်။ ဒိဋ္ဌေဝ ဓမ္မေတိ၊ ဟူသည်ကား။ ဣမသ္မိံယေဝ အတ္တဘာဝေ၊ ဤ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင်။ ပါသံသာတိ၊ ဟူသည်ကား။ ပသံသာရဟာ၊ ချီးမွမ်းထိုက်ကုန်၏။ သမ္ပရာယေ စ သုဂ္ဂတီတိ၊ ဟူသည်ကား။ သမ္ပရေတဗ္ဗော ဣမံ လောကံ ဟိတွာ ဂန္တဗ္ဗော၊ ဤလောကကို စွန့်၍ ရောက်အပ်သော။ ပရလောကော၊ တမလွန်လောကဘည်း။ တသ္မိံ ပိ၊ ထိုတမလွန်လောက နောက်ဘဝ၌လည်း။ (ဤတသ္မိံဟူသော ဝိဘတ်ကျွန္တပုဒ်ကိုထည့်) ဘေသံ၊ ထိုသူတို့အား။ သုဂတိ ယော၊ နတ်ရွာသုဂတိ အလားသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဤ ဝုဍ္ဎာပစာယန အရာ၌ ဝုဍ္ဎသုံးမျိုးတို့တွင် ဇာတိဝုဍ္ဎကိုကား ဤလို မရှိအပ်။ အတ္ထုဒ္ဓါရမျှသာ ပြအပ်သတည်း။ ဂုဏဝုဍ္ဎ ဝယဝုဍ္ဎ နှစ်ပါးကိုသာ လိုအပ်၏။ ထိုနှစ်ပါးတို့တွင်လည်း လူဖြစ်သောသူတို့အား ရဟန်းသည် ဂုဏဝုဍ္ဎဖြစ်၏။ ရဟန်းချင်းချင်းအားမူကား ဂုဏဝုဍ္ဎဖြစ်သော ရဟန်းက ရတ္တညူ ဝုဍ္ဎတရ သတင်းကြီး ရဟန်းအား ဂါရဝ ပြုထိုက်၏။ ခီဏာသဝ ရဟန်းပင် ဖြစ်သော်လည်း ပုထုဇဉ် သတင်းကြီး ဝုဍ္ဎတရ ရဟန်းအား ရှိခိုးရခြင်းကြောင့်တည်း။ သို့ဖြစ်၍ လူဖြစ်သောသူသည် ထိုနှစ်ဖြစ်သစ်စ သာမဏေယ်၌ ရဟန်းပဉ္စင်းသည် သတင်းကြီး ဂုဏဝန် ရဟန်း၌ အရိုအသေ

ရှိခိုး ပူဇော်ရခြင်း အဘိဝါဒန ဂါရဝ ပြုလေ့ရှိသော် အာယု ဝဏ္ဏ သုခ ဗလ ပွားကြောင်းကို အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဍာ ပစာယိနော။ စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ ဟူ၍ ဓမ္မပဒပါဠိတော် အာယုဝဍ္ဎနသတို့သား၏ အတ္ထုပ္ပတ္တိ၌ ဟောတော်မူ၏။

ရင်း ဓမ္မပဒအဋ္ဌကထာ၌လည်း—

ဝုဍ္ဍာပစာယိနောတိ ဂိဟိဿ ဝါ တဒဟုပဗ္ဗဇိတော ဒဟရသာမဏေရေပိ ပဗ္ဗဇ္ဇာယပိ ဥပသမ္ပဒါယပိ ဝုဍ္ဎိတရေ ဂုဏဝန္တေ အပစာယမာနဿ အဘိဝါဒနေန ဝါ နိစ္စံ ပူဇေန္တဿာတိ အတ္ထော—

ဟူ၍လာ၏။

ပါဠိတော်အနက်ကား ထင်ရှားလှပြီ။ အဋ္ဌကထာအနက်ကား—

ဝုဍ္ဍာပစာယိနောတိ၊ ဟူသည်ကား။ ဂိဟိဿ ဝါ၊ လူသည်လည်း။ တဒဟုပဗ္ဗဇိတံ ဒဟရံ သာမဏေရမ္ပိ၊ ထိုနေ့ ရှင်ဖြစ်သစ်စ သာမဏေငယ်တို့ကိုလည်း။ ပဗ္ဗဇ္ဇာယပိ၊ ရဟန်းသာမဏေအဖြစ်၌ရင်း။ ဥပသမ္ပဒါယပိ၊ ပဥ္စင်းအဖြစ်၌ရင်း။ ဝုဍ္ဎတရေ၊ သတင်းကြီးဖြစ်ကုန်သော၊ ဂုဏဝန္တေ၊ ဂုဏဝန် ရဟန်းပဥ္စင်းတို့ကို။ အပစာယမာနဿ၊ အရိုအသေ ပြုတတ်သည်ရှိသော်။ ဝါ၊ တနည်းကား။ အဘိဝါဒနေန၊ ရှိခိုးခြင်းဖြင့်၊ နိစ္စံ၊ အမြဲ။ ပူဇေန္တဿ၊ ပူဇော်သည်ရှိသော်။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဤသို့လျှင် လူနှင့် ရဟန်းတို့အား လူနှင့် ရဟန်းအလျောက်၊ လူချင်းချင်းအားလည်း လူချင်းအလျောက်၊ ရဟန်းချင်း အားလည်း ရဟန်းချင်း အလျောက် ဂုဏဝုဍ္ဎ ဝယဝုဍ္ဎ ရှိသူ မျှတို့အား ဂါရဝပြုထိုက်၏။ ဂါရဝပြုသော် အပြစ်ဖြစ်သည်မရှိ၊ အကျိုးသာ ရှိသဖြင့် ဒုဿီလ အလဇ္ဇီ ရဟန်းပင်ဖြစ်သော်လည်း လူတို့ထက်လွန်သော ဂုဏ်ဝိသေသရှိသောကြောင့် အရိုအသေ ဂါရဝပြုသော် အကျိုးရှိသည်သာ ဖြစ်ရာ၏။ ဂုဏ်ညံ့လျှင် အကျိုးညံ့နိုင်သည်သာ ဖြစ်ရာ၏။ ဂုဏ်ထူးမြတ်လျှင် အကျိုးထူးမြတ်သည်သာ ဖြစ်ရာ၏။

ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းသည် မိမိအသက် ဇီဝိတိန္ဒြေကို ဖြတ်ခွဲခြင်းလှစ် မြားဖြင့်ပစ်သော ကျင့်ညစ်ယုတ်မာ ကြမ်းကြုတ်စွာသော မုဆိုး ဒုဿီ အလဇ္ဇီဆိုးကြီးမှန်း စစ်စစ်သိလျက် အရဟဒ္ဓဇ အရိယတို့ တံခွန်အောင်လံ ဖန်ရည်ဆိုးစွန်းသော သင်္ကန်းကိုမြင်ရ ကြီးစွာသောဝေဒနာ နှိပ်စက်လျက်

ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့၏ တံခွန်အောင်လံ ဖန်ရည်ဆိုးစွတ် သင်္ကန်း ဝတ်သော သူမည်သည်ကား ပညာရှိသူတော်ကောင်းတို့သည် မနိုပ်စက်အပ်သော သဘောရှိ၏၊ စင်စစ်သော်မူ ပူဇော်ရှိကျိုး မြတ်နိုးထနာ ပြုအပ်သည်သာဖြစ်ပေ၏ဟူသော အမှတ်သညာဖြစ်ကြောင်းကို တိံသနိပါတ် ဆဒ္ဒန္တဇာတ် အဋ္ဌကထာ၌ ဆို၏။

ဒုဂ္ဂေန ဖုဋ္ဌသ အရဟဒ္ဓဇော နာမ သဗ္ဗိဟိ ပဏ္ဍိတေဟိ အဝဇ္ဈ ရူပေါ အညဒတ္ထု သက္ကာတဗ္ဗောယေဝါတိ အယံ သညာ ဥပါဒိတာ။

တိံသနိပါတ် ဆဒ္ဒန္တဇာတ် အဋ္ဌကထာ။

အနက်ကား—ဒုဂ္ဂေန၊ သည်းအူဟင်းလင်း ဆင်းရဲခြင်းဖြင့်။ ဖုဋ္ဌဿ၊ သည်းထန်ပြင်းဟုံ တွေ့ကြုံ နိုပ်စက်အပ်သော ဆဒ္ဒန်ဆင်မင်းအား။ ဝါ၊ ဆင်မင်းသည်။ အရဟဒ္ဓဇောနာမ၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ မင်္ဂလာအမွန် တံခွန်အောင်လံ ဖြစ်သော အဝတ်သင်္ကန်းကို ဆောင်သော ပုဂ္ဂိုလ်မည်သည်ကိုကား။ (အဇ္ဈော၌သာစပ်) ဝါ၊ သည်ကား။ အဝဇ္ဈရူပေါဟူသော ပုဒ်လုံး၌စပ်) သဗ္ဗိဟိ၊ သူတော်ကောင်းဖြစ်ကုန်သော။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ အဝဇ္ဈရူပေါ၊ မသတ် ညှဉ်း မပြစ်မှားထိုက်သော သဘောရှိ၏။ အညဒတ္ထု၊ စင်စစ်သော် တမူကား။ သက္ကာတဗ္ဗောယေဝ၊ ရိုသေကော်ရော် ပူဇော်လေးမြတ်ခြင်းကို ပြုထိုက်သည်သာတည်း။ ဣတိ၊ သို့။ အယံ သညာ၊ ဤသို့သော အမှတ် စိတ်တော်မြတ်ကို။ ဥပါဒိတာ၊ ဖြစ်စေတော်မူအပ်သတည်း။

ယုဓဥ္စတိဆင်မင်းလည်း ဤအတူပင်တည်း။ထိုယုဓဥ္စတိဆင်မင်း၏အကြောင်းကိုကား ဒုကနိပါတ် ကာသာဝဇာတ် အဋ္ဌကထာ၌ ဆို၏။ ဇိမ္ဗိသာရမင်းကြီးလည်း ထို့အတူ နှလုံးသွင်းကြောင်းကို ပါရာဇိကကဏ်ပါဠိ အဋ္ဌကထာ တို့၌ လာ၏။

သီရိဓမ္မာသောကမင်းကြီး ဖုဿဒေဝထေရ်တို့လည်း ကာလနဂါးမင်း မာရ်နတ်မင်းတို့ ဖန်ဆင်းသော နိမ္မိတဗုဒ္ဓရုပ်ကိုမြင်၍ နဂါး မာရ်နတ်မှန်းကောန်သိလျက် လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြကုန်၏။ သီရိဓမ္မာသောကမင်းအကြောင်းကား ပါရာဇိကကဏ်အဋ္ဌကထာ သာရတ္ထဒီပနီဋီကာ မဟာဝင်ဋီကာ တို့၌ လာ၏။ ဖုဿဒေဝထေရ်အကြောင်းကား ပရိဝါ အဋ္ဌကထာ သီဟဠဝတ္ထု တို့၌ လာ၏။

ဤသို့ ပညာရှိသူတော်ကောင်းဖြစ်သော သူတို့သည်ကား အရိယာအသွင် အဝတ်သင်္ကန်းစသည်ကို ဆောင်ကုန်သော သူတို့အား ကေန္တအားဖြင့် ဒုဿီလ

ပါပကာရီ အလဇ္ဇီကြီး၏အဖြစ်ကို စင်စစ်ကေန် အမှန်သိလျက်ငင်လည်း ပြစ်မှားခြင်းကိုမပြု၊ ရှိသေလေးမြတ်ခြင်းကိုသာ ပြုကြကုန်သတည်း။ ထို့ကြောင့် ဒုဿီလ အလဇ္ဇီရဟန်းမှန်းသိလျက် ယောနိသော မနသိကာရဖြင့် အရိုအသေ ရှိခိုးခြင်းစသည်ကို ပြုသောသူတို့အား ဂါရဝမင်္ဂလာ စင်စစ်ဖြစ်ရ၏ဟု မှတ်ရာသတည်း။

ဝဇီရူပမ ဗျာကရဏ ပဥ္စမပုစ္ဆာ အဖြေ ပြီးပြီ။

* * *

## ဆဋ္ဌပုစ္ဆာ

(၆) အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်မှန်းသိလျက်နှင့် အရိုအသေ ရှိခိုးခြင်း စသော အမှုကို ပြုသောသူ့အိမ်မှာ ဘိက္ခုနီ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ—ဟု ဂေါသလသံယုတ်တွင် ဟောတော်မူသည်နှင့် ညီ မညီများကို အကျိုးအပြစ် ဂတ္ထုံသက်သေနှင့်တကွ သိလိုပါသည်ဘုရား။

---

### ဝဇီရူပမ ဗျာကရဏ ဆဋ္ဌ ပုစ္ဆာ အဖြေ

(၆) ရင်းဆဋ္ဌလျှောက်ချက်အရ အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်ကို ရှိခိုးခြင်းစသည်ကိုပြုအံ့၊ သီလသမ္ပန္န ရဟန်းမဟုတ်သောကြောင့် စစ်စစ်မုချအားဖြင့်ကား အခါခပ်သိမ်း မညီသည်သာဖြစ်၏။ မညီသောကြောင့် အရိုအသေ ရှိခိုးခြင်းစသော သမ္မဒေဝ သမာစာရအမှုကို မပြုအပ်။ ပြုသော် အကျိုးမရှိ အပြစ်ရှိ၏ ဟူ၍ကား မမှတ်ရာ။ ပဂ္ဂဟစိတ်မဟုတ် ယောနိသောမနသိကာရ ကရုဏာပညာသံဃဂတ ဒက္ခိဏာ စေတနာတို့ဖြင့် စိတ္တီကာရ သမ္မဒေဝ သမာစရဏာပြုနိုင်သော် အပြစ်မရှိ အကျိုးသာရှိသည် ဖြစ်ရာ၏။ ဤ သံယုတ်ပါဠိတော်၌ သီလသမ္ပန္နဖြစ်သော ဘိက္ခုကို ကောင်းစွာ မကျင့် မထီမဲ့မြင် ပြုသဖြင့် ကိုယ်နှုတ်စိတ်တို့တွင် တပါးပါးမျှဖြင့် ပြစ်မှားမိသည်ရှိသော် စင်စစ်မုချ ကေန္တအားဖြင့် အပြစ်ကြီးစွာ အထင်အရှား ဒဏ်ဆယ်ပါး ကျရောက်လျက် ဘဝလုံးလုံး ဆုံးရှုံး ပျက်စီးတတ်သည်သာဖြစ်၏။ ကောင်းစွာကျင့်သဖြင့် ပူဇော်လုပ်ကျွေးဆည်းကပ် မှီဝဲသည်ရှိသော် ပစ္စုပ္ပန်သံသရာ လောကီ လောကုတ္တရာ ချမ်းသာသုံးပါးကို ရရှိသည်ဖြစ်ရာ၏။ ဤသို့ သီလဝန္တရဟန်းအား ပြစ်မှားပြုသော် စင်စစ်ကြီးစွာသေချာအပြစ်၊ ကောင်းစွာပြုသော် အကျိုးများစွာ မချွတ်ရှိသည်ကိုသာ ရည်၍ ဟောတော်မူသတည်း။

ဇာယန္တိ တတ္ထ ပါရောဟာ၊ အဟောရတ္တာန-မစ္စယေ။
ယဥ္စခေါ သီလသမ္ပန္နော၊ ဘိက္ခု ဒဟတိ တေဇသာ။

န တဿ ပုတ္တာ ပသဝေါ စ၊ ဒါယာဒါ ဝိန္ဒရေ ဓနံ။
အနုပစ္စာ အဒါယာဒါ၊ တာလဝတ္ထုု ဘဝန္တိ တေ။

ကောသလသံယုတ် ပါဠိတော်။

အနက်ကား—တဿ၊ ထိုမိုးကြီးပြင်းစွာ လောင်ရာတော၌။ ပါရောဟာ၊ မြက်သစ်ပင် စသည်တို့သည်။ အပေါရတ္တာ နံ၊ နေ့ညဥ့်တို့၏။ အစ္စယေ၊ လွန်သည်ရှိသော်။ ဇာယန္တိ၊ ပေါက်ပေါ်ဖြစ်ပွားတတ်ကုန်၏။ ယဥ္စခေါ၊ အကြင်သူကိုကား။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ဘိက္ခု ရဟန်းသည်။ တေဇသာ၊ သီလတန်ခိုးဖြင့်။ ဒဟတိ၊ လောင်နိုင်၏။ တဿ၊ ထိုရဟန်းသီလ တေဇရှိန်ပြောင် တန်ခိုးလောင်သောသူ၏။ ပုတ္တာ စ၊ သားသမီးတို့သည်ရင်း။ ပသဝေါ စ၊ ကျွဲနွား ကြက်ဘဲ စသော တိရစ္ဆာန်တို့သည်ရင်း။ န ဘဝန္တိ၊ မဖြစ်မပွား ပျက်ပြားဆုံးရှုံးတတ်ကုန်၏။ ဒါယာဒါ၊ အမွေခံတို့သည်။ ဓနံ၊ ဥစ္စာကို။ န ဝိန္ဒရေ န ဝိန္ဒန္တိ၊ မရကုန်။ အနုပစ္စာ၊ သားသမီးမဲ့ ချိတ်ပျက်ပြားကုန်သော။ အဒါယာဒါ၊ အမွေခံ မရှိကုန်သော။ တေ၊ ထိုသူတို့သည်။ တာလဝတ္ထုု၊ အရာမျှသာ ကြွင်းကုန်လျက် လည်ရင်းဆတ်ဆတ် ကျိုးကြေပြတ်သော ထန်းပင်တို့ကဲ့သို့၊ ဘဝန္တိ၊ ဖြစ်ကုန်လတ္တံ့။ သားသမီးက စသည်ရှုံးပါးဖပွားနိုင်ကုန်ဟူလို။

ပုတ္တာဒိဘာဝဒိဝသေန န ပတ္တန္တီတိ အတ္တော။

ဋီကာ၊ အဋ္ဌကထာ။

ဤသို့ သီလဝန္တ ရဟန်းအား ပြစ်မှားသော် ဤသို့သော အပြစ်တို့သည် စင်စစ်မုချ ရရာသတည်း။

သီလသမ္ပန္န သီလဝန္တ ရဟန်းကို သမ္မဒေဝ သမာစရဏပြုသော် အကျိုးကိုကား ရင်းအဋ္ဌကထာ၌ ဖွင့်ပြတော်မူသတည်း။

အသုတာသဝနာဒိ ပတ္ထယန္တေနာပိ ဘိက္ခု အတိဝိဿာသေန ဝေဇ္ဇကမ္မနဝဏ္ဏမ္မာဒိသု အယောဇေတွာ စတူဟိ ပစ္စယေဟိ သက္ကစ္စံ ဥပဋ္ဌာပေတဗ္ဗော။ ဧဝံ တံ နိဿာယ အသုတာပုဗ္ဗံ ပဋ္ဌာဝိနိစ္ဆယံ ဒိဋ္ဌဓမ္မိက သမ္ပရာယိကံ အတ္ထံ တိဿော ကုလသမ္ပတ္တိယော ဆကာမသဂ္ဂါနိ နဝ စ ဗြဟ္မလောကေ ပတွာ ယမတာမဟာနိဗ္ဗာနဒဿနံပိ လဘိဿန္တီတိ ဣမမတ္ထံ သန္ဓာယ သမ္မဒေဝ သမာစရေတိ အာဟ။

ရင်းအဋ္ဌကထာပါဠိ။

အနက်ကား — အသုတသဝနာဒိ၊ မကြား မနာရဘူးသေးသော တရားစကားကို ကြားနာရခြင်း စသည်ကို။ ပဋ္ဌယခေန္တနာပိ၊ တောင့်တလိုရှိသောလူသူတော်ကောင်းသည်လည်း။ ဘိက္ခု၊ ရဟန်းကို။ အတိ ဝိဿသေန၊ အလွန်စိတ်တွင် အကျွမ်းဝင်သဖြင့်။ ဝေဇ္ဇကမ္မ နဝကမ္မာဒီသု၊ ဆေးကုခြင်းအမှု၊ နဝကမ္မအမှု စသည်တို့၌။ အနယောဇေတွာ၊ မယှဉ်ပဲ၊ စတုဟိ၊ လေးပါးကုန်သော။ ပစ္စယေဟိ၊ ပစ္စည်းတို့ဖြင့်။ သက္ကစ္စံ၊ ရိုသေကောင်းမွန်စွာ။ ဥပဋ္ဌာပေတဗ္ဗော၊ လုပ်ကျွေးဖပ်၏။ ဝေ၊ ဤသို့ ရိုသေကောင်းမွန်စွာ လုပ်ကျွေးသည်ရှိသော်။ တံ၊ ထိုရဟန်းကို။ နိဿာယ၊ မှီ၍။ အသုတပုဗ္ဗံ၊ ရှေး၌ မကြားမနာရဘူးသေးသော။ ပဥ္စာ စ័န္ဒဿ၊ အာဂမပုဏ္ဍ ပြဿနာ အဆုံးအဖြတ်ကိုရင်း။ ဒိဋ္ဌမမ္ဗိက သမ္ဗရာယိကာ၊ မျက်မှောက် တမလွန်၌ဖြစ်သော။ အတ္ထံ၊ အကျိုးစီးပွားကိုရင်း။ တိဿော၊ သုံးပါးကုန်သော။ ကုလသမ္ပတ္တိယော၊ ခတ္တိယမဟာသာလ ဗြာဟ္မဏမဟာသာလ ဂဟပတိမဟာသာလ အမျိုး၏ ပြည့်စုံခြင်း စည်းစိမ်တို့သို့ရင်း။ ဆကာမ သဂ္ဂါနိ စ၊ ကာမာဝစရ နတ်ပြည် ခြောက်ထပ်တို့သို့ရင်း။ နဝစ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်ကိုးဘုံတို့သို့ရင်း။ ပတွာ၊ ရောက်၍။ အမတ မဟာနိဗ္ဗာန ဒဿနံပိ၊ အမြိုက်မြတ်မွန် ပြည်နိဗ္ဗာန်ကိုမြင်ရခြင်း အကျိုးကိုရင်း။ လဘိဿန္တိ၊ ရကြကုန်လတ္တံ့။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော ပယောဇနအနက်ကို။ သန္ဓာယ၊ ရည်တော်မူ၍။ သမ္မာသမ္ဗုဒ္ဓ သမာစနေရတိ၊ ဟူ၍၊ ဘဂဝါ၊ သည်။ အာဟ၊ ဟောတော်မူ၏။

ဤသို့ သီလဝန္တ ရဟန်းကို ကောင်းစွာ အရိုအသေ ပြုသော် ဤသို့သော အကျိုးတို့သည် စင်စစ်ဖြစ်ရာသတည်း။

ဤသို့ ရဟန်း၏ သီလတန်ခိုး လောင်သည်ဟူရာ၌လည်း ရဟန်းဟူသမျှ၏ သီလတန်ခိုး လောင်နိုင်သည်မဟုတ်။ ရန်ပြုသူကို ရန်မူမလုံ့ တုံ့မပြန် သည်းခံခြင်း ခန္တီ မေတ္တာ ကရုဏာနှင့် ပြည့်စုံသော ရဟန်း၏ သီလတန်ခိုးသာ လောင်နိုင်ကြောင်းကို ရင်းသဲယုတ် အဋ္ဌကထာ၌ ပြဆို၏။

ဘိက္ခု ဒဟတိ တေဇသာတိ တေ့ အက္ကောသန္တံ ပစ္စက္ကောသန္တော ဘဏ္ဍန္တံ ပဋိဘဏ္ဍန္တော ပဟရန္တံ ပဋိပဟရန္တော ဘိက္ခုနာမ ကိဉ္စိ ဘိက္ခုတေဇသာ ဒဟိတုံ န သက္ကောတိ။ ယော ပန အက္ကောသန္တံ န ပစ္စက္ကောသတိ ဘဏ္ဍန္တံ န ပဋိဘဏ္ဍတိ ပဟရန္တံ။ န ပဋိပဟရတိ။ တသ္မိံ ဝိပ္ပဋိပန္နော တဿ သီလတေဇေန ဒယှတိ။ တေနေဝေတံ ဝုတ္တံ န တဿ ပုတ္တာ ပသဝေါတိ။

ရင်း ကောသလသံယုတ် အဋ္ဌကထာပါဠ်။

အနက်ကား — ဘိက္ခု ဒဟတိ တေဇသာတိ ဧတ္ထ၊ ဘိက္ခု ဒဟတိ တေဇသာ ဟူသော ပါဠိတော်မြတ် ဝါကျပါဌ်၌။ ဧဝံ၊ ဤသို့။ ဓိဘာဂေါ၊ ဗျတိရေက အနွယအားဖြင့် ဝေဖန်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အက္ကောသန္တံ၊ ချုပ်ချယ် ဆဲရေးတတ်သောသူကို။ ပစ္စက္ကောသန္တော၊ ချုပ်ချယ်ဆဲရေးတုံ့ ချုပ်ချယ်ဆဲရေးတတ်သော။ ဘဏ္ဍန္တံ၊ ခိုက်ရန်ပြုတတ်သော သူကို။ ပဋိဘဏ္ဍန္တော၊ ခိုက်ရန်ပြုတုံ့ ပြုတတ်သော။ ပဟရန္တံ၊ ပုတ်ခတ်ရိုက်နှက်တတ်သော သူကို။ ပဋိပဟရန္တော၊ ပုတ်ခတ်ရိုက်နှက်တုံ့ပြုတတ်သော။ ဘိက္ခု နာမ၊ ရဟန်းမည်သည်။ ကိဉ္စိ၊ တစုံတခုကိုမျှ။ ဘိက္ခု တေဇသာ၊ ရဟန်း သီလတန်ခိုးဖြင့်။ ဒဟတိ၊ လောင်ခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ ပန၊ ဗျတိရိက်မှတပါး အနွယကို ဆိုဦးအံ့။ ဝါ၊ မလောင်တတ်သည်မှတပါး လောင်သည်ကို ဆိုဦးအံ့။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အက္ကောသန္တံ၊ ချုပ်ချယ် ဆဲရေးသော သူကို။ န ပစ္စက္ကောသတိ၊ ချုပ်ချယ်ဆဲရေးတုံ့ မပြုတတ်။ ဘဏ္ဍန္တံ၊ ခိုက်ရန်ပြုသောသူကို။ န ပဋိဘဏ္ဍတိ၊ ခိုက်ရန်ပြုတုံ့ မမူတတ်။ ပဟရန္တံ၊ ပုတ်ခတ် ရိုက်နှက်သောသူကို။ န ပဋိပဟရတိ၊ ပုတ်ခတ် ရိုက်နှက်တုံ့ မပြုတတ်။ တသ္မိံ ဘိက္ခုသ္မိံ၊ ထိုသို့သော ရဟန်း၌။ ဝိပ္ပဋိပန္နော၊ ပြစ်မှားသဖြင့် မကောင်းကျင့်သောသူကို။ တဿ၊ ထိုရဟန်း၏။ သီလတေဇေန၊ သီလတန်ခိုးဖြင့်။ ဝါ၊ သီလတန်ခိုးသည်။ ဒယှတိ၊ လောင်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဇောတံ န တဿ ပုတ္တာ ပသဝေါတိ အာဒိဝစနံ၊ ထို န တဿ ပုတ္တာ ပသဝေါ အစရှိသော စကားကို။ ဝုတ္တံ၊ ဘုရားရှင်စော မိန့်တော်မူအပ်၏။

ဤပါဠိ အဋ္ဌကထာတို့ဖြင့် ချုပ်ချယ် ထိပါးလာသော သူကိုပင် တုံ့ပြန် ထိပါးတတ်သော ရဟန်း၏ သီလတန်ခိုးဖြင့်လည်း မလောင်နိုင်သေးသည် ဖြစ်သောကြောင့် ဆက်ဆက် သီလမရှိသော ဒုဿီလ အလဇ္ဇီတို့၏ကား အဘယ်မှာ လောင်ဖွယ် ရှိအံ့နည်းဟု မှတ်ရာ၏။ ဒုဿီတ သီလ-ဒုဿီလ အလဇ္ဇီတို့၏ သီလကား ညှိုးသောကြောင့် ညံ့ညံ့လောင်သည် ဖြစ်ရာ၏ ဟု၍လည်း သိရာ၏။ သို့ပင်ဖြစ်သော်လည်း ထိုဒုဿီလ အလဇ္ဇီ၌ သီလသမာဓိအပြစ်သာ မရှိသည် ညံ့သည် ဖြစ်ရာ၏။ အတ္တကာမ၊ ဟိတကာမ၊ နိဒေါသ ဖြစ်ပေသော ဒုဿီလ အလဇ္ဇီတို့ကိုကား အခါခပ်သိမ်းပင် မပြစ်မှားအပ်သည်သာ ဖြစ်ရာ၏။ ပြစ်မှားသည်ရှိသော် အပြစ်ကြီးပင် ဖြစ်ရာ၏။ အဘယ်ကဲ့သို့နည်း။ ဒုဿီလ အမိအဘတို့ကို ပြစ်မှား သတ်ဖြတ်ရာ၌ ဗဟုပကာရကြောင့် အနန္တရိယ အပြစ်မှ မလွတ်နိုင်သကဲ့သို့ မှတ်ရာ၏။

သစေ ဓိတာ သီလဝါ ဟောတိ၊ မာတာ ဒုဿီလာ နော ဝါ၊
တထာ သီလဝတီ ပိတုဃာတော ပဋိသန္ဓိဝသေန ဝိပစ္စတိ။ သစေ မာတာ

မာတုဃာတော ဒွိသုပိ သီလေန ဝါဒုဿီလေန ဝါ သမာနေသု မာတုဃာတောဝ ပဋိသန္ဓိဝသေန ဝိပစ္စတိ။ မာတာ ဟိ ဒုက္ကရကာရိကာ ဗဟုပကာရာ စ ပုတ္တာနန္တိ။

အင်္ဂုတ္တရအဋ္ဌကထာစသည်။

အနက်ကား— သစေ၊ အကယ်၍။ ပိတာ၊ အဘသည်။ သီလဝါ၊ သီလရှိသည်။ ဟောတိ၊ အံ့။ တထာ၊ ထို့မှတပါး။ မာတာ၊ အမိသည်။ ဒုဿီလာ၊ သည်။ ဟောတိ၊ အံ့။ သီလဝတီ၊ သီလရှိသည်။ နော ဝါ ဟောတိ၊ မဖြစ်အံ့။ ပိတုဃာတော၊ အဘသတ် ကံသည်။ ပဋိသန္ဓိဝသေန၊ ဖြင့်။ ဝိပစ္စတိ၊ အကျိုးပေး၏။ သစေ၊ ၍။ မာတာ၊ သည်။ သီလဝတီ၊ သည်။ ဟောတိ၊ အံ့။ ပိတာ၊ သည်။ ဒုဿီလော၊ သည်။ ဟောတိ၊ အံ့။ သီလဝါ၊ သည်။ နော ဝါ ဟောတိ၊ မဖြစ်အံ့။ မာတုဃာတော၊ အမိသတ် ကံသည်။ ပဋိသန္ဓိဝသေန၊ ဖြင့်။ ဝိပစ္စတိ၊ ၏။ ဒွိသုပိ၊ အမိအဘ ၂-ပါးတို့သည်လည်း။ သီလေန ဝါ၊ သီလရှိခြင်းဖြင့်၎င်း။ ဒုဿီလေန ဝါ၊ သီလမရှိခြင်းဖြင့်၎င်း။ သမာနေသု၊ တူကြကုန်သည်ရှိသော်။ မာတုဃာတောဝ၊ အမိသတ် ကံသည်သာလျှင်။ ပဋိသန္ဓိဝသေန၊ ဖြင့်။ ဝိပစ္စတိ၊ ၏။ ဟိ သစ္စံ၊ မှန်၏။ ဝါ- ဟိ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ မာတာ၊ အမိသည်။ ပုတ္တာနံ၊ သားသမီးတို့အား။ ဒုက္ကရကာရိကာ၊ ပြုနိုင်ခဲသည်ကို ပြုတတ်ကုန်၏။ ဗဟုပကာရာ စ၊ များသော ကျေးဇူးလည်း ရှိကုန်၏။ တသ္မာ၊ ကြောင့်။ မာတုဃာတောဝ၊ သည်သာလျှင်။ ပဋိသန္ဓိဝသေန၊ ဖြင့်။ ဝိပစ္စတိ၊ ၏။

ဤသို့ ဒုဿီလ အမိအဘတို့ကို ပြစ်မှားသော်လည်း အပြစ်မလွတ်နိုင်သည်ကို သိရာ၏။ ထို သာသနပစ္စတ္ထိက မဟုတ်ကုန်သော ဒုဿီလ အလဇ္ဇီ ရဟန်းတို့၏ကား သံဃပရိယာပန္န ဖြစ်ကုန်သောကြောင့်၎င်း။ သံဃဂတ ဒါန ပူဇာ သက္ကာရ ဂါရဝပြုသော သူတို့အား မဟပ္ဖလ မဟာနိသံသ ဖြစ်စေနိုင်သော ဒက္ခိဏေယျဝိသောဓနေဂုဏ် ရှိကြပေသောကြောင့်၎င်း။ ဥပစာရ ပရိယာယအားဖြင့် သီလသမ္ပန္န ဘိက္ခုအရာသို့ ဝင်သဖြင့် ဘိက္ခုံ စ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ-ဟူသော သံယုတ်တရားတော်နှင့် အခိုက်အတံ့ ညီသည်ဖြစ်ရာ၏။ ဒုဿီလ အလဇ္ဇီ ဖြစ်သောကြောင့်ကား အခါခပ်သိမ်း အမြဲမညီနိုင်ရာ။

သို့ဖြစ်၍ သီလသမ္ပန္နဘိက္ခုကို သမ္မဒေဝ သမာစရဏမပြု၊ မထီမဲ့မြင် ပြုမိလျှင် အကျိုးမရသည်သာမက ကေန်စင်စစ် အပြစ်ညီးပြောင် မီးကြီးလောင်၍ စည်းစိမ်ဥစ္စာ သားသမီးတို့၏ ပျက်စီး ပြုန်းတီးခြင်း စသော ကြီးစွာသော အပြစ်ကို ရရာသောကြောင့် သီလဝန္တရဟန်းကို အခါခပ်သိမ်း ရိုသေလေးမြတ် ပြုစေခြင်းအကျိုးငှါ ဤကောသလသံယုတ် ဥရဂသုတ်၌ ဘိက္ခုံ စ သီလသမ္ပန္နံ၊

သမ္မဒေဝ သုမာဝရေ—ဟူ၍ သီလဝန္တရဟန်းကိုသာ ထင်စွာ ထုတ်ဆော်ဟော တော်မူ၏။ ဒုဿီလ အလဇ္ဇီရဟန်းကိုကား ပြစ်မှားသော်လည်း အပြစ်မရှိသော ကြောင့်ရင်း၊ ကောင်းစွာ အရိုအသေ ရှိခိုးခြင်း စသောအမှုကို ပြုသော်လည်း အကျိုးမရှိသောကြောင့်ရင်း ဟောတော်မူသည်မဟုတ်။ ဤသုတ်၏ အနက်ကို ဒုဿီသဉ္ဇ သီလဝန္တရဟန်းကဲ့သို့ အပြစ်မကြီးလှသည်သာ ဖြစ်၏ဟု သိရာ၏။ အဘယ့်ကြောင့်နည်း၊ ဒက္ခိဏာဝိဘင်းသုတ် ဆဒ္ဒန္တဇာတ် အဋ္ဌကထာတို့ဖြင့် သိ အပ်သောကြောင့်ရင်းတည်း။ ဤသို့ နိတတ္ထ နေယျတ္ထ သုတ္တန္တဒေသနာ၏ လက္ခ ဏာကိုစစ်၍ အကျိုးအပြစ် နှစ်ပါးတို့ကို ပိုင်းခြားဝေဖန် သမ္မာဉာဏ်ဖြင့် ဟုတ်မှန်ဖြောင့်မတ်စွာ မှတ်ကုန်ရာ၏။ ဒုဿီလ အလဇ္ဇီကို သိလျက် အရိုအသေ ပြုရာ၌ ပဂ္ဂဟ စေတနာ မရှိ၊ ယောနိသော မနသိကာရဖြင့်သာ ပြုရာ၏။ ပဂ္ဂဟ စေတနာဖြင့် ပြုမူကား ရှေးက ဆိုပြီးသည့် အတိုင်း အလဇ္ဇီပဂ္ဂဟဖြစ်၏ မှတ်လေ။

ဝဇီရှုပမ ဗျာကရဏ ဆဋ္ဌပုစ္ဆာအဖြေ ပြီး၏။

* * *

# သတ္တမပုစ္ဆာ

(၇) ဒုဿီလ အလဇ္ဇီ ပုဂ္ဂိုလ်တို့သည် ပါဏိပါတသရဏဂုံ ထိုက်မထိုက်များကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်ဘုရား။

---

## ဝဇီရူပမ ဗျာကရဏ သတ္တမပုစ္ဆာ အံဖြေ

(၇) ၎င်း သတ္တမလျှောက်ချက်အရ ဒုဿီလ အလဇ္ဇီပုဂ္ဂိုလ်သည် စင်စစ်သရဏဂုံ ထိုက်သော ဘရဏဝတ္ထု မဟုတ်သော်ကြောင့် မုချစင်စစ်အားဖြင့် ပါဏိပါတ သရဏဂုံ မထိုက်သည်သာဟူ၍ မှတ်ရာ၏။ စင်စစ်မုချ ပါဏိပါတ သရဏဂုံထိုက်သော ဝတ္ထုကား ဗုဒ္ဓ ဓမ္မ သံဃ ဟူသော ရတနာ ၃-ပါးအပေါင်းသာတည်း။ ထို ၃-ပါးတို့တွင် ဗုဒ္ဓဟူသည် သဗ္ဗညုတ ဉာဏ်တော် အစရှိသော လောကီ လောကုတ္တရ ဂုဏ်တော်အပေါင်းတို့ဖြင့် မှတ်အပ်သော သဗ္ဗညုမြတ်စွာဘုရား ရတနာတည်း။ သူအချို့တို့မူ ဗုဒ္ဓေါ သဗ္ဗညုတညာဏံ ဟူသော ဂါထာကို ထောက်၍ ဗုဒ္ဓဟူသည် သဗ္ဗညုတ ဉာဏ်သာတည်း။ ခန္ဓာပဉ္စက သတ္တဝိသေသ မဟုတ်ဟု မှတ်ယူပြောဆိုကုန်၏။ ထိုသို့ ဆိုကုန်သော်လည်း ပညတ်ဝေါဟာရ အရာ၌ သဘောဉာဏ် မလင်း၍ ယူမှား ပြောဆိုခြင်း ဖြစ်ကုန်သည် ပမာဏမဟုတ်။ စင်စစ်သော်ကား ဘုရားဟူသည် သတ္တသန္တာနဖြစ်သာတည်း။ ဘုရားဟူ၍ သတ္တသန္တာန ဖြစ်ကိုသာ ခေါ်သည်။ သဏ္ဍာန်ဖြစ်သော ဂုဏဓမ္မကို မခေါ်ကုန်၊ သတိပြုလေကုန်။

ဓမ္မဟူသည် မုချ နိပ္ပရိယာယ နိတတ္ထအားဖြင့် မဂ်တရား နိဗ္ဗာန်တရား နှစ်ပါးတို့သာတည်း။ ဥပစာရပရိယာယ နေယျတ္ထအားဖြင့်ကား ဖိုလ်တရား ပရိယတ်တရားတို့နှင့် တကွ ဆယ်ပါးတို့ဟူ၍ ၎င်းသီလက္ခန် အဋ္ဌကထာ၊ ပဏ္ဏာသအဋ္ဌကထာ၊ အင်္ဂုတ္တရ အဋ္ဌကထာ၊ ဣတိဝုတ် အဋ္ဌကထာတို့၌ မိန့်ကုန်၏။

သော အတ္တတော အရိယဒ္ဓင်္ဂေါစေဝ နိဗ္ဗာနဥ္စ၊ နကေဝလဉ္စ အရိယ မဂ္ဂေါစေဝ နိဗ္ဗာနဉ္စ။ အပိ စ ခေါ အရိယဖလေန သဒ္ဓိံ ပရိယတ္တိဓမ္မောပိတို့။

ရင်းသုတ်သီလက္ခန် အဋ္ဌကထာ၊ မူလပဏ္ဏာသ ဘယဘေရဝသုတ် အဋ္ဌကထာ။ ဒုကင်္ဂုတ္တရအဋ္ဌကထာ၊ ဣတိဝုတ်အဋ္ဌကထာပါဠိ၊

အနက်ကား— သော၊ ထိုဓမ္မသည်။ အတ္တတော၊ အနက်သရုပ် တရားကိုယ် အားဖြင့်၊ အရိယမဂ္ဂေါစေဝ၊ အရိယမဂ် ၄-ပါးသည်၎င်း။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန် သည်၎င်း၊ ဟောတိ၊ ၏။ ကေဝလဉ္စ၊ သက်သက်သာလျှင်၊ အရိယမဂ္ဂေါ စေဝ၊ အရိယမဂ် ၄-ပါးသည်၎င်း၊ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်၎င်း၊ န၊ မဟုတ် သေး၊ အပိ စ ခေါ၊တပါးသော်ကား၊ အရိယဖလေန၊အရိယဖိုလ် ၄-ပါးနှင့်။ သဒ္ဓိံ၊ တကွ၊ ပရိယတ္တိဓမ္မောပိ၊ ပရိယတ် တရားသည်လည်း၊ ဟောတိ၊ ၏။ ဣတိ၊ ဤသို့မှတ်ရာ၏။

ဘဝကန္တာရဥတ္တရဏေန အဿာဒဇနနေန စ ဓမ္မော၊

ရင်းသီလက္ခန် အဋ္ဌကထာစသည်အနက်ပေါ်၏၊

ဘဝကန္တာရဥတ္တိရဏေန မဂ္ဂသင်္ခါတော ဓမ္မော။ ဣတရော အဿာဒဇနနေန သတ္တာနံ ဘယံ ဟိံသတီတိ ယောဇနာ၊

ရင်းဋီကာစုံ။

ဘဝကန္တာရ ဥတ္တရဏေန မဂ္ဂသင်္ခါတော ဓမ္မော။ ဖလနိဗ္ဗာန သင်္ခါတော ပန အဿာသဒါနေန သတ္တာနံ ဘယံ ဟိံသတီတိ ယော ဇနာ၊

သီလက္ခန်မဟာဋီကာ။

ဤ၌ အဿာသ အဿာဒပါဠိနှစ်မျိုး ရှိ၏။

အနက်ကား— ဘဝကန္တာရဥတ္တရဏေန၊ ဘဝရှည်စွာ သံသရာကန္တာရမှ ထုတ်ဆောင်ခြင်းဖြင့်။ မဂ္ဂသင်္ခါတော၊ အရိယမဂ်ဟု ဆိုအပ်သော။ ဓမ္မော၊ တရားသည်။ အဿာဒဇနနေန၊ သာယာခြင်းကို ဖြစ်စေတတ်သဖြင့်။တနည်း— အဿာသဇနနေန၊ သက်သာရာကိုဖြစ်စေတတ်သဖြင့်။ ဣတရော၊ဤအရိယမဂ် မှ တပါးသော ဖိုလ် နိဗ္ဗာန် ပရိယတ်ဟု ဆိုအပ်သော။ ဓမ္မော၊တရားသည်။

သတ္တာနံ၊ ကိုးကစားယုံကြည်တတ်သူ နတ်လူပြဟ္မာ သတ္တဝါတို့၏။ ဘယံ၊ အပါယ်လေးဖြာ သံသရာဘေးကို။ ဟိံ သတိ၊ မုချဆတ်ဆတ် ပယ်ဖျောက်တတ်၏။ ဣတိ၊ သို့။ ယောဇနာ၊ အတ္ထယောဇနာကို။ ကာတဗ္ဗာ၊ ပြုအပ်၏။

သီလက္ခန် မဟာဋီကာ အလိုကား ဖလနိဗ္ဗာနသခ်ါတော၊ အရိယဖိုလ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော။ ဓမ္မော၊ သည်။ အဿာသဒါနေန၊ သက်သာရာကို ပေးတတ်သဖြင့် ဟူလေ။ ပရိယယ်မပါ၊ မပါသော်လည်း အဋ္ဌကထာများ၌ ပင် ထင်ရှားပါလျက် ဖြစ်ရကား မခြွင်းသင့်။

ဤသို့ သီလက္ခန်စသော အဋ္ဌကထာ ဋီကာဟောင်း ဋီကာသစ် ကျမ်းကြီးတို့၌ မဂ်ဖိုလ် နိဗ္ဗာန် ပရိယတ္တိ ဓမ္မသယ်ပါးကို သရဏတရား ယူတော်မူကုန်သည်။ ခုဒ္ဒကပါဌ အဋ္ဌကထာ၌ကား မဂ်၊ နိဗ္ဗာန်၊ တရား နှစ်ပါးကိုသာ ယူတော်မူသည်။ ဖိုလ်ပါကောက်ယူသော ဤဒီဃနိကာယ် အဋ္ဌကထာ၊ မဇ္ဈိမနိကာယ် အဋ္ဌကထာ၊ အင်္ဂုတ္တရ နိကာယ် အဋ္ဌကထာ ဆရာကြီးတို့ကို ကေဝါဒသို့ တင်ပေ၏။

> မဂ္ဂဖလနိဗ္ဗာနာနိ ဓမ္မောတိ ကေ။ ဘာဝိတမဂ္ဂါနံ သစ္ဆိကတ နိရောဓာနဥ္စ အပါယေသု အပတမာနဘာဝေန ဓာရဏတော ပရမဿာသ ဝိဓာနတော စ မဂ္ဂဝိရာဂါဝေ၊ ဣမသ္မိံ အတ္ထေ အမှာကံ ခန္တိ။
>
> ရင်းခုဒ္ဒကပါဌအဋ္ဌကထာပါဌ်။

အနက်ကား—မဂ္ဂဖလနိဗ္ဗာနာနိ၊ မဂ်ဖိုလ် နိဗ္ဗာန်တို့သည်။ ဓမ္မော၊ ဓမ္မမည်၏။ ဣတိ၊ ဤသို့။ ကေ၊ အချို့သော ဆရာတို့သည်။ ဝါ၊ အချို့ကုန်သော ဒီဃနိကာယ် မဇ္ဈိမနိကာယ် အင်္ဂုတ္တရနိကာယ် ခုဒ္ဒကနိကာယ် အဋ္ဌကထာ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ ဘာဝိတမဂ္ဂါနဥ္စ၊ ပွားစေအပ်ပြီးသော မဂ်ကိစ္စရှိကုန်သော အရိယာပုဂ္ဂိုလ်တို့အားရင်း။ သစ္ဆိကတ နိရောဓာနဥ္စ၊ မျက်မှောက် ပြုအပ်ပြီးသော နိရောဓသစ္စာရှိကုန်သော အရိယာပုဂ္ဂိုလ်တို့အားရင်း။ အပါယေသု၊ အပါယ်လေးဘုံတို့၌။ အပတမာန ဘာဝေန၊ မကျစေသည်၏ အဖြစ် ဖြင့်။ ဓာရဏတော စ၊ ဆောင်တတ်သောကြောင့်ရင်း။ ပရမဿာသ ဝိဓာနတော စ၊ အလွန်မြတ်သော သက်သာရာကို စီရင်တတ်သောကြောင့်ရင်း။ မဂ္ဂဝိရာဂါဝေ၊ အရိယမဂ် နိဗ္ဗာန်တို့သည်သာလျှင်။ ဣမသ္မိံ အတ္ထေ၊ ဤသရဏ အရာ၌။ ဓမ္မောတိ၊ ဓမ္မဟူ၍။ အမှာကံ၊ ငါတို့၏။ ဝါ၊ ခုဒ္ဒကဘာဏကဆရာ ငါတို့၏။ ခန္တိ၊ နှစ်သက်ခြင်းတည်း။ အယူတည်း။

ဤကား ဓမ္မသရဏ အရာ၌ အဋ္ဌကထာဋီကာကြီးတို့ ယူပုံတည်း။

ခါရဏာဓမ္မ အရာ၌လည်း သုတ္တန် အဘိဓမ္မာ ဝိနည်း အဋ္ဌကထာဋီကာ အနုမဓု မဏိဒီပ ကျမ်းကြီးတို့နှင့်တကွ လက်သန်းအဋ္ဌကထာဋီကာ ဂန္ထန္တရဋီကာ သံဝဏ္ဏနာကျမ်းတို့လည်း မုချ နိပ္ပရိယာယ နိတတ္ထအားဖြင့် မဂ်နိဗ္ဗာန်ကို၊ ဥပစာရ ပရိယာယ နေယျတ္ထအားဖြင့် ဖိုလ် ပရိယတ်နှင့်တကွ ဓမ္မဆယ်ပါးကိုပင် ခါရဏာဓမ္မအဖြစ်ဖြင့် ဖွင့်ပြကောက်ယူတော်မူကြကုန်၏။

သံဃာဟူသည်ကို သရဏအရာ၌ သုတ် ဝိနည်းအဘိဓမ္မာ အဋ္ဌကထာ ဋီကာကြီးတို့သည် အရိယာသံဃာကိုသာ ဖွင့်ပြကောက်ယူတော်မူကြကုန်၏။

> သော အတ္တတော အဋ္ဌ အရိယပုဂ္ဂလသမူဟော။ အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလပဋိလာဘကရဏေန သံဃော။

ရှင်း သီလက္ခန် သာမညဖလသုတ်အဋ္ဌကထာ။ မူလပဏ္ဏာသ ဘယဘေရဝ သုတ်အဋ္ဌကထာ။ အင်္ဂုတ္တရအဋ္ဌကထာ။ ဣတိဝုတ်အဋ္ဌကထာကြီးများ။

> ဝိပုလဖလပဋိလာဘ ကရဏေန သတ္တာနံ ဘယံ ဟိံသတိ အနုတ္တရ ဒက္ခိဏေယျဘာဝတောတိ အဓိပ္ပာယော။

ရှင်းဋီကာကြီးများ။

အနက်ကား—သော၊ ထိုသံဃာသည်။ အတ္တတော၊ အနက်သရုပ် မုချ ဆတ်ဆတ် ပရမတ္ထအားဖြင့်။ အဋ္ဌအရိယ ပုဂ္ဂလ သမူဟော၊ ရှစ်ယောက်သော အရိယာပုဂ္ဂိုလ် အပေါင်းတည်း။

အပ္ပကာနမ္ပိ၊ အနည်းငယ်သာလည်း ဖြစ်ကုန်သော။ ကာရာနံ၊ ပူဇော်ခြင်းတို့၏။ ဝိပုလဖလ ပဋိလာဘ ကရဏေန၊ ကြီးကျယ်ပြန့်ပြောသော အကျိုးရခြင်းကို ပြုသဖြင့်။ သံဃော၊ သည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဘယံ၊ဘေးကို။ ဟိံသတိ၊ ဖျောက်တတ်၏။ က္လာဘိတသ္မာ၊ ကြောင့်။ သရဏံ၊ သရဏမည်၏။ အဋ္ဌကထာများအနက်။

ဝိပုလဖလ ပဋိလာဘ ကရဏေန၊ သဖြင့်။ သတ္တာနံ၊ တို့၏။ ဘယံ၊ ကို။ ဟိံသတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ အနုတ္တရ ဒက္ခိဏေယျ ဘာဝတော၊ မြတ်သော အလှူခံ ပုဂ္ဂိုလ်၏ အဖြစ်ကြောင့်တည်း။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ အဓိပ္ပာယ်တည်း။ ဝါ။ အဋ္ဌကထာဆရာ အလိုတော်တည်း။ ဝါ-အပ္ပကာနမ္ပိ။လ။ ကရဏေနဟူသော သံဝဏ္ဏေတဗ္ဗ ပါဌ်၏ အဓိပ္ပာယ်တည်း။ ဋီကာများအနက်။

ပဏ္ဍာမအရ သယ်ာကိုလည်း ၎င်းသုတ် အဘိဓမ္မာ အဋ္ဌကထာ ဋီကာကြီးများနှင့်တကွ လက်သန်းအဋ္ဌကထာ ဋီကာ ဂန္ထန္တရသံဝဏ္ဏနာကျမ်းတို့လည်း အရိယာသယ်ာကိုသာ ဖွင့်ပြတော်မူကြကုန်၏။ ဝိနယဂဏ္ဌိမဉ္ဇူသာ မည်သော ကင်္ခါဋီကာသစ်ကား ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်ကိုသည်း ကောက်ယူလေ၏။

> သောပိ ဟိ ကိဉ္စာပိ အရိယေန ဒိဋ္ဌိသီလသာမညေန အသံဟတော နိယျာနိကပက္ခိယေန ပန ပေါထုဇ္ဇနိကေန သံဟတတ္တာ ဧကန္တဏေယျပါဏ်ပါက္ခာရဟော သံဃော ဝ။
>
> ၎င်းကင်္ခါဋီကာသစ်။

အနက်ကား-ဟိ သစ္စံ၊ မှန်၏။ သောပိ၊ ထို ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်ကိုလည်း။ အရိယေန်၊ အရိယာပုဂ္ဂိုလ်နှင့်။ ဒိဋ္ဌိသီလသာမညေန၊ အယူသီလတူမျှဆက်ဆံသည်၏ အဖြစ်ဖြင့်။ ကိဉ္စာပိ အသံဟတော၊ အကယ်၍ကား မပေါင်းအပ်၏ရှင့်။ ပန တထာပိ၊ ထိုသို့ မပေါင်းအပ်သော်လည်း။ ဝါ၊ ထိုသို့ မပေါင်းအပ် တပဲလည်းဖြစ်စေ။ ဝါ၊ ထိုသို့ မပေါင်းအပ်သည် ဖြစ်လင့်ကစား။ နိယျာနိကပက္ခိယေန၊ ဝဋ်မှထွက်မြောက်ခြင်း အသင်းအဖွဲ့တည်သော။ ပေါထုဇ္ဇနိကေန၊ ပုထုဇဉ်အကျင့်သီလဖြင့်။ သံဟတတ္တာ၊ ပေါင်းအပ်သည်၏ အဖြစ်ကြောင့်။ ဧကန္တဏေယျပါဏ်ပါတာရဟော၊ အလှူခံထိုက် လက်အုပ်ချီမိုး ရှိခိုးဦးချထိုက်သော။ သံဃော ဝ၊ သံဃာပေပင်တည်း။

မဏိဒီပ သီလက္ခန် မဟာဋီကာကြီး၊ သီဟိုဠ်ပြု ဥပါသကာ လင်္ကာရကျမ်း၊ ဒါဌာဝံသဋီကာကျမ်းများလည်း ဤကင်္ခါဋီကာသစ်အတူပင် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်ကို သရဏသယ်ာ ပဏ္ဍာမိတဗ္ဗအရာ၌ ကောက်ယူကြလေကုန်၏။ အဋ္ဌကထာဋီကာကြီးတို့နှင့် မတူမျှသောကြောင့် မသင့်မတန် နသုန္ဒရံဟု မဆိုသင့်။ အဋ္ဌကထာ ဋီကာကြီးတို့ကား မုချ နိပ္ပရိယာယအားဖြင့် ဖွင့်ပြကောက်ယူတော်မူကုန်သည်။ ဤဋီကာဂန္ထန္တရတို့ကား ဥပစာရ ပရိယာယနှင့်တကွ ကောက်ယူ ဖွင့်ပြကြကုန်သည်။ ပါဠိ အဋ္ဌကထာကြီးတို့၌လည်း ကလျာဏပုထုဇဉ်ကို သေက္ခ၌ သွင်းယူ ပေါင်းစည်းအပ်သော အချက်အရာတို့သည် များစွာရှိပေကုန်သတည်း။

> ကေ သိက္ခန္တီတိ သေက္ခာ စ ပုထုဇ္ဇနကလျာဏကာ စ သိက္ခန္တိ။
>
> ပရိဝါပါဠိတော်။

> သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
>
> ပဋ္ဌာန်းပါဠိတော်။

ကလျာဏပုထုဇ္ဇနေန် သဒ္ဓိံ သတ္တ အရိယာ တိဿော သိက္ခာ သိက္ခန္တီတိ သေက္ခာ။

ပါရာဇိကဏ်အဋ္ဌကထာပါဠိ။

မဂ္ဂပြဟ္မစရိယန္တိ ပုထုဇ္ဇနကလျာဏကေန ဟိ သဒ္ဓိံ သတ္တ သေက္ခာ မဂ္ဂပြဟ္မစရိယံ ဝသန္တိ နာမ။

သီလက္ခန် အဋ္ဌကထာ။ အင်္ဂုတ္တရအဋ္ဌကထာ စသည် များစွာရှိကုန်၏။

ဝဇီရဗုဒ္ဓိဋီကာ၌ကား ဗုဒ္ဓသရဏအရကို အသာဓာရဏ ဘုရားဂုဏ်တော်၊ ဓမ္မသရဏ အရကို နိဗ္ဗာန်၊ သံဃသရဏအရကို မဂ်ဖိုလ်ဟူသော သေက္ခဓမ္မ ဟူ၍ အဂဟိတဂဟဏနည်းဖြင့် အသီးအခြား ကောက်ယူယောဇနာ၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆန္တော အသာဓာရဏဗုဒ္ဓဂုဏေ၊ ဓမ္မံ သရဏံ ဂစ္ဆန္တော နိဗ္ဗာနံ၊ သံဃံ သရဏံ ဂစ္ဆန္တော သေက္ခဓမ္မေ့ သရဏံ ဂစ္ဆတီတိ အဂဟိတဂဟဏဝသေန ယောဇေတဗ္ဗံ။အညထာ သရဏတ္တယ သင်္ကရဒေါသော။

ဝဇီရဗုဒ္ဓိဋီကာ ပဗ္ဗဇ္ဇခန္ဓကအဖွင့်။

အနက်ကား-ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ဘေးကိုဖျောက်တတ် မြတ်သော ကိုးကွယ်ရာဟူ၍။ ဂစ္ဆန္တော။ ရောက်သောသူသည်။ ရောက်သည်ရှိသော်။ အသာဓာရဏေ၊ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့်မဆက်ဆံ မတန်မမျှသော။ ဗုဒ္ဓဂုဏေ၊ အသာဓာရဏ ဘုရားဂုဏ်တော်တို့ကို။ သရဏံ၊ ဘေးကိုဖျောက်တတ် မြတ်သော ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ရောက်၏။ ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆန္တော၊ ရောက်သောသူသည်။ ရောက်သည်ရှိသော်။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်တရားတော်ကိုလည်း။ သရဏံ၊ ဟူ၍။ ဂစ္ဆတိ ၏။ သံဃံ၊ သံဃာတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆန္တော၊ ရောက်သောသူသည်။ ရောက်သည်ရှိသော်။ သေက္ခဓမ္မေဥ၊ မဂ် ၄-ပါး ဖိုလ် ၄-ပါး သေက္ခတရားကိုလည်း။ သရဏံ၊ ဟူ၍။ ဂစ္ဆတိ၊ ၏။ ဣတိ၊ သို့။ အဂဟိတဂဟဏဝသေန၊ မယူ အပ်သေးသည်ကို ယူခြင်း၏အစွမ်းဖြင့်။ ဝါ၊ ယူပြီးသည်ကို မယူခြင်း၏ အစွမ်းဖြင့်။ ယောဇေတဗ္ဗံ၊ ယှဉ်အပ်၏။ အညထာ၊ ဤမှ တပါး မဂ်ဖိုလ် နိဗ္ဗာန်များကို တရား၌သာ ယူသော အခြင်းအရာဖြင့်။ ဂတိတေ၊ ယူအပ်သည် ရှိသော်။ သရဏတ္တယ သင်္ကရဒေါသော၊ သရဏ ၃-ပါး မခြားနားပဲ တရားပင် သံဃာ သံဃာပင် တရားကဲ့သို့ အပြားမဲ့လျှင်း ရောယှက်ခြင်း အပြစ်သည်။ သိယာ၊ ဖြစ်ရာ၏။

ဤအရာ၌ အဋ္ဌကထာ ဋီကာကြီးတို့သည် သဗ္ဗညုတဉာဏ် စသော အသာဓာရဏ ဂုဏ်တော်တို့ဖြင့် ထိုအပ် မှတ်အပ်သော ခန္ဓာပဉ္စက သန္တာနဝိသေသသဖြစ်

ကို ဗုဒ္ဓ၊ လောကုတ္တရာ သံဃာ အသံဃာဓမ္မခေါ်ကို ဓမ္မ၊ ထို ဓမ္မခေါ်ဖြစ်သော လောကုတ္တရာ တရားတို့ဖြင့် မှတ်အပ်သော အရိယာရှစ်ယောက်တို့၏ ခန္ဓာပဉ္စက သန္တာန ဝိသေသဒြပ်ကို သံဃာဟူ၍ ကောက်ယူ ဖွင့်ပြတော်မူကုန်သည်။ ဇဗ္ဗီရ ဗုဒ္ဓိဋီကာ၌ကား ထိုဗုဒ္ဓဒြပ် ဝိသေသ၌တည်သော သဗ္ဗညုတဉာဏ် စသော အသာဓာရဏ ဂုဏ်တော်များကို ဗုဒ္ဓ၊ လောကုတ္တရာ အသံဃာဓမ္မခေါ်ကို ဓမ္မ၊ အရိယပုဂ္ဂိုလ်ဒြပ် ဝိသေသ၌ ဖြစ်သော လောကုတ္တရာ သံဃာဓမ္မခေါ်ကို သံဃာဟူ၍ ကောက်ယူဖွင့်ပြ၏။ ဤကဲ့သို့ အဖွင့်အပြအရ တရားကိုယ် အကောက်အယူ မတူကြသော်လည်း အသင့်ချည်းသာဖြစ်၍ ဝိဝါဒ မပြုကြကုန်ရာ။ ယခုအခါ ကာလ၌တို့ကား ဤကဲ့သို့ အထူးအပြား သဒ္ဒအတ္ထ နယ အရိပ် တစိတ်တဒေသကို တွေ့ကြကုန်လျှင် ဝိဝါဒံ ဘယတော ဒိသွာ ဟူသော တရားတော်ကို ဝိဝါဒံ ခေမတော ဒိသွာဟု ပြောင်းပြန်ရှု၍ သူ့ထက်ငါ ငါ့ထက်သူ မာန်တံခွန် ထူပြီ လျှင် အယူအဆင်ခြင် အမြင်သာဟန် အသိသာဟန် ရှေးဆရာကြီး ဉာဏ်များကိုပင် န သန္ဒရုံ န ယုတ္တံ၊ သူပုန်လုပ် ပုန်ကန် တောပုန်း၍ တော်လှန်သကဲ့သို့ ကျောက်ကန်အဘင်း ငြင်းခုံဘုတ်ရိုက် ရန်ခိုက်ဖြစ်ပွား ဂိုဏ်းအယူ ကွဲပြားအောင် ဟောကြားသူ အထွေးထွေး စာရေးသူ အရှုပ်ရှုပ် မရှက်တိုင်းလုပ်ကြသဖြင့် စက်ဆုပ်တို့သာ အလွန်ကောင်းလေသည်။ သည်ကဲ့သို့ ဝါသနာ အကုသိုလ်ဖြစ်စရာများကို ရှေးသမ္မာ ဘုန်းရှိသော ပဏ္ဍိတ လူရှင် အများတို့သည် အားကြီးသော သတိပညာဖြင့် ဝေးရှောင်ခွါ စွန့်ပစ်၍ ကုသိုလ်ဖြစ် နှလုံးသွင်းကိုသာ မကင်းအောင် ဆောက်တည် စွဲယူကုန်ဆုသတည်း။

ဤသို့ကျမ်းပြု မတူကြသော်လည်း မသင့်မမျှသည် မဟုတ်ကြကုန်။ အသင့်ချည်းပင် ဖြစ်ပေကုန်၏။ အဘယ့်ကြောင့်နည်း၊ အဋ္ဌကထာကြီး ဋီကာကြီးတို့သည်ကား သဗ္ဗညုတဉာဏ် စသော အသာဓာရဏ ဗုဒ္ဓဂုဏ်တော်မျှသာ မဟုတ်သေး၊ ထိုအသာဓာရဏ ဂုဏ်တော်ဖြင့် ထုံအပ် မှတ်အပ်သော ဗုဒ္ဓဒြပ် ခန္ဓာ ပဉ္စက အပေါင်းဟု ဆိုအပ်သော ကိုယ်တော်မြတ်သည်လည်း ယုံကြည်မြတ်နိုး ကိုးကား ကိုင်းညွတ်သော သူတို့အား အပါယ်စသော ဘေးရန်ကို ဖျောက်တတ်သောကြောင့် သရဏဂုံ ထိုက်သည့်အဖြစ်ကိုရင်း တရားတော်မှာလည်း မုချ နိပ္ပရိယာယ ကိစ္စသတ္တိ ဝိသေသရှိသော အရိယမဂ် နိဗ္ဗာန်သာမဟုတ်သေး၊ မဂ်၏အကျိုးဖြစ်သော လောကုတ္တရာ ဖိုလ်တရား လောကုတ္တရာ၏ ပကတူပနိဿယ အကြောင်းဖြစ်သော ပရိယတ် တရားတို့သည်လည်း ယုံကြည်မြတ်နိုး ကိုးကား ကိုင်းညွတ်သောသူတို့အား အပါယ်စသော ဘေးရန်ကို ဖျောက်တတ်ကုန်သောကြောင့် သရဏဂုံ ထိုက်ကုန်သည်၏ အဖြစ်ကိုရင်း၊ သံဃာမှာလည်း အရိယဓမ္မ ဂုဏ်မှုသာ မဟုတ်သေး၊ အရိယဓမ္မဖြင့် မှတ်အပ်သော ဒြပ်ဝိသေသ ခန္ဓာပဉ္စကတို့သည်လည်း ယုံကြည်မြတ်နိုး ကိုးကားကိုင်းညွတ်သော သူတို့အား

**အပါယ်စသော** ဘေးရန်ကို ဖျောက်တတ်ကုန်သောကြောင့် သရဏဂုံ ထိုက်ကုန်သည်၏ အဖြစ်ကိုငှင်း သိစေတော်မူကုန်၏။

> သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ—

**အစရှိသော** ပါဠိတော်များနှင့် အညီတို့တည်း။

ဝဇီရဗုဒ္ဓိဋီကာသည်ကား ဗုဒ္ဓြဒပ်ဖြင့် မှတ်အပ်သော ဗုဒ္ဓသန္တာန်၌ အသီး ဖြစ်သော အသာဓာရဏ ဗုဒ္ဓဂုဏ်တော် တရားများသည်သာ ဗုဒ္ဓသရဏဖြစ်၏။ အသင်္ခတ သင်္ခတသေက္ခ အသေက္ခ တရားသာမညများမဟုတ်သင့်၊ အသီးမထိုက်သော အသင်္ခတဖြစ်သောနိဗ္ဗာန်သည်သာ ဓမ္မသရဏဖြစ်၏။ ဗုဒ္ဓ ဓမ္မ သင်္ခတသေက္ခဓမ္မ မဟုတ်သင့်၊ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ အသီးဖြစ်သော လောကုတ္တရာ သင်္ခတ သေက္ခ အသေက္ခဓမ္မ အရိယဂုဏ် တရားသည်သာ သံဃသရဏ ဖြစ်၏။ အသင်္ခတ ဓမ္မမဟုတ်သင့်ဟု ဂုဏ်တရားခြင်း မရောမယှက်စေဘဲ သီးသန့် ခြားနားအောင် သိစေသည်။ ဂုဏ်၏တည်ရာ ခန္ဓပဉ္စက ဒြပ်တို့သည်ကား ဗုဒ္ဓသံဃ မဟုတ်ကုန်။ သင်္ခတ လောကုတ္တရာ အရိယမဂ် အရိယဖိုလ်တို့သည်လည်း ဓမ္မ မဟုတ်ကုန်ဟု မြစ်ပယ်ခြင်းကို မပြုသည်သာ ဖြစ်ပေသတည်း။ သို့ဖြစ်၍ မသင့် မမျှကြသည် မဟုတ်ကုန်၊ အသင့်ချည်းပင် ဖြစ်ကုန်၏ဟု မှတ်ယူကုန်ရာသတည်း။

ဤအဋ္ဌကထာ ဋီကာကြီးများနည်း၊ ခုဒ္ဒကပါဌ အဋ္ဌကထာနည်း၊ ဝဇီရဗုဒ္ဓိဋီကာနည်း ၃-ပါးတို့တွင် ဝဇီရဗုဒ္ဓိဋီကာနည်းကား သရဏ ၃-ပါး ခြားနား သီးသန့် မရောမယှက်ရှိသတည်း။ ခုဒ္ဒကပါဌ အဋ္ဌကထာနည်းကား မုချ နိပ္ပရိယာယ မျှသာတည်း။ အဋ္ဌကထာ ဋီကာကြီးတို့နည်းကား ရထိုက်သမျှတို့ကို ပြသတည်း။ ဤအဋ္ဌကထာ ဋီကာကြီးတို့နည်းသည် ဝိမာနဝတ္ထု ပါဠိတော်နှင့် အညီပေတည်း။

ဤသို့ ပြအပ်ပြီးသော ဗုဒ္ဓ ဓမ္မ သံဃဟု ဆိုအပ်သော ဘုရားရတနာ တရားရတနာ သံဃာရတနာ ၃-ပါးအပေါင်း၌ သမ္မာသမ္ဗုဒ္ဓ သွာက္ခာတ သုပ္ပဋိပန္နစသော ဂုဏ်ထူးဝိသေသ ရှိတော်မူ၏ဟု ကြားရ နာရသဖြင့် ကြည်ညိုမြတ်နိုးသော သဒ္ဓါတရား၊ ထိုဂုဏ်ထူး ဝိသေသတို့ကို လောကီ သုတမယဉာဏ်ဖြင့် အမှန်အသင့် ဆင်ခြင်နှိုင်းဆ၍သိသော သမ္မာဒိဋ္ဌိ ဉာဏ်တရားတို့တွင် တပါးပါးဖြင့် ထို ရတနာ ၃-ပါးကို ကိုးကား လည်းလျောင်းခြင်းဖြစ်သော စိတ္တုပ္ပါဒ်ရှိသည် ဖြစ်၍ ရတနာ ၃-ပါးအား မိမိကိုယ်ကို စွန့်အပ် ဆောင်နှင်းခြင်းဖြင့် အတ္တသန္နိယျာတန သရဏဂုံဖြစ်၏။ ထို ရတနာ ၃-ပါးသာလျှင် ကိုးကား လည်းလျောင်း

ရာဟု စိတ်ရှိသဖြင့် တပ္ပရာယနတာ သရဏဂုံဖြစ်၏၊ ရတနာ ၃-ပါး၏ တပည့်အဖြစ်ကို ခံသဖြင့် သိဿ ဘာဝူပ ဂမန သရဏဂုံ ဖြစ်၏၊ ရတနာ ၃-ပါးတို့၌ လက်အုပ်ချီမိုး ရှိခိုးခြင်း စသော အရိုအသေ ကြိုးနွံစွာပြုခြင်းဖြင့် ပဏိပါတ သရဏဂုံ ဖြစ်၏ဟု အဋ္ဌကထာကြီးတို့၌ မိန့်ဆိုတော်မူကုန်၏။ တစုံတယောက်သော သူတို့၏ထံ တောင်းခံ၍ ယူရသည် မဟုတ်ပြီ။ ထို စကားကို ကွဲပြားသိသာအောင် အဋ္ဌကထာ ဋီကာကျမ်းတို့မှ အကျဉ်းအားဖြင့် ထုတ်ဆောင် ပြဆိုဦးအံ့။

တပ္ပသာဒ တဂ္ဂရုဘာဝဟိ ဝိဟတကိလေသော တပ္ပရာယနတာကာရပ္ပဝတ္တော စိတ္တုပ္ပါဒေါ သရဏဂမနံ။

သီလက္ခန် သာမညဖလသုတ် အဋ္ဌကထာ။ မူလာပဏ္ဏာသ ဘယဘေရဝသုတ် အဋ္ဌကထာ။

တပ္ပသာဒ တဂ္ဂရုတာဟိ ဝိဟတ ဝိဒ္ဓံသိတ ကိလေသော တပ္ပရာယနတာကာရပ္ပဝတ္တော အပရပ္ပစ္စယော ဝါ စိတ္တုပ္ပါဒေါ သရဏဂမနံ။

ခုဒ္ဒကပါဌအဋ္ဌကထာ။

အနက်ကား — တပ္ပသာဒတဂ္ဂရုတာဟိ၊ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူသော မြတ်စွာဘုရား၊ သွာက္ခာတ ဖြစ်တော်မူသော တရားတော်၊ သုပ္ပဋိပန္နဖြစ်သော သံဃာတော် စသည်ဖြင့် ထိုရတနာ ၃-ပါး၌ ကြည်ညိုခြင်း ထိုရတနာ ၃-ပါးလျှင် အလေးအမြတ်ရှိသည်၏ အဖြစ်တို့ဖြင့်၊ ဝိဟတကိလေသော၊ တဒင်္ဂသမုစ္ဆေဒ ပဟာန်ဖြင့် ဖျောက်အပ်သော ရတနာ ၃-ပါး၌ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ တွေဝေခြင်း သံမောဟ မယုံကြည်ခြင်း အသဒ္ဓိယ စသော အကုသိုလ်ကိလေသာ ရှိသည်ဖြစ်၍၊ တပ္ပရာယနတာကာရပ္ပဝတ္တော၊ ထိုရတနာ ၃-ပါးသည်လျှင် ကိုးကား လည်းလျောင်းရာ ရှိသည်၏ အဖြစ်သာ အခြင်းအရာဖြင့် ဖြစ်သော။ စိတ္တုပ္ပါဒေါ၊ သဒ္ဓါပညာ ပြဋ္ဌာန်းသော မဟာကုသိုလ် လောကုတ္တရာ ကုသိုလ် စိတ္တုပ္ပါဒ်သည်။ သရဏဂမနံ၊ သရဏဂုံ မည်၏။ ဝါ၊ ဘေးကို ဖျောက်တတ် မြတ်သော ကိုးကွယ်ရာ ဟူ၍ ဆောက်ကြောင်းမည်၏။ (အဋ္ဌကထာကြီးများအနက်။)

ခုဒ္ဒကပါဌ အဋ္ဌကထာ၌ကား ဝိဟတ ဝိဒ္ဓံသိတ ကိလေသော၊ ဖျောက်အပ် ဖျက်ဆီးအပ်သော ရတနာ ၃-ပါး၌ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ တွေဝေခြင်း သံမောဟ၊ မယုံကြည်ခြင်း အသဒ္ဓိယ စသော အကုသိုလ် ကိလေသာ ရှိသည်ဖြစ်၍။ ဝါ-တနည်းကား — အပရပ္ပစ္စယော၊ ရတနာ ၃-ပါးမှတပါး ယုံကြည်

ခြင်း မရှိသော။ သည်မျှသာထူး၏။ ဤအထူးနှစ်ချက်ကို လောကုတ္တရာ သရဏဂုံကို ရည်သည်။

ဤသို့ စိတ္တုပ္ပါဒ်သည် သရဏဂုံမည်ကြောင်းကို သိလေကုန်။ ဤသရဏဂုံ စိတ္တုပ္ပါဒ်ဖြင့် ရတနာသုံးပါးကို ကိုးကား လည်းလျောင်းရာဟူ၍ ရောက်ခြင်း ၌လည်း တပ္ပသာဒဟု ဆိုအပ်သော ရတနာ ၃-ပါး၌ ကြည်ညိုသော သဒ္ဓါ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်ဖြင့် ရောက်ခြင်းသည် လောကီသရဏဂုံ မည်၏။ လောကီသရဏဂုံသည် သဒ္ဓါဘရား ပြဋ္ဌာန်း၏။ ဉာဏ်တရား မပြဋ္ဌာန်း။

> တွေ့ စ ပသာဒဂ္ဂဟဏေန လောကိယံ သရဏဂမန မာဟ၊ တံ ဟိ ပသာဒပ္ပဓာနံ န ဉာဏပ္ပဓာနံ။

သီလက္ခန် ဋီကာဟောင်း၊ ရှင်းမဟာဋီကာကြီး၊ အင်္ဂုတ္တရ မဟာဋီကာကြီး၊ မူလပဏ္ဏာသဋီကာ။

အနက်ကား—စ၊ ဆက်၍ ဆိုဦးအံ့။ တွေ့၊ ဤတပ္ပသာဒစသော အဋ္ဌကထာ စကား၌။ ပသာဒ ဂ္ဂဟဏေန၊ ပသာဒသဒ္ဒါဖြင့်။ လောကိယံ၊ လောကီ ဖြစ်သော။ သရဏဂမနံ၊ သရဏဂုံကို။ အာဟ၊ အဋ္ဌကထာဆရာ မိန့်ဆို၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုလောကီ သရဏဂုံသည်။ ပသာဒပ္ပဓာနံ၊ ကြည်ညိုခြင်း သဒ္ဓါတရား ပြဋ္ဌာန်းခြင်း ရှိ၏။ ဉာဏပ္ပဓာနံ၊ ဉာဏ်ပြဋ္ဌာန်းခြင်း ရှိသည်။ န၊ မဟုတ်။ ဤသို့ လောကီ သရဏဂုံသည် သဒ္ဓါတရား ပြဋ္ဌာန်းကြောင်းကို သိလေကုန်။

တဂ္ဂရုတာဟု ဆိုအပ်သော ရတနာသုံးပါးသည်သာလျှင် အလေးအမြတ် ရှိသည်၏ အဖြစ်၊ မဂ်ဉာဏ် ပြဋ္ဌာန်းသော လောကုတ္တရာ ကုသိုလ် စိတ္တုပ္ပါဒ် ဖြင့် ရောက်ခြင်းသည် လောကုတ္တရာသရဏဂုံ မည်၏။

> တဂ္ဂရုတာဂဟဏေန လောကုတ္တရံ၊ အရိယာ ဟိ ရတနတ္တယဂုဏာ ဘိညတာယ ပါသာဏစ္ဆတ္တံ ဝိယ ဂရုံ ကတွာ ပဿန္တိ။
>
> ရှင်းသီလက္ခန် ဋီကာစသည်။

အနက်ကား—တဂ္ဂရုတာဂဟဏေန၊ တဂ္ဂရုတာသဒ္ဒါဖြင့်။ ဝါ၊ ထိုရတနာ သုံးပါးလျှင် အလေးအမြတ် ပြုခြင်း ရှိသည်၏ အဖြစ်ကို ယူသဖြင့်။ လောကုတ္တရံ၊ လောကုတ္တရာ ဖြစ်သော။ သရဏဂမနံ၊ သရဏဂုံကို။ အာဟ၊ အဋ္ဌကထာ ဆရာ မိန့်ဆို၏။ ဟိ သစ္စံ၊ မှန်၏။ အရိယာ၊ အရိယာတို့သည်။ ရတနတ္တယ ဂုဏာဘိညတာယ၊ ရတနာသုံးပါး၏ ဂုဏ်ကို အလွန်သိသည် ထင်သည်၏

အဖြစ်ကြောင့်။ ပါသာဏစ္ဆတ္တံဝိယ၊ ကျောက်ထီးကဲ့သို့။ ဂရုံကတွာ၊ အလေး အမြတ် ပြုကုန်၍။ ပဿန္တိ၊ မြင်ကုန်၏။ ရှုကုန်၏။

ဤသို့ လောကုတ္တရာ သရဏဂုံသည် ပညာပြဋ္ဌာန်းကြောင်းကို သိလေကုန်။

ဤကား ဝိသေသအားဖြင့် ပဿဒကို လောကီ သရဏဂုံ၊ တဂ္ဂရုတာကို လောကုတ္တရာ သရဏဂုံယူ၍ ယောဇနာခြင်းတည်း။ ထို့ကြောင့် ပဿဒဖြင့် တဒင်္ဂပဟာန်၏ အစွမ်းဖြင့် ပျောက်အပ်သော ကိလေသာရှိသော တပ္ပရာယန တာကာရဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်။ တဂ္ဂရုတာဖြင့် သမုစ္ဆေဒပဟာန် ၏ အစွမ်းဖြင့် ပျောက်အပ်သော ကိလေသာရှိသော တပ္ပရာယနတာကာရ ဖြစ်သော မဂ်စိတ္တုပ္ပါဒ်ဟု အသီးအသီး အတ္ထယောဇနာဖြင့် ပိုင်းခြား၍ သိရာ ၏။ ခုဒ္ဒကပါဌ အဋ္ဌကထာအတိုင်းမူကား ပဿဒဖြင့် တဒင်္ဂပဟာန်၏ အစွမ်း ဖြင့် ပျောက်အပ်သော ကိလေသာရှိသော တပ္ပရာယနတာကာရ ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်၊ တဂ္ဂရုတာဖြင့် သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့် ဖျက် ဆီးအပ်သော ကိလေသာရှိသော အပရပ္ပစ္စယဖြစ်သော မဂ်စိတ္တုပ္ပါဒ်ဟု ထထာက္ကမပဒယောဇနာဖြင့် ပိုင်းခြား၍ သိရာ၏။

> ပဿဒေန တဒင်္ဂပဟာနဝသေန ဝိဟတကိလေသော တပ္ပရာယ နတာကာရပ္ပဝတ္တော မဟာကုသလစိတ္တုပ္ပါဒေါ လောကိယသရဏ ဂမနံ၊ တဂ္ဂရုတာ သမုစ္ဆေဒဝသေန ဝိဒ္ဓံသိတကိလေသော အပရပ္ပစ္စ ယော မဂ္ဂစိတ္တုပ္ပါဒေါ လောကုတ္တရသရဏဂမနန္တိ ယောဇေ တဗ္ဗံ—

ဟူ၍ ခုဒ္ဒကပါဌအဋ္ဌကထာပါဠိကို ယောဇနာရာ၏။

အဝိသေသ သာမညနည်းအားဖြင့်ကား၊ ပဿဒ သဒ္ဒါဖြင့် ဉာဏ်ဖြင့် မသက် ဝင်မူ၍ ကြည်ညိုခြင်း ရှိသည်ဖြစ်၍ အနဝေစ္စပဿဒဖြစ်သော လောကီသရ ဏဂုံ၊ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်းရှိသည်ဖြစ်၍ အဝေစ္စပဿဒဖြစ်သော လောကုတ္တရာ သရဏဂုံကိုယူ၊ တဂ္ဂရုတာ သဒ္ဒါဖြင့် ဝိမ်သာဓိပတိ ရှိသည်ဖြစ်၍ ဂရုတာရဏ ဖြစ်သော လောကီ သရဏဂုံ လောကုတ္တရာ သရဏဂုံကိုယူ၍ ၂-ပုဒ် လုံးဖြင့်ပင် နှစ်ပါးသော လောကီ လောကုတ္တရာ သရဏဂုံကိုလည်း မှတ်ရာ၏။

> အဝိသေသေနဝါ ပဿဒဂရုတာ ဇောတိတာတိ ပဿဒဂဟဏေန အနဝေစ္စ ပဿဒဿ လောကိယဿ အဝေစ္စပဿဒဿ လောကုတ္တ ရဿ ဂဟဏံ၊ တထာ ဂရုတာဂဟဏေန လောကိယဿ ဂရုကရဏဿ လောကုတ္တရဿ စာတိ ဥဘယေနပိ ပဒေန ဥဘယံပိ လောကိယ လောကုတ္တရသရဏဂမနံ ယောဇေတဗ္ဗံ။

သီလက္ခန် မဟာဋီကာကြီး။ ၎င်း ဋီကာဟောင်း။ အင်္ဂုတ္တရ မဟာဋီကာ၊ ပဏ္ဏာသ ဋီကာတို့လည်းအတူတူ၊အနည်းငယ်မျှသာ ပုဒ်ထူး၏။

အနက်ကား—ဝါ၊ တနည်းကား။ အဝိသေသေန၊ သာမညအားဖြင့်။ ပသာဒဂရုတာ၊ ပသာဒဂရုတာတွံကို။ ဇောတိတာ၊ ထွန်းပြအပ်ကုန်၏၊ ဉာတိတသ္မာ၊ ထို့ကြောင့်။ ပသာဒ ဂဟဏေန၊ ပသာဒသဒ္ဒါဖြင့်။ အနဝေစ္စပသာဒဿ၊ ဉာဏ်ဖြင့် မသက်ဝင်မှု၍ ကြည်ညိုခြင်းရှိသော။ လောကိယဿ၊ လောကီ သရဏဂုံကိုရင်း။ အဝေစ္စပသာဒဿ၊ ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုခြင်းရှိသော။ လောကုတ္တရဿ၊ လောကုတ္တရာ သရဏဂုံကိုရင်း။ ဂဟဏံ၊ ယူခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ တထာ၊ ထို့အတူ။ ဂရုတာဂဟဏေန၊ ဂရုတာသဒ္ဒါဖြင့်။ ဂရုကရဏဿ၊ အလေးအမြတ်ပြုခြင်းရှိသော။ လောကိယဿ စ၊ လောကီသရဏဂုံကိုရင်း။ လောကုတ္တရဿ စ၊ လောကုတ္တရာ သရဏဂုံကိုရင်း။ ဂဟဏံ၊ ယူခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဉာတိ၊ သို့။ဥဘယေနပိ၊ နှစ်ပါးလည်းဖြစ်သော။ ပဒေန၊ ပုဒ်ဖြင့်။ ဥဘယံပိ၊ နှစ်ပါးစီလည်း ဖြစ်သော။ လောကိယ လောကုတ္တရ သရဏဂမနံ၊ လောကီသရဏဂုံ လောကုတ္တရာသရဏဂုံကို။ ယောဇေတဗ္ဗံ၊ ယှဉ်အပ်၏။

ဤသို့ လောကီ လောကုတ္တရာ သရဏဂုံနှစ်ပါးသည် သဒ္ဒါ ပညာနှစ်ပါး စုံစီ ပြဋ္ဌာန်းကြောင်းကိုလည်း သိလေကုန်။

ဤဝိသေသနည်း အဝိသေသနည်း နှစ်ပါးတို့ဖြင့်လည်း ရတနာသုံးပါးဂုဏ်၌ ကြည်ညိုရုံဖြစ်သော သဒ္ဒါတရားမျှဖြင့် သရဏဂုံဖြစ်ကြောင်းကို သိအပ်ကုန်၏။

အဋ္ဌကထာကြီးများ၌လည်း သရဏဂုံ၏ သရုပ်ကို ရတနာသုံးပါးတို့၌ ကြည်ညိုခြင်း သဒ္ဒါတရား၊ ၎င်းသဒ္ဒါတရားလျှင် အကြောင်းရင်းရှိသော သမ္မာဒိဋ္ဌိဉာဏ်တရားနှစ်ပါးကို သီးခြားဖွင့်ပြတော်မူကုန်၏။

တံ အတ္တတော ဗုဒ္ဓါဒီသု တီသု ဝတ္ထူသု သဒ္ဒါပဋိလာဘော သဒ္ဓါ မူလိကာ စ သမ္မာဒိဋ္ဌိ၊ ဒသသု ပုညကြိယဝတ္ထူသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ။

၎င်းအဋ္ဌကထာကြီးများ။

အနက်ကား—တံ၊ ထိုလောကီ သရဏဂုံသည်။ အတ္တတော၊ ပရမတ္ထ တရားကိုယ် အားဖြင့်။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ တီသု၊ သုံးပါးကုန်သော။ ဝတ္ထူသု၊ ရတနာတို့၌။ သဒ္ဒါပဋိလာဘော စ၊ ကြည်ညိုခြင်း သဒ္ဒါတရားကို ရခြင်းသည်၎င်း။ တံ မူလိကာ၊ ထိုသဒ္ဒါတရားလျှင် အကြောင်းရင်းရှိသော။ သမ္မာဒိဋ္ဌိ စ၊ သမ္မာဒိဋ္ဌိသည်၎င်း။ ဟောတိ၊ ၏။ တံ၊ ထိုသဒ္ဒါ သမ္မာဒိဋ္ဌိတရား နှစ်ပါးကို။ ဒသသု၊ ဆယ်ပါးကုန်သော။ ပုညကြိယဝတ္ထူသု၊ ပုညကြိယ ဝတ္ထုတို့၌။ ဝါ၊ တို့တွင်။ ဒိဋ္ဌိဇုကမ္မန္တိ၊ ဒိဋ္ဌိဇုကမ္မဟူ၍။ ဝုစ္စတိ၊ ၏။

ဤသို့ ရတနာသုံးပါး၌ ကြည်ညိုခြင်း သဒ္ဓါ၊ ရတနာသုံးပါး၏ဂုဏ်ကို လောကီ သုတမယဉာဏ်ဖြင့် ဟုတ်မှန်စွာ အသင့်အားဖြင့် သိသောဉာဏ်၊ ဤနှစ်ပါးသည် လောကီ သရဏဂုံဖြစ်ကြောင်းကို သိအပ်သတည်း။

ဤသို့ လောကီသရဏဂုံ၏ သရုပ်တရားကိုယ်သည် သဒ္ဓါ သမ္မာဒိဋ္ဌိတရားနှစ်ပါးဖြစ်ကြောင်း၊ ဒိဋ္ဌိဇုကမ္မမည်ကြောင်းကို အကျဉ်းအားဖြင့် သိလေကုန်။

ထိုနှစ်ပါးတို့တွင် သဒ္ဓါပဋိလာဘ မည်သည်ကား မြတ်စွာဘုရားသည် သမ္မာ သမ္ဗုဒ္ဓဖြစ်တော်မူ၏။ ဤသို့အစရှိသည်ဖြင့် ကြည်ညိုမြတ်နိုးခြင်းတည်း။

သဒ္ဓါပဋိလာဘော သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါတိ အာဒိနာ။

သီလက္ခန္ဓဋီကာ၊ ပဏ္ဏာသဋီကာ၊ အင်္ဂုတ္တရဋီကာပါဠိ။

သမ္မာဒိဋ္ဌိမည်သည်ကား မြတ်စွာဘုရား၏ အလွန်ကောင်းသော ဘုရား၏ အဖြစ်၊ တရားတော်၏ အလွန်ကောင်းသော တရား၏အဖြစ်၊ သံဃာတော်၏ အလွန်ကောင်းသော အကျင့်ရှိသည်၏အဖြစ် ဂုဏ်ဝိသေသအစစ်ကို လောကီ သုတမယဉာဏ်၏ အစွမ်းအားဖြင့်သာလျှင် အသင့်အမှန် ဆင်ခြင်နိုင်းဆ၍ သိမြင်ခြင်းတည်း။

သမ္မာဒိဋ္ဌီတိ ဗုဒ္ဓ သုဗုဒ္ဓတံ ဓမ္မ သုဓမ္မတံ သံဃ သုပ္ပဋိပတ္တိဉ္စ လောကိယာဝဗောဓဝသေနေဝ သမ္မာ ဉာယေန ဒဿနတော။

ဋီကာများပါဠိ။

အနက်ကား—ဗုဒ္ဓ သုဗုဒ္ဓတဉ္စ၊ မြတ်စွာဘုရား၏ အလွန်ကောင်းသော ဘုရား၏ အဖြစ်ကိုရင်း။ ဝါ၊ မြတ်စွာဘုရား၏ အလွန်ကောင်းစွာ သစ္စာ ၄-ပါးတရားတို့ကို သိတော်မူတတ်သော ဘုရား၏ အဖြစ်ကိုရင်း။ ဓမ္မ သုဓမ္မတဉ္စ၊ တရားတော်၏ အလွန်ကောင်းသော တရား၏ အဖြစ်ကိုရင်း။ ဝါ၊ တရား၏ ကောင်းစွာ ဆောင်တတ်သော တရား၏ အဖြစ်ကိုရင်း။ သံဃ သုပ္ပဋိပတ္တိဉ္စ၊ သံဃာတော်၏ အလွန်ကောင်းသော သံဃာ၏ အဖြစ်ကိုရင်း။ ဝါ၊ သံဃာတော်၏ ကောင်းစွာကျင့်ခြင်းကိုရင်း။ လောကိယာဝဗောဓဝသေနေဝ၊ လောကီ သုတမယဉာဏ်၏ အစွမ်းဖြင့်သာလျှင်။ သမ္မာဉာယေန၊ အသင့်အားဖြင့်။ ဒဿနတော၊ မြင်တတ်သောကြောင့်။ သမ္မာဒိဋ္ဌိတိ–သမ္မာဒိဋ္ဌိနာမ၊ သမ္မာဒိဋ္ဌိမည်၏။

ဋီကာဟောင်းကြီးတို့၌ သမ္မာဒိဋ္ဌိတိဟု ဣတိသဒ္ဒါနှင့် ရှိကုန်၏။ သီလက္ခန္ဓဋီကာ၌ကား သမ္မာဒိဋ္ဌိ နာမဟု နာမသဒ္ဒါနှင့် ရှိ၏။ ဣတိသဒ္ဒါလည်း နာမတ္ထပင်။

ဤသို့ သရဏဂုံမည်သော သဒ္ဓါတရား၊ သမ္မာဒိဋ္ဌိ ဉာဏ်တရား ၂-ပါးတို့ အထူးဝိသေသဖြစ်ပုံကို သိလေကုန်။

ထို ၂-ပါးတို့၌လည်း သဒ္ဓါပဋိလာဘဟူသော စကားဖြင့် သမ္မာဒိဋ္ဌိ ဉာဏ် ကင်းသော သဒ္ဓါတရားသည်လည်း လောကီသရဏဂုံ မည်၏။ သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိဟူသော စကားဖြင့်ကား သဒ္ဓါလျှင် အားကြီးသော အကြောင်းရှိသော သမ္မာဒိဋ္ဌိ ပညာတရားသည်လည်း လောကီ သရဏဂုံ မည်၏ဟု အဋ္ဌကထာ ပြကြောင်းကို ရှင်းဋီကာကြီးအမျှားပင် မိန့်ဆိုကုန်၏။

> သဒ္ဓါပဋိလာဘောတိ ဣမိနာ သမ္မာဒိဋ္ဌိဝိရဟိတာပိ သဒ္ဓါ လောကိယံ သရဏဂမနန္တိ ဒဿေတိ၊ သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌီတိ ပန ဧတေန သဒ္ဓူပနိဿယာ ယထာဝုတ္တာ ပညာတိ။

သိလက္ခန် ဋီကာကြီးပါဠိ၊ ရှင်းဋီကာဟောင်း၊ အင်္ဂုတ္တရဋီကာတို့၌ကား ရှေ့ဝါကျမရှိ၊ နောက်ဝါကျသာ လောကိယ သရဏဂမနန္တိ ဒဿေတိ ဟူသော ပုဒ်တို့နှင့် တကွရှိကုန်၏။ သဘောအရတို့ကား အတူတူပင်တည်း။

အနက်ကား—သဒ္ဓါပဋိလာဘောတိ ဣမိနာ ဝစနေန၊ သဒ္ဓါပဋိလာဘော ဟူသော ဤစကားဖြင့်။ သမ္မာဒိဋ္ဌိ ဝိရဟိတာပိ၊ သမ္မာဒိဋ္ဌိဉာဏ် ကင်းသော်လည်း။ သဒ္ဓါ၊ သဒ္ဓါတရားသည်။ လောကိယံ၊ လောကီဖြစ်သော။ သရဏဂမနံ၊ သရဏဂုံဖြစ်၏။ ဣတိ၊ သို့။ ဒဿေတိ၊ အဋ္ဌကထာဆရာပြတော်မူ၏။ သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌီတိ ဧတေန ပန၊ သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိဟူသော ဤစကားဖြင့်ကား။ သဒ္ဓူပနိဿယာ၊ သဒ္ဓါတရားလျှင် အားကြီးသော အကြောင်းရှိသော။ ယထာဝုတ္တာ၊ အကြင်အကြင် ဆိုခဲ့ပြီးသော လက္ခဏာရှိသော။ ပညာ၊ သမ္မာဒိဋ္ဌိပညာသည်။ လောကိယံ၊ သော။ သရဏဂမနံ၊ သရဏဂုံ ဖြစ်၏။ ဣတိ၊ သို့။ ဒဿေတိ၊ အဋ္ဌကထာဆရာ ပြတော်မူ၏။

ဤသို့ သမ္မာဒိဋ္ဌိဉာဏ် ကင်းလျက် သဒ္ဓါတရားသက်သက်ဖြစ်သော လောကီ သရဏဂုံ၊ သဒ္ဓါ အကြောင်းအရင်းရှိသော သမ္မာဒိဋ္ဌိ လောကီ သရဏဂုံ ဖြစ်ကြောင်းကို သိလေကုန်။

သဒ္ဓါပဋိလာဘဖြင့် ဉာဏဝိပ္ပယုတ် သရဏဂုံ၊ သမ္မာဒိဋ္ဌိဖြင့် ဉာဏသမ္ပယုတ် သရဏဂုံဖြစ်ကြောင်းကို ပြသည်။

> သဒ္ဓါပဋိလာဘောတိ ဣမိနာ မာတာဒီဟိ ဥဿာဟိယမာ ဒါရကာ ဒီနံ ဝိယ ဉာဏဝိပ္ပယုတ္တံ သရဏဂမနံ ဒဿေတိ။ သမ္မာဒိဋ္ဌိတိ ဣမိနာ ဉာဏသမ္ပယုတ္တံ သရဏဂမနံ။

ရှင်းဋီကာကြီးများပါဠိ။

အနက်ကား—သဒ္ဒါပဋိလာဘောတိ ကွမိနာ၊ ဖြင့်။ မာတာဒီဟိ၊ အမိအဘ စသည်တို့သည်။ ဥဿာဟိတ ဒါရကာဒီနံ၊ အားထုတ်စေအပ် တိုက်တွန်းအပ် ကုန်သော သူငယ် စသည်တို့အား။ သရဏဂမနံ ဝိယ၊ သရဏဂုံကဲ့သို့။ ဉာဏ ဝိပ္ပယုတ္တံ၊ ဉာဏ်နှင့် မယှဉ်သော။ သရဏဂမနံ၊ သရဏဂုံကို၊ ဒဿေတိ၊ ၏။ သမ္မာဒိဋ္ဌိတိ ကွမိနာ၊ ဖြင့်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့် ယှဉ်သော။ သရဏဂမနံ၊ ကို။ ဒဿေတိ၊ ၏။

သီလက္ခန် မဟာဋီကာသစ်ကြီးတို့၌လည်း—

> လောကိယံပိ ဟိ သရဏဂမနံ ဒုဝိဓံ ဉာဏသမ္ပယုတ္တံ ဉာဏဝိပ္ပယုတ္တံ၊ တတ္ထ ပဌမေန ပဒေန မာတာဒီဟိ ဥဿာဟိတ ဒါရကာနံဝိယ ဉာဏ ဝိပ္ပယုတ္တံ သရဏဂမနံ၊ ဒုတိယေန ပန ဉာဏသမ္ပယုတ္တံ—

ဟူ၍လာ၏။

အနက်ကား—ဟိ သစ္စံ၊ မှန်၏။ လောကိယံပိ။ လောကီသာလျှင်လည်း ဖြစ်သော။ သရဏဂမနံ၊ သည်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့်ယှဉ်သော သရဏ ဂုံ။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်နှင့် မယှဉ်သော သရဏဂုံ။ ဣတိ၊ သို့။ ဒုဝိဓံ၊ ၂-ပါး အပြားရှိ၏။ တတ္ထ၊ ထို ၂-ပါးသော သရဏဂုံတို့တွင်။ ပဌမေန၊ ပဌမဖြစ် သော။ ပဒေန၊ သဒ္ဒါပဋိလာဘော ဟူသောပုဒ်ဖြင့်။ မာတာဒီဟိ၊ တို့သည်။ ဥဿာဟိတ ဒါရကာနံ၊ တို့အား။ သရဏဂမနံဝိယ၊ ကဲ့သို့။ ဉာဏဝိပ္ပယုတ္တံ၊ သော။ သရဏဂမနံ၊ ကို။ ဂဟိတံ၊ ယူအပ်၏။ ဒုတိယေန၊ ဒုတိယဖြစ်သော။ ပဒေန ပန၊ သမ္မာဒိဋ္ဌိဟူသော ပုဒ်ဖြင့်ကား။ ဉာဏသမ္ပယုတ္တံ၊ သော။ သရဏ ဂမနံ၊ ကို။ ဂဟိတံ၊ ၏။

ဤသို့ ဉာဏသမ္ပယုတ် လောကီသရဏဂုံ၊ ဉာဏဝိပ္ပယုတ် လောကီသရဏဂုံ ၂-ပါး ဖြစ်ကြောင်းကို သိလေကုန်။ ဤ ၂-ပါးစုံသော သဒ္ဒါသမ္မာဒိဋ္ဌိဉာဏ်ကို ဒိဋ္ဌိဇုကမ္မဟူ၍ ဆိုအပ်ကြောင်း ဝစနတ္ထအားဖြင့် ၎င်းဋီကာကြီ တို့ မိန့်ကုန်၏။

> ဒိဋ္ဌိဝေ အတ္တနော ပစ္စယေဟိ ဥဇုံ ကရီယတီတိ ဟိ အတ္ထေန သမ္မာ ဒိဋ္ဌိယာ ဒိဋ္ဌိဇုကမ္မဘာဝေ ါ။ ဒိဋ္ဌိ ဥဇုံ ကရီယတိ ဧတေနာတိ အတ္ထေန ပန သဒ္ဒါယပိ။

၎င်းသီလက္ခန်မဟာဋီကာကြီး ဋီကာဟောင်း စသည်တို့၌လည်း အနက်အား ဖြင့် သဘောတူပင် မိန့်ကုန်၏။

အနက်ကား—ဟိ သစ္စံ၊ မှန်၏။ ဝါ၊ သဒ္ဒါ သမ္မာဒိဋ္ဌိဉာဏ် နှစ်ပါးစုံပင် ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော စကားသည် မှန်၏။ ဒိဋ္ဌိဝေ၊ သမ္မာဒိဋ္ဌိ ဉာဏ်ကိုသာ လျှင်။ အတ္တနော၊ မိမိ၏။ ပစ္စယေဟိ၊ သဒ္ဒါစသော အကြောင်းတို့ဖြင့်။ ဝါ၊

တိုသည်။ ဥဇုံ၊ ဖြောင့်စွာ။ ကရိယတိ၊ပြုအပ်၏။ ဣတိ ဣမိနာ အတ္ထေန၊ ဤဝစနတ္ထဖြင့်။ ဝါ၊ ကြောင့်။ သမ္မာဒိဋ္ဌိယာ။ သမ္မာဒိဋ္ဌိဉာဏ်၏။ ဒိဋ္ဌိဇုကမ္မဘာဝေါ၊ ဒိဋ္ဌိဇုကမ္မ၏ အဖြစ်သည်။ ဟောတိ၊ ၏။ ဧတေန သဒ္ဒါမေမ္မန၊ ဤသဒ္ဒါတရားဖြင့်။ ဝါ၊ သည်။ ဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဉာဏ်ကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရိယတိ၊ ပြုအပ်၏။ ဣတိ ဣမိနာ အတ္ထေန ပန၊ ဤအယူကို ဖြောင့်စွာပြုကြောင်း ဖြစ်သော ကရဏသာဓ် ဝစနတ်ဖြင့်။ ဝါ၊ ကြောင့်။ ဝါ၊ ဤအယူကို ဖြောင့်စွာပြုတတ်သော အစုဘ္တကတ္တုသာဓ် ဝစနတ်ဖြင့်။ ဝါ၊ ကြောင့်။ သဒ္ဒါယပိ၊ သဒ္ဒါတရား၏သည်း။ ဒိဋ္ဌိဇုကမ္မ ဘာဝေါ၊ သည်။ ဟောတိ၊ ၏။

ဤသို့ သဒ္ဒါတရား သမ္မာဒိဋ္ဌိဉာဏ် ၂-ပါးကိုပင် ဒိဋ္ဌိဇုကမ္မဆိုအပ်ကြောင်းကို သိလေကုန်။

ထိုသဒ္ဒါတရား သမ္မာဒိဋ္ဌိဉာဏ်တရား ဖြစ်သော ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ် ဟူ၍ ၂-ပါးပြားသော ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော လောကီ သရဏဂုံသည် ထိုသရဏဂုံ စိတ္တုပ္ပါဒ်နှင့် ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကို ကောင်းစွာဆောင်နှင်းခြင်း အတ္တသန္နိယျာတန သရဏဂုံ၊ ထိုရတနာသုံးပါးကိုသာ ကိုးကား လည်းလျှောင်းသည်၏ အဖြစ်ရှိခြင်း တပ္ပရာယနတာ သရဏဂုံ၊ တပည့်အဖြစ်သို့ကပ်ခြင်း သိဿ ဘာဝူပဂမန သရဏဂုံ၊ လက်အုပ်ချီမိုး ရှိခိုးရှိသေခြင်း ပဏိပါတ သရဏဂုံဟူသော အခြင်းအရာ အာကာရဘေဒအားဖြင့် ၄-ပါး ဖြစ်သတည်း။

ထိုလေးပါးတို့တွင် အတ္တသန္နိယျာတန သရဏဂုံ ယူပုံ ဆောက်တည်ပုံကား—

တတ္ထ အတ္တသန္နိယျာတနံ နာမ အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ သံဃဿာတိ ဧဝံ ဗုဒ္ဓါဒီနံ အတ္တပရိစ္စဇနံ။

ရှင်းအဋ္ဌကထာကြီးများ။

အနက်ကား—တတ္ထ၊ ထို ၄-ပါးသော သရဏဂုံတို့တွင်။ အတ္တသန္နိယျာတနံ နာမ၊ မိမိကိုယ်ကို ကောင်းစွာ ဆောင်နှင်းကြောင်း အတ္တသန္နိယျာတန သရဏဂုံမည်သည်ကား။ အဇ္ဇ၊ ယနေ့။ အာဒိံ။ အစလက်မှန်ကို။ ကတွာ၊ ပြု၍။ အဟံ၊ အကျွန်ုပ်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နိယျာတေမိ၊ ဆောင်နှင်းပါ၏။ ဓမ္မဿ၊ တရားတော်အား။ နိယျာတေမိ၊ ၏။ သံဃဿ၊ သံဃာတော်အား။ နိယျာတေမိ၊ ၏။ ဣတိ ဧဝံ၊ ဤသို့။ ဗုဒ္ဓါဒီနံ ဝေ၊ ဘုရားစသော ရတနာ ၃-ပါးတို့အားသာလျှင်။ အတ္တပရိစ္စဇနံ၊ မိမိကိုယ်ကို စွန့်ခြင်းသည်။ ဟောတိ၊ ၏။

တပ္ပရာယနတာ သရဏဂုံယူပုံ ဆောက်တည်ပုံကား— တပ္ပရာယန
တာ နာမ အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယနော ဓမ္မပရာယနော
သံဃပရာယနော ဣတိ မံ ဓာရေထာတိ ဧဝံ တပ္ပရာယနဘာဝေါ။

ရှင်းအဋ္ဌကထာကြီးများ။

အနက်ကား—တပ္ပရာယနတာ နာမ၊ ထို ရတနာသုံးပါးသည်သာ ကိုးကား
ရာ ရှိသည်၏အဖြစ်ကို ပြုသော တပ္ပရာယနတာ သရဏဂုံ မည်သည်ကား။ အဇ္ဇ၊ နေ့။ အာဒိံ၊ ကို။ ကတွာ၊ ၍။ အဟံ၊ သည်။ ဗုဒ္ဓပရာယနော၊ ဘုရားကို ကိုးကားခြင်းရှိသော သူတည်း။ ဓမ္မပရာယနော၊ တရားတော်ကို ကိုးကားခြင်းရှိသော သူတည်း။ သံဃပရာယနော၊ သံဃာတော်ကို ကိုးကားခြင်းရှိသော သူတည်း။ ဣတိ၊ ဤသို့ ရတနာသုံးပါးသာ ကိုးကားခြင်းရှိသောသူ ဟူ၍။ မံ၊ အကျွန်ုပ်ကို။ ဓာရေထ၊ မှတ်သိတော်မူပါကုန်လော့။ ဣတိဧဝံ၊ သို့။ တပ္ပရာယနဘာဝေါ၊ ထို ရတနာသုံးပါးတို့ကိုသာလျှင် ကိုးကားခြင်းရှိသော သူ၏အဖြစ်သည်။ ဟောတိ၊ ၏။

သိဿဘာဝူပဂမနသရဏဂုံယူပုံ ဆောက်တည်ပုံကား- သိဿဘာဝ
ူပဂမနံနာမ အဇ္ဇ အာဒိံကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော
ဓမ္မဿ သံဃဿာတိ မံ ဓာရေထာတိ ဧဝံ သိဿဘာဝူပဂမနံ။

ရှင်းအဋ္ဌကထာကြီးများ။

အနက်ကား—သိဿဘာဝူပဂမနံ နာမ၊ တပည့်အဖြစ်သို့ ကပ်ကြောင်း သိဿဘာဝူပဂမနံ သရဏဂုံမည်သည်ကား။ အဇ္ဇ၊ နေ့။ အာဒိံ၊ ကို။ ကတွာ၊ ၍။ အဟံ၊ သည်။ ဗုဒ္ဓဿ၊ ၏။ အန္တေဝါသိကော၊ အတွင်းတပည့်တည်း။ ဓမ္မဿ၊ ၏။ အန္တေဝါသိကော၊ တည်း။ သံဃဿ၊ ၏။ အန္တေဝါသိကော၊ တည်း။ ဣတိ၊ ဤသို့ ရတနာသုံးပါးတို့၏ အတွင်းတပည့်ဟူ၍။ မံ၊ ကို။ ဓာရေထ၊ ကုန်လော့။ ဣတိဧဝံ၊ သို့။ သိဿဘာဝူပဂမနံ၊ တပည့်အဖြစ်သို့ ကပ်ခြင်းသည်။ ဟောတိ၊ ၏။

ပဏိပါတ သရဏဂုံ ယူပုံ ဆောက်တည်ပုံကား—

ပဏိပါတော နာမ အဇ္ဇ အာဒိံ ကတွာ အဟံ အဘိဝါဒန ပစ္စု
ပဋ္ဌာန အဉ္ဇလိကမ္မ သာမိစိကမ္မံ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရော
မီတိ မံ ဓာရေထာတိ ဧဝံ ဗုဒ္ဓါဒီသု ပရမနိပစ္စကာရော။

ရှင်းအဋ္ဌကထာကြီးများ။

အနက်ကား—ပါဏိပါတော နာမ၊ လက်ကိုချကြောင်း ပါဏိပါတ သရဏဂုံမည်သည်ကား။ အဇ္ဇ၊ နေ့။ အာဒိံ၊ ကို။ ကတွာ၊ ၍။ အပဟံ၊ သည်။ အာဝိဝါဒန ပစ္စုပဋ္ဌာန အဥ္ဇလိကမ္မ သာမိစိကမ္မံ၊ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်းလက်အုပ်ချီခြင်းအမှု အရိုအသေအမှုကို။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဝတ္ထုနံယေဝ၊ ရတနာတို့အားသာလျှင်။ ကရောမိ၊ ပြု၏။ ဣတိ၊ ဤသို့ ရတနာသုံးပါးတို့အားသာ သဲ့တ်တ္ားရိုကျိုး ရှိခိုးဦးချသောသူဟူ၍။ မံ၊ ကို။ ဓာရေထ၊ ကုန်လော့။ ဣတိဝေ၀ံ၊ သို့။ ဗုဒ္ဓါဒီသု၊ ဘုရားစသော ရတနာသုံးပါးတို့၌။ ပရမ နိပစ္စကာရော၊ အလွန်ရှိသေ ကျိုးနွံစွာပြုခြင်းသည်။ ဟောတိ၊ ၏။

ဤလေးပါးသော အခြင်းအရာတို့တွင် တပါးပါးကို ပြုသဖြင့် လောကီသရဏဂုံကို ယူအပ်သည်သာဖြစ်၏။ ဆောက်တည်အပ်သည်သာ ဖြစ်၏ဟူ၍ အဋ္ဌကထာကြီးတို့၌ မိန့်ဆိုကုန်၏။

> ဣမေသံ ဟိ စတုန္နံ အာကာရာနံ အညတရံပိ ကရောန္တေန ဂဟိတံယေဝ ဟောတိ သရဏဂမနံ။

ရင်းအဋ္ဌကထာကြီးများပါ၌။

'အနက်ကား—ဟိ သစ္စံ၊ မှန်၏။ ဝါ—အတ္တသန္နိယျာတနစသည်လေးပါး အံပြားအားဖြင့်ဖြစ်၏ဟူသော စကားသည်မှန်၏။ စတုန္နံ၊ လေးပါးကုန်သော။ ဣမေသံ အာကာရာနံ၊ ဤအခြင်းအရာတို့တွင်။ အညတရံပိ၊ တပါးပါးသော အခြင်းအရာကိုလည်း။ ကရောန္တေန၊ ပြုသဖြင့်။ ဝါ၊ ပြုသောသူသည်။ သရဏဂမနံ၊ သရဏဂုံကို။ ဝါ၊ သည်။ ဂဟိတံယေဝ၊ ယူအပ်သည်သာလျှင်။ ဝါ၊ ယူအပ်သော မည်သည်သာလျှင်။ ဟောတိ၊ ၏။

တနည်းလည်း—

> ဘဂဝတော အတ္တာနံ ပရိစ္စဇာမိ ဓမ္မဿ သံဃဿ အတ္တာနံ ပရိစ္စဇာမီတိ ပရိစ္စတ္တောယေဝ မေ အတ္တာ၊ ပရိစ္စတ္တံယေဝ မေ ဇီဝိတန္တိ ဇီဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓေါ မေ သရဏံ လေဏံ တာဏန္တိ ဧဝမ္ပိ အတ္တသန္နိယျာတနံ ဝေဒိတဗ္ဗံ—

ဟူ၍ မိမိကိုယ်အသက်ကို ဘုရားတရားသံဃာအား စွန့်ခြင်းသည် အတ္တသန္နိယျာတန သရဏဂုံမည်၏။

ဧနက်ကား—ဘဂဝတော၊ မြတ်စွာဘုရားအား။ အဝေစ္စပ္ပသာဒေန၊ ကိုယ်ကို။ ပရိစ္စဇာမိ၊ စွန့်ပါ၏။ ဓမ္မဿ၊ တရားတော်အား။ အဝေစ္စပ္ပသာဒေန၊ ကို။ ပရိစ္စဇာမိ၊ ၏။ သံဃဿ၊ အရိယာသံဃာတော်အား။ အဝေစ္စပ္ပသာဒေန၊ ကို။ ပရိစ္စဇာမိ၊ ၏။ဣတိ၊ ဤသို့ရင်း။ မေ မယာ၊ ငါသည်။ အတ္တာ၊ ကိုယ်ကို။ ပရိစ္စတ္တော ယေဝ၊ စွန့်အပ်သာလျှင်ကတည်း။ မေ၊ ၏။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စတ္တံ ယေဝ၊ စွန့်အပ်သာလျှင်ကတည်း။ ဣတိ၊ ဤသို့ရင်း။ အဟံ၊ သည်။ ဇီဝိတပရိယန္တိကံ၊ အသက်ထက်ဆုံး အသက်ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ ကို။ သရဏံ သရဏံဣတိ၊ ဘေးကိုဖျောက်တတ် မြတ်သောကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်မှီဝဲပါ၏။ ဗုဒ္ဓေါ၊ သည်။ မေ၊ ၏။ သရဏံ၊ ကိုးကွယ်ရာတည်း။ လေဏံ၊ ပုန်းအောင်းရာတည်း။ တာဏံ၊ မှီခိုရာတည်း။ ဣတိဧဝံပိ၊ ဤသို့လည်း။ အတ္တသန္နိယျာတနံ၊ အတ္တသန္နိယျာတန သရဏဂုံကို။ ဝေဒိတဗ္ဗံ၊ ၏။

သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ၊ ဘဂဝန္တမေဝ ပဿေယျံ၊ သုဂတဉ္စ ဝတာဟံ ပဿေယျံ၊ ဘဂဝန္တမေဝ ပဿေယျံ၊ သမ္မာသမ္ဗုဒ္ဓဉ္စ ဝတာဟံ ပဿေယျံ၊ ဘဂဝန္တမေဝ ပဿေယျံ—

ဟူ၍ မဟာကဿပ၏ သရဏဂုံကဲ့သို့ ဘုရားမှန်းမသိမီကပင် ဘုရား၏ တပည့်အဖြစ်သို့ ကပ်ခြမ်းသည် သိဿဘာဝူပဂမန သရဏဂုံမည်၏။

အဟံ၊ ငါသည်။ သတ္ထာရံ၊ နတ်နှင့်တကွသော လူတို့ကို ဆုံးမတော်မူတတ်သော ဆရာဘုရားကို။ ဝတ၊ စင်စစ်။ သစေ၊ အကယ်၍။ ပဿေယျံ၊ ဖူးမြင်ရအံ့။ သာခုံ၊ ကောင်းစွ။ ဘဂဝန္တမေဝ၊ ဤဆုံးမတတ်သော ဆရာဘုရားကိုသာလျှင်။ ပဿေယျံ၊ ဖူးမြင်အံ့။

ဤမှတပါးသော ဆရာသည် ငါ့အားဖြစ်ခြင်းငှါ မသင့်ဟူလို။

အဟံ၊ သည်။ သုဂတံ၊ ကောင်းသောအကျင့်ကို ကောင်းစွာ ဟောတော်မူတတ်သော မြတ်စွာဘုရားကို။ ဝတ၊ စင်စစ်။ သစေ၊ ၍။ ပဿေယျံ၊ အံ့။ သာခုံ၊ ကောင်းစွ။ ဘဂဝန္တမေဝ၊ ဤကောင်းသော အကျင့်ပဋိပတ်ကို ကောင်းစွာ ဟောတော်မူတတ်သော မြတ်စွာဘုရားကိုသာလျှင်။ ပဿေယျံ၊ အံ့။ (ဤမှတပါးသော သုဂတသည် ငါ့အား မဖြစ်သင့်ဟူလို။)

အဟံ၊ သည်။ သမ္မာသမ္ဗုဒ္ဓံ၊ မဖောက်မပြန် ကိုယ်တော်တိုင်သာ သစ္စာတရားတို့ကို သိတော်မူတတ်သော မြတ်စွာဘုရားကို။ ဝတ၊ စင်စစ်။ သစေ၊ ၍။ ပဿေယျံ၊ အံ့။ သာခုံ၊ ကောင်းစွ။ ဘဂဝန္တမေဝ၊ ဤမဖောက်မပြန် ကိုယ်တော်တိုင်သာ သစ္စာတရားတို့ကို သိတော်မူတတ်သော မြတ်စွာဘုရားကိုသာလျှင်။ ပဿေယျံ၊ ဖူးမြင်အံ့။ ဣတိ၊ သို့။ တေ၊ ဤအကြံသည်။ အဟော့ သိဿ၊ ငါဖြစ်ပြီ။

ဤမှ တပါးသော သမ္မာသမ္ဗုဒ္ဓသည်ငါ့အား မဖြစ်သင့်ဟုလို။ ဤကား အဋ္ဌကထာ၌ သစေသဒ္ဒါနှင့် ယောဇနာသည့်အတိုင်း အနက်ပေးသည်။ သစေ သဒ္ဒါမထည့်ပဲ ပါဠိတော်အတိုင်း သာ၍သင့်သည် ဟု ထင်ပေ၏။

သော အဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ—

ဟူ၍ အာဠဝက သာတာဂိရိ ဟေမဝတ နတ်ဘီလူးတို့၏ သရဏဂုံကဲ့သို့ ဘုရားသခင်ကို ရှိခိုးလျက် ဓမ္မဃောသကဖြစ်၍ ရတနာသုံးပါးသာလျှင် လည်းလျောင်းရာ ရှိသည်ကို ပြုသော သရဏဂုံသည် တပ္ပရာယနတာ သရဏဂုံ မည်၏။

အနက်ကား—သော အဟံ၊ ထိုငါသည်။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿ မာနော၊ ရှိသေမြတ်နိုး ရှိခိုးသည်ဖြစ်၍။ ဓမ္မဿ၊ တရားတော်၏။ သုဓမ္မတဉ္စ၊ ကောင်းသောတရား၏ အဖြစ်ကိုလည်း။ သံဃဿ၊ သံဃာတော်၏။ သုပ္ပဋိပန္န တဉ္စ၊ ကောင်းသောအကျင့်ရှိသည်၏ အဖြစ်ကိုလည်း။ အဘိတ္ထဝိတွာ၊ ချီးမွမ်း ထောမနာ၍။ ဂါမာ၊ နတ်တရွာမှ။ ဂါမံ၊ နတ်တရွာသို့။ တနည်း—ဂါမာဂါမံ၊ နတ်တို့ ရွာငယ်ရွာကြီးသို့။ ပုရာ၊ နတ်တပြည်မှ။ ပုရံ၊ နတ်တပြည်သို့။ တနည်း— ပုရာပုရံ၊ နတ်တို့ ပြည်ငယ်ပြည်ကြီးသို့။ ဝိစရိဿာမိ၊ သွားလာလှည့်လည်ပါအံ့။

အထ ခေါ ဗြဟ္မာယု ဗြာဟ္မဏော ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာ သင်္ဂံ ကရိတွာ ဘဂဝတော ပါဒေသု သိရသာ နိပတိတွာ ဘဂဝတော ပါဒါနိ မုခေန ပရိစုမ္ဗတိ ပါဏီဟိ စ ပရိသမ္ဗာဟတိ နာမဉ္စ သာဝေတိ။ ဗြဟ္မာယု အဟံ ဘောဂေါတမ ဗြာဟ္မဏော၊ ဗြဟ္မာယု အဟံ ဘော ဂေါတမ ဗြာဟ္မဏောတိ—

ဟူ၍ ဗြဟ္မာယု ပုဏ္ဏားကဲ့သို့ မြတ်စွာဘုရားအား ဦးထိလက်ရောက် ကြည်ညို မြတ်နိုးခြင်းဖြစ်သော သရဏဂုံသည် ပါဏိပါတ သရဏဂုံ မည်၏။

အနက်ကား—အထ ခေါ၊ ထိုအခါ၌။ ဗြဟ္မာယု ဗြာဟ္မဏော၊ ဗြဟ္မာယု ပုဏ္ဏားသည်။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဧကံသံ၊ ပခုံးတဘက်၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်စံပယ် လက်ကတော့တင်သည်ကို။ ကရိတွာ၊ ပြု၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒေသု၊ ခြေတော်စုံတို့၌။ သိရသာ၊ ဦးဖြင့်။ နိပတိတွာ၊ ညွတ်ချ၍။ ဘဂဝတော၊ ၏။ ပါဒါနိ၊ ခြေတော်တို့ကို။ မုခေန၊ မျက်နှာဖြင့်။ ပရိစုမ္ဗတိ၊ ပွတ်၏ ထိ၏။ (ပရိစုမ္ဗတီတိ ပရိဖုသတိ၊ ဋီကာဟောင်း ဋီကာသစ် ပါဏီဟိ စ၊ လက်တို့ဖြင့်လည်း။ ပရိသမ္ဗာဟတိ၊ သုံးသပ်၏။ ဘောဂေါ

တ။ ဆရှင်ဂေါတမ။ အဟံ၊အကျွန်ုပ်သည်။ ဗြဟ္မာယု၊ ဗြဟ္မာယု အမည်ရှိသော။ ဗြာဟ္မဏော၊ပုဏ္ဏားသည်။ ဘော ဂေါတမ၊ ဗြဟ္မာယု၊ သော။ ဗြာဟ္မဏော၊သည်။ ဣတိ၊သို့။ နာမဥ္စ၊ အမည်ကိုလည်း။ သာဝေတိ၊ ကြား၏။

ဤအဋ္ဌကထာကြီးတို့၌ ဗြဟ္မာယုပုဏ္ဏားသည် ဘုရားသခင်ရှေ့အထံတော်၌ သရဏဂုံယူခြင်းကို ဆို၏။

ခုဒ္ဒကပါဌ အဋ္ဌကထာ၌ကား တပါးသော အမည်ဖြင့်လည်း သမာဒါန သရဏဂုံ၊ သိဿဘာဝူပဂမန သရဏဂုံ၊ တပ္ပေါဏတ္တ သရဏဂုံ၊ အတ္တသန္နိယျာတန သရဏဂုံ၊ သမုစ္ဆေဒသရဏဂုံဟူ၍ လည်း၏။ ထိုသရဏဂုံတို့တွင် သမာဒါန သရဏဂုံ ဟူသည်ကား—

ဥပေဿော စ ခေါ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ ဥပါသကေ နော ဘဂဝါ ဓာရေတူတိ တပုဿ ဘလ္လိကာဒယောဝိယ သမာဒါနေန ဝါ သတ္ထာ မေ ဘန္တေ ဘဂဝါ သာဝကောဟမသ္မိတိ မဟာကဿပါဒယောဝိယ သိဿဘာဝူပဂမနေန ဝါ ဓဝံ စုတ္တေ ဗြဟ္မာယုဗြာဟ္မဏော ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ တိက္ခတ္တုံ ဥဒါနံ ဥဒါနေသိ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ နမော တဿ။ ပ။ သမ္မာသမ္ဗုဒ္ဓဿ။ နမော တဿ။ ပ။ သမ္မာသမ္ဗုဒ္ဓဿာတိ ဗြဟ္မာယု အာဒယောဝိယ တပ္ပေါဏတ္တေန ဝါ ကမ္မဋ္ဌာနာနုယောဂိနော ဝိယ အတ္တသန္နိယျာတနေန ဝါ အရိယပုဂ္ဂလာဝိယ သရဏဂမနုပက္ကိလေသသမုစ္ဆေဒေန ဝါတိ အနေကပ္ပကာရံ ဝိသယတော ကိစ္စတော စ ဥပေတီတိ။

ရင်းခုဒ္ဒကပါဌ အဋ္ဌကထာပါဌ်။

ဥပေဿော စ၊သရဏဂုံကိုဂိတ်ဖြင့် ကပ်သောသူသည်လည်း။ဘန္တေ၊အရှင်ဘုရား။ ခေါ မယံ၊ ထိုကျွန်ုပ်တို့သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ဘေးကိုဖျောက်ဘတ် မြတ်သောကိုးကွယ်ရာဟူ၍။ ဂစ္ဆာမ၊ ဆည်းကပ်ပါကုန်၏။ ဓမ္မဉ္စ၊ တရားတော်ကိုလည်း။ သရဏံ၊ ဟူ၍။ ဂစ္ဆာမ၊ ကုန်၏။ နော၊ အကျွန်ုပ်တို့ကို။ ဥပါသကေ၊ ရတနာသုံးပါးသို့ ကပ်တတ်ကုန်သောသီတင်းသည် ဥပါသကာတို့ဟူ၍။ ဘဂဝါ၊ ရှင်တော်ဘုရားသည်။ ဓာရေတု၊ မှတ်တော်မူပါလော့။ ဣတိ၊ သို့။ တပုဿ ဘလ္လိကာ ဒယောဝိယ၊ တပုဿ ဘလ္လိကညီနောင် စသည်တို့ကဲ့သို့။ သမာဒါနေန ဝါ၊ ခံယူဆောက်တည်ခြင်းဖြင့်လည်း။ ဥပေတိ၊ ဆည်းကပ်၏။
ဤကား ဆောက်တည်ကြောင်းစိတ်ဖြင့် သမာဒါန သရဏဂုံယူပုံကိုပြသည်။

ဘန္တေ၊ ရှင်တော်မြတ်ဘုရား။ ဘဂဝါ၊ ရှင်တော်မြတ်ဘုရားသည်။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာတည်း။ အဟံ၊ အကျွန်ုပ်သည်။ သာဝကော၊ တပည့်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ သို့။ မဟာကဿပါဒယောဝိယ၊ မဟာကဿပ စသည်တို့ကဲ့သို့။ သိဿဘာဝူပဂမနေန ဝါ၊ တပည့်အဖြစ်သို့ ကပ်သဖြင့်လည်း။ ဥပေတိ၊ ၏။

ဤကား တပည့်အဖြစ်သို့ကပ်သော သရဏဂုံစိတ်ဖြင့် သိဿဘာဝူပဂမန သရဏဂုံယူပုံကို ပြသည်၊

ဝေ၊ ဤသို့ တထာ သန္တိယေဝ ဘော တံ ဘဝန္တံ ဂေါတမံ သဒ္ဒေါ အဗ္ဘုဂ္ဂတော နော အညထာ အစရှိသည်ဖြင့်။ ဝုတ္တော၊ မိမိတပည့်ဖြစ်သော ဥတ္တရလုလင် သိမြင်စူးစမ်းခဲ့သည့်အတိုင်း မကြွင်းမကျန် ပြန်ပြောအပ်သည်ရှိသော်။ ဗြဟ္မာယု၊ ဗြဟ္မာယုအမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဧကံသံ၊ ခုံးတဘက်၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်လက်ဧတော့ စံပယ်တင်သည်ကို။ ကရိတွာ၊ ပြု၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုမြတ်စွာဘုရား ရှိတော်မူရာအရပ်သို့။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဏာမေတွာ၊ ရှိသေစွာ ညွတ်ချီ၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဥဒါနံ၊ ဥဒါန်းကို။ ဝါ၊ ဗုဒ္ဓါရမ္မဏ သောမနဿဇော အဟုန်မှန်းထုံ့ရှင်မြူး ကျူးရင့်မြွက်ဆိုသော ဥဒါန်းကို။ ဥဒါနေသိ၊ ကျူးရင့်မြွတ်ဆို၏။ ကိံ၊ အဘယ်သို့ ဥဒါန်းကျူးရင့်မြွတ်ဆိုသနည်း။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ နမော တဿ ။ပ။ သမ္မာသမ္ဗုဒ္ဓဿ။ နမော တဿ။ပ။ သမ္မာသမ္ဗုဒ္ဓဿာတိ၊ ဟူ၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဥဒါနံ၊ ကို။ ဥဒါနေသိ၊ ၏။ ဣတိ၊ သို့။ ဗြဟ္မာယုအာဒယောဝိယ၊ ဗြဟ္မာယုပုဏ္ဏား စသည်ကဲ့သို့။ တပ္ပေါဏတ္တေန ဝါ၊ ထိုရတနာသုံးပါးသို့ ကိုင်းရှိုင်းသောအဖြစ်ဖြင့်လည်း။ ဥပေတိ၊ ဆည်းကပ်၏။

ဤကား ရတနာသုံးပါးသို့ ကိုင်းရှိုင်းသောအဖြစ်ဖြင့် ဖြစ်သော သရဏဂုံစိတ်ဖြင့် တပ္ပေါဏတ္တသရဏဂုံယူပုံကို ပြသည်။

ဤခုဒ္ဒကပါဌ အဋ္ဌကထာ၌ ဗြဟ္မာယုပုဏ္ဏားသည် ဘုရားသခင်ထံ မရောက်မီ ဘုရားသခင်ကို မဖူးမြင်ရသေးပဲ ဂုဏ်တော်သတင်းစကားကြားရာ မိမိနေရာကပင် သရဏဂုံယူခြင်းကို ဆိုသတည်း။

ကမ္မဋ္ဌာနာနုယောဂိနောဝိယ၊ ကမ္မဋ္ဌာန်း၌ အားထုတ်ခြင်းရှိသောပုဂ္ဂိုလ်တို့ကဲ့သို့။ အတ္တသန္နိယျာတနေန ဝါ၊ မိမိကိုယ်ကို ကောင်းစွာဆောင်နှင်းခြင်း ဖြင့်လည်း။ ဥပေတိ၊ ဆည်းကပ်၏။

ဤကား ယောဂီရဟန်းတို့ကဲ့သို့ “ဣမာဟံ ဘဂဝါ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိတိ ဧဝံ ဗုဒ္ဓဿ ဘဂဝတော အတ္တာ နိယျာတေတဗ္ဗော” ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာစသည်နှင့်အညီ မိမိကိုယ်ကို ရတနာသုံးပါးအား ဆောင်နှင်း စွန့်လွှတ်ခြင်းဖြစ်သော သရဏဂုံစိတ်ဖြင့် အတ္တသန္နိယျာတန သရဏဂုံ ယူပုံကို ပြသည်။ ဤ ၄-ပါးတို့ကား လောကီသရဏဂုံတို့ချည်းတည်း။

အရိယပုဂ္ဂလာဝိယ၊ အရိယာပုဂ္ဂိုလ်တို့ကဲ့သို့။ သရဏ ဂမနုပက္ကိလေသ သမုစ္ဆေဒေန ဝါ၊ သရဏဂုံ၏ ညစ်ညူးကြောင်း ဝိစိကိစ္ဆာ သမ္မောဟ စသော ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်းဖြင့်လည်း။ ဝါ၊ ဖြတ်ကြောင်း အရိယာ မဂ်ဖြင့်လည်း။ ဥပေတိ၊ ဆည်းကပ်၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ အနေကပ္ပကာရံ၊ တပါးမက အပြားများစွာ။ ဝိသယတော စ၊ အာရုံအားဖြင့် ၎င်း။ ကိစ္စတော စ၊ ကိစ္စအားဖြင့်၎င်း။ ဥပေတိ၊ ဆည်းကပ်၏။

ဤကား မဂ်စိတ်ဖြင့် လောကုတ္တရာသမုစ္ဆေဒသရဏဂုံဖြစ်ပုံကို ပြသည်။

ဤ လောကီ သရဏဂုံ၌ အဋ္ဌကထာကြီးတို့ကား သမာဒါန သရဏဂုံကို အတ္တ သန္နိယျာတန သရဏဂုံနှင့် သဘောတူသောအားဖြင့် အသီးပြု၍ မပြကုန်။ ခုဒ္ဒကပါဌ အဋ္ဌကထာကား ပဗ္ဗဇ္ဇသရဏဂုံနှင့် ဆက်ဆံခြင်းကို ပြုသောကြောင့် သမာဒါနသရဏဂုံကို အထူးထုတ်၍ ပြသည်။ တပ္ပရာယန သရဏဂုံ၊ ပဏိပါတ သရဏဂုံဘို့ကိုလည်း တပ္ပောဏတ္တ သရဏဂုံနှင့် နမဿနပဏာမန အဘိဝန္ဒန သဘောတူအားဖြင့် အသီးပြု၍မပြ။ အဋ္ဌကထာကြီးတို့ကား မပြတ်ရှိခိုးသော အခြင်းအရာ ဦးထိလက်ရောက်သော အခြင်းအရာ ရည်မှတ်ရှိခိုးသော အခြင်းအရာ အာကာရအထူးအားဖြင့် အသီးထုတ်၍ ပြကုန်သည်။ ထို့ကြောင့် ဗြဟ္မာယုပုဏ္ဏားသည် ဘုရားသခင်ကို မမြင်ရသေးပဲ တပည့် ဥတ္တရ လုလင်ပြောသော ဂုဏ်တော်ကိုကြားရကပင် နမောတဿ။ပ။ သမ္မာသမ္ဗုဒ္ဓဿ ဟူသော ဥဒါန်း နမက္ကာရဖြင့် တပ္ပောဏတ္တ သရဏဂုံယူသည့် အဖြစ်ကို ခုဒ္ဒကပါဌ အဋ္ဌကထာ ဆိုသည်။ နောက် ဘုရားသခင်ကို ဖူးမြင်ရသောအခါ၌ ဦးထိလက်ရောက် အရှိအသေ လွန်စွာပြုခြင်းဖြင့် ပဏိပါတသရဏဂုံယူသည်၏ အဖြစ်ကို အဋ္ဌကထာကြီးတို့ ဆိုကုန်သည်။ အာဠဝကဘီလူး စသည်တို့လည်း မပြတ်ရှိခိုး ကိုးကွယ်ရာပြု၍ လှည့်လည်ခြင်းဖြင့် တပ္ပရာယန သရဏဂုံ ယူသည်၏အဖြစ်ကို ဆိုကုန်သည်။

အရှင် မဟာကဿပ သရဏဂုံမှာလည်း ခုဒ္ဒကပါဌ အဋ္ဌကထာသည်မြတ်စွာ ဘုရားထံရောက်မှ နှုတ်မြွက်၍ လျှောက်ကြားသည်ကို ပြသည်။ အဋ္ဌကထာကြီးတို့ကား မြတ်စွာဘုရားကို ဗဟုပုတ္တကစေတီ၌ မြင်၍ အကြံဖြစ်သောအရာကို ပြကုန်သည်။ ထိုခုဒ္ဒကပါဌ အဋ္ဌကထာပါဠိ၌ အနေကပ္ပကာရံဟူသော သဒ္ဒန္တရိက်

ဖြင့် ဋ္ဌတိသဒ္ဒါကို အာဒျတ္ထယူ၍လည်း အဋ္ဌကထာကြီးတို့၌ လာကုန်သော တပ္ပုရာယန သရဏဂုံ၊ ပါဏုပါတ သရဏဂုံတို့ကို အာဒိဝန်ယူ၍ လောကီသရဏဂုံ ၆-ပါးရှိသည်၏ အဖြစ်ကိုလည်း အထူးသဖြင့် သိအပ်မှတ်အပ်ကုန်ရာသတည်း။ အဋ္ဌကထာကြီးတို့နှင့် မတူမျှသောကြောင့် န သုန္ဒရံ န ယုတ္တံဟု ပုန်ကန် ရှိန်းပြု ဝိဝါဒ မပြုကြကုန်ရာ။

ဤ လောကီသရဏဂုံကို ဆောက်ကည်ခံယူလိုသောသူသည် ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း ခံယူရာသတည်း။

သရဏံ ဂစ္ဆာမီတိ ဟိ စိတ္တံ ဥပ္ပါဒေတွာဝ ပစ္ဆာ ကာယေန ဝါ ဝါစာယ ဝါ သရဏံ ဂဏှာတိ။

မူလပဏ္ဏာသ အဋ္ဌကထာ သလ္လေခသုတ်အဖွင့်။

အနက်ကား--သရဏံ၊ ဘေးကိုဖျောက်တတ် မြက်သော ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါအံ့။ ဣတိ၊ သို့။ စိတ္တံ၊ စိတ်ကို။ ဥပ္ပါဒေတွာဝ၊ ဖြစ်စေ၍သာလျှင်။ ပစ္ဆာ၊ နောက်၌။ ကာယေန ဝါ၊ ကိုယ်ဖြင့်ရင်း။ ဝါစာယ ဝါ၊ နှုတ်ဖြင့်ရင်း။ သရဏံ၊ သရဏဂုံကို၊ ဂဏှာတိ၊ ယူ၏။

ဤလောကီသရဏဂုံကို ကိုယ်ဖြင့် ခံယူရာ၌လည်း နှုတ်ဖြင့် သိစေခြင်းငှါ မတတ်နိုင်သော သူတို့အားသာလျှင် ကိုယ်ဖြင့်ယူခြင်းကို အဋ္ဌကထာ မိန့်ဆိုအပ်သည်ဟု ဋီကာဆို၏။

သရဏဂမနံ ဝါစာယ ဝိညာပေတုံ အသက္ကောန္တဿ ဝသေန ဝုတ္တံ ကာယေန ဝါ တိ။

ရင်းမူလပဏ္ဏာသ သလ္လေခသုတ် ဋီကာ။

အနက်ကား--သရဏဂမနံ၊ သရဏဂုံကို။ ဝါစာယ၊ နှုတ်ဖြင့်။ ဝိညာပေတုံ၊ သိစေခြင်းငှာ။ အသက္ကောန္တဿ၊ မတတ်နိုင်သောသူ၏။ ဝသေန၊ အစွမ်းဖြင့်။ တနည်း--အသက္ကောန္တဿ ဝသေန၊ မတတ်နိုင်သောသူ၏ အကျိုးငှါ။ ကာယေန ဝါ တိ၊ ကာယေန ဝါ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာ မိန့်အပ်၏။

ဤဋီကာဖြင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟု ဆောက်တည်ခြင်း သာမာဒါန သရဏဂုံ၊ သိဿ ဘာဝူပဂမန သရဏဂုံ စသည်ကိုသာ ရည်သည်ထင်၏။ ပါဏိပါတ သရဏဂုံမူကား ကိုယ်ဖြင့်သာလည်း သင့်မည်ပင် ထင်၏။

အဋ္ဌကထာကြီးတို့ အလိုအားဖြင့် အရှင်မဟာကဿပ သရဏဂုံကို ထောက်လျှင် စိတ်ဖြင့်ကြံသော အခြင်းအရာအတိုင်း ကြံစည်သော ခဏ၌ပင် သရဏဂုံ ရနိုင်၏ဟု သိရ၏။ သို့ဖြစ်သော်လည်း သလ္လေခသုတ် အဋ္ဌကထာ ဋီကာအတိုင်း

တတ်စွမ်းနိုင်သော် နှုတ်မြွက်၍ နှုတ်မမြွက်နိုင်သော် ကိုယ်ဖြင့်၊ ကိုယ်နှုတ်မတတ်နိုင်သော်စိတ်ဖြင့်၊ သရဏဂုံကို ယူနိုင်သည်ချည်းပင် ဖြစ်၏ဟု မှတ်အပ်သတည်း။ ထိုသို့ သရဏဂုံကို ယူသည်ရှိသော် အလေးအမြတ်ပြုထိုက်သော စေတီ ကျောင်း သံဃာ ဂိုဏ်းပုဂ္ဂိုလ်စသည်၏ အထံ၌ ယူရာသတည်း။

ဣဒံ ပန ဝိဟာရဂမနံ ကဿ ဝသေန ဂဟိတန္တိ၊ ဝိဟာရံ ဂန္တွာ အနန္တရာယေန သောတာပတ္တိဖလေ ပတိဋ္ဌဟန္တဿ ဂန္ဓမာလာဒီဟိ ပူဇံ ကရိဿာမိ စေတိယံ ဝန္ဒိဿာမိ ဓမ္မံ သောဿာမိ ဒီပပူဇံ ကရိဿာမိ သံဃံ နိမန္တေတွာ ဒါနံ ဒဿာမိ သိက္ခာပဒေသု ဝါ သရဏေသု ဝါ ပတိဋ္ဌဟိဿာမီတိ ဂစ္ဆတောပိ ဝသေန ဝဋ္ဋတိယေဝ။

သဂါထာဝဂ္ဂ ယက္ခသံယုတ် အဋ္ဌကထာပါဠိ။

အနက်ကား–ဣဒံ ပန ဝိဟာရဂမနံ၊ ဤကျောင်းသို့ သွားခြင်းကိုကား။ ကဿ၊ အဘယ်သူ၏။ ဝသေန၊ အစွမ်းဖြင့်။ ဂဟိတံ၊ ယူအပ်သနည်း။ ဣတိ၊ သို့။ ပုစ္ဆေယျ၊ မေးငြားအံ့။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ အနန္တရာယေန၊ အရန္တရာယ်မရှိသဖြင့်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟန္တဿ၊ တည်သောပုဂ္ဂိုလ်၏။ ဝသေန၊ အစွမ်းဖြင့်။ ဂဟိတံ၊ ယူအပ်၏။ ဣတိ၊ သို့။ ဝိဿဇ္ဇေယျ၊ ဖြေရာ၏။ ဂန္ဓမာလာဒီဟိ၊ ပန်းနံ့သာ စသည်တို့ဖြင့်။ ပူဇံ၊ ပူဇော်ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ စေတိယံ၊ စေတီကို၊ ဝန္ဒိဿာမိ၊ ရှိခိုးအံ့။ ဓမ္မံ၊ တရားကို။ သောဿာမိ၊ နာအံ့။ ဒီပပူဇံ၊ ဆီမီး ပူဇော်ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ သံဃံ၊ သံဃာတော်ကို။ နိမန္တေတွာ၊ ဖိတ်၍။ ဒါနံ၊ အလှူကို။ ဒဿာမိ၊ ပေးအံ့။ သိက္ခာပဒေသု ဝါ၊ သိက္ခာပုဒ်တို့၌ရင်း။ သရဏေသု ဝါ၊ သရဏဂုံတို့၌ရင်း။ ပတိဋ္ဌဟိဿာမိ၊ တည်အံ့။ ဣတိ၊ သို့။ ဂစ္ဆတောပိ၊ သွားသောသူ၏လည်း။ ဝသေန၊ အစွမ်းဖြင့်။ ဝဋ္ဋတိယေဝ၊ သင့်သည်သာတည်း၊

သရဏံ ပန ဧကဘိက္ခုဿ ဝါ သန္တိကေ သံဃဿ ဂဏဿ ဝါ သကိံ ဂဟိတံ ဂဟိတမေဝ ဟောတိ။

သီလက္ခန်အဋ္ဌကထာ ကုဋဒန္တသုတ်အဖွင့်။

သရဏံ ပန၊ သရဏဂုံကိုကား။ ဧကဿ၊ တယောက်သော။ ဘိက္ခုဿ ဝါ၊ ရဟန်း၏ရင်း။ သံဃဿ ဝါ၊ သံဃာ၏ရင်း။ ဂဏဿ ဝါ၊ ဂိုဏ်း၏ရင်း။ သန္တိကေ အထံ၌။ သကိံ၊ တကြိမ်တခါ။ ဂဟိတံ၊ ယူအပ်သည်ရှိသော်။ ဂဟိတမေဝ၊ ယူအပ်သော မည်သည်သာလျှင်။ ဟောတိ၊ ၏။

ဤသို့ အဋ္ဌကထာတို့၌ ကျောင်းသံဃာဂိုဏ်း ပုဂ္ဂိုလ်တို့ထံ သရဏဂုံယူခြင်းကို ပြဆိုသော်လည်း ကေန္တဝိနိစ္ဆယအားဖြင့် မဆို။ အသင့်အမြတ်မှုကိုသာ ရည်၍ ဆိုတော်မူ၏။ ကျောင်း စေတီ သံဃာထံ စသည်သို့ မသွားနိုင် မရောက်နိုင်သော် ဗြဟ္မာယု ပုဏ္ဏားဇါ ဘုရားထံ မရောက်ခင်ဖြစ်သော တပေ့ါဿတ္တ သရဏဂုံကို ထောက်၍ နေရာအရပ်ကပင် ဆောက်တည်ခံယူသော်လည်း သရဏဂုံ သီလ ရသည်သာ ဖြစ်၏။ သီလက္ခန် မဟာဋီကာကြီး၌လည်း ဆိုကုန်၏။

ကေဘိက္ခုသံဃဝါတိ အာဒိ ဥပါသကာနံ တထာ သမာဒါနေ အာစိဏ္ဏံ ဒဿေတုံ သမာဒါနဉ္စ ဒဿေတုံ ဝုတ္တံ၊ သရဏဂမနံ တေသံ သာမံ သမာဒိဏ္ဏမ္ပိ သမာဒိဏ္ဏမေဝ ဟောတီတိ ဝဒန္တိ။

ရှင်း ကုဋ္ဌဒန္တသုတ် မဟာဋီကာကြီး။

ကေဘိက္ခုသံဃဝါတိ အာဒိ၊ ကေဘိက္ခုသံဃဝါ ဤသို့အစရှိသော စကားကို။ ဥပါသကာနံ၊ ဥပါသကာတို့၏။ တထာသမာဒါနေ၊ ထို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် သရဏဂုံဆောက်တည်ခံယူခြင်း၌။ အာစိဏ္ဏာဉ္စ၊ အလေ့အကျက်ကို ၎င်း၊ ဒဿေတုံ၊ မြဲမြံစွာ။ သမာဒါနဉ္စ၊ ဆောက်တည် ခံယူခြင်းကို၎င်း။ ဒဿေ တုံ၊ ပြခြင်းငှါ။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်ဆိုအပ်၏။ သရဏဂမနံ၊ သရဏဂုံ ကိုကား။ တေသံ၊ ထို ဥပါသကာတို့အား။ သာမံ၊ ကိုယ်တိုင် မိမိချည်းသာ။ သမာဒိဏ္ဏမ္ပိ၊ ဆောက်တည် ခံယူသော်လည်း။ သမာဒိဏ္ဏမေဝ၊ ဆောက်တည် ခံယူအပ်သည်သာလျှင်။ ဆောက်တည် ခံယူကောင်းသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆရာတို့ ဆိုကြကုန်၏။

ဤသို့ အဋ္ဌကထာ ဋီကာအရပ်ရပ်တို့၌ ပြဆိုအပ်ကုန်သော လောကီ သရဏ ဂုံယူနည်းတို့ဖြင့် သရဏဂုံယူပြီး တည်ပြီးသော ပုဂ္ဂိုလ်အား မုချ သရဏဂုံထိုက် သော အရိယာသံဃာရတနာမှ တပါးသော ဘိက္ခု ဘိက္ခုနီစသော သံဃာ၊ သမ္မုတိ စတုဝဂ်စသော သံဃာ၊ မြတ်စွာဘုရားကိုရည်၍ ရဟန်းပြုသော တပါးတည်းသော ပုဂ္ဂိုလ်၌ ရှိခိုးပူဇော်ခြင်းစသော အမှုတို့ကို ပြုသဖြင့် သရဏဂုံ မပျက်ကြောင်းကို ခုဒ္ဒကပါဌ အဋ္ဌကထာ၌ မိန့်ဆိုအပ်သတည်း။

အယဉ္စ ပရမတ္ထသံဃော သရဏန္တိ ဂမနီယော၊ သုတ္တေသု အာဟု နေယျော။လ။ လောကဿာတိ ဝုတ္တော။ တံ ပန သရဏံ ဂတဿ အညသ္မိံ ဘိက္ခုသံဃေ ဝါ ဘိက္ခုနီသံဃေ ဝါ ဗုဒ္ဓပမုခေ ဝါ သံဃေ သမ္မုတိသံဃေ ဝါ စတုဝဂ္ဂါဒိဘေဒေ ကေပုဂ္ဂလေပိ ဘာဂဝန္တံ ဥဒ္ဒိဿ

ပဗ္ဗဇိတော ဝန္ဒနာဒိကိရိယာယ သရဏဂမနံ နေဝဘိဇ္ဇတိ န သံကိလိဿတိ အယမေတ္ထ ဝိသေသော။

ဇ္ဇ်ာ ခုဒ္ဒကပါဌ အဋ္ဌကထာပါဠ်။

အနက်ကား–ဟိ သစ္စံ၊ မှန်၏။ အယံ ပရမတ္ထသံဃာ၊ ဤပရမတ္ထသံဃာ သည်။ သရဏန္တိ၊ ဘေးကိုဖျောက်တတ် မြတ်သောကိုးကွယ်ရာဟူ၍။ ဂမနီယော၊ ဆည်းကပ်ထိုက် သိထိုက်သော သံဃာမည်၏။ သုတ္တေသု၊ သုတ္တန်ပါဠိတော်တို့၌။ အ ဟုနေယျော။လ။ လောကဿာတိ၊ ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တော၊ ထို အရိယာသံဃာကို။ သရဏံ၊ ဘေးကိုဖျောက်တတ် မြတ်သောကိုးကွယ်ရာဟူ၍။ ဂတဿ ပန၊ ဆည်းကပ်ပြီးသော သူအားကား။ အညဿိ ပိ၊ အရိယာသံဃာမှ တပါးလည်းဖြစ်သော။ ဘိက္ခုသံဃေ ဝါ၊ ရဟန်းယောကျ်ားသံဃာ၌ရင်း။ ဘိက္ခုနီသံဃေဝါ၊ ရဟန်းမိန်းမ သံဃာ၌ရင်း။ ဗုဒ္ဓပမုခေ၊ ဘုရားအမှူးရှိသော။ သံဃေ ဝါ၊ သံဃာ၌ရင်း။စတုဝဂ္ဂါဒိဘေဒေ၊ စတုဝဂ်စသည် အပြားရှိသော။ သမ္မုတိသံဃေ ဝါ၊ သမ္မုတိသံဃာ၌ရင်း။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်၍။ ပဗ္ဗဇိတေ၊ ရဟန်းသာမဏေပြုသော။ ဧကပုဂ္ဂလေပိ၊ တဦးသောပုဂ္ဂိုလ်၌ရင်း။ ဝန္ဒနာဒိကိရိယာယ၊ ရှိခိုးခြင်းစသည်ကို ပြုသဖြင့်။ သရဏဂမနံ၊ သရဏဂုံသည်။ နေဝဘိဇ္ဇတိ၊ မပျက်။ န သံကိလိဿတိ၊ မညစ်ညူး။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤသံဃာ သရဏဂုံ၌။ ဝိသေသော၊ အထူးတည်း။

ဤအဋ္ဌကထာ၌ သံဃာအရာကိုသာ အထူးပြု၍ ဗုဒ္ဓ ဓမ္မ အရာတို့ကို အထူးမပြု မဆိုသည်ကား ဗုဒ္ဓဓမ္မနှင့် စပ်ကုန်သော ဓာတု၊ ပရိဘောဂ၊ ဥဒ္ဒိဿ၊ ဓမ္မစေတီလေးပါးတို့ဖြင့် ထင်ရှားကုန်သောကြောင့် မပြသည်ဟု မှတ်ကုန်ရာ၏။ သို့ဖြစ်၍ သဲပုံစေတီ ပိဋကတ်တိုက် စသည်တို့ကို ရှိခိုးရခြင်းကိုလည်း အသင့်ပင်တည်း။

ဤသို့လျှင် သရဏဂုံထိုက်သော မြတ်စွာဘုရားသခင်နှင့်တကွ ဓမ္မ ငါးပါး ကိုးပါးဆယ်ပါး အရိယာသံဃာ ဣလျာဏပုထုဇဉ်တို့၌ အလဇ္ဇီ ဒုဿီလရဟန်းသည် တစုံတခုသောသရဏအတွင်းမဝင်မထိုက်သောကြောင့် ထိုအလဇ္ဇီဒုဿီလတို့၏ ပါဏိပါတ သရဏဂုံ ထိုက်မထိုက်အဖြစ်ကို မစီစစ်ရာပြီ၊ နိဿီလ ဒုဿီလရဟန်းအားလည်း သာသနာတော်တွင်း၌ မြတ်စွာဘုရားကို ရည်မှတ်၍ ပြုအပ်သောရဟန်းအသွင် ရှိသည်ဖြစ်၍ ရဟန်းသံဃာ ပဋိညာဝေါဟာရကို မပယ်မစွန့်ခြင်းကြောင့် ရှိခိုးခြင်းစသော အရိုအသေပြုသူအား ရပြီးသရဏဂုံသည်း မပျက် မညစ်ညူးသည်သာဖြစ်၏ဟု စင်စစ်မုချ မှတ်ယူကြရာသတည်း။ ဒုဿီတ

ဒုဿီလ ပကတတ် အလဇ္ဇီရဟန်းဖြစ်မူ ပဗ္ဗဇ္ဇ သရဏဂုံ ပေး၍ ရဟန်းသာမဏေ ဖြစ်ထိုက်သည်ကို ထောက်သဖြင့်ရင်း၊ ဒက္ခိဏာ ဝိသောဓနဲ ဆယ်ပါးတို့တွင် သရဏဂုံတည်သောအဖြစ်ကို ထောက်သဖြင့်ရင်း၊ ဒုဿီတ ဒုဿီလ နိဿီလ ဒုဿီလ အလဇ္ဇီ ရဟန်းတို့သည်လည်း လူတို့အား သရဏဂုံ ပေးထိုက်ကုန်သည်၏အဖြစ်၊ ထိုဒုဿီတ ဒုဿီလ နိဿီလ ဒုဿီလ အလဇ္ဇီရဟန်းတို့ထံ သရဏဂုံ ခံယူသည်၏အဖြစ်ကို စင်စင်ဧကန် အမှန်သိရာမှတ်ရာ၏။ ထိုဒုဿီလအလဇ္ဇီ ရဟန်းတို့သည်ကား သရဏဂုံပေးထိုက်သည်သာ စင်စစ်ဟု သိလေကုန်၊ မှတ်လေကုန်။

ဝဇီရူပမ ဗျာကရဏ သတ္တမ ပုစ္ဆာအဖြေ ပြီးပြီ။

* * *

# အဋ္ဌမပုစ္ဆာ

(၈) အလဇ္ဇီ ဒုဿီလမှန်းသိသောကြောင့် အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့အား ပုဂ္ဂလာဓိဋ္ဌာန် ဓမ္မာဓိဋ္ဌာန်တွင် အရပ်ရပ်ဖြင့် အပြစ်စကား ထိပါးပြောဆိုသော သူတို့အပေါ်၌ ဒဏ်ဆယ်ပါး ထိုက်မထိုက် အပြစ်လွတ် မလွတ်များကိုလည်း သိလိုပါသည်ဘုရား။

---

ဝဇိရူပမ ဗျာကရဏ အဋ္ဌမပုစ္ဆာ အဖြေ

(၈) ရှင်း အဋ္ဌမလျှောက်ချက်အရ အလဇ္ဇီ ဒုဿီလကို အလဇ္ဇီ ဒုဿီလ မှန်းသိလျက် ပုဂ္ဂလာဓိဋ္ဌာန် ပုဂ္ဂလောဒ္ဒေသအားဖြင့် ပုဂ္ဂိုလ်ကို ရည်၍ အပြစ်စကား ထိပါးချုပ်ချယ်ခြင်းကို မပြုအပ်။ ရဟန်းတို့မှာ ပါရာဇိက ကျရောက်ပြီးသော ရဟန်းကိုပင် ချုပ်ချယ်လိုသောစိတ်ဖြင့် နင်သည် ပါရာဇိက ကျရောက်သောရဟန်းတည်း။ ဤသို့စသည်ဖြင့် မဆိုအပ်ချေ။ အကယ်၍ချုပ်ချယ် ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏ဟု ဝိနည်းပါဠိတော် အဋ္ဌကထာတို့၌ ရှိသတည်း။

ဥပသမ္ပန္နော ဥပသမ္ပန္နံ ခုံသေတုကာမော ဝမ္ဘေတုကာမော မင်္ကုကတ္တုကာမော ဟီနေန ဟီနံ ဝဒေတိ၊ ပါရာဇိကံ အဇ္ဈာပန္နံ။ လ။ ဒုဗ္ဘာသိတံ အဇ္ဈာပန္နံ ပါရာဇိကံ အဇ္ဈာပန္နောသိ။ လ။ ဒုဗ္ဘာသိတံ အဇ္ဈာပန္နောသီတိ ဘဏတိ အာပတ္တိ ဝါစာယ ဝါစာယ ပါစိတ္တိယဿ။

ဘိက္ခုဝိဘင်း ဩမသဝါဒသိက္ခာပုဒ် ပဒဘာဇနီပါဠိတော်။

ဧတ္ထ စ ဟီနေန ဟီနံ ဝဒန္တော ကိဉ္စာပိ သစ္စံ ဝဒတိ၊ ဩမသိတုကာမတာယ ပနဿ ဝါစာယ ဝါစာယ ပါစိတ္တိယံ။

ရှင်းအဋ္ဌကထာပါဠိ၊

အနက်ကား—ဥပသမ္ပန္နော၊ ပဉ္စင်းသည်။ဥပသမ္ပန္နဿ၊ ပဉ္စင်းအား။ ခုံဂေသ တုကာမော၊ ဆဲရေးလိုသည်ဖြစ်၍။ ဝမ္ဘေတုကာမော၊ ကဲ့ရဲ့လိုသည်ဖြစ်၍၊မင်္ကု ကတ္တုကာမော၊ ရှိန်စော်မဲ့ ပြုလိုသည်ဖြစ်၍။ ဟီနေန၊ ယုတ်သော အာပတ်ဖြင့်။ ဟီနံ၊ ယုတ်သော အာပတ်သင့်သူကို။ ဝဒေတိ၊ ပြောဆိုအံ့။ ပါရာဇိကံ၊ ပါရာဇိက အာပတ်သို့။ အဇ္ဈာပန္နံ၊ ရောက်သောရဟန်းကို။ လ။ ဒုက္ကဋသိတံ၊ ဒုက္ကဋသီအာပတ်သို့၊ အဇ္ဈာပန္နံ၊ ရောက်သောရဟန်းကို။ ပါရာဇိကံ၊ ပါရာဇိက အာပတ်သို့။ တွံ၊ သင်သည်။ နင်သည်။ အဇ္ဈာပန္နော၊ ရောက်သောရဟန်း သည်။ အသိ၊ ဖြစ်၏။ လ။ ဒုက္ကဋသိတံ၊ ဒုက္ကဋသီအာပတ်သို့။ တွံ၊ သင်သည်၊ နင်သည်။ အဇ္ဈာပန္နော၊ ရောက်သောရဟန်းသည်။ အသိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဘဏတိ၊ ဆိုအံ့။ ဝါစာယ ဝါစာယ၊ ခွန်းတိုင်း ခွန်းတိုင်း။ ပါစိတ္တိယဿ၊ ပါစိတ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။(ပါဠိတော် အနက်။)

၈၊ ဆက်၍ဆိုဦးအံ့။ ဝါ၊ အမှန်ဆိုလျက် ဘယ်အတွက်ကြောင့် နှုတ်ထွက် မှန်သား ရဟန်းအားလျှင် ဘုရား ပညတ် ဤအာပတ်ဖြင့် သင့်လတ်မည်နည်း ဟူသော စောကြောစရာ လေ့ပေါက်ရှာ၍ စောဒနာထုတ် အာဘော်စုဒ်ကို အဟုတ်ဖြေ၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤဩမသ သိက္ခာပုဒ်၌။ ဟီနေန၊ ယုတ်သော ဇာတ် စသည်ဖြင့်။ ဟီနံ၊ ယုတ်သောသူကို။ ဝဒန္တော၊ ဆိုသောရဟန်းသည်၊ သစ္စံ၊ အမှန်ကို။ကိဉ္စာပိ ဝဒတိ၊ အကယ်၍ကား ဆိုငြားရှင့်။ ပန တထာပိ၊ ထိုသို့ အမှန်ကို ဆိုသော်လည်း။ ဩမသိတုကာမတာယ၊ ချုပ်ချယ်ကဲမိုး နှုတ်လုံ ထိုးလိုသော အဖြစ်ဖြင့်။ ဝါ၊ ကြောင့်။ အဿ၊ ထိုချုပ်ချယ်ကဲမိုး နှုတ်လုံ ထိုးတတ်သောရဟန်းအား။ဝါစာယ ဝါစာယ၊ခွန်းတိုင်း ခွန်းတိုင်း။ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ အဋ္ဌကထာအနက်။

ဤသို့ ရဟန်းများပင် သူတပါးအား အကုသိုလ်စိတ်ဖြင့် ချုပ်ချယ်ထိပါး ပြစ်မှား ပြောဆိုသည်ရှိသော် လောကဝဇ္ဇ အာပတ်သင့်သောကြောင့် လူတို့မှာ လည်း အကုသိုလ်ဖြစ်၍ အပြစ်မလွတ်ကောင်းချေဟု စဉ်းစစ်မှတ်ယူရာ၏။ ဒဏ် ဆယ်ပါး ထိုက်မထိုက်မှာ ပြစ်မှားခံရသော ပုဂ္ဂိုလ် ပြစ်မှားတတ်သော ပုဂ္ဂိုလ် တို့၏ ဂတိ၊ဥပဓိ၊ကာလ၊ပယောဂ၊သမ္ပတ္တိ၊ ဝိပတ္တိအားလျော်စွာ မျက်မှောက် သော ကိုယ်အဖြစ်၌ ထင်ရှားကြီးကျယ်စွာ ဒဏ်အပြစ် ထိုက်ခြင်း မထိုက်ခြင်း တို့သည် ဖြစ်တတ်ကုန်၏။

ဒမိဝါဟနမင်းတို့မှာ ဝက်ကိုသတ်၍ တွေ့မြား မျက်ပို့ကိုရခြင်း၊ ရသေ့ သုံးယောက်ကိုသတ်၍ ပဲခွပ်၊ ပေါက်ဆိန်၊ စည်၊ နို့ခမ်းအိုးဟူသော လက်နက် စကြာ ၄-ပါးကို ရခြင်း၊ ဗာရာဏသီမင်းကိုသတ်၍ ဗာရာဏသီမင်းဖြစ်ခြင်း

ဘာရဒွါဇ ရဟန္တာကြီးအယက်၌ ဒါချဉ်ထုပ်ကို ဖောက်ခါချသဖြင့် ပြစ်မှားသော ဥဒေနမင်းကြီး စသည်တို့အား မျက်မှောက်ဘဝ၌ ထင်ရှားကြီးကျယ်စွာ ဒဏ်အပြစ် ကျရောက်ခြင်းမထင်၊ မြတ်စွာဘုရားကို စင်ထိုးခြင်း၊ ဦးပြည်းသမဏ ဝါဒအားဖြင့် ပြစ်မှားမပြတ် နှောင့်ယှက်တတ်သော ဤယခုရှိသော မာရ်နတ်မင်းအား မျက်မှောက်ဘဝ ပစ္စက္ခ၌ ထင်ရှားကြီးကျယ်စွာ ဒဏ်အပြစ် ကျရောက်ခြင်း ကျမ်းဂန်တို့၌မထင်။ သို့ဖြစ်၍ ပြစ်မှားခံရသောပုဂ္ဂိုလ် ပြစ်မှားတတ်သောပုဂ္ဂိုလ်တို့၏ ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ၊ သမ္ပတ္တိ၊ ဝိပတ္တိ၊ ဇနက၊ ဥပထမ္ဘက ကံစသည်တို့အား လျော်စွာ ဖြစ်သည်ဟုသဘောရ၏။ ဂတိ၊ ဥပဓိ၊ ကာလ၊ သမ္ပတ္တိတို့ကား အပါယ်ပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့ထက် နတ်ဗြဟ္မာတို့ကပြည့်စုံကုန်၏။ ပယောဂသည်ကား ဘုရားရဟန္တာတို့က ပြည့်စုံကုန်၏။ မာရ်နတ်သားစသည်တို့သည် မိမိတို့၏ ဇနကကံ ဘုရားရဟန္တာတို့၏ မေတ္တာ ပယောဂသမ္ပတ္တိတို့ဖြင့် မျက်မှောက်ဒဏ် မရောက်ကုန်သည်ဟု မှတ်ရာ၏။ ဒုသိမာရ်နတ် စသည်တို့ကား ဇနကကံ ညံ့သည်ဖြစ်ရာ၏။ ဤအတူ အလုံးစုံတို့၌ နှလုံးသွင်းရာ၏။ အလွန်သိမ်မွေ့ခက်ခဲသောအရာ ဗုဒ္ဓဝိသယသာတည်း။ ထို့ကြောင့် ကမ္မဝိပါကော အစိန္တိယျောဟု ဟောတော်မူ၏။

ထိုသမ္ပတ္တိ ဝိပတ္တိအကြောင်းကို ဉာဏဝိဘင်းအဋ္ဌကထာ၊ အင်္ဂုတ္တရအဋ္ဌကထာ စသည်တို့၌ အကျယ်ဆို၏။

ထို ဒမိဠ ဟနုမင်း စသည်တို့အား ဒဏ်အပြစ်မကျမရောက်သော်လည်း တပါးသောသူတို့အား မကျမရောက်သည်သာဟု မမှတ်ရာ၊ ကျရောက်တတ်သော သဘောရှိသည်သာတည်း။ ဗာရဏသီပြည်တွင် ညောင်ပင်အောက်၌ ကစားနေကြသော သူငယ်များကို ဆက်ရက်ငယ်ဟု လှည့်ဖြားပြောဆို၍ မြွေကို ဘမ်းစေသော ဆေးသမားသည် မျက်မှောင်ဒဏ်ကျရောက်၍ သေဆုံးပျက်စီးခံရခြင်းများကိုလည်း ပဉ္စကနိပါတ် သာလိယဇာတ်။ ဓမ္မပဒ ကောကလုဒ္ဒကဝတ္ထုတို့၌ ဟောတော်မူ၏။

ဤ၌ ဝစီကံ၏ အပြစ်ဒဏ်ကိုသာ အမေးပါသော်လည်း ဝစီကံသာမဟုတ်၊ ကံ ၃-ပါးလုံးပင် အပြစ်ဒဏ်ကိုထိုက်တတ်၏။ ပြစ်မှားသောကံသာ ပမာဏဖြစ်သတည်း။

ယော အပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

ဤင်းသာလိယဇာတ်ပါဠိတော်၊ ဓမ္မပဒပါဠိတော် ကောကလုဒ္ဒက ဝတ္ထုတို့၌လည်း ဘုရားသခင် ဟောတော်မူ၏။

အနက်ကား — ယော ဗာလော။ အကြင်သူမိုက်သည်။ အပဒုဋ္ဌဿ။ မိမိအား ရန်၊ သတ္တဝါတို့အားရန် မပြစ်မှားတတ်သော ပြစ်မှားခြင်းကို မပြုသော။ သုဒ္ဓဿ၊ သက်သက်မိမိအားရန် သတ္တဝါတို့အားရန် ပြစ်မှားခြင်း ကင်းပေသော။ အနင်္ဂဏဿ၊ ပြစ်မှားခြင်းအပြစ်မရှိပေသော။ ဝါ၊ ကိလေသာကင်းသော။ ပေါသဿ၊ သတ္တဝါဖြစ်သော။ နရဿ၊ ပုဂ္ဂိုလ်အား။ ဝါ၊ ရဟန္တာ ပုဂ္ဂိုလ်အား။ ဒုဿတိ၊ ပြစ်မှားတတ်၏။ တမေဝ ဗာလံ၊ ထိုသူမိုက်သို့သာလျှင်။ ပါပံ၊ ပြစ်မှားလည်းပြု မကောင်းမှုသည်။ ပစ္စေတိ ပစ္စေတိ၊ ကံတူဖြစ်၍ စင်စစ် တဖန် ရောက်လာပြန်တတ်၏။ ဝါ၊ ဒိဋ္ဌဓမ္မ ဝေဒနီယတို့၌ ဝိပါကဒုက္ခအားဖြင့် များထုတ်ချောက် ရောက်စေတတ်၏။ ကိမိဝ၊ ဥပမာ အဘယ်သို့ တူသနည်း။ ပဋိဝါတံ၊ လေညာသို့။ ဝါ၊ လေညာသို့ရှေးရှု၊ ဝါ၊ လေညာ၌တည်သော သူကို။ ခိတ္တော၊ ပစ်လွှင့်အပ်သော။ ဝါ၊ မှုန်စိမ့်ရည်ညွှတ် လွှင့်ပစ်လွှတ်အပ်သော။ သုခုမော၊ သိမ်မွေ့သော။ ဝါ၊ နုသော။ ရဇော၊ မြူသည်။ ဝါ၊ ဖုံသည်။ တမေဝ၊ ထိုပစ် လွှတ်သောသူ ငမိုက်လူသို့သာလျှင်။ ပစ္စေတိ ပစ္စေတိဝိယ၊ ရှေးရှုကဖန် လာရောက်ပြန်သကဲ့သို့တည်း။

ရှေးရှေးအနက်ကား သာလိယဇာတ် အဋ္ဌကထာနှင့်အညီ နောက်နောက် အနက်ကား ဓမ္မပဒအဋ္ဌကထာနှင့် အညီတည်း။

သုဒ္ဓဿာတိ နိပရာဓဿ။ အနင်္ဂဏဿာတိ နိပရာဓဿေဝ သန္တာဟ ဝုတ္တံ ပစ္စေတီတိ ကမ္မသရိက္ခကံ ဟုတွာ ပဋိဧတိ။

ဟူသောနိပါတ်သာလိယဇာတ်အဋ္ဌကထာပါဌ်။

ကမ္မသရိက္ခကန္တိ ကမ္မသဒိသံ။

ဂဏ်ဋီကာ။

အပဒုဋ္ဌဿာတိ အတ္တနော ဝါ သဗ္ဗသတ္တာနံ ဝါ အပဒုဋ္ဌဿ။ သုဒ္ဓဿာတိ နိပရာဓဿ။ အနင်္ဂဏဿာတိ နိက္ကိလေသဿ။

ဓမ္မပဒအဋ္ဌကထာပါဌ်။

ဤ၌ သာလိယဇာတ် အဋ္ဌကထာ အလိုအားဖြင့် မိမိအားရန်၊ သတ္တဝါ တို့အားရန် ပြစ်မှားခြင်းမရှိ ပြစ်မှားခြင်းအပြစ်ကင်းသော သက်သက် အပြစ် မဲ့သော တစုံတယောက် သတ္တဝါပုဂ္ဂိုလ်ဟုလိုသည်။ ဓမ္မပဒအဋ္ဌကထာအလို အားဖြင့် ရဟန္တာပုဂ္ဂိုလ်ဟုလိုသည်။ အတ္တုပ္ပတ္တိအလိုအားဖြင့် ဓမ္မပဒ အဋ္ဌက ထာ၌ သီလစန္ဒပုထုဇဉ်မုဟန်း၊ သာလိယဇာတ်၌ လူသူငယ်ဖြစ်သတည်း။ ယောသကောသေ၌အတ္တုပ္ပတ္တိ၌လည်း မိမိသားငယ်ကို ချုံတွင် စွန့်ပစ်ထားခြင်းမျ

ဖြင့် ၇-ကြိမ်တိုင်အောင် ပစ်စွန့်ခံရခြင်း၊ ဃောသကသူငယ်ကို ဖြစ်မှားသော သူဌေးအား မိမိသားသေခြင်း ကြီးစွာသော ဒုက္ခ ဒေါမနဿ အပြစ်ဒဏ် ကျရောက်ခြင်းများကိုရင်း ဓမ္မပဒအဋ္ဌကထာ၌ ဆို၏။ ပဏ္ဍရနဂါးမင်းကို အပြစ်သက်သက်မဲ့ ဖြစ်မှား၍ မြေကြီးမျိုပြီးလျှင် မဟာအဝိစိငရဲ၌ ကျရောက်သော ကရမ္ဘိယ အာဇီဝကတက္ကတွန်း၏ အကြောင်းကိုလည်း တိံသနိပါတ် ပဏ္ဍရဇာတ်အဋ္ဌကထာ၌ ဆို၏။ စုန္ဒဝက်ထိုး ဂေါဃာတက နွားသတ်တို့သည်ကား ဝက်တိရစ္ဆာန် နွားတိရစ္ဆာန်များတို့အားပင် ဖြစ်မှား၍ ဒိဋ္ဌဓမ္မမျက်မှောက်ဘဝ သေခါနီးကာလ၌ရင်း ထိုပြုဆဲခဏ၌ရင်း ကမ္မသရိက္ခ ဝိပါကဒုက္ခ အပြစ်ဒဏ် မျက်မှောက်ပင် ခံရကြောင်းကို ရင်ဓမ္မပဒအဋ္ဌကထာ၌ ဆို၏။

ရာဇဂြိုဟ်ပြည်သား စုန္ဒဝက်ထိုးသည်ကား ၅၅-နှစ်ကျော်ကာလပတ်လုံး ဝက်ကိုသတ်၍ အသက်မွေးနေသောသူတည်း။ နောက် ရောဂါဖြစ်၍ ဒိဋ္ဌဓမ္မ အပြစ်ရောက်လာသတည်း။

ထို့ကြောင့် အနဂ်ဏသုတ္တဋီကာ နိကိလေသသ-ဟူသော ဓမ္မပဒအဋ္ဌကထာနှင့်တကွ အတ္ထုပ္ပတ္တိ၌လာသော လူ သီလဝန္တရဟန်း ရဟန္တာပုဂ္ဂိုလ်တို့ကား ဥက္ကဋ္ဌနည်းဟူ၍ မှတ်ကုန်ရာ၏။ တပါးသော ဇာတ်နိပါတ် ဝတ္ထုကိုထောက်လျှင် မဖြစ်မှားတတ်သော အပြစ်မရှိသော တိရစ္ဆာန်များ၌လည်း ဖြစ်မှားသည်ရှိသော် ဖြစ်မှားသောအလျောက် ဒဏ်ရောက်တတ်သည်သာ မှတ်ရာ၏။

တဿ သရီရေ ရောဂေါ ဥပ္ပဇ္ဇိ၊ ဇီဝန္တဿေဝ အဝိစိမဟာနိရယသန္တာပေါ ဥပဋ္ဌဟိ—

ဟူ၍ရင်း၊

တဿ တသ္မိံ သန္တာပေ ဥပဋ္ဌိတေ ကမ္မသရိက္ခကော အာကာရော ဥပ္ပဇ္ဇိ၊ ဂေဟမဇ္ဈေယေဝ သူကရရဝံ ရဝိတွာ ဇာဏုကေဟိ ဝိစရန္တော ပုရတ္ထိမဝတ္ထုမ္ပိ ဂစ္ဆတိ ပစ္ဆိမဝတ္ထုမ္ပိ ဂစ္ဆတိ အထဿ ဂေဟမနုဿာ တံ ဒဠှံ ဂဟေတွာ မုခံ ပိဒဟန္တိ ကမ္မသရိက္ခကော နာမ န သက္ကာ ကေနစိ ပဋိဗာဟိတုံ—

ဟူ၍ရင်း။

ဣတရော . အန္ဓော ဂေဟေယေဝ နိရယသန္တာပေန ဝိရဝန္တော ဣဓ တာဝ စိတော စ ဝိစရတိ၊ ဧဝံ သတ္တဒိဝသာနိ ဝိစရိတွာ သတ္တမေ ဒိဝသေ ကာလံ ကတွာ အဝိစိမဟာနိရယေ ဥပ္ပဇ္ဇိ—

ဟူ၍ရင်း ဓမ္မပဒအဋ္ဌကထာ စုန္ဒသူကရိကဃာတကဝတ္ထုအဖွင့်။

အနက်ကား—တဿ၊ ထိုစုန္ဒဝက်ထိုးအား။ ဝါ၊ ၏။ ဝါ၊ ထိုစုန္ဒလူဆိုးဝက်ထိုးအား။ ဝါ၊ ၏။ သရီရေ၊ ကိုယ်၌။ ဈာဂေါ၊ အနာသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်လတ်၏။ ဇီဝန္တဿေဝ၊ အသက်ရှင်စဉ် မသေခင်ပင်လျှင်။ ဝါ၊ အသက်ရှင်စဉ် မသေခင်သာဖြစ်သော စုန္ဒလူဆိုး ဝက်ထိုးအား။ မဟာအဝိစိ နိရယသန္တာပေါ၊ မဟာအဝိစိ ငရဲမီးပူသည်။ ဥဋ္ဌဟိ၊ ထင်လာ၏။ တဿ၊ ထိုစုန္ဒလူဆိုး ဝက်ထိုးအား၊ တသ္မိံ သန္တာပေ၊ ထိုမဟာအဝိစိ ငရဲမီးပူသည်။ ဥဋ္ဌိတေ၊ ထင်လာသည်ရှိသော်။ ကမ္မသရိက္ခကော၊ မိမိရှေးက ပြုသမျှကံနှင့်တူသော။ အာကာရော။ အခြင်းအရာသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။

ထိုစုန္ဒဝက်ထိုးသည် အနှစ် ၅၅-နှစ်လွန်အောင် ကာလပတ်လုံး ဝက်တို့ကို အရှင်လတ်လတ် ဝက်သတ်တိုင်၌ မြဲစွာချည်နှောင်ပြီးလျှင် ကိုယ်အသားဖူးဖူးယောင်အောင် ဆောက်ပုတ်ဖြင့် ရိုက်နှက်ထုခတ်၍ ဝက်ခံတွင်းဝကို တုတ်လုံဘန်ငယ်ဖြင့် ဟင်းလင်းပွင့်အောင် ထောက်ထားပြီးမှ ကျိုက်ကျိုက်ဆူသော ရေပူကိုလောင်း၍ အူခြကြောင်းမှ ကျင်ကြီးကုန်အောင် ထွက်စေသဖြင့် နှိပ်စက်ရောင်းစားပြုသတည်း။ ထိုမိမိပြုသောကံအမူနှင့်တူစွာ ကမ္မသရိက္ခက ဒိဋ္ဌဓမ္မဝေဒနီယကံအကျိုးဖြစ်၏ဟူလို။

ဂေဟမဇ္ဈေယဝ၊ အိမ်လယ်၌သာလျှင်။ သူကရရဝံ၊ ဝက်မြည်သံကို။ ဝါ၊ ဝက်အော်သံကို။ ရဝိတွာ၊ မြည်အော်၍။ ဇာဏုကေဟိ၊ ဒူးဆစ်တို့ဖြင့်။ ဝိစရန္တော၊ ပုတ်ပတ်လည် လှည့်ပတ်သည်ဖြစ်၍။ ဂစ္ဆတိ၊ ပုရတ္ထိမဝတ္ထုမှိ၊ အရှေ့မျက်နှာ အိမ်ယံခြေ အကျည်စွန်းသို့လည်း။ ဂစ္ဆတိ၊ သွား၏။ ပစ္ဆိမဝတ္ထုမှိ၊ အနောက်မျက်နှာ အိမ်ရာမြေ အကျည်စွန်းသို့လည်း။ ဂစ္ဆတိ၊ သွား၏။ အထ၊ ထိုသို့ အရှေ့အနောက် တဖတ်ဖက်ပတ်ပတ် မရပ်မတည် ချာချာလည်၍ အော်မြည်ဝက်သံ မည်မဆိတ် ထက်ဝန်းကျင် ခုနစ်အိမ် မအိပ်ရအောင် ကြောက်ထိတ်လန့်ဖွယ် တကျယ်ကျယ်နှင့် ကြီးကျယ် ဒုက္ခသွားလာ လှည့်လည်ရသောအခါ၌။ အဿ၊ ထိုစုန္ဒလူဆိုးဝက်ထိုးအား။ ဝါ၊ ၏။ ဂေဟမနုဿာ၊ အိမ်သူအိမ်သား သားမယားတို့သည်။ တံ၊ ထိုစုန္ဒလူဆိုး ဝက်ထိုးကို။ ဒဋ္ဌုံ၊ မြင်၍။ ဂဟေတွာ၊ ကိုင်ကုန်၍။ မုခံ၊ ခံတွင်းကို၊ ဝါ၊ ပါးစပ်ကို။ ပိဒဟန္တိ၊ လက်ဖြင့်ဖုံးအုပ် အဝတ်စုတ် စသည်တို့ဖြင့် ဆို့ကြပိတ်ကြကုန်၏။ ကမ္မသရိက္ခကော နာမ၊ ကံနှင့်တူစွာ ရောက်လာသောအကျိုးမည်သည်ကား။ ကေနစိ၊ တစုံတယောက်သော သူသည်မျှ။ ပဋိဗာဟိတုံ၊ မြစ်ခြင်း တားခြင်း ပိတ်ပင်ခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်သည်သာတည်း။

ထိုစုန္ဒဝက်ထိုးသည် ဝက်သံအော်မြည်၍ လှည့်လည်သွားလာနေသဖြင့် ထက်ဝန်းကျင် ၇-အိမ်သားတို့ပင် မအိပ်နိုင်ကြကုန်။ သေဘေးကြောက်ရွံ

ထိဘ်လန်စွာသော ထိုဝက်ထိုး၏ အိမ်ပြင်တံခါး မသွားမထွက်နိုင်အောင် တံခါး အပြင်းပိတ်လျက် အိမ်ပြင်က ဝန်းဝိုင်းစောင့်နေကြရကုန်၏ ဟူသတည်း။

ကြကာခေရ၊ အိမ်သူအိမ်သားမှ တပါးသော စုန္ဒလူဆိုးဝက်ထိုးသည်ကား။ အန္တောဂေဟေယေဝ၊ အိမ်တွင်း၌သာလျှင်။ ဝိရဝန္တော၊ ဝက်သံအော်မြည်သည် ဖြစ်၍။ ဣတော စိတော စ၊ ထိုမှ ဤမှလည်း။ ဝိစရတိ၊ သွားလာလှည့်လည်ရ၏။ ဧဝံ၊ ဤသို့။ ဝါ၊ ဤသို့ ကိုယ်တွင်းကိုယ်ပ မီးမကအောင် ပူလောင်သောအား ချောက်ချားမတည် လိမ့်လည်လူးလဲ ဆင်းရဲမဆိတ် ထက်ဝန်းကျင် ၇-အိမ် မအိပ်နိုင်အောင် ကြောက်ထိတ်ဖွယ်ရာ ပြင်းစွာကြော်ကြော် ဝက်သံအော်၍ ရှုမျော်မလှ ထိုမှဤမှ လှည့်လည်ရသဖြင့်။ သတ္တဒိဝသာနိ၊ ၇-ရက်တို့ပတ်လုံး၊ ဝိစရိတွာ၊ လှည့်လည်ရ၍။ သတ္တမေ၊ ၇-ရက်မြောက်သော။ ဝါ၊ ၇-ရက်စေ့သော။ ဒိဝသေ၊ နေ့၌။ ကာလံ၊ သေခြင်းကို။ ကတွာ၊ ပြု၍။ မဟာအဝီစိနိရယေ၊ မဟာအဝီစိငရဲကြီး၌။ ဥပ္ပဇ္ဇိ၊ ဖြစ်လေ၏။

ဤကား စုန္ဒဝက်ထိုး၏ ဒိဋ္ဌဓမ္မအပြစ်ဒဏ် ခံရပုံအခြင်းအရာအမြွက်တည်း။

ဂေါဃာတက နွားသတ်ကား—သာဝတ္ထိပြည်သား ၅၅-နှစ်ကျော်ကာလ ပတ်လုံး နွားကိုသတ်၍ အသက်မွေးသောသူပင်တည်း။ တနေ့သ၌၊ မိမိစားရန် ဟင်းလျာကိုအဆွေခင်ပွန်းတယောက် ယူသွားသောကြောင့် ဟင်းလျာမရှိလျှင် ဟင်းလျာနှင့်ကင်း၍ ငါမစားဟု အိမ်နောက်ဖေး၌နေသော နွား၏ခံတွင်းသို့ လက်သွင်း၍ အပြင်းနွားလျှာကိုဆွဲထုတ်ပြီးလျှင် ဓားဖြင့်လတ်လတ် လျှာရင်းကို ဖြတ်ယူ၍ မီးပူ၌ ဖုတ်ကင်ပြီးသဖြင့် ထမင်းထက်တင်ထား ရှေးဦးစွာ တလုပ် စားလေလျှင် ထိုခဏ၌ပင် ထိုနွားသတ် ဂေါဃာတက၏ လျှာသည် ပြတ်၍ ထမင်းပွဲ၌ ကျသတည်း။

> တံခဏညေဝဿ ဇိဝှါ ဆိန္ဒိတွာ ဘတ္တပါတိယံ ပတိ။ တံခဏညေဝ ကမ္မသရိက္ခကဝိပါကံ လဘိ။ သောပိ ခေါ ဂေါဏောဝိယ လောဟိတ ဓာရာယ မုခတော ပဂ္ဃရန္တိယာ အန္တောဂေဟံ ပဝိသိတွာ ဇာဏုကေဟိ ဝိစရန္တော ဝိရဝိ—

ဟူ၍ရှိ၏။

> ဂေါဃာတကောပိ ဂေါဏောဝိယ ဂေဟမဇ္ဈေ ဝိရဝန္တော ဝိစရိတွာ ကာလံကတော အဝီစိမှိ နိဗ္ဗတ္တော—

ဟူ၍ရှိ၏ ဓမ္မပဒအဋ္ဌကထာ နန္ဒဂေါဃာတကဝတ္ထုအဖွင့်။

အနက်ကား—တံခဏညေဝ၊ ထိုအခိုက်တုံး ခံတွင်းထဲသို့ ထည့်သွင်းမိသော ခဏ၌ပင်လျှင်။ အဿ၊ ထိုနွားသတ်ငရိုက် နွားသားကြိုက်၏။ ဇိဝှါ၊ လျှာသည်

ဆိန္ဒိတွာ၊ အပြင်းလတ်လတ် အရင်းကပြတ်၍။ ဘတ္တပါတိယံ၊ ထမင်းခွက်၌။ ပတိ၊ ကျ၏။ တံခဏညေဝ၊ ထိုလျှာအရင်းက ချက်ချင်းပြတ်၍ ကျသောခဏ၌ပင်လျှင်။ ကမ္မာရိကူဋကာဝိပါကံ၊ ကံနှင့်တူစွာ ကြမ္မာညစ်ဆိုး မကောင်းကျိုးကို။ လဘိ၊ ရလေ၏။ ခေါ၊ စင်စစ်။ သောပိ၊ ထိုနွားသတ်လုမိုက် နွားသားကြိုက်သည်လည်း။ ဂေါဏောဝိယ၊ နွားကဲ့သို့။ လောဟိတဓာရာယ၊ သွေးရည်အယဉ်သည်။ မုခတော၊ ခံတွင်းမှ။ ပဂ္ဃရန္တိယာ။ ပြွင်းစွာတွေတွေ ဆိခပေါက်ရကဲ့သို့ မနေမနား ဘွားဘွားနိဝင်း ကျဆင်းစီးယို လတ်သည်ရှိသော်။ အန္တောဂေဟံ၊ အိမ်တွင်းသို့။ ပဝိသိတွာ။ ဝင်၍။ ဇာဏုကေဟိ၊ ပုဆစ်ဒူးတို့ဖြင့်။ ဝိစရန္တော၊ ချာချာမဘည် ပတ်ပတ်လည်သွားသည်ဖြစ်၍။ ဝိရဝိ၊ ကြောက်ထိပ်လန့်ဖွယ် နွားနှယ်အော်မြည်ရဲလေ၏။

ထိုအခါ မိမိ သားသည် ကြည့်၍နေစဉ် အမိကငါ၏သား ဤသင့်ဖအနွားလို အိမ်လယ်၌ အော်မြည်၍ လှည့်လည်သွားလာနေသည်ကို ကြည့်လော့။ ဤဒုက္ခလည်း သင့်အထက်၌ ကျရောက်လတ္တံ့။ ငါကို မရှုနှင့်တော့၊ ဘေးလွတ်ရာ ဘေးလွတ်ကြောင်း ပြေးသွားလေတော့ဟု အမိကဆိုသောကြောင့် တက္ကသိုလ်မြို့သို့ သွားလေသတည်း။

ဂေါဃာတကောပိ၊ နွားသတ်ငမိုက်။ နွားသားကြိုက်သည်လည်း။ ဂေါဏောဝိယ၊ နွားကဲ့သို့။ ဂေဟမဇ္ဈေ၊ အိမ်၏အလယ်၌။ ဝိရဝန္တော၊ နွားသံပြင်းစွာ ကြောက်စရာ အော်မြည်လျက်။ ဝိစရိတွာ၊ ချာချာမတည် ပတ်ပတ်လည် သွားလာ၍။ ကာလံ၊ သေခြင်းကို။ ကတော၊ ပြုသည်ဖြစ်၍။ အဝိစိမှိ၊ မဟာအဝိစိငရဲကြီး၌။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။

ဤကား ဂေါဃာတက နွားသတ်သမား၏ ဒိဋ္ဌဓမ္မအပြစ်ဒဏ် ခံရပုံအခြင်းအရာအမြွက်တည်း။ အကျယ်ကိုလိုမူ ဓမ္မပဒအဋ္ဌကထာ၌ ရှုကြလေကုန်။

ဤသို့ ပြစ်မှားခြင်းကို မပြုတတ်၊ အပြစ်မဲ့ သက်သက်ကင်းသော တိရစ္ဆာန်များ၌ပင် ပြစ်မှားသော သူ့ဘို့အား အပြစ်ဒဏ် အဘင်အရှားရောက်တတ်ချေ၏။ မနောပဒေါသိကနတ်မျိုးတို့၏လည်း နတ်သာမည ချင်း၌ ငြူစူချုပ်ချယ် ပြစ်မှားကြခြင်းကြောင့် အပြင်ဒဏ်မျက်မှောက် ကျရောက်ပျက်စီးကြောင်းတို့သည် သုတ်သီလက္ခန် ပါဠိ အဋ္ဌကထာစသော သုတ္တန်ပါဠိ အဋ္ဌကထာတို့၌ လာကုန်၏။ "နိပ္ပလာဓ ဒေါသမမြင် အကြပ်သူအား ပြစ်မှားလည်းပြု မကောင်းမှုကား ကန္တုပမာ လေညာခရှး ရူ လွှင့်သော မြူလျှင် တူရူမျက်နှာ လွင့်ပြန်သာသို့" ဟူသော ဇာတ်ပေါင်လက်ာလည်း ဤပါဠိ အဋ္ဌကထာ ဇာတ်ဝတ္ထုများကိုပင် ရည်ညွှန်းသတည်း။

ဤချုပ်ချယ်ထိပါး ပြစ်မှားပြောဆိုခြင်းကား အလဇ္ဇီ ဒုဿီလအားပင် ဖြစ်သော်လည်း မပြစ်မှားရာချေ၊ အလဇ္ဇီ ဒုဿီလသည် သမ္မတ္တိပြည့်စုံခိုက်ဖြစ်လျှင် အပြစ်ဒဏ်မျက်မှောက် ကျရောက်တတ်ချေသည်။ သောမနဿမင်းသား ဘုရားအလောင်း တော်သည် ၇-နှစ်ရွယ် ငယ်သောအခါတွင် သစ်သီးသစ်ရွက် အခင်းကို လုပ်၍ သစ်သီးသစ်ရွက်ကို ရောင်းစားသော ဒိဗ္ဗစက္ခုအမည်ရှိသော ရသေ့စဉ်းလဲကြီးကို မထိမဲ့မြင် ချုပ်ချယ်သောအားဖြင့် ဟင်းရွက်သည်ကြီး၊ အဘယ်သို့ပြုသနည်းဟု ပြစ်မှားပြောဆိုမိသောကြောင့် မင်းဒဏ်မျက်မှောက် ကျရောက်ခံရကြောင်း၊ ဘုရားအလောင်း သောမနဿမင်းသားအား ပြစ်မှားသော ၎င်းဒုဿီလ ဒိဗ္ဗစက္ခုရသေ့စဉ်းလဲကြီးကား အသက်သေဆုံးအောင် အပြစ်ဒဏ်ခံရကြောင်းကို ဝိသတိနိပါတ် သောမနဿဇာတ်အဋ္ဌကထာ၌ လာ၏။

ဒုဿီလ အလဇ္ဇီရဟန်းကို မဆိုထားဘိနှင့်ဦး၊ လူချင်းချင်းကိုသော်မှ ဆဲရေးရေရွတ် ချုပ်ချယ်ထိပါး ပြစ်မှားပြောဆိုတတ်သောသူသည် သူတော်မဟုတ် သူယုတ်ဝသလအဖြစ်သို့ ရောက်ကြောင်းကို သုတ္တနိပါတ် ဝသလသုတ်ပါဠိတော်၌ ဘုရားသခင် ဟောတော်မူပေ၏။

ယော ဗုဒ္ဓံ ပရိဘာသေတိ၊ အထဝါ တဿ သာဝကံ။
ပရိဗ္ဗဇံ ဂဟဋ္ဌံ ဝါ၊ တံ ဇညာ ဝသလော ဣတိ။

၎င်းသုတ္တနိပါတ် ဝသလသုတ် ပါဠိတော်။

အနက်ကား—ယော၊ အကြင်သူသည်။ ဗုဒ္ဓံ ဝါ၊ သဗ္ဗညုမြတ်စွာ ပစ္စေက ဗုဒ္ဓါဘုရားကိုရင်း။ အထ၊ ထို့မှို။ တဿ၊ ထိုသဗ္ဗညုမြတ်စွာဘုရား၏။ သာဝကံ ဝါ၊ တပည့်သံဃာကိုရင်း။ ပရိဗ္ဗဇံ ဝါ၊ သာသနာပ ဗာဟိရ ရဟန်းပရိဗိုဇ် ကိုရင်း။ ဂဟဋ္ဌံ ဝါ၊ အိမ်ရာထောင်သူ လူကိုရင်း။ ပရိဘာသေတိ၊ ဆဲရေးရေရွတ် နှုတ်လွှတ်ပြောဆိုတတ်၏။ တံ၊ ထိုသူကို။ ဝသလောဣတိ၊ သူယုတ်မာဟူ၍။ ဇညာ၊ သိရာ၏။

ဤသို့ ရဟန်းအသွင်ရှိသော အပြစ်မဲ့ ဒုဿီလ အလဇ္ဇီ အားမူကား ချုပ်ချယ် ထိပါး ပြစ်မှားလိုသောစိတ်ဖြင့် မပြစ်မှားရာသည်သာ ဖြစ်သတည်း။

ဒုဿီလ အလဇ္ဇီ အကျင့်ကို ပြုကျင့်နေသည်ကို တွေ့မြင်သောအခါ ထိတ်လန့် သံဝေဂရခြင်းငှါ အနုသာသနအားဖြင့် နှလုံးသွင်းထား၍ တရားအလျောက် ပြောဆိုအပ်၏။

ဘုရားအလောင်း သိကြားမင်းဖြစ်သောအခါ ကျေးယောင်ဆောင်၍ ရသေ့ ရဟန်းဟရားကို အားမထုတ်ကုန်ပဲ မြူးတူးပျော်ပါး၍ နေကုန်သော အလဇ္ဇီ ရသေ့ဘိုကို ထိတ်လန့် သံဝေဂ ရစေအပ်ကုန်သကဲ့သို့ရင်း၊ တရားကိုပြ၍

အရှက်ရစေအပ်ကုန်သကဲ့သို့ရင်းတည်း။ဤအကြောင်းကား ဆက္ကနိပါတ် ဝိဃာသာဒဇာတ် အဋ္ဌကထာ၌ လာ၏။

ထို အလဇ္ဇီ ဒုဿီလ တို့၏ အလဇ္ဇီ ဒုဿီလ အဓမ္မအမှုကိုကား တရားနှင့်အညီ ပယ်အပ်၏။ ဖျက်အပ်၏။ ဓမ္မာဓိဋ္ဌာန်သာ မဟုတ်သေး။ ချုပ်ချယ်ပြစ်မှားလို၍ မဟုတ်။ ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟအလို့ငှာ ပုဂ္ဂလာဓိဋ္ဌာန် ပုဂ္ဂလာဒိသအားဖြင့်လည်း ဤသို့သော အမှုအကျင့်သည် မသင့်မကောင်း အပါယ်လားကြောင်းဖြစ်၏။မပြုအပ်၊ မကျင့်အပ်။ ဤသို့သောပုဂ္ဂိုလ်ကို မကြည်ညိုအပ်၊ မနှစ်သက်မဆည်းကပ် မမှီဝဲအပ်၊ မရှိသေအပ်၊ မကိုးကွယ်အပ်စသော စကားကိုလည်း ပြောဆိုအပ်၏။ သာတကေဠုဇာတ်၌ ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏားဖြစ်သောကာလ သာတကေဠု ရသေ့နှင့်တကွ ငါးရာသော ရသေ့တို့၏ ပြဋ္ဌာတပစသော မိစ္ဆာအကျင့်တို့ကို ဗာရာဏသီမင်းကြီးမြင်၍ ကြည်ညိုသဖြင့် ပုရောဟိတ်နှင့် တိုင်ပင်သောအခါ မိစ္ဆာအကျင့်ဖြစ်၍ မကြည်ညိုအပ်ကြောင်းကို ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏား ပြောဟော၏။ နောက်အခါလည်း သာတကေဠုရသေ့၏ မိစ္ဆာဝါဒကို ဖျက်၍ လူထွက်စေသဖြင့် မိစ္ဆာဝါဒကို ပယ်စေ၏။ ၎င်းအကြောင်းကား ဆက္ကနိပါတ် သာတကေဠုဇာတ် အဋ္ဌကထာ၌ လာ၏။

ဥဒ္ဒါလက ရသေ့၏ မိစ္ဆာဝါဒကို ဖျက်၍ လူထွက်စေကြောင်းလည်း ပကိဏ္ဏကနိပါတ် ဥဒ္ဒါလကဇာတ် အဋ္ဌကထာ၌ လာ၏။

ရသေ့စဉ်းလဲ တယောက်လည်း ဗာရာဏသီပြည်အနီး မြစ်ကမ်းနား၌ သရက်ဥယျာဉ်ကို စိုက်ပျိုးစောင့်ရှောက်လျက် သရက်သီးတို့ကို မိမိလည်း သုံးစား၊ လူအများတို့အားလည်း ချီးမြှောက် ပေးကမ်း မိစ္ဆာဇီဝဖြင့် အသက်မွေး ပြုကျင့်နေသည်ကို ဘုရားလောင်း သိကြားမင်းသည် လောက ကို ကြည့်ခိုက် မြင်၍ သရက်သီးတို့ကို ခိုးသူတို့ ဖျက်ဆီးသကဲ့သို့ ပြုသောကာလ ထိုခဏ၌ သဋ္ဌေးသမီးငယ် လေးယောက်တို့ ဥယျာဉ်တွင်းသို့ ဝင်ရောက်လာသည်နှင့် ရသေ့စဉ်းလဲက သင်တို့ငါ့သရက်သီးကို ခိုးစားကြကုန်သည်ဟု ဖမ်းချုပ်ထားလျှင် မခိုးရကြောင်း တယောက်စီ ကျိန်ဆိုကြရကုန်၏။

ကျိန်ဟန်ကား—

ယော နီလိယံ မဏ္ဍယတိ၊ သဏ္ဍာသေန ဝိဟညတိ။
တဿ သာ ဝသ မန္ဝေတု၊ ယာ တေ အမ္ဗေ အဝါဟရိ။

ဘန္တေ။ အရှင်ရသေ့။ ယာ နာရီ၊ အကြင် မိန်းမသည်။ တေ၊ အရှင်ရသေ့၏။ အမ္ဗေ-အမ္ဗာနိ၊ သရက်သီးတို့ကို။ အဝါဟရိ၊ ခိုးယူမိ၏။ သာ နာရီ၊

ထိုမိန်းမသည်။ ဧဝံ၊ ဤသို့။ ဟောတု၊ ဖြစ်ပါစေသား။ ကိံ၊ အဘယ်သို့နည်း။ ယော၊ အကြင်ယောက်ျားအိုသည်။ နီလိယံ၊ ဆံဖြူကြိုးကြောင် မည်းနက်ဘောင်။ ဥဏ္ဏာယတိ၊ မင်ဆေးသုတ်မံ လိမ်းကျံဆင်ပြင်ရ၏။ သဏ္ဍာသေန၊ မွေးညှပ်ဖြင့်လည်း။ ဝိဟညတိ၊ ခေါင်း၌ ဆံဖြူ နှုတ်ယူပင်ပန်းရ၏။ တဿ၊ ထိုခေါင်းဆံဖြူပြီး ယောက်ျားကြီး၏။ ဝသံ၊ အလိုသို့။ အန္ဓေတု၊ လိုက်ရစေသတည်း။ ဝါ၊ မယားဖြစ်၍ စင်စစ် လိုက်ပါရသည် ဖြစ်စေသား။ တထာရူပံ ပတိံ၊ ထိုသို့ ရှက်ဖွယ်မဘောင့်တယ်သော အရွယ်မတူ လင်ခေါင်းဖြူကို။ လဘတု၊ ရပါစေသား။

ဤသို့ ကျိန်သော် သင် သဋ္ဌေးသမီးသည် တခုသော အရပ်၌ တည်နေလေဘော့ဟု ဆို၍ ဒုတိယသဋ္ဌေးသမီးကို ကျိန်စေ၏။

ကျိန်ဟန်ကား—

ဝိသံ ဝါ ပဉ္စဝိသံ ဝါ၊ ဦနတိံသံဝ ဇာတိယာ။
တာဒိသာ ပတိ မာလဒ္ဓါ၊ ယာ ကေ အမွေ အဝါဟရိ။

ဘန္တေ၊ အရှင်ရသေ့၊ ယာ နာရီ၊ အကြင် မိန်းမသည်။ တေ၊ အရှင်ရသေ့၏။ အမွေ၊ သရက်သီးတို့ကို။ အဝါဟရိ၊ ခိုးယူမိ၏။ သာ နာရီ၊ ထိုမိန်းမသည်။ ပတိံ အလဘိတွာ၊ သက် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်က လင်ချစ်သက်ဝေ မရလေပဲ။ ဇာတိယာ၊ အရွယ်အားဖြင့်။ ဝါ၊ ဖွားသည်မှ။ ဝိသံ ဝါ၊ အသက်နှစ်ဆယ် ပျိုကြီးရွယ်သို့ရင်း။ ပဉ္စဝိသံ ဝါ၊ နှစ်ဆယ့်ငါးနှစ် သက်ဆစ်ဖြိုကာယ် ပျိုသိုးရွယ်သို့ရင်း။ ဦနတိံသံဝါ၊ နှစ်ဆယ်နှင့်ကိုး ရွေ့ညိုးနွမ်းနယ် ပျိုဟိုင် ရွယ်သို့ရင်း။ ပတွာ၊ ရောက်၍။ တာဒိသာ၊ ထိုသို့ ထိုနှယ် နှစ်သုံးဆယ်တိုင် သက်ရွယ်ကြီးရင့်သည်သာ ဖြစ်၍။ ပတိံ၊ လင်ကို။ ဝါ၊ ယောက်ျားရတနာ လင်တန်းဆာကို။ မာလဒ္ဓါ၊ မရပါလေလင့်။ ဝါ၊ တခါဘူးမျှ စိတ်နှုးကြည်လင် မဆင်ရပါစေလင့်။ ဝါ၊ မဆင်ရပါစေသား။

ဤသို့ ကျိန်၍ တခုသော အရပ်၌ တည်နေလျှင် ဟတိယ သဋ္ဌေးသမီးကို ကျိန်စေ၏။

ကျိန်ဟန်ကား—

ဒီဃံ ဂစ္ဆတု အဒ္ဓါနံ၊ ဧကိကာ အဘိသာရိကာ။
သံကေတေ ပတိံ မာ အဒ္ဒ၊ ယာ တေ အမွေ အဝါဟရိ။

ဘန္တေ၊ အရှင်ရသေ့။ ယာ နာရီ၊ အကြင်မိန်းမသည်။ တေ၊ အရှင်ရသေ့၏။ အမွေ၊ သရက်သီးတို့ကို။ အဝါဟရိ၊ ခိုးယူမိ၏။ သာ နာရီ၊ ထိုမိန်းမသည်။

အဘိသာရိကာ၊ လင်ကိုမရ လင်လင်တသည့် ဖြစ်၍။ ဧကိကာ၊ တကိုယ်တည်း။ ဒိဿ၊ ရှည်စွာသော။ အဒ္ဓါနံ၊ တဂါဝုတ်လောက် ရွှေနောက် မြောက်တောင် ဝေးဝေါင်ပနီး လမ်းခရီးသို့။ ဂန္တုကာ၊ လင်ကိုရနိုး မျှော်ကိုးရှာဖွေ သွားရ စေသတည်း။ ဂစ္ဆန္တာပိ၊ လင်ကိုရနိုး မျှော်ကိုးရည်ရေ၍ သွားပါသော်လည်း။ သံကေတေ၊ နှစ်ကိုယ်စုံဖက် ဆက်ဆက်တွေ့ရာ ချိန်းချက်ပါသော် အရပ်၌။ ပတိံ၊ လင်ကို၊ မာအဒ္ဒ-မာအဒ္ဒသ၊ မတွေ့မထင် မမြင်ရပါစေလင့်။ ဝါ၊ မတွေ့မမြင် ရပါစေသား။

ဤသို့ ကျိန်၍ တခုသော အရပ်၌ တည်နေ၍လျှင် စတုတ္ထသမီးကို ကျိန်စေ၏။

ကျိန်ဟန်ကား—

အလင်္ကတာ သုဝသနာ၊ မာလိနီ စန္ဒနုဿဒါ။

ဧကိကာ သယနေ သေတု၊ ယာ တေ အမ္ဗေ အဝါဟရိ။

ဘန္တေ၊ အရှင်ရသေ့၊ ယာ နာရီ၊ အကြင်မိန်းမသည်။ တေ အရှင်ရသေ့၏။ အမ္ဗေ၊ သရက်သီးတို့ကို။ အဝါဟရိ၊ ခိုးယူမိ၏။ သာ နာရီ ထိုမိန်းမ သည်။ အလင်္ကတာ၊ ပုတီး နားတောင်း ရောင်မောင်းထိန်လျှပ် စိန်လက်စုပ်နှင့် လက်ကြပ် လက်ကောက် ထွန်းတောက်ကိုယ်မှာ ရတနာတို့ဖြင့် တန်ဆာစုံလင် ဆင်ယင်ရပါလျက်။ သုဝသနာ၊ ဖိုထိုက်နှဂ္ဂ ကာသိခေါ်မ ချောလှလုံးစုံ ထည်ကောရှုံတို့ဖြင့် ဝတ်ရုံစံပယ် ရပါလျက်။ မာလိနီ၊ သိန်းထိုက်ဖိုးတန် ရွှေဝတ်ဆံနှင့် နေဟန်ရွှေပွင့် ဝင်းဝင်းစွင့်မျှ ဘခင့် ကျေးဇူး ထူး၍တင့်ဆန်း အံ့ခမန်းအောင် ရွှေပန်းခေါင်းတွင် ပန်ဆင်ရပါသည်ဖြစ်လျက်။ စန္ဒနုဿဒါ၊ အဖိုးသိန်းထိုက် အမြိုက်တမျှ မွှေးကြိုင်လှသော လောဟိတ စန္ဒကူးတို့ဖြင့် နူးအောင်မလပ် မပြတ်နိယံ ကိုယ်လုံးမံ၍ လိမ်းကျံမွှန်းထုံရပါလျက်။ ဧကိကာ၊ တယောက်တည်း။ ဝါ၊ တကိုယ်တည်းသာ ကြင်ရာမလို ဖော်မစုံပဲ။ သယနေ၊ အိပ်ရာ၌။ ဝါ၊ အိပ်ရာဗွေသင် စက်ခန်းခွင်၌။ သေတု၊ အိပ်ရစေသတည်း။ ဝါ၊ မရှင်စတောင်း နွမ်းခွေ ပျောင်း၍ စက်လျောင်းအိပ်နေရပါစေသား။

ဤသို့ကျိန်လျှင် ရသေ့စဉ်းလဲက သင်တို့ လေးယောက်တို့သည် ဝန်လေးစွာ ကျိန်ဆိုကြ၏။ သူတပါးတို့ ခိုးစားသည်ဖြစ်လတ္တံ့၊ သင်တို့သွားကြကုန်တော့ ဟု လွှတ်လိုက်၏။ ထိုအခါ ဘုရားအလောင်း သိကြားမင်းသည် ကြောက်မက် ဖွယ်သော အာရုံကိုပြ၍ ရသေ့ စဉ်းလဲကြီးကို ထိုအရပ်မှ ထွက်ပြေးစေ၏။ ထို အကြောင်းကို စတုက္ကနိပါတ် အမ္ဗဇာတ်အဋ္ဌကထာ၌ ဆိုသတည်း။

သက္ကော ဘေရဝရူပါရမ္မဏံ ဒဿေတွာ ကုဋဇဋိလံ တတော ပလာပေသိ။

ရင်းအမ္ဗဇာတ်အဋ္ဌကထာ။

အနက်ကား—သင်္ကော၊ ဘုရားလောင်း သိကြားမင်းသည်။ ဘေရဝရူပါ ရမ္မဏံ၊ ကြောက်မက်ဖွယ် အဆင်းရှုပါရုံကို၊ ဒဿေတွာ၊ပြ၍။ ကုဋ္ဌဘာပသံ၊ ရဲသူ စဉ်းလဲကို၊ တဘော၊ ထိုမိမိနေသော သရက်တောမှ။ ပလာပေသိ၊ ထွက်ပြေးစေ၏။

တပါးလည်း ဗာရာဏသီပြည့် ဥသိနကမင်းလက်ထက် ကဿပ မြတ်စွာ ဘုရားသခင်၏ သာသနာတော် ဆုတ်ယုတ်သောအခါ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာတို့သည် တရားကျင့်ဝတ်လက်လွှတ်ဝေးကွာ ပါယ်လေးရွာသို့ လားကြသည်ကို ဘုရားအလောင်းတော် သိကြားမင်းမြင်သိ၍ မိမိကို မုဆိုးကြီးသဏ္ဌာန် ဖန်ဆင်းပြီးလျှင် မာတလိနတ်သားကို ကိုယ်ဝန်ဆောင် မိန်းမ ကိုယ်ဝန်ကျလောက်အောင် ငုက်ပျောဖူးလောက် ဝင်းဝင်းတောက် သော အစွယ်လေးချောင်းထွက်သဖြင့် ကြောက်မက်ဖွယ်ရှင်ဟန် အာဇာနည် ဆင်ခပေါက်ကြီး ပမာဏရှိသော ခွေးနက်ကြီးသဏ္ဌာန် ဖန်ဆင်းစေလျက် ဗာရာ ဏသီမြို့အတွင်း သက်ဆင်းလာရောက် ခြိမ်းခြောက်လန့်ကြား မင်းနှင့်တကွ သော ရဟန်း ရှင်လူ အများတို့ကို အားကြီးစွာ ထိတ်လန့်စေ၍ ကဿပ မြတ်စွာ ဘုရားသာသနာတော် ဆုတ်ယုတ်သည်ကို တဖန် အသစ် အနှစ်တထောင် တည် နိုင်အောင် ပြုစုချီးမြှောက်လေသတည်း။ ထိုအခါ ဥသိနကမင်းအား သိကြား မင်း ပြောဟောသော ဂါထာတို့ကား—

ပတ္တဟတ္ထာ သမဏကာ၊ မုဏ္ဍာ သံဃာဋိပါရုတာ။
နင်္ဂလေဟိ ကသိဿန္တိ၊ တဒါ ကဏှော ပမောက္ခတိ။
တပနီယာ ပဗ္ဗဇိတာ၊ မုဏ္ဍာ သံဃာဋိပါရုတာ။
ယဒါ လောကေ ဂမိဿန္တိ၊ တဒါ ကဏှော ပမောက္ခတိ။လ။
မာယာဝိနော နေကတိကာ၊ အသပ္ပုရိသစိန္တကာ၊
ယဒါ လောကေ ဂမိဿန္တိ၊ တဒါ ကဏှော ပမောက္ခတိ။

ဤဆယ်ဂါထာတို့တည်း။

အနက်ကား—မဟာရာဇ၊ ဥသိနကမင်းကြီး။ ယဒါ၊ အကြင်အခါ၌။ သာဏကာ၊ ကိလေဒြိမ်းအောင် ကျင့်ဆောင်ကြီးပမ်း သာသနာကို ထမ်းကြ သော ရဟန်းတော် ငါဘို့မှန်ဟု ဝန်ခံပြောဆိုတတ်ကုန်သော ရဟန်း ယောင်မျိုး ရှင်ဆိုးဒုဿီ အလဇ္ဇီတို့သည်။ ပတ္တဟတ္ထာ၊ မည်းနက်မှောင်ချိတ် ရောင်ဖိတ်ဖိတ်နှင့် သပိတ်လက်စွဲကုန်လျက်။ မုဏ္ဍာ၊ သင်ခုန်းရိတ်လို့ ဦးခေါင်း ပြည်းကုန်လျက်။ သံဃာဋိပါရုတာ၊ အဝတ်သင်္ကန်း ဖုံးလွှမ်းခြုံရုံကုန်လျက်။ နင်္ဂလေဟိ၊ ထွန်ပိုးထွန်တုံးတို့ဖြင့်။ ကသိဿန္တိ၊ လယ်ယာထွန်ယက်ကုန်လတ္တံ့။

တဒါ၊ ထိုအခါ၌။ ကဏှော၊ ကြောက်ဖွယ်ဆိုးလှ ယက္ခတူပြီး ဤခွေးနက်ကြီး သည်။ ပမောက္ခတိ၊ ငါ၏လက်မှ ဆက်ဆက်အမှန် လွတ်အံ့တည်း။ ဝါ၊ သံကြိုးဖွဲ့ယှက် ငါ၏လက်မှ ဆက်ဆက်လွတ်သွား တရားမညီ ရှင်ဒုဿီတို့ကို စားလတ္တံ့။

မဟာရာဇ၊ ဥသိနကမင်းကြီး။ ယဒါ၊ အကြင်အခါ၌။ မုဏ္ဍာ၊ သင်မုန်း ရိတ်လို့ ဦးခေါင်းပြည်းကုန်သော။ ပာပနီယာ၊ ခြိုးခြံလေယောင် ကျင့်ဟန် ဆောင်ကုန်သော။ ပဗ္ဗဇိတာ၊ ကိလေသာယုတ် နှင်ထုတ်ငယ်တတ် ရဟန်းမြတ် ဟု ဟုတ်ဟတ်အဟန် ပန်ခံပြောဆိုတတ်ကုန်သော ရဟန်းယောင်မျိုး ရှင်ဆိုး ဒုဿီ အလဇ္ဇီတို့သည်။ သံဃာဋိပါရုတာ။ အဝတ်သင်္ကန်း ဖွဲ့ရမ် ခြုံရုံကုန်လျက်။ လောကေ၊ လူတို့နေရာ လူ့ပြည်ရွာ၌။ ဂမိဿန္တိ။ လှည့်လည် သွားလာကြကုန် လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏှော၊ ခွေးနက်ကြီးသည်။ ဝါ၊ ကြောက်ဖွယ် ဆိုးလှ ယက္ခတူလောက် ဆင်ပေါက်နီးနီး ဤခွေးနက်ကြီးသည်။ ပါမောက္ခ တိ၊ ငါ၏လက်မှ ဆက်ဆက်အမှန် လွတ်လတ္တံ့။ ဝါ၊ သံကြိုးဖွဲ့ယှက် ဤ ငါ့ လက်မှ ဆက်ဆက်လွတ်သွား တရားမမှီ ရှင်ဒုဿီတို့ကို စားလတ္တံ့။လ။

မဟာရာဇ၊ ဥသိနကမင်းကြီး။ ယဒါ၊ အကြင်အခါ၌။ မာယာဝိနော၊ မကောင်းမှုကို ပြု၍လုံအောင် သူတော်ယောင်သို့ ဟန်ဆောင်ဖုံးလွှမ်းတတ်ကုန် သော လူတို့သည်ရင်း။ နေကတိကာ၊ ရွှေငွေချိန်စဉ်း တောင်းကင်းလက်သစ် လိမ်လစ်စဉ်းလဲတတ်ကုန်သော လူတို့သည်ရင်း။ အသပ္ပုရိသစိန္တကာ၊ သူတော် မဟုတ် သူယုတ်တို့ဉာဏ် မကောင်းကြံကို ကြံစည်လေ့ကျက်တတ်ကုန်သော လူတို့သည်ရင်း။ လောကေ၊ လူတို့ဘောင်မှာ လူ့ပြည်ရွာ၌။ ဂမိဿန္တိ၊ ကြွကြွ ကြွားကြွား မော်ပလွှား၍ သွားလာလှည့်လည်ကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏှော၊ ခွေးနက်ကြီးသည်။ ဝါ၊ ကြောက်ဖွယ်ဆိုးလှ ယက္ခတူလောက် ဆင်ပေါက်နီးနီး ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါ၏လက်မှ ဆက်ဆက် ဧကန် လွတ်လတ္တံ့။ ဝါ၊ သံကြိုးငါးရပ် အကြပ်ဖွဲ့ယှက် ဤငါ့လက်မှ ဆက် ဆက်လွတ်သွား တရားမမှီ လူဒုဿီတို့ကို စားလတ္တံ့။

ဤခွေးနက်ကြီးကို အာဇာနည်မြင်း ပုမာဏဟူ၍လည်း ဆိုကုန်၏။

ဣတော ပဋ္ဌာယ အဓမ္မိကေ သုနခံ အဟံ ခါဒါပေဿာမိ၊ တွံ အပ္ပမတ္တော ဟောဟိ မဟာရာဇာတိ၊ ဗဟူဟိ သတ္တရဟဂါထာဟိ ဓမ္မံ ဒေသေတွာ မနုဿာနံ ဒါနသီလေသု ပတိဋ္ဌာပေတွာ ဩသက္ကိတ သာသနံ အညံ ဝဿသဟဿံ ပဝတ္တနသမတ္ထံ ကတွာ မာတလိံ အာဒါယ သကဋ္ဌာနမေဝ ဂတော။ မဟာဇနာ ဒါနသီလာဒီနိ ကတွာ ဒေဝလောကေ နိဗ္ဗတ္တိံသု။

ရင်းဒွါဒသနိပါတ် မဟာကဏှဇာတ် အဋ္ဌကထာ။

အနက်ကား—ဣဓ ဟော၊ ဤယခုအခါမှ။ ပဉ္စသယ၊ ၅၀ အဓမ္မိကော၊ တရားမဲ့ အလဇ္ဇီနှင့် ဒုဿီလကျင့်ဆိုး ရှင်လူမျိုးဟဲ့ကို။ ဘုနခ၊ ဆင်ပြောင် လောက်နိုး ဤမြေနှင်းနက်ကြီးကို။ ဒဟံ၊ ငါသည်ကြားမင်းသည်။ ခါဒါပေသာမိ၊ လက်မှလွှတ်၍ ရှပ်ရှပ်မနေ ကိုက်စားစေအံ့။ မဟာရာဇ၊ မင်းကြီး။ တွံ၊ လူတို့ ဦး စီး သင်မင်းကြီးသည်။ မာပမဇ္ဇ၊ မမေ့မလျော့သည်။ ဟောဟ်၊ ဖြစ်ဘိ လော့။ ဣတိ၊ သို့။ ဧတမတ္ထံ၊ လေးပါးကုန်သော။ သတ္တာရုဟဂါထာ ဟိ၊ တရားထိုက်သော ဂါထာတရားတို့ဖြင့်။ ပမ္မံ၊ တရားကို။ ဒေသေတွာ၊ ဟော၍။ မနုဿာနံ၊ လူတို့ကို၊ ဒါနသီလေယသု၊ ဒါနသီလတို့၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ ဩသက္ကိဘ သာသနံ၊ ပျက်စီးဆုတ်ယုတ်သော မြတ်စွာဘုရားအဆုံးအမ သာသနာတော်ကို။ အဒ္ဓါ၊ တပါး။ ဝဿသဟဿ ပဝတ္တနသမတ္ထံ၊ အနှစ်တထောင် တည်နိုင်အောင်ကို။ ကတွာ၊ ပြု၍။ မာတလိံ၊ မာတလိနတ်သားကို။ ဝါ၊ မာတလိနတ်သား ကျားထက်ကြောက်ဖွယ် အစွယ်ပြူးပြူး ခွေးဘီလူးကို။ ဝါ၊ မာတလိနတ်သား ကျားထက်မက ဆိုးဝါးလှသော မြင်သမျှကြောက် ဆင်ပေါက် နီးနိုး ခွေးနက်ကြီးကို။ အာဒါယ၊ ယူ၍။ ဝါ၊ သံကြိုးငါးချောင်း ယှက်ပေါင်း အတူဆွဲငင်ယူ၍။ သကဋ္ဌာနမေဝ၊ မိမိနေရာ ဝတီံသာနတ်ပြည်သို့သာလျှင်။ ဂတော၊ ပြန်သွားလေ၏။ မဟာဇနာ၊ လူအများတို့သည်။ ဒါနသီလာဒီနိ၊ ဒါနသီလ စသည်တို့ကို။ ကတွာ၊ ပြုကုန်၍။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်၏။

ဤသို့ သာသနာတော်ကို ချီးမြှောက်ခြင်း စသည်တို့၏ အကျိုးငှာ အာဏာ စက်ဓမ္မစက်တို့ဖြင့် တရားနှင့်လျော်စွာ ငြိမ်းခြောက်ဆုံးမခြင်းကိုလည်း ပြုရာ သတည်း။

သိရိဓမ္မာသောကမင်းကြီးသည်လည်း ရဟန်းယောင် ဒိဋ္ဌိခြောက်သောင်း တို့ကို အဝတ်ဖြူ လူဝတ်လဲစေ၍ သာသနာတော်ကို သုတ်သင်ချီးမြှောက်ခြင်း ကို ပါရာဇိကကဏ် အဋ္ဌကထာ၊ ကထာဝတ္ထု အဋ္ဌကထာတို့၌ ဆို၏။

ရာဇာ ပဌမမေဝ သမယညူ ဥဂ္ဂဟိတတ္တာ နယိမမ ဘိက္ခူ အည တိတ္ထိယာ ဣမေတိ ဉတွာ တေသံ သေတကာနိ ဝတ္ထာနိ ဒတွာ ဥပ္ပဗ္ဗာ ဇေသိ တေ သဗ္ဗေပိ သဋ္ဌိ—သဟဿာနိ အဟေသုံ။

ပါရာဇိကကဏ် အဋ္ဌကထာ ဗာဟိရနိဒါန်းအဖွင့် ကထာဝတ္ထုအဋ္ဌကထာပါဠိ။
အနက်ကား—ရာဇာ၊ သိရိဓမ္မာသောကမင်းကြီးသည်။ ပဌမမေဝ၊ ရှေးဦး ကာလ မဆွဲလက်မှန်ကပင်လျှင်။ သမယသ၊ အယူကို။ ဥဂ္ဂဟိတတ္တာ၊ သင်ပြီး သည်၏ အဖြစ်ကြောင့်။ ဣမေ၊ ဤသာသနာဝါဒ စသည်ဆိုခဲ့ ၆၂-ပါး ပုဂ္ဂိုလ်

များတို့သည်။ နဘိက္ခု၊ ရဟန်းမဟုတ်ကုန်။ ကြာမ၊ ဤ ၆၂-ပါး ပုဂ္ဂိုလ်များကိုသည်။ အညတိတ္ထိယာ၊ သာသနာပ ဗာဟိရဆိုး တိတ္ထိမျိုးတို့တည်း။ ဣတိ၊ သို့။ ဉတွာ၊ သိ၍။ တေသံ၊ ထို ၆၂-ပါး အယူမှားသော တိတ္ထိတို့ကို။ သေ၊ တကာနိ ဝတ္ထာနိ။ အဝတ်ဖြူတို့ကို။ ဒတွာ၊ ပေး၍။ ဥပ္ပဗ္ဗာဇေသိ၊ လူထွက်စေ၏။ တေ သဗ္ဗေပိ၊ ထိုအလုံးစုံ လူထွက်ရကုန်သော တိတ္ထိတို့သည်လည်း၊ သဋ္ဌိသဟဿာနိ၊ ၆-သောင်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

တေ မိစ္ဆာဒိဋ္ဌိကေ သဗ္ဗေ၊ ရာဇာ ဥပ္ပဗ္ဗာဇယိ—

ဟူ၍ရှင်း၊

သဗ္ဗေ သဋ္ဌိသဟဿာနိ၊ အာသုံ ဥပ္ပဗ္ဗာဇိတာ—

ဟူ၍ရှင်း။

မဟာဝင် ပဉ္စမကဏ္ဍပါဠိ၊

အနက်ကား—ရာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ တေ မိစ္ဆာဒိဋ္ဌိကေ၊ ထိုမိစ္ဆာအယူရှိကုန်သော ရဟန်းယောင်တို့ကို။ ဥပ္ပဗ္ဗာဇယိ၊ လူထွက်စေပြီ။

ရညာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဥပ္ပဗ္ဗာဇိတာ၊ လူထွက်စေအပ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော မိစ္ဆာဒိဋ္ဌိ ရဟန်းယောင်တို့သည်။ သဋ္ဌိသဟဿာနိ၊ ၆-သောင်းတို့သည်။ အာသုံ ဖြစ်ကုန်ပြီ။

ပဉ္စမ ဝိဇယမင်းမှ ၅၂–ဆက်မြောက် သာသနာတော်နှစ် ၇၉၇-ခုနှစ် မင်းဖြစ်၍ နန်းစံ ၁၃-နှစ်ရှိသော ဂေါဓာဘယမင်းကြီးသည်လည်း ဝါ၊ မေဃဝဏ္ဏာဘယမည်သော မင်းကြီးသည်လည်း အဘယဝါသီ စေတုလျဝါဒီအလဇ္ဇီ ဒုဿီလ သာသနာ့ ဆူးငြောင့် ရန်သူဖြစ်ကုန်သော ရဟန်း ၆-ကျိပ်တို့ကိုလည်း ဖမ်းယူစိစစ်၍ ဂေါ်တာဘကဲသို့ ပစ်လေ ပို့လေ၏ဟု မဟာဝင်၌ ဆိုသတည်း။

၁။ ပါပကာနိ နိဂ္ဂဟေတွာ၊ သောဓေန္တော သာသနန္တုသော။
စေတုလျဝါဒိနော၊ ဘိက္ခူ၊ အဘယဂိရိဝါသိနော။

၂။ ဂါဟယိတွာ သဋ္ဌိမတ္တေ၊ ဇိနသာသနကဏ္ဍကေ။
တတွာန နိဂ္ဂဟံ တေသံ၊ ပရတီရံ ခိပါပယိ။

ရှင်းမဟာဝင် ပဉ္စမကဏ္ဍ ဆတ္တိံသတိမ ပရိစ္ဆေဒပါဠိ။

အနက်ကား—သောတု၊ ထိုဂေါဓာဘယမင်းသည်ကား။ ပါပကာနိ၊ ယုတ်မာသောအကျင့်စာရိတ္တ ရှိကုန်သော အဓမ္မဝါဒီ အလဇ္ဇီ ဒုဿီလ ရဟန်း

ဆိုးတို့ကို။ နိဂ္ဂဟတွာ၊ နှိပ်နင်း၍။ သာသနံ၊ သာသနာတော်ကို။သောဓေန္တော၊ သုတ်သင်လိုသည်ဖြစ်၍။ စေတုလျဝါဒိနော၊ စေတုလျအယူရှိကုန်သော။ အဘယဂိရိဝါသိနော၊ အဘယဂိရိကျောင်းတိုက်၌ နေကုန်သော။ ဇိနသာသနကဏ္ဋကေ၊ မြတ်စွာဘုရားသာသနာတော်၏ ဆူးငြောင့်ရန်သူဖြစ်ကုန်သော။ သင့်မတော်၊ခြောက်ကျိပ်အတိုင်းအရှည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဂါဟယိတွာ၊ ဖမ်းယူ၍၊ တေသံ၊ ထိုခြောက်ကျိပ်သော အဓမ္မဝါဒီ အလဇ္ဇီ ဒုဿီလ ရဟန်းတို့အား။ နိဂ္ဂဟံ၊ နှိပ်နင်းခြင်းကို။ ကတွာ၊ ပြု၍။ပရတီရံ၊ သမုဒ္ဒရာတဘက်သို့။ ခိပါပယိ၊ ပစ်စေ၏။ ပို့စေ၏။

သီရိမေဃမင်းမှ ၃၁-ဆက်မြောက် သာသနာတော်နှစ် ၁၁၅၇-ခုမင်းဖြစ်၍ နန်းစံ ၉-နှစ်ရှိသော အသိဂ္ဂါဟ သီလာမေဃမင်းသည်လည်း ဒုဿီလရဟန်း တို့ကို တားမြစ်နှိပ်နင်း၍ သာသနာပြုကြောင်းကို ရှင်းမဟာဝင် ဒုတိယကဏ္ဍ စတုစတ္တာလီသမ ပရိစ္ဆေဒ၌ ဆိုသတည်း။

၁။ ဘိက္ခူ ပောဝိသနာခမာထ၊ ဝိဟာရေ အဘယုတ္တရေ။
ဒုဿီလေ ဗဟုလေ ဒိသွာ၊ ပဗ္ဗဇ္ဇာယ နဝေပိ သော။

၂။ ရာဇာန မှာသက်မ္မ ဓမ္မကမ္မ မယာ စထ။
ရာဇာ တေနေဝ ကာရေသိ၊ ဓမ္မကမ္မံ ဝိဟာရကေ။

၃။ ဒုဿီလာ နိဟဋ္ဌာ တေန၊ သဗ္ဗေ မန္တိယ ကေတော။
ရဟော တံ မာရယိတွာန၊ တံ ကမ္မံ ပဋိဗာဟယုံ။

၄။ ရာဇာ သုတွာ တဒါ ကုဒ္ဓေါ၊ သဗ္ဗေ ဂဏှာပိယ ကေတော။
အကာ ပေါက္ခရဏီပါလေ၊ ဆိန္နဟတ္တေ သဗန္ဓနေ။
အညေ တတ္ထ သတံ ဘိက္ခူ၊ ဇမ္ဗုဒီပေ ခိပါပယိ။
ရှင်းမဟာဝင် ဒုတိယကဏ္ဍ စတုစတ္တာလီသမပရိစ္ဆေဒပါဠ်။

ရှင်းမဟာဝင် ဒုတိယကဏ္ဍသည် သီဟိုဠ်အက္ခရာနှင့်သာ ရှိသေးသည်။ မြန်မာ အက္ခရာနှင့် မရှိသေး။ ထိုဒုတိယကဏ္ဍ၌ သာသနာနှစ် ၈၄၅-နှစ် သီရိမေဃမင်း ကစ၍ သာသနာ ၂၃၆၁-နှစ် သီရိဝိက္ကမရာဇသီဟမင်း နန်းစံ ၁၈-နှစ်မြောက် သမုဒ္ဒရာတဘက်သို့ အင်္ဂလိပ်မင်းတို့ ယူဆောင်သည်တိုင်အောင် မင်းဆက်ပေါင်း ၁၂၇-ဆက်ရှိသတည်း။

အနက်ကား—အထ၊ ထိုအသိဂ္ဂါဟ သီလာမေဃမင်း နန်းစံသောအခါ၌။ ပောဝိသနာမော၊ ပောဝိနှင့်တူသော အမည်ရှိသော။ ဝါ၊ ပောဝိဟူသော မိမိ အမည်ရှိသော။ ဝါ၊ ပောဝိဟူသော ထင်ရှားသော အမည်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ အတ္ထိ၊ ရှိ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဥတ္တရေ၊မြတ်သော။

ဝါ၊ မြောက်ဖြစ်သော။ အဘယေ၊ အဘယအမည်ရှိသော။ ဝိဟာရေ၊ ကျောင်းတိုက်၌။ ဗဟုလေ၊ များစွာကုန်သော။ ဒုဿီလေ၊ ဒုဿီလရဟန်းတို့ကို။ ဒိသွာ၊ မြင်ရ၍။ နဝေ၊ အသစ်ဖြစ်သောသူတို့ကို။ ပဗ္ဗဇ္ဇာယ၊ ရဟန်းပြုခြင်းငှာ။ ရာဇာနံ၊ မင်းကို။ ဥပသင်္ကမ္မ၊ ကပ်၍။ ဓမ္မကမ္မံ၊ ဓမ္မကံကို။ အယာစသ၊ တောင်း၏။ တေနေဝ၊ ထိုကြောင့်လျှင်။ ရာဇာ၊ အသိဂ္ဂါဟသီလာမေဃမင်းသည်။ ဝိဟာရကေ၊ ကျောင်းတိုက်၌။ ဓမ္မကမ္မံ၊ ဓမ္မကံကို။ ကာရေသိ၊ ပြုစေ၏။ တေန၊ ထိုအသိဂ္ဂါဟသီလာမေဃမင်းသည်။ နိဟဋ္ဌာ၊ နှင်ထုတ်အပ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒုဿီလာ၊ သီလမချစ် ရဟန်းညစ်တို့သည်။ ကေတော၊ တပေါင်းတည်း။ မန္တိယ၊ တိုင်ပင်ကုန်၍။ ရဟော၊ ဆိတ်ကွယ်ရာ၌။ တံ၊ ထိုဗောဓိရဟန်းကို။ မာရယိတွာန၊ သတ်၍။ တံ ကမ္မံ၊ ထိုဓမ္မကံကို။ ဋ္ဌိဗာဟယုံ၊ တားမြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ ရာဇာ၊ အသိဂ္ဂါဟ သီလာမေဃမင်းသည်။ သုတွာ၊ ကြား၍။ ကုဒ္ဓော၊ အမျက်ထွက်သည်ဖြစ်၍။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော ဒုဿီလရဟန်းတို့ကို။ ကေတော၊ တပေါင်းတည်း။ ဂါဟာပိယ၊ ဖမ်းယူစေပြီး၍။ ဆိန္နဟတ္ထေ၊ ဖြတ်အပ်သော လက်ရှိကုန်လျက်။ သဗန္ဓနေ၊ အနှောင်အဖွဲ့နှင့်တကွ ဖြစ်ကုန်သော။ ပေါက္ခရဏီပါလေ၊ ရေကန်စောင့်တို့ကို။ အကာ၊ ပြုပြီ။ တတ္ထ၊ ထိုဒုဿီလရဟန်းတို့တွင်။ အညေ၊ တပါးကုန်သော။ သတံဘိက္ခူ၊ တရာသော ဒုဿီလရဟန်းတို့ကို။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်ကျွန်းသို့။ ခိပါပယိ၊ ပစ်စေ၏။ ဝါ၊ ပို့သွားစေ၏။

သီရိမေဃမင်းမှ ၅၇-ဆက်မြောက် သာသနာတော်နှစ် ၁၄၅၇-ခုတွင် မင်းဖြစ်၍ နန်းစံ ၁၇-နှစ်ရှိသော ပဌမ ကဿပမင်းသည်လည်း နိကာယ်သုံးပါးတို့၌ ဒုဿီလရဟန်းတို့ကို အကြွင်းမဲ့ အကုန်အစင်နှင်ထုတ်၍ ထိုထိုသို့သော ကျောင်းတို့၌ အသစ်သော သီလဝန္တရဟန်းကောင်းတို့ကို ပင့်ယူစေ၏ဟု မဟာဝင် ဒုတိယကဏ္ဍ ဒွါပဏ္ဏာသတိမပရိစ္ဆေဒပိုဒ်တွင် ဆိုသတည်း။

နီဟရိတွာန ဒုဿီလေ၊ နိကာယတ္တယ ဝါသိသု။
ဂါဟာပေသိ နဝေ ဘိက္ခူ၊ အာဝါသေ တတ္ထ တတ္ထ သော။

ရင်း မဟာဝင် ဒုတိယကဏ္ဍ ဒွါပဏ္ဏာသတိမ ပရိစ္ဆေဒပါဠိ။

အနက်ကား—သော၊ ထို ပဌမကဿပမင်းသည်။ နိကာယတ္တယ ဝါသိသု၊ နိကာယ်သုံးပါးအပေါင်း၌ နေကုန်သော ရဟန်းတို့တွင်။ ဒုဿီလေ၊ ဒုဿီလ ရဟန်းတို့ကို။ နီဟရိတွာန၊ နှင်ထုတ်၍။ တတ္ထ တတ္ထ အာဝါသေ၊ ထိုထိုသို့သော ကျောင်း၌။ နဝေ၊ အသစ်ဖြစ်ကုန်သော၊ ဘိက္ခူ၊ ရဟန်းကောင်းတို့ကို။ ဂါဟာပေသိ၊ ပင့်ယူစေ၏။

ဥဇီရုပမ-၉

သီရိဓမ္မသောကမင်းမှ ၇၉-ဆက်မြောက် သာသနာတော်နှစ် ၁၆၉၈-ခုတွင် မင်းဖြစ်၍ နန်းစံ ၃၃-နှစ်ရှိသော ပထမ ပရက္ကမဗာဟု မင်းကြီးသည်လည်း ဝဋ္ဋဂါမဏိမင်းလက်ထက်က စ၍ နှစ်ပေါင်းတထောင်ကျော် နိကာယ်သုံးဆိုင်း ဂိုဏ်းကြီးသုံးကွဲ ကွဲပြားကြ၍ အဓမ္မဝါဒီ အလဇ္ဇီ ပြန့်ပြောလျက် ညီညွတ်နိုင်ခြင်းမရှိ ရှည်ကြာစွာကွဲပြားသည်ကို သံဃာသာမဂ္ဂီ အညီအညွတ်တချက်တည်း ဖြစ်အောင် စီစစ်သုတ်သင်ကြောင်းကို ၎င်းမဟာဝင် ဒုတိယကဏ္ဍ တေသတ္တတိမ ပရိစ္ဆေဒ အဋ္ဌသတ္တတိမ ပရိစ္ဆေဒတို့၌ အကျယ်ဆို၏။

၁။ ရဇ္ဇသာမနုဒုက္ခာပိ၊ ဒိဂုဏံ ကလိမသမ္ဘုသံ။
အနုဘောတွာ မဟာပညော၊ သာမဂ္ဂံ ကတွာ ဘူပတိ။

၂။ ပဋ္ဌဝဿ သဟာယာနိ၊ ယထာသုဒ္ဓံ ပဝတ္တတိ။
တထာ ခီရောဒကီဘူတံ၊ အကာသိ ဇိနသာသနံ။

၎င်းမဟာဝင် ဒုတိယကဏ္ဍ တေသတ္တတိမ ပရိစ္ဆေဒပါဠိ။

၃။ ယထာဓမ္မံ သတေကိစ္ဆေ၊ ပတိဋ္ဌာပိယ သုဒ္ဓိယံ။
မဟာဝိဟာရိကေ သဗ္ဗေ၊ သမဂ္ဂေ ကာသိ ဘိက္ခဝေ။

၄။ ဥပ္ပဗ္ဗာဇေသိ ဒုဿီလေ၊ လာဘာပေက္ခေ ယ သာသနံ။
မှာနာသေန္တုတိ ဒတွာန၊ မဟာဌာနန္တရာနိ သော။
ဟူ၍၎င်း၊

၅။ သီလာဒိသာရ သုညာ တေ၊ မဟာသံဃဿ တေဇသာ။
ရာဇိနော စ တဒါ ဗုဒ္ဓ၊ သာသနေ နဋ္ဌကံ ရတိံ။

၆။ တထာပိ ဓမ္မိကော ရာဇာ၊ ဝိစာရေန္တော နယညုတံ။
ဥပသမ္ပန္နမေကမ္ပိ၊ ပကတတ္တ မလတ္ထနော။

၇။ ကာရေသိ သာမဏေယတ္တံ၊ ဗဟူနံ ယတိနန္တဒါ။
ဒုဿီလေ ဝိဗ္ဘမာပေတွာ၊ မဟာဌာနန္တရေ အဒါ။

၈။ ဧဝံ သုဒ္ဓိံ စ သာမဂ္ဂိံ၊ သမ္ပာဒေတွာ စိရေန စ။
မဟုဿာဟေန သော သံဃံ၊ ဗုဒ္ဓကာလေဝ ဝတ္တယိ—

ဟူ၍၎င်း၊ (မဟာဝင် ဒုတိယကဏ္ဍ အဋ္ဌသတ္တတိမ ပရိစ္ဆေဒပါဠိ။)

ဤကား လိုရင်းသိရုံ အကျဉ်းမျှသာ ၎င်းကျမ်း၌ကား အကျယ်များစွာဆို၏။ ဂါထာတို့၏ အနက်ကား—

၁။ မဟာပညော၊ ကြီးသောပညာရှိသော။ ဘူပတိ၊ မြေကြီးရှင်ဖြစ်သော ပဌမပရက္ကမဗာဟုမင်းကြီးသည်။ ရဇ္ဇသာမနုဒုက္ခာပိ၊ နိုင်ငံတိုင်းပြည်၏ ကိစ္စကိုပြီးစေခြင်း ဆင်းရဲထက်လည်း။ ဒိဂုဏံ၊ နှစ်ဆထက်။ ဘုသံ၊ လွန်စွာ။ ဝါ၊ ပြင်းစွာ။ ကွိမထံ၊ ပင်ပန်းခြင်းကို။ အနုဘောန္တော၊ ခံစားတော်မူလျက်။ သမဂ္ဂံ၊ နိကာယ် ၃-ဆိုင်း ကွဲသောဂိုဏ်းတို့၏ ရှေးအတိုင်း ညီညွတ်အောင်။ ကတွာ၊ ပြုတော်မူ၍။

၂။ ပဉ္စဝဿသဟဿာနိ၊ သာသနာတော်ခေတ် အနှစ်ငါးထောင်ကာလ တို့ပတ်လုံး။ ယထာ၊ အကြင်အခြင်းဖြင့်။ သုဒ္ဓံ၊ စင်ကြယ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ တထာ၊ ထိုအခြင်းဖြင့်။ ခီရောဒကီဘူတံ၊ နို့ရည်နှင့်ရေ နှစ်ထွေနှောနှီး တပေါင်းတည်းကဲ့သို့။ ဇိနသာသနံ၊ မြတ်စွာဘုရား သာသနာတော်ကို။ အကာသိ၊ ပြုတော်မူပြီ။

၃။ သတေကိစ္ဆေ၊ ကုစားထိုက်သော သဘောရှိကုန်သော ရဟန်းတို့ကို။ ယထာဓမ္မံ၊ ဝိနည်းတရားတော်အတိုင်း။ သုဒ္ဓိယံ၊ စင်ကြယ်သောအရာ၌။ ပတိဋ္ဌာပိယ၊ တည်စေ၍။ သမဂ္ဂေ၊ ညီညွတ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘိက္ခဝေ၊ ရဟန်းတို့ကို။ မဟာဝိဟာရိကေ၊ မဟာဝိဟာ ရဂိုဏ်း၌။ အကာသိ၊ ပြုတော်မူပြီ။

၄။ သော၊ ထိုပဌမ ပရက္ကမဗာဟုမင်းကြီးသည်။ လာဘာပေက္ခာယ၊ လာဘ်ပစ္စည်းကို ငဲ့သဖြင့်။ သာသနံ၊ သာသနာတော်ကို။ မာနာသေန္တု၊ မဖျက်ဆီးပါစေကုန်လင့်။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးသွင်းတော်မူ၍။ မဟာဌာနန္တရာနိ၊ ကြီးကျယ်သောရာထူးတို့ကို။ ဒတွာ၊ ပေး၍။ ဒုဿီလေ၊ ဒုဿီလရဟန်းဘို့ကို။ ဥပ္ပဗ္ဗာဇေသိ၊ လူထွက်စေပြီ။

၅။ သီလာဒီသာရသုညာ၊ သီလစသော အနှစ်တရား ကင်းဆိတ်ကုန်သော။ တေ၊ ထိုဒုဿီလရဟန်းတို့သည်။ မဟာသံဃဿ စ၊ များမြတ်သော သံဃာတော်၏ရင်း။ ရာဇိနော၊ သာသနဒါယကာ ဗဟာပရက္ကမ ဗာဟုမင်းကြီး၏ရင်း။ တေဇသာ၊ တန်းခိုးရှိန်ကြောင့်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ ရတိံ၊ မွေ့လျော်ခြင်းကို။ နဲ့ဏ္ဍုံ၊ မရနိုင်ကုန်။

၆။ ယဒါ၊ အကြင်အခါ၌။ ဓမ္မိကော၊ တရားစောင့်သော။ ရာဇာ၊ ပဌမ ပရက္ကမဗာဟုမင်းကြီးသည်။ နယညူဘိ၊ နည်းကို သိကုန်သော ရဟန်း ပညာရှိတို့နှင့်။ ဝါ၊ ဝိနည်း၌ လိမ္မာကုန်သော ရဟန်းပညာရှိတို့နှင့်။

ဝိစာရေရန္တော၊ ရွေးချယ်စိစစ်တော် မူလတ်သည်ရှိသော်။ ကေမ္ပိ၊ တယောက်မျှလည်းဖြစ်သော။ ပကတဇတ္တံ၊ ပကတိဖြစ်သော။ ဝါ၊ ပကတိအတိုင်း သီလရှိသော။ ဥပသမ္ပန္နံ၊ ပဉ္စင်းကို။ နေဝ အလတ္ထ၊ မရ။

၇။ တဒါ၊ ထိုအခါ၌။ ဗဟူနံ၊ များစွာကုန်သော။ ယတီနံ၊ ရဟန်းတို့အား။ ဝါ၊ တို့၏။ သာမဂ္ဂေရတ္တံ၊ သာမဂ္ဂေအဖြစ်ကို။ ကာရေသိ၊ ပြုစေပြီ။ ဒုဿီလေ၊ ပါပ ဇိက ကျရောက်ပြဲပြဲ သီလမဲ့ကုန်သော ရဟန်းတို့ကို။ ဝိဗ္ဘမာပေတွာ၊ လူထွက်စေ၍။ မဟာဌာနန္တရေ မဟာဌာနန္တရာနို၊ ကြီးကျယ်သော ရာထူးတို့ကို။ အဒါ၊ ပေးတော်မူပြီ။

၈။ ဇေ၊ ဤသို့။ သော၊ ထိုပဌမ ပရက္ကမဗာဟုမင်းကြီးသည်။ စိရေန စ၊ ကြာမြင့်စွာဖြင့်လည်း။ သုဒ္ဓိဥ္စ၊ စင်ကြယ်ခြင်းကိုရင်း၊ သာမဂ္ဂိဥ္စ၊ ညီညွတ်ခြင်းကိုရင်း။ သမ္ပာဒေတွာ၊ ပြီးစေ၍။ မဟုဿာဟေန၊ ကြီးစွာသော အားထုတ်ခြင်းဖြင့်။ သံဃံ၊ သံဃာတော်ကို။ ဗုဒ္ဓကာလေဝ၊ မြတ်စွာဘုရား ရှင်လက်ထက်တော်ကာလ၌ကဲ့သို့။ ဝတ္တယိ၊ ဖြစ်စေပြီ။

ပုဂံပြည်၌ အနော်ရထာမင်းကြီးသည်လည်း အရည်းကြီးသုံးကျိပ်နှင့်တကွ တပည့်ခြောက်သောင်းတို့ကို လူဝတ်လဲစေ၍ အဲမောင်းလှံကိုင် ဆင်ချေးကျုံးထည့်တော်မူကြောင်းကို မဟာရာဇဝင်တော်ကြီး၌ ဆို၏။

ဟံသာဝတီ ဆင်ဖြူသျှင်မင်းတရားကြီးသည်လည်း ရဟန်းတို့ဥယျာဉ်ပြုခြင်းကို ဖျက်စီးကြောင်း၊ တားမြစ်မရသော ရဟန်းကို လူထွက်စေကြောင်း၊ ၎င်းသားတော် တောင်ငူရောက်မင်းသည်လည်း မွန်ရဟန်းတို့ ဝိနည်းနှင့်မညီ ကျင့်သည်ကို လူထွက်စေကြောင်းကို ၎င်းမဟာရာဇဝင်တော်ကြီး၌ ဆို၏။

စစ်ကိုင်းမင်းသည်လည်း မဟာရံအောင် ရတနာ့ ဒါယကာမင်းလက်ထက်က စ၍ ခမည်းတော် ဆင်ဖြူသျှင် လက်ထက်တိုင် မင်းခြောက်ဆက် ကာလပတ်လုံး တုံဂိုဏ်း ရုံဂိုဏ်း နှစ်ဆိုင်း နှစ်ပါး ကွဲပြားကြသည့် အရာ၌ ဝိနည်းဓမ္မကံနှင့်အညီ အဓမ္မဝါဒီဖြစ်သော တုံဂိုဏ်းသားတို့ကို နှိပ်နင်း၍ ၎င်းတို့မှီရာ စူဠဂဏ္ဌိကျမ်းကို မီးတိုက်ဖျက်ဆီး ပြုတော်မူကြောင်း။ ၎င်းနောက် အမရပူရမြို့တည် မင်းတရားကြီးလက်ထက်လည်း တုံဂိုဏ်းအနွယ်ဖြစ် ထကြွပြန်သော အတုလဆရာတော်ကြီးကို မောင်းကျော်ဒဏ်ပေး၍ နှိပ်နင်းကြောင်း၊ ၎င်းနောက်လည်း ဣန္ဒသာရ မည်သော စူဠဂဏ္ဌိ အဓမ္မဝါဒီရဟန်းကို တိုင်းတပါးသို့ နှင်ထုတ်နှိပ်နင်းကြောင်း စာဟောင်းစာတမ်း အထင်အရှားရှိသည်။

ရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် သာသနဒါယကာ မင်းတရားကြီးသည်လည်း အလဇ္ဇီဒုဿီလရဟန်းဆိုး ရဟန်းညစ်တို့သည် မဟာလောက

ရုံသီ စေတီတော်ကြီးအတွင်း ဒါယကာ ဒါယိကာမအပေါင်းတို့ ပူဇော်ပွဲ ပြုရာ ရဟန်းတို့ အမှုအရာမဟုတ်၊ ရိုက်ပုတ်နှောင့်ယှက် ဝင်ထွက်သွားလာ ကြမ်းကြုတ်စွာ ပြုကြကုန်လျှင် မြို့ဝန် ထောင်မှူးတို့နှင့် ဝန်းဝိုင်ဖမ်းဆီး ရရှိသည်တို့ကို သဘောတော်နှင့် ရောဝတီမြစ်လယ်ခကြာတွင် အရက် ၄၀- တိုင်အောင် ဆွမ်းပန်းလုပ်ကျွေးလျက် ဒဏ်ပေးထားပြီးမှ တိစိဝရိက် သက်န်းစုံ တို့ဖြင့် ပူဇော်၍ လွှတ်တော်မူ၏။

ဤဇာတ်နိပါတ် ဝတ္ထုမဟာဝင် ရာဇဝင် စသည်တို့ကို ထောက်လျှင် သာသ နာနုဂ္ဂဟမ္မောနုဂ္ဂဟ ဧကျိုးငှာ အာဏာစက် ဓမ္မစက်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲခြင်း မရှိ၊ တရားနှင့်အညီ ဆုံးမပြောဆိုခြင်း၊ ခြိမ်းခြောက် ထိတ်လန့်စေခြင်း၊ ဝတ်ဖြူ လဲဝတ်စေခြင်း၊ နှင်ထုတ်ဒဏ်ပေးခြင်း စသည်တို့ကို မိမိတို့ အမှုဝတ္ထု ပုဂ္ဂိုလ် အလျောက် ပြုထိုက်ပြုအပ်လှသည်သာဖြစ်၏။ ပြုသောကြောင့် ဧကုသိုလ်ကံ ပြစ်ဒဏ်ကြီးစွာ ထိုက်ရောက်တတ်၏ဟု မဆိုရာ။ သာသနာနုဂ္ဂဟ ဓမ္မာနုဂ္ဂ ဟပင် ဖြစ်၏ဟု မှတ်ကုန်ရာ၏။

ဤသို့ ဒုသီလ အလဇ္ဇီတို့ကိုပြစ်မှားချုပ်ချယ်လို၍ မဟုတ်၊ အတ္တပုရက္ခတာ ဓမ္မပုရက္ခတာ အနုသာသနီဘာအားဖြင့် ပြောဆို ဆုံးမသော ရဟန်းတို့အားပင် ဩမသဝါဒသိက္ခာပုဒ်ဖြင့် အာပတ်လွတ်ကြောင်းကို ဝိဘင်းပါဠိတော် ဩမသ ဝါဒ သိက္ခာပုဒ် အနာပတ္တိဝါရ၌ ဟောတော်မူ၏။

> အနာပတ္တိ အတ္ထပုဒ္ဒရက္ခာရတာ ဓမ္မပုရေက္ခာရတာ အနုသာသနိ ပုရေက္ခာရတာ။
>
> ရင်းပါဠိတော်။

> အတ္တံ ဝဏ္ဏယန္တော အတ္တပုရေက္ခာရော။ ပ ဠိ ဝါစေန္တော ဓမ္မ ပုရေက္ခာရော၊ အနုသိဋ္ဌိယံ ဌတွာ ဣဒါနိပိ စဏ္ဍာလောသိ၊ ပါပ မာ အကာသိ၊ မာ တမောသိ၊ မာ တမပရာယနော အဟောသီတိ အာဒိ နာ နယေန ကထေန္တော အနုသာသနိ ပုရေက္ခာရောနာမာတိ ဝေဒိ တဗ္ဗော။
>
> ရင်းဝိဘင်း အဋ္ဌကထာပါဠိ။

အနက်ကား—အတ္တံ၊ အနက်ကို။ ဝဏ္ဏယန္တော၊ ဖွင့်ဆို ပြောဟောသော ရဟန်းသည်။ အတ္ထ ပုရေက္ခာရော၊ အတ္တပုရေက္ခာရမည်၏။ ဝါ၊ အနက်ကို ရှေးရှုသည်မည်၏။ ပါဠိံ၊ ပါဠိကို။ ဝါစေန္တော၊ ပို့ချသောရဟန်းသည်။ ဓမ္မ ပုရေက္ခာရော၊ ဓမ္မပုရေက္ခာရမည်၏။ ဝါ၊ ပါဠိကို ရှေးရှုသည်မည်၏။ အနုသိဋ္ဌိယံ၊

ဆုံးမကျိမြစ်ခြင်းအရာ၌၊ ဌတွာ၊ တည်၍။ ကုဒ္ဒါနိပိ ယနေဘာဝ၌လည်း။ ကြောစလော၊ ဒွန်းစကားသည်။ အသိ၊ သင်ဖြစ်၏။ ပါပံ၊ မကောင်းမှုကို။ မာ အကာသိ၊ မပြုလင့်။ တမော၊ မိုက်သောသူသည်။ မာ အသိ၊ သင်မဖြစ်လင့်။ တမပရာယနော၊ မိုက်သောဘဝသို့ လားသောသူသည်။ မာ အဟောသိ၊ မဖြစ်လင့်။ ဣတိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ ကထေန္တော၊ ပြောဟောသော ရဟန်းသည်။ အနုသာသနိပုရေက္ခာရော နာမ၊ အနုသာသနိပုရေက္ခာရမည်၏။ ဝါ၊ အဆုံးအမကို ရှေ့ရှုသည်မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

အနုသာသနိပုရေက္ခာရအရာ၌တည်၍ ပြောဆိုသော ရဟန်းအား စိတ်၏ အကြားအကြား၌ ဒေါသစိတ်ပင် ဖြစ်သော်လည်း အာပတ်မသင့်ကြောင်းကို သာရတ္ထဒီပနီဋီကာ။ ဝိမတိဝိနောဒနီဋီကာတို့၌ ဆို၏။

> အနုသာသနိပုရေက္ခာရတာယ ဌတွာ ဝဒန္တဿ စိတ္တဿ လဟုပရိဝတ္တိဘာဝတော အန္တရန္တရာ ကောပေ ဥပ္ပန္နေပိ အနာပတ္တိ။
>
> ဝိမတိဋီကာ။

အနက်ကား—အနုသာသနိ ပုရေက္ခာရတာယ၊ ဆုံးမခြင်းကို ရှေ့ရှုသည် အဖြစ်၌။ ဌတွာ၊ တည်၍။ ဝဒန္တဿ၊ ပြောဆိုသောရဟန်းအား။ စိတ္တဿ၊ စိတ်၏။ လဟုပရိဝတ္တိ ဘာဝတော၊ လျင်သောဘောက်ပြန်ခြင်း ရှိသည်၏အဖြစ် ကြောင့်။ အန္တရန္တရာ၊ အကြားအကြား၌။ ကောပေ၊ အမျက်ထွက်ခြင်းသည်။ ဥပ္ပန္နေပိ၊ ဖြစ်သော်လည်း။ အနာပတ္တိ၊ အာပတ်မသင့်။

တပါးလည်း—

> အလဇ္ဇီ နိဂ္ဂဟေတိဘိ အာဒိသု ပဉ္စမံ အလဇ္ဇီအာဒိဘာဝေန နိဂ္ဂဟိ-တဿာမိတိ စိန္တေတွာ နိဂ္ဂဟိတုကာမဿ စိတ္တဿ လဟုပရိဝတ္တိတာယ ကောပေ ဥပ္ပန္နေပိ အနာပတ္တိ။
>
> နိဂ္ဂဟိ သိက္ခာပုဒ်အဖွင့် ထေရသကဏ်ဋီကာ။

အနက်ကား—အလဇ္ဇီ နိဂ္ဂဟေတိတိ အာဒီသု၊ အစရှိသည်တို့၌။ ပဉ္စမံ၊ ရှေးဦးစွာ။ အလဇ္ဇီအာဒိဘာဝေန၊ အလဇ္ဇီစသည်တို့၏ အဖြစ်ဖြင့်။ နိဂ္ဂဟိဿာမိတိ၊ နှင်ထုတ်အံ့ဟု။ စိန္တေတွာ၊ ကြံ၍။ နိဂ္ဂဟိတုကာမဿ၊ ငင်ထုတ်သော ရဟန်းအား။ စိတ္တဿ၊ စိတ်၏။ လဟုပရိဝတ္တိတာယ၊ လျင်သော ဘောက်ပြန်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ ကောပေ၊ အမျက်သည်။ ဥပ္ပန္နေပိ၊ ဖြစ်သော်လည်း။ အနာပတ္တိ၊ အာပတ်မသင့်။

ဤသို့ အလဇ္ဇီ ဒုဿီလတို့ကို ဆုံးမနှင်ထုတ်ခြင်းတို့၌ ဒေါသဖြစ်မှုလည်း အပြစ်မရှိဟု သိလေ။ ပါပဂရဟအားဖြင့်ကား အမျက်ထွက်၍ ဆိုသောရဟန်းအားလည်း အာပတ်သင့်ကြောင်းကို ဝဇိရဗုဒ္ဓိဋီကာဆို၏။

ပါပဂရဟိတာယ ကုဒ္ဓိဘွာပိ ဝဒန္တဿ ဒုက္ကဋံ။

ရင်းဩမ္မသဝါဒ သိက္ခာပုဒ်အဖွင့် ဝဇိရဗုဒ္ဓိဋီကာ။

အမျက်မထွက်ပဲ ဤမည်သော ပုဂ္ဂိုလ်ဟု ပုဂ္ဂလောဒိဿ မပြုမူ၍ ဤအမူ ဤအကျင့်သည် အလဇ္ဇီတို့၏ အမူအကျင့်တည်း။ မကျင့်အပ် မကျင့်ကောင်း၊ ဤအကျင့်ရှိသော ပုဂ္ဂိုလ်တို့သည် အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့တည်း။ ထိုအလဇ္ဇီပုဂ္ဂိုလ်တို့အား မမှီဝဲအပ် မဆည်းကပ်အပ်၊ မှီဝဲဆည်းကပ်ခြင်းငှါမကောင်း။ ဤကဲ့သို့သော အလဇ္ဇီဒုဿီလတို့နှင့် မပေါင်းဘက်လို မဆက်ဆံလို စသည်ဖြင့် ပုဂ္ဂလဓမ္မ ၂-ပါးစုံကို ကဲ့ရဲ့ခြင်းသည်လည်း အပြစ်မရှိ၊ ပါပဂရဟိ သူတော်ကောင်းပင်ဖြစ်၏။ ထို့ကြောင့် ပါပဂရဟီ ဘန္တေ အာယသ္မာ သာရိပုတ္တော ဟု အရှင်အာနန္ဒာမထေရ်သည် အရှင်သာရိပုတ္တရာ မထေရ်အား မြတ်စွာဘုရား အထံတော်၌ ချီးမွမ်းကြောင်း ဒေဝပုတ္တသံယုတ်ပါဠိတော်၌လာ၏။

ပါပဂရဟီတိ—

ပါပပုဂ္ဂလေ န ပဿေ၊ န တေသံ ဝစနံ သုဏေ။
တေဟိ သဒ္ဓိံ ကေစက္က-ဝါဠေပိ စ န ဝသေယျ၊
မာ မေ ကဒါစိ ဒုဿီလေဟိ၊ ကုသိတော ဟီန ဝီရိယော။
အပ္ပဿုတော အနာဒရော၊ သမန္တာ ကတ္ထစိ အဟူတိ။

ဧဝံ ပါပပုဂ္ဂလေပိ ဂရဟတိ သမဏေန နာမ ရာဂဝသိကေန ဒေါသ မောဟဝသိကေန န ဟောတဗ္ဗံ၊ ဥပ္ပန္နော ရာဂေါ ဒေါသော မောဟော ပဟာတဗ္ဗောတိ ဧဝံ ပါပဓမ္မေပိ ဂရဟတီတိ ဒွိဟိ ကာရဏေဟိ ပါပဂရဟီ ဘန္တေ အာယသ္မာ သာရိပုတ္တောတိ ဝဒတိ။

ရင်းသဂါထာဝဂ္ဂ ဒေဝပုတ္တသံယုတ် အဋ္ဌကထာ။

အနက်ကား—ပါပဂရဟီတိ၊ ပါပဂရဟီ ဟူသည်ကား။ အဟံ၊ ငါသည်။ ပါပပုဂ္ဂလေ၊ ယုတ်မာဆိုးရွား တရားမဲ့ အလဇ္ဇီနှင့် ဒုဿီလဖြစ်သော ပုဂ္ဂိုလ်တို့ကို။ န ပဿေ၊ မမြင်လို၊ မမြင်ချင်။ တေသံ၊ ထိုအလဇ္ဇီ ဒုဿီလတို့၏။ ဝစနံ၊ ပြောဆိုသံစကားကို။ နသုဏေ၊ မကြားလို၊ မကြားချင်။ တေဟိ၊ ထိုအလဇ္ဇီ ဒုဿီလတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကေစက္ကဝါဠေပိ စ၊ တစကြဝဠာတည်း၌လည်း။

န ဝသေယျ၊ မနေလို၊ မနေချင်။ ကေးသီ၊ မျက်မှောက်ဘဝ မျက်မှောက်သုခ တနုမျှကိုသာ မြင်တတ်ရှုတတ် မျှော်ငဲ့တတ်သော။ ကုသီတော၊ ပျင်းရိတတ်သော။ ဟီနဝီရိယော၊ ရဟန်းတရား အားထုတ်ခြင်းဝါမထုတ် လုံ့လယုတ်သော။ အပ္ပဿုတော၊ ကျမ်းဂန်မသင် အကြားအမြင်မဲ့သော။ အနာဒရော၊ သူတော်ကောင်းတို့၏ အဆုံးအမ ဩဝါဒ အနုသာသနီတို့၌ ရိုသေခြင်းမရှိသော။ ဒုဿီလော၊ သီလပျက်ယွင်း သီလကင်းသော အဖျင်းဒုဿီ အလဇ္ဇီသည်။ မေ၊ ငါ့အား။ ဝါ၊ ငါ၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ကဏ္ဍစိ၊ တစုံတခုသော အရပ်၌။ မာ အဟု၊ မဖြစ်လင့်။

ဇေ၊ ဤသို့။ ပါပပုဂ္ဂလေ၊ ယုတ်မာဆိုးရွားတရားမှီ အသဇ္ဇီနှင့် ဒုဿီလဖြစ်သော ပုဂ္ဂိုလ်တို့ကို။ ဂရဟာဘိ၊ ကဲ့ရဲ့ရှုတ်ချဘတ်၏။ သမဏေန နာမ၊ ရဟန်းမည်သည်ကား။ ရာဂဝသိကေန၊ ရာဂနိုင်ငံ ဆက်ဆံလိုက်စားခြင်းဖြင့်။ ဒေါသ မောဟဝသိကေန၊ ဒေါသနိုင်ငံ မောဟနိုင်ငံ ဆက်ဆံလိုက်စားခြင်းဖြင့်။ နဟောတဗ္ဗံ၊ မဖြစ်ရာ။ ဥပ္ပန္နေ၊ ဖြစ်သော။ ရာဂေ၊ ရာဂကို။ ဒေါသေ ဒေါသကို။ မောဟေ၊ မောဟကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ ဣတိဇေ၊ သို့။ ပါပဓမ္မေ၊ ယုတ်မာဆိုးရွား အကုသိုလ်တရားတို့ကို။ ဂရဟတိ၊ ကဲ့ရဲ့ရှုတ်ချ၏။ ဣတိ၊ သို့။ ဒွိဟိ၊ နှစ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ပါပဂရဟီ ဘန္တေ အာယသ္မာ သာရိပုတ္တောတိ၊ ဟူ၍။ ဝဒတိ၊ ရှင်အာနန္ဒာဆို၏။

ဤအချက်ကိုရည်၍—

နီဝရဏ၊ ရန်မက်စသား၊ ခွင့်ရစောင့်ရှောက်၊ ရန်ခြောက်ယောက်လျှင်၊ ကင်းထောက်လိုက်လံ၊ မေ့ဆုကြံ၍၊ ပေါ်လျှံနှလုံး၊ လုပ်ကြံတုံးသည်၊ အရှုံးပြစ်သား၊ သူမှုထားကို၊ ရှောင်ရှားရှုတ်ချ၊ ခါနိစ္စဖြင့်၊ ဝါပဂရဟိ၊ ခေါ်တွင်ညီလျက်၊ သာဒိုမယ်တော်၊ မွေး၍ခေါ်သည်၊ ထေရ်ကျော်မဟာ၊ သာရိပုတြာ”—

ဟူသော ပါဠိမြီနန်းလင်္ကာ၌ အရှင်မဟာသီလဝံသ စပ်ဆိုသတည်း။

ဤလင်္ကာ၌ သူဖြင့် ပါပပုဂ္ဂိုလ်ကို မှတ်ားဖြင့် ပါပဓမ္မကို ယူ၊ နီဝရဏ။ လ။ ကင်းထောက်လိုက်လံဖြင့် ပါပဓမ္မသဘောကို မေ့ဆုကြံ၍။ လ။ အရှုံးပြစ်သားဖြင့် ပါပပုဂ္ဂိုလ်သဘောကို အကျယ်ပြဆိုသည်။

ဤသို့ ပါပဂရဟီသည်လည်း နှလုံးသွင်း ဖြောင့်မတ်လျှင် သူတော်ကောင်း သဘောဖြစ်သောကြောင့် အပြစ်ကင်း၏။ နှလုံးသွင်း မဖြောင့်မတ် ဒေါသ မလွှတ်မူ ပရဝဇ္ဇာနုပဿီလှည့်ပတ်၍ ဩမသန အက္ခောသ ဖရုသဝါစာ ဖြစ်

သောကြောင့် အပြစ်မကင်းရာ။ ထိုကြောင့် နေတ္တိအဋ္ဌကထာ ယုတ္တိဟာရ ဝိဘင်းအဖွင့်၌—

နိဂ္ဂယှ ဝါဒိတာ ပဋိရူပတာယ ဖရုသဝါစတာ ဝဇ္ဇေတိ၊ ပါပဂရှ ဟိတာ ပဋိရူပတာယ ပရဝမ္ဘနုဿိတာ ဝဇ္ဇေတီတိ ယုဇ္ဇတိ—

ဟူ၍မိန့်၏။

နိဂ္ဂယှဝါဒိတာ ပဋိရူပတာယ၊ အလဇ္ဇီ ဒုဿီလကို နှိပ်ခြင်းအလေ့ရှိသည်၏ အဖြစ်နှင့် အတူအယောင်အားဖြင့်။ ဖရုသဝါစတာ၊ ဖရုသဝါစာ၏ အဖြစ် သည်။ ဝဇ္ဇေတိ၊ လှည့်ပတ်တတ်၏။ ဣတိ၊ သို့။ ယုဇ္ဇတိ၊ သင့်၏။ ပါပဂရဟိ တာ ပဋိရူပတာယ၊ အကုသိုလ် ပါပမှုကို ကဲ့ရဲ့တတ်သည်၏အဖြစ်နှင့် အတူ အယောင်အားဖြင့်။ ပရဝမ္ဘနုဿိတာ၊ သူတပါး၏ အပြစ်ကို ငြူစူမပြတ် ရှုကြည့်တတ်သော အဖြစ်သည်။ ဝဇ္ဇေတိ၊ လှည့်ပတ်တတ်၏။ ဣတိ၊ သို့။ ယုဇ္ဇတိ၊ သင့်၏။

အနုဿာသန အလိုဖြင့် ပြောဆိုဆုံးမခြင်း၌ကား ကရုဏာလွန်၍ ဒေါသမှု မကင်းသော်လည်း အကျိုးစီးပွားကို အလိုရှိခြင်းကြောင့် အဇ္ဈာသယ ဖရုသ စေတနာ မဖြစ်နိုင်ရကား အပြစ်ကင်းလျက် အကျိုးတရားများစွာ ဖြစ်ပေရာ သည်ဟု မှတ်ရာ၏။ အမျိုးအနွယ် အာပတ်စသည်တို့ဖြင့် ချုပ်ချယ်ထိပါး ပြစ်မှား ကဲ့ရဲ့ခြင်းသည် ဖရုသဝါစာဖြစ်သောကြောင့် ဩမသန အဇ္ဈာသယ စေတနာ ဖြင့် ချုပ်ချယ်ထိပါးမိသော် "အပ္ပဂုဏတာယ အပ္ပသာဝဇ္ဇော ဂုဏမဟန္တတာယ မဟာသာဝဇ္ဇော" ဟူ၍ အဋ္ဌသာလိနီ အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ ဣတိဝုတ်အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာစသော အဘိဓမ္မာအဋ္ဌကထာ၊ သုတ္တန်အဋ္ဌကထာကြီးတို့ ဆုံးဖြတ်မိန့်ဆိုကြသည့်အတိုင်း အပြစ်မလွတ်သာကုန်။ ပြစ်ငယ်ပြစ်ကြီးသာ ဖြစ်ရာ၏ဟု ပိုင်းခြား၍ သိကုန်ရာ သတည်း။

ဤသို့ ပြဆိုခဲ့ပြီးသော ဝိနည်း သုတ္တန် အဘိဓမ္မာ ပါဠိ အဋ္ဌကထာနိပါတ် ဇာတ်ဝတ္ထု ကျမ်းဂန်အရပ်ရပ်တို့ဖြင့် ဒုဿီလ အလဇ္ဇီရဟန်းတို့အား အပြစ်ဖကား ထိပါးချုပ်ချယ်ခြင်းကို ပြုရာ၌ မျက်မှောက်တမလွန် ဒဏ်ထိုက်ခြင်း မထိုက်ခြင်း အပြစ်လွတ်ခြင်းနှင့် တကွ သာသနာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ သံဃေဂဇနန ပါပဂရဟ အနုသာသနအမှုတို့ကို ပြုထိုက် ပြုသင့်သော အဖြစ်တို့ကို စင်စစ်ပိုင်းခြား မှတ်သားယူကျုံး နှလုံးသွင်းကုန်ရာသတည်း။

ဝဇီရူပမ ဗျာကရဏ အဋ္ဌမ ပုစ္ဆာ အဖြေ ပြီး၏။

## နဝမပုစ္ဆာ

(၉) အလဇ္ဇီပုဂ္ဂိုလ်တို့သည် သံသရာဘေးကြီးကို ကြောက်လန့်၍ ဓမ္မသံဝေဂရသဖြင့် လဇ္ဇီသူတော်ကောင်းအဖြစ်သို့ ရောက်လိုသောအခါ အဘယ်ကဲ့သို့သော အမှုအရာဖြင့် လဇ္ဇီသူတော်ကောင်း ဖြစ်နိုင်မည့်အကြောင်းကိုလည်း သိလိုပါသည်ဘုရား။

---

### ဝဇိရပူပမ ဗျာကရဏ နဝမပုစ္ဆာ အဖြေ

(၉) ၎င်း နဝမ လျှောက်ချက်အရ အလဇ္ဇီပုဂ္ဂိုလ်သည် လဇ္ဇီဖြစ်လိုသည် ဖြစ်၍ ဒေသနာဂါမိ အာပတ်ကို ဒေသနာကြားသည်ဖြစ်အံ့၊ သီလဝိသုဒ္ဓိဖြစ်သဖြင့် လဇ္ဇီ ဖြစ်၏။ ဝုဋ္ဌာနဂါမိအာပတ်ကို ဝုဋ္ဌာနဂါမိ ပြုသည်ဖြစ်အံ့။ သီလဝိသုဒ္ဓိ ဖြစ်သဖြင့် လဇ္ဇီဖြစ်၏။ ပါရာဇိကကျ၍ အနုဝသေသ အာပတ်သင့်သော အလဇ္ဇီသည် ဝဇိရဗုဒ္ဓိဋီကာအလိုအားဖြင့် လူ၏ အဖြစ်သို့ ရောက်သည်ဖြစ်အံ့၊ သီလဝိသုဒ္ဓိ ဖြစ်သဖြင့် လဇ္ဇီဖြစ်၏။ ကေစိ ဆရာ တို့၏အလိုအားဖြင့် သာမဏေ ဖြစ်သော်လည်း သီလဝိသုဒ္ဓိဖြစ်သဖြင့် လဇ္ဇီဖြစ်၏ဟူ၍ မှတ်ရာသတည်း။

ဝိသုဒ္ဓါပေက္ခေနာတိ ဝုဋ္ဌာတုကာမေန ဝိသုဇ္ဈိတုကာမေန။
ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓက ပါဠိတော် ကင်္ခါအဋ္ဌကထာပါဠိ၊

ဝိသုဒ္ဓါပေက္ခေနာတိ သာဝသေသံ အာပတ္တိံ ဥပါဒါယ အနာပတ္တိ ဘာဝသင်္ခါတံ အနဝသေသံ ဥပါဒါယ ဂိဟိဘာဝသင်္ခါတံ ဝိသုဒ္ဓိံ ဣစ္ဆန္တေန တသ္မာ အာဝိ ကာတဗ္ဗာ။

ဝဇိရဗုဒ္ဓိ ဋီကာ ၎င်းအဖွင့်။

တဿ စ ဂိဟိဘာဝေန ဝါ သာမဏေရဘာဝေန ဝါ ဝိသုဒ္ဓိ ဟောတိတိ ကေစိ။

ကင်္ခါဋီကာဟောင်းပါဠိ။

အနက်ကား—ဝိသုဒ္ဓါပေက္ခေနာတိ၊ ဟူသည်ကား။ ဝုဋ္ဌာတုကာမေန၊ ဝုဋ္ဌာနဂါမိ အာပတ်မှ ထမြောက်လိုသဖြင့်။ ဝါ၊ ထမြောက်လိုသော ရဟန်းသည်။ ဝိသုဇ္ဈိတု ကာမေန၊ ဒေသနာဂါမိ အာပတ်မှ စင်ကြယ်လိုသဖြင့်။ ဝါ၊ စင်ကြယ်လိုသော ရဟန်းသည်။ သန္တိ၊ ထင်ရှားရှိသော။ အာပတ္တိ၊ အာပတ်ကို။ အာဝိ၊ ထင်စွာ။ ကာတဗ္ဗာ၊ ပြုအပ်၏။ (ကင်္ခါဋီကာသစ်နှင့်အညီ ကခါအနက်။)

သာ စ ဝိသုဒ္ဓိ ဣဓ ဝုဋ္ဌာနာဒီတိ အာဟ ဝုဋ္ဌာတုကာမေန ဝိသုဇ္ဈိတုကာမေနာတိ။

ဣ. ခံ ါဋီကာသစ်။

သာ စ ဝိသုဒ္ဓိ၊ ထိုစင်ကြယ်ခြင်း မည်သည်လည်း။ဣဓ၊ဤအာပတ်သင့်ရာ၌။ ဝုဋ္ဌာနာဒိ၊ ဝုဋ္ဌာနဂါမိဖြင့် ထမြောက်ခြင်း စသည်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ဝုဋ္ဌာတုကာမေန ဝိသုဇ္ဈိတုကာမေနာတိ၊ ဟူ၍။ အာဟ၊ အဋ္ဌကထာ ဆို၏။ ဤကား ဋီကာသစ် အနက်ချုပ်၍ပေးလိုက်သည်။

ဝိသုဒ္ဓါပေက္ခေနာတိ၊ ဟူသည်ကား။ သာဝသေသံ၊ သာဝသေသဖြစ်သော။ ဝါ၊ အကြွင်းရှိသော။ အာပတ္တိံ၊ သံဃာဒိသိသ် ထုလ္လစ္စဉ်းစသော အာပတ်ခြောက်ပုံကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ ရည်၍။ အနာပတ္တိဘာဝ သင်္ခါတံ၊ အာပတ်ကင်းသည်၏ အဖြစ်ဟု ဆိုအပ်သော။ ဝိသုဒ္ဓိံ၊ စင်ကြယ်ခြင်းကို။ အနဝသေသံ၊ အနဝသေသဖြစ်သော။ ဝါ၊ အကြွင်းမရှိသော။ အာပတ္တိံ၊ ပါရာဇိကအာပတ်ကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ ရည်၍။ ဂိဟိဘာဝသင်္ခါတံ၊ လူ၏အဖြစ်ဟု ဆိုအပ်သော။ ဝိသုဒ္ဓိံ၊ စင်ကြယ်ခြင်းကို။ ဝါ၊ အာဇာဝိတိက္က မန္တရာယ်ဖြစ်သော အာပတ်၏ စင်ကြယ်ခြင်းကို။ ဣစ္ဆန္တေန၊ အလိုရှိသောရဟန်းသည်။ တသ္မာ၊ ထိုသို့ စင်ကြယ်ခြင်းကို အလိုရှိသောကြောင့်။ ဝါ၊ ထိုသို့ ဝုဋ္ဌာနဂါမိ ဒေသနာဂါမိဖြင့် စင်ကြယ်ခြင်းကြောင့်။ အာဝိ၊ ထင်စွာ။ ကာတဗ္ဗာ၊ ပြုအပ်၏။ (ဝဇိရအနက်။)

ဤလူအဖြစ်ကို ဝန်ခံခြင်းဖြင့် ပါရာဇိကဒေသနာဂါမိဖြစ်သတည်း။

ဘိက္ခုဘာဝ ပရိစ္စာဂေါ၊ သာ ပါရာဇိကဒေသနာ-
ခုဒ္ဒသိက္ခာနှင့်အညီတည်း။

တဿ စ၊ ထိုပါရာဇိက ကျရောက်သော ရဟန်းအားလည်း။ ဝါ၊ ၏လည်း။ ဂိဟိဘာဝေန ဝါ၊ လူ၏အဖြစ်ဖြင့်ငှင်း။ သာမဏေရဘာဝေန ဝါ၊ သာမဏေ၏ အဖြစ်ဖြင့်ငှင်း။ ဝိသုဒ္ဓိ၊ စင်ကြယ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဧကစ္စေ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။

ကင်္ခါဋီကာဟောင်းအနက်။

ဤအရာ၌လည်း ဓျာနဝိဘင်း အဋ္ဌကထာ၌လာသော ဆရာဒိဗ္ဗဝိဟာရဝါသီ သုမထေရဝါဒ၊ အဝိဋ္ဌာနာဝိကမ္မ၊ တပည့် တိပိဋကစူဠနာဂထေရဝါဒ ဝုဋ္ဌာနဝိကမ္မဟူ၍ ဝါဒနှစ်မျိုးတို့ကို ထုတ်ဆောင်၍ ပြအပ်ကုန်၏။ ထိုသို့ ပြအပ်ကုန်သော်လည်း ဤ၌ ရှိ အာကြီး နည်းတို့သာ ပမာဏဖြစ်ရကား မပြပြီ။

သိလျက်လွန်ကျူးသော အာပတ် ခုနစ်ပုံတို့သည် အာဏာဝီတိက္ကမန္တရာယ် ဖြစ်သောကြောင့် အယုတ်ဆုံး ဒုက္ကဋ် ဒုဗ္ဘာသိ အာပတ်မျှလည်း လူ နှတ် သုဂတိ ဈာန် မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်၏ဟု မှတ်ရာ၏။

သဉ္စိစ္စ အာပန္နာ အာပတ္တိယော အာဏာဝီတိက္ကမန္တရာယိကာ နာမ၊
တာပိ ယာဝ ဘိက္ခုဘာဝံ ပဋိဇာနာတိ န ဝုဋ္ဌာတိ နဒေသေတိ ဝါ၊
တာဝဒေဝ န တတော ပရံ။

အရိဋ္ဌသိက္ခာပုဒ် အဋ္ဌကထာ။

အနက်ကား—သဉ္စိစ္စ၊ သိလျက်။ အာပန္နာ၊ သင့်ကုန်သော။ အာပတ္တိယော၊ တို့သည်။ အာဏာဝီတိက္ကမန္တရာယိကာ နာမ၊ အာဏာဝီတိက္ကမန္တရာယ်ကို ပြုတတ်သည် မည်ကုန်၏။ တာပိ၊ ထိုအာပတ်တို့သည်လည်း။ ဝါ၊ အာဏာဝီတိက္ကမန္တရာယ်ကို ပြုတတ်ကုန်သော အာပတ်တို့သည်လည်း။ ယာဝ၊ လောက်။ ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်ကို၊ ပဋိဇာနာတိ ဝါ၊ ဝန်မှုလည်းခံသေး၏။ န ဝုဋ္ဌာတိ ဝါ၊ ထလည်း မထမြောက်သေး။ န ဒေသေတိ ဝါ၊ ဒေသနာလည်း မကြားသေး။ တာဝဒေဝ၊ ထိုမျှသောကာလပတ်သုံးသာလျှင်။ အန္တရာယိကာ၊ အန္တရာယ်ကို ပြုတတ်ကုန်၏။ တတော၊ ထိုအခါမှ။ ပရံ၊ နောက်ဖြစ်သော ရဟန်းအဖြစ်ကို ဝန်မခံသော ကာလ ထမြောက်ပြီးသော ကာလ ဒေသနာကြားပြီးသော ကာလ၌၊ အန္တရာယိကာ၊ အန္တရာယ်ကို ပြုတတ်ကုန်သည်။ န ဟောန္တိ မဖြစ်ကုန်။

သဉ္စိစ္စ အာပန္နာ အာပတ္တိယောတိ သဉ္စိစ္စ ဝီတိက္ကမန္တာ ဣတ္ထ အာပတ္တိကန္ဓာ၊ သဉ္စိစ္စ ဝီတိက္ကမန္တံ ဟိ အန္တမသော ဒုက္ကဋ ဒုဗ္ဘာသိတမ္ပိ သဂ္ဂမဂ္ဂဒွါရာနံ အန္တရာယံ ကရောတိ၊ ယာဝ ဘိက္ခုဘာဝံ ပဋိဇာနာတိ ပါရာဇိကံ အာပန္နော န ဝုဋ္ဌာတိ၊ သေသဂရုကာပတ္တိံ န ဒေသေတိ ဇီဝိတာဟု ကာပတ္တိံ အာပန္နော။

ဋီကာ ထေရသကဏ် အရိဋ္ဌသိက္ခာပုဒ် အဖွင့်။

အနက်ကား—သဉ္စိစ္စ အာပန္နာ အာပတ္တိယောတိ၊ ဟူသည်ကား။ သဉ္စိစ္စ၊ သိလျက်။ ဝီတိက္ကမန္တာ၊ လွန်ကျူးကုန်သော။ သံတ္တ အာပတ္တိကန္ဓာ၊ အာပတ်

၇-ပုံတို့ဘည်း၊ ဟိ သစ္စံ၊ မှန်၏။ သဋ္ဌိစ္စ၊ သိလျက်။ ဝိတိက္ကမန္တံ၊ လွန်ကျူးသော။ အန္တမသော၊ အယုတ်ဆုံးအာ ဖြင့်။ ဒုက္ကဋဒုဗ္ဘာသိတမ္ပိ၊ ဒုက္ကဋ်ဒုဗ္ဘာသိ အာပတ်မျှသည်လည်း။ သဂ္ဂ မဂ္ဂဖလာနံ၊ လူနတ်သုဂတိ မဂ်ဖိုလ်ဘို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြုတတ်၏။

ပါရာဇိကံ၊ ပါရာဇိကအာပတ်သို့။ အာပန္နော၊ ရောက်သောရဟန်းသည်။ ယာဝ၊ အကြင်ရွေ့လောက် ကာလပတ်လုံး။ ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်ကို၊ ပဋိဇာနာတိ၊ ဝန်ခံသေး၏။ သေသဂရုကာပတ္တိံ၊ ပါရာဇိကမှကြွင်းသော ဂရုက သံဃာဒိသိသ် အာပတ်သို့၊ အာပန္နော၊ သည်။ ယာဝ၊ လုံး။ န ဝုဋ္ဌာ တိ။ ဝုဋ္ဌာနဂါမ်ဖြင့် မထမြောက်သေး။ လဟုကာပတ္တိံ၊ လဟုက အာပတ်ငါးပုံသို့ အာပန္နော၊ သည်။ ယာဝ၊ လောက်။ န ဒေသေတိ၊ ဒေသနာမကြားသေး။ တာဝ၊ ထိုရွေ့လောက် ကာလပတ်လုံး။ သဂ္ဂမဂ္ဂဖလာနံ၊ တို့၏။ အန္တရာယံ၊ ကို။ ကရောတိ၊ ၏။

ဇာနိဒ္ဓိကာသစ်၌လည်း—

သဋ္ဌိစ္စ အာပန္နာ အာပတ္တိယော ပညတ္တိ ဝိတိက္ကမန္တရာယကာ နာမ တာပိ ယာဝ ဘိက္ခုဘာဝံ ဝါ ပဋိဇာနာတိ၊ န ဝုဋ္ဌာတိ ဝါ န ဒေသေတိ ဝါ တာဝဒေဝ န တတော ပရံ—

ဟူ၍မိန့်၏။

အနက်ကား—သဋ္ဌိစ္စ၊ သိလျက်။ အာပန္နာ၊ သင့်ကုန်သော။ အာပတ္တိယော၊ အာပတ်တို့သည်။ ပညတ္တိ ဝိတိက္ကမန္တရာယိကာ နာမ၊ ပညတ္တိ ဝိတိက္ကမန္တရာယ် မည်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ တာ၊ ထိုအာပတ်တို့သည်။ ယာဝ၊ လောက်။ ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်ကို။ ပဋိဇာနာတိ ဝါ၊ ဝန်မူလည်း ခံသော၏။ န ဝုဋ္ဌာတိ ဝါ၊ ဝုဋ္ဌာနဂါမ်ဖြင့်လည်း မထမြောက်သေး။ န ဒေသေတိ ဝါ၊ ဒေသနာမူလည်းမကြားသေး။ တာဝဒေဝ၊ ထိုရွေ့လောက် ကာလပတ်လုံးသာလျှင်။ အန္တရာယံ၊ လူနတ် မဂ်ဖိုလ် အန္တရာယ်ကို။ ကရောန္တိ၊ ပြုတတ်ကုန်၏။ တခါ၊ ထိုရဟန်းအဖြစ်ကို ဝန်ခံသောကာလ ဝုဋ္ဌာနဂါမ်ဖြင့် မထမြောက်သောကာလ ဒေသနာဂါမ်ဖြင့် ဒေသနာ မကြားသောကာလမှ။ ပရံ၊ နောက်ဖြစ်သော ရဟန်းအဖြစ်ကို ဝန်မခံသောကာလ ဝုဋ္ဌာနဂါမ်ဖြင့် ထမြောက်ပြီးသောကာလ ဒေသနာဂါမ်ဖြင့် ဒေသနာကြားပြီးသော ကာလ၌။ အန္တရာယံ၊ ကို။ န ကရောန္တိ၊ မပြုတတ်ကုန်။

မသိပဲ သင့်ကုန်သော အာပတ်တို့သည်ကား မသိသမျှ ကာလပတ်လုံး လူနတ် သုဂတိ မဂ်ဖိုလ်တို့၏ အန္တရာယ်ကို မပြုတတ်ကုန်။ သိ၍ ဖုံးလွှမ်းသော

ရဟန်းအား ဖုံးလွှမ်းခြင်းကြောင့်သင့်သော ဒုက္ကဋ်အာပတ်သည် အကုသိုလ် သဘော၏ အဖြစ်ကြောင့် လူ နတ် သုဂတိ မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ် ကုန်၏ဟု ဟေရသကဏ်ဋီကာ ရူဋ္ဌ၁ါ သမထက္ခန္ဓကအဖွင့်၌ ပြဆို၏၊

ယသ္မိံစ ဿ ပန္နာ ဟိ အာပတ္တိယော ယာဝ သော န ဇာနာတိ၊ တာဝ အနန္တရာယကရာ။ ဇာနိတွာ ဆာဒေန္တော ပန ဆာဒနပစ္စယာ အညံ ဒုက္ကဋ္ဌာနံ ပတ္တံ အကုသလမာပတ္တာဝိကရဏံ အာပဇ္ဇတိ၊ တဒ္ဓ အကုသလသဘာဝတ္တာ သဂ္ဂမောက္ခာနံ အန္တရာယ ကရဏတ္တိ သာပတ္တိ ကဿ အပါယဂါမိဘာဝ ဝုတ္တာ။

တေရသကဏ်ဋီကာ ရူဋ္ဌ၀ါ သမထက္ခန္ဓကအဖွင့်။

အနက်ကား—ဟိ သစ္စံ၊ မှန်၏။ အသဉ္စိစ္စ၊ မသိပဲ။ အာပန္နာ၊ သင့် ကုန်သော။ အာပတ္တိယော၊ တို့သည်။ ယာဝ၊ လုံး။ သော၊ ထိုရဟန်းသည်။ န ဇာနာတိ၊ မသိသေး။ တာဝ၊ လုံး။ အနန္တရာယကရာ၊ အန္တရာယ်ကို မပြုတတ်ကုန်။ ဇာနိတွာ၊ သိပြီး၍။ ဆာဒေန္တော ပန၊ ဖုံးလွှမ်းသော ရဟန်းသည်ကား။ ဆာဒ နပစ္စယာ၊ ဖုံးလွှမ်းခြင်း အကြောင်းကြောင့်။ အညံ၊ တပါးသော။ ဒုက္ကဋ္ဌာနံ ပတ္တံ၊ ဆာဒနဒုက္ကဋ်ဟု ဆိုအပ်သော။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ အာပတ္တာဓိ ကရဏံ၊ အာပတ္တာဓိကရုဏ်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ တဒ္ဓ၊ ထိုအာပတ္တာဓိက ရုဏ်းသည်လည်း။ အကုသလ သဘာဝတ္တာ၊ အကုသိုလ်သဘောရှိသည်၏ အဖြစ် ကြောင့်။ သဂ္ဂမောက္ခာနံ၊ လူနတ် မဂ်ဖိုလ်တို့၏။ အန္တရာယကရဏံ၊ အန္တရာယ် ကို ပြုခြင်းသည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာပတ္တိကဿ၊ အာပတ်ရှိသောရဟန်း၏။ အပါယဂါမိတာ၊ အပါယ်လားတတ်သည်၏အဖြစ် ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ အဗျာကတံ၊ အဗျာကတဖြစ်သော။ အာပတ္တာ ဓိကရဏံ၊ သည်။ အဝိပါကမ္မမေဝ၊ အကျိုး ပေးခြင်းသဘော မရှိသည်သာ လျှင်တည်း။ ဣတိ၊ သို့။ ဧတ္ထ၊ ဤ အာပတ္တာဓိကရုဏ်း၌။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂန္တဗ္ဗံ၊ ရောက်အပ်၏။ ဝါ၊ သိအပ်၏။

ဤ အဗျာကတ အာပတ္တာ ဓိကရဏ် အရာ၌ အဝိပါကမ္မအဖြစ်ကို ဆိုခြင်း ကား အစိတ္တကအာဘ်ကိုသာ ရည်၍ ဆိုသည်ဖြစ်ရာ၏။ သဟသေယျ စသော အကုသလ သစိတ္တကအာဘ်၌ကား ဝိပါကမ္မသာ ဖြစ်ရာသည်။

အာပတ္တာဓိကရုဏ်းသည် အကုသိုလ်ပင်ဖြစ်သော်လည်း ဒေသနာကြားပြီး ဝုဋ္ဌာနဂါမိဖြင့် ထမြောက်ပြီးသည်ဖြစ်အံ့။ အရိယူပဝါဒကံသည် အပြစ်ကိုပြ၍ ကန်တော့ခြင်းဖြင့် ပယောဂသမ္ပတ္တိ မြစ်တားခြင်းကြောင့် အဝိပါကမ္မအဖြစ်

သို့ ရောက်သကဲ့သို့။ ဒေသနာဂါမ် ဝုဋ္ဌာနဂါမ် ပယောဂသမ္ပတ္တိ မြစ်တားခြင်းကြောင့်အဝိပါကဓမ္မဖြစ်၍ အန္တရာယ်မပြုတတ်ဟု ရှင်းတေဇသကဏ္ဍီကာ ၌ပင် မိန့်ဆို၏။

ယဉ္စ အာပတ္တာဓိကရဏံ အကုသလံ၊ တမ္ပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ အနန္တရာယကရံ၊ ယထာ ဟိ အရိယူပဝါဒကမ္မံ အကုသလမ္ပိ သမာနံ ဒေသေတွာ ခမာပနေန ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတံ အာပန္နံ အဗျောဟာရိကမ္ပိ ဟောတိ။ ဧဝမိဒမ္ပိ ဒေသိတံ ဝါ ဝုဋ္ဌိတံ ဝါ ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတာယ အဗျောဟာရိကမ္မဘာဝေန အနန္တရာယကရံ ဇာတံ၊ တေနေဝ သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါတိ သာပတ္တိကဿေဝ အပါယဂါမိတာ ဝုတ္တာ။

ရှင်း တေဇသကဏ္ဍီကာ စူဠဝါ သမထက္ခန္ဓကအဖွင့်။

အနက်ကား—ယဉ္စ အာပတ္တာဓိကရဏံ၊ အကြင်အာပတ္တာဓိကရုဏ်းသည်လည်း။ အကုသလံ၊ အကုသိုလ်ဖြစ်၏။ တမ္ပိ၊ ထိုအကုသိုလ်အာပတ္တာဓိကရုဏ်းသည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားအပ်ပြီးသော်ရင်း။ ဝုဋ္ဌိတံ ဝါ၊ ထမြောက်ပြီးသော်ရင်း။ အနန္တရာယကရံ၊ အန္တရာယ်ကို မပြုတတ်။ ဟိ တပ္ပါကဋ္ဌံ ကရောမိ၊ ထိုစကားကို ထင်ရှားစိမ့်သော ဥပမာဖြင့် ထင်စွာပြုဦးအံ့။ အရိယူပဝါဒကမ္မံ၊ အရိယာကို ကဲ့ရဲ့ပြစ်မှားမိသောကံသည်။ အကုသလံ၊ အကုသိုလ်သည်။ သမာနမ္ပိ၊ ဖြစ်လျက်လည်း။ အစ္စယံ၊ အပြစ်ကို။ ဒေသေတွာ ကြား၍။ ခမာပနေန၊ သည်းခံစေခြင်းဖြင့်။ ဝါ၊ ကန်တော့သဖြင့်။ ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ၊ ပယောဂသမ္ပတ္တိ တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ အဝိပါကဓမ္မတံ၊ အကျိုးမပေးသော သဘောရှိသည်၏ အဖြစ်သို့။ အာပန္နံ၊ ရောက်သည်။ အဗျောဟာရိကမ္ပိ၊ အဗျောဟာရိကံသည်။ ဟောတိ ယထာ၊ ဖြစ်၏သို့။ ဧဝံ တထာ၊ ထိုအတူ။ ဣဒမ္ပိ၊ ဤအာပတ္တာဓိကရုဏ်းဖြစ်သော အကုသိုလ်သည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားအပ်သော်ရင်း။ ဝုဋ္ဌိတံ ဝါ၊ ထမြောက်ပြီးသော်ရင်း ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ၊ ပယောဂသမ္ပတ္တိ တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ အဝိပါကဓမ္မတာယ၊ အကျိုးမပေးတတ်သော သဘောရှိသည်၏ အဖြစ်ဖြင့်။ အဗျောဟာရိကမ္မဘာဝေန၊ အဗျောဟာရိကံ၏ အဖြစ်ဖြင့်။ အနန္တရာယကရံ၊ အန္တရာယ်ကို မပြုတတ်သည်။ ဇာတံ၊ ဖြစ်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါတိ၊ ဟူ၍။ သာပတ္တိကဿေဝ၊ အာပတ်ရှိသော ရဟန်း၏သာလျှင်။ အပါယဂါမိတာ၊ အပါယ်လားတတ်သည်၏ အဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

သာဓက ပါဠိ၏ အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ သာပတ္တိကဿ၊ အာပတ်နှင့်တကွ စုတိကျသော ရဟန်းအား။ နိရယံ ဝါ၊ ငရဲသို့လားခြင်းကို ၎င်း။ တိရစ္ဆာနယောနိံ ဝါ၊ တိရစ္ဆာန်မျိုးသို့ လားခြင်းကို၎င်း။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း ဒေသနာသုဒ္ဓိအရာ၌ ဒေသနာကြားခြင်းကို ယူသဖြင့် ဝုဋ္ဌာနဂါမ်ဖြင့် ထမြောက်ခြင်း ပါရာဇိကကျကုန်ပြီးသော ရဟန်းတို့၏ ရဟန်းအဖြစ်ကို စွန့်ခြင်းကို သွင်းယူ၍ ပါရာဇိက ကျရောက်သော ရဟန်းတို့အားလည်း ရဟန်းအဖြစ်ကို စွန့်ခြင်းဖြင့် ပါရာဇိကအာပတ်မှ ထမြောက်သဖြင့် ပါရာဇိကမကျမီ ရှေ့အဘို့၌ စောင့်ရှောက်ခဲ့ပြီးသော သီလသည် ဝိသုဒ္ဓိမည်သည်ဖြစ်၏။ ထို့ကြောင့် ရဟန်းအဖြစ်ကို စွန့်သောပါရာဇိက ကျရောက်သော ရဟန်းအား အရိယမဂ်ကို ရခြင်းသည်လည်း ပြီးပြည့်စုံ၏ဟု မိန့်၏။

> ဧတ္ထ ဒေသနဂ္ဂဟဏေန ဝုဋ္ဌာနမ္ပိ ဆိန္နမူလာနံ အဘိက္ခုတာပိ၊ ဆိန္နမူလာနမ္ပိ ဟိ ပါရာဇိကာပတ္တိဝုဋ္ဌာနေန ဟောဋ္ဌာပရိရက္ခိတံ သီလံ ဝိသုဒ္ဓံ နာမ ဟောတိ၊ တေန တေသံ မဂ္ဂုပ္ပတ္တိ သမ္ဘဝတိ။

ဝိမတိဝိနောဒနီဋီကာ ရူပိယသိက္ခာပုဒ်အဖွင့်။

အနက်ကား—ဧတ္ထ၊ ဤဒေသနာသုဒ္ဓိအရာ၌။ ဒေသနဂ္ဂဟဏေန၊ ဒေသနာသဒ္ဒါဖြင့်။ ဝါ၊ ဒေသနာကို ယူသဖြင့်။ ဝုဋ္ဌာနမ္ပိ၊ ဝုဋ္ဌာနဂါမ်ဖြင့် ထမြောက်ခြင်းကို၎င်း။ ဆိန္နမူလာနံ၊ အရင်းပြတ် ပါရာဇိကကျရောက်ကုန်ပြီးသော ရဟန်းတို့၏။ အဘိက္ခုတာပိ၊ ရဟန်းအဖြစ်ကို စွန့်ခြင်းကိုလည်း။ ဂဟိတာ၊ ယူအပ်၏။ ဟိ သစ္စံ၊ မှန်၏။ ဝါ။ ဟိယုတ္တံ၊ ဝုဋ္ဌာန အဘိက္ခုတာသည်လည်း ဒေသနာသုဒ္ဓိအတူ စင်ကြယ်သီလ မုချစင်စစ် သုဒ္ဓိဖြစ်သဖြင့် ဒေသနာအတွင်း အကျုံးသွင်း၍ ပေါင်းယူခြင်းအရာ လက္ခဏာဟာရနေတ္တိနည်းအားဖြင့် သင့်၏။ ဆိန္နမူလာနမ္ပိ၊ အရင်းပြတ် ပါရာဇိကကျရောက်ကုန်ပြီးသော ရဟန်းတို့အားလည်း။ ပါရာဇိကာပတ္တိဝုဋ္ဌာနေန၊ ပါရာဇိကအာပတ်မှ ထမြောက်သဖြင့်။ ဟောဋ္ဌာ၊ ပါရာဇိက မကျမရောက်မီ ရှေ့ဟုဆိုအပ်သောအောက်၌။ ပရိရက္ခိတံ၊ ထက်ဝန်းကျင် ပြည့်စုံစွာစောင့်အပ်ခဲ့ပြီးသော။ သီလံ၊ စတုပါရိသုဒ္ဓိ သီလသည်။ ဝိသုဒ္ဓံ နာမ၊ စင်ကြယ်သောမည်သည်။ ဟောတိ၊ ၏။ တေန၊ ထို့ကြောင့်။ တေသံ၊ ထိုပါရာဇိကကျရောက်၍ လူ့ဘောင် ဝတ်ကြောင် ဝတ်ဖြူ လူ့တော်မှုဖြင့် ယူ၍ကျင့်နေကုန်သော သူတို့အား။ မဂ္ဂုပ္ပတ္တိလာဘောပိ၊ အရိယမဂ်ကို ရခြင်းသည်လည်း၊ သမ္ဘဝတိ၊ ပြည့်စုံ၏။

ဤဋီကာစကား၌ ဒေသနာဖြင့် ဝိသုဒ္ဓဖြစ်၍ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ် ဟူသော်လည်း လဟုကကံဖြစ်သော်သာ သင့်ရာ၏။ ဂရုက အနန္တရိယကံ ဖြစ်သော်ကား သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်ကို မြစ်စေနိုင်သည်သာ ဖြစ်ရာသတည်း။

ပါရာဇိကကျ၍ ရဟန်းအဖြစ်ကို စွန့်သဖြင့် လူသာမဏေဖြစ်၍ ဤဘဝ၌ မဂ်ဖိုလ်ရခွင့်သော တမလွန်ဘဝ၌လည်း နတ်ရွာသုဂတိကို ရသော ဝတ္ထုကား ငါတို့ဘုရားသခင် ရွှေလက်ထက်တော်၌ အဂ္ဂိခန္ဓူပမသုတ္တန် ဒေသနာတော်ကို ဟောတော်မူသောအခါ ခြောက်ကျိပ်သော ရဟန်းတို့သည် သွေးအန်ကုန်၏။ ခြောက်ကျိပ်သော ရဟန်းတို့သည် လူထွက်ကုန်၏။ ခြောက်ကျိပ်သော ရဟန်းတို့သည် ရဟန္တာဖြစ်ကုန်၏။ ထိုရဟန်းတို့တွင် သွေးအန်သော ရဟန်းတို့ သည်ကား ပါရာဇိက ကျကုန်ပြီးသော ရဟန်းတို့တည်း။ လူထွက်သော ရဟန်းတို့သည်ကား ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်ကို လွန်ကျူးသော ရဟန်းတို့တည်း။ ရဟန္တာဖြစ်ကုန်သော ရဟန်းတို့သည်ကား ပရိသုဒ္ဓသီလရှိကုန်သော ရဟန်းတို့တည်း။ ဤအဂ္ဂိခန္ဓူပမသုတ္တန် ဒေသနာကို ကြားနာရကုန်သဖြင့် ပါရာဇိက ကျကုန်ပြီးသော ရဟန်းတို့သည် ထိတ်လန့်သံဝေဂ ရကုန်၍ ရဟန်းအဖြစ်ကို စွန့်ကုန်လျက် သာမဏေအဖြစ်၌ တည်ကုန်၍ ဒသသီလတို့ကို ဖြည့်ကုန်သဖြင့် ယောနိသောမနသိကာရ၌ ယှဉ်ကုန်၍ အချို့ကား သောတာပန်၊ အချို့ကား သကဒါဂါမ်၊ အချို့ကား အနာဂါမ်ဖြစ်ကုန်၏။ အချို့ကား နတ်ပြည်၌ ဖြစ် ကုန်၏။ ထိုအကြောင်းကား ဓေါ်ဂုတ္တရ အဋ္ဌကထာ၌ လာ၏။

> ဣဒံ ပန ဒေသနံ သုတွာ ဇာတသံဝေဂါ ဌာနံ ဇဟိတွာ သာမဏေရ ဘူမိယံ ဌိတာ ဒသသီလာနိ ပူရေတွာ ယောနိသော မနသိကာရေ ယုတ္တပယုတ္တာ ကေစိ သောတာပန္နာ ကေစိ သကဒါဂါမိနော ကေစိ အနာဂါမိနော အဟေသုံ၊ ကေစိ ဒေဝလောကေ နိဗ္ဗတ္တိံသု၊ ဧဝံ ပါရာဇိကာ ပန္နာနံ သဖလာ အဟောသိ။

ဧင်း ဓေါ်ဂုတ္တရအဋ္ဌကထာ အဂ္ဂိရသံဃာဋ္ဌသုတ်အဖွင့်။

အနက်ကား—ဣဒံ ဒေသနံ၊ ဤအဂ္ဂိခန္ဓူပမသုတ္တန်ဒေသနာတော်ကို။ သုတွာ ပန၊ ကြားနာရကုန်၍ကား။ ဇာတသံဝေဂါ၊ ဖြစ်သော ထိတ်လန့်ခြင်းရှိကုန်သည်ဖြစ်၍။ ဌာနံ၊ ရဟန်းဟူသော ပဋိညာဉ်ခံသော အရာကို။ ဌာနန္တိ ဘိက္ခုပဋိညံ၊ (ဧင်းမဟာဋီကာ) ဇဟိတွာ၊ စွန့်ကုန်ပြီး၍။ သာမဏေရ ဘူမိယံ၊ သာမဏေအရာ၌။ ဌိတာ၊ တည်ကုန်သည်ဖြစ်၍။ ဒသသီလာနိ၊ ဆယ်ပါးသော သီလတို့ကို။ ပူရေတွာ၊ ဖြည့် ကျင့်ကုန်၍။ ယောနိသော မနသိ ကာရေ၊ ကမ္မဋ္ဌာန်းကို အသင့်နှလုံးသွင်းခြင်း၌။ ယုတ္တပယုတ္တာ၊ ကြိုးစား

အားထုတ်ကြကုန်သည်ဖြစ်၍။ ကေစိ၊ အချို့သောသူတို့သည်။ သောတာပန္နာ၊ သောတာပန်တို့သည်။ အဟေသုံ ဖြစ်ကုန်ပြီ။ ကေစိ၊ တို့သည်။ သကဒါဂါမိနော၊ သကဒါဂါမ်တို့သည်။ အဟေသုံ၊ ကုန်ပြီ။ ကေစိ၊ တို့သည်။ အနာဂါမိနော၊ အနာဂါမ်တို့သည်။ အဟေသုံ၊ ကုန်ပြီ။ ကေစိ၊ တို့သည်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တ သု၊ ဖြစ်လေကုန်ပြီ။ ဧဝံ၊ ဤသို့။ ပါရာဇိကာပန္နာနံ၊ ပါရာဇိကကျကုန်ပြီးသောရဟန်းတို့အားလည်း။ သဖလာ၊ အကျိုးရှိသည်။ အဟောသိ၊ ဖြစ်၏။

ပါရာဇိကကျ၍ ဒုဿီလအလဇ္ဇီကြီး ဖြစ်ပြီးမှ ထိတ်လန့်သံဝေဂရသဖြင့် သာမဏေအရာ၌ တည်ပြီလျှင် တရားကို အားထုတ်၍ သေပြီးသော အနန္တရဘဝ၌ ရဟန္တာအဖြစ်သို့ ရောက်သောဝတ္ထုကား သုရဋ္ဌဇနပုဒ် ဝိဿတရွာကျောင်း၌ ရဟန်းငယ်တဦးသည် ရဟန်းအမည်ကိုဘာခေါင်၍ ရဟန်းအသွင်ကို မပယ်မစွန့်ပဲ အထင်အရှား မယားနှင့်နေ၍ ဖြင့် မယားသည် ကိုယ်ဝန်ရင့်၍ မျက်နှာမြင်ခြင်းငှာ အမိအဘတို့အိမ်သို့ ဆောင်ပို့ရာ လမ်းခရီးအကြား သားဖွားခဲ့ရကား အညစ်ဖြကြေး သွေးလိမ်းကျံလျက် မကောင်းသော အနံ့အဆင်းတို့ကို ထင်လင်းစွာသိမြင်ရ၍ ထိတ်လန့် သံဝေဂရသည်ဖြစ်၍ ပဋိကူလသညာကို ဖြစ်စေလျက် ထိုမိန်းမကို မိဘရွာသို့ ပို့ခဲ့ပြီးလျှင် စိတ္တဂမည်သောကျောင်း၌ စိတ္တဂမည်သော ဆဠာဘိညရဟန္တာမထေရ်ကြီးထံ ချဉ်းကပ်၍ ရှင်သာမဏေအဖြစ်ကို တောင်းပန်သဖြင့် ထိုရဟန္တာမထေရ်ကြီးလည်း ဤသူသည် နောင်ဘဝ၌ အရဟတ္တဖိုလ်၏ ဥပနိဿယ ဖြစ်လတ္တံ့ဟု ရှင်သာမဏေပြုတော်မူ၍ ထိုသာမဏေသည် တောအရပ်သစ်ပင်ရင်း၌ တယောက်တည်းနေ၍ ရဟန်းတရားကို လွန်စွာအားထုတ်လျက် ဤဘဝ၌ မဂ်ဖိုလ်အထူးကို မရပဲ ပုထုဇဉ်အဖြစ်နှင့် မကြာမီ စုတေ၍ ထိုသစ်ခွဲ၌ပင် ဩပပါတ်က လူသူငယ်ဖြစ်၏။ ရဟန်းတဦးက မြင်၍ ယူပြီးလျှင် စိတ္တဂမထေရ်ထံ ဆောင်၍ပြသော် မထေရ်က ပါရာဇိကကျသော ရဟန်းငယ်ပင်တည်းဟု သိ၍ ထိုရဟန်းကို ဤသို့ပြောကြားပေ၏။

၁။ ထေ လေဏေ နိက္ခိပိတွာ၊ ဠမံ ပေါသေထ ဒါရကံ။
မဟာဝီရော အယံ ဗျာယိ၊ ဆဠာဘိညော ဘဝိဿတိ။
၂။ ပိဝိတွာ အာဂမေ သဗ္ဗေ၊ အဓိဂန္တွာန သာသနံ။
မေတ္တကုသလော ဟောဟိ၊ နိပုဏော သော ဝိသာရဒေါ။
၃။ ပရဝါဒံ ပဘိန္ဒိတွာ၊ မဒ္ဒေတွာ တိတ္ထိယေ ဗဟူ။
သဒ္ဓမ္မနေတ္တိံ ဒီပေတွာ၊ အနေကေ ပဗ္ဗဇိဿတိ။
၄။ သကိံ ဝိဇာတံ ဒိသွာန၊ ဣတ္ထိံ လောဟိတမက္ခိတံ။
သံဝေဂေါ သော လဘိတွာန၊ တံ ဖလံ ပါပုဏိဿတိ။

၁။ အာဝုသော၊ ငါ့ရှင်တို့။ ထေ၊ လာလှည့်ကုန်။ ဣမံ ဒါရကံ၊ ဤသူငယ်ကို။ လေဏော၊ လိုဏ်ဂူ၌။ နိက္ခိပိတွာ၊ ထား၍။ ပေါ်သေထ၊ မွေးကြပါကုန်လော့။ အယံ၊ ဤသူငယ်သည်။ မဟာဝီရော၊ ကြီးသောလုံ့လ ဝီရိယရှိသော။ ဈာယီ၊ ဈာန်နှင့်ပြည့်စုံသော။ ဆဠဘိညော၊ အဘိညာဉ် ၆-ပါး တရားလက်ရှိ ကြီးဘိတေဇာ ရဟန္တာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

၂။ သော၊ ထိုသူငယ်သည်။ သာသနံ၊ မြတ်စွာဘုရား သာသနာတော်သို့။ အဝိဂန္တွာန၊ ရောက်၍။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ အာဂမေ၊ ပိဋကတ်သုံးပုံတို့ကို။ ပိဝိတွာ၊ ရေနှယ်ဝမ်းတွင်း မျိုသောက်သွင်း၍။ ဓမ္မတ္ထကုသလော၊ ပါဠိအနက်၌ လိမ္မာသည်။ ဝါ၊ အကြောင်းအကျိုး၌ လိမ္မာသည်။ နိပုဏော၊ သိမ်မွေ့သော ဉာဏ်ပညာရှိသည်။ ဝိသာရဒေါ၊ ရဲရင့်သော ဉာဏ်ပညာရှိသည်။ ဟောဟိ၊ ဖြစ်လတ္တံ့။

၃။ ပရဝါဒံ၊ သူတပါးတို့၏ မိစ္ဆာအယူကို။ ပဘိန္ဒိတွာ၊ လွန်စွာဖြိုခွဲ၍။ ဗဟူ၊ များစွာကုန်သော။ တိတ္ထိယေ၊ သာသနာပ ပ်တက္ကမျိုး တိတ္ထိဆိုးတို့ကို။ မဒ္ဒိတွာ၊ နှိပ်နင်းချိုးဖွဲ့၍။ အနေကေ၊ တပါးမက များလှကြီးငယ် ဖြင့်ပေါ်ယယ်သော သူတို့ကို။ ယဒ္ဓမ္မနေတ္တိ၊ သူတော်တို့၏ တရားတည်းဟူသော မျက်စိကို။ ဒီပေတွာ၊ ထွန်းလင်းပြ၍။ ပဗ္ဗဇိဿတိ၊ ရဟန်းပြုပေလတ္တံ့။

၄။ သော၊ ထိုသူငယ်သည်။ သကိံ၊ တကြိမ်။ ဝိဇာတံ၊ သားဦးဖွားမြင်သော။ လောဟိတမက္ခိတံ၊ သွေးရှင်သွေးစိမ်း ကပ်လိမ်းရှိဘွယ် မတင့်တယ်သော။ ဣတ္ထိံ၊ မိန်းမကို။ ဒိသွာ၊ ထင်လင်းကိုယ်တွေ့ စေ့စေ့စပ်စပ် မြင်ရလတ်၍။ သံဝေဂံ၊ သဟောတ္တပ္ပ ဉာဏ်ထန့်ပြင်း ထိတ်လန့်ခြင်းကို။ လဘိတွာ၊ ရ၍။ တံ ဖလံ၊ ထို သဟောတ္တပ္ပ သံဝေဂအကျိုးသို့၊ ပါပုဏိဿတိ၊ ရောက်လတ္တံ့။ တနည်း။ တံ တော့န၊ ထိုသဟောတ္တပ္ပ သံဝေဂကြောင့်။ ဖလံ၊ ဆဠဘိညာဉ် ဂုဏ်ထူးယှဉ်သော အရဟတ္တဖိုလ်သို့။ ပါပုဏိဿတိ၊ ရောက်လတ္တံ့။ ဣတိ၊ သို့။ အဝေါစ၊ မိန့်ကြားတော်မူ၏။

ဤသို့ မိန့်ကြားသော စိတ္တဂုတ်ရဟန္တာ မထေရ်ကြီး၏စကားကို ကြားနာကုန်၍ မွေးမြူကြီးပွား ဖွံ့ထွားနုမျစ် ၇-နှစ်ရွယ်ရောက်သော် ထိုစိတ္တဂုတ်မထေရ်ထံ သာမဏေခံ၍ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် ဆဠဘိညာစတုပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးဖြစ်၍ မြတ်စွာဘုရား သာသနာတော်၏ အထွတ်အဖျားသို့ ရောက်လေ၏။ စိတ္တဂုတ်ရဟန္တာကြီး ပရိနိဗ္ဗာန်ပြုသော် နောက်အခါ များစွာသော ရဟန်းတို့၏ ဆရာဖြစ်လျက် အသက်အတိုင်းတည်၍ ပရိနိဗ္ဗာန် စံယူချေလေ၏။ ပရိနိဗ္ဗာန်စံခါနီး၌ ရဟန်းတို့ ပုဗ္ဗစရိယ ပုဗ္ဗကမ္မကို မေးလျှောက်ကြသော် ကောင်းကင်၌တည်၍ ဤသို့ ဟောခဲ့ပေ၏။

၁။ ဒုသီလောဟံ ပုရေ အာသိံ၊ သာမညနာမ ခါရကော။
သုရဋ္ဌေ ဇနပဒမှိ၊ ပမာဒံ ပါပုဏော အဟံ။

၂။ အပ္ပဋိစ္ဆန္နကမ္မန္တော၊ ဒေါသော မေ သုပ္ပကာသိတော။
ဇီဝိကတ္ထံ န ပုညတ္ထံ၊ ပဗ္ဗဇိံ ဇိနသာသနေ။

၃။ ဇဝံ သွ:ဟံ ပဗ္ဗဇိတွာ၊ သာသနေ ဣပ္ပေမိ ဇီဝိတံ။
သမ္ဗေ့ာ ဇနော မံ အညာသိ၊ ဘိက္ခူနံ ကဏှကော ဣတိ။

၄။ ပမာဒေန ဝသန္တဿ၊ ဘရိယာ မေ ဂဗ္ဘိနီ အဟု။
ဒိသွာ ဝိဇာယမာနံ တံ၊ ဇာတံ မေ ကာမတော ဘယံ။

၅။ တေန သံဝေဂဘီတော ဟံ၊ ဂစ္ဆိံ စိတ္တာဂပဗ္ဗတံ။
ပုန မေ ပဗ္ဗဇန္တဿ၊ အရညေ၀ ရတော မနော။

၆။ တတ္ထ ကာလံ ကရိတွာန၊ ဟုတွာန ဩပပါတိကော။
မနုဿဒေါရကရူပေန၊ ဇာတောဟံ ဝိဠုပန္တရေ။

၇။ ဒိသွာ မံ အညတရော ဘိက္ခု၊ နေတွာ စိတ္တာဂသန္တိကေ။
စိတ္တာဂတ္ထေရံ ဒဿေတွာန၊ ပေါသေသိ အနုကမ္ပကော။

၈။ ယဒါဟံ ဝိညုတံ ပတ္တော၊ ပဗ္ဗဇိံ တဿ သန္တိကေ။
ပဗ္ဗဇိတွာန ဟံ ခိပ္ပံ၊ အရဟတ္တ မုပါဂမိံ။

၉။ လဘိံ သီလသမာဒါနံ၊ သာမညေနာဟ မတ္တိကော။
သံဝေဂံ တံ ဏော လဒ္ဓါ၊ သမ္ပန္နံ မေ ဣဒံ ဖလံ။

၁၀။ သံဝေဇနီယေ သံဝေဂေ၊ ဇဒိသော၀ မဟပ္ပလော။
တသ္မာ လောကဝိဒူ ဗုဒ္ဓေါ၊ ဒုလ္လဘော ကြတိ ဝဏ္ဏိတော။

၁။ အာဝုသော။ ငါ့ရှင်ဝန်းလျား ကိုယ်တော်များတို့။ အဟံ၊ ငါသည်။ ပုရေ၊ အနန္တရ ရှေးဘဝ၌။ သုရဋ္ဌေ၊ သုရဋ္ဌအမည်ရှိသော။ ဇနပဒမှိ၊ ဇနပုဒ်၌၊ ဝါ၊ တိုင်း၌။ သာမညနာမ ခါရကော၊ ရဟန်း၏အမည်မျှကိုသာ ဆောင်သော။ ဒုဿီလော၊ ပါရာဇိက ကျရောက်သော၊အား တရားလက်ကွာ အိက္ခာချိုတဲ့ သီလမဲ့သော ဒုဿီလရဟန်းသည်။ အာသိံ၊ ဖြစ်ပြီ။ သော အဟံ၊ ထိုငါသည်။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ ပါပုဏော၊ ရောက်ပြီ။

၂။ အပ္ပဋိစ္ဆန္နကမ္မန္တော၊ မဖုံးမအုပ်နိုင်သော အမှုရှိသည်ဖြစ်၍။ မေ၊ ငါ၏။ ဒေါသော၊ အပြစ်သည်။ သုပ္ပကာသိတော၊ အလွန်ထင်ရှား၏။ အဟံ၊ ငါသည်။ ဇိနသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ ဇီဝိကတ္ထံ၊ အသက်မွေးခြင်းအကျိုးငှာ။ ပဗ္ဗဇိံ၊ ရဟန်းပြုပြီ။ ပုညတ္ထံ၊ ကောင်းမှုအကျိုးငှာ၊ န ပဗ္ဗဇိံ၊ ရဟန်းမပြု။

၃။ ဧဝံ၊ ဤသို့။ သော အဟံ၊ ထိုငါသည်။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ဇီဝိတံ၊ အသက်ဆိုးမွေးခြင်းကို။ ကပ္ပေမိ၊ ပြုရ၏။ မံ၊ ငါ့ကို။ သဗ္ဗော ဇနော၊ အလုံးစုံသော ရှင်လူကြီးငယ် အပေါင်းသည်။ ဘိက္ခုနီ၊ ရဟန်းတို့၏။ ကဏှကောဂ္ဂုတိ၊ ဆူးငြောင့်ရန်သူ တမယောက်ဟူ၍။ အညာသိ၊ သိကြ၏။

၄။ ပမာဒေန၊ မေ့လျော့ခြင်းဖြင့်။ ဝသန္တဿ၊ နေသော။ မေ၊ ငါ၏။ ဘရိယာ၊ မယားသည်။ ဂဗ္ဘိနီ၊ ကိုယ်ဝန်ရှိသည်။ အဟု၊ ဖြစ်၏။ အဟံ၊ ငါသည်။ ဝိဇာယမာနံ၊ လမ်းကြားချုံတွင် သားဖွားမြင်သော။ တံ၊ ထိုမယားကို။ ဒိသွာ၊ သွေးစိမ်းလိမ်းကျံ၊ ညှီနံဆိုးရွားသော အခြင်းအရာဖြင့် စေ့စေ့စပ်စပ် ဟုတ်ဟုတ် ထင်ထင် ကောင်းကောင်းကြီးမြင်သောကြောင့်။ မေ၊ ငါ့အား။ ကာမတော၊ အလိုအားဖြင့်။ ဝါ၊ ကာမဂုဏ်မှ။ ဘယံ၊ ကြောက်ခြင်းသည်။ ဇာတံ၊ ဖြစ်လတ်၏။

၅။ တေန၊ ထိုကြောင့်။ ဝါ၊ ထိုကြောက်ခြင်းဖြင့်။ သံဝေဂဘီတော၊ သံဝေဂဉာဏ် သည်းထန် ပြင်းစွာ ထိတ်ကြောက်စွာသော။ အဟံ၊ ငါသည်။ စိတ္တဂပဗ္ဗတံ၊ စိတ္တဂတောင်သို့။ ဝါ၊ စိတ္တဂတောင်ကျောင်းသို့။ ဝါ၊ စိတ္တဂတောင်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူသော စိတ္တဂအရှင်သို့။ ဂန္တွာ၊ ရဟန်းသာမဏေပြုခြင်းငှါကပ်ပြီ။ ပုန၊ တဖန်။ ပဗ္ဗဇန္တဿ၊ ရဟန်းသာမဏေပြုသော။ မေ၊ ငါ၏။ မနော၊ စိတ်သည်။ အရညေ၀၊ လူရှင်မနေသော တောအရပ်၌သာလျှင်။ ရတော၊ ကမ္မဋ္ဌာန်းကို စီးဖြန်းမွေ့လျော် ကိုယ်တည်းပျော်၏။

၆။ တတ္ထ၊ ထိုတော၌။ အဟံ၊ ငါသည်။ ကာလံကရိတွာန၊ သေခဲ့၍။ ဝိဋ္ဋပန္တရေ၊ သစ်ခွကြား၌။ မနုဿဒါရကရူပေန၊ လူသူငယ်သဏ္ဌာန်ဖြင့်။ သြပပါတိကော၊ ကိုယ်ထင်လတ်လတ် ဥပပါတ် ပဋိသန္ဓေသည်။ ဝါ၊ ဥပပါတ်ပဋိသန္ဓေ၏။ ဟုတွာ၊ ဖြစ်၍။ ဖြစ်ခြင်းကြောင့်။ ဖြစ်သည်ရှိသော်။ ဇာတော၊ ဖြစ်၏။

၇။ အညတရော၊ အမှတ်ပရှိသော။ ဝါ၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ မံ၊ ငါ့ကို။ ဒိသွာ၊ မြင်၍။ စိတ္တဂသန္တိကေ၊ စိတ္တဂအရှင့်ထံသို့။ နေတွာ၊ ဆောင်ခဲ့၍။ စိတ္တဂတ္ထေရံ၊ စိတ္တဂထေရ်ဘုရားကို။ ဒဿေတွာန၊ ပြ၍။ အနုကမ္ပကော၊ အစဉ်မပြတ် သနားတတ်သော။ သော၊ ထိုအရှင်သည်။ ပေါသေသိ၊ မွေးမြူပေ၏။

၈။ အဟံ၊ ငါသည်။ ယဒါ၊ အကြင်အခါ၌။ ဝိညုတံ၊ ၇-နှစ်သား သိကြားလိမ္မာသောအဖြစ်သို့။ ပတ္တော၊ ရောက်၏။ တဒါ၊ ထို ၇-နှစ်ရွယ် ရောက်ခါ

ဝယ်၌၊ တဿ၊ ထို စိတ္တဂအရှင်၏၊ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇိ၊ ရဟန်း သာမဏေပြုပြီ။ အဟံ၊ ငါသည်၊ ပဗ္ဗဇိတွာန၊ ရဟန်းသာမဏေပြု၍။ ဓိပ္ပံ၊ လျင်မြန်စွာ။ အရဟတ္တံ၊ အဘိသာဘ် ၆-ဖြာ ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ အရဟတ္တဖိုလ်သို့။ ဝါ၊ ရဟန္တာအဖြစ်သို့၊ ဥပါ မိ၊ ရောက်ပြီ။

၉။ သာမညေန၊ ရဟန်းအဖြစ်ဖြင့်။ ဝါ၊ ရဟန်းအဖြစ်သို့၊ အတ္ထိကော၊ အလိုရှိသော။ ဖဟံ၊ ငါသည်၊ သီလသမာဒါနံ၊ သမဏသီလ ဒသင်္ဂကို ဆောက်တည်ခြင်းကို၊ လဘိ၊ ရပြီ။ တံခဏံ၊ ထိုသို့မဆု ရှေးဘဝ၌ မှုချကိုယ် တွေ့စေ့စေ့စုံလင် မြင်သောခဏ၌၊ သံဝေဂံ၊ ထိတ်လန့်ခြင်းကို။ လဒ္ဓါ၊ ရခြင်း ကြောင့်။ မေ၊ ငါ့အား။ ဣဒ္ဓိဖလံ၊ ဤအကျိုးသည်။ သမ္မန္နံ၊ ပြည့်စုံသည်။ ဟောတိ၊ ၏။

၁၀။ သံဝေဇနီယေ၊ ထိတ်သန့်ဖွယ်ကောင်းသော အာရုံ၌၊ သံဝေဂေါ၊ သဟောတ္တပ္ပ ဉာဏထင်လင်း ထိတ်လန့်ခြင်းသည်။ ဒေိသော၀၊ ဤသို့ မျက်မြင် ယခုထင်သကဲ့သို့ ရှုအပ်သော။ မဟပ္ဖလော၊ ကြီးကျယ်များမြတ်သော အကျိုး ရှိ၏၊ ဝါ၊ မြတ်သော အရဟတ္တဖိုလ်ဟူသော အကျိုးရှိ၏။ တသ္မာ၊ ထိုကြောင့်။ လောကဝိဒူ၊ လောကလုံးကို သိမ်းကျုံးကုန်စင် သိမြင်တော်မူတတ်သော။ ဗုဒ္ဓေါ မြတ်စွာဘုရားကို။ ဒုလ္လဘောတိ၊ ဒုလ္လဘဟူ၍။ ဝါ၊ ကမ္ဘာသခ်ျေ ပျက်ကြေ ကြာညောင်း တဆူကောင်းမျှ ရခဲလှသော ဒုလ္လဘရတနာကြီးဟူ၍။ ဝဏ္ဏေတော၊ ချီးမွမ်းထိုက်ပေ၏။

ဤသို့ ရဟန်းတို့အား ဟောကြားတော်မူခဲ့၍ ကောင်းကင်ပြင်၌ ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း စင်္ကြံသွားခြင်း စသော အထူးထူးသော တန်ခိုးပြာဋိ ဟာကို ပြ၍ ပရိနိဗ္ဗာန် ဝင်လေသတည်း။ ဤအကြောင်းကား သီဟဠဝတ္ထုနှ၌ လာ၏။

ဤသို့လျှင် အလဇ္ဇီဖြစ်သောရဟန်းတို့သ ည် သံသရာဘေးကြီးကို ကြောက်၍ ဓမ္မသံဝေဂနှင့်ဖြင့် လဇ္ဇီသူတော်ကောင်း ဖြစ်လိုကုန်သည်ရှိသော် ပြဆိုခဲ့ပြီး သော ဝိနည်းဓမ္မကံ ရှိသည့်အတိုင်း ပြုကျင့်လျှင် ပါရာဇိကကျပြီးသော ရဟန်း သည်လည်း ဝိသုဒ္ဓသီလရှိသည်ဖြစ်၍ လဇ္ဇီသူတော်ကောင်းအဖြစ်သို့ ရောက် သဖြင့် သဂ္ဂမောက္ခအကျိုးပြီ ကြောင်းကို သိမှတ်ကုန်ရာသတည်း။

ဝဇီရူပမ ဗျာကရဏ နဝမ ပုစ္ဆာအဖြေ ပြီးပြီ။

* * *

## ဒသမပုစ္ဆာ

(၁၀) စတုပါရိသုဒ္ဓိသီလလေးပါးတို့၏ အသီးအသီး လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့နှင့်တကွ အင်္ဂါလက္ခဏာတို့ကိုလည်း သိလိုပါသည်ဘုရား။

---

### ဝဇီရူပမ ဗျာကရဏ ဒသမပုစ္ဆာ အဖြေ

(၁၀) ၎င်း ဒသမလျှောက်ချက်အရ စတုပါရိသုဒ္ဓိသီလတို့၏ အသီးအသီး လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို အဋ္ဌကထာ ဋီကာတို့၌ ခွဲ၍မပြကုန်၊ သာမည သာဓာရဏနည်းအားဖြင့်သာ ပြကုန်၏။ အဘယ်သို့ပြသနည်း။

သီလနံ လက္ခဏံ တဿ၊ ဘိန္နဿာပိ အနေကဓာ။
သနိဒဿနတ္တံ ရူပဿ၊ ယထာဘိန္နဿ နေကဓာ။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ လက္ခဏာပြပါ၍။

ဒုဿီလျ ဝိဒ္ဓံသနတာ၊ အနဝဇ္ဇဂုဏော တထာ။
ကိစ္စသမ္ပတ္တိ အတ္ထေန၊ ရသောနာမ ပဝုစ္စတိ။

၎င်းပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ရသပြပါ၍။

သောစေယျ ပစ္စုပဋ္ဌာနံ၊ တယိဒံ တဿ ဝိညူဟိ။
ဩတ္တပ္ပဥ္စ ဟိရိဉ္စေဝ၊ ပဒဋ္ဌာနန္တိ ဝဏ္ဏိတံ။

၎င်းပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ပြပါ၍။

အနက်ကား — အနေကဓာ၊ အညိုအရွှေ အနီအဖြူ စသည်ထွေပြား များသောအားဖြင့်။ ဘိန္နဿာပိ၊ ပြားသော်လည်း။ ဝါ၊ ထူးသော်လည်း။ ဝါ၊ကွဲသော်လည်း၊ ရူပဿ၊ ဣန္ဒြိယတန ဝဏ္ဏာယတနကုန် ရူပါရုံဟုဆိုအပ်

သောအဆင်း၏၊ သနိဒဿနတ္တံ၊ မြင်အပ်သော သဘောရှိသည်၏အဖြစ်လက္ခဏာ သည်။ ဟောတိယထာ၊ ဖြစ်၏သို့။ တထာ၊ ထိုအတူ။ အနေက ဓာ၊ စေတနာ သီလ စသည်ထွေပြား များသောအားဖြင့်။ ဝါ၊ ပါတိမောက္ခ စသည်ထွေပြား များသောအားဖြင့်။ ဘိန္နဿပိ၊ ပြားသော်လည်း။ ဝါ၊ ထူးသော်လည်း။ ဝါ၊ ကွဲသော်လည်း။ တဿ၊ ထိုသီလ၏။ သီလနံ၊ ထားယက်စသည်တို့ကို ကောင်း စွာထားတတ်သောသဘော ကုသိုလ်တရားတို့၏တည်ရာသဘောသည်၊ လက္ခဏံ၊ လက္ခဏာမည်၏။ (လက္ခဏာပြအနက်။)

ဒုဿိလျဝိဒ္ဓံသနတာ၊ ဒုဿီလစေတနာကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကို ၎င်း။ တထာ၊ ထိုမှတပါး။ အနဝဇ္ဇဂုဏော၊ အပြစ်မရှိသောဂုဏ်ကို၎င်း၊ ကိစ္စ သမ္ပတ္တိအတ္ထေန၊ ကိစ္စအနက် သမ္ပတ္တိအနက်အားဖြင့်။ ဝါ၊ ပြီးခြင်း ပြည့်စုံခြင်း အနက်အားဖြင့်။ ရသော၊ ရသဟူ၍။ ပဝုစ္စတိ၊ မိန့်အပ်၏။ (ရသပြအနက်။)

တဿိဒံ တံဉ္ဉဒံသီလံ၊ ထိုသီလသည်။ သောစေယျပစ္စုပဋ္ဌာနံ၊ ကိုယ်နှုတ် စိတ်တို့၏ စင်ကြယ်ခြင်းသာလျှင် ပစ္စုပဋ္ဌာန်ရှိ၏။ ဩတ္တပ္ပဥ္စ၊ ဩတ္တပ္ပကို၎င်း။ ဟိရိဉ္စေဝ၊ ဟိရိကို၎င်း။ တဿ၊ ထိုသီလ၏။ ပဒဋ္ဌာနန္တိ။ ပဒဋ္ဌာန်ဟူ၍။ ဝိညူဟိ၊ ပညာရှိတို့သည်။ ဝဏ္ဏိတံ၊ မိန့်ဆိုအပ်၏။ (ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ပြအနက်။)

ဤအဋ္ဌကထာကြီးတို့နှင့်အညီ သီလသည် ကာယကံစသည်တို့ကို ကောင်းစွာ ထားတတ်သောသဘော၊ ကုသိုလ်တရားတို့၏တည်ရာ သဘောသည်သာလျှင် လက္ခဏာရှိ၏။ ကိစ္စအားဖြင့် ဒုဿီလစေတနာကို ဖျက်ဆီးခြင်းရသ၊ သမ္ပတ္တိ အားဖြင့် အပြစ်မရှိသော ဂုဏ်သည်သာလျှင် ရသရှိ၏။ ကိုယ်နှုတ်စိတ်တို့၏ စင်ကြယ်ခြင်းသာလျှင် ပစ္စုပဋ္ဌာန်ရှိ၏။ ဟိရိဩတ္တပ္ပ နှစ်ပါးသာလျှင်နီးသော အကြောင်းဟုဆိုအပ်သော ပဒဋ္ဌာန်ရှိ၏ဟူ၍ သိရာမှတ်ရာ၏။

ဤလေးပါးသော သီလတို့တွင် ပါတိမောက္ခ သံဝရသီလ သည်သာလျှင် ဇေဋ္ဌကသီလ ပဓာနသီလဖြစ်၏။ နိပ္ပရိယာယ သီလဖြစ်၏။ ကြွင်းသောသီလ သုံးပါးတို့သည်ကား အပဓာန ပရိယာယ တဒင်္ဂေါဂဓသီလမျှသာ ဖြစ်ကုန် ၏။ ထို့ကြောင့် သီလဝါ ဟောတိ ပါတိမောက္ခသံဝရ သံဝုတော အာစာရ ဂေါစရသမ္ပန္နော ဟူသော သုတ္တန်ပါဠိတော်တို့၏ အနုသန္ဓိကို ဖွင့်ဆိုကြရာ ဒိဗ္ဗဝိဟာရဝါသီ သုမထေရ်၏ ဝါဒ၊ ၎င်းထေရ်၏ အန္တေဝါသိက တပည့်ဖြစ် သော တိပိဋက စူဠနာဂထေရ်၏ ဝါဒအားဖြင့် ပါတိမောက္ခ သံဝရသီလ၏ ပဓာနဇေဋ္ဌကသီလ၏ အဖြစ်ကိုသာ အင်္ဂုတ္တရအဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ စသည်တို့၌ ဖွင့်ပြမိန့်ဆိုကုန်၏။

သီလဝါ ဟောတီတိ စတုပါရိသုဒ္ဓိသီလေဟိ သီလသမ္ပန္နော ဟော
တိ ဣတိ ထေရော၊ ဩဒါတဝတာ ကိရ စတုပါရိသုဒ္ဓိသီလံ ဥဒ္ဒိသိတွာ

ပါတိမောက္ခသံဝရသံဝုတောတိ ဣမိနာ တတ္ထ ဇေဋ္ဌကသီလံ ဝိတ္ထာရေ
တွာ ဒဿေတီတိ ဒိဗ္ဗဝိဟာရဝါသီ သုမတ္ထေရော အာဟ။

ဤကား ဆရာဒိဗ္ဗဝိဟာရဝါသီ သုမထေရ်၏ ဝါဒကို ပြသော ဒုကင်္ဂုတ္တရ
သမစိတ္တသုတ် အဋ္ဌကထာပါဌ်။ မူလပဏ္ဏာသ အာကင်္ခေယျသုတ် အဋ္ဌကထာ
တို့လည်း နည်းတူ၊

အန္တေဝါသိကော ပနဿ တိပိဋကစူဠနာဂတ္ထေရော အာဟ၊
ဥဘယတ္ထာပိ ပါတိမောက္ခသံဝရသီလောဝ ဝုတ္တော၊ ပါတိမောက္ခ
သံဝရောယေဝ ဟိ သီလံ၊ ဣတရာနိ ပန တီဏိ သီလန္တိ ဝုတ္တဋ္ဌာနံ
နာမ အတ္ထိတိ။

ဤကား တပည့် တိပိဋကစူဠနာဂထေရ်၏ ဝါဒကိုပြသော ရင်းအဋ္ဌကထာ
များပါဌ်။

အနက်ကား—သီလဝါဟောတီတိ၊ ဟူသည်ကား။ စတုပါရိသုဒ္ဓိသီလေဟိ၊
လေးပါးသော ပါရိသုဒ္ဓိသီလတို့နှင့်။ သီလသမ္ပန္နော၊ သီလနှင့် ပြည့်စုံသည်။
ဟောတိ၊ ၏။ ဣတိ၊ သို့။ ထေရော၊ အရှင်သာရိပုတြာမထေရ်သည်။

(ဤကား သမစိတ္တသုတ်ကို ရည်သည်၊ တပါးသော အာကင်္ခေယျသုတ်
စသည်တို့ကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်-ဟူပေ)

ဝတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော သီလဝါ ဟောတိဟူသော ဝါကျ
မျှဖြင့်။ စတုပါရိသုဒ္ဓိသီလံ၊ စတုပါရိသုဒ္ဓိသီလလေးပါးလုံးကို။ ဥဒ္ဒိသိတွာ၊
အကျဉ်းသရုပ်၊ ရေထုတ် ညွှန်ပြတော်မူပြီး၍။ ပါတိမောက္ခ သံဝရသံဝုတော
တိ ဣမိနာ၊ ဤပါဌ်ဖြင့်။ တတ္ထ၊ ထိုလေးပါးသော ပါရိသုဒ္ဓိသီလတို့တွင်။
ဇေဋ္ဌကသီလံ၊ ကြီးမြတ်ပြဋ္ဌာန်းသော ပါတိမောက္ခ သံဝရသီလကို။ ဝိတ္ထာရေ
တွာ၊ ချဲ့၍။ ဒဿေတိ၊ ပြတော်မူ၏။ ဣတိ၊ သို့။ ဒိဗ္ဗဝိဟာရဝါသီ၊ ဒိဗ္ဗဝိဟာရ
ဇေပုဒ်၌နေသော။ သုမတ္ထေရော၊ သုမထေရ်သည်။ အာဟ၊ဆို၏။ (ဒိဗ္ဗဝိဟာရ
ဇနပဒဝါသီ ဒိဗ္ဗဝိဟာရဝါသီ ဈာနဝိဘင်း မူလဋီကာ။)

အဿ၊ ထိုသုမထေရ်၏။ အန္တေဝါသိကော၊ တပည့်ဖြစ်သော။ တိပိဋက
စူဠနာဂတ္ထေရော ပန၊ တိပိဋကစူဠနာဂမထေရ်သည်ကား။ ဥဘယတ္ထာပိ၊
နှစ်ပါးစုံသော သီလဝါ ဟောတိ ဟူသော ဥဒ္ဒေသပုဒ်၊ ပါတိ
မောက္ခသံဝရသံဝုတော ဟောတိ ဟူသော နိဒ္ဒေသပုဒ်တို့၌လည်း။ ပါတိ
မောက္ခ သံဝရသီလောဝ၊ ပါတိမောက္ခ သံဝရသီလရှိသော ရဟန်း
ကိုသာလျှင်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဟိ သစ္စံ၊မှန်၏။ ဝါ၊ ဟိတာဒေဝ
ယုတ္တံ၊ ထိုဥဒ္ဒေသ နိဒ္ဒေသ နှစ်ပါးလုံး၌သာ ပါတိမောက္ခ သံဝရသီလကို ဟော

တော်မူအပ်၏ဟူ၍ ငါဆိုသောစကားသည် ပမှားသဖြင့် အမှန်သင့်၏။ ပါတိမောက္ခသံဝရောယေဝ၊ ပါတိမောက္ခသံဝရသည်သာလျှင်။ သီလံ၊ သီလတည်း။ ဣတရာနိ၊ ဤပါတိမောက္ခသံဝရသီလမှတပါးကုန်သော။ တီဏိ၊ သုံးပါးသော သီလတို့ကို။ သီလန္တိ၊ သီလဟူ၍။ ဝုတ္တဋ္ဌာနံ၊ ဟောတော်မူအပ်သော အရာဌာနသည်။ အတ္ထိကိံ၊ ရှိသလော။ ဣတိ၊ သို့။ အာဟ၊ ဆို၏။

ထို့ထက်အလွန် ပြလို၍လည်းဆို၏။ ဆိုပုံကား—

ဣန္ဒြိယသံဝရောနာမ ဆဒ္ဒါရ ရက္ခနမေဝ အာဇီဝပါရိသုဒ္ဓိ ဓမ္မေန သမေန ပစ္စယုပ္ပတ္တိ မတ္တကံ ပစ္စယသန္နိဿိတံ ပဋိလဒ္ဓပစ္စယေ ဣဒမတ္ထန္တိ ပစ္စဝေက္ခိတွာ ပရိဘုဉ္ဇနမတ္တံ၊ နိပ္ပရိယာယေန ပါတိမောက္ခသံဝရောဝ သီလံ။

ရှင်းအဋ္ဌကထာများပါဌ်။

အနက်ကား— ဣန္ဒြိယသံဝရောနာမ၊ ဣန္ဒြိယသံဝရမည်သည်ကား။ ဆဒ္ဒါရ ရက္ခနမေဝ၊ ဒွါရခြောက်ပါး တံခါးခြောက်ပေါက် စောင့်ရှောက်ခြင်းမျှသာ တည်း။ အာဇီဝပါရိသုဒ္ဓိ၊ အာဇီဝပါရိသုဒ္ဓိသည် ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ပစ္စယုပ္ပတ္တိမတ္တကံ၊ ပစ္စည်းကို ဖြစ်စေခြင်းမျှသာတည်း၊ ပစ္စယသန္နိဿိတံ၊ ပစ္စယသန္နိဿိတသီလသည်။ ပဋိလဒ္ဓပစ္စယေ၊ ရအပ်သောပစ္စည်းတို့ကို။ ဣဒမတ္ထန္တိ၊ ဤအကျိုးငှာဟူ၍။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပရိဘုဉ္ဇနမတ္တံ၊ သုံးဆောင်ခြင်းမျှသာတည်း။ နိပ္ပရိယာယေန၊ မုချအားဖြင့်။ ပါတိမောက္ခသံဝရောဝ၊ ပါတိမောက္ခသံဝရသီလသည်သာလျှင်။ သီလံ၊ သီလတည်း။ ဝါ၊ သီလမည်၏။

ထိုစကားကို ထင်ရှားစိမ့်ငှာ ဥပမာဖြင့် ပြပြန်၏၊ ပြဟန်ကား—

ယဿ ပန သော ဘိန္နော အယံ ဆိန္နသီသောဝိယ ပုရိသော ဟတ္ထပါဒေ သေသာနိ ရက္ခိဿတီတိ န ဝတ္တဗ္ဗော၊ ယဿ ပန အရောဂေါ အယံ အဆိန္နသီသောဝိယ ပုရိသော ဇီဝိတံ သေသာနိ ပုန ပါကတိကာနိ ကတွာ ရက္ခိတုံ သက္ကောတိ၊ တသ္မာ သီလဝါတိက္ကမိနာ ပါတိမောက္ခသံဝရံ နိဒ္ဒိသိတွာ တံဝိတ္ထာရေန္တော ပါတိမောက္ခသံဝရ သံဝုတောတိ အာဒိမာဟာတိ။

ရှင်းအင်္ဂုတ္တရ အဋ္ဌကထာစသည်။

အနက်ကား—ပန တပ္ပါကာရှိ ကရေမိ၊ ထိုစကားကို ထင်ရှားစိမ့်ငှာ ဥပမာကိုပြုဦးအံ့။ ယဿ၊ အကြင်ရဟန်းအား။ အယံ၊ ဤပါတိမောက္ခသံဝရ သီလသည်။ ဘိန္နော၊ ပျက်၏။ သော၊ ထိုရဟန်းသည်။ ဆိန္နသီလော၊ တောင်း

လောင်းမစပ် ဦးခေါင်းပြတ်သော၊ ပုရိသော၊ ယောကျ်ားသည်။ ဝါ၊ သတ္တဝါသည်။ ဟတ္ထပါဒေ၊ လက်ခြေတို့ကို။ ရက္ခိဿတိ၊ စောင့်နိုင်လတ္တံ့။ ဝါ၊ စောင့်နိုင်လိမ့်မည်။ ဣတိ၊ သို့။ နဝတ္တဗ္ဗောဝိယ၊ မဆိုအပ် မဆိုထိုက် မဆိုသင့် မဆိုကောင်းသကဲ့သို့။ သေသာနိ၊ ကြွင်းသောသီလတို့ကို။ ရက္ခိဿတီတိ၊ စောင့်နိုင်လတ္တံ့ ဟူ၍။ ဝါ၊ စောင့်နိုင်လိမ့်မည်ဟူ၍။ နဝတ္တဗ္ဗော၊ မဆိုအပ် မဆိုထိုက် မဆိုသင့် မဆိုကောင်း။ ပန၊ မဆိုသင့်သည်မှတပါး ဆိုသင့်သည်ကား။ ယထာ၊ အကြင်ရဟန်းအား။ အယံ၊ ဤပါတိမောက္ခ သံဝရသီလသည်။ အရောဂေါ၊ အနာမရှိ။ ဝါ၊ အပြစ်မရှိ။ သော၊ ထိုရဟန်းသည်။ အဆိန္နသီသော၊ ဦးခေါင်းမပြတ်သော။ ပုရိသော၊ ယောကျ်ားသည်။ ဝါ၊ သတ္တဝါသည်။ ဇီဝိတံ၊ အသက်ကို။ ရက္ခိတုံ၊ စောင့်ခြင်းငှာ။ သက္ကောတိဝိယ၊ တတ်နိုင်သကဲ့သို့။ သေသာနိ၊ ကြွင်းကုန်သော သီလတို့ကို။ ပုန၊ တဖန်။ ပါကတိတာနိ၊ ပြကတေ့ရှိသည်တို့ကို။ ကတွာ၊ ပြု၍။ ရက္ခိတုံ၊ စောင့်ခြင်းငှာ။ သက္ကောတိ၊ တတ်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ သီလဝါတိက္ကမိနာ၊ ဟူသော ဤပါဠ်ဖြင့်။ ပါတိမောက္ခသံဝရံ၊ ပါတိမောက္ခ သံဝရသီလကို။ နိဒ္ဒိသိတွာ၊ ညွှန်ပြတော်မူ၍။ တံ၊ ထိုပါတိမောက္ခ သံဝရသီလကိုပင်။ ဝိတ္ထာရေန္တော၊ အကျယ်ပြုပြု ချဲ့တော်မူလိုသည်ဖြစ်၍။ ပါတိမောက္ခ သံဝရ သံဝုတောတိ အာဒိံ၊ အစရှိသော စကားကို။ အာဟ၊ အရှင်သာရိပုတြာထေရ် မိန့်တော်မူ၏။ ဘုရားသခင် ဟောတော်မူ၏။ ဣတိ၊ သို့။ တိပိဋကစူဠနာဂတ္ထေရော၊ သည်။ အာဟ၊ ဆို၏။ ဤသို့ယောဇနာလေ။

ဇေဋ္ဌကသီလန္တိ ပဓာနသီလံ။

သုမထေရ်၏ ဝါဒအဖွင့်။

သီလဂ္ဂဟဏံ ဟိ ပါဠိယံ ပါတိမောက္ခသံဝရဝသေန အာဂတံ၊ တေနာဟ ပါတိမောက္ခသံဝရောယေဝ ါတိအာဒိ။ တတ္ထ အဝဓာရဏေန ဣတရေသံ တိဏ္ဏံ ကောဒဒသေန ပါတိမောက္ခဿာဂဓဘာဝံ ဒီပေတိ၊ တထာဟိ အနောလောကိယောလောကနေ အာဇီဝဟေတု ဆသိက္ခာပဒဝီတိက္ကမေ ဝိလာနပစ္စယဿ အပစ္စဝေက္ခိတပရိဘောဂေ စ အာပတ္တိ ဝိဟိတာတိ—

ဟူ၍ရှင်း၊

နိပ္ပရိယာယေနာတိက္ကမိနာ ဣန္ဒြိယ သံဝရာဒီနိ တီဏိ ပဓာနဿ သီလဿ ပရိဝါရဝသေန ပဝတ္တိယာ ပရိယာယ သီလာနီနာမာတိ ဒဿေတိ —

ဟူ၍ရှင်း၊

တိပိဋကာ စူဠနာဂထေရ်၏ ဝါဒအဖွင့်၊ အင်္ဂုတ္တရ မဟာဋီကာ အာကင်္ခေယျ သုတ်ဋီ။ ၁၁။

အနက်ကား—ဧင္ဒကသီလန္တိ၊ ဧင္ဒကသီလံဟူသည်ကား။ ပဓာနသီလံ၊ လွန်ကဲကြီးမြတ် ပြင်းသော သီလကို။ ဝိတ္ထာရေတွာ၊ အကျယ်ပြဲ့ပြဲ့ ထင်စွာ ချဲ၍။ ဒဿေတိ၊ ပြတော်မူ၏။ ဤသို့ထင်အောင် အဋ္ဌကထာနှင့်ပေ၍ ယောဇနာ၊ ဆရာသုမထေရ်၏ ဝါဒအဖွင့် ဋီကာအနက်။

ဟိ သစ္စံ၊ မှန်၏။ ဝါ၊ သီလဝါဟူသော ဥဒ္ဒေသပုဒ်သည် နောက်ထုတ်နိဒ္ဒေသကဲ့သို့ ပါတိမောက္ခ သံဝရကိုသာ ဟောတော်မူအပ်၏ ဟုမုချအလို ငါပြဆိုသော စကားသည် မှန်၏။ သီလဂ္ဂဟဏံ၊ သီလသဒ္ဒါသည်။ ပါဠိယံ၊ ပါဠိတော်၌။ ပါတိမောက္ခ သံဝရ ဝသေန၊ ပါတိမောက္ခ သံဝရ သီလ၏အစွမ်းဖြင့်။ အာဂတံ၊ လာ၏။ တေန၊ ထိုကြောင့်။ ပါတိမောက္ခသံဝရောယေဝါတိအာဒိ၊ အစရှိသော။ ယံဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ၏။ တံဝစနံ၊ ကို။ အာဟ၊ တိပိဋကာ စူဠနာဂမထေရ်ကျော် မိန့်ဆိုတော်မူ၏။

တတ္ထ၊ ထိုပါတိမောက္ခသံဝရောယေဝ ဟူသော တိပိဋကာ စူဠနာဂထေရ်၏ ဝါဒစကား၌။ အဝဓာရဏေန၊ ဧဝသဒ္ဒါဖြင့်။ ဣတရဿ၊ ဤပါတိမောက္ခ သံဝရသီလမှတပါးကုန်သော။ တိကဿ၊ သုံးပါးကုန်သော သီလတို့၏။ ဧကဒေသေန၊ တစိတ်ဘာဂအားဖြင့်။ ပါတိမောက္ခန္တောဂဓဘာဝံ၊ ပါတိမောက္ခသံဝရ သီလစုတွင် အတွင်းဝင်သည်၏အဖြစ်ကို။ ဒီပေတိ၊ ကာရဏူပစာ ပဒဋ္ဌာနာ ဟာရ နည်းအားဖြင့် ပြ၏။ တထာဟိတတော၀ေ၊ ထို့ကြောင့်သာလျှင် မဟုတ်လော။ တနည်း၊ တထာ တံဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ အနော လောကိုယောလောကနေ စ၊ မကြည့်အပ်ရာ ဆွမ်းလောင်းလာသော ဒါယကာ ဒါယိကာမတို့ မျက်နှာစသည်ကို ကြည့်ခြင်း၌ရင်း။ ဝါ၊ ကြည့်ခြင်းကြောင့် ရင်း။ အာဇီဝဟေတု ဆသိက္ခာပဒါဝီတိက္ကမေ စ၊ အသက်မွေးခြင်း အကြောင်း ကြောင့် ပညတ်တော်မူသော သိက္ခာပုဒ်ခြောက်ပါးကို ကျူးလွန်ခြင်း၌ရင်း။ ဝါ၊ ကျူးလွန်ခြင်းကြောင့်ရင်း။ ဂိလာနပစ္စယဿ၊ သူနာအထောက်အပံ့ဆေး ပစ္စည်းကို၊ အပစ္စဝေက္ခိတ ပရိဘောဂေ စ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မဆင်ခြင်ပဲ သုံးဆောင်ခြင်း၌ရင်း။ ဝါ၊ သုံးဆောင်ခြင်းကြောင့်ရင်း။ အာပတ္တိ၊ အာပတ်ကို။ ဝိဟိတာ၊ စီရင်တော်မူအပ်၏။ ဣတိတသ္မာ၊ ကြောင့်။ ပါတိမောက္ခန္တောဂဓဘာဝံ၊ ကို။ ဒီပေတိ၊ ၏။

နိပ္ပရိယာယေနာတိ ဣမိနာ၊ နိပ္ပရိယာယေန ဟူသော ဤပါဌ်ဖြင့်။ ဣန္ဒြိယ သံဝရာဒီနိ၊ ဣန္ဒြိယသံဝရအစရှိကုန်သော။ တီဏိ၊ သုံးပါးကုန်သော သီလ တို့ကို။ ပဓာနဿ၊ ကြီးကဲလွန်မြတ် ပြင်းသော။ သီလဿ၊ ပါတိမောက္ခ

သံဝရသီလ၏။ ပရိဝါရဝသေန၊ အခြံအရံ၏အစွမ်းဖြင့်။ပဝတ္တိယာ၊ဖြစ်ခြင်းဖြင့်။ ဝါ၊ ဖြစ်ခြင်းကြောင့်။ ပရိယာယ သီလာနိနာမာတိ၊ ပရိယာယသီလမည်ကုန်၏ ဟူ၍။ ဒသေတိ၊ ဗျတ်ရေကတ် ဆတ်ဆတ်မုချ ပြ၏။(တပည့် တိပိဋက စူဠနာဂထေရ်၏ ဝါဒ အဖွင့်ဋီကာအနက်။)

ဤထေရဝါဒ နှစ်ပါးလုံးနှင့်တကွ အလုံးစုံသော အဋ္ဌကထာ ဋီကာကြီးတို့၌လည်း ပါတိမောက္ခသံဝရသီလသည်သာလျှင် ဇေဋ္ဌကသီလ ပဓာနသီလ နိပ္ပရိယာယမုချအားဖြင့် သီလမည်၏ဟု ဆုံးဖြတ်ပြဆိုတော်မူကြသောအတိုင်း ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ သုံးပါးတို့သည် ပါတိမောက္ခသံဝရသီလ၏ အစိတ်အဘို့ အစို့အသင်း အတွင်းဝင်ကုန်သောကြောင့် သီလလေးပါးတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို အဋ္ဌကထာ ဋီကာကြီးတို့၌ အသီးအသီးဝေဘန်၍မပြကုန်ပြီ။သီလသာမညအားဖြင့် လက္ခဏာ ရသ စသည်တို့ကိုသာ ပြကုန်သတည်း။

အနည်းငယ်မျှ ထူးသည်ကိုပြသော်ကား ပါတိမောက္ခ သံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလနှစ်ပါးတို့သည် ကာယဒွါရ၊ ဝစီဒွါရနှစ်ပါးတို့နှင့်သာစပ်၍စောင့်အပ်သောကြောင့် ကာယကံ ဝစီကံနှစ်ပါးကို ကောင်းစွာထားခြင်းလက္ခဏာရှိကုန်၏။ဣန္ဒြိယသံဝရသီလသည် ဒွါရခြောက်ပါး၊ ကံသုံးပါးကိုပင် စောင့်အပ်သောကြောင့် ကာယကံ၊ဝစီကံ၊မနောကံသုံးပါးလုံးကို ကောင်းစွာထားခြင်းလက္ခဏာရှိ၏။ ပစ္စယသန္နိဿိတသီလသည်ကား ပစ္စည်းလေးပါးကို သုံးဆောင်ခြင်း၊ ပရိဘောဂရှေးရှိသော ယောနိသော ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်၍စောင့်အပ်သောကြောင့် ကာယကံ၊ မနောကံနှစ်ပါးကိုပင် ကောင်းစွာထားခြင်းလက္ခဏာရှိ၏ဟူ၍ အထူးမှတ်ကုန်ရာသတည်း။ ရသ၌မှာ အထူးမရှိ။ ပစ္စုပဋ္ဌာန်၌ကား ပါတိမောက္ခ သံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလနှစ်ပါးတို့သည် ကိုယ်နှုတ်နှစ်ပါးတို့၏ စင်ကြယ်ခြင်းပစ္စုပဋ္ဌာန်ရှိကုန်၏။ ဣန္ဒြိယ သံဝရသီလသည်ကံသုံးပါးလုံး၏ စင်ကြယ်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ပစ္စယ သန္နိဿိတ သီလသည်ကား ကိုယ်စိတ်နှစ်ပါး၏ စင်ကြယ်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏ဟူ၍ အထူးမှတ်ကုန်ရာသတည်း။ ပဒဋ္ဌာန်လည်း အထူးမရှိပြီ။

ဤသို့ ပြဆိုခဲ့ပြီးသောနည်းတို့ဖြင့် စတုပါရိသုဒ္ဓိသီလလေးပါးတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို သိလေကုန်။

ဝဇီရှပမ ဗျာကရဏ ဒသမပုစ္ဆာအဖြေ ပြီးပြီ။

* * *

## ကောဒသမ ပုစ္ဆာ

(၁၁) ၎င်း စတုပါရိသုဒ္ဓိ သီလလေးပါးတို့တွင် ပါတိမောက္ခ သံဝရသီလကို ကျူးလွန်သော သူတို့၏ အပြစ်၊ စောင့်ရှောက်သော သူတို့၏ အကျိုး၊ ကျန်သီလ သုံးပါးတို့မှာလည်း ၎င်းအတိုင်း အကျိုး အပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည် ဘုရား။

---

### ဝဇိရူပမ ဗျာကရဏ ကောဒသမပုစ္ဆာ အဖြေ

(၁၁) ၎င်းကောဒသမ လျှောက်ချက်အရ စတုပါရိသုဒ္ဓိသီလ လေးပါးတို့တွင် ပါတိမောက္ခ သံဝရ သီလကို ကျူးလွန်သော သူ၏အပြစ်ကို ရေဝတပတ္တနဂါးမင်းဝတ္ထု ကပိလရဟန်းဝတ္ထုတို့ဖြင့် အထူးသိအပ်၏။

ဣန္ဒြိယ သံဝရသီလကို ကျူးလွန်သောသူတို့၏ အပြစ်ကို ဒေါသမူ မနိန္ဒြေကို မစောင့်သော ဒေဝဒတ်ဝတ္ထု၊ ကောကာလိကရဟန်းဝတ္ထု၊ ဇမ္ဗုကအာဇီဝကဝတ္ထု၊ လောလတိဿ ရဟန်းဝတ္ထုတို့ဖြင့် အထူးသိအပ်၏။

နဝနိပါတ် ဣန္ဒြိယဇာတ်၌လည်း ငရဲ၌ဖြစ်တတ်ကြောင်း လာ၏။

ဣန္ဒြိယဝသံ ဂတာနာမ ကာမသို့ အတ္တဘာဝေ သုသာန္တာ ဒုက္ခံ အနုဘဝိတွာ ဒုတိယေ အတ္တဘာဝေ နိရယေ နိဗ္ဗတ္တန္တိ။

၎င်းနဝနိပါတ်ဣန္ဒြိယဇာတ် အဋ္ဌကထာ။

အနက်ကား—ဣန္ဒြိယဝသံ၊ ဣန္ဒြေ ၆-ပါး နိုင်ငံအလိုသို့။ ဂတာနာမ၊ လိုက်တတ်သော လူရဟန်းတို့မည်သည်ကား။ ကာမသို့ အတ္တဘာဝေ၊ ဤကိုယ်အဖြစ်၌။ သုသာန္တာ၊ ခြောက်တပ်ကုန်လျက်။ ဒုက္ခံ၊ ကိုယ်စိတ်ဆင်းရဲခြင်းကို။ အနုဘဝိတွာ၊ ခံစားရကုန်၍။ ဒုတိယေ၊ ၂-ခုမြောက်သော။ အတ္တဘာဝေ၊ ကိုယ်အဖြစ်၌။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ရကုန်၏။

ရှင်းနဝနီပါတ် ပူတိမံသဇာတ်၌လည်း ဣန္ဒြိယ သံဝရ သီလပျက်သော ရဟန်းတို့သည် ငရဲစသည်တို့၌ ဖြစ်တတ်ကုန်၏ ဟူ၍လာ၏။

ဘိက္ခဝေ ဘိက္ခုနော နာမ ရူပါဒီသု သုဘဝသေန နိမိတ္တံ ဂဟေတုံ န ဝဋ္ဋတိ၊ သစေ ဟိ တသ္မိံ သမယေ ကာလံ ကရောတိ၊ နိရယာဒီသု နိဗ္ဗတ္တတိ။

ရှင်းနဝနိပါတ် ပူတိမံသဇာတ်အဋ္ဌကထာ။

အနက်ကား—ဘိက္ခဝေ၊ တို့။ ဘိက္ခုနော နာမ၊ ရဟန်းအားမည်သည်ကား။ ရူပါဒီသု၊ ရူပါရုံစသည်တို့၌။ သုဘဝသေန၊ တင့်တယ်သည်၏ အစွမ်းဖြင့်။ နိမိတ္တံ၊ အာရုံနိမိတ်ကို။ ဂဟေတုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်မသင့်။ ဟိသစ္စံ၊ မှန်၏။ သစေ၊ အကယ်၍။ တသ္မိံ သမယေ၊ ထိုအာရုံ ၆-ပါး၌ သုဘအားဖြင့် လိုက်စားတပ်မက် နှစ်သက်စွဲယူသောအခါ၌။ ကာလံ၊ သေခြင်းကို။ ကရောတိ၊ ပြုအံ့။ နိရယာဒီသု၊ ငရဲစသော အပါယ်လေးဘုံတို့၌။ နိဗ္ဗတ္တတိ၊ ဖြစ်တတ်၏။

အာဇီဝ ပါရိသုဒ္ဓိ သီလကို လွန်ကျူးသောသူတို့၏ အပြစ်သည်ကား ဝတ္ထုအထူးမထင်၊ ဒုကနိပါတ် သတာမေဓဇာတ်၌ကား အနေသန မိစ္ဆာဇီဝဖြင့် အသက်မွေးတတ်ကုန်သော ရဟန်းတို့သည် ဘီလူးအဖြစ် ပြိတ္တာအဖြစ် ဝန်ဆောင်နွားလားအဖြစ် ငရဲအဖြစ်တို့၌ ဖြစ်တတ်ကုန်၏ဟု ဟောတော်မူ၏။

တေ ပန ဧဝံ ဇီဝိတံ ကပ္ပေတွာ ယက္ခတ္တဘာဝါ ပေတတ္တဘာဝါ န မုစ္စိဿန္တိ၊ ဓူရဂေါဏာ ဟုတွာဝ နိဗ္ဗတ္တိဿန္တိ၊ နိရယေ ပဋိသန္ဓိံ ဂဏှိဿန္တိ။

ရှင်း ဒုကနိပါတ် သတာမေဓဇာတ် အဋ္ဌကထာ။

အနက်ကား—တေ ပန၊ ထိုရဟန်းတို့သည်ကား။ ဧဝံ၊ ဤသို့။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေတွာ၊ မွေးကုန်၍။ ယက္ခတ္တဘာဝါ၊ ဘီလူး၏ ကိုယ်အဖြစ်မှလည်း။ ပေတတ္တဘာဝါ၊ ပြိတ္တာ၏အဖြစ်မှလည်း။ န မုစ္စိဿန္တိ၊ မလွတ်ကုန်လတ္တံ့။ ဓူရဂေါဏာ၊ ဝန်ဆောင်နွားလားတို့သည်။ ဟုတွာဝ၊ ဖြစ် ကုန်၍သာလျှင်။ နိဗ္ဗတ္တိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ နိရယေ၊ ငရဲ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏှိဿန္တိ၊ ယူရကုန်လတ္တံ့။

သမ္မောဟ အဋ္ဌကထာ ဈာနဝိဘင်း အဖွင့်၌လည်း—

> ဇေံ ဟိ ဇီဝိတံ ကပ္ပေန္တော အနေသနာယ မိစ္ဆာဇီဝေန ဇီဝတိ၊ သော ဒိဋ္ဌေဝ ဓမ္မေ ဂရဟံ ပါပုဏာတိ၊ သမ္ပရာယေ စ အပါယပရိပူရကော ဟောတိ ဟူ၍ လာ၏။

အနက်ကား—ဟိ သစ္စံ၊ မှန်၏။ ဇေံ၊ သို့။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေန္တော၊ မွေးသောရဟန်းသည်။ အနေသနာယ၊ မသင့်သောရှာမှီးခြင်းဖြင့်။ မိစ္ဆာဇီဝေန၊ ယုတ်မာသဖြင့် မသင့်သော အသက်မွေးခြင်းဖြင့်။ ဇီဝတိ၊ အသက်မွေး၏။ သော၊ ထိုရဟန်းသည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၌ ဖြစ်၍ ဂရဟံ၊ ကဲ့ရဲ့ခြင်းသို့။ ဝါ၊ ကဲ့ရဲ့အပ်သည်၏ အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ သမ္ပရာယေ စ၊ တမလွန်ဘဝ၌လည်း။ အပါယပရိပူရကော၊ အပါယ်လေးဘုံ၌ ပြည့်သည်။ ဟောတိ၊ ၏။

ပစ္စယသန္နိဿိတသီလကို လွန်ကျူးသော သူ၏ အပြစ်သည်ကား တိဿ ရဟန်းသည် သင်္ကန်းကို မဆင်ခြင်ပဲ လောဘကပ်ငြိသဖြင့် သေ၍ သင်္ကန်း၌ သန်းဖြစ်သော ဝတ္ထုဖြင့် အထူးသိအပ်၏။ ၎င်းအကြောင်းကား ဓမ္မပဒ အဋ္ဌကထာ၌ လာ၏။

ကေနိပါတ် လိတ္တဇာတ်၌ကား ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်တတ်ကုန်သော ရဟန်းတို့သည် များသောအားဖြင့် ငရဲ တိရစ္ဆာန်မှ မလွတ်နိုင်ကုန်ဟု ဟောတော်မူ၏။

> တေ စတ္တာရော ပစ္စယေ အပစ္စဝေက္ခိတွာ ပရိဘုဉ္ဇမာနာ ယေဘုယျေန နိရယတိရစ္ဆာနယောနိတော န မုစ္စန္တိ။

၎င်းကေနိပါတ် လိတ္တဇာတ် အဋ္ဌကထာ။

အနက်ကား—တေ၊ ထိုရဟန်းတို့သည်။ စတ္တာရော၊ လေးပါးသော ပစ္စယေ၊ ပစ္စည်းတို့ကို။ အပစ္စဝေက္ခိတွာ၊ မဆင်ခြင်ကုန်မူ၍။ ပရိဘုဉ္ဇမာနာ၊ သုံးဆောင်ကုန်သည်ရှိသော်။ ယေဘုယျေန၊ များသောအားဖြင့်။ နိရယ တိရစ္ဆာန ယောနိတော၊ ငရဲ တိရစ္ဆာန်မှ။ န မုစ္စန္တိ၊ မလွတ်ကုန်။

၎င်းကေနိပါတ် ဝိဿာသဘောဇနဇာတ်၌လည်း ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်၍ သေသော ရဟန်းတို့သည် ယက္ခ ပေတ အဖြစ်မှ မလွတ်ကုန်ဟု လာ၏။

> ဘိက္ခဝေ ဘိက္ခုနာမ ဉာတိဟိပိ ဒိန္နကေ စတ္တာရော ပစ္စယေ ပစ္စဝေက္ခိတွာဝ ပရိဘောဂေါ ကာတဗ္ဗော၊ အပစ္စဝေက္ခိတွာ ပရိဘောဂံ

ကတွာ ဟိ ကာလံ ကုရုမာနေ ဘိက္ခူ ယက္ခ ပေတ အတ္တဘာဝတော န မုစ္စတိ။

ရင်း ဧကနိပါတ် ဝိဿာသဘောဇနဇာတ် အဋ္ဌကထာ။

အနက်ကား—ဘိက္ခဝေ၊ တို့။ ဘိက္ခုနာမ၊ ရဟန်းမည်သည်ကား။ ဉာတိဟိပိ၊ အဆွေအမျိုးတို့သည်သည်း။ ဒိန္နကေ၊ လှူအပ်ကုန်သော၊ စတ္တာရော၊ လေးပါးကုန်သော။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ပစ္စဝေက္ခိတွာဝ၊ ဆင်ခြင်၍သာလျှင်။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဟိ သစ္စံ၊ မှန်၏။ အပစ္စဝေက္ခိတွာ၊ မဆင်ခြင်မူ၍။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ ကတွာ၊ ပြု၍။ ကာလံ၊ သေခြင်းကို။ ကုရုမာနော၊ ပြုသော။ ဘိက္ခု၊ ရဟန်းသည်။ ယက္ခ ပေတ အတ္တဘာဝတော၊ ဘီလူးပြိတ္တာ ကိုယ်အဖြစ်မှ။ န မုစ္စတိ၊ မလွတ်နိုင်၊ မလွတ်သာ။

အလုံးစုံ သီလပျက်ကုန်သော ရဟန်းယောက်ျား ရဟန်းမိန်းမတို့သည်လည်း အပါယ်လေးပါးတို့၌ ဖြစ်ကြရကြောင်း ဒွါဒသနိပါတ် မဟာကဏှဇာတ်၌ ဟောတော်မူ၏။

သမ္မာသမ္ဗုဒ္ဓေ စတုသစ္စဒေသနာယ မဟာဇနံ ကိလေသဗန္ဓနံ မောစေတွာ နိဗ္ဗာနနဂရံ ပူရေတွာ ပရိနိဗ္ဗုတေ ဒီဃာ အဒ္ဓုနော အစ္စယေန သာသနံ ဩသက္ကံ။ ဘိက္ခူ ကောဝိသတိယာ အနေသနာဟိ ဇီဝိတံ ကပ္ပေန္တိ၊ ဘိက္ခူ ဂိဟိသံသဂ္ဂံ ကရောန္တိ၊ ပုတ္တဓိတာဒီဟိ ဝဍ္ဎန္တိ၊ ဘိက္ခူနိယော ဂိဟိသံသဂ္ဂံ ကရောန္တိ၊ ပုတ္တဓိတာဒီဟိ ဝဍ္ဎန္တိ၊ ဘိက္ခူ ဘိက္ခုဓမ္မံ ဝိသဇ္ဇေသုံ၊ ဘိက္ခုနိယော ဘိက္ခုနိဓမ္မံ ဥပါသကာ ဥပါသကဓမ္မံ ဥပါသိကာ ဥပါသိကဓမ္မံ ဗြာဟ္မဏာ ဗြာဟ္မဏဓမ္မံ ဝိသဇ္ဇေသုံ။ ယေဘုယျေန မနုဿာ အကုသလကမ္မပထံ သမာဒါယ ဝတ္တိံသု၊ မတမတာ အပါယေသု ပရိပူရေသုံ၊ သဂ္ဂမဂ္ဂါ တုစ္ဆန္တိ။

ရင်း ဒွါဒသနိပါတ် မဟာကဏှဇာတ် အဋ္ဌကထာ။

အနက်ကား—သမ္မာသမ္ဗုဒ္ဓေ၊ ကဿပမြတ်စွာဘုရားသည်။ စတုသစ္စဒေသနာယ၊ သစ္စာလေးဖြာ ဒေသနာတော်ဖြင့်။ မဟာဇနံ၊ သတ္တဝါအများကို။ ကိလေသဗန္ဓနံ၊ ကိလေသာ အနှောင်အဖွဲ့ကို။ မောစေတွာ၊ ရှင်းရှင်းဖြေလွှတ် ချွတ်တော်မူ၍။ နိဗ္ဗာနနဂရံ၊ နိဗ္ဗာန်ရွှေမြို့သို့။ ပူရေတွာ၊ ပြည့်စေတော်မူ၍။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံလွန်ချုပ်ငြိမ်းတော်မူပြီးသည်ရှိသော်။ ဒီဃာ၊ ရှည်ကြာစွာသော။ အဒ္ဓုနော၊ ကာလအခွင့်၏။ အစ္စယေန၊ လွန်သဖြင့်။ သာသနံ၊ ဓမ္မဝိနယ အဆုံးအမ သာသနာတော်သည်။ ဩသက္ကံ၊ ဆုတ်ယုတ်

၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကေဝဋိသတိယာ၊ နှစ်ဆယ့်တပါးသော။ အနေ သနဒဟိ၊ မသင့်မအပ် မလျော်ကပ်ပတ်သော ပစ္စည်းရှာမှီးခြင်းအနေအသနတို့ဖြင့်။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေန္တိ၊ မွေးကြကုန်၏။ ဘိက္ခူ၊ ရဟန်းယောကျ်ားတို့သည်။ ဂိဟိသံသဂ္ဂံ၊ အိမ်ရာထောင်သူ ရှာနေလူတို့နှင့် အတူမကင်း ရောနှော ခြင်းကို။ ကရောန္တိ၊ ပြုကြကုန်၏။ ပုတ္တဓိတာဒီဟိ၊ သားသမီးစသည်တို့ဖြင့်။ ဝဍ္ဍန္တိ၊ ပွါးကုန် ၏။ ဘိက္ခုနီဟိ၊ ရဟန်းမိန်းမတို့နှင့်။ သံသဂ္ဂံ၊ ရောနှောခြင်းကို။ ကရောန္တိ၊ ကုန်၏။ ပုတ္တဓီတာဒီဟိ၊ တို့ဖြင့်။ ဝဍ္ဍန္တိ၊ ကုန်၏။ ဘိက္ခူ၊ ရဟန်းယောကျ်ား တို့သည်။ ဘိက္ခုဓမ္မံ၊ ရဟန်းယောကျ်ား အကျင့်တရားကို။ ဝိသဇ္ဇေသုံ၊ စွန့်လွှတ် ကုန်၏။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ ဘိက္ခုနီဓမ္မံ၊ ရဟန်းမိန်းမ အကျင့် တရားကို။ ဥပါသကာ၊ ဥပါသကာယောကျ်ားတို့သည်။ ဥပါသကဓမ္မံ၊ ဥပါသကာ ယောကျ်ား အကျင့်တရားကို။ ဥပါသိကာ၊ ဥပါသိကာမတို့သည်။ ဥပါသိက ဓမ္မံ၊ ဥပါသိကာ သတင်းသည်မ အကျင့်တရားကို။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ ဗြာဟ္မဏဓမ္မံ၊ ပုဏ္ဏားအကျင့်တရားကို။ ဝိသဇ္ဇေသုံ၊ စွန့်လွှတ်ကုန်၏။ ယေဘုယျေန၊ များသောအားဖြင့်။ မနုဿာ၊ လူတို့သည်။ အကုသလကမ္မပထံ၊ အကုသလ ကမ္မပထတရားကို။ ဝါ၊ အပါယ်လားကြောင်း မကောင်းသော အကုသိုလ်ကံ အမှုကို။ သမာဒိယ၊ ဆောက်တည်ကုန်၏။ ဝတ္တယိံသု၊ ကျင့်ကြကုန်၏။ မဘာမတာ၊ သေတိုင်းသေတိုင်းတို့သည်။ သေကုန်သမျှတို့သည်။ အပါယေသု၊ အပါယ်လေးဘုံတို့၌။ ပရိပူရယုံ၊ အလုံးစုံပြည့်ကုန်၏။ သဂ္ဂမဂ္ဂါ၊ နတ်ရွာ ခရီးတို့သည်။ တုစ္ဆန္တိ၊ အချည်းနှီးပိတ်၍ တိတ်ဆိတ်ကုန်၏။

ဘိက္ခုဝိဘင်းပါဠိ၊ ၎င်းအဋ္ဌကထာ၊ နိဒါနဝဂ္ဂ လက္ခဏ သံယုတ်ပါဠိ၊ ၎င်း အဋ္ဌကထာတို့၌လည်း ကဿပ မြတ်စွာဘုရား သာသနာတော်က အလဇ္ဇီ ဒုဿီလ ပါပ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သိက္ခမာန်၊ သာမဏေယောကျ်ား သာမဏေမိန်းမတို့သည် ငရဲ၌ နှစ်ပေါင်းများစွာ ရှည်ကြာလေးမြင့် ကျက်ရ ပြီးမှ အန္တရကပ် တကပ်ကျော် ယခုကာလတိုင်အောင် ဂိဇ္ဈကုဋ်တောင်၌ ရဲရဲ ပြောင်ပြောင် တောက်သော သင်္ကန်း သပိတ် ခါးပန်း ကိုယ်ရှိကုန်လျက် ကျီး လင်းတ သိမ်း စွန်စသည်တို့ မပြတ်ထိုးဆွပ် ဆိတ်စားကုန်သဖြင့် ကျင်နာ ကြီးစွာ ဟစ်အော်မြည်တမ်းကုန်၍ ရဟန်းသာမဏေတို့၏ အသွင်သဏ္ဌာန်ဖြင့် ကောင်းကင်၌ ပြေးသွား ခံနေရကုန်သော ရဟန်းယောကျ်ားပြိတ္တာ ရဟန်း မိန်းမပြိတ္တာ သိက္ခမာန်ပြိတ္တာ သာမဏေပြိတ္တာ သာမဏေမပြိတ္တာ ဖြစ်နေကြ ကုန်၏ဟု ဟောတော်မူ၏။

ဣဓေကစ္စာ ဥပဇ္ဈာယံ ... 

ဣဓာဟံ အာဝုသော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ ဘိက္ခုံ ဝေဟာသံ ဂစ္ဆန္တံ တဿ သံဃာဋိပိ အာဒိတ္တာ သမ္ပဇ္ဇလိတာ သဇောတိဘူတာ ပတ္တောပိ အာဒိတ္တော သမ္ပဇ္ဇလိတော သဇောတိဘူ

တော၊ ကာယဗန္ဓနံပိ အာဒိတ္တံ သမ္ပဇ္ဇလိတံ သဇောတိဘူတံ၊ ကာယောပိ အာဒိတ္တော သမ္ပဇ္ဇလိတော သဇောတိဘူတော၊ သော သုဒံ အန္ဓဿရံ ကရောတိ။ လ။ သော ဘိက္ခဝေ ဘိက္ခု ကဿပဿ သမ္မာသမ္ဗုဒ္ဓဿ ပါဝစနေ ပါပဘိက္ခု အဟောသိ။ လ။ ပါပဘိက္ခုနီ အဟောသိ။ လ။ ပါပသိက္ခမာနာ အဟောသိ။ လ။ ပါပ သာမဏေရော အဟောသိ။ လ။ ပါပသာမဏေရီ အဟောသိ။

ဘိက္ခုဝိဘင်း စတုတ္ထပါရာဇိက ဝိနီတဝတ္ထုပါဠိတော်။ နိဒါနဝဂ္ဂ လက္ခဏသံယုတ်ပါဠိတော်။

ဤပါဠိတော်၌ ငါးဝတ္ထုကို ပေယျာလချုံး၍ ရေးလိုက်သည်။

**အနက်ကား** — အာဝုသော၊ ငါ့ရှင်လက္ခဏ။ အဟံ၊ ငါသည်။ ဣဓ၊ ဤအရပ်၌။ ဂိဇ္ဈကူဋာ၊ ဂိဇ္ဈကုဋ်အမည်ရှိသော။ ပဗ္ဗတာ၊ တောင်မှ။ ဩရောဟန္တော၊ ဆင်းခဲ့သည်ရှိသော်၊ ဝေဟာသံ၊ ကောင်းကင်သို့။ ဝါ၊ ကောင်းကင်၌။ ဂစ္ဆန္တံ၊ သွားသော။ ဘိက္ခုံ၊ ရဟန်းကို။ အဒ္ဒသံ၊ မြင်မိ၏။ တဿ၊ ထိုရဟန်း၏။ သံဃာဋိပိ၊ ဒုကုဋ်သည်လည်း။ အာဒိတ္တာ၊ ရဲရဲညီး၏။ သမ္ပဇ္ဇလိတာ၊ ထက်ဝန်းကျင် ပြောင်ပြောင်တောက်၏။ သဇောတိဘူတာ၊ အလျှံနှင့်တကွ ဖြစ်၏။ ပတ္တောပိ၊ သပိတ်သည်လည်း။ အာဒိတ္တော၊ ၏။ သမ္ပဇ္ဇလိတော၊ ၏။ သမ္ပဇ္ဇလိတံ၊ ၏။ သဇောတိ ဘူတော၊ ၏။ ကာယဗန္ဓနံပိ၊ ခါးပန်းကြိုးသည်လည်း။ အာဒိတ္တံ၊ ၏။ သဇောတိဘူတံ၊ ၏။ ကာယောပိ၊ ကိုယ်သည်လည်း။ အာဒိတ္တော၊ ၏။ သမ္ပဇ္ဇလိတော၊ ၏။ သဇောတိဘူတော၊ ၏။ သော၊ ထိုသင်္ကန်းသပိတ် ဘိတ်ဘိတ်ညီးပြောင် ကိုယ်လုံးလောင်သော ရဟန်းသည်။ အန္ဓဿရံ၊ ပြင်းပြသည်းထန် ကျင်နာသံကို။ ကရောတိ၊ ပြု၏။ လ၊ ဘိက္ခဝေ၊ တို့။ သော ဘိက္ခု၊ ထိုသင်္ကန်းသပိတ် ဘိတ်ဘိတ်ညီးပြောင် ကိုယ်လုံးလောင်သောရဟန်းသည်။ ကဿပဿ၊ ကဿပအမည်ရှိသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ပါဝစနေ၊ မြတ်သော အဆုံးအမ သာသနာတော်၌။ ပါပဘိက္ခု၊ ယုတ်မာဆိုးတောင်း မကောင်းသော ဒုဿီလ အလဇ္ဇီ ရဟန်းသည်။ အဟောသိ၊ ဖြစ်ဘူးပြီ။ လ။ ပါပဘိက္ခုနီ၊ ယုတ်မာဆိုးတောင်း မကောင်းသော ဒုဿီလ အလဇ္ဇီ ရဟန်းမိန်းမသည်။ အဟောသိ၊ ပြီ။ လ။ ပါပသိက္ခမာနာ၊ ယုတ်မာဆိုးတောင်း မကောင်းသော ဒုဿီလ အလဇ္ဇီ သိက္ခမာန်သည်။ အဟောသိ၊ ပြီ။ လ။ ပါပသာမဏေရော၊ ယုတ်မာဆိုးတောင်း မကောင်းသော ဒုဿီလ အလဇ္ဇီ သာမဏေယောကျ်ားသည်။ အဟောသိ၊ ပြီ။ လ။ ပါပသာမဏေရီ၊ ယုတ်မာဆိုးတောင်း မကောင်းသော ဒုဿီလ အလဇ္ဇီ သာမဏေမသည်။ အဟောသိ၊ ပြီ။

ဘိက္ခုဝတ္ထုသ္မိံ ပါပဘိက္ခူတိ သော ကိရ လေ:ကဿ သဒ္ဓါဒေယျံ စတ္တာရော ပစ္စယေ ပရိဘုဉ္ဇိတွာ ကာယ ဝစီ ဒွါရေဟိ အသံယတော ဘိန္နာဇီဝေါ ဝိတ္တကေဠိံ ကိဠန္တော ဝိစရိ၊ တတော ကော်ဗုဒ္ဓန္တရံ နိရယေ ပစ္စိတွာ ပေတလောကေ နိဗ္ဗတ္တန္တော ဘိက္ခုသဒိသေနေဝ အတ္တဘာဝေန နိဗ္ဗတ္တိ၊ ဘိက္ခုနီ သိက္ခမာနာ သာမဏေရ သာမဏေရီ ဝတ္ထုသ္မိံပိ အယမေဝ ဝိနိစ္ဆယော။

ရင်း ဘိက္ခုဝိဘင်းအဋ္ဌကထာ၊ နိဒါန ဝဂ္ဂလက္ခဏာသံယုတ်အဋ္ဌကထာ။

အနက်ကား—ဘိက္ခုဝတ္ထုသ္မိံ၊ ရဟန်းယော:ကျား ဝတ္ထု၌။ ပါပဘိက္ခူတိ၊ ဟူသည်ကား။ သော၊ ထိုယုတ်မာသောရဟန်းသည်။ လေ:ကဿ၊ လူအပေါင်း၏။ ဝါ၊ လူအပေါင်းသည်။ သဒ္ဓါဒေယျံ၊ သဒ္ဓါ၍ လှူအပ်ကုန်သော။ ဝါ၊ တမလွန်ဘဝ၌ ကောင်းကျိုးကြီးစွာ ရလတ္တံ့ဟု ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ပရိဘုဉ္ဇိတွာ၊ သုံးဆောင်၍။ ကာယဝစီဒွါရေဟိ၊ ကာယဒွါရ ဝစီဒွါရတို့ဖြင့်။ အသံယတော၊ မစောင့်မထိန်းပဲ။ ဘိန္နာဇီဝေါ၊ ပျက်သော အသက်မွေးခြင်း ရှိသည်ဖြစ်၍။ ဝါ၊ ပျက်သော သာဇီဝသိက္ခာပုဒ် ရှိသည်ဖြစ်၍။ စိတ္တကေဠိံ၊ စိတ်၏ မြူးထူးပျော်ပါးခြင်းကို။ ကိဠန္တော၊ မြူးထူးပျော်ပါးသည်ဖြစ်၍။ ဝိစရိ၊ ကျက်စားလှည့်လည်၏။ တတော၊ ထိုဘဝမှ။ ဝါ၊ ထိုအကြောင်းကြောင့်။ ကော်ဗုဒ္ဓန္တရံ၊ တခုသော ဘုရား ၂-ဆူတို့၏ အကြား၌။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်၍။ ပေတလောကေ၊ ပြိတ္တာဘုံ၌။ နိဗ္ဗတ္တန္တော၊ ဖြစ်လျက်။ ဘိက္ခုသဒိသေနေဝ၊ ရဟန်းနှင့်တူသည်သာလျှင်ဖြစ်သော။ အတ္တဘာဝေန၊ ကိုယ်အဖြစ်ဖြင့်။ နိဗ္ဗတ္တိကိရ၊ ဖြစ်သတတ်။ ဘိက္ခုနီ သိက္ခမာနာ သာမဏေရ သာမဏေရီဝတ္ထုသ္မိံပိ၊ ဘိက္ခုနီဝတ္ထု သိက္ခမာနဝတ္ထု သာမဏေဝတ္ထု သာမဏေရီဝတ္ထု၌လည်း။ အယမေဝ ဝိနိစ္ဆယော၊ ဤအဆုံးအဖြတ် အတိုင်းသာတည်း။

မူလပဏ္ဏာသ အဋ္ဌကထာ ဝတ္တသုတ် အဖွင့်၌လည်း လာ၏။

အနဂါရိယောပိ ဣမသ္မိံသာသနေ ပဗ္ဗဇိတော သံကိုလိဋ္ဌစိတ္တော ဒုတေယျပဟီနဂမနံ ဂစ္ဆတိ၊ ဝေဇ္ဇကမ္မံ ကရောတိ၊ သံဃဘေဒါယ စေတိယဘေဒါယ ပရက္ကမတိ၊ ဝေဠုဒါနာဒီဟိ ဇီဝိတံ ကပ္ပေတိ၊ သတာ လံဖိ အနာစာရံ အဂေါစရဉ္စ ပရိပူရေတိ၊ အယ မသ္မာ အနဂါရိယ ပဋိပတ္တိ ဒုဂ္ဂတိ၊ သော တတ္ထ ဌိတော ကာယဿ ဘေဒါ နိရယံပိ ဂစ္ဆတိ၊ တိရစ္ဆာနယောနိံပိ ပေတ္တိဝိသယံပိ ဂစ္ဆတိ၊ သမဏယက္ခော နာမ ဟောတိ။ သမဏပေတော၊ အာဒိတ္တေဟိ သံဃာဋိအာဒီဟိ သမ္ပဇ္ဇလိ တကာယော အဋ္ဋဿရံ ကရောန္တော ဝိစရတိ၊ အယမဿ ဂတိ ဒုဂ္ဂတိ။

ရင်း မူလပဏ္ဏာသအဋ္ဌကထာ ဝတ္ထသုတ်အဖွင့်။

အနက်ကား—အနဂါရိယောပိ၊ ရဟန်းသည်လည်း။ ဣမသ္မိံ သာသနေ၊ ဤမြတ်စွာဘုရား သာသနာတော်၌။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်ဖြစ်၍။ သံကိလိဋ္ဌစိတ္တော၊ ညှင်ညူးသောစိတ်ရှိလျက်။ ဒူတေယျပဟိနဂမနံ၊ လူတို့၏တမန် သည်အမှု စေခိုင်းရာ သွားခြင်းကို။ ဂစ္ဆတိ၊ သွား၏။ ဝေဇ္ဇကမ္မံ၊ ဆေးဝါး ကုခြင်းအမှုကို။ ကရောတိ၊ ပြု၏။ သံဃဘေဒါယ၊ သံဃာကွဲပြားခြင်းငှါ။ စေတိယဘေဒါယ၊ စေတီကို ဖောက်ခြင်း ဖျက်ခြင်းငှာ။ ပရက္ကမတိ၊ လုံ့လပြု၏။ ဝေဠုဒါနာဒီဟိ၊ ဝါးပေးခြင်း အစရှိသည်တို့ဖြင့်။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေတိ၊ မွေး၏။ သကလံပိ၊ အလုံးစုံသည်းဖြစ်သော။အနာစာရဥ္စ၊ မကောင်းသော အကျင့်ကိုရင်း။ အဂေါစရဥ္စ၊ ရဟန်းတို့ ဆွမ်းခံရာ အာရုံမဟုတ်သော အရာ အာရုံတို့၌ လေ့ကျက်ခြင်းကိုရင်း။ ပရိပူရေဘိ၊ ပြည့်စေ၏။ အယံ၊ ဤအလုံးစုံသော ရဟန်းတို့နှင့် မလျောက်ပတ်သော အကျင့်ကို ကျင့်ခြင်း သည်။ အဿ၊ ထိုရဟန်းဖြစ်သောသူအား။ အနဂါရိယ ပဋိပတ္တိဒုဂ္ဂတိ၊ ရဟန်း အကျင့်၏ ပျက်စီးခြင်းမည်၏။ သော၊ ထိုရဟန်း ဖြစ်သော သူသည်။ တတ္ထ၊ ထိုရဟန်းအကျင့်၏ ပျက်စီးခြင်း၌။ ဌိတော၊ တည်သည်ဖြစ်၍၊ ဏာယသာ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဝါ၊ ပျက်သည်မှ။ နိရယံပိ၊ ငရဲ သို့လည်း။ ဂစ္ဆတိ၊ လားရောက်၏။ တိရစ္ဆာနယောနိံပိ၊ တိရစ္ဆာန်အမျိုး သို့လည်း။ ဂစ္ဆတိ၊ ၏။ ပေတ္တိဝိသယံပိ၊ ပြိတ္တာဘုံသို့လည်း။ ဂစ္ဆတိ၊ ၏။ သမဏယက္ခော နာမ၊ ရဟန်းဘီလူးမည်သည်။ ဟောတိ၊ ၏။ သမဏပေတော၊ ရဟန်းပြိတ္တာသည်။ ဟောတိ၊ ၏။ အာဒိတ္တဟိ၊ ရဲရဲညီးကုန်သော။ သံဃာဋိ အာဒီဟိ၊ ဒုကုဋ်သင်္ကန်းစသည်တို့ဖြင့်။ သမ္ပဇ္ဇလိတကာယော၊ ထက်ဝန်း ကျင် ပြောင်ပြောင်တောက်သော ကိုယ်ရှိသည်ဖြစ်၍။ အဋ္ဋဿရံ၊ ကြွင်နာ သောအသံကို။ ကရောန္တော၊ ပြုလျက်။ ဝိစရတိ၊ လှည့်လည်ရ၏။ အယံ၊ ဤငရဲ တိရစ္ဆာန် ပြိတ္တာဘုံသို့ လားရခြင်းသည်။ အဿ၊ ထိုရဟန်းဖြစ်သောသူအား။ ဂတိဒုဂ္ဂတိ၊ အလား၏ပျက်စီးခြင်းမည်၏။

ဤမှတပါးလည်း ဇင်္ဂိခန္ဓျပမသုတ်ပါဠိ၊ အာဒိတ္တပရိယာယသုတ် ပါဠိ တော်၊ ဓမ္မပဒ အဋ္ဌကထာစသည်တို့ဖြင့် သိအပ်ကုန်၏။ အဂ္ဂိခန္ဓူပမသုတ်ကား သတ္တင်္ဂုတ္တရပါဠိတော်၌ လာ၏၊ အာဒိတ္တပရိယာယသုတ်ကား သဠာယတန သံယုတ်ပါဠိတော်၌ လာ၏။ အကျိုးကား ထင်ရှားစွာ၏။

ဝဇီရဗုဒ္ဓိ ဗျာကရဏ ကောဒသမပုစ္ဆာအဖြေ ပြီး·ပြီ။

# ဒွါဒသမ ပုစ္ဆာ

(၁၂) သံဃိကဒါနမျိုးတို့၏သရုပ်အဓိပ္ပာယ် လှူနည်းလှူပုံနှင့်တကွ သိလိုပါသည်ဘုရား။

---

## ဝင်္ဂီရူပမ ဗျာကရဏ ဒွါဒသမပုစ္ဆာ အဖြေ

(၁၂) ၎င်း ဒွါဒသမ လျှောက်ချက်အရ သံဃိကဒါနမျိုးတို့၏သရုပ်ကား ဗုဒ္ဓပမုခ ဥဘတောသံဃိကဒါန၊ ဥဘတော သံဃိကဒါန၊ ဘိက္ခုသံဃိကဒါန၊ ဘိက္ခုနီ သံဃိကဒါန၊ ဘိက္ခုဘိက္ခုနီ သံဃတော ဥဒ္ဒိဿ သံဃိကဒါန၊ ဘိက္ခု သံဃတော ဥဒ္ဒိဿ သံဃိကဒါန၊ ဘိက္ခုနီ သံဃတော ဥဒ္ဒိဿသံဃိကဒါနဟူ၍ ခုနစ်မျိုးရှိသတည်း။

> သတ္တ ခေါ ပနိမာနန္ဒ သံဃဂတာ ဒက္ခိဏာ၊ ကတမာ သတ္တ၊ ဗုဒ္ဓပမုခေ ဥဘတောသံဃေ ဒါနံ ဒေတိ၊ အယံ ပဌမာ သံဃဂတာ ဒက္ခိဏာ၊ တထာဂတေ ပရိနိဗ္ဗုတေ ဥဘတောသံဃေ ဒါနံ ဒေတိ၊ အယံ ဒုတိယာ သံဃဂတာ ဒက္ခိဏာ၊ ဘိက္ခုသံဃေ ဒါနံ ဒေတိ၊ အယံ တတိယာ သံဃဂတာ ဒက္ခိဏာ၊ ဘိက္ခုနီသံဃေ ဒါနံ ဒေတိ၊ အယံ စတုတ္ထာ သံဃဂတာ ဒက္ခိဏာ၊ ဧတ္တကာ မေ ဘိက္ခူ ဘိက္ခုနိယော စ သံဃတော ဥဒ္ဒိဿထာတိ ဒါနံ ဒေတိ၊ အယံ ပဉ္စမီ သံဃဂတာ ဒက္ခိဏာ၊ ဧတ္တကာ မေ ဘိက္ခူ သံဃတော ဥဒ္ဒိဿထာတိ၊ ဒါနံ ဒေတိ၊ အယံ ဆဋ္ဌီ သံဃဂတာ ဒက္ခိဏာ၊ ဧတ္တကာ မေ ဘိက္ခုနိယော သံဃတော ဥဒ္ဒိဿထာတိ ဒါနံ ဒေတိ၊ အယံ သတ္တမီ သံဃဂတာ ဒက္ခိဏာ။
>
> ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်။

အနက်ကား — အာနန္ဒ၊ အာနန္ဒာ။ သံဃဂတာ၊ သံဃာ၌ဖြစ်ကုန်သော ဒက္ခိဏာ၊ အလှူတို့သည်။ ဣမာသတ္တ၊ ဤခုနစ်ပါးတို့တည်း။ ကတမာသတ္တ၊

အဘယ်ခုနစ်ပါးတို့နည်း။ ဗုဒ္ဓပမုခေ၊ ဘုရားအမှူးရှိသော။ ဥဘတောသံဃေ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ပါးစုံသံဃာ၌။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေး၏။ အယံ၊ ဤအလှူသည်။ ပဌမာ၊ ရှေးဦးစွာသော။ ဝါ၊ အမြတ်ဆုံးဖြစ်သော။ သံဃဂတာ၊ သံဃာ၌ဖြစ်သော။ ဒက္ခိဏာ၊ အလှူမည်၏။ တထာ၊ ဂတေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံဝင်ပြီးသည်ရှိသော်။ ဥဘတောသံဃေ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ပါးစုံ သံဃာ၌။ ဒါနံ၊ ကို။ ဒေတိ၊ ၏။ အယံ၊ သည်။ ဒုတိယာ၊ နှစ်ခုမြောက်သော။ သံဃဂတာ၊ သော။ ဒက္ခိဏာ၊ မည်၏။ ဘိက္ခုသံဃေ၊ ရဟန်းယောကျ်ားသံဃာ၌။ ဒါနံ၊ ကို။ ဒေတိ၊ ၏။ အယံ၊ သည်။ တတိယာ၊ သုံးခုမြောက်သော။ ဒက္ခိဏာ၊ မည်၏။ ဘိက္ခုနီသံဃေ၊ ရဟန်းမိန်းမသံဃာ၌၊ ဒါနံ၊ ကို။ ဒေတိ၊ ၏။ အယံ၊ သည်။ စတုတ္ထာ၊ လေးခုမြောက်သော။ ဒက္ခိဏာ၊ မည်၏။ မေ၊ အကျွန်ုပ်အား။ တွေကာ၊ ဤမျှလောက်ကုန်သော။ ဘိက္ခူ စ၊ ရဟန်းယောကျ်ားတို့ကိုရင်း။ ဘိက္ခုနိယော စ၊ ရဟန်းမိန်းမတို့ကိုရင်း။ သံဃတော၊ သံဃာတော်မှ။ ဥဒ္ဒိသထ၊ ညွှန်တော်မူပါကုန်လော့။ ဣတိ၊ ဤသို့ညွှန်စေ၍။ ဒါနံ၊ ကို။ ဒေတိ၊ ၏။ အယံ၊ သည်။ ပဉ္စမီ၊ ငါးခုမြောက်သော။ သံဃဂတာ၊ သော။ ဒက္ခိဏာ၊ မည်၏။ မေ၊ အား။ တွေကာ၊ ကုန်သော။ ဘိက္ခူ၊ ရဟန်းယောကျ်ားတို့ကို။ သံဃတော၊ မှ။ ဥဒ္ဒိသထ၊ ကုန်လော့။ ဣတိ၊ ၍။ ဒါနံ၊ ကို။ ဒေတိ၊ ၏။ အယံ၊ သည်။ ဆဋ္ဌီ၊ ခြောက်ခုမြောက်သော။ သံဃဂတာ၊ သော။ ဒက္ခိဏာ၊ မည်၏။ မေ၊ အား။ တွေကာ၊ ကုန်သော။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့ကို။ သံဃတော၊ မှ။ ဥဒ္ဒိသထ၊ ကုန်လော့။ ဣတိ၊ ၍။ ဒါနံ၊ ကို။ ဒေတိ၊ ၏။ အယံ၊ သည်။ သတ္တမီ၊ ခုနစ်ခုမြောက်သော။ သံဃဂတာ၊ သော။ ဒက္ခိဏာ၊ မည်၏။

ထို ၇-ပါးသော သံဃိကတို့၌ ဗုဒ္ဓပမုခ ဥဘတော သံဃာဟူသည်ကား လက်ယာတော် တဘက်က ရဟန်းယောကျ်ားသံဃာ၊ လက်ဝဲတော်တဘက်က ရဟန်းမိန်းမသံဃာ၊ အလယ်၌ မြတ်စွာဘုရား နေတော်မူခြင်းသည် ဗုဒ္ဓပမုခ ဥဘတောသံဃာမည်၏။

တတ္ထ ဗုဒ္ဓပမုခေ ဥဘတောသံဃေတိ၊ ဧကတော ဘိက္ခုသံဃော၊ ဧကတော ဘိက္ခုနီသံဃော၊ သတ္ထာ မဇ္ဈေ နိသိန္နော ဟောတိ၊ အယံ ဗုဒ္ဓပမုခေါ ဥဘတောသံဃော နာမ။

ရင်း ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်။

အနက်ကား—တတ္ထ၊ ထို ၇-ပါးသော သံဃာတို့တွင်။ ဝါ၊ ထို ၇-ပါးသော သံဃိက ဟူရာတို့၌။ ဗုဒ္ဓပမုခေ ဥဘတော သံဃေတိ၊ ဟူသည်ကား။ ဧကတော၊ လက်ယာတော်တဘက်မှ၊ ဘိက္ခုသံဃော၊ ရဟန်းယောကျ်ားသံဃာ။ ဧက

တော၊ လက်ဝဲတော်တဘက်မှ။ ဘိက္ခုနီသံဃော၊ ရဟန်းမိန်းမသံဃာ။ သတ္ထာ၊ မြတ်စွာဘုရားသည်။ မဇ္ဈေ၊ အလယ်၌။ နိသိန္နော၊ နေတော်မူသည်။ ဟောတိ၊ ၏။ အယံ၊ ဤသို့နေသော သံဃာသည်။ ဗုဒ္ဓပမုခေါ၊ ဘုရားအမှူးရှိသော။ ဥဘတောသံဃော နာမ၊ ဥဘတောသံဃာမည်၏။ ၂-ပါးစုံ သံဃာမည်၏။

ဤကား မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်အခါ ဗုဒ္ဓပမုခ ဥဘတော သံဃိကဒါန လှူနည်းတည်း။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော နောက်အခါ၌ကား ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ပါးစုံ သံဃာရှေ့ မျက်မှောက်၌ ဓာတ်တော်နှင့်တကွသော ဆင်းတုတော်ကို ထား၍၊ သပိတ် ခြေ သပိတ်စသည်ကိုထား၍ အလှူရေစက်ကို အစအဦးပြု၍ မြတ်စွာဘုရားအား အလုံးစုံတို့ထက် ရှေးဦးစွာလှူ၍ ဥဘတောသံဃာအား လှူအပ်၏။ ဤသို့သော အစီအရင်ဖြင့် ပြု၍ လှူခြင်းသည် ဗုဒ္ဓပမုခ ဥဘတော သံဃာအား လှူသည်ပင် မည်၏ဟု ရှင်းဥပရိပဏ္ဏာသ အဋ္ဌကထာ၌ စေဒနာ သေနာနှင့်တကွ မိန့်ဆိုသတည်း။

> ကိမ္ပန တထာဂတေ ပရိနိဗ္ဗုတေ ဗုဒ္ဓပမုခဿ ဥဘတောသံဃဿ ဒါနံ ဒါတုံ သက္ကာတိ သက္ကာ။ ကထံ ဥဘတောသံဃဿ သံမုခေ သဓာတုကံ ပဋိမံ အာသနေ ဌပေတွာ အာဓာရကံ ဌပေတွာ ဒက္ခိဏောဒကံ အာဒိံ ကတွာ သဗ္ဗံ သဗ္ဗပဌမံ ဒတွာ ဥဘတောသံဃဿ ဒါတဗ္ဗံ၊ ဧဝံ ဗုဒ္ဓပမုခဿ ဥဘတောသံဃဿ ဒါနံ ဒိန္နံ နာမ ဟောတိ။
>
> ရှင်း ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်။

အနက်ကား—ကိမ္ပန၊ အသို့နည်း။ တထာဂတေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံဝင်ပြီးသည်ရှိသော်။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဥဘတောသံဃဿ၊ နှစ်ပါးစုံသံဃာအား။ ဒါနံ၊ အလှူကို။ ဒါတုံ၊ လှူခြင်းငှာ။ သက္ကာ၊ တတ်နိုင်ကောင်းအံ့လော။ ဣတိ၊ သို့။ ပုစ္ဆာယ၊ မေးမြန်းအံ့။ သက္ကာ၊ တတ်နိုင်ကောင်း၏။ ဣတိ၊ သို့။ ဝိဿဇ္ဇေယျ၊ ဖြေရာ၏။ ကထံ သက္ကာ၊ အဘယ်သို့ တတ်နိုင်ကောင်းသနည်းဟူမူကား။ ဥဘတောသံဃဿ၊ ၂-ပါးစုံ သံဃာ၏။ သံမုခေ၊ ရှေ့မျက်မှောက်၌။ သဓာတုကံ၊ ဓာတ်တော်နှင့်တကွသော။ ပဋိမံ၊ ဆင်းတုတော်ကို။ အာသနေ၊ နေရာ၌။ ဌပေတွာ၊ ထား၍။ အာဓာရကံ၊ သပိတ်ခြေစသော တည်ရာခုံကို။ ဌပေတွာ၊ ထား၍။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ အာဒိံ ကတွာ၊ အစပြု၍။ သတ္ထု၊ မြတ်စွာဘုရားအား။ သဗ္ဗပဌမံ၊ အလုံးစုံတို့ထက် ရှေးဦးစွာ။ ဒတွာ၊ လှူ၍။ ဥဘတောသံဃဿ၊ နှစ်ပါးစုံသံဃာအား။ ဒါတဗ္ဗံ၊ လှူအပ်၏။ ဧဝံ၊ ဤသို့သော အစီအရင်ဖြင့်။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူး

ရှိသော။ ဉဘတောသံဃာသ၊ နှစ်ပါးစုံသံဃာအား။ ဒါနံ၊ အလှူကို၊ ဒိန္နံ နာမ၊ လှူအပ်သော မည်သည်။ ဟောတိ၊ ၏။

ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာ တို့၌လည်း ဤဗုဒ္ဓပမုခ ဉဘတောသံဃိကဒါန လှူနည်းကို မိန့်ဆို ဖွင့်ပြတော်မူသေး၏။

ပုဗ္ဗေ ဗုဒ္ဓပမုခဿ ဉဘတောသံဃဿ ဒါနံ ဒေန္တိ ဘဂဝါ မဇ္ဈေ နိသီဒတိ၊ ဒက္ခိဏတော ဘိက္ခူ ဝါမတော ဘိက္ခုနိယော နိသီဒန္တိ၊ ဘဂဝါ ဉဘိန္နံ သံဃတ္ထေရော တဒါ ဘဂဝါ အတ္တနာ လဒ္ဓပစ္စယေ အတ္တနာပိ ပရိဘုဉ္ဇတိ၊ ဘိက္ခူနမ္ပိ ဒေတိ၊ တေရဟိ ပန ပဏ္ဍိတမနုဿာ သဓာတုကံ ပဋိမံ ဝါ စေတိယံ ဝါ ဌပေတွာ ဗုဒ္ဓပမုခဿ ဉဘတော သံဃဿ ဒါနံ ဒေန္တိ၊ ပဋိမာယ ဝါ စေတိယဿ ဝါ ပုရတော အာဓာရကေ ပတ္တံ ဌပေတွာ ဒက္ခိဏောဒကံ ဒတွာ ဗုဒ္ဓါနံ ဒေမာတိ။

ဝိနည်းမဟာဝါ စီဝရက္ခန္ဓကအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—ပုဗ္ဗေ၊ ရှေးဘုရားသခင် ရှိတော်မူစဉ်ကာလ၌။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဉဘတောသံဃဿ၊ နှစ်ပါးစုံသံဃာအား။ ဒါနံ၊ ကို။ ဒေန္တိ၊ ကုန်၏။ ကိံ၊ အဘယ်သို့ ပေးလှူကုန်သနည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မဇ္ဈေ၊ အလယ်၌။ နိသီဒတိ၊ နေတော်မူ၏။ ဒက္ခိဏတော၊ လက်ယာတော်မှ။ ဘိက္ခူ၊ ရဟန်းယောကျ်ားတို့သည်။ နိသီဒန္တိ၊ နေကုန်၏။ ဝါမတော၊ လက်ဝဲတော်မှ။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ နိသီဒန္တိ၊ နေကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဉဘိန္နံ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမ နှစ်ပါးစုံ သံဃာတို့၏။ သံဃတ္ထေရော၊ သံဃာ့ထေရ်သည်။ ဝါ၊ သံဃာ အကြီးအမှူးသည်။ ဟောတိ၊ ၏။ တဒါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ အတ္တနာ၊ ကိုယ်တော်သည်။ လဒ္ဓပစ္စယေ၊ ရတော်မူသော ပစ္စည်းတို့ကို။ အတ္တနာပိ၊ ကိုယ်တော်သည်လည်း။ ပရိဘုဉ္ဇတိ၊ ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ဘိက္ခူနမ္ပိ၊ ရဟန်းတို့အားလည်း။ ဒေတိ၊ ပေးတော်မူ၏။ တေရဟိ ပန၊ ယခုအခါ၌ကား။ ပဏ္ဍိတမနုဿာ၊ ပညာရှိသော လူတို့သည်။ သဓာတုကံ၊ ဓာတ်တော်နှင့် တကွသော။ ပဋိမံ ဝါ၊ ဆင်းတုတော်ကိုရင်း။ စေတိယံ ဝါ၊ စေတီတော်ကိုရင်း။ ဌပေတွာ၊ ထား၍။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဉဘတောသံဃဿ၊ နှစ်ပါးစုံ သံဃာအား။ ဒါနံ၊ ကို။ ဒေန္တိ၊ ကုန်၏။ ကိံ၊ အဘယ်သို့နည်း။ ပဋိမာယ ဝါ၊ ဆင်းတုတော်၏ရင်း။ စေတိယဿ ဝါ၊ စေတီတော်၏ရင်း။ ပုရတော၊ ရှေ့မှ။ အာဓာရကေ၊ သပိတ်ခြေစသည် တည်ရာခုံ၌။ ပတ္တံ၊ သပိတ်တော်ကို။ ဌပေတွာ၊ ထား၍။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ဒတွာ၊ ပေး၍။ သွန်းချ၍။ ဗုဒ္ဓါနံ၊

မြွတ်စွာဘုရားတို့အာ'။ ဒါနံ၊ ကို။ ဒေမ၊ ပေးလှူကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်းကုန်၍၊ ဝါ၊ဤသို့ စီရင်ကုန်၍။ဗုဒ္ဓပမုခဿ၊ သော။ ဥဘတော သံဃဿ၊ အား။ ဒါနံ၊ ကို။ ဒေန္တိ၊ ပေးလှူကုန်၏။

၂။ ဥဘတောသံဃိက.ဒါနဌ်ကာ်း အပိုင်းအခြား မပြုပဲ များစွာသော ရဟန်းယောကျ်ားသံဃာ၊ ရဟန်းမိန်းမသံဃာ နှစ်ပါးစုံအား လှူသတည်း။

၃။ ဘိက္ခုသံဃိကဒါနဌ်လည်း အပိုင်းအခြားမပြုပဲ များစွာသော ရဟန်းယောကျ်ား သံဃာဌ် လှူသတည်း။

၄။ ဘိက္ခုနီသံဃိကဒါနဌ်လည်း အပိုင်းအခြားမပြုပဲ များစွာသော ရဟန်းမိန်းမ သံဃာဌ် လှူသတည်း။

ဤ ရှေ့လေးပါးသော သံဃိကဒါနတို့ဌ် အပိုင်းအခြား မည်ရွေ့မည်မျှ မပြုပဲ သံဃာရှိသမျှ ကို ရည်၍ လှူ၏ဟု ရင်းအဋ္ဌကထာဌ် မိန့်ဆို၏။

> ဘိက္ခုသံဃေတိ အပရိစ္ဆိန္နမဟာဘိက္ခုသံဃေ၊ ဘိက္ခုနီသံဃေပိ ဧသဝနယော။
>
> ရင်းဉပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်။

အနက်ကား—ဘိက္ခုသံဃေတိ၊ ဟူသည်ကား။ အပရိစ္ဆိန္နေ မဟာဘိက္ခုသံဃေ၊ အပိုင်းအခြားမရှိ များစွာသော ရဟန်းယောကျ်ား သံဃာဌ်။ ဝါ၊ အား။ ဘိက္ခုနီသံဃေပိ၊ ရဟန်းမိန်းမ သံဃာဟူရာဌ်လည်း။ ဧသဝနယော၊ ဤနည်းလျှင် နည်းရှိ၏။

၅။ ဘိက္ခု ဘိက္ခုနီ သံဃတော ဥဒ္ဒိဿ သံဃိကဒါနဌ်ကား ရဟန်းယောကျ်ားမှ ဤမျှလောက်၊ရဟန်းမိန်းမမှ ဤမျှလောက် တပါး နှစ်ပါး သုံးပါး လေးပါးအစရှိသော အားဖြင့် တတ်အားသမျှ ဘတ္တုဒ္ဒေသက ရဟန်းကို ညွှန်ကြားစေ၍ ဘတ္တုဒ္ဒေသက ရဟန်းက ညွှန်ကြား၍ ရသော ရဟန်းယောကျ်ား ရဟန်းမိန်းမနှစ်ပါးစုံဌ် လှူသတည်း။

၆။ ဘိက္ခုသံဃတော ဥဒ္ဒိဿ သံဃိကဒါနဌ်လည်း ရဟန်းယောကျ်ားသံဃာတော်မှ ဤမျှလောက် တပါး နှစ်ပါး သုံးပါး လေးပါး စသောအားဖြင့် တတ်အားသမျှ ဘတ္တုဒ္ဒေသက ရဟန်းကို ညွှန်ကြားစေ၍ ဘတ္တုဒ္ဒေသက ရဟန်းက ညွှန်ကြား၍ရသော ရဟန်းယောကျ်ားသံဃာဌ်သာ လှူသတည်း။

၇။ ဘိက္ခုနီ သံဃတော ဥဒ္ဒိဿ သံဃိကဒါနဌ်လည်း ရဟန်းမိန်းမ သံဃာတော်မှ ဤမျှလောက် တပါး နှစ်ပါး သုံးပါး လေးပါး စသော အားဖြင့်

တတ်အားသမျှ ဘတ္တုဒ္ဒေသကရဟန်းကို ညွှန်ကြားစေ၍ ဘတ္တုဒ္ဒေသက ရဟန်းက ညွှန်ကြား၍ရသော ရဟန်းမိမိနှင့် မသံဃာ၌သာ လှူသတည်း။

ဤနောက် သုံးပါးသော သံဃိကဒါန၌တား အပိုင်းအခြား ရှိကုန်၏ဟု အဋ္ဌကထာ၌ တိုက်ရိုက်မပြသော်လည်း ဗျတိရေကနည်းအားဖြင့် ပြသတည်း။ တပါးတည်းပင် ဖြစ်စေ ညွှန်၍ရသည်ကို သံဃာတော်ဟု မှတ်ခြင်းကြောင့် သံဃိကဖြစ်၏ဟု မှတ်ရာ၏။

ဤ သံဃိကဒါန၌ ပစ္စယဒါန၏ အစွမ်းဖြင့် သင်္ကန်း ဆွမ်း ကျောင်း ဆေး ဟူ၍ လေးမျိုးရှိကုန်သည်တို့တွင် စီဝရပစ္စယကို သံဃိက လှူရာ၌ (ဣမံ စီဝရံ သံဃဿ ဒမ္မိ) စသည်ဖြင့် သံဃာကို ရည်မှတ်ပြဋ္ဌာန်း၍ လှူသော် သံဃိကဒါန ကိစ္စပြီးသည်ဖြစ်၍ မာတိကာသို့တင်၍ လှူနည်းကို အကျယ်မပြပြီ။ အထူး ဝိသေသဖြစ်သော ဝါဆိုသင်္ကန်း လှူဒါန်းခြင်း၊ ကထိန်သင်္ကန်းလှူခြင်း အရာ တို့၌ လှူနည်းမျှကိုသာ ပြပေအံ့။

ထိုဝဿာဝါသိကစီဝရဒါနသည် တခုသော ကျောင်းတိုက်အရာမ်တွင်း၌ ဖြစ်စေ၊ အရာမ်ပ၌ဖြစ်စေ၊ ဝါတွင်းဖြစ်စေ၊ ဝါပဖြစ်စေ အမှတ်မရှိသော အရပ်ကာလတို့၌ ကျောင်းတိုက်ကို မရည်မှတ်ပဲရှင်း၊ ရည်မှတ်၍ရှင်း (ဣမာနိ စီဝရာနိ ဝဿံဝုတ္ထသံဃဿ ဒမ္မိ) ဟူ၍ရှင်း၊ ဤသင်္ကန်းတို့ကို ဝါကျွတ်ပြီး သော သံဃာတော်အား လှူပါ၏ ဟူ၍ရှင်း ဆို၍ လှူအပ်၏။ ဤသို့ လှူခြင်း သည် ဝဿာဝါသိက စီဝရဒါနမည်၏။

ဝဿံဝုတ္ထသံဃဿ ဒေတီတိ ဧတ္ထ ပန သစေ ဝိဟာရံ ပဝိသိတွာ ဣမာနိ စီဝရာနိ ဝဿံဝုတ္ထသံဃဿ ဒမ္မီတိ ဒေတိ၊ ယေ တတ္ထ ဝဿစ္ဆေဒံ အကတွာ ပုရိမဝဿံ ဝုတ္ထာ၊ တေသံ ဗဟိသီမဋ္ဌာနမ္ပိ ပါပု ဏာတိ၊ န အညေသံ သစေ ပန ဗဟိ ဥပစာရသီမာယံ ဌိတော ဝဿံ ဝုတ္ထသံဃဿ ဒမ္မီတိ ဒေတိ၊ ယတ္ထကတ္ထစိ ဝုတ္ထဝဿာနံ သဗ္ဗေသံ သမ္ပတ္တာနံ ပါပုဏာတိ၊ အထ အသုကဝိဟာရေ ဝဿံဝုတ္ထာတိ ဒေတိ၊ တတ္ထ ဝဿံဝုတ္ထာနံယေဝ ယာဝ ကထိနဿုဗ္ဘာရာ ပါပုဏာ တိ၊ ဂိမှာနံ ပဌမဒိဝသတော ပဋ္ဌာယ ဧဝံ ဒေတိ၊ တတြ သမ္မုခီဘူတာနံ သဗ္ဗေသံ ပါပုဏာတိ၊ န အညေသံ။

ကင်္ခါအဋ္ဌကထာပါဠိ။

မဟာဝါစီဝရက္ခန္ဓက အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌လည်း အဓိပ္ပာယ်တူ ပါဠိအချို့ထူး၍ လာကုန်၏။

အနက်ကား—ဝဿံဝုတ္ထသံဃဿ ဒေတီတိ ဧတ္ထ ပန၊ ဟူသော မာတိကာပုဒ်၌ကား။ ဧဝံ၊ သို့။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သစေ၊ အကယ်၍။ ဝိဟာရံ၊ ကျောင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့ကို။ ဝဿံဝုတ္ထသံဃဿ၊ ဝါကျွတ်ပြီးသော သံဃာတော်အား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ သို့။ ဝဒတိ၊ ဆိုအံ့။ ယေ၊ အကြင်ရဟန်းတို့သည်။ တတ္ထ၊ ထိုကျောင်း၌။ ဝဿစ္ဆေဒံ၊ ဝါပြတ်ခြင်းကို။ အကတွာ၊ မပြုကုန်မူ၍။ ပုရိမဝဿံဝုတ္ထာ၊ ပဌမဝါကျွတ်ကုန်၏။ တေသံ၊ ထိုပဌမဝါကျွတ်ကုန်သော ရဟန်းတို့အား။ ဗဟိသီမဋ္ဌာနမ္ပိ၊ ဥပစာရ သိမ်အပ၌ တည်ကုန်သော်လည်း။ ပါပုဏာတိ၊ ရောက်၏။ အညေသံ၊ ပဌမဝါကျွတ်သော ရဟန်းတို့မှ တပါးကုန်သော ဝါမကပ်ကုန်သော ရဟန်း၊ ဒုတိယဝါကပ်ကုန်သော ရဟန်း၊ ဝါကင်းကုန်လျက် ဝါပြတ် ဝါပျက်ကုန်သော ရဟန်းတို့အား။ န ပါပုဏာတိ၊ မရောက်။

ဤစကားတို့ဖြင့် ကျောင်းတိုက်တွင်း ဝါတွင်း၌ လှူသည်ကို သိလေ။ ဆိုလတ္တံ့သော ဂိမှာနံ စသည်ကိုထောက်၍လည်း ဝါအပဟု သိ။

သစေ ပန၊ အကယ်၍ကား။ ဗဟိဥပစာရသီမာယံ၊ ဥပစာရသိမ်ဟု ဆိုအပ်သော ကျောင်းတိုက် အရာမ်ပ၌။ ဌိတော၊ တည်သည်ဖြစ်၍ တည့်သောသူသည်။ ဝဿံဝုတ္ထသံဃဿ၊ ဝါကျွတ်ပြီးသော သံဃာအား။ ဒမ္မိ၊ လှူ၏။ ဣတိ၊ သို့။ ဝဒတိ၊ ဆိုအံ့။ ယတ္ထကတ္ထစိ၊ အမှတ်မရှိသော ကျောင်းအရပ်၌၊ ဝုတ္ထဝဿာနံ၊ ဝါကျွတ်ကုန်သော။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ သမ္ပတ္တာနံ၊ တဆယ့်နှစ်တောင် ဥပစာတွင်းသို့ ရောက်လာကုန်သော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။

ဤစကားတို့ဖြင့် အရာမ်ကျောင်းတိုက်အပ၌ ကျောင်းတိုက်ကို မရည်မှတ်ပဲ လှူသည်ကို သိလေ။

အထ၊ အကယ်၍။ အသုကဝိဟာရေ၊ ဤမည်သော ကျောင်း၌။ ဝဿံ ဝုတ္ထဿ၊ ဝါကျွတ်သော သံဃာအား။ ဒမ္မိ၊ လှူ၏။ ဣတိ၊ သို့။ ဝဒတိ၊ ဆိုအံ့။ တတ္ထ၊ ထိုရည်မှတ်သော ကျောင်း၌။ ဝဿံ ဝုတ္ထာနံယေဝ၊ ဝါကျွတ်ကုန်သော ရဟန်းတို့အားသာလျှင်။ ယာဝ ကထိနုဗ္ဘာရာ၊ ကထိန်ကို နုတ်သည်တိုင်အောင်။ ပါပုဏာတိ၊ ရောက်၏။

ဤစကားတို့ဖြင့် အရာမ်ကျောင်းတိုက်အပ၌ တစုံတခုသော ကျောင်းတိုက်ကို ရည်၍ လှူသည်ကို သိလေ။

ဂိမှာနံ၊ နွေလတို့၏။ ပဌမဒိဝသေတော၊ ရှေးဦးစွာသောနေ့မှ။ ဝါ၊ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ။ ပဋ္ဌာယ၊ စ၍။ ဧဝံ၊ ဤသို့ ဝါကျွတ်သော သံဃာအား လျှ၏ဟူ၍။ ဝဒတိ၊ ဆိုအံ့။ တတြ၊ ထိုလျှုရာကျောင်းတိုက် အရပ်၌ာနုဌ္ဌ၊ သံမုခိဘူတာခနံ၊ မျက်မှောက်ဖြစ်ကုန်သော။ သဗ္ဗသံ၊ ခပ်သိမ်းကုန်သော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။ အညေသံ၊ သံမုခိဘူတာ မဟုတ်ကုန် ဥပစာအပဌ္ဌ ကည်နေကုန်သော ရဟန်းတို့အား။ န ပါပုဏာတိ၊ မရောက်။

ဤစကားတို့ဖြင့် ဝါပအခါ၌လည်း လျှုသည်ကို သိလေ။ ဝဿံ ဝသန္တာနံ ဒမ္မိ၊ ဝါကပ်ဆဲရဟန်းတို့အား လျှုပါ၏ဟူ၍ရင်း။ ဝဿဝါသိကံ ဒေမ၊ ဝါဆိုသင်္ကန်းကို လျှုပါကုန်၏ဟူ၍ ရင်း အလိုရှိတိုင်း နှုတ်သုံးသွင်းသဖြင့်ဆို၍ လျှုအပ်ကုန်၏။

သံဃိက စီဝရဒါန၌ ကထိန်သင်္ကန်း အလှူဟူ၍လည်း ရှိ၏။ ထိုကထိန်သင်္ကန်းအလှူကို လှူလိုသောသူသည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်ကို အဋ္ဌကထာနည်းအားဖြင့် ကထိနစီဝရံ ဒေမဟုဆို၍ လှူအပ်၏။ ဋီကာနည်းအားဖြင့် သံဃဿ ကထိနစီဝရံ ဒေမဟုဆို၍ လှူအပ်၏။ ကထိန်လှူသော ဒါယကာတို့အား ကထိန်လှူသော ဝတ္တရားကို သိအပ်၏။ မသိသော် ရဟန်းသံဃာတို့အား လျှောက်ထားအပ်၏။ ရဟန်းသံဃာကလည်း ကထိန်လှူရာ ဝတ္တရားရှိသမျှကို ပြောကြားအပ်၏။ မေးလျှောက်သော်သာ ပြောကြားအပ်၏။ မမေးလျှောက်ပဲ ကထိန်လှူစေလိုကား နိမိတ်ပရိယာယ်ကိုမျှ မပြုအပ်၊ အတိုဥက္ကဋ္ဌအရာ ဖြစ်သတည်း။

ကထိနဒါယကဿ ဝတ္တံ အတ္ထိ၊ သစေ သော အဇာနန္တော ပုစ္ဆတိ ဘန္တေ ကထံ ကထိနံ ဒါတဗ္ဗန္တိ တဿ ဧဝံ အာစိက္ခိတဗ္ဗံ၊ တိဏ္ဏံ စီဝရာနံ အညတရပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္ထံ ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ၊ တဿ ပရိကမ္မတ္ထံ ဧတ္တကာနာမ သူစိယော ဧတ္တကံ သုတ္တံ ဧတ္တကံ ရဇနံ ပရိကမ္မံ ကရောန္တာနံ ဧတ္တကာနံ ဘိက္ခူနံ ယာဂုဘတ္တဉ္စ ဒါတုံ ဝဋ္ဋတီတိ။

ဝိနည်း မဟာဝါ ကထိနက္ခန္ဓက အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာပါဠိ။

အနက်ကား—ကထိနဒါယကဿ၊ ကထိန်လှူသော ဒါယကာအား။ ဝါ၊ ကထိန်လှူသော ဒါယကာ၏။ ဝတ္တံ၊ ဝတ္တရားသည်။ အတ္ထိ၊ ရှိ၏။ သစေ၊ အကယ်၍။ သော၊ ထိုကထိန်ဒါယကာသည်။ အဇာနန္တော၊ မသိသည်ဖြစ်၍။

မသိသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ ကထံ၊ အဘယ်သို့။ ကထိနံ၊ ကထိန်ကို။ ဒါတဗ္ဗံ၊ လှူအပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆတိ၊ မေးအံ့။ တဿ၊ ထိုကထိန်လှူသော ဒါယကာအား။ ဧဝံ၊ ဤသို့။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ကိံ။ အဘယ်သို့ပြောကြားအပ်သနည်း။ တိဏ္ဏံ၊ သုံးထည်ကုန်သော။ စီဝရာနံ၊ သင်္ကန်းတို့တွင်။ အညတရ ပဟောနကံ၊ တထည်ထည်စာ လောက်သော။ ဝတ္ထံ၊ ဖျင်သင်္ကန်းလျာ ပုဆိုးကို။ သူရိယုဂ္ဂမနသမယေဝ၊ နေတက်စ အခါ၌သာလျှင်။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့ဆို၍။ ဒါတုံ၊ လှူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ တဿ၊ ထိုကထိန် သင်္ကန်းအား။ ဝါ၊ ထိုကထိန်သင်္ကန်း၏။ ပရိကမ္မတ္ထံ၊ ပရိကံ အကျိုးငှါ။ ဝါ၊ စီရင်ချုပ်လုပ် ဆိုရည်ပြုတ် ဆိုးရည်ကျို ထိုထိုစုံစီ ကူညီဝန်းဝိုင်း ဂိုဏ်း ပြည့် ရဟန်းတို့အား ကျွေးမွေးရန် အကျိုးငှါ။ တွေကာ၊ ဤမျှလောက်ကုန် သော။ သူစိယောနာမ စ၊ အပ်မည်သည်တို့ကိုလည်းကောင်း။ တွေကံ၊ ဤမျှလောက်သော။ သုတ္တဥ္စ၊ အပ်ချည်ကိုလည်းကောင်း။ တွေကံ၊ ဤမျှလောက်သော။ ရဇနဥ္စ၊ ဆိုးရည်ကို လည်းကောင်း။ ပရိကမ္မံ၊ ပရိကံကို။ ကရောန္တာနံ၊ ပြုကုန်သော။ တွေကာနံ၊ ဤမျှလောက် ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ယာဂုဘတ္တဥ္စ၊ ယာဂုဆွမ်းကိုလည်းကောင်း။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ။ သို့။ ဒါယကံ၊ ဒါယကာကို။ ဝတ္တဗ္ဗံ၊ ပြောကြားအပ်၏။

ဤသို့ ကထိန်လှူလိုသူက မေးလျှင် ပြောကြားအပ်သတည်း။

ဤအဋ္ဌကထာတို့၌ ကထိနစီဝရံ ဒေမ ဟူ၍သာ ဆိုသော်လည်း သံဃဿ ကထိနစီဝရံ ဒေမ ဟူ၍ ဆိုရမည်ဟု ဝိနယာလင်္ကာရဋီကာ၌ဆိုသတည်း။

ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ သံဃဿ ကထိန စီဝရံ ဒေမာတိ ဝတ္တဗ္ဗံ၊ ဧဝံ ဟိ သတိ သံဃဿ ကထိနဒုဿံ ဥပ္ပန္နန္တိ ကမ္မဝါစာယ သမေတိ၊ အထ စ ပုဗ္ဗေ ပရိစယတာ သံဃဿာတိ အပုတ္တေပိ သမ္ပဒါနံ ပါကဋန္တိ ကတွာ ဧဝံ ဝုတ္တံ သိယာ။

ဝိနယာလင်္ကာရဋီကာ ကထိနနိဒ္ဒေသအဖွင့်။

အနက်ကား— ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ၊ ဟူသော အဋ္ဌကထာပါဌ်၌။ သံဃဿ ကထိနစီဝရံ ဒေမာတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဆိုသင့်၏။ ဆိုရမည်။ ဟိ၊ ဆိုကျိုးကား။ ဝါ၊ ဆိုရသော်တုံ လဒ္ဓဂုဏ်ကား။ ဧဝံ၊ ဤသို့ သံဃဿ ဟူသော သမ္ပဒါန်ပုဒ်ကို ဖော်ထုတ်ထည့်ဆိုရသည်။ သတိ၊ ရှိသော်။ သံဃဿ ကထိနဒုဿံ ဥပ္ပန္နန္တိ၊ ဟူသော။ ကမ္မဝါစာယ၊ ကမ္မဝါစာနှင့်။ သမေတိ၊ ညီ၏။ ဝါ၊ ညီသောအကျိုးရှိ၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ဝါ၊ ကမ္မ

ဝါစာနှင့် ညီစွာဖြစ်လျက် ဘယ်အတွက်ကြောင့် ယှင်းကွက်လွှတ်ချန် သမ္ပဒါန်ကို မဆိုခဲ့ပဲ အဋ္ဌကထာရှိသနည်းဟု အားသည်းအကယ် စုဒ်တင်ဘွယ်ကိုပယ်၍ ဖြေဆိုဆက်ဦးအံ့။ အထ၊ ထိုသို့ သံဃဿဟူသော သမ္ပဒါန်ပုဒ်နှင့် မယှတ်ထင်စွာ ဆိုအပ်ပါလျက်။ ပုဗ္ဗေ၊ ရှေး၌။ ပရိစယတာ၊ အလေ့အကျက် အားကြီးသည်၏အဖြစ်ကြောင့်။ သံဃဿာတိ၊ ဟူ၍။ အဝုတ္တောပိ၊ မဆိုသော်လည်း။ သမ္ပဒါနံ၊ သံဃဿဟူသော သမ္ပဒါန်ပုဒ်သည်။ ပါကဋန္တိ၊ ထင်ရှား၏ဟူ၍။ ကတွာ မနသိကာရိတွာ၊နှလုံးသွင်း၍။ အဝုတ္တံ၊ မဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ကခ်ါ၌ တသ္မာ သစေ ပုရိမဝဿံဝုတ္ထာနံ ဂဟဋ္ဌ ဗ္ဗဇိတေသု ယောကောစိ မမ္မေန သမေန စီဝရံ ဒေတိ၊ ကလ္လမိနှာ ကထိနံ အတ္ထရထာတိ ဟူသည့်ကို ထောက်လျှင် ပုရိမဝဿံ ဝုတ္ထာနံ စီဝရံ ဒမ္မိ ကလ္လမိနှာ ကထိနံ အတ္ထရထဟူ၍လည်း လှူရာ၏။

တိဏ္ဏံ စီဝရာနံ အညတရပဟောနကံဟု ဆိုသော်လည်း ကထိန်ခင်းထိုက်ရုံ အန္တိမကောဋိ နည်းမျှသာတည်း။ တတ်နိုင်သော်ကား အရာအထောင်မက အခြံအရံနှင့်တကွ လှူအပ်၏။ ၎င်းအခြံအရံ သင်္ကန်းတို့ကိုကား အလိုရှိရာ ဂိုဏ်းပုဂ္ဂိုလ် သံဃာတို့အားပင် လှူအပ်ကုန်၏။ ဝေဖန်နည်းမှာ ဝိနည်းအဋ္ဌကထာဋီကာကြီးတို့၌ ဆိုသည့်အတိုင်း သိရာ၏။ သူရိယုဂ္ဂမန သမယေဝဟု ဆိုရာ၌လည်း ကထိန်လျှာ ပိတ်ဖျင်ကို ဆိုလိုသဖြင့် ထိုအရှက်တွင်း သင်္ကန်းဖြစ်အောင် ချုပ်ဆိုး၍ ကထိန်ခင်းရမည် ဖြစ်သောကြောင့် ကိစ္စာနုရူပအားဖြင့်ဆိုသတည်း။ မည်သည့်အချိန်မဆိုပင် လှူအပ်၏။ ဝတ္ထံဟုဆိုသော်လည်း သင်္ကန်းလျှာ ပိတ်ဖျင်မှသာမဟုတ်။ အိမ်ကချုပ်ဆိုးပြီး သင်္ကန်းကိုလည်း လှူအပ်သည်သာ ဖြစ်၏။ သုန္ဒရတရပင်သာတည်းဟု အဋ္ဌကထာတို့၌ မိန့်ဆိုသတည်း။

ဧဝံ ဒိန္နေ ပန ကထိနေ သစေ တံ ကထိနဒုဿံ နိဋ္ဌိတပရိကမ္မမေဝ ဟောတိ ဣစ္စေတံ ကုသလံ။

၎င်းဝိနည်းမဟာဝါ ကထိနက္ခန္ဓက အဋ္ဌကထာ၊ဝိနယသင်္ဂဟ ကထိနနိဒ္ဒေသ အဋ္ဌကထာပါ၌။

အနက်ကား— ဧဝံ၊ သို့။ ကထိနေ၊ ကထိန်သင်္ကန်းကို။ ဒိန္နေ ပန၊ ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် သံဃာက ပေးပြီးသည်ရှိသော်ကား။ သစေ၊အကယ်၍။ တံ ကထိနဒုဿံ၊ ထိုကထိန်လျှာ ပုဆိုးသည်။ နိဋ္ဌိတပရိကမ္မမေဝ၊ ပြီးပြီးသော ပရိကံရှိသည်သာလျှင်။ ဝါ၊ ချုပ်ဆိုးခြင်းပရိကံ ပြီးပြီးသော သင်္ကန်းသည်သာလျှင်။ဟောတိ၊ ဖြစ်အံ့။ ဣစ္စေတံ ဣတိတေ၊ ဤသို့ချုပ်ဆိုးခြင်းပရိကံ ပြီးပြီးသောသင်္ကန်းဖြစ်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ ဖပြစ်မရှိ။ သစေ ကတစီဝရမေဝ ဥပ္ပဇ္ဇတိ သုန္ဒရမေဝ။(တန်ပါ၌။ )

ဏကာယ်၍ သက်န်းပြီးမဟုတ် သက်န်းယျော ပိတ်ဖျင်မျှသာ ဖြစ်အံ့၊ ငါကား သီဘင်းသိက္ခာ ဝါကြီးသော မဟေရ်ကြီ တည်း။ ငါကား ဗဟုသုတများသူ ဂဏာစရိယ ဂဏပါမောက္ခ ဆရာကြီးတည်ဟု တစုံတယောက်သောသူမျှ မနေ အပ်။ အလုံးစုံ စည်းဝေးကြ၍ နေ့ချင်းပြီးအောင် ဖွတ်ခြင်း ချုပ်ခြင်း ဆိုးခြင်းကိစ္စ တို့ကို ပြီးစေအပ်ကုန်၏။ ဤကထိန် ဝတ်ကား သဗ္ဗညု မြတ်စွာဘုရားတို့သည် ချီးမွမ်းတော်မူအပ်သော အကျင့်ဝတ်တရား ဖြစ်ပေ၏။ လွန်လေပြီးသော ကမ္ဘာတသိန်းထက်ကလည်း ပဒုမုတ္တရ မြတ်စွာဘုရားရှင်သည် လက်ဝဲတော်ရံ ဒုတိယအဂ္ဂသာဝကဲ သုဇာတရဟန္တာအရှင်မြတ် ကထိန်ခံရာ၌ မြတ်စွာဘုရား ကိုယ်တော်တိုင် ခြောက်သန်းရှစ်သိန်းသော သံဃာတော်တို့နှင့်တကွ ပြုတော် မူကြောင်းကို ဧင်းဝိနည်းအဋ္ဌကထာတို့၌ ဆိုသတည်း။

ဗုဒ္ဓဝင်ပါဠိ အဋ္ဌကထာတို့၌ကား မလာ၊ ဗုဒ္ဓဝင်ပါဠိအဋ္ဌကထာတို့၌ မလာ သောကြောင့် ဝိနည်းအဋ္ဌကထာစကားကို န သုန္ဒရံ န ယုတ္တံ မဆိုသင့်။ ပဒုမုတ္တရ ဘုရားသခင်လက်တော်၌လည်း ကထိန်ခင်းခြင်းဖြစ်သည်ကို ဝိနည်းအဋ္ဌကထာ များအတိုင်း မှတ်လေကုန်။

တသခေ်ျနှင့် ကမ္ဘာတသိန်းထက် ပဒုမမြတ်စွာဘုရား လက်ထက်တော်၌ လည်း သာလမည်သော လက်ျာတော်ရံ ပဌမ အဂ္ဂသာဝက ရဟန္တာအရှင်မြတ် ကထိန်ခံရာ ရဟန္တာသုံးသိန်းတို့နှင့်တကွ ပြုတော်မူ၍ ပဒုမမြတ်စွာဘုရားကိုယ် တော်တိုင် အပ်ကြိုးထိုးသီ၍ ပေးတော်မူကြောင်း ဗုဒ္ဓဝင်ပါဠိ အဋ္ဌကထာ တို့၌ လာ၏။

> ယေ ပန တတ္ထ န ပဗ္ဗဇိံသု၊ တေ ကထိနာနိသံသံ သုတွာ ပုါဠိပဒေ ပဋ္ဌသု မာသေသု ပဋ္ဌာနိသံသဒါယကံ ကထိနစီဝရ မဒံသု၊ တဒေတာ တံ ဘိက္ခူ ဓမ္မသေနာပတိ အဂ္ဂသာဝကံ ဝိသာလမဘိသာလတ္ထေရံ ကထိ နတ္ထာရတ္ထံ ယာစိတွာ ကထိနစီဝရံ တဿာဒံသု၊ ထေရဿ ကထိနစီဝရေ ကယိရမာနေ ဘိက္ခူ သိဗ္ဗနေ သဟာယကာ အဟေသုံ၊ ပဒုမော ပန သမ္မာသမ္ဗုဒ္ဓေါ သူစိဆိဒ္ဒေ သုတ္တာနိ အာဝုနိတွာ အဒါသိ။

ဗုဒ္ဓဝင်အဋ္ဌကထာ ပဒုမဗုဒ္ဓဝံသအဖွင့်။

အနက်ကား—ယေ ပန၊ အကြင်လူတို့သည်ကား။ တတ္ထ၊ ထိုဒုတိယအစည်း အဝေး၌။ န ပဗ္ဗဇိံသု။ ရဟန်း မပြုကုန်။ တေ၊ ထိုလူတို့သည်။ ကထိနာနိသံသံ၊ ကထိန်အကျိုးကို။ သုတွာ၊ ကြားနာရကုန်သည်ဖြစ်၍။ ပါဠိပဒေ၊ သီတင်းကျွတ် လပြည့်ကျော်တရက်နေ့၌။ ပဋ္ဌသု မာသေသု၊ ငါးလတို့၌။ ဝါ၊ ငါးလတို့ပတ် လုံး။ ပဋ္ဌာနိသံသဒါယကံ၊ အကျိုးငါးပါးကိုပေးတတ်သော။ ကထိနံစီဝရံ၊ ကထိန်

သက်န်းကို။ အဒံသု၊ ပေးလှူကုန်၏။ တတော၊ ထိုနောက်မှ။ တံ၊ ထိုကထိန်သင်္ကန်း ကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသေနာပတိ ၊ တရားစစ်သူကြီးဖြစ်သော။ အဂ္ဂ သာဝကံ၊ ပဌမ အဂ္ဂသာဝကဖြစ်သော။ ဝိသာလမတိသာလတ္ထေရံ၊ စကြဝဠာ အာကာမြေထု နှိုင်းတုပမာ ကျယ်ပြောစွာသော ပညာရှိသော သာလထေရ်ကို။ ကထိနတ္ထာရတ္ထံ၊ ကထိန်ခင်းခြင်းအကျိုးငှါ။ ယာစိတွာ၊ တောင်းပန်ကုန်၍။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ တဿ၊ ထိုသာလထေရ်မြတ်အား။ အဒံသု၊ ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ပေးကုန်ပြီ။ ထေရဿ၊ သာလမထေရ်၏။ ဝါ၊ သာလမထေရ်သည်။ ကထိနစီဝရေ၊ ကထိန်သင်္ကန်းကို။ ကာယီရမာနေ၊ ပြုအပ် သည်ရှိသော်။ ဘိက္ခူ၊ ရဟန်းတို့သည်။ သိဗ္ဗနေ၊ သင်္ကန်းချုပ်ခြင်း၌။ သဟာ ယကာ၊ အဖော်တို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ပဒုမော၊ ပဒုမ အမည်တော် ရှိသော။ သမ္မာသမ္ဗုဒ္ဓေါ ပန၊ မြတ်စွာဘုရားသည်ကား။ သူစိဆိဒ္ဒေ၊ အပ်နဖား ပေါက်၌။ သုတ္တာနိ၊ အပ်ချည်တို့ကို။ အာဝုနိတွာ၊ ထိုးသီ၍။ အဒါသိ၊ ပေးတော် မူ၏။

ကမ္ဘာ ၃-သောင်းထက် သုမေဓ ဘုရားသခင် လက်ထက်တော်၌လည်း ဒေဝကုဋ္ဋတောင်၌ ကုဋေ ၉-ဆယ်သော ရဟန်းတို့နှင့်တကွ ကထိန်ခင်း ကြောင်းကိုလည်း ရင်းဗုဒ္ဓဝင်ပါဠိ အဋ္ဌကထာတို့၌ပင် လာ၏။

ငါတို့မြတ်စွာဘုရား ရှေ့လက်ထက်တော်၌ကား ပါဝေယျက ရဟန်းသုံး ကျိပ်တို့ကို အကြောင်းပြု၍ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူ၏။ရင်းအကြောင်း ကား ဝိနည်းမဟာဝါ ကထိနက္ခန္ဓကပါဠိအဋ္ဌကထာတို့၌ လာသတည်း။

စီဝရ ပစ္စယ သံသိကဒါနလှူပုံ ပြီးပြီ။

---

ပိဏ္ဍပါတပစ္စယ သံဃိကဒါန လှူရာ၌ကား—

သံဃဘတ်၊ဥဒ္ဒေသဘတ်၊ နိမန္တနဘတ်၊ သလာကဘတ်၊ ပက္ခိကဘတ်၊ ဥပေါ သထိကဘတ်၊ ပါဋိပဒိကဘတ်၊ အာဂန္တုကဘတ်၊ ဂမိကဘတ်၊ ဂိလာနဘတ်၊ ဂိလာနုပဋ္ဌာကဘတ်၊ဝိဟာရဘတ်၊ဓူရဘတ်၊ဝါရကဘတ်ဟူ၍ ၁၄-ပါးရှိကုန်၏။

> သံဃဘတ္တံ ဥဒ္ဒေသဘတ္တံ နိမန္တနဘတ္တံ သလာကဘတ္တံ ပက္ခိကဘတ္တံ ဥပေါသထိကဘတ္တံ ပါဋိပဒိကဘတ္တံ အာဂန္တုကဘတ္တံ ဂမိကဘတ္တံ ဂိလာနဘတ္တံ ဂိလာနုပဋ္ဌာကဘတ္တံ ဝိဟာရဘတ္တံ ဓူရဘတ္တံ ဝါရက ဘတ္တန္တိ ဘောနိ စုဒ္ဒသ ဘတ္တာနိ။
>
> ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဣတ္ထိ ဣမာနိ စ တီဏိ အာဂန္တုကဘတ္တာဒီနိ စ စတ္တာရိတိ သတ္တ
တာနိ သံဃဘတ္တာဒီဟိ စ သဟ စုဒ္ဒသ ဘတ္တာနိ ဟောန္တိ။

ဝိနယသင်္ဂဟအဋ္ဌကထာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာအနက်ကား လွယ်၏၊ ဝိနယသင်္ဂဟအဋ္ဌကထာ အနက်ကား—ဣတိ ဣမာနိ တီဏိ စ၊ ဤဝိဟာရဘတ် စူဠဘတ် ဝါရကဘတ် သုံးပါးတို့ရင်း။ စတ္တာရိ၊ လေးပါးကုန်သော။ အာဂန္တုကဘတ္တာဒီနိ စ၊ အာဂန္တုကဘတ်အစရှိသည်တို့ရင်း။ ဝါ၊ အာဂန္တုကဘတ် ဂမိကဘတ် ဂိလာနဘတ် ဂိလာနုပဋ္ဌာကဘတ်တို့ရင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ သတ္တ၊ ၇-ပါးကုန်သော။ တာနိ၊ ထိုဘတ်တို့သည်။ သံဃဘတ္တာဒီဟိ စ၊ သံဃဘတ်အစရှိသည်တို့နှင့်လည်း။ ဝါ၊ သံဃဘတ် ဥဒ္ဒေသဘတ် နိမန္တနဘတ် သလာကဘတ် ပက္ခိကဘတ် ဥပေါသထိကဘတ် ပါဋိပဒိကဘတ် ၇-ပါးတို့နှင့်လည်း။ သဟ၊ တကွ။ စုဒ္ဒသ ဘတ္တာနိ၊ ၁၄-ပါးသော ဘတ်တို့သည်။ ဟောန္တိ၊ ကုန်၏။

ထို ၁၄-ပါးသော ဘတ်တို့၏ အသီးသီး လက္ခဏာနှင့်တကွ လှူပုံအခြင်းအရာတို့ကို သိသာမှတ်သာစေရန် ပြအံ့။

၁။ သံဃဘတ် မည်သည်ကား တတိုက်လုံး သံဃာရှိသမျှ အလုံးစုံအား လှူသောဘတ်တည်း။

သံဃဘတ္တံ နာမ သကလဿ သံဃဿ ဒါတဗ္ဗံ ဘတ္တံ။

စူဠဝါ သေနာသနက္ခန္ဓက အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ။

အနက်ကား—သံဃဘတ္တံ နာမ၊ သံဃဘတ် မည်သည်ကား။ သကလဿ၊ အလုံးစုံသော။ သံဃဿ၊ တိုက်သံဃာအား။ ဒါတဗ္ဗံ၊ လှူအပ်သော။ ဘတ္တံ၊ ထမင်းအစာတည်း။ ဝါ၊ ဆွမ်းတည်း။

ဘတ္တသဒ္ဒါ ဘတ္တဝေါဟာရသည် မာဂဓဘာသာ၌ အကပ္ပိယဝေါဟာရတည်း။ မြန်မာဘာသာ၌လည်း ထမင်းအစာဟူသော ဝေါဟာရသည် အကပ္ပိယဝေါဟာရတည်း။ ဘိက္ခသဒ္ဒါ ဘိက္ခဝေါဟာရဆွမ်းဟူ၍ ခေါ်ဝေါ်ခြင်းသည် ကပ္ပိယဝေါဟာရတည်း။

၂။ ဥဒ္ဒေသဘတ် မည်သည်ကား တတိုက်လုံး သံဃာကုန်အောင် မလှူနိုင်သောကြောင့် တိုက်သံဃာမှ အလိုရှိသလောက် တတ်အားသမျှ တပါး နှစ်ပါး သုံးပါး လေးပါး တကျိပ် နှစ်ကျိပ် စသည်ဖြင့် ဘတ္တုဒ္ဒေသက ရဟန်းကို ညွှန်စေ၍ရသော တပါး နှစ်ပါး သုံးပါး လေးပါး တကျိပ် နှစ်ကျိပ် စသော သံဃာအား လှူသောဆွမ်းတည်း။

ကတိပယေ ဘိက္ခူ ဥဒ္ဒိသိတွာ ဒါတဗ္ဗံ ဘတ္တံ ဥဒ္ဒေသဘတ္တံ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ သာရတ္ထဒီပနီဋီကာ။

အနက်ကား—ကတိပယေ၊ တပါး နှစ်ပါး သုံးပါး လေးပါး တကျိပ် နှစ်ကျိပ် အမှတ်မဲ့ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဥဒ္ဒိသိတွာ၊ ညွှန်၍။ ဒါတဗ္ဗံ၊ လှူအပ်သော။ ဘတ္တံ၊ ဆွမ်းသည်။ ဥဒ္ဒေသဘတ္တံ၊ ဥဒ္ဒေသဘတ်မည်၏။

၃။ နိမန္တနဘတ် မည်သည်ကား ကျောင်းတိုက်သို့ ဝင်လာပြီးလျှင် ရဟန်း သံဃာ တပါး နှစ်ပါးစသည် တပည့်တော်တို့ ဆွမ်းကို ခံတော်မူပါလော့ဟု အလိုရှိသရွေ့ တတ်အားသမျှ သံဃာကိုပင့်၍ လှူဖွယ်သော ဆွမ်းတည်း။

နိမန္တေတွာ ဒါတဗ္ဗနိမန္တနဘတ္တံ။

စူဠဝါ သေနာသနက္ခန္ဓက အဋ္ဌကထာ၊ ဝိနယာလင်္ကာရဋီကာ။

အနက်ကား—နိမန္တေတွာ၊ ပင့်ဖိတ်၍။ ဒါတဗ္ဗံ၊ လှူအပ်သော။ ဘတ္တံ၊ ထမင်းအစာသည်။ ဝါ၊ ဆွမ်းသည်။ နိမန္တနဘတ္တံ၊ နိမန္တနဘတ်မည်၏။

ဤမျှလောက်သော ရဟန်းတို့ကို သံဃာတော်မှညွှန်၍ ပေးပါကုန်ဟု မဆို မလျှောက်ပဲ ဤမျှလောက်သော ရဟန်းတို့၏ ထမင်းဆွမ်းကို ခံယူတော်မူပါကုန်၊ ဤမျှလောက်သော ရဟန်းတို့၏ သပိတ်ကို ပေးတော်မူပါကုန်ဟု လျှောက်ဆို ပင့်ဖိတ်လှူခြင်းသည်ကား သံဃနိမန္တနမည်၏ဟု သာရတ္ထဒီပနီဋီကာ၊ ဝိနယာလင်္ကာရ ဋီကာတို့ မိန့်ဆိုကုန်၏။

> တ္တကာ ဘိက္ခူ သံဃတော ဥဒ္ဒိသိတွာ ဒေထာတိ အဝတွာ တ္တကာနံ ဘိက္ခူနံ ဘတ္တံ ဂဏှထာတိ ဝတွာ ဒိန္နံ သံဃ နိမန္တနံ နာမ။

ရင်း သာရတ္ထဒီပနီဋီကာ၊ ဝိနယာလင်္ကာရဋီကာ။

အနက်ကား— တ္တကာ၊ ဤမျှလောက်ကုန်သော။ ဘိက္ခူ၊ တို့ကို။ သံဃတော၊ သံဃာတော်မှ။ ဥဒ္ဒိသိတွာ၊ ညွှန်တော်မူ၍။ ဒေထ၊ ပေးတော်မူပါကုန်လော့။ ဣတိ၊ သို့။ အဝတွာ၊ မဆိုမူ၍။ တ္တကာနံ၊ ဤမျှလောက်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဘတ္တံ၊ ဆွမ်းကို။ ဂဏှထ၊ ခံယူတော်မူပါကုန်လော့။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပတ္တံ၊ သပိတ်ကို။ ဒေထ၊ ပေးတော်မူပါကုန်လော့။ ဣတိ၊ သို့။ ဝတွာ၊ ဆို၍။ ဒိန္နံ၊ ပေးလှူခြင်းသည်။ သံဃနိမန္တနံ နာမ၊ သံဃနိမန္တနမည်၏။ ဝါ၊ သံဃာကို ဖိတ်ခြင်းမည်၏။

ဤဋီကာပါဠိတို့တွင် ဘတ္တံ ဒေထာ်တိကူ၍ အစာထမင်းဟော ဘတ္တသဒ္ဒါ၊ ဒေထဟူသော ဒါတော် ကြိယာတို့နှင့် ဝိနယာလင်္ကာရဋီကာ ရှိ၏။ ပေထ ရှိလျှင် ဘတ္တံ မလို၊ ပတ္တံဟု သပိတ်ဟော ပတ္တသဒ္ဒါလိုသည်။ အင္ဂုတ္တိုရ် ဒေထာ တိ ဝါ အဋ္ဌပတ္တေ ဒေထာတိ ဝါ စသော အဋ္ဌကထာတို့နှင့် ညီသတည်း။

ဤနိမန္တနဘတ် အလှူကား ဤမည်သောအရှင်ဟု ရည်မှတ်၍ ဖိတ်လှူလျှင် ပုဂ္ဂလိက၊ မရည်မှတ်ပဲ ရသမျှသာဟု နှလုံးသွင်း၍ တပါးနှစ်ပါးစသော ရဟန်းကို ပင့်ဖိတ်လှူလျှင် သံဃိကဖြစ်၏ဟူ၍ အထူးမှတ်လေကုန်။

၄။ သလာကဘတ်ဟူသည်ကား လူဒါယကာတို့သည် အလုံးစုံသော သံဃာများကို လှူခြင်းငှါ မတတ်နိုင်သည်ကို သိသောကြောင့် သစ်သားနှစ်၊ ဝါးခြမ်း၊ ထန်းရွက်၊ ကြေးစသည်၌ ဤမည်သော ဒါယကာ၊ ဤမည်သော ရပ်ရွာ၏ စာရေးတံဘတ်တည်းဟု အမည်အကွာရာရေး၍ ခြင်းတောင်း သက်န်းစသည်၌ ထည့်ပြီးလျှင် အထက်အောက် မွှေနှောက်ချောက်ချား၍ ဘတ္တုဒ္ဒေသကသမုတ် ရသော ဆွမ်းညွှန်ရဟန်းသည် ရှေး၌ ထေရ်စဉ်ရှိသော် ထေရ်စဉ်မှ၊ ထေရ်စဉ် မရှိသော် မထေရ်ကြီးနေရာ သေရာသနမှစ၍ စာရေးတံကို ချသဖြင့် ခံယူ စေအပ်သော ဘတ်သည် ဆွမ်းသည် သလာကဘတ်မည်၏။

သလာကံ ပါတေတွာ ဂါဟေတဗ္ဗံ ဘတ္တံ သလာကဘတ္တံ။

ဝိနယာလင်္ကာရဋီကာပါဠိ။

အနက်ကား—သလာကံ၊ စာရေးတံကို။ ပါတေတွာ၊ ချ၍။ ဂါဟေတဗ္ဗံ၊ ခံယူစေအပ်သော။ ဘတ္တံ၊ ဘတ်သည် ထမင်းသည် ဆွမ်းသည်။ သလာကဘတ္တံ၊ သလာကဘတ်မည်၏။

ဤသို့စာရေးတံချ၍ ခံယူလာသော ရဟန်းအား ကျောင်းကိုရည်၍ ဆွမ်းကို လှူခြင်းသည် သလာကဘတ်အလှူမည်၏။ စာရေးတံဆွမ်း အလှူမည်၏ဟူလို။ ဤသလာကဘတ် အလှူမည်သည်ကား ဥဒ္ဒေသဘတ်ကဲ့သို့ သံဃာကိုရည်၍ လှူသည်မဟုတ်၊ ကျောင်းတိုက်ကိုသာရည်၍ လှူအပ်သတည်း။ ထို့ကြောင့် စာရေးတံဆွမ်းကို ဥပစာရသိမ် တိုက်အပ၌ ယူခြင်းငှါ မအပ်ဟု စူဠဝါအဋ္ဌ ကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ ဆို၏။

ဣဒံ ဟိ သလာကဘတ္တံ နာမ ဥဒ္ဒေသဘတ္တသဒိသံ န ဟောတိ၊ ဝိဟာရမေဝ သန္ဓာယ ဒီယတိ၊ တသ္မာ ဗဟိ ဥပစာရေ ဂါဟေတုံ န ဝဋ္ဋတိ။

ရင်းစူဠဝါ သေနာသနက္ခန္ဓက အဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ ။

အနက်ကား—ဟိ သစ္စံ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဣဒံ သလာကဘတ္တံ နာမ၊ ဤသလာကဘတ် စာရေးတံဆွမ်းမည်သည်။ ဥဒ္ဒေသဘတ္တာဒီသံ၊ ဥဒ္ဒေသဘတ်နှင့်အတူ သံဃာကိုရည်သည်။ န ဟောတိ၊ မဖြစ်။ ဝိဟာရမေဝ၊ ကျောင်းကိုသာလျှင်။ သန္ဓာယ၊ ရည်ရွယ်၍။ ဒီယတိ၊ လှူအပ်၏။ တသ္မာ၊ ကြောင့်။ ဗဟိဥပစာရေ၊ ဥပစာရသိမ်တိုက်အပ၌။ ဂါဟေတုံ၊ စာရေတံဆွမ်းကို ယူခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။

တေရသကဏ္ဍဋီကာ၊ ဝိနယသင်္ဂဟဋီကာဟောင်း၊ ဝင်းဋီကာသစ်၊ ဝိနယာလင်္ကာရဋီကာတို့၌လည်း ထိုအလားတူပင် မိန့်ဆိုကြကုန်၏။

သလာကဘတ္တံ နာမ ဝိဟာရေယေဝ ဥဒ္ဒိသိယတိ၊ ဝိဟာရမေဝ သန္ဓာယ ဒိယျမာနတ္တာ။

ဝင်း ကေရသကဏ္ဍဋီကာ၊ ဝိနယသင်္ဂဟဋီကာဟောင်း၊ ဝင်း ဋီကာသစ်၊ ဝိနယာလင်္ကာရဋီကာ။

အနက်ကား—သလာကဘတ္တံ နာမ၊ သလာကဘတ် စာရေးတံဆွမ်းမည်သည်ကိုကား။ ဝိဟာရေယေဝ၊ ကျောင်းတိုက်တွင်း၌သာလျှင်။ ဥဒ္ဒိသိယတိ၊ ညွှန်ယူစေအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ ဝိဟာရမေဝ၊ ကျောင်းတိုက်ကိုသာလျှင်။ သန္ဓာယ၊ ရည်ဆောင်ရည်မှတ်၍၊ ဒိယျမာနတ္တာ၊ လှူအပ်သည်၏ အဖြစ်ကြောင့်တည်း။

သို့ဖြစ်၍ ဤမည်သောကျောင်းတိုက်ကို ဤမျှလောက် စားရေးတံဆွမ်းကို လှူပါ၏ဟူ၍ လှူရာသတည်း။ ရှေးကာလ၌ စာရေးတံဆွမ်းလှူသည်နှင့် ယခုကာလ စာရေးတံဆွမ်း လှူခြင်းသည် မတူ။ ဆရာကြီးတို့လည်း ယခုကာလ စာရေးတံသည် ကျမ်းဂန်နှင့် မညီဟု မိန့်ကုန်၏။ သို့ပင် ကျမ်းဂန်နှင့် မညီသော်လည်း သံဃိကဒါနလက္ခဏာ ရှိပေသတည်း။

၇။ ပက္ခိကဘတ်ဟူသည်ကား တခုသော လဆန်းပက္ခ လဆုတ်ပက္ခ ဥပုသ်နေ့၌ တရက်စီ လှူအပ်သော ဆွမ်းတည်း။

ကေသွိံ ပက္ခေ ဧကံ ဒိဝသံ ဒါတဗ္ဗံ ဘတ္တံ ပက္ခိကံ။

တေရသကဏ္ဍဋီကာ၊ဝိနယသင်္ဂဟ ဋီကာဟောင်း၊ ဝိနယာလင်္ကာရ ဋီကာ၊ ဝိသုဒ္ဓိမဂ် မဟာ ဋီကာ။

အနက်ကား—ကေသွိံ၊ တခုသော။ ပက္ခေ၊ လဆန်းပက္ခ လဆုတ်ပက္ခ ဥပုသ်နေ့၌။ ဧကံ ဒိဝသံ၊ တရက်စီ။ ဒါတဗ္ဗံ၊ လှူအပ်သော။ ဘတ္တံ၊ ဘတ်သည်။ ဆွမ်းသည်။ ပက္ခိကံ၊ ပက္ခိကဘတ်မည်၏။

ဤပက္ခိကဘတ်ကို လှူခြင်းသည် စာတုဒ္ဒသီ ပဉ္စဒ္ဒသီ ပဉ္စမီ အဋ္ဌမီ ပက္ခဥပုသ်နေ့ ၄-ရက်တို့၌ အမှုကိစ္စ အား ထုတ်ကြရသော လူတို့သည် ဥပုသ် သီတင်းသုံးခြင်းကိုပြုခြင်းငှါ သတိအောက်မေ့ရုံ လှူအပ်သသည်းဟု ဝိနည်းအဋ္ဌကထာ ဋီကာကြီးတို့၌ ဆိုကုန်၏။

ပက္ခိကာဒီသု ပန ယံ အဘိလက္ခိတေသု စာတုဒ္ဒသီ ပဉ္စဒ္ဒသီ ပဉ္စမီ အဋ္ဌမီတိ ဣမေသု ပက္ခေသု ကမ္မပသုတေဟိ ဥပေါသထံ ကာတုံ သတိသရဏတ္ထာယ ဒိယျတိ၊ တံ ပက္ခိကံ.နာမ။

စူဠဝါ သေနာသနက္ခန္ဓကအဋ္ဌကထာပါဠိ၊ ဝိနယသင်္ဂဟ စတုပစ္စယနိဒ္ဒေသ အဋ္ဌကထာပါဠိ၊

အဘိလက္ခိတေသု စတူသု ပက္ခဒိဝသေသု ဒါတဗ္ဗဘတ္တံ ပက္ခိယံ၊

ရှင်းအဖွင့် ဗေရသကဏ်ဋီကာ။

အနက်ကား—ပက္ခိကဒီသု ပန၊ ပက္ခိကဘတ်စသည်တို့၌ကား။ အဘိလက္ခိတေသု၊ မှတ်အပ်ကုန်သော။ ဝါ၊ အဆုတ်အဆန်း ပြည့်ဝန်းကွယ်ချက် ထက်ဝက်အဟန် လသဏ္ဌာန်တို့ဖြင့် မှတ်အပ်ကုန်သော။ စာတုဒ္ဒသီ ပဉ္စဒ္ဒသီ ပဉ္စမီ အဋ္ဌမီတိ၊ ၁၄-ရက်မြောက်သော ဥပုသ်နေ့ ၁၅-ရက်မြောက်သော ဥပုသ်နေ့ ၅-ရက် မြောက်သော ဥပုသ်နေ့ ၈-ရက်မြောက်သော ဥပုသ်နေ့ဟုဆိုအပ်ကုန်သော။ ဣမေသု ပက္ခေသု၊ ဤပက္ခတို့၌။ ကမ္မပသုတေဟိ၊ အမှုကိစ္စ အားထုတ်ရသောသူတို့သည်။ ဥပေါသထံ၊ ဥပုသ်သီတင်းသုံး ယူခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သတိသရဏတ္ထာယ၊ သတိ အောက်မေ့ခြင်း အကျိုးငှါ။ ယံ ဘတ္တံ၊ အကြင်ဘတ်ကို။အကြင်ဆွမ်းကို။ဒိယျတိ၊ လှူအပ်၏။တံ ဘတ္တံ၊ ထိုဘတ်သည်။ ထိုဆွမ်းသည်။ ပက္ခိကံ နာမ၊ ပက္ခိကဘတ်မည်၏။ (အဋ္ဌကထာအနက်။)

အဘိလက္ခိတေသု၊ မှတ်အပ်ကုန်သော။စတူသု၊လေးရက်ကုန်သော။ဒိဝသေသု၊ နေ့တို့၌။ ဒါတဗ္ဗဘတ္တံ၊ လှူအပ်သော ဘတ်တည်း။ ပက္ခိယံ၊ ပက္ခိယ ဘတ်မည်၏။ (ဤကား ဋီကာ အနက်။)

ဤ အဋ္ဌကထာဋီကာတို့ဖြင့် လဆန်းပက္ခ လဆုတ်ပက္ခဥပုသ်နေ့ ၄-ရက်စီ ၈-ရက်တို့၌ လှူသည်၏အဖြစ်ကား ထင်ရှား၏။ ဆရာတို့ကား လဆန်း လဆုတ် ပက္ခ၌ တကြိမ်စီဟု ဆိုကုန်၏။

တံ သလာကဘတ္တဂတိကမေဝ ဟောတိ ဂါဟာပေတ္ဗာ ဘုဉ္ဇိတဗ္ဗံ—ဟူ၍ ရှင်းစူဠဝါ သေနာသနက္ခန္ဓကအဋ္ဌကထာ၊ ဝိနယ သင်္ဂဟ အဋ္ဌကထာတို့ ဆိုသောကြောင့် ထိုပက္ခိကဘတ် အလှူသည်လည်း သလာကဘတ်ကဲ့သို့ သံဃိကဒါနပင်တည်း။

တံ၊ ထိုပက္ခိကဘတ်သည်။ သလာကဘတ္တဂတိကမေဝ၊ စာရေးတံဘတ်နှင့် အလားတူသည်သာလျှင်။ ဟောတိ၊ ၏။ ဂါဟာပေတဗ္ဗာ၊ ဆွမ်းညွန်ဘတ္တုဒ္ဒေသက သမ္မုတိရသော ရဟန်းက ခံယူစေ၍။ ဘုဉ္ဇိတဗ္ဗံ၊ စားအပ်၏။

ပုဂ္ဂလိကကဲ့သို့ အလိုရှိတိုင်း မခံမယူအပ်ဟူလိုသည်။

ထို့ကြောင့် ဤပက္ခိကဘတ်ကိုလည်း သံဃိကပင်ဟူ၍ မှတ်ရာ၏။

၆။ ဥပေါသထိကဘတ် ဟူသည်ကား ဥပုသ်နေ့၌ လှူအပ်သော ဆွမ်းပင်တည်း။

ဥပေါသထေ ဒါတဗ္ဗဘတ္တံ ဥပေါသထိကံ။

ဘေရသကဏ္ဍဋီကာပါဠိ။

ဥပေါသထေ ဥပေါသထဒိဝသေ ဒါတဗ္ဗဘတ္တံ ဥပေါသထိကံ။

ဝိနယသင်္ဂဟ ဋီကာဟောင်း၊ ဝိနယာလင်္ကာရဋီကာ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ။

အနက်ကား—ဥပေါသထေ ဥပေါသထဒိဝသေ၊ ဥပုသ်နေ့၌။ ဒါတဗ္ဗဘတ္တံ၊ လှူအပ်သောဘတ်သည်။ ဆွမ်းသည်။ ဥပေါသထိကံ၊ ဥပေါသထိကဘတ်မည်၏။

ထို ဥပေါသထိကဘတ်ကို လခွဲဥပုသ်နေ့၌ ဥပုသ်အင်္ဂါကို ဆောက်တည်၍ မိမိတို့စားသမျှ ထမင်းကို လှူအပ်သည်ဟူ၍ ရှင်းစူဠဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ ဆိုကုန်၏။

ဥပေါသထိကံ နာမ အဍ္ဎမာသေ ဥပေါသထဒိဝသေ ဥပေါသထင်္ဂါနိ သမာဒိယိတွာ ယံ အတ္တနာ ဘုဉ္ဇတိ၊ တဒေဝ ဒိယျတိ။

ရှင်း စူဠဝါ သေနာသနက္ခန္ဓကအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာပါဠိ။

အနက်ကား— ဥပေါသထိကံ နာမ၊ ဥပေါသထိကဘတ်မည်သည်ကား။ အဍ္ဎမာသေ၊ လခွဲ၌။ ဥပေါသထဒိဝသေ၊ ဥပုသ်နေ့၌။ ဥပေါသထင်္ဂါနိ၊ ဥပုသ်သီလအင်္ဂါတို့ကို။ သမာဒိယိတွာ၊ ဆောက်တည်ပြီး၍။ ယံ၊ အကြင်ဘတ်ကို။ ထမင်းကို။ အတ္တနာ၊ မိမိသည်။ ဘုဉ္ဇတိ၊ စား၏။ တဒေဝ၊ ထိုဘတ်ကိုသာလျှင်။ ဒိယျတိ၊ လှူအပ်၏။

ဤ၌ အဍ္ဎမာသေ ဆိုခြင်းကြောင့် လခွဲတကြိမ်ဟူ၍လည်း ယူကုန်၏။ ဥပေါသထဒိဝသေ ဆိုခြင်းကြောင့် လခွဲ ဥပုသ်နေ့ ၄-ရက်စ်တို့၌ လှူသည်ဟူ၍ ယူခြင်းသည် သင့်သည်ဖြစ်သတည်း။

ဤ ဥပေါသထိကဘတ်အလှူ၌ ဥပုသ်အင်္ဂါကို ဆောက်တည်၍ လှူခြင်းသည်သာ ပက္ခိကဘတ်အလှူမှ အထူးဝိသေသဖြစ်၏ဟု တေရသကဏ္ဍဋီကာ၊ ဝိနယာလင်္ကာရဋီကာ တို့၌လည်း မိန့်ဆိုကုန်သတည်း။

ပက္ခိကဘတ္တတော ဥပေါသထိကဘတ္တဿ ဘေဒံ ဒဿေန္တော အာဟ ဥပေါသထင်္ဂါနိ သမာဒိယိတွာတိ အာဒိ။

ရင်းတေရသကဏ္ဍဋီကာ၊ ဝိနယာလင်္ကာရဋီကာပါဠိ။

အနက်ကား— ပက္ခိကဘတ္တတော၊ ပက္ခိကဘတ် အလှူမှ။ ဥပေါသထိကဘတ္တဿ၊ ဥပေါသထိကဘတ်အလှူ၏။ ဘေဒံ၊ အထူးကို။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ ပြတော်မူလိုသောကြောင့် ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည်။ ဥပေါသထင်္ဂါနိ သမာဒိယိတွာတိ အာဒိ၊ ဥပေါသထင်္ဂါနိ သမာဒိယိတွာ အစရှိသော။ ယံ ဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ တံ ဝစနံ၊ ထိုစကားကို။ အာဟ၊ အဋ္ဌကထာ၌ မိန့်ဆို၏။

ဤဋီကာတို့ဖြင့်လည်း ပက္ခိကဘတ် အလှူမှ ဥပုသ်အင်္ဂါ ဆောက်တည်ခြင်းသာ ဥပေါသထိကဘတ် အလှူထူးသည်ကို ဆိုခြင်းကြောင့် နေ့ရက်ကား မထူးပြီဖြစ်၍ ဥပုသ်နေ့ ဂ-ရက်တို့၌ လှူခြင်းကို ယူသော်သာ အလွန်သင့်သတည်း။

၇။ ပါဋိပဒိကဘတ်ဟူသည်ကား လဆန်း လဆုတ် ဥပုသ်အထွက် တရက်နေ့တို့၌ လှူသောဆွမ်းတည်း။

ပါဋိပဒဒိဝသေ ဒါတဗ္ဗံ ဘတ္တံ ပါဋိပဒိကဘတ္တံ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ပါဋိပဒေ ဥပေါသထဒိဝသတော ဒုတိယဒိဝသေ ဒါတဗ္ဗံ ဘတ္တံ ပါဋိပဒိကဘတ္တံ။

ဝိနယာလင်္ကာရဋီကာ။

အနက်ကား— ပါဋိပဒဒိဝသေ၊ လဆန်း လဆုတ် ဥပုသ်အထွက် တရက်နေ့၌။ ဒါတဗ္ဗံ၊ လှူအပ်သော။ ဘတ္တံ၊ ဘတ်သည်။ ပါဋိပဒိကဘတ္တံ၊ ပါဋိပဒိကဘတ်မည်၏။ (ဝိသုဒ္ဓိမဂ် မဟာဋီကာအနက်။)

ပါဋိပဒေ ဥပေါသထဒိဝသတော ဒုတိယဒိဝသေ၊ ဥပုသ်နေ့မှ ၂-ရက်မြောက်နေ့၌။ ဒါတဗ္ဗံ၊ သော။ ဘတ္တံ၊ သည်။ ပါဋိပဒိကဘတ္တံ၊ မည်၏။ (ဝိနယာလင်္ကာရဋီကာအနက်။)

ဤဥ္နိလည်း လဆန်းတရက် လပြည့်ကျော်ဘရက်နေ့ကိုသာ ယူကြကုန်၏။ ဤဝိနယာလင်္ကာရဋီကာကို ထောက်လျှင် ပက္ခဥပုသ်နေ့ ရှစ်ရက်ဘိုင်း အထွက် တရက်စီယူခြင်းသည် အလွန်သင့်သတည်း။

ထိုပါဋိပဒိကဘတ် အလှူမည်သည်ကိုကား ဥပုသ်နေ့၌ သဒ္ဓါကြည်ညို ခြင်းရှိသောသူတို့သည် ရဟန်းတို့အား ပူဇော်သက္ကာရ ပြုကြကုန်၏။ ဥပုသ် အထွက် တရက်နေ့၌ကား ရဟန်းတို့ ဆွမ်းပင်ပန်းကုန်၏။ ဥပုသ်အထွက် တရက် နေ့၌လှူသောအလှူသည် ဒုဗ္ဘိက္ခကာလဒါနနှင့်အတူ အကျိုးကြီးမြတ်၏ဟူ၍ ရင်း၊ ဥပုသ်သီတင်းသုံးခြင်းဖြင့် စင်ကြယ်သော သီလရှိသောသူတို့၏ ဒုတိယ နေ့၌လှူသောအလှူသည် အကျိုးကြီးမြတ်၏ ဟူ၍ရင်း မှတ်၍ ဥပုသ်အထွက် တရက်နေ့လှူသောဒါနကို ဆိုသည်ဟု ရင်း စူဠဝဂ္ဂါအဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့ မိန့်ဆိုကုန်၏။

> ပါဋိပဒိကံ နာမ ဥပေါသထေ ဗဟူ သဒ္ဓါ ပသန္နာ ဘိက္ခူနံ သက္ကာရံ ကရောန္တိ၊ ပါဋိပဒေ ပန ဘိက္ခူ ကိလမန္တိ၊ ပါဋိပဒေ ဒိန္နံ ဒုဗ္ဘိက္ခဒါနသဒိသံ မဟပ္ဖလံ ဟောတိ၊ ဥပေါသထကမ္မေန ဝါ ပရိသုဒ္ဓ သီလာနံ ဒုတိယဒိဝသေ မဟပ္ဖလံ ဟောတီတိ သလ္လက္ခေတွာ ပါဋိပဒေ ဒိယျနကဒါနံ။

ရင်း စူဠဝဂ္ဂသေနာသနက္ခန္ဓက အဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—ပါဋိပဒိကံ နာမ၊ ပါဋိပဒိကဘတ် အလှူမည်သည်ကား။ ဥပေါသထေ၊ ဥပုသ်နေ့၌။ ဗဟူ၊ များစွာကုန်သော။ သဒ္ဓါ၊ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော။ ပသန္နာ၊ ကြည်ညိုတတ်ကုန်သော သူတို့သည်။ ဘိက္ခူနံ၊ ရဟန်းတို့အား။ သက္ကာရံ၊ ပူဇော်ခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ ပါဋိပဒေ ပန၊ ဥပုသ် အထွက် တရက်နေ့၌ကား။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကိလမန္တိ၊ ဆွမ်းပင်ပန်းကုန် ၏။ ပါဋိပဒေ ပန၊ ဥပုသ်အထွက် တရက်နေ့၌။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ ဒုဗ္ဘိက္ခဒါန သဒိသံ၊ ခေါင်းပါးတော်မှတ်သောအခါ လှူရသော ဒုဗ္ဘိက္ခကာလ ဒါနနှင့်အတူ။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ ဟောတိ၊ ၏။ ဥပေါသထ ကမ္မေန ဝါ၊ ဥပုသ်သီတင်းသုံးခြင်းအမှုဖြင့်လည်း။ ပရိသုဒ္ဓသီလာနံ၊ စင်ကြယ် သော သီလရှိကုန်သော သူတို့အား။ ဒုတိယဒိဝသေ၊ ၂-ရက်မြောက်သော ဒုတိယနေ့၌။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ် သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ သလ္လက္ခေတွာ၊ မှတ်၍။ ပါဋိပဒေ၊ ဥပုသ် အထွက် တရက်နေ့၌။ ဒိယျနကဒါနံ၊ လှူအပ်သော အလှူတည်း။

တပိ ဥဘယံ သလာကဘတ္တဂတိကမေဝ—ဟူ၍ ဝိနည်းအဋ္ဌကထာကြီးတို့ မိန့်ဆိုသောကြောင့် ထိုပက္ခိကဘတ် ပါဋိပဒိကဘတ် အလှူ ၂-ပါးသည်လည်း သလာကဘတ် အလှူကဲ့သို့ပင် သံဃိကဒါနသာတည်းဟူ၍ မှတ်ရာ၏။

ဤဘတ် ၇-ပါးတို့ကို ရာဇဂြိုဟ်ပြည်၌ ခွင့်ပြုတော်မူ၏။ အကျယ်ကား စူဠဝါ သေနာသနက္ခန္ဓာ ပါဠိတော်၌ လာ၏။ အဆုံးအဖြတ်လည်း ၎င်း အဋ္ဌကထာတို့၌ လာသတည်း။

အာဂန္တုကဘတ် ဟူသည်ကား ဧည့်သည်အာဂန္တုရဟန်းတို့အား ရည်၍ လှူသော ဆွမ်းတည်း။ ဂမိကဘတ်ဟူသည်လည်း ခရီးသွားလတ္တံ့သော ရဟန်းတို့အား လှူသောဆွမ်းတည်း။ ဂိလာနဘတ်ဟူသည်ကား နာသော ရဟန်းတို့အား လှူသောဆွမ်းတည်း။ ဂိလာနုပဋ္ဌာကဘတ် ဟူသည်ကား နာသော ရဟန်းကို လုပ်ကျွေးပြုစု စောင့်ရှောက်သော ရဟန်းတို့အား လှူသောဆွမ်းတည်း။

အာဂန္တုကာနံ ဒိန္နံ ဘတ္တံ အာဂန္တုကဘတ္တံ၊ ဧသေဝနယော သေသေသုပိ။

ဝိနည်းမဟာဝါ စိဝရက္ခန္ဓကအဋ္ဌကထာ။

ဤ၌ ဧသေဝနယော ဟူသော အတိဒေသနှင့်အညီ ဂမိကာနံ ဒိန္နံ ဘတ္တံ ဂမိကဘတ္တံ၊ ဂိလာနာနံ ဒိန္နံ ဘတ္တံ ဂိလာနဘတ္တံ၊ ဂိလာနုပဋ္ဌာကာနံ ဒိန္နံ ဘတ္တံ ဂိလာနုပဋ္ဌာကဘတ္တံ—ဟူ၍ ဝစနတ္ထပြုရာ၏။ အနက်လွယ်၏။

၈။ ထိုလေးပါးသော ဘတ်တို့တွင် အာဂန္တုကဘတ်ကို လှူရာ၌ ဧည့်သည် အာဂန္တုကရဟန်းသည် ဆွမ်းခံရာခရီးလမ်း၌ မသိမကျွမ်း၊ ဆွမ်းခံရာရပ်ရွာ၌ မသိမကျွမ်းသည်ဖြစ်၍ ပင်ပန်းဆင်းရဲစွာ ဆွမ်းခံသွားရ၏။ ထိုဧည့်သည် အာဂန္တုကရဟန်းသည် ငါ၏ဆွမ်းကို ဘုဉ်းပေးသုံးဆောင်၍ လမ်းခရီး ဆွမ်းခံရာရပ်ရွာ၌ သိကျွမ်းသည်ဖြစ်၍ မပင်ပန်း ဆွမ်းခံသွားရလတ္တံ့ဟု နှလုံးသွင်း၍ မည်သည့်ဧည့်သည် အာဂန္တုကရဟန်းမဆို ရောက်သမျှ အာဂန္တုကရဟန်းကို ရည်မှတ်၍ ဆွမ်းဝတ်တည်ထားသဖြင့် လှူသတည်း။

ပုန စပရံ ဘန္တေ အာဂန္တုကော ဘိက္ခု န ဝီထိကုသလော န ဂေါ-စရကုသလော ကိလမန္တော ပိဏ္ဍာယ စရတိ။ သော မေ အာဂန္တုကဘတ္တံ ဘုဉ္ဇိတွာ ဝီထိကုသလော ဂေါစရကုသလော အကိလမန္တော ပိဏ္ဍာယ စရိဿတိ၊ ဣမာဟံ ဘန္တေ အတ္ထဝသံ သမ္ပဿမာနာ ဣစ္ဆာမိ သံဃဿ ယာဝဇီဝံ အာဂန္တုကဘတ္တံ ဒါတုံ။

ဝိနည်းမဟာဝါ စိဝရက္ခန္ဓက ပါဠိတော်။

အနက်ကား—ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ ပုန၊ တဖန်။ ပရံ စ၊ တပါးလည်း။ အာဂန္တုကော၊ ဧည့်သည်ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ န ဝိထိကုသလော၊ လမ်းခရီးအစဉ်၌ မလိမ္မာသေး။ န ဂေါစရကုသလော၊ ဆွမ်းခံရာ ရပ်ရွာ၌ မလိမ္မာသေး။ ကိလမန္တော။ ပင်ပန်းသည် ဖြစ်၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရတိ၊ သွားရ၏။ သော၊ ထိုဧည့်သည် ရဟန်းသည်။ မေ၊ အကျွန်ုပ်၏။ အာဂန္တုကဘတ္တံ၊ အာဂန္တုကဘတ်ကို။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေးသုံးဆောင်၍၊ ဝိထိကုသလော၊ လမ်းခရီးအစဉ်၌ လိမ္မာလျက်။ ဂေါစရကုသလော။ ဆွမ်းခံရာ ရပ်ရွာ၌ လိမ္မာလျက်။ အကိလမန္တော၊ မပင်ပန်းသည်ဖြစ်၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိဿတိ၊ သွားရလတ္တံ့။ ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ဣမံ အတ္ထဝသံ၊ ဤအကျိုးထူးကို။ သမ္ပဿမာနာ၊ ကောင်းစွာထင်ထင် ရှုမြော်မြင်သည်ဖြစ်၍။ သံဃဿ၊ သံဃာတော်အား။ ယာဝဇီဝံ၊ အသက်ရှိသမျှ ကာလပတ်လုံး။ အာဂန္တုကဘတ္တံ၊ အာဂန္တုကဘတ်ကို။ ဒါတုံ၊ လှူခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။ ဤသို့ ဝိသာခါ နှလုံးသွင်း၍ လှူသကဲ့သို့ လှူရာ၏။

၉။ ဂမိကဘတ်ကို လှူရာ၌လည်း ခရီးလမ်းသွားလိုသော ရဟန်းသည် မိမိဆွမ်းကို ရှာဖွေနေရသည်ရှိသော် အဖော်အပေါင်းမှ မမှီပဲ နောက်ကျန်သည်ဖြစ်၍ နေရလတ္တံ့၊ လိုရာအရပ်သို့ အချိန်မဲ့မှ ရောက်ရရှာလတ္တံ့။ ဆင်းရဲငြိုငြင်ပင်ပန်းစွာ လမ်းခရီးကို သွားရလတ္တံ့၊ ငါ၏ ဂမိယ ဆွမ်းကို စားရသည်ရှိသော် အဖော်အပေါင်းမှ နောက်မကျန်သည် ဖြစ်ရလတ္တံ့ စသည်ဖြင့် နှလုံးသွင်း၍ ခရီးသွားရမည့် ရဟန်းဟူသမျှကို ရည်မှတ်၍ ဆွမ်းဝတ်ထားသဖြင့် လှူသတည်း။

ပုန စ ပရံ ဘန္တေ ဂမိကော ဘိက္ခု အတ္တနော ဘတ္တံ ပရိယေသမာနော သတ္ထာ ဝါ ဝိဟာယိဿတိ၊ ယတ္ထ ဝါသံ ဂန္တုကာမော ဘဝိဿတိ၊ တတ္ထ ဝိကာလေ ဥပဂစ္ဆိဿတိ၊ ကိလမန္တော အဒ္ဓါနံ ဂမိဿတိ၊ သော မေ ဂမိယဘတ္တံ ဘုဉ္ဇိတွာ သတ္ထာ န ဝိဟာယိဿတိ၊ ယတ္ထ ဝါသံ ဂန္တုကာမော ဘဝိဿတိ၊ တတ္ထ ကာလေ ဥပဂစ္ဆိဿတိ အကိလမန္တော အဒ္ဓါနံ ဂမိဿတိ၊ ဣမာဟံ ဘန္တေ အတ္ထဝသံ သမ္ပဿမာနာ ဣစ္ဆာမိ သံဃဿ ယာဝဇီဝံ ဂမိယဘတ္တံ ဒါတုံ။

ရင်းဝိနည်းမဟာဝါ စီဝရက္ခန္ဓက ပါဠိတော်။

အနက်ကား—ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ ပုန၊ တဖန်။ ပရံ စ၊ တပါးလည်း။ ဂမိကော၊ ခရီးသွားလတ္တံ့သော။ ဘိက္ခု၊ ရဟန်းသည်။

အတ္တာနာ၊ မိမိ၏။ ဘတ္တံ၊ ထမင်းကို။ ဆွမ်းကို။ ပရိယေသမာနော၊ ရှာဖွေရသည်ရှိသော်။ သတ္တာ ဝါ၊ အပေါင်းအဖော်မှလည်း။ ဝိဟာယိဿတိ၊ ကျန်ရစ်လတ္တံ့။ ယတ္ထ ဝါသံ၊ အကြင်နေရာသို့။ ဂန္တုကာမော၊ သွားလိုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တတ္ထ ဝါသံ၊ ထိုနေရာသို့။ ဝိကာလေ၊ အခါမဟုတ် မိုးချုပ်မှောင်မိုက်သော အချိန်၌။ ဥပဂစ္ဆိဿတိ၊ ကပ်ရလတ္တံ့၊ ကိလမန္တော၊ ပင်ပန်းနွမ်းလျသည်ဖြစ်၍။ အဒ္ဓါနံ၊ အဝေးရှည်စွာ ယူဇနာမနီး လမ်းခရီးသို့။ ဂမိဿတိ၊ သွားရလတ္တံ့။ သော၊ ထိုခရီးသွားရလတ္တံ့သော ရဟန်းသည်။ မေ၊ အကျွန်ုပ်၏။ ဂမိယဘတ္တံ၊ ဂမိယဘတ်ကို။ ဆွမ်းကို။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေး သုံးဆောင်၍။ သတ္တာ၊ အပေါင်းအဖော်မှ။ န ဝိဟာယိဿတိ၊ မကျန်ရစ်လတ္တံ့။ ယတ္ထဝါသံ၊ အကြင်နေရာသို့။ ဂန္တုကာမော၊ သွားလိုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တတ္ထဝါသံ၊ ထိုနေရာသို့။ ကာလေ၊ နေမဝင်ခင် အထင်အရှား သွားလာထွက်ဝင်နိုင်သော အချိန်၌။ ဥပဂစ္ဆိဿတိ၊ ကပ်ရလတ္တံ့။ အကိလမန္တော၊ မပင်မပန်း မနွမ်းမလျ ချမ်းမြကြည်လင်သည်ဖြစ်၍။ အဒ္ဓါနံ၊ အဝေးရှည်စွာ ယူဇနာမနီး လမ်းခရီးကို။ ဂမိဿတိ၊ သွားရလတ္တံ့။ ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ အဟံ၊ အကျွန်ုပ် တပည့်တော်မသည်။ ကုလမ်ံ အတ္တဝသံ၊ ဤအကျိုးထူးကို။ သမ္ပဿမာနာ၊ ကောင်းစွာထင်ထင် ရှုမြော်မြင်သည်ဖြစ်၍။ သံဃဿ၊ သံဃာတော်အား။ ယာဝဇီဝံ၊ အသက်ရှိပါသရွေ့။ ဂမိယဘတ္တံ၊ ဂမိယဘတ်ကို။ ဒါတုံ၊ လှူခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။ ဤသို့ ဝိသာခါ နှလုံးသွင်း၍ လှူသကဲ့သို့ ဂမိယဘတ်ကို လှူရာ၏။

၁၀။ ဂိလာနဘတ်ကို လှူရာ၌ နာဖျားမကျန်းသော ရဟန်းတို့အား လျောက်ပတ်သော ဘောဇဉ်အစာကို မရသည်ရှိသော် အနာရောဂါ တိုးပွားသည်ဖြစ်လတ္တံ့၊ သေခြင်းသော်လည်း ဖြစ်ရာလတ္တံ့၊ ငါ၏ ဂိလာနဘတ်ကို ဘုဉ်းပေးသုံးဆောင်သည်ရှိသော် အနာရောဂါ မတိုးမပွားသည် ဖြစ်လတ္တံ့ စသည်ဖြင့် နှလုံးသွင်း၍ နာဖျားမကျန်းသော ရဟန်းတို့ကို ရည်မှတ်၍ ဆွမ်းဝတ်ဘည်ထားသဖြင့် လှူသတည်း။

ပုန စ ပရံ ဘန္တေ ဂိလာနဿ ဘိက္ခုနော သပ္ပါယာနိ ဘောဇနာနိ အလဘန္တဿ အာဗာဓော ဝါ အဘိဝဍ္ဎိဿတိ ကာလံကိရိယာ ဝါ ဘဝိဿတိ တဿ မေ ဂိလာနဘတ္တံ ဘုတ္တဿ အာဗာဓော န အဘိဝဍ္ဎိဿတိ ကာလံကိရိယာ ဝါ န ဘဝိဿတိ။ ဣမာဟံ ဘန္တေ အတ္ထဝသံ သမ္ပဿမာနာ ဣစ္ဆာမိ သံဃဿ ယာဝဇီဝံ ဂိလာနဘတ္တံ ဒါတုံ။

ရင်းဝိနည်းမဟာဝါ စီဝရက္ခန္ဒကပါဠိတော်။

အနက်ကား—ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ ပုန၊ တဖန်။ ပရံ စ၊ တပါးလည်း။ဂိလာနဿ၊ နာဖျား မကျန်းသော။ ဘိက္ခုနော၊ ရဟန်းသည်။ သပ္ပါယာနိ၊ လျောက်ပတ်ကုန်သော။ ဘောဇနာနိ၊ အစာတို့ကို။ အလဘန္တဿ၊ မရသည်ရှိသော်။ အာဗာဓော၊ အနာရောဂါသည်။ အဘိဝဍ္ဎိဿတိ၊တိုးပွား လတ္တံ့။ကာလံ၊ သေခြင်းကို။ ကိရိယာ ဝါ၊ ပြုသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။မေ၊ ငါ၏။ဂိလာနဘတ္တံ၊ ဂိလာနဘတ်ကို။ ဘုတ္တာဿ၊ စားရသော။ တဿ၊ထိုနာဖျား မကျန်းသော ရဟန်းအား။ အာဗာဓော၊ အနာရောဂါသည်။ န် အဘိဝဍ္ဎိဿကိ၊ မတိုးပွားလတ္တံ့။ကာလံ၊ သေခြင်းကို။ကိရိယာ ဝါ၊ပြုရသည် လည်း။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။ ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ အဟံ၊ အကျွန်ုပ် တပည့်တော်မသည်။ ဣမံ အတ္ထဝသံ၊ ဤအကျိုးထူးကို။ သမ္ပဿမာနာ။ ကောင်းစွာထင်ထင် ရှုမြော်မြင်သည်ဖြစ်၍။ သံဃဿ၊ သံဃာ တော်အား။ ယာဝဇီဝံ၊ အသက်ရှိပါသလောက်။ ဂိလာနဘတ္တံ၊ ဂိလာနဘတ် ကို။ ဒါတုံ၊ လှူခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။

ဤသို့ ဝိသာခါ နှလုံးသွင်း၍ လှူသကဲ့သို့ ဂိလာနဘတ်ကို လှူရာ၏။

၁၁။ ဂိလာနုပဋ္ဌာကဘတ်ကို လှူရာ၌ သူနာ လုပ်ကျွေးသော ရဟန်းသည် ကိုယ့်ဆွမ်းကို ကိုယ်ရှာရသည်ရှိသော် သူနာရဟန်းအား နေမြင့်မှ ဆွမ်းကို ဆောင်ရလတ္တံ့၊ဆွမ်းပြတ်ခြင်းကိုလည်း ပြုရလတ္တံ့၊ငါ၏ဂိလာနုပဋ္ဌာကဘတ်ကို စားရသည်ရှိသော် သူနာရဟန်းအား စောစောဆွမ်းကို ဆောင်ရလတ္တံ့၊ဆွမ်း ပြတ်ခြင်းကိုလည်း မပြုရလတ္တံ့ ဟု နှလုံးသွင်း၍ သူနာလုပ်ကျွေးသော ရဟန်း ဟူသမျှကို ရည်မှတ်၍ ဆွမ်းဝတ် တည်ထားသဖြင့် လှူသတည်း။

> ပုန စ ပရံ ဘန္တေ ဂိလာနုပဋ္ဌာကော ဘိက္ခု အတ္တနော ဘတ္တံ ပရိယေသမာနော ဂိလာနဿ ဥဿူရေ ဘတ္တံ နီဟရိဿတိ။ ဘတ္တစ္ဆေဒံ ကရိဿတိ။ သော မေ ဂိလာနုပဋ္ဌာကဘတ္တံ ဘုဉ္ဇိတွာ ဂိလာနဿ ကာလေန ဘတ္တံ နီဟရိဿတိ။ ဘတ္တစ္ဆေဒံ န ကရိဿတိ။ ဣမာဟံ ဘန္တေ အတ္ထဝသံ သမ္ပဿမာနာ ဣစ္ဆာမိ သံဃဿ ဂိလာနုပဋ္ဌာက ဘတ္တံ ဒါတုံ။
>
> ရှင်းဝီနည်း မဟာဝါ စီဝရက္ခန္ဓက ပါဠိတော်။

အနက်ကား—ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ ပုန၊ တဖန်။ ပရံ စ၊ တပါးလည်း။ ဂိလာနုပဋ္ဌာကော၊ သူနာလုပ်ကျွေးသော။ဘိက္ခု၊ သည်။ အတ္တနော၊ မိမိ၏။ ဘတ္တံ၊ ဆွမ်းကို။ ပရိယေသမာနော၊ ရှာရသည်ရှိသော်။

ဂိလာနဿ၊ နာသော ရဟန်းအား။ ဥဿာရေ။ နေမြင့်သောအခါ၌။ ဘတ္တံ၊ ဆွမ်းကို။ နီဟရိဿာတိ၊ ဆောင်ရလတ္တံ့။ ပို့ရလတ္တံ့။ ဘတ္တစ္ဆေဒ၊ ဆမ်းပြတ်ခြင်းကိုလည်း။ ကရိဿတိ၊ ပြုရလတ္တံ့။ သော၊ ထိုသူနာလုပ်ကျွေးသော ရဟန်းသည်။ မေ၊ ငါ၏။ ဂိလာနုပဋ္ဌာကဘတ္တံ၊ ဂိလာနုပဋ္ဌာကဘတ်ကို။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေး၍။ ဂိလာနဿ၊ နာသောရဟန်းအား။ ကာလေန၊ ကာလဖြင့်။ ဝါ၌။ဘတ္တံ၊ ဆွမ်းကို။ နီဟရိဿတိ၊ ပို့ဆောင်ရလတ္တံ့။ဘတ္တစ္ဆေဒ၊ဆွမ်းပြတ်ခြင်းကို။ န ကရိဿတိ၊ မပြုရလတ္တံ့။ ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ဣဟံ၊ အကျွန်ုပ် တပည့်တော်မသည်။ ဣမံ အတ္ထဝသံ၊ ဤအကျိုးထူးကို။ သမ္ပဿမာနာ၊ ကောင်းစွာထင်ထင် ရှုမြော်မြင်သည်ဖြစ်၍။ သံဃဿ၊ သံဃာတော်အား။ ယာဝဇီဝံ၊ အသက်ဝိညာဉ် ရှင်ပါသရွေ့။ ဝါ။ အသက်ထက်ဆုံး။ ဂိလာနုပဋ္ဌာက ဘတ္တံ၊ ဂိလာနုပဋ္ဌာကဘတ်ကို။ ဒါတုံ၊ လှူခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။

ဤသို့ ဂိလာနုပဋ္ဌာက ဘတ်ကို လှူရာ၌၊

ထိုလေးပါးသော ဘတ်တို့ကို ဝတ်တည်ထားခြင်းသည်လည်း ကျောင်း၌ဖြစ်စေ နေရာဇရပ်တင်းကုပ်၌ဖြစ်စေ တည်ထားအပ်သတည်း။

ထို့ကြောင့်—

> သစေ ပန တံ ဝိဟာရေ နိဗန္ဓာပိတံ ဟောတိ ဝိဟာရေ ဂါဟေတဗ္ဗံ၊ အထ ဝိဟာရော ဒူရော တိ အာသနသာလာယံ နိဗန္ဓာပိတံ အာသနသာလာယ ဂါဟေတဗ္ဗ—

ဟူ၍ ဝိနည်း မဟာဝါ စိရေန္ဒကွက် အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌ ဆိုသတည်း။

အနက်ကား—သစေ ပန၊ အကယ်၍ကား။ တံ၊ ထိုလေးပါးသော ဘတ်ကို ဝိဟာရေ၊ ကျောင်းတိုက်၌။ နိဗန္ဓာပိတံ၊ ဤမည်သော ကျောင်းတိုက်၌ အာဂန္တုက ရဟန်းတို့သည် ဘုဉ်းပေးကြကုန်လော့ဟု တည်ထားအပ်သည်။ ဟောတိ၊ ဖြစ်အံ့။ ဝိဟာရေ၊ ကျောင်းတိုက်တွင်း၌။ ဂါဟေတဗ္ဗံ၊ ဘတ္တုဒ္ဒေသက သမ္မုတိရသော ရဟန်းက ယူစေအပ်၏။ ဤစကားဖြင့် ကျောင်းတိုက်တွင်း၌ တည်ထားသည်ကို ပြသည်။ အထ၊ အကယ်၍။ ဝိဟာရော၊ ကျောင်းတိုက်သည်။ ဒူရော၊ ဝေး၏ဟု။ အာသနသာလာယံ၊ နေရာဇရပ် တင်းကုပ်၌။ နိဗန္ဓာပိတံ၊ ဤမည်သော ဇရပ်တင်းကုပ်၌ အာဂန္တုက ရဟန်းတို့သည် ဘုဉ်းပေးကြကုန်လော့ဟု တည်ထားအပ်သည်။ ဟောတိ၊ ဖြစ်အံ့။ အာသန

သာလာယ၊ နေရာဇရပ် တင်းကုပ်၌။ ဂါဟေတဗ္ဗံ၊ ယူစေအပ်၏။ ဤစကားဖြင့် ကျောင်းတိုက်ပြင်ပ ဇရပ်တင်းကုပ်စသည်၌ တည်ထားသည်ကို ပြသည်။ သို့ဖြစ်၍ အလိုရှိရာ သင့်တင့်ရာ၌ တည်ထားလှူဒါန်းရာသည်ဟု မှတ်ရာ၏။

နိဗန္ဓာပိတန္တိ အသုကဝိဟာရေ အာဂန္တုကာ ဘုဥ္ဇန္တူတိ နိယာမိတံ။

ဝိနယာလင်္ကာရ ဋီကာ။

ဤဂိလာနဘတ် စသော ဘတ် လေးပါးကို ဘိက္ခုံ ဂဏှန္တု ဆွမ်းကို ခံတော်မူကုန်ပါဟု မာဂဓ ဝေါဟာရ ဘိက္ခုသဒ္ဒါ၊ ဆွမ်းဟူသော မြန်မာ့ဝေါဟာရတို့ဖြင့် လှူကုန်သော်သာလျှင် ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ကုန်သော အာဂန္တုက ရဟန်း၊ ခရီးသွားရဟန်း၊ သူနာရဟန်း၊ သူနာလုပ်ကျွေးသော ရဟန်းတို့အား အပ်ကုန်၏။ ဘတ္တံ ဂဏှန္တု၊ ထမင်းကို ခံတော်မူပါကုန်လော့ဟု မာဂဓဝေါဟာရ၊ ဘတ္တသဒ္ဒါ ထမင်းဟူသော မြန်မာ့ဝေါဟာရတို့ဖြင့် လှူကုန်အံ့။ ပိဏ္ဍပါတ် ဓုတင်ဆောက်တည်ကုန်သော အာဂန္တုကစသော ရဟန်းတို့အား မအပ်ကုန်။ အဘယ့်ကြောင့်နည်း။ အတိရေကလာဘံ ပဋိက္ခိပါမိဟု သမာဒါန ရှိကုန်သောကြောင့်တည်း။

ဣမာနိ စတ္တာရိ ဘတ္တာနိ သစေ ဝေဒိဒ္ဓာနိ ဟောတိ၊ အာဂန္တုက ဂမိက ဂိလာန ဂိလာနုပဋ္ဌာကာ မမ ဘိက္ခံ ဂဏှန္တူတိ ပိဏ္ဍပါတိကာနံ ဝဋ္ဋတိ၊ သစေ ပန အာဂန္တုကာဒီနံ ဘတ္တံ နိဗဒ္ဓါ ဌပေမိ၊ မမ ဘတ္တံ ဂဏှန္တူတိ ဧဝံ ဒိန္နာနိ ဟောန္တိ၊ ပိဏ္ဍပါတိကာနံ န ဝဋ္ဋတိ။

ဝိနည်းမဟာဝါ စီဝရက္ခန္ဓက အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာပါဠိ။

အနက်ကား—စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ ဘတ္တာနိ၊ ဤဘတ်တို့ကို။ အာဂန္တုက ဂမိက ဂိလာန ဂိလာနုပဋ္ဌာကာ၊ ဧည့်သည်ရဟန်း ခရီးသွားရဟန်း သူနာရဟန်း၊ သူနာလုပ်ကျွေးသော ရဟန်းတို့သည်။ မမ၊ အကျွန်ုပ်၏။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှန္တု၊ ခံတော်မူကုန်လော့။ ဣတိဧဝံ၊ သို့။ သစေ၊ အကယ်၍။ ဒိန္နာနိ၊ လှူအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ ပိဏ္ဍပါတိကာနံ၊ ပိဏ္ဍပါတ် ဓုတင် ဆောက်တည်ကုန်သော အာဂန္တုကရဟန်းစသည်တို့အား။ ဝဋ္ဋတိ၊ အပ်၏၊ သစေ ပန၊ အကယ်၍ကား။ အာဂန္တုကာဒီနံ၊ ဧည့်သည်ရဟန်းစသည်တို့အား။ ဘတ္တံ၊ ထမင်းကို။ နိဗဒ္ဓါ၊ အမြဲ။ ဌပေမိ၊ တည်ထားပါ၏။ မမ၊ အကျွန်ုပ်၏။ ဘတ္တံ၊ ထမင်းကို။ ဂဏှန္တု၊ ခံယူကြပါကုန်လော့။ ဣတိ ဧဝံ၊ သို့။ ဒိန္နာနိ၊ လှူအပ်ကုန်သည်။ ဟောန္တိ၊ ကုန်အံ့။

ပိဏ္ဍပါတိကာနံ၊ ပိဏ္ဍပါတ် စုတင် ဆောက်တည်ကုန်သော ဆွမ်းသည်ရဟန်း စသည်တို့အား။ န ဝဋ္ဋတိ၊ မအပ်။

ဤဘတ် လေးပါးမှတပါး ကြွင်းသော ဘတ်ဆယ်ပါးတို့လည်း ဤအတူ ပင်တည်း။

သစေ ပန သံဃဘတ္တံ ဂဏှာထာတိ အာဒိနာ နယေန အဝတွာ အမှာ ကံ ဂေဟေ သံဃော ဘိက္ခံ ဂဏှာတု၊ တုမှေပိ ဘိက္ခံ ဂဏှာထာတိ ဝတွာ ဒိန္နာနိ ဟောန္တိ၊ တာနိ သာဒိတုံ ဝဋ္ဋတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား—သစေ ပန်၊ အကယ်၍ကား။ သံဃဘတ္တံ၊ သံဃဘတ်ကို။ ဂဏှာထ၊ ခံယူကြပါကုန်လော့။ ဣတိ အာဒိနာ နယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ အဝတွာ၊ မဆိုမူ၍။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဂေဟေ၊ အိမ်၌။ သံဃော၊ သံဃာသည်။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှာတု၊ ခံတော်မူလော့။ တုမှေပိ၊ အရှင်ဘုရားတို့သည်လည်း။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံတော်မူကုန်လော့။ ဣတိ၊ သို့။ ဝတွာ၊ ဆိုကုန်၍။ ဒိန္နာနိ၊ လှူအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ တာနိ၊ ထိုဆွမ်းတို့ကို။ သာဒိတုံ၊ သာယာခံယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

သို့ဖြစ်၍ ယခုအခါ ပညာရှိ ဒါယကာ ဒါယိကာမတို့သည် မမ ဘိက္ခံ ဂဏှန္တု၊ ဂဏှထ အကျွန်ုပ်ဆွမ်းကို ခံယူတော်မူပါကုန်လော့ဟု ဆွမ်းလှူခြင်း ဝေါဟာရ၌ လိမ္မာကုန်ရာ၏။

ဤဂိလာနဘတ်စသော ဘတ် ၁၄-ပါးတို့ကိုကား သာဝတ္ထိပြည်၌ ဝိသာခါ တောင်းပန်သောကြောင့် ခွင့်ပြုတော်မူသည်။ ၎င်းအကြောင်းလည်း ဝိနည်း မဟာဝါ စီဝရက္ခန္ဓကပါဠိတော်၌ လာ၏။ အဆုံးအဖြတ်အကျယ်ကား ၎င်း အဋ္ဌကထာ ဋီကာတို့၌ လာ၏။

၁၂။ ဝိဟာရဘတ်ဟူသည်ကား ကျောင်းကိုရည်၍ လှူအပ်သော ဆွမ်း တည်း။

ဝိဟာရံ ဥဒ္ဒိဿ ဒါတဗ္ဗံ ဘတ္တံ ဝိဟာရဘတ္တံ။

တွေရသကဏ္ဍဋီကာ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ။

ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌ကား ကုဋိက ဘတ်ဟူ၍ ဆိုကုန်၏။ ထိုဝိဟာရဘတ်သည်ကား တနည်း-ထိုကုဋိကဘတ်သည် ကား သံဃာအား ကျောင်းဆောက်၍ ငါတို့ကျောင်း၌ နေကုန်သော ရဟန်း

သံဃာတို့သည် ငါတို့ဘတ်ကိုသာ ခံပါကုန်ဟု မှတ်၍ မပြတ်ဝတ်တည်သဖြင့် လှူသတည်း။

ကုဋ္ဋိကဘတ္တံ နာမ ယံ သံဃဿ အာဝါသံ ကာရာပေတွာ အမှာကံ သေနာသနဝါသိနော အမှာကံယေဝ ဘတ္တံ ဂဏှန္တူတိ စေ နိဗဒ္ဓါပိတံ။

ရှင်းဝိနည်းမဟာဝါ စီဝရက္ခန္ဓကအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—ကုဋ္ဋိကဘတ္တံ နာမ၊ ကုဋ္ဋိကဘတ်မည်သည်ကား။ သံဃဿ၊ သံဃာအား။ အာဝါသံ၊ ကျောင်းကို။ ကာရာပေတွာ၊ ဆောက်စေ၍။ အမှာကံ၊ ငါတို့၏၊ သေနာသနဝါသိနော၊ ကျောင်း၌နေကုန်သော ရဟန်းတို့သည်။ အမှာကံယေဝ၊ ငါတို့၏သာလျှင်။ ဘတ္တံ၊ ဘတ်ထမင်းကို၊ ဂဏှန္တု၊ ခံယူကုန်လော့။ ဣတိစေ၊ သို့။ နိဗဒ္ဓါပိတံ၊ အမြဲဝတ်တည် စေအပ်သော။ ယံ ဘတ္တံ၊ အကြင်ဘတ်သည်။ ဟောတိ၊ ၏။ တံ ဘတ္တံ၊ ထိုဘတ်သည်။ ကုဋ္ဋိကဘတ္တံ နာမ၊ ကုဋ္ဋိကဘတ်မည်၏။

ထို ဝိဟာရဘတ်သည်။ တနည်း— ထို ကုဋ္ဋိကဘတ်သည် သံဃိက ပုဂ္ဂလိက နှစ်ပါးရှိသတည်း။ သံဃာကိုရည်လျှင် သံဃိက၊ ပုဂ္ဂိုလ်ကို ရည်လျှင် ပုဂ္ဂလိက ဖြစ်၏ဟု ရှင်းဝိနည်းမဟာဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ ဆိုကုန်၏။ ဤစကားဖြင့် သံဃိကဝိဟာရဘတ်ကို ပြသည်။

ယံ ပုဂ္ဂလေ ပသီဒိတွာ တဿ အာဝါသံ ကတွာ တုမှာကံ ဒေမာတိ ဒိန္နံ။ တံ တဿေဝ ဟောတိ၊ တသ္မိံ ကတ္ထစိ ဂတေ နိဿိတကေဟိ ဘုဉ္ဇိတဗ္ဗံ။

ရှင်း ဝိနည်းမဟာဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—ယံ၊ အကြင်ဝိဟာရဘတ်သည်။ တနည်း၊ အကြင်ကုဋ္ဋိကဘတ်သည်။ ပုဂ္ဂလေ၊ တပါးတည်းသော ပုဂ္ဂိုလ်၌။ ပသီဒိတွာ၊ ကြည်ညို၍။ တဿ၊ ထိုပုဂ္ဂိုလ်အား။ အာဝါသံ၊ ကျောင်းကို။ ကတွာ၊ ဆောက်လုပ်၍။ တုမှာကံ၊ အရှင်တို့အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ သို့။ ဒိန္နံ၊ လှူအပ်သည်။ ဟောတိ၊ ၏။ တံ၊ ထိုဘတ်သည်။ တဿေဝ၊ ထိုပုဂ္ဂိုလ်အားသာလျှင်။ ဟောတိ၊ ၏။ တသ္မိံ၊ ထိုပုဂ္ဂိုလ်သည်။ ကတ္ထစိ၊ တစုံတခုသော အရပ်သို့။ ဂတေ၊ သွားသည်ရှိသော်။ နိဿိတကေဟိ၊ မှီနေကုန်သော တပည့်တို့သည်။ ဘုဉ္ဇိတဗ္ဗံ၊ စားအပ်၏။ ဤစကားဖြင့်ကား ပုဂ္ဂလိကဝိဟာရဘတ်ကို ပြသည်။

၁၃။ ဓုရဘတ်ဟူသည်ကား အိမ်ဦး၌ ဝတ်တည်ထား၍ လှူအပ်သော ဆွမ်းတည်း။

မူရခေဂဟေဝေ ဌပေတွာ ဒါတဗ္ဗံ ဘတ္တံ မူရဘတ္တံ။
ဝိသုဒ္ဓိမဂ်မဟာဋီကာ။

မူရခေဂဟေ၊ဝေ၊ အိမ်ဦး၌သာလျှင်။ ဌပေတွာ၊ တည်ထား၍။ ဒါတဗ္ဗံ၊ လှူအပ်သော၊ ဘတ္တံ၊ သည်။ မူရဘတ္တံ။ မူရဘတ်မည်၏။

မူရဘတ္တန္တိ နိစ္စဘတ္တံ ဝုစ္စတိ။ တံ ဒုဝိဓံ သံဃိကဉ္စ ပုဂ္ဂလိကဉ္စ–

ဟူ၍လည်း။ဝိနည်းမဟာဝါအဋ္ဌကထာ၊ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ ဆိုကုန်၏။

မူရဘတ္တန္တိ၊ မူရဘတ်ဟူ၍။ နိစ္စဘတ္တံ၊ အမြဲလှူအပ်သောဘတ်ကို။ ဝုစ္စတိ၊ ၏။ တံ၊ထိုမူရဘတ်သည်။သံဃိကဉ္စ၊ သဃိက မူရဘတ်ရင်း။ ပုဂ္ဂလိကဉ္စ၊ ပုဂ္ဂလိက မူရဘတ်ရင်း။ ဣတိ၊ သို့၊ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

ဤမူရဘတ်ကို သံဃိက လှူလိုအံ့၊ သံဃာတော်အား အမြဲမပြတ် နိစ္စဘတ်ကို လှူပါကုန်၏ဟုမှတ်၍လှူအပ်သတည်း။ ပုဂ္ဂလိက လှူလိုအံ့၊ အရှင်သည်နိစ္စဘတ်ကို ခံဘော်မူပါဟုဆို၍ လှူအပ်သတည်း။

> တတ္ထ ယံ သံဃဿ မူရဘတ္တံ ဒေမာတိ နိဗဒ္ဓါပိတံ တံသလာကဘတ္တဂတိကံ၊ မမ နိဗဒ္ဓဘိက္ခံ ဂဏှန္တူတိ ဝတွာ ဒိန္နံ ပန ပိဏ္ဍပါတိကာနံပိ ဝဋ္ဋတိ၊ ပုဂ္ဂလိကေပိ တုမှာကံ မူရဘတ္တံ ဒမ္မိတိ ဝုတ္တေပ ပိဏ္ဍပါတိကော စေ န ဝဋ္ဋတိ၊မမ နိဗဒ္ဓဘိက္ခံ ဂဏှထာတ ဝုတ္တေ ပန ဝဋ္ဋတိ သာဒိတဗ္ဗံ။
>
> ဝိနည်းမဟာဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—တတ္ထ၊ ထိုသံဃိက ပုဂ္ဂလိကနှစ်ပါးတို့တွင်။ သံဃဿ၊သံဃာအား။ မူရဘတ္တံ၊ မူရဘတ် နိစ္စဘတ်ကို၊ ဒေမာတိ၊လှူကုန်၏ဟု။ ယံ၊ အကြင် မူရဘတ်နိစ္စဘတ်ကို။ နိဗဒ္ဓါပိတံ၊တည်အပ်၏။ တံ၊ထိုသံဃိက မူရဘတ် နိစ္စဘတ်သည်။ သလာကဘတ္တဂတိကံ၊ သလာကဘတ်နှင့်အလားတူ၏။ မမ၊ အကျွန်ုပ်၏။ နိဗဒ္ဓဘိက္ခံ၊ အမြဲမပြတ် တည်ထားအပ်သော မူရဘတ် နိစ္စဘတ်ဆွမ်းကို။ ဂဏှန္တူတိ၊ ခံယူတော်မူပါကုန်လော့ဟု။ ဝတွာ၊ ဆို၍။ ဒိန္နံ ပန၊ လှူအပ်သောကား။ ပိဏ္ဍပါတိကာနံပိ၊ပိဏ္ဍပါတ်ဓုတင်ဆောက်တည်ကုန်သော ရဟန်းတို့အားလည်း။ ဝဋ္ဋတိ၊အပ်၏။ (ဤကား သံဃိကမူရဘတ် လှူပုံကို ပြသည်။)

ပုဂ္ဂလိကေပိ၊ ပုဂ္ဂလိက၌လည်း။ တုမှာကံ၊ အရှင်တို့အား။ မူရဘတ္တံ၊ မူရဘတ်ကို။ ဒမ္မိ၊လှူ၏။ ဣတိ၊ သို့၊ ဝုတ္တေပိ၊ ဆိုသည်ရှိသော်လည်း။ ပိဏ္ဍပါတိ

ကော၊ ပိဏ္ဍပါတ်စုတင် ဆောက်တည်သောရဟန်းသည်။ ဧေ ဟောတိ၊ အာႏယ်၍ ဖြစ်အံ့။ န ဝဋ္ဋတိ၊ မအပ်။ မမ၊ အကျွန်ုပ်၏။ နိဗဒ္ဓဘိက္ခံ၊ အမြဲမပြတ် ဝတ်တည်အပ်သော ဆွမ်းကို။ ဂဏှာထ၊ ခံတော်မူကုန်လော့၊ ဣတိ၊ သို့။ ဝုတ္တေ ပန၊ ဆိုသော်ကား။ ဝဋ္ဋတိ၊ အပ်၏။ သာဒိတဗ္ဗံ၊ သာယာခံယူအပ်၏။ ဤကား ပုဂ္ဂလိကမူရဘတ်လှူပုံကို ပြသည်။

၁၄။ ဝါရကဘတ်ဟူသည်ကား ဒုဗ္ဘိက္ခကာလ၌ အလှည့်အလည်အားဖြင့် ရဟန်းတို့ကို လုပ်ကျွေးကုန်အံ့ဟု ရွာသားတို့သည် အကြီးဆုံးအိမ်မှစ၍ လှူအပ်သောဆွမ်းတည်း။

ဝါရကဘတ္တံ နာမ ဒုဗ္ဘိက္ခသမယေ ဝါရေန ဘိက္ခူ ဇဂ္ဂိဿာမာတိ မူလဂေဟတော ပဋ္ဌာယ ဒိန္နံ။

ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာ။

ဂါမဝါသိကာဒီဟိ ဝါရေန ဒါတဗ္ဗံ ဘတ္တံ ဝါရဘတ္တံ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ။

အနက်ကား—ဝါရကဘတ္တံ နာမ၊ ဝါရက ဘတ်မည်သည်ကား။ ဒုဗ္ဘိက္ခသမယေ၊ ဆွမ်းခေါင်းပါးသောအခါ၌။ ဝါရေန၊ အလှည့်အားဖြင့်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဇဂ္ဂိဿာမာတိ၊ လုပ်ကျွေးကုန်အံ့ဟု။ မူလဂေဟတော၊ အဦးဆုံးအိမ်မှ။ ပဋ္ဌာယ၊ စ၍။ ဒိန္နံ၊ လှူအပ်သော ဆွမ်းတည်း။ (အဋ္ဌကထာအနက်များ အနက်။)

ဂါမဝါသိကာဒီဟိ၊ ရွာနေ လူဒါယကာတို့သည်။ ဂါရေန၊ အလှည့်အား ဖြင့်။ ဒါတဗ္ဗံ၊ လှူအပ်သော။ ဘတ္တံ။ ဆွမ်းသည်။ ဝါရဘတ္တံ၊ ဝါရဘတ်မည်၏။ (ဋီကာအနက်။)

ဤဝိဟာရဘတ် မူရဘတ် ဝါရကဘတ်သုံးပါးတို့သည်ကား ပါဠိတော်တို့၌ မလာကုန်၊ အဋ္ဌကထာတို့၌သာ လာကုန်သတည်း။ ရှေးမဟာ အဋ္ဌကထာကြီးတို့၌ကား ဝိဟာရဘတ် အဋ္ဌကဘတ် စတုက္ကဘတ် ဂုဠဘတ်ဟူ၍ ဘတ်လေးပါးကိုလည်း ပြကုန်၏။ ထိုလေးပါးတို့တွင် ကျောင်းအရာမ်တွင်း ဥယျာဉ်ပန်းမန် လယ်ယာမှဖြစ်သောဆွမ်းသည် ဝိဟာရဘတ်မည်၏။ ထိုဝိဟာရဘတ်ကို သံဃဘတ်ဖြင့် ရေတွက်အပ်၏။ ရှေးဝိဟာရဘတ်နှင့်မတူ၊ ကျောင်း၌ သံဃိကာစည်းမှ ဖြစ်သောဆွမ်းလည်း။ ဒါယကာတို့ ဝတ်ဘည်လှူဒါန်းသော ဆွမ်းလည်း မဟုတ်။

တတ္ထ ဝိဟာရဘတ္တံ နာမ ဝိဟာရေ တတြုပ္ပါဒဘတ္တံ တံ သံဃဘတ္တေန သင်္ဂဟိတံ။

ဝိနည်းမဟာဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—တတ္ထ၊ ထိုလေးပါးသော ဘတ်တို့တွင်။ ဝိဟာရဘတ္တံ နာမ၊ ဝိဟာရဘတ် မည်သည်ကား။ ဝိဟာရေ၊ သံဃိကကျောင်း၌၊ တတြုပ္ပါဒဘတ္တံ၊ ထိုသံဃိကဥယျာဉ် ပန်းမန် လယ်ယာစသည်မှ ဖြစ်သောဘတ်တည်း။ တံ၊ ထိုဝိဟာရဘတ်ကို၊ သံဃဘတ္တေန၊ သံဃဘတ်ဖြင့်။ ဝါ၊ သံဃဘတ်နှင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။ ဝါ၊ ပေါင်းယူအပ်၏။

ရှစ်ပါးသော ရဟန်းတို့အား လှူအံ့ဟု လှူသောဆွမ်းသည် အဋ္ဌကဘတ်မည်၏။ လေးပါးသော ရဟန်းတို့အား လှူအံ့ဟု လှူသော ဆွမ်းသည် စတုက္ကဘတ်မည်၏။

အဋ္ဌန္နံ ဘိက္ခူနံ ဒေမ စတုန္နံ ဒေမာတိ ဧဝံ ဒိန္နံ ပန အဋ္ဌကဘတ္တဉ္စေဝ စတုက္ကဘတ္တဉ္စ၊ တမ္ပိ ဘိက္ခာဝစနေန ဒိန္နံ ပိက္ခပါတိကာနံ ဝဋ္ဋတိ။

ဝိနည်းမဟာဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒေမ၊ လှူကုန်အံ့။ စတုန္နံ၊ လေးပါးကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒေမ၊ လှူကုန်အံ့။ ဣတိ ဧဝံ၊ သို့။ ဒိန္နံ ပန၊ လှူအပ်သော ဘတ်သည်ကား။ အဋ္ဌကဘတ္တဉ္စေဝ၊ အဋ္ဌကဘတ်လည်း မည်၏။ စတုက္ကဘတ္တဉ္စ၊ စတုက္ကဘတ်လည်း မည်၏။ တမ္ပိ၊ ထိုအဋ္ဌကဘတ် စတုက္ကဘတ်ကိုသည်း။ ဘိက္ခာဝစနေန၊ ဘိက္ခာသဒ္ဒါဖြင့်။ ဝါ၊ ဆွမ်းဟူသော ဝေါဟာရစကားဖြင့်။ ဒိန္နံ၊ လှူအပ်သည်ရှိသော်။ ပိက္ခပါတိကာနံ၊ ပိဏ္ဍပါတ်ခုတင် ဆောက်တည်ကုန်သော ရဟန်းတို့အား။ ဝဋ္ဋတိ၊ အပ်၏။

ဤ၌ ၈-ပါး ၄-ပါးဆိုသော်လည်း မည်သည့်ဂိုဏ်း ပုဂ္ဂိုလ်ဟု မညွှန်ပြမှတ်။ သံဃာကိုသာ ရည်မှတ်သောကြောင့် သံဃိကဖြစ်၏။

ထူးမြတ်စွာ ပြုပြင်စီရင်အပ်သော အလွန်မြိန်မြတ်သော အရသာရှိသော မုန့်ဖြင့်သပိတ်ကိုထည့်၍ ဂုဠကဘတ်ကို လှူကုန်၏ဟု လှူအပ်သော ဘတ်သည် ဂုဠကဘတ် မည်၏။ မုန့်ဆွမ်းဟူလိုသည်။

မဟာဘိသင်္ခါရေန အတိရသကပူဝေန ပတ္တံ ထကေတွာ ဒိန္နံ ဂုဠကဘတ္တံ နာမ၊

ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—မဟာဘိသင်္ခါရေ၊ ထူးမြတ်စွာ စီရင်ပြုပြင်အပ်သော။ အတိရသကပူဝေန၊ အလွန်ချိုမြိန်သော အရသာရှိသောမုန့်ဖြင့်။ ပတ္တံ၊ သပိတ်ကို။ ထက္ကေတွာ၊ ပိတ်၍ ထည့်၍။ ဒိန္နံ၊ ဂုဠကဘတ်ကို လှူကုန်၏ဟူ၍ လှူအပ်သောဘတ်သည်။ ဝါ၊ မုန့်သည်။ ဂုဠကဘတ္တံ နာမ၊ ဂုဠကဘတ်မည်၏။ မုန့်ဆွမ်းမည်၏။

ဤအဋ္ဌကဘတ် စတုက္ကဘတ် ဂုဠကဘတ် သုံးပါးတို့သည်း က္လာခါနိ တီအာိသလာကဘတ္တဂတိကာနေဝ ဟူ၍ အဋ္ဌကထာတို့ ဆိုသောကြောင့် သလာကဘတ်နှင့်အတူ သံဃိကချည်းတို့သာတည်း။

တပါ.လည်း အချို့သော လူတို့သည် တရားနာခြင်း၊ ကျောင်းပူဇော်ခြင်းကို ပြုစေ၍ သံဃာအလုံးစုံအား လှူခြင်းငှာ မတတ်နိုင်ကုန်။ တရာ နှစ်ရာသော ရဟန်းတို့ကို ဆွမ်းခံပါကုန်ဟု ရဟန်းအပိုင်းအခြားကို သိစေခြင်းအကျိုးငှာ တင်လဲခဲဖြင့်၊ ဝါ၊ မုန့်ဖြင့် လှူကုန်သတည်း။ ဤဥ္ခလည်း မည်သည့်ဂိုဏ်းဟု မရည်မှတ်၊ တရာ နှစ်ရာသော ရဟန်းသံဃာဟု ရည်မှတ်သောကြောင့် သံဃိကဖြစ်၏။

အပရံ ဂုဠကဘတ္တံ နာမ အတ္ထိ၊ ဣဓေကစ္စေ မနုဿာ မဟာဓမ္မသဝနဥ္စ ဝိဟာရပူဇဥ္စ ကာရေတွာ သကလသံဃဿ ဒါတုံ န သက္ကောမ၊ ဒွေ တီဏိ ဘိက္ခုသတာနိ အမှာကံ ဘိက္ခံ ဂဏှန္တူတိ ဘိက္ခုပရိစ္ဆေဒဇာနနတ္ထံ ဂုဠကေန ဒေန္တိ ဣဒံ ပိဏ္ဍပါတိကာနမ္ပိ ဝဋ္ဋတိ။

ဝိနည်းမဟာဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။

အနက်ကား—အပရံ၊ တပါးသော။ဂုဠကဘတ္တံ နာမ၊ ဂုဠကဘတ်မည်သည်။ အတ္ထိ၊ ရှိသေး၏။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စေ၊ အချို့ကုန်သော။ မနုဿာ၊ လူတို့သည်။ မဟာဓမ္မသဝနဥ္စ၊ များစွာ တရားနာခြင်းကိုရင်း။ ဝိဟာရပူဇဥ္စ၊ ကျောင်းပူဇော်ခြင်းကိုရင်း။ ကာရေတွာ၊ ပြုစေ၍။ သကလသံဃဿ၊ အလုံးစုံသော သံဃာအား။ ဒါတုံ၊ လှူခြင်းငှာ။ န သက္ကောမ၊ ငါတို့ မတတ်နိုင်ကုန်။ ဒွေ တီဏိ ဘိက္ခုသတာနိ၊ ရဟန်း နှစ်ရာ သုံးရာတို့သည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှန္တု၊ ခံယူတော်မူကြစေသတည်း။ ဣတိ၊ ဤသို့ဆိုကုန်၍။ဘိက္ခုပရိစ္ဆေဒဇာနနတ္ထံ၊ရဟန်းတို့ အပိုင်းအခြားကို သိစေခြင်းငှာ။ တနည်း- ဘိက္ခူ၊ ရဟန်းတို့ကို။ ပရိစ္ဆေဒဇာနနတ္ထံ၊ အပိုင်းအခြားကို သိစေခြင်းအကျိုးငှာ။ ဂုဠကေန၊ မုန့်ဖြင့်။ ဝါ၊ တင်လဲခဲဖြင့်။ ဒေန္တိ၊ လှူကုန်၏။ ဣဒံ၊ ဤသို့ လှူသော ဂုဠကဘတ်သည်။ ပိဏ္ဍပါတိကာနံပိ၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ကုန်သော ရဟန်းတို့အားလည်း။ ဝဋ္ဋတိ၊ အပ်၏။

ဤ နောက်နည်း၌ ဂုဋကကို တင်လဲခဲ့ဟူ၍ရင်း၊ မုန့်ဟူ၍ရင်း ဆရာတို့အယူရှိကြကုန်သည်။ ထိုနှစ်ပါးကိုပင် အသင့်ချည်းဖြစ်ပေကုန်၏။ မုန့်ဖြစ်စေ၊ တင်လဲဖြစ်စေ ဘိက္ခုံ ဂဏ္ဍနာ့ဟူ၍ ဆွမ်းဟူသော ကပ္ပိယဝေါဟာရဖြင့် လှူသောကြောင့် ပိဋကပါဠိတော်တွင် ဆောက်တည်သော ရဟန်းတို့ပါ အပ်သတည်း။

ဤနောက်နည်းသည် မုန့်ကိုရင်း၊ တင်လဲကိုရင်း ဘိက္ခုဆိုင်၍ လှူသတည်း။ ဤ၌ ဒွေ့တိဏိသတာနံဟု ဆိုသော်လည်း မည်သည့်ဂိုဏ်းဟု မရည်မှတ်သောကြောင့် သံဃိကဟု မှတ်လေ။

သံဃိကဆွမ်းပစ္စည်းလှူနည်း ပြီးပြီ။

---

ကျောင်းပစ္စည်း လှူရာ၌ သံဃိက လှူလိုသည်ဖြစ်အံ့။ "ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒမ္မိ" ဆို၍ လှူအပ်၏။ ဂဏိက လှူလိုသည်ဖြစ်အံ့။ "ဣမံ ဝိဟာရံ အာယသ္မန္တာနံ ဒမ္မိ"ဟု ဆို၍ လှူအပ်၏။ ပုဂ္ဂလိက လှူလိုသည်ဖြစ်အံ့၊ "ဣမံ ဝိဟာရံ အာယသ္မတော ဒမ္မိ" ဟု ဆို၍လှူအပ်၏ ဟူ၍ ဝိနယာ လင်္ကာရဋီကာ မိန့်သတည်း။

> ယဒိ သံဃဿ ဒေတိ ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒမ္မီတိ၊ ယဒိ ဂဏဿ ဣမံ ဝိဟာရံ အာယသ္မန္တာနံ ဒမ္မီတိ၊ ယဒိ ပုဂ္ဂလဿ ဣမံ ဝိဟာရံ အာယသ္မတော ဒမ္မီတိ ဒါတဗ္ဗော။
>
> ဂင်းဝိနယာလင်္ကာရဋီကာ။

အနက်ကား—ယဒိ၊ အကယ်၍။ သံဃဿ၊ သံဃာအား။ ဒေတိ၊ လှူအံ့။ ဣမံ ဝိဟာရံ၊ ဤကျောင်းကို။ အာဂတာနာဂတဿ၊ ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာတို့၌ ရှိသော။ သံဃဿ၊ သံဃာတော်အား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ သို့။ ဒါတဗ္ဗော၊ လှူအပ်၏။ ယဒိ၊ ၍။ ဂဏဿ၊ ဂိုဏ်းအား။ ဒေတိ၊ လှူအံ့။ ဣမံ ဝိဟာရံ၊ ဤကျောင်းကို။ အာယသ္မန္တာနံ၊ အရှင်တို့အား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ သို့။ ဒါတဗ္ဗော၊ ၏။ ယဒိ ၍။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ဒေတိ၊ လှူအံ့။ ဣမံ ဝိဟာရံ၊ ဤကျောင်းကို။ အာယသ္မတော၊ အရှင်အား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ သို့။ ဒါတဗ္ဗော၊ ၏။

ဤသို့ ကျောင်းပစ္စည်း အလှူ၌ သံဃိက ဂဏိက ပုဂ္ဂလိက ဟူ၍ သုံးမျိုးရှိသည်တွင် ကျောင်းကို သံဃိက လှူသည်ရှိသော်၊ အာဂတာနာဂတ စာတုဒ္ဒိသာ သံဃိကချည်းသာ ဖြစ်၏။ သင်္ကန်း ဆွမ်းတို့ကဲ့သို့ သံဃိကအပြား မရှိ၊

ကုန်ပြီ။ သို့ဖြစ်၍ ရဟန်း အပိုင်းအခြား မပြုပဲ လာရောက်သမျှ အဆက်ဆက် သံဃာရှိသမျှကို ရည်မှတ်၍ လှူသည်ရှိသော် သံဃိကဖြစ်၏။ နှစ်ပါး သုံးပါး လေးပါး ငါးပါး တကျိပ် နှစ်ကျိပ် သုံးကျိပ် လေးကျိပ် တရာ တထောင် တသိန်း တသန်းကိုသာ လှူမည်ဟူ၍ အပိုင်းအခြား ပြုသဖြင့် လှူသည်ရှိသော် ဂဏိကာသာဖြစ်၏။ တပါးတည်းကိုသာ ရည်မှတ်၍ လှူသည်ရှိသော် ပုဂ္ဂလိကဖြစ်၏။ ထိုသို့ အဆက်ဆက် သံဃာရှိသမျှကို ရည်မှတ်၍ လှူလျှင် စာတုဒ္ဒိသာ သံဃာသည် အညီအညွတ် အကုန် ဝန်မချနိုင်သောကြောင့် သံဃိကကျောင်းကို တစုံတယောက်သော မင်း မင်း၏ အမတ် ဂိုဏ်းပုဂ္ဂိုလ်တို့က တရားတွေ့၍ လုယက် သိမ်းယူခြင်းငှါ မတတ်နိုင်ကုန်ဟု ဝိနည်းအဋ္ဌကထာ၌ ဆိုသတည်း။

စာတုဒ္ဒိသံ သံဃံ အာရဗ္ဘ ဘိက္ခူနံ ဒိန္နံ ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ၊ မဟန္တံပိ ခုဒ္ဒကံပိ အဘိယုဉ္ဇတော အဘိယောဂေါ န ရူဟတိ၊ တံ အစ္ဆိန္ဒိတုံ ဂဏှိတုံ န သက္ကောန္တိ၊ ကသ္မာ သဗ္ဗေသံ ဓူရနိက္ခေပါဘာဝတော၊ နဟေတ္ထ သဗ္ဗေ စာတုဒ္ဒိသာ ဘိက္ခူ ဓူရနိက္ခေပံ ကရောန္တီတိ။

ပါရာဇိကဏ်အဋ္ဌကထာ၊ ဒုတိယပါရာဇိကသိက္ခာပဒဝိဘင်း ဝိဟာရကထာ အဖွင့်။

အနက်ကား—စာတုဒ္ဒိသံ၊ အရပ်လေးမျက်နှာ၌ရှိသော။ သံဃံ၊ သံဃာကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝါ၊ ရည်မှတ်၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒိန္နံ၊ လှူအပ်သော။ ဝိဟာရံ ဝါ၊ ကျောင်းကိုငှင်း။ ပရိဝေဏံ ဝါ၊ ပရိဝုဏ်ကိုငှင်း။ အာဝါသံ ဝါ၊ ကျောင်းတိုက်ကိုငှင်း။ ခုဒ္ဒကံပိ၊ ငယ်သော် ကျဉ်းသော်ငှင်း။ မဟန္တံပိ၊ ကြီးသော် ကျယ်သော်ငှင်း။ အဘိယုဉ္ဇတော၊ တရားတွေ့ဆိုသောသူအား။ အဘိယောဂေါ၊ တရားတွေ့ဆိုခြင်းသည်။ န ရူဟတိ၊ မရောက်။ တံ၊ ထို သံဃိကကျောင်း ပရိဝုဏ် ကျောင်းတိုက်ကို။ အစ္ဆိန္ဒိတုံ၊ လုယက် သိမ်းယူခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ရဟန်းသံဃာတို့၏။ ဓူရနိက္ခေပါဘာဝတော၊ ဝန်ချနိုင်ခြင်း၏ မရှိခြင်းကြောင့်တည်း။ ဟိ-ဝတ္တာရေမိ၊ ချဲ့၍ဆိုဦးအံ့။ ဝါ-ဟိတဒေဝယုတ္တံ၊ ထိုအလုံးစုံ အကုန်အစင် ရဟန်းသံဃာ ရှိသမျှတို့၏ ဝန်ချခြင်း မဖြစ်နိုင်ရာဟု ငါအဋ္ဌကထာ ဆရာဆိုသော စကားသည် မမှားမှုချ သင့်မှန်လှ၏။ ဧတ္ထ၊ ဤ သံဃိကကျောင်း ပရိဝုဏ် ကျောင်းတိုက်များကို တရားတွေ့လျက် လုယက် အတင်း သိမ်းယူခြင်း၌။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံ အကုန်အစင် ဖြစ်ကုန်သော။ စာတုဒ္ဒိသာ၊ အရပ်လေးမျက်နှာ၌ ရှိနေကုန်သော။ ဘိက္ခူ၊ ရဟန်းဟူသရွေ့တို့သည်။ ဓူရနိက္ခေပံ၊ ဝန်ချခြင်းကို။ န ကရောန္တိ၊ မပြုနိုင်ကုန်။ ဣတိ၊

ဤသို့မှတ်ရာ၏။ ဝါ၊ ဤသို့သော အတ္ထယုတ္တိကို နိုင်းညှိ ဉာဏ်ဖြင့် မှတ်ကုန်လင့်။ ဝိနယာလင်္ကာရ ဋီကာအတိုင်း မဆိုပဲ သံဃာ ဒေမဟု ဆို၍ လှူသော်လည်း စတုဒ္ဒိသာ သံဃိက ကျောင်းပင်ဟု ဝဇီရဗုဒ္ဓိ၌ ဆို၏။ နောက်ဆုံးမှာ ရေးအံ့။

ဂဏိက ကျောင်း ပုဂ္ဂလိကကျောင်းတို့ကိုကား တစုံတယောက်သောသူတို့က တရားတွေ့လျက် လုယက်သိမ်းယူခြင်းငှါ တတ်နိုင်ကုန်ရာ၏။ အဘယ့်ကြောင့်နည်း။ ရာ၊ ထောင်၊ သိန်း၊ သန်း စသည်အပိုင်းအခြား ရှိသည်ဖြစ်၍ ထိုဂိုဏ်း ပုဂ္ဂိုလ်တို့၏ အစေ့အကုန် ဝန်ချနိုင်ရာသောကြောင့်တည်းဟူ၍ ၎င်းဝိနည်း အဋ္ဌကထာတို့၌ ဆိုဆုံးဖြတ် မိန့်ဆိုအပ်သတည်း။

ဒီဃဘာဏကာဒိဘေဒဿ ပန ဂဏဿ ကောပုဂ္ဂလဿ ဝါ သန္တကံ
အဘိယုဉ္ဇိတွာ ဂဏှန္တော သက္ကောတိ တေ ဓုရံ နိက္ခိပါပေတုံ။
၎င်းပါရာဇိကဏ် အဋ္ဌကထာ ၎င်းသိက္ခာပဒဝိဘင်းအဖွင့်။

အနက်ကား— ပန၊ သံဃိကကျောင်း ပရိဝုဏ်စသည်မှတပါး ဂဏိက ပုဂ္ဂလိကကျောင်း ပရိဝုဏ် စသည်ကို ဆိုဦးအံ့၊ ဒီဃဘာဏကာဒိဘေဒဿ၊ ဒီဃဘာဏက စသည်အပြားရှိသော။ ဂဏဿ ဝါ၊ ဂိုဏ်းအသင်း၏၎င်း။ ကော ပုဂ္ဂလဿ ဝါ၊ တဦးတပါးသော ပုဂ္ဂိုလ်၏၎င်း။ သန္တကံ၊ ဉစ္စာဖြစ်သောကျောင်း ပရိဝုဏ် တိုက်ဘွာကို၊ အဘိယုဉ္ဇိတွာ၊ တရားတွေ့ဆို၍။ ဂဏှန္တော၊ ယူသည်ရှိသော်။ တေ၊ ထိုဂိုဏ်းပုဂ္ဂိုလ်တို့ကို။ ဓုရံ၊ ဝန်ကို။ နိက္ခိပါပေတုံ၊ ချစေခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။

ဤအဋ္ဌကထာ၌ ဒီဃဘာဏကာဒိဘေဒဿ—ဟူသောပုဒ်ဖြင့် ဒီဃဘာဏက ဂိုဏ်းသားရဟန်း၊ မဇ္ဈိမဘာဏက ဂိုဏ်းသားရဟန်း၊ အင်္ဂုတ္တရဘာဏက ဂိုဏ်းသားရဟန်း၊ သံယုတ္တဘာဏက ဂိုဏ်းသားရဟန်း၊ ခုဒ္ဒကဘာဏက ဂိုဏ်းသားရဟန်း၊ အာဘိဓမ္မိက ဂိုဏ်းသားရဟန်း၊ သုတ္တန္တိက ဂိုဏ်းသားရဟန်း၊ ဝိနယဓရ ဂိုဏ်းသားရဟန်း စသည်တို့ကို ရည်မှတ်၍ လှူသည်ရှိသော် ဂဏိက မည်၏ဆိုသောကြောင့် သံဃာရှိသမျှကို မရည်မမှတ်ပဲ နှစ်ပါးသုံးပါး တကျိပ် နှစ်ကျိပ်၊ တရာ၊ နှစ်ရာ၊ တထောင်၊ နှစ်ထောင်စသည်ဖြင့် ဤရွေ့ ဤမျှ ဤအသင်းကိုသာဟု ပိုင်းခြားရည်မှတ်၍ လှူသမျှသည် ဂဏိကသာ ဖြစ်၏။ သံဃိက မဖြစ်ဟု စင်စစ်မှတ်ရာ၏။ သံဃိကဖြစ်စေလိုမူကား ရဟန်းတပါး၏ ရှေ့မှာပင်ဖြစ်စေ၊ ဤရဟန်းမျှသာမဟုတ် ရဟန်းသံဃာရှိသမျှဟု စာတုဒ္ဒိသာ သံဃာကို ရည်မှတ်၍ လှူသည်ရှိသော် သံဃိကအလှူဖြစ်၏။ ဤရွေ့ ဤမျှ ဤအသင်းကိုသာဟု ပိုင်းခြားရည်မှတ်၍ လှူမူကား ရာထောင် သိန်းသန်းပင် ဖြစ်စေ သံဃိကမဖြင်၊ ဂဏိကသာဖြစ်၏ဟု စင်စစ်ကေန် သန္နိဋ္ဌာန်ကျ မှတ်ကုန်ရာ၏။သင်္ကန်းဆွမ်း ဆေးပစ္စည်းတို့မှာ လဟုကပစ္စည်းဖြစ်သောကြောင့် သမ္မုခိ

ဘူတ ဥပစာရ သံဃာဝေဖန် သုံးဆောင်ခြင်းငှါ သိမာယ ဒေတိစသည်ဖြင့် မာတိကာသို့တင်၍ လှူခြင်းစသော စီဝရသံဃိကအထူး သံဃဘတ် ဥဒ္ဒေသဘတ် စသော ပိဏ္ဍပါတ၌ သံဃိကဘတ် အထူးရှိကုန်သကဲ့သို့ ဤကျောင်းပစ္စည်း၌ကား ဂရုကပစ္စည်းဖြစ်သောကြောင့် သံဃိက အထူးမရှိပြီ။ သမ္မုခိဘူတဥပစာရ သံဃာ ဝေဖန်၍ယူ စွန့်လွှတ်ခြင်းငှါ မတတ်နိုင်၊ သံဃိကကျောင်းဟူက အခါ ခပ်သိမ်းပင် အာဂတာနာဂတ စာတုဒ္ဒိသာ သံဃာ၏ ဥစ္စာ သံဃသန္တက ထာဝရ ဂရုဘဏ် ပစ္စည်းချည်းသာ ဖြစ်သတည်း။ အချို့သောအရပ်ဒေသဌာနတို့၌ အချို့သောဆရာကြီးတို့သည်ကား ကျောင်း၌ သမ္မုခိဘူတ သံဃိက အလှူရှိသည်ဟု မှတ်ယူကုန်၍ သမ္မုခိဘူတ သံဃိက ကျောင်းရေစက်ချ စာများကို ရေးသား စီကုံးကြသဖြင့် ထားကုန်၏။ နောက်သားရှင်လူ အပွဿုတ ပုဂ္ဂိုလ်တို့သည် လည်း ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်လာတိုင်း အမှန်အကန်မသိ မိမိတို့ အာစရိယဝါဒအားဖြင့် အလေ့အကျက်ပြု၍ စွဲယူမှတ်သားကြကုန်၏။ သမ္မုခိဘူတ သံဃာမည်ရွေ့မည်မျှဟူ၍ ပိုင်းခြားလျှင် ပိုင်းခြားသမျှ ဂဏိကသာဖြစ်ရာ၏။ ပင့်သည်ကား ပိုင်းခြား၍ပင့်သဖြင့် အဆက်ဆက်သံဃာကိုရည်၍လှူအံ့၊ သံဃိက ဖြစ်၏ဟူ၍ မှတ်လေကုန်။ ကျောင်း တဆောင် တည်း တွင်လည်း အောက်ပိုင်းကို ပုဂ္ဂလိက၊ အထက်ပိုင်းအမိုးကို သံဃိက အလှူခံကြခြင်းများလည်း ကျမ်းဂန်နှင့်မညီသော ဝါဒချည်းသာတည်းဟု မှတ်လေကုန်။ လဟုဘဏ်ပစ္စည်း ဝေဖန်ခံယူရာ၌သာ သမ္မုခိဘူတ သံဃာဟု ရှိသတည်း။ နှလုံးကောင်းကောင်းထား၍ ကျမ်းဂန်ကို ဆင်ခြင်ကြလေကုန်။

ဝဇီရဗုဒ္ဓိ၌ ကားဝိနယာလင်္ကာရ ဆိုတိုင်းမဆိုပဲ သံဃဿ ဒေမိဟု သာမည ဆိုသော်လည်း စာတုဒ္ဒိသသံဃိကပင်ဟု မိန့်၏။

အာဂတာနာဂတာနံ သန္တကတ္တာတိ စာတုဒ္ဒိသသံဃဿ ဒေမိတိ ဒိန္နတ္တာ ဝုတ္တံ၊ ဧဝံ အဝတွာ သံဃဿ ဒေမိတိ ဒိန္နမ္ပိ တာဒိသမေဝ။

ဝဇီရဗုဒ္ဓိဋီကာ ဒုတိယပါရာဇိက ဝိနီတဝတ္ထုအဖွင့်။

အနက်ကား–အာဂတာနာဂတာနံ သန္တကတ္တာတိ ဣဒံ ဝစနံ၊ အာဂတာနာဂတာနံ သန္တကတ္တာ ဟူသော ဤ ဟိတ်စကားကို။ စာတုဒ္ဒိသသံဃဿ ဒေမိတိ၊ ဟူ၍။ ဒိန္နတ္တာ၊ လှူအပ်သည်အဖြစ်ကြောင့်။ ဝုတ္တံ၊ အဋ္ဌကထာမိန့်အပ်၏။ ဧဝံ၊ ဤသို့ စာတုဒ္ဒိသသံဃဿ ဒေမိ ဟူ၍။ အဝတွာ၊ မဆိုပဲ။ သံဃဿ ဒေမိတိ၊ ဟူ၍။ ဒိန္နမ္ပိ၊ လှူသော်လည်း။ တာဒိသမေဝ၊ ထိုစာတုဒ္ဒိသ သံဃာအား လှူအပ်သည်နှင့် အတူပင်တည်း။

သို့ဖြစ်၍ ဝဇီရဗုဒ္ဓိမိန့်တိုင်းလည်း လှူအပ်ကြောင်းကို သိလေ။

သံဃိက ကျောင်းပစ္စည်း လှူနည်း ပြီးပြီ၊

•ဆေးပစ္စည်း၌—

သံသိက လှူလိုသည်ဖြစ်အံ့။ ဣမံ ဘေသဇ္ဇံ သံဃဿ ဒေမဟုဆို၍ရင်း၊ ဣမံ သပ္ပိံ ဣမံ နဝနီတံ ဣမံ မဓုံ ဣမံ ဖာဏိတံ ဣမံ တေလံ သံဃဿ ဒေမဟူ၍ရင်း၊ သာမညနာမ် ဝိသေသနာမ် နှစ်ပါးတို့ဘွင် တပါးပါးသော နာမ်ဖြင့်ဆို၍ရင်း၊ မဆိုပဲ သံဃာကို ရည်မှတ်၍ရင်း လှူရာ၏။အဘယ့်ကြောင့်နည်း၊ ပါဠိ အဋ္ဌကထာ ဋီကာစတို့၌ လှူနည်းကို အထူးမပြ၊ ဝေဖန်နည်းကိုသာ အထူးပြသော ကြောင့်တည်း။

> သပ္ပိအာဒီသု ဘေသဇ္ဇေသု ရာဇ ရာဇမဟာမတ္တာ သပ္ပိဿ တာဝ ကုမ္ဘသတံပိ ကုမ္ဘသဟဿံပိ ဝိဟာရံ ပေသေန္တိ၊ ပဟာရိတွာ ထေရာ သနတော ပဋ္ဌာယ ဂဟိတဘာဇနံ ပူရေတွာ ပူရေတွာ ဒါတဗ္ဗံ—

စသည်ဖြင့် ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌ မိန့်ဆိုကုန်၏။

အနက်ကား—သပ္ပိအာဒီသု၊ ထောပတ် အစရှိကုန်သော၊ ဘေသဇ္ဇေသု၊ ဆေးတို့၌။ ရာဇ ရာဇမဟာမတ္တာ၊ မင်း မင်း၏အမတ်ကြီးတို့သည်၊ တာဝ၊ စွာ၊ သပ္ပိဿ၊ ထောပတ်၏၊ ကုမ္ဘသတမ္ပိ၊ အိုးအရာကိုရင်း။ ကုမ္ဘသဟဿမ္ပိ၊ အိုးအထောင်ကိုရင်း။ ဝိဟာရံ၊ ကျောင်းသို့။ ပေသေန္တိ၊ ပို့စေ လှူစေကုန်၏၊ ပဟာရိတွာ၊ ကျောက်စည် စသည်ကို ထိုးခတ်၍။ ထေရာသနတော၊ သီတင်း ကြီးနေရာ ထေရာသနမှ၊ ပဋ္ဌာယ၊ စ၍၊ ဂဟိတဘာဇနံ၊ ယူခဲ့သော ခွက်ကို၊ ပူရေတွာ ပူရေတွာ၊ ပြည့်စေ ပြည့်စေ၍၊ ဝါ၊ ပြည့်အောင် ပြည့်အောင်၊ ဒါတဗ္ဗံ၊ ပေးအပ်၏။ •

များလျှင် များတိုင်း ခွက်ပြည့်အောင်သာ ပေးလေ ဝေလေ ဟူလိုသည်။ ဤဆေးပစ္စည်း ဟူသည့်၌ ထောပတ် ဆီဦး ပျား တင်လဲ ဆီဘို့သာ မဟုတ်ကုန် သေး။ ချင်း ငရုတ် အစရှိသော ဆေးမျိုး၊ ကြွင်းသော သပိတ်ခွက် အစရှိသော ရဟန်းတို့၏ ပရိက္ခရာသည်လည်း ဂိလာနပစ္စည်း၌ ဝင်၏ဟူ၍ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာ၊ ဝိနယာလင်္ကာရဋီကာတို့၌ ဆိုကုန်၏။

> သိင်္ဂိဝေရမရိစာဒိဘေသဇ္ဇမ္ပိ အဝသေသပတ္တထာလကာဒိ သမဏ ပရိက္ခာရောပိ သဗ္ဗော ဝုတ္တာနုရူပေနေဝ နယေန သုဋ္ဌု သလ္လက္ခေတွာ ဘာဇေတဗ္ဗော။

ရင်းဝိနည်းမဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ၊

သိင်္ဂိဝေရမရိစာဒိဘေသဇ္ဇမ္ပိ အဝသေသ ပတ္တ ထာလကာဒိသမဏ ပရိက္ခာရေပီတိ ဣမိနာ န ကေဝလံ ဘေသဇ္ဇမေဝ ဂိလာနပစ္စယော ဟောတိ၊ အထ ခေါ အဝသေသပရိက္ခာရေပိ ဂိလာနပစ္စယေ အန္တောဂဓောယေဝါတိ ဒဿေတိ။

ဝိနယာလင်္ကာရဋီကာ။

**အနက်ကား—**သိင်္ဂိဝေရမရိစာဒိဘေသဇ္ဇမ္ပိ၊ ချင်း ငရုတ် စသော ဆေးကို ငှင်း။ အဝသေသပတ္တထာလကာဒိ သမဏပရိက္ခာရေပိ၊ ကြွင်းသော သပိတ် ခွက်စသော ရဟန်းတို့၏ ပရိက္ခရာကိုငှင်း။ သဗ္ဗော၊ အလုံးစုံကို။ ဝုတ္တာနုရူပေန၊ ဆိုအပ်ပြီးသော ဆေးအဆုံးအဖြတ်အား လျော်သည်သာ ဖြစ်သော။ နယေန၊ နည်းဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ သလ္လက္ခေတွာ၊ မှတ်၍။ ဘာဇေတဗ္ဗော၊ ဝေဖန်အပ်၏ ဝေဖန်ရမည်။ (အဋ္ဌကထာ အနက်။)

သိင်္ဂိဝေရမရိစာဒိဘေသဇ္ဇမ္ပိ အဝသေသပတ္တထာလကာဒိ သမဏပရိက္ခာရေပီတိ ဣမိနာ၊ သိင်္ဂိ။ပ။ ပရိက္ခာရေပိ ဟူသော ဤစကားဖြင့်။ ကေဝလံ၊ သက်သက်။ ဘေသဇ္ဇမေဝ၊ ဆေးမျိုးသည်သာလျှင်။ ဂိလာနပစ္စယော၊ သူနာတို့၏ အထောက်အပံ့ ဂိလာနပစ္စည်းသည်။ န ဟောတိ၊ မဖြစ်။ ဝါ၊ မဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ အဝသေသပရိက္ခာရေပိ၊ ကြွင်းသော ရဟန်းတို့၏ ပရိက္ခရာသည်လည်း။ ဂိလာနပစ္စယေ၊ သူနာတို့၏ အထောက်အပံ့ ဂိလာနပစ္စည်း၌။ အန္တောဂဓောယေဝ၊ အတွင်း ဝင်သည်သာလျှင်တည်း။ ဣတိ၊ သို့။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ ဒဿေတိ၊ မှုချပြတော်မူ၏။ ဝါ၊ တိုက်ရိုက်အတူ သွင်းပြတော်မူ၏။ (ဋီကာအနက်။)

ဆေးပစ္စည်း သံဃိကာလှူပုံ ပြီး၏။

---

ထိုပစ္စည်းလေးပါး သံဃိကအလှူတို့၏ အကျိုးကို အကျဉ်း ဥပလက္ခဏနိဒဿနနည်းအားဖြင့် အဋ္ဌကထာပြသည်ကား—

ယေသံ ပန ကုလာနံ တီဏိ သရဏာနိ ပဉ္စသီလာနိ ဝါ သလာကဘတ္တံ ဝါ ပက္ခိကဘတ္တံ ဝါ ဝဿဝါသိကံ ဝါ ပေါက္ခရဏီ ဧကော အာဝါသောတိ ဝေဠုပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ သောတာပန္နသဒိသာနေဝ တာနိ ကုလာနိ။

အင်္ဂုတ္တရအဋ္ဌကထာ။

အနက်ကား—ယေသံ ပန ကုလာနံ၊ အကြင်ဒါယကာအကြင်အမျိုးတို့အား။ တိဏ္ဏံ၊ သုံးပါးကုန်သော၊ သရဏာနံ၊ သရဏဂုံဆောက်တည်ခြင်းတို့ရင်း၊ ပဉ္စ၊ ငါးပါးကုန်သော။ သီလာနံ၊ သီလတို့ရင်း၊ ကော၊ တခုဘကြိမ်သော၊ သလာကဘတ္တံ၊ စာရေးတံဆွမ်းရင်း။ ကော၊ တခုဘကြိမ်သော၊ ပက္ခိကံ၊ ပက္ခိကဘတ်ရင်း၊ ကော၊ တခုဘကြိမ်သော၊ ဝဿဝါသိကံ၊ ဝါဆိုသင်္ကန်း အလှူရင်း၊ ကော၊ တခုသော။ ပေါက္ခရဏီ၊ သေးတောင့်ရေကန်ရင်း၊ ကော၊ တဆောင်သော၊ အာဝါသော၊ ကျောင်းရင်း။ ဣတိ ဧဝရူပါနိ၊ ဤသို့ သဘောရှိကုန်သော၊ နိဗဒ္ဓပုညာနိ၊ အမြဲမပြတ် တည်ထားအပ်သော ကုသိုလ် ကောင်းမှုတို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေသံ ကုလာနံ၊ ထိုဒါယကာ ထိုအမျိုးတို့အား၊ ဝါ၊ တို့၏။ ဂတိ၊ အလားသည်။ ဝါ၊ ဘဝလားရာ နတ်ရွာ သုဂတိသည်။ နိဗဒ္ဓါ၊ မြဲ၏။ တောနိ ကုလာနိ၊ ထိုဒါယကာ ထိုအမျိုးတို့သည်၊ သောတာပန္န သဒိသာနေဝ၊ သောတာပန်နှင့် တူကုန်သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤမျှအကျဉ်းမှတ်လေကုန်။

ဤသို့ သံဃိကဒါနမျိုးတို့၏ သရုပ်လှူနည်းအကျိုး အာနိသင်များကို သိရာ၏။

ဝဇီရူပမ ဗျာကရဏ ဒွါဒသမပုစ္ဆာအဖြေ ပြီးပြီ။

* * *

## တေရသမ ပုစ္ဆာ

(၁၃) ဂုဏ်းသံဃိက တပါးပါးကို လှူရခြင်းနှင့် အလှူခံပုဂ္ဂိုလ်ဒကာတို့၏ အထွတ်အထိပ်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင် တပါးတည်းကို လှူရခြင်းသည် မည်သည့်အလှူက သာလွန်၍ အကျိုးကြီးမည်ကိုလည်း သိလိုပါသည်ဘုရား။

---

### ဝဇီရှုပမ ဗျာကရဏ တေရသမပုစ္ဆာအဖြေ

(၁၃) ဂုဏ်းတေရသမ လျှောက်ချက်အရ သံဃိက အလှူ တပါးပါးနှင့် မြတ်စွာဘုရား တပါးတည်းကို လှူရခြင်း၏အကျိုးများသည် ကြီးမြတ်သော မဟပ္ဖလ မဟာနိသံသ ခုည်းသာဟူ၍ ထိုထိုသုတ္တန် ပါဠိများလာရှိသည်ဖြစ်၏။ သို့ဖြစ်သော်လည်း အတူတူဟူ၍ မမှတ်ကုန်ရာ။ သို့ဖြစ်၍ သံဃေ ဂေါတမိ ဒေဟိ ဟူ၍ဂုဏ်း၊ သံဃေ ဒိန္နေ မဟပ္ဖလံဟူ၍ဂုဏ်း၊ သံဃေ ဂေါတမိ ဒေဟိ သံဃေ တေ ဒိန္နေ အဟဥ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ ဟူ၍ဂုဏ်း ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောတော်မူသော်လည်း သံဃာအား လှူရခြင်းသည် မြတ်စွာဘုရားအား လှူရသည်ထက် အကျိုးကြီးမြတ်သည်ဟု မမှတ်ကုန်ရာ။ မင်း၊ မင်း၏ အမတ်ကြီးစသည်တို့သည် မိမိ၏ လက်ဆောင်ဥစ္စာကို ဆင်မြင်းစသည်တို့အား ပေးကုန်သော်လည်း ထိုဆင်မြင်းစသည်တို့သည် မင်းစသည်တို့ထက် မြတ်ကုန်သည် မဟုတ်ကုန်သကဲ့သို့ မှတ်ရာ၏ဟူ၍ ရှေးမဟာအဋ္ဌကထာ နောက်သင်္ဂဟအဋ္ဌကထာ အဆက်ဆက်တို့ပင် ဖယ်ဖွင့်တော်မူကြကုန်၏။ သို့ဖြစ်၍ ဤလောကဥ္စ ဂုဏ်း၊ တပါးသော လောကဥ္စ ဂုဏ်း၊ သဗ္ဗညုဘုရားသခင်နှင့်အတူ ထွတ်မြတ်တူမျှသော ပုဂ္ဂိုလ်သတ္တဝါ မည်သည်မရှိ၊ သတ္တပညတ်တွင် သဗ္ဗညုမြတ်စွာဘုရားသခင်ထက် သာလွန်ထူးမြတ်သော အလှူခံ အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်လည်းမရှိ။ ထို့ကြောင့် သံဃာသက်သက်ကို လှူရခြင်းထက် ဘုရားသခင်၏ ဂုဏ်တော် ကျေးဇူးတော်ကို ကြည်ညိုမြတ်နိုး ရိုကျိုးတုပ်ကွ ပူဇော်လှူဒါန်းရခြင်းသည်သာ အကျိုးကြီးမြတ်ကြောင်းကို ဂုဏ်းဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌ မြဲမြံစွာ ဆုံးဖြတ်မိန့်ဆိုတော်မူ၏။

န ယိမသ္မိံ လောကေ ပရသ္မိံ ဝါ ပန ဗုဒ္ဓေန သေဋ္ဌော သဒိသော ဝါ ဝိဇ္ဇတိ။ ယမာဟုနေယျာနံ အဂ္ဂတင်္ဂတော၊ ပုညတ္ထိကာနံ ဝိပုလ ဖလေသိနန္တိ ဝစနတော သတ္ထာရာ ဥတ္တရိတရော ဒက္ခိဏေယျော နာမ နတ္ထိ။

ရင်း ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ။

အနက်ကား—ယံ ယေန၊ အကြင်ကြောင့်။ ပုညတ္ထိကာနံ၊ ကောင်းမှုကို အလို ရှိကုန်သော။ ဝိပုလဖလေသိနံ၊ ကြီးကျယ်ပြန့်ပြော များမြတ်သော အကျိုးကို ရှာလေ့ရှိကုန်သော သူတို့အား။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အာဟုနေယျာနံ၊ အလှူခံပုဂ္ဂိုလ်တို့ထက်။ အဂ္ဂတံ၊ ထူးကဲသာလွန်မြတ်ဆုံး အဖြစ်သို့။ ဂတော၊ ရောက်တော်မူ၏။ တေန၊ ထိုကြောင့်။ ဣမသ္မိံ လောကေ ဝါ၊ ဤငါတို့နေရာ လူ့ရွာလူ့ရပ် စကြဝဠာ လောကဓာတ်၌ရင်း၊ ပရသ္မိံ လောကေ ဝါ၊ ဤငါတို့ နေရာ လူ့ရွာလူ့ရပ် စကြဝဠာ လောကဓာတ်မှတပါး အခြားသော နတ်ပြဟ္မာ စကြဝဠာ လောကဓာတ် အနန္တစေတ် သုံးရပ်၌ရင်း။ ဗုဒ္ဓေန၊ သဗ္ဗညုမြတ်စွာ ဘုရားသခင်ထက်။ သေဋ္ဌော၊ ချီးမွမ်းထိုက် ချီးမွမ်းအပ် ထူးမြတ်ကဲလွန်သော လူနတ်ပြဟ္မာ သတ္တဝါ တစုံတယောက်သည်။ န ဝိဇ္ဇတိ၊ မရှိ။ ဗုဒ္ဓေန၊ သဗ္ဗညု မြတ်စွာဘုရားသခင်နှင့်။ သဒိသော ဝါ၊ အဆင်းရူပ သီလ သမာဓိ ပညာဝိမုတ္တိ စသောအားဖြင့် တူမျှားယှဉ်ယောင်သော သူသည်လည်း။ န ဝိဇ္ဇတိ၊ မရှိ။ ဣတိ၊ သို့။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ သတ္ထာရာ၊ မြတ်စွာဘုရားထက်။ ဥတ္တရိတရော၊ ကဲလွန်ထူးမြတ်သော။ ဒက္ခိဏေယျော နာမ၊ အလှူခံပုဂ္ဂိုလ်မည်သည်။ နတ္ထိ၊ မရှိ။

ဤသို့ အဋ္ဌကထာတို့ မိန့်ဆိုဆုံးဖြတ်သောကြောင့် ဘုရားသခင်ကို လှူရခြင်းသာ မြတ်၏ဟု မှတ်ရာ၏။

တပါးလည်း အဂ္ဂပညတ္တိသုတ္တန် ပါဠိတော်အားဖြင့် သတ္တလောက အဂ္ဂပညတ်၌ မြတ်စွာဘုရားသခင်သာလျှင် အလွန်အကဲ ထူးမြတ်သည်၏ အဖြစ်ကို သိရာမှတ်ရာ၏။

စတဿော ဣမာ ဘိက္ခဝေ အဂ္ဂပညတ္တိယော၊ ကတမာ စတဿော ဧတဒဂ္ဂံ ဘိက္ခဝေ အတ္တဘာဝီနံ ယဒိဒံ အသုရိန္ဒော၊ ဧတဒဂ္ဂံ ဘိက္ခဝေ ကာမဘောဂီနံ ယဒိဒံ မန္ဓာတာ၊ ဧတဒဂ္ဂံ ဘိက္ခဝေ အာဓိပတေယျာနံ ယဒိဒံ မာရော ပါပိမာ၊ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ တထာဂတော

အဂ္ဂမက္ခာယတိ· အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ကွမာ ခေါ ဘိက္ခဝေ စတဿော အဂ္ဂပညတ္တိယောတ္။

၁။ ရာဟုဂ္ဂံ အတ္တဘာဝီနံ၊ မန္ဓာတာ ကာမဘောဂိနံ။
မာရော အဓိပတေယျာနံ၊ ကွဒ္ဓိယာ ယသသာ ဇလံ။

၂။ ဥဒ္ဓံ တိရိယ ပါစိနံ၊ ယာဝတာ ဇာဂတော ဂတိ။
သဒေဝကဿ လောကဿ၊ ဗုဒ္ဓေါ အဂ္ဂေါ ပဝုစ္စတိ။

စတုက္ကနိပါတ် အင်္ဂုတ္တရနိကာယ် အဂ္ဂပညတ္တိသုတ် ပါဠိတော်။

**အနက်ကား**—ဘိက္ခဝေ၊ ရဟန်းတို့။ အဂ္ဂပညတ္တိယော၊ အလွန်အမြတ်လူနတ်ဘုံတွင်း ပညတ်ခြင်းတို့သည်။ ကွမာ စတဿော၊ ဤလေးပါးတို့တည်း။ ကတမာ စတဿော၊ အဘယ်လေးပါးတို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဘာဝီနံ၊ ရုပ်ကိုယ်ဟုခေါ် အတ္တဘော်နှင့် ပြည့်စုံကြီးမားသော သူတို့တွင်။ ယဒိဒံ-ယော ဧသော အသူရိန္ဒော၊အကြင်လေးထောင့်ရှစ်ရာ ယူဇနာမြင့်သော ရာဟု အသူရိန်နတ်မင်းသည်။ အတ္ထိ၊ ရှိ၏။ ဧသော ဧသော အသူရိန္ဒော၊ ထိုရာဟု အသူရိန် နတ်မင်းသည်။ အဂ္ဂံ-အဂ္ဂေါ၊ အမြတ်ဆုံးတည်း ။ ဝါ၊ ကဲမြတ်ထူးချွန်အလွန်အမေ်ာ အကျော်ကျူးဆုံးတည်း။ ဘိက္ခဝေ၊ တို့။ ကာမဘောဂိနံ၊ ကာမဂုဏ်ငါးပါး ခံစားသောသူ နတ်နှင့် လူတို့တွင်။ ယဒိဒံ-ယော ဧသော မန္ဓာတာ၊ အကြင်မန္ဓာတ်မင်းသည်။ ဝါ၊ အသက်အသချေ် တည်နေကမ္ဘာ ပေါ်ဦးစွာက စကြာရဟတ် လေးကျွန်းပတ်၍ နတ်တို့နေရာ ဝတ်သာဝယ် ကွန္တာသုံးကျိပ် ခြောက်ယောက်ထိပ်ကို နင်းနှိပ်ခံစား သိကြားသူယံ သန္တုဿိတ သုန္ဒမိတ ဝသဝတ္တိ မမိတုကင်း အကြင်မန္ဓာတ်မင်းသည်။ အတ္ထိ၊ ရှိ၏၊ ဧသော-ဧသော မန္ဓာတာ၊ ထိုမန္ဓာတ်မင်းသည်။ အဂ္ဂံ-အဂ္ဂေါ၊ အမြတ်ဆုံးတည်း။ ဝါ၊ ကဲမြတ်ထူးချွန် အလွန်အမေ်ာ အကျော်အကျူးဆုံးတည်း။ ဘိက္ခဝေ၊ တို့။ အဓိပတေယျာနံ၊ ကာမဘုံတွင် စိုးခြုံအုပ်ချုပ် အကြီးအမှူး လုပ်ကိုင်သောသူ နတ်နှင့် လူတို့တွင်။ ပါပိမာ၊ ဆိုးရွားယုတ်မာ မကောင်းစွာသော သဘောရှိသော။ ယဒိဒံ-ယော ဧသော မာရော၊ အကြင်ဝသဝတ္တီ ကျော်ညီသညာ အာဏာသန်ပြင်း မာရ်နတ်မင်းသည်။ အတ္ထိ၊ ရှိ၏။ ဧသော-ဧသော မာရော၊ ထိုမာရ်နတ်မင်းသည်။ အဂ္ဂံ-အဂ္ဂေါ၊ အကဲအမြတ်ဆုံးတည်း။ ဝါ၊ ကဲမြတ်ထူးချွန် အလွန်အမေ်ာ အကျော်အကျူးဆုံးတည်း။ သဒေဝကေ၊ နတ်ပြည်ငါးထပ် နတ်တို့နှင့်တကွ၊ ဝါ၊ စာတုမဟာ ဝတ်သာနှင့် ယာမာတုဿိ နိမ္မာနရတိဟု ဆိုအပ်သော နတ်ပြည်ငါးဆင့်နှင့်တကွ။ သမာရကေ၊ မာရ်နှင့်တကွ။ ဝါ၊ ဝိပလ္လာသ မကင်းကြသော ကာမရူပ ဟူသမျှတို့၏အထက် အာဏာစက်အလိုသို့ လိုက်ပါစေနိုင်သော ဝသဝတ္တီမာရ်နတ်မင်းနှင့်တကွ။ ဝါ၊ မာရ်ခင်းနေရာ ကာမာထွက်ဖျား

ကြီးမားစည် စိမ် ပရနိမ်နှင့်တကွ။ သပြဟ္မကေ။ ပြဟ္မာကြီးတို့နှင့်တကွ။ ဝါ၊ ဇာတိခေတ္တ မြတ်ဌာနကို ဆန့်သလက်ညွှန် ဆယ်ချောင်းဖြန့်က ဝေးမှန်ရောက်တိုင် ထွန်းနိုင်လင်းဝါ ပြဟ္မာကြီးတို့နှင့်တကွ။ ဝါ၊ ရှာ ရှုပ ပြဟ္မာ့တိုင်းနယ် ဘုံ ၂၀-နှင့်တကွ။ လောကေ၊ သတ္တလောက၌။ ဝါ၊ သြကာသလောက၌။ သ သမဏပြာဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားတို့နှင့်တကွ။ ဝါ၊ နိကာယ်တဆိုင်း ဂိုဏ်းဘသီးထောင် မြားမြောင်သုဘ သီလပညာ ရှိကုန်စွာသော သာသနာ ဗာဟိရ ရဟန်း ဆန်းအဘိဓာန် ပူဆာဏ်နိဃဏ္ဍု ဝတ္ထုဝိဇ္ဇာ လက္ခဏာကြန် ဝေဒန္တဂူ လေးဆူးဆိုဖော်ကျမ်း ရိုးပေါက်၍ ပါမောက်စင်စစ် ပဏ္ဍိတ်ဖြစ်ဟူ မှာန်သစ်ဆောင်လွှား ပုဏ္ဏားပညာရှိဘို့နှင့်ဘကွ။ သဒေဝမနုဿာယ၊ ပြဟ္မာ နတ်လူ ၃-ဘုံသူ့နှင့်တကွ။ ဝါ၊ သမုတိ ဥပပတ် ဝိသုဒ္ဓိနတ် ကြွင်းလတ်ပြောထူ ရှန်ဘာက်လူဘို့နှင့်တကွ။ ပဇာယ၊ သတ္တဝါအပေါင်း၌။ အရဟံ သံသာရဝဋ်တော် သမုပ္ပါဒ်စက် လည်သွက်သွက်နှင့် ဘိန်းချက်ပုံဘောင်း အပေါင်းကန့်ကွပ်တို့ကို ရှပ်ရှပ်သွယ်ကူ သဿမ္ဗူစက်ချိန် ဝရဇိန်ဖြင့် ပစ်ချိန်မကြွင်း ဖြိုခွင်းဖျက်ဆီး တော်မူဘတ်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် သဿမ္ဗူဉာဏ်ဘို့ဖြင့် ငါးတန်ဥေယျ ရှိသမျှတို့ကို အမကြွင်း ဗြင်းယင်းယင်စွာ ဘက်ကင်းကွာအောင် ဆရာမည့်န်း လိုမွှန်းပွင့်သိဘော်မူဘော်သော။ တထာဂတော၊ ရှေးယခေါင်က နောင်တော်ဘုရား သုံးလူဖျားတို့ကဲ့သို့ အလားတူစွာ ကြွမြန်းလာ တတ်သော တထာဂတ ဂုဏ်ချစ်ဆဘို့နှင့် တဝဘည်း ပြည့်စုံဘော်မူသော သဗ္ဗညု မြတ်စွာဘုရားကို။ အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံးဟူ၍။ ဟ ါ၊ အမြတ်သက် အမြတ် မြတ်ဥက္ကဋ္ဌဟူ၍။ ဝါ၊ အလွန်ထက်အလွန် ထွတ်ဆုံးစွန်ဟူ၍။ ဝါ၊ အကျော်သက်အကျော် ထွတ်ဆုံးကျော်ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ ဝါ၊ ဟောအပ်၏။ ဝါ၊ မိန့်အပ်၏။ ဘိက္ခဝေ၊ တို့ ခေါ်၊ စင်စစ်။ အဂ္ဂညတ္တိယော၊ အလွန်အမြတ် လူနတ်ဘုံတွင်၊ ပညတ်ခြင်းဘို့သည်။ ဣမာ စတဿော၊ ဤလေးပါးတို့ဘည်း။ ဣတိ၊ ဤသို့ မိန့်ဟောတော်မူ၏။

တပါးလည်း အဂ္ဂပသာဒသုတ်အားဖြင့် သတ္တဝါပုဂ္ဂိုလ် ရှိသမျှထက် သဗ္ဗညု မြတ်စွာဘုရားသာလျှင် အထွတ်အမြတ်ဆုံး၏ အဖြစ်ကို သိရာ၏။

ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါ ဝါ စတုပ္ပဒါ ဝါ ဗဟုပ္ပဒါ ဝါ၊ ရူပိနော ဝါ အရူပိနော ဝါ သညိနော ဝါ အသညိနော ဝါ နေဝသညီ နာသညီနော ဝါ တထာဂတော တေသံ အဂ္ဂမက္ခာယတိ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ တေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ အဂ္ဂေ တေ ပသန္နာ အဂ္ဂေ ခေါ ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

စတုက္ကင်္ဂုတ္တရ ဣတိဝုတ် အဂ္ဂပသာဒသုတ်ပါဠိတော်။

အနက်ကား—ဘိက္ခဝေ၊ တို့။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ အပဒါ ဝါ၊ အခြေမရှိသည်လည်း ဖြစ်ကုန်သော။ ဒွိပဒါ ဝါ၊ အခြေနှစ်ချောင်း ရှိသည်လည်း ဖြစ်ကုန်သော။ စတုပ္ပဒါ ဝါ၊ အခြေ လေးချောင်းရှိသည်လည်း ဖြစ်ကုန်သော။ ဗဟုပ္ပဒါ ဝါ၊ အခြေများစွာ ရှိသည်လည်း ဖြစ်ကုန်သော။ ရူပိနော ဝါ၊ ရုပ်ရှိသည်လည်း ဖြစ်ကုန်သော။ အရူပိနော ဝါ၊ ရုပ်မရှိသည် လည်း ဖြစ်ကုန်သော။ သညိနော ဝါ၊ စိတ်သညာရှိသည်လည်း ဖြစ်ကုန်သော။ အသညိနော ဝါ၊ စိတ်သညာ မရှိသည်လည်း ဖြစ်ကုန်သော။ နေဝသညီ နာ သညိနော ဝါ၊ စိတ်သညာရှိသည်လည်းမဟုတ် စိတ်သညာမရှိသည်လည်း မဟုတ် ကုန်သော။ သတ္တာ၊ သတ္တဝါပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘောသံ၊ ထို သတ္တဝါပုဂ္ဂိုလ်တို့တွင်။ ဝါ၊ ထိုသတ္တဝါပုဂ္ဂိုလ်တို့သက်။ အရဟံ၊ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇာသက္ကာရ ဝိသေသဝတ္ထုမျိုးတို့ကို ဖွံ့ဖြိုးစည်ပြီး အကျိုးကြီးစေခြင်းငှါ ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက် မပြန် သယမ္ဘူဉာဏ် ပင်ထွက်မှန်ဖြင့် ငါးတန်ညေယျ ရှိသမျှကို တစမကြွင်း ထိုးတွင်းကုန်စင် သိမြင်ပွင့်လင်းတော်မူသော။ တထာဂတော၊ သဗ္ဗညုဘုရားကို။ အဂ္ဂံ အဂ္ဂေါ၊ မြတ်၏ဟူ၍။ ဝါ၊ အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဘောအပ်၏။ ဘိက္ခဝေ၊ တို့။ ဧတေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ ဗုဒ္ဓေ၊ တထာဂတ ဝိသေသ ပညတ် ဘုရားမြတ်၌။ ပသန္နာ၊ ဂုဏ်ကျေးဇူးကို အထူး ရိုကျိုး မြတ်နိုး ကြည်ညိုဘတ်ကုန်၏။ ဧတေ သတ္တာ၊ ထိုသတ္တဝါတို့ သည်။ အဂ္ဂေ၊ ဤလောကတွင် အဂ္ဂပညတ် ဘုရားမြတ်၌။ ပသန္နာ၊ ကြည်ညိုရသည်ဖြစ်၏။ အဂ္ဂေ၊ အဂ္ဂပညတ် အမြတ်ရတနာ ဖျားမြတ်စွာ၌။ ပသန္နာနံ၊ ကြည်ညိုရကုန်သော သူတို့အား။ ခေါ၊ စင်စစ်အမှန်။ အဂ္ဂေါ၊ မြတ်သော။ ဝိပါကော၊ အကျိုးသည်။ ဝါ၊ ပစ္စုပ္ပန်သံသရာ လောကီ လောကုတ္တရာ မင်္ဂလာအလွန် အကျိုးမွန်သည်။ ဟောတိ၊ ဖြစ်၏။

ဤမှတပါး ထိုဆိုသို့သော သုတ္တန်ပါဠိတော်တို့၌ လာသော ၊၊ ဏ်ထာ စုဏ္ဏိ ယအားဖြင့် များစွာရှိကုန်၏ ဤမျှသာ မှတ်ရာ၏။

ဤသို့ ပြအပ်ပြီးသောအားဖြင့် သတ္တပညတ်တွင် ဘုရားသခင်ထက် မြတ် သောသူမရှိသောကြောင့် အလွှခံပုဂ္ဂိုလ်အပေါင်းတို့ထက် မြတ်စွာဘုရားသာ အမြတ်ဆုံးဖြစ်၏။ မြတ်စွာဘုရားသာလျှင် အလှူခံအမြတ်ဆုံး ဖြစ်သောကြောင့် မြတ်စွာဘုရားအား လှူရခြင်းသာလျှင် ဒါနအရာ၌ အကျိုးအကြီးဆုံးဖြစ်၏။ ထိုအကြောင်းကို နဝင်္ဂုတ္တရပါဠိတော်၌ အနာထပိဏ်သဌေးကြီးအား ဝေလာ မသုတ်အားဖြင့် ဘုရားသခင် ဟောတော်မူသတည်း။

ထိုအကြောင်းကို ဤသို့ပြလတ္တံ့သော နဝင်္ဂုတ္တရ ဝေလာမသုတ် ပါဠိတော် ဖြင့် သိလေ မှတ်လေ ယုံမှားကင်းကြလေ။

ယံ ဂဟပတိ ဝေလာမော ဗြာဟ္မဏော ဒါနံ အဒါသိ မဟာဒါနံ၊ ယော စေကံ ဒိဋ္ဌိသမ္ပန္နံ ဘောဇေယျ၊ ဣဒံ တတော မဟပ္ဖလတရံ၊ ယော စ သတံ ဒိဋ္ဌိသမ္ပန္နာနံ ဘောဇေယျ၊ ယော စေကံ သကဒါဂါမိံ ဘောဇေယျ၊ ယော စ သတံ သကဒါဂါမီနံ ဘောဇေယျ၊ ယော စေကံ အနာဂါမိံ ဘောဇေယျ၊ ယော စ သတံ အနာဂါမီနံ ဘောဇေယျ၊ ယော စေကံ အရဟန္တံ ဘောဇေယျ၊ ယော စ သတံ အရဟန္တာနံ ဘောဇေယျ၊ ယော စေကံ ပစ္စေကဗုဒ္ဓံ ဘောဇေယျ၊ ယော စ သတံ ပစ္စေကဗုဒ္ဓါနံ ဘောဇေယျ၊ ယော စ တထာဂတံ အရဟန္တံ သမ္မာသမ္ဗုဒ္ဓံ ဘောဇေယျ၊ ယော စ ဗုဒ္ဓပမုခံ သံဃံ ဘောဇေယျ၊ ယော စ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဝိဟာရံ ကာရာပေယျ၊ ယော စ ပသန္နစိတ္တော ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ သရဏံ ဂစ္ဆေယျ၊ ယော စ ပသန္နစိတ္တော သိက္ခာပဒါနိ သမာဒိယေယျ၊ ပါဏာတိပါတာ ဝေရမဏိံ၊ အဒိန္နာဒါနာ ဝေရမဏိံ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏိံ၊ မုသာဝါဒါ ဝေရမဏိံ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိံ၊ ယော စ ပသန္နစိတ္တော သိက္ခာပဒါနိ သမာဒိယေယျ၊ ပါဏာတိပါတာ ဝေရမဏိံ.လ။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာဝေရမဏိံ၊ ယော စ အန္တမသော ဂန္ဓူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ၊ ယဉ္စ ဂဟပတိ ဝေလာမော ဗြာဟ္မဏော ဒါနံ အဒါသိ မဟာဒါနံ.လ။ ယော စ ဂန္ဓူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ၊ ယော စ အစ္ဆရာသံဃာတမတ္တမ္ပိ အနိစ္စသညံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရန္တိ။

ရင်း နဝင်္ဂုတ္တရ ဝေလာမသုတ်ပါဠိတော်။

၁။ ဂဟပတိ၊ အနာထပိဏ်သူဌေး။ ဝေလာမော၊ ဝေလာမအမည်ရှိသော။ ဗြာဟ္မဏော၊ ပုရောဟိတ်ပုဏ္ဏားသည်။ မဟာဒါနံ၊ ခုနစ်နှစ်-ခုနစ်လ-ခုနစ်ရက် လွန်အောင် သာသနာပ ကာလအခါ လူတကာအား ရတနာရွှေငွေ ခွက်ရေအပေါင်း ရှစ်သောင်းလေးထောင်တို့နှင့်တကွ မိန်းမယောကျ်ား နွားလားသေရက် နှစ်သက်သောသူ ယူစေမကြွင်း ပေးလှူခြင်းဖြင့် ပေးလှူသော အလှူကြီးဖြစ်သော။ ယံ ဒါနံ၊ အကြင်အလှူကို။ အဒါသိ၊ ပေးပြီ။ ယော စ၊ အကြင်သာသနာတွင်း အလင်းကြုံသူ တယောက်သူသည်လည်း။ ဧကံ၊ တပါးသော။ ဒိဋ္ဌိသမ္ပန္နံ၊ သောတာပတ္တိ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်နှင့် ပြည့်စုံသော သောတာပန် ပုဂ္ဂိုလ်ကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ တဿ၊ ထိုသာသနာတွင်း အလင်းကြုံသူ တယောက်သူ၏။ ဣဒံ၊ ဤသောတာပန်တပါးကို ဆွမ်းလုပ်ကျွေးရခြင်းသည်။ တတော၊ ထိုခုနစ်နှစ်-ခုနစ်လ-ခုနစ်ရက် လွန်အောင် သာသနာပကာလအခါ လူတကာအား ရတနာရွှေငွေ ခွက်ရေအပေါင်း ရှစ်သောင်း

လေးထောင်တို့နှင့်တကွ မိန်းမယောကျ်ားနွားလားသေရက် နှစ်သက်သောသူ ယူစေကြောင်း ပေးလှူခြင်းထက်၊ မဟပ္ဖလံ၊ သချေ်ာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ် များမြတ်၏။

၂။ ယော စ၊ အကြင်သူသည်လည်း။ ဒိဋ္ဌိသမ္ပန္နာနံ၊ သောတာပတ္တိ သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံသော သောတာပန် ပုဂ္ဂိုလ်ဘို့၏။ သတံ၊ အရာကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ ယော စ၊ အကြင်သူသည်လည်း။ ဧကံ၊ တပါးသော။ သကဒါဂါမိံ၊ သကဒါဂါမ်ပုဂ္ဂိုလ်ကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤသကဒါဂါမ်ပုဂ္ဂိုလ်တပါးကို ဆွမ်းလှူလုပ်ကျွေးရခြင်းသည်။ တတော၊ ထိုသောတာပန်တရာ များလှစွာတို့ကို လှူရခြင်းထက်။ မဟပ္ဖလတရံ၊ သချေ်ာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ် များမြတ်၏။

၃။ ယော စ၊ အကြင်သူသည်လည်း။ သကဒါဂါမီနံ၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့၏။ သတံ၊ အရာကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ ယော စ၊ အကြင်သူသည်လည်း။ ဧကံ၊ တပါးသော။ အနာဂါမိံ၊ အနာဂါမ်ပုဂ္ဂိုလ်ကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤအနာဂါမ်တပါးကိုဆွမ်းလှူလုပ်ကျွေးရခြင်းသည်။ တတော၊ ထိုသကဒါဂါမ်တရာ များလှစွာကို လှူရခြင်းထက်။ မဟပ္ဖလတရံ၊ သချေ်ာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ်များမြတ်၏။

၄။ ယော စ၊ အကြင်သူသည်လည်း။ အနာဂါမီနံ၊ အနာဂါမ်ပုဂ္ဂိုလ်တို့၏။ သတံ၊ အရာကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ ယော စ၊ အကြင်သူသည်လည်း။ ဧကံ၊ တပါးသော။ အရဟန္တံ၊ ရဟန္တာပုဂ္ဂိုလ်ကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤရဟန္တာပုဂ္ဂိုလ်တပါးကို ဆွမ်းလှူလုပ်ကျွေးရခြင်းသည်။ တတော၊ ထိုအနာဂါမ်တရာ များလှစွာကို လှူရသောထက်၊ မဟပ္ဖလတရံ၊ သချေ်ာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ် များမြတ်၏။

၅။ ယော စ၊ အကြင်သူသည်လည်း။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ သတံ၊ အရာကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ ယော စ၊ အကြင်သူသည်လည်း။ ဧကံ၊ တဆူသော။ ပစ္စေကဗုဒ္ဓံ၊ ပစ္စေကဗုဒ္ဓါ ဘုရားကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤပစ္စေက ဗုဒ္ဓါတဆူကို ဆွမ်းလှူလုပ်ကျွေးရခြင်းသည်။ တတော၊ ထိုရဟန္တာတရာ များလှစွာကို လှူရခြင်းထက်။ မဟပ္ဖလတရံ၊ သချေ်ာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ်များမြတ်၏။

၆။ ယော စ၊ အကြင်သူသည်လည်း။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏။ သတံ၊ အရာကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ ယော စ၊ အကြင်သူ

သည်လည်း။ အရဟံ၊ ကိလေသာရန်သူတို့ကို သယမ္ဘူဉာဏ် လေးပါးမဂ်တို့ဖြင့် ပယ်ဖျက် သတ်ဖြတ်တော်မူပြီးသော။ သမ္မာသမ္ဗုဒ္ဓံ၊ မှန်ဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် အလုံးစုံသော တရားတို့ကို သိတော်မူတတ်သော။ တထာဂတံ၊ သဗ္ဗညု မြတ်စွာဘုရားကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤ သဗ္ဗညုမြတ်စွာဘုရားကို ဆွမ်းလှူ လုပ်ကျွေးရခြင်းသည်။ တတော၊ ထိုပစ္စေကဗုဒ္ဓါဘုရာ များလှစွာကို လှူရသောထက်။ မဟပ္ဖလတရံ၊ သချေ်လွန် ကျူး အထူးသဖြင့် အကျိုးကြီးကျယ် များမြတ်၏။

၇။ ယော စ၊ အကြင်သူသည်လည်း။ အရဟံ၊ ကိလေသာရန်သူတို့ကို သယမ္ဘူဉာဏ် ဉာဏ်လက်နက်တို့ဖြင့် ပယ်ဖျက် သတ်ညှစ်တော်မူပြီးသော။ သမ္မာ သမ္ဗုဒ္ဓံ၊ မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ကျန်အကုန် အလုံးစုံသောတရား တို့ကို သိတော်မူတတ်သော။ တထာဂတံ၊ သဗ္ဗညုမြတ်စွာဘုရားကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ ယော စ၊ အကြင်သူသည်လည်း။ ဗုဒ္ဓပမုခံ၊ ဘုရားအမှူး ရှိသော။ သံဃံ၊ ဘိက္ခု ဘိက္ခုနီ နှစ်ပါးစုံသံဃာကို။ ဘောဇေယျ၊ ဆွမ်းလှူ လုပ်ကျွေး၏။ တဿ၊ ထိုသူတို့၏။ ဣဒံ၊ ဤဘုရားအမှူးရှိသော ဘိက္ခု ဘိက္ခုနီ နှစ်ပါးစုံသံဃာကို ဆွမ်းလှူလုပ်ကျွေးရခြင်းသည်။ တတော၊ ထိုမြတ်စွာ ဘုရား ပါးတည်းကို လှူရသောထက်။ မဟပ္ဖလတရံ၊ သချေ်လွန်ကျူး အထူး သဖြင့် အကျိုးကြီးကျယ်များမြတ်၏။

၈။ ယော စ၊ အကြင်သူသည်လည်း။ ဗုဒ္ဓပမုခံ၊ ဘုရားအမှူးရှိသော။ သံဃံ၊ ဘိက္ခု ဘိက္ခုနီ နှစ်ပါးစုံသံဃာကို။ ဘောဇေယျ၊ ဆွမ်းလှူလုပ်ကျွေး၏။ ယော စ၊ အကြင်သူသည်လည်း။ စာတုဒ္ဒိသံ၊ အရပ်လေးမျက်နှာ၌ရှိသော။ သံဃံ၊ ရောက် ပြီးရောက်ဆဲ ရောက်လတ္တံ့သော သံဃာကို။ ဥဒ္ဒိဿ။ ရည်၍။ ဝိဟာရံ၊ ကျောင်းကို။ ကာရေယျ၊ ဆောက်လုပ်လှူဒါန်း၏။ တဿ၊ ထိုသူ၏ ဣဒံ၊ ဤစာတုဒ္ဒိသာ အာဂတာ နာဂတ သံဃိက ကျောင်းအလှူသည်။ တတော၊ ထိုဘုရားအမှူး ရှိသော ဘိက္ခု ဘိက္ခုနီ နှစ်ပါးစုံ သံဃာကို လှူရသောထက်။ မဟပ္ဖလတရံ၊ သချေ်လွန်ကျူးအထူးသဖြင့် အကျိုးကြီးကျယ်များမြတ်၏။

၉။ ယော စ၊ အကြင်သူသည်လည်း။ စာတုဒ္ဒိသံ၊ အရပ်လေးမျက်နှာ၌ ရှိသော။ သံဃံ၊ ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့သော သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဝိဟာရံ၊ ကျောင်းကို။ ကာရေယျ၊ ဆောက်လုပ် လှူဒါန်း၏။ ယော စ၊ အကြင်သူသည်လည်း။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုရင်း။ ဓမ္မဉ္စ၊ တရားတော်ကိုရင်း။ သံဃဉ္စ၊ သံဃာတော်ကိုရင်း။ သရဏံ၊ ဘေးကိုဖျောက်တတ် မြတ်သောကိုးကွယ်ရာဟူ၍။ ဂစ္ဆေယျ၊ ဆည်းကပ်ခြင်းသို့ ရောက်၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤသရဏဂုံ

ဆောက်တည်ဆည်းကပ်ရခြင်းသည်။ တတော၊ ထိုစာတုဒ္ဒိသာ အာဂတာနာဂတာ သံဃိကာ ကျောင်း လှူသောထက်။ မဟပ္ဖလတရံ၊ သချေ်ာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ် များမြတ်၏။

၁၀။ ယော စ၊ အကြင်သူသည်လည်း။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ ဗုဒ္ဓဥ္စ၊ မြတ်စွာဘုရားကိုင်း။ ဓမ္မဥ္စ၊ တရားတော်ကိုင်း။ သံဃဉ္စ၊ သံဃာတော်ကိုင်း။ သရဏံ၊ ဘေးကို ဖျောက်တတ် မြတ်သော ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆေယျ၊ ဆည်းကပ်ခြင်းသို့ ရောက်၏။ ယော စ၊ အကြင်သူသည်လည်း။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၏။ ပါဏာတိပါတာ၊ သတ္တဝါတို့၏ အသက်ကို သတ်ခြင်းမှ။ ဝေရမဏိံ၊ ကြဉ်ခြင်းကိုရင်း။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိံ၊ ကြဉ်ခြင်းကိုရင်း။ ကာမေသု၊ ကာမဂုဏ်တို့၌။ မိစ္ဆာစာရာ၊ ယုတ်မာသော အကျင့်မှ။ ဝေရမဏိံ၊ ကြဉ်ခြင်းကိုရင်း။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏိံ၊ ကြဉ်ခြင်းကိုရင်း၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက် ယစ်မျိုးတို့ကို သောက်စားခြင်းမှ။ ဝေရမဏိံ၊ ကြဉ်ခြင်းကိုရင်း။ ဣတိ၊ သို့။ သိက္ခာပဒါနိ၊ ငါးပါးသော သိက္ခာပုဒ်တို့ကို၊ သမာဒိယေယျ၊ ဆောက်တည်ရာ၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤပဉ္စသီလ သိက္ခာပုဒ်ကို ဆောက်တည်ရခြင်းသည်။ တတော၊ ထိုသရဏဂုံ ဆောက်တည် ဆည်းကပ်ရသောသူထက်။ မဟပ္ဖလတရံ၊ သချေ်ာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ် များမြတ်၏။

၁၁။ ယော စ၊ အကြင်သူသည်လည်း။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ ပါဏာတိပါတာ၊ မှ။ ဝေရမဏိံ၊ ကိုရင်း။ လ။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မှ။ ဝေရမဏိံ၊ ကိုရင်း။ ဣတိ၊ သို့။ သိက္ခာပဒါနိ၊ ငါးပါးသောသိက္ခာပုဒ်တို့ကို။ သမာဒိယေယျ၊ ဆောက်တည်ရာ၏။ ယော စ၊ အကြင်သူသည်လည်း။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ ဂန္ဓူဟနမတ္တမ္ပိ၊ အနံ့ဘရှူခန့် ကာလမျှလည်း။ တနည်း- ဂဒ္ဒူဟနမတ္တမ္ပိ၊ နွားနို့တညှစ်ခန့် ကာလမျှသည်း။ မေတ္တစိတ္တံ၊ မေတ္တာနှင့် ယှဉ်သောစိတ်ကို။ ဘာဝေယျ၊ ပွားစေရာ၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤပန်းနံ့ဘရှူခန့် နွားနို့တညှစ်ခန့် ကာလမျှ မေတ္တာနှင့် ယှဉ်သော စိတ်ကို ပွားစေရခြင်းသည်။ တတော၊ ထိုပဉ္စသီလ သိက္ခာပုဒ်ကို ဆောက်တည်သောသူထက်။ မဟပ္ဖလတရံ၊ သချေ်ာလွန်ကျူး အထူးသဖြင့် ကြီးကျယ်များမြတ်၏။

၁၂။ ဂဟပတိ၊ အနာထပိဏ်သဋ္ဌေးကြီး။ ဝေလာမော၊ ဝေလာမအမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ မဟာဒါနံ၊ ထမင်းချက်ခရ တတွေဖြင့်

မြစ်ရေသို့စီး အလှူကြီးဖြစ်သော။ ယံ ဒါနံ၊ အကြင်အလှူကို။ အဒါသိ၊ ပေးပြီး လ။ ယော စ၊ အကြင်သူသည်လည်း။ ဂန္ဓူပဟာနမတ္တမ္ပိ၊ အနံ့ဘရှူခန့် ကာလမျှ လည်း။ တနည်း - ဂဒ္ဒူဟနမတ္တမ္ပိ၊ နွားနို့တညှစ်ခန့် ကာလမျှလည်း။ မေတ္တစိတ္တံ၊ မေတ္တာနှင့်ယှဉ်သောစိတ်ကို။ ဘာဝေယျ၊ ပွားစေရာ၏။ ယော စ၊ အကြင် သူသည်လည်း။ အစ္ဆရ သံဃာဋ္ဌ မတ္တမ္ပိ၊ လက်ဖစ်တတွက်ခန့် ကာလမျှလည်း။ အနိစ္စသညံ၊ အနိစ္စသညာ ဘာဝနာကို။ ဘာဝေယျ၊ ပွားစေရာ၏။ တဿ၊ ထိုသူ၏။ ဣဒံ၊ ဤအနိစ္စသညာ ဘာဝနာကို ပွားစေခြင်းသည်။ တတော၊ ထို ဝေလာမပုဏ္ဏား၏ မဟာဒါနအလှူကြီးအစ မေတ္တာဘာဝနာပွားစေခြင်းအဆုံး အလုံးစုံ တဆယ့်တပါး ကုသိုလ်များထက်။ မဟာပ္ဖလတရံ၊ သခင်္ချာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ် များမြတ်၏။ ဣတိ၊ သို့။ အဝေါစ၊ မိန့်တော် မူ၏။

ဤပါဠိတော်၌ စာတုဒ္ဒိသာ သံဃာကိုရည်၍ ပြုအပ်သော ကျောင်းမည် သည်ကား အကြင်ကျောင်း၌ စေတီကို တည်အပ်၏။ တရားဟောရာ ဓမ္မာသန ကိုလည်း ပြု၏။ အရပ်လေးမျက်နှာ ရှစ်မျက်နှာလာသမျှ ရဟန်းဘို့သည် မပန် မကြားပဲ ခြေကိုဆေး၍ တံခါးကိုဖွင့်လျက် ကျောင်းခန်းကိုသုတ်သင်၍ နေပြီးမှ အလိုရှိတိုင်း သွားလာနိုင်ကုန်၏။ ထိုကျောင်းသည် အယုတ်ဆုံးအားဖြင့် အလျား အနံ လေးတောင်ခန့်မျှသော သစ်ရွက်မိုးကျောင်းဖြစ်သော်လည်း စာတုဒ္ဒိသာ သံဃာကိုရည်၍ ဆောက်သောကျောင်းမည်၏ဟူ၍ ဆိုအပ်ကြောင်း ရင်းအဋ္ဌ ကထာ၌ မိန့်သတည်း။

စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ကတဝိဟာရောနာမ ယတ္ထ စေတိယံ ပတိ ဋ္ဌိတံ ဟောတိ၊ ဓမ္မာသနံ ကရီယတိ၊ စာတုဒ္ဒိသာဟိ စ အနုဒိသာဟိ စ ဘိက္ခူ အာဂန္တွာ အင်္ဂုဋ္ဌိတွာ ယေဝ ပါဒေ ဓောဝေတွာ ကုဉ္စိကာယ ဒွါရံ ဝိဝရိတွာ သေနာသနံ ဇဂ္ဂိတွာ ဝသိတွာ ယထာဖာသုကံ ဂစ္ဆန္တိ၊ သော အန္တမသော စတုရတနိယာ ပဏ္ဏသာလာပိ ဟောတိ၊ စာတုဒ္ဒိသသံဃံ ဥဒ္ဒိဿ ကတဝိဟာရောတွေဝ ဝုစ္စတိ။

ရင်းနဝင်္ဂုတ္တရအဋ္ဌကထာ ဝေလာမအဖွင့်။

အနက်ကား—စာတုဒ္ဒိသံ၊ အရပ်လေးမျက်နှာ၌ရှိသော။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ကတဝိဟာရော နာမ၊ ပြုအပ်သောကျောင်းမည်သည်ကား။ ယတ္ထ၊ အကြင်ကျောင်း၌။ စေတိယံ၊ စေတီသည်။ ပတိဋ္ဌိတံ၊ တည်ထားသည်။ ဟောတိ၊ ၏။ ဓမ္မာသနံ၊ တရားဟောနေရာကို။ ကရီယတိ၊ ပြုအပ်၏။ စာတုဒ္ဒိသာဟိ စ၊ အရပ်လေးမျက်နှာတို့မှရင်း။ အနုဒိသာဟိ စ၊ အထောင့်

အရပ်တို့မှရှင်း။ ဘိက္ခု၊ ရဟန်းတို့သည်။ အာဂန္တွာ၊ လာကုန်၍။ အပဋိပုစ္ဆိတွာဧဝ၊ မပန်မကြားကုန်မူ၍သာလျှင်။ ပါဒေ၊ ခြေတို့ကို။ ဓောဝေတွာ၊ ဆေးကုန်၍။ ကုဉ္စိကာယ၊ သော့သုံ့ကောက်ဖြင့်။ ဒွါရံ၊ တံခါးကို။ ဝိဝရိတွာ၊ ဖွင့်၍။ သေနာသနံ၊ ကျောင်းတိုက်ခန်းကို။ ပဋိဇဂ္ဂိတွာ၊ သုတ်သင်ကုန်၍။ ဝသိတွာ၊ နေကုန်၍။ ယထာဖာသုကံ၊ ချမ်းသာတိုင်းသော။ ဌာနံ၊ အရပ်သို့။ ဂစ္ဆန္တိ၊ သွားနိုင်ကုန်၏။ သော၊ ထိုကျောင်းသည်။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ စတုရတနိယာ၊ ဇလျားအနံ လေးတောင် ပမာဏရှိသော။ ပဏ္ဏသာလာပိ၊ တဲယောက်အိပ်ကျောင်း သင်ရှုက်မိုးသော ကျောင်းသည်လည်း။ ဟောတိ၊ ၏။ စာတုဒ္ဒိသံ၊ အရပ်လေးမျက်နှာ၌ရှိသော။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ကတဝိဟာရေတွေဝ၊ ပြုအပ်သော ကျောင်းဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဝိဟာရဒါနၚ ဘုရားပါမှသာလျှင် အကျိုး ကြီးမြတ်သည်ကို အဋ္ဌကထာ ပြသည်။

သရဏဂုံ၌လည်း မဂ်ဖြင့်လာသော မဆုတ်မနစ်သော အနိဝတ္တဖြစ်သော လောကုတ္တရာ သရဏဂုံဟူ၍ရှင်း အဋ္ဌကထာဆို၏။ အပရေဝ ါဒအားဖြင့် အတ္တနိယျာတန လောကီသရဏဂုံဟူ၍ ဆိုအပ်သတည်း။

> သရဏံ ဂစ္ဆေယျာတိဧတ္ထ မဂ္ဂေနာဂတံ အနိဝတ္တနသရဏံ အဓိပ္ပေတံ၊ အပရေ ပနာဟု အတ္တာနံ နိယျာတေတွာ ဒိန္နတ္တာ သရဏဂမနံ တတော မဟပ္ဖလတရန္တိ ဝုတ္တံ။
>
> ရှင်းသုတ် အဋ္ဌကထာ။

အနက်ကား—သရဏံ ဂစ္ဆေယျာတိ ဧတ္ထ၊ သရဏံ ဂစ္ဆေယျ ဟူသော ဤပုဒ်တို့၌။ မဂ္ဂေန၊ မဂ်ဖြင့်။ အာဂတံ။ လာသော။ အနိဝတ္တနသရဏံ၊ မဆုတ်နစ်သော လောကုတ္တရာ သရဏဂုံကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ပန၊ အထူးကား။ ဝါ၊ အဋ္ဌကထာဝါဒမှတပါး အပရေဝါဒကို ဆိုဦးအံ့။ အတ္တာနံ၊ မိမိကိုယ်ကို။ နိယျာတေတွာ၊ ဆောင်နှင်း၍။ ဒိန္နတ္တာ၊ ပေးအပ်သည်၏ အဖြစ်ကြောင့်။ သရဏဂမနံ၊ လောကီသရဏဂုံသည်။ တတော၊ ထိုစာတုဒ္ဒိသာ အာဂတာနာဂတ သံဃိကကျောင်းအလှူထက်။ မဟပ္ဖလတရံ၊ သခ်ျာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ် များမြတ်၏ဟူ၍။ အပရေ။ တပါးကုန်သော ဆရာကြီးတို့သည်။ အာဟု၊ ဆိုကုန်ပြီ။ ဣတိ၊ သို့။ ဝုတ္တံ အဋ္ဌကထာဆရာ မိန့်အပ်၏။

မိမိအသက်ကိုစွန့်၍ ရတနာသုံးပါးကို မစွန့်သော လောကီသရဏဂုံကို စွဲယူဆောက်တည်ခြင်းဖြင့် မဟပ္ဖလဖြစ်ကြောင်းကို မဟာဋီကာကြီး၌လည်း ဖွင့်ဆို၏။

ပဉ္စသီလကိုလည်း မင်္ဂြဖြင့်လာသော အနိစ္စတ္တနမြင်သော လောကုတ္တရာသီလကိုသာ ဆိုအပ်၏ဟု အဋ္ဌကထာဆို၏။ အပရေဝါဒအားဖြင့်ကား အလုံးစုံသော သတ္တဝါတို့အား ဘေးမဲ့ပေးခြင်း အဘယဒါနကို ပေးသည်၏အဖြစ်ကြောင့် လောကီပဉ္စသီလသည် ထိုလောကီသရဏဂုံထက် အကျိုးကြီး၏ဟု ဆိုသတည်း။

> ပဉ္စသီလမ္ပိ မဂ္ဂေန အာဂတံ အနိစ္စတ္တနသီလမေဝ ကထိတံ၊ အပရေ ပနာဟု သဗ္ဗသတ္တာနံ အဘယဒါနဿ ဒိန္နတ္တာ၊ သီလံ တတော မဟပ္ဖလ တရန္တိ ဝုတ္တံ။
>
> ရင်း နံဝဂ်ုတ္တရ ဝေလာမသုတ် အဋ္ဌကထာ။

အနက်ကား—ပဉ္စသီလမ္ပိ၊ ပဉ္စသီလကိုလည်း။ မဂ္ဂေန၊ မင်္ဂြဖြင့်။ အာဂတံ၊ လာသော။ အနိစ္စတ္တနသီလမေဝ၊ မဆုတ်မနစ်သော လောကုတ္တရာ သီလကိုသာလျှင်။ ကထိတံ၊ ဟောတော်မူအပ်၏။ ပန၊ အထူးကား။ ဝါ၊ အဋ္ဌကထာဝါဒမှတပါး အပရေဝါဒကို ဆိုဦးအံ့။ သဗ္ဗသတ္တာနံ၊ အလုံးစုံသော သတ္တဝါတို့အား။ အဘယဒါနဿ၊ ဘေးမဲ့ပေးခြင်း အဘယဒါန၏။ ဒိန္နတ္တာ၊ ပေးအပ်သည်အဖြစ်ကြောင့်။ သီလံ၊ ပဉ္စသီလသည်။ တတော၊ ထိုလောကီသရဏဂုံထက် မဟပ္ဖလတရံ၊ သချာလွန်ကျူး အထူးသဖြင့် အကျိုးကြီးကျယ်များမြတ်၏ဟူ၍။ အပရေ၊ တပါးကုန်သော ဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။ ဣတိ။ သို့။ ဝုတ္တံ၊ အဋ္ဌကထာဆိုအပ်၏။

အပရေဝါဒကိုအသက်ကိုပေးခြင်းစသည်ဖြင့် အလုံးစုံလောကီ လောကုတ္တရာအကျိုးတို့၏ တည်ရာဖြစ်သောကြောင့် မဟပ္ဖလဖြစ်ကြောင်း မဟာဋီကာကြီးဖွင့်၏။

ဂန္ဓောဟနမတ္တံကို အနံ့ကို တနမ်းတရှူခန့် ကာလမျှဟူ၍ အဋ္ဌကထာဆို၏။ အပရေ ဝါဒအားဖြင့်ကား နွားနို့ကို တကြိမ်တချက်ညှစ်ခန့် ကာလမျှဟူ၍ ဆိုသတည်း။

> ဂန္ဓောဟနမတ္တန္တိ ဂန္ဓဉဟနမတ္တံ ဒွိဟင်္ဂုလေဟိ ဂန္ဓပိဏ္ဍံ ဂဟေတွာ ဥပသိင်္ဃနမတ္တံ၊ အပရေပနာဟု ဂဒ္ဒေါဟနမတ္တန္တိ ပါဠိ ဝတွာ ဂါဝိယာ ကောဝါရံ ထနအဉ္ဆနမတ္တန္တိ အတ္ထံ ဝဒန္တိ။
>
> ရင်း ဝေလာမသုတ်အဋ္ဌကထာ။

အနက်ကား—ဂန္ဓောဟနမတ္တန္တိ၊ ဟူသည်ကား။ ဂန္ဓဉဟနမတ္တံ၊ အနံ့တရှူမျှတည်း။ ဒွိဟိ၊ နှစ်ချောင်းကုန်သော။ အင်္ဂုလေဟိ၊ လက်ညှိုးတို့ဖြင့်။ ဂန္ဓပိဏ္ဍံ၊

နှံသားစိုင်ကို။ဂဟေတွာ၊ ယူ၍။ ဥပသိဃ်နမတ္တံ၊ နမ်းရှူရုံမျှတည်း။ အပရေ ပန၊ တပါးကုန်သော ဆရာတို့သည်ကား။ ဂဒ္ဒေါ်ဟနမတ္တန္တိ၊ဟူ၍။ ပါဠိ၊ ပါဠိကို။ ဝတွာ၊ ရွတ်ဆိုကုန်၍။ ကေဝ ရုံ၊ တကြိမ်တချက်။ ဂါဠိယာ၊ နွားမ၏။ ထန အဥ္ဆနမတ္တံ၊ နို့ကိုညှစ်ဆွဲကာမျှတည်း။ ဣတိ၊ သို့။ အတ္ထံ၊ အနက်ကို။ ဝဒန္တိ၊ ဆိုကုန်၏။

အဋ္ဌကထာအလိုအားဖြင့် အနံ့ဟော ဂန္ဓသဒ္ဒါ ဥဟခါတ်၊ ယုပ်စွည်း၊ အပရေအလိုအားဖြင့် နွားဟော ဂေါသဒ္ဒါ ဒုဘခါတ်၊ ယုပစ္စည်း၊ ဂဒ္ဒေါ ဟူ ဒမှာ ဒွေးဘော်လိုသည်။

မေတ္တာကိုလည်း အပ္ပနာစျာန်နှင့်ယှဉ်သော မေတ္တာစိတ်ဟူ၍ အဋ္ဌကထာ ဆို၏။

မေတ္တစိတ္တန္တိ သဗ္ဗသတ္တာနံ ဟိတာနုဖရဏစိတ္တံ၊ တမ္ပန အပ္ပနာ ဝသေနေဝ ဂဟိတံ။

ဓုင်း ဝေလာမသုတ်အဋ္ဌကထာ။

မေတ္တစိတ္တန္တိ၊ ဟူသည်ကား။ သဗ္ဗသတ္တာနံ၊ အလုံးစုံသော သတ္တဝါတို့၏။ ဟိတာနုဖရဏစိတ္တံ၊ အစီးအပွားကို အစဉ်နှံ့သောစိတ်တည်း။ တမ္ပန၊ ထိုစိတ်ကိုလည်း။ အပ္ပနာဝသေနေဝ၊ အပ္ပနာစျာန်နှင့်ယှဉ်သော မေတ္တာစိတ်၏ အစွမ်းအားဖြင့်သာလျှင်။ ဂဟိတံ၊ ယူအပ်၏။

တခဏချင်း၌ အပရိမာဏ အနန္တသတ္တဝါတို့ကို နှံ့နိုင်သောကြောင့် မဟပ္ဖလဖြစ်ကြောင်းကို မဟာဋီကာကြီး ဖွင့်ဆို၏။

အနိစ္စသညာ ဘာဝနာသည်လည်း မဂ်၏ အနန္တရ ပစ္စည်းတပ်သော ဝေါဒါန်ဇောနှင့် ယှဉ်သော သိခါပတ္တ ဗလဝဝိပဿနာ ဉာဏ်တည်းဟူ၍ အဋ္ဌကထာဆို၏။

အနိစ္စသညန္တိ မဂ္ဂဿ အနန္တရပစ္စယဘာဝေန သိခါပတ္တ ဗလဝ ဝိပဿနာ။

ဓုင်း ဝေလာမသုတ်အဋ္ဌကထာ။

အနိစ္စသညန္တိ၊ ဟူသည်ကား။ မဂ္ဂဿ၊ မဂ်၏။ အနန္တရပစ္စယဘာဝေန၊ အနန္တရပစ္စည်း၏ အဖြစ်ဖြင့်။ သိခါပတ္တ ဗလဝဝိပဿနာ၊ အဆုံးအဖျားသို့ ရောက်သော အားကြီးသော ဝိပဿနာဉာဏ် ဝေါဒါန် ဇောကိစ္စ တပ်သော တရားသည်။

ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော၊ ဝေါဒါနံ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော—

ဟူသော ပဋ္ဌာန်းပဉှာဝါရ ပါဠိတော်နှင့်အညီတည်း။ဤအဋ္ဌကထာ၌ ဥပမာအားဖြင့် တပါးသောအခြင်းအရာတို့ကိုလည်း ပြဆိုတော်မူသေး၏။

ဥပမာတော ပန ဂ္ဂာမာနိ ဒါနာဒီနိ ပုညာနိ ဧဝံ ဝေဒိတဗ္ဗာနိ၊ သစေပိ ဟိ ဇမ္ဗုဒီပံ ဘေရိတလသဒိသံ သမတလံ ကတွာ ကောဋိတော ပဋ္ဌာယ ပလ္လင်္ကေ အတ္ထရိတွာ အရိယပုဂ္ဂလ နိသီဒါပေယျ၊ တတ္ထ သောတာပန္နာနံ ဒသပန္တိ အဿ၊ သကဒါဂါမီနံ ပဉ္စ၊ အနာဂါမိနံ အဍ္ဎတေယျာနိ၊ ခီဏာသဝါနံ ဒိယဍ္ဎာ၊ ပစ္စေကဗုဒ္ဓါနံ ဧကာပန္တိ ဘဝေယျ၊ သမ္မာသမ္ဗုဒ္ဓေါ ဧကကောဝ တွေ့ဿ ဇနဿ ဒိန္နဒါန တော သမ္မာသမ္ဗုဒ္ဓဿ ဒိန္နမေဝ မဟပ္ဖလံ၊ ဂ္ဂာဘနံ ပန ဝိဟာရဒါနံ ပါကာရပရိတော သိက္ခာ မေတ္တာယ ဘာဝနာ ခယဘော သမ္မာသန္တဿ ကလံ နဂ္ဃတိ သောဠသိံ၊ ဘေနေဝ ဘဂဝါ ပရိနိဗ္ဗာနသမယေ မွာနုဓမ္မပ္ပဋိပတ္တိ အနုတ္တရာ ပူဇာတိ အာဟ။

ရင်း နံဝဂ္ဂုတ္တရအဋ္ဌကထာ ဝေလာမသုတ်အဖွင့်။

အနက်ကား—ပန၊ ပဒတ္ထမှတပါး ဥပမာအားဖြင့် ထင်ရှားဖွင့်ဆို ပြဦးအံ့။ ဥပမာတော၊ နှိုင်းယှဉ်စရာ ဥပမာအားဖြင့်။ ဒါနာဒီနိ၊ အလှူအစရှိကုန်သော။ ဂ္ဂာမာနိ ပုညာနိ၊ ဤကောင်းမှုကုသိုလ်တို့ကို။ ဧဝံ၊ သို့။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ဟိ၊ အကျယ်ကား။ သစေပိ၊ အကယ်၍လည်း။ ဇမ္ဗုဒီပံ၊ ဇမ္ဗူဒိပ်ကျွန်းသောင်းဘိုက်ငန်းကို။ ဘေရိတလသဒိသံ၊ စည်မျက်နှာအတူ။ သမတလံ၊ အပြင်ညီညွတ်စွာ။ ကတွာ၊ ပြု၍။ ကောဋိတော၊ ကျွန်းစွန်းမှ။ ပဋ္ဌာယ၊ စ၍။ ပလ္လင်္ကေ၊ ရတနာပလ္လင်တို့ကို။ အတ္ထရိတွာ၊ ခင်း၍။ အရိယပုဂ္ဂလေ၊ ပုထုဇဉ်မပါ အရိယာ ပုဂ္ဂိုလ်တို့ကို။ နိသီဒါပေယျ၊ သီတင်းသုံး ထိုင်နေစေငြားအံ့။ တတ္ထ၊ ထိုအရိယာအပေါင်းတို့တွင်။ သောတာပန္နာနံ၊ သောတာပန်ပုဂ္ဂိုလ်တို့၏။ ဒသပန္တိ၊ ဆယ်စဉ်သည်။ အဿ၊ ဖြစ်ရာ၏။ သကဒါဂါမီနံ၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့၏။ပဉ္စပန္တိ၊ ငါးစဉ်သည်။ အဿ၊ ဖြစ်ရာ၏။ အနာဂါမိနံ၊ အနာဂါမ်ပုဂ္ဂိုလ်တို့၏။ အဍ္ဎတေယျပန္တိ၊ အခွဲနှင့် သုံးစဉ်သည်။ ဝါ၊ နှစ်စဉ်ခွဲသည်။ အဿ၊ ဖြစ်ရာ၏။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ ဒိယဍ္ဎာပန္တိ၊ အခွဲနှင့်တကွ နှစ်စဉ်သည်၊ ဝါ၊ တစဉ်ခွဲသည်။ အဿ၊ ဖြစ်ရာ၏။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏။ ဧကာပန္တိ၊ တစဉ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဧကကောဝ၊ တဆူတည်းသာလျှင်။ ဘဝေယျ၊

ဖြင့်ရုံ၏။ တွေ့ကသာ၊ ဤမှကြံစည် အတိုင်းအရှည်ရှိသော။ ဇနယာ၊ ပုထုဇဉ် မပါ အရိယာမျှဖြစ်သော ပုဂ္ဂိုလ်အပေါင်းအား။ ဒိန္နဒါနတော၊ လှူသော အလှူထက်။ သမ္မာသမ္ဗုဒ္ဓဿ၊ သဗ္ဗညုမြတ်စွာဘုရားတဆူအား။ ဒိန္နမေ၀၊ လှူခြင်းသည်သာလျှင်။ မဟပ္ဖလံ၊ အကျိုးကြီး၏။ ဣတရံ ပန၊ ဤမှတပါးကား။ ငါဟာနေဒါနံ၊ စာတုဒ္ဒိသာ အာဂတာနာဂတ သံဃိက ကျောင်းအလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီး၏။ ဣတရံ၊ ဤမှတပါး။ ပါဏိပါတော၊ ပါဏိပါတ သရဏဂုံသည်။ မဟပ္ဖလံ၊ အကျိုးကြီး၏။ ဣတရံ၊ ဤမှတပါး။ သိက္ခာ၊ ငါး သီလသိက္ခာသည်။ မဟပ္ဖလံ၊ အကျိုးကြီး၏။ ဣတရံ၊ ဤမှတပါး။ မေတ္တာယ၊ မေတ္တာချွန်ကို။ ဘာဝနာ၊ ပွားနေခြင်းသည်။ မဟပ္ဖလာ၊ အကျိုးကြီး၏။ ဣတရံ၊ ဤမှတပါး။ ယေတော၊ ကုန်တတ် ပျက်တတ်သော အနိစ္စသညာ ဘာဝနာအားဖြင့်။ သမ္မသန္တဿ၊ သုံးသပ်ပွားရှုသောသူ၏။ သော၀ညသိ၊ တဆယ့်ခြောက်စိတ် တဆယ့်ခြောက်လီစိတ်သော။ ကလံ၊ တစိတ်ကို။ နဂ္ဃတိ၊ မထိုက်။ တေနေဝ၊ ထိုကြောင့်သာလျှင်။ ဝါ၊ ထိုကြောင့်မဟုတ်လော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာနသမယေ၊ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး၌။ ဓမ္မာနုဓမ္မပဋိပတ္တိ အနုတ္တရပူဇာတိ၊ ဟူ၍။ အာဟ၊ ဟောတော်မူခဲ့ပြီ။

သာဓကသုတ်အနက်ကား—ဓမ္မာနုဓမ္မပဋိပတ္တိ၊ လောကုတ္တရာ အားလျော်သော တရားအကျင့်သည်။ အနုတ္တရ၊ အတုမရှိသော။ ပူဇာ၊ ပူဇော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပါဠိအဋ္ဌကထာအရပ်ရပ်တို့ဖြင့် ဟောကြား ဆုံးဖြတ်တော်မူကုန်သည်တို့ကို ထောက်ရှု၍ သက်သက်သော သံဃိကဒါနတို့ထက် သဗ္ဗညု ဘုရားမြတ်စွာတဆူတည်းကို လှူရခြင်းသည် အကျိုးကြီးမြတ်၏၊ သံဃာပါလျှင်သာ၍ အကျိုးကြီးမြတ်၏ဟူ၍ သိကုန် မှတ်ကုန်ရာသတည်း။

ဝဇိရှုပမ ဗျာကရဏ တေရသမ ပုစ္ဆာအဖြေ ပြီးပြီ၊

## စုဒ္ဒသမ ပုစ္ဆာ

(၁၄) ဂဟဋ္ဌဖြစ်သူ လူတို့၏ ဝိနည်းကျမ်းဂန်များကို သင်ကြားခြင်းသည် ဝိနယောစ သုသိက္ခိတော ဟောတော်မူအပ်သော ဒေသနာနှင့် ညီ မညီများကို အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်ဘုရား။

---

### ဝင်ရှုပမ ဗျာကရဏ စုဒ္ဒသမပုစ္ဆာ အဖြေ

(၁၄) ၎င်း စုဒ္ဒသမ လျှောက်ချက်အရ ဂဟဋ္ဌဖြစ်သူ လူသည် ဝိနည်းတရားကိုဖြစ်စေ၊ တပါးသော သုတ် အဘိဓမ္မာ တရားကိုဖြစ်စေ နိဿရဏတ္ထ အကျိုးငှါရင်း၊ ဗဟုဿုတမျှား၍ တရားဘောကို ကြည်ညိုခြင်း အကျိုးငှါရင်း သင်ကြား၍ တတ်အားသမျှ ကျင့်ရ ကြည်ညိုရသည်ရှိသော် ဝိနယောစ သုသိက္ခိတောဟူသော မင်္ဂလာမဖြစ်ဟု မဆိုရ။ အဘယ့်ကြောင့်နည်း။ ဝိနည်းတရားကို လူတို့ မသင်အပ်ဟု မြစ်ပယ်ဆုံးဖြတ်ခြင်းမရှိသောကြောင့်ရင်း၊ တရားတော်ကို မသိအပ်သော အရာ မရှိသောကြောင့်ရင်းတည်း။

ဝိနည်းတရားတော်ကို သင်ကြားလေ့ကျက်၍ မိမိကား မကျင့်လို ကြည်ညိုရှိသခြင်းမရှိ၊ တပါးသော ရဟန်းသာမဏေတို့ကို ကဲ့ရဲ့ပြစ်မှား ချုပ်ချယ်ပြောဆိုလိုသော စိတ်ကိုသာ ဖြစ်စေအံ့၊ အလဂဒ္ဒူပမာဖြစ်၍ စင်စစ်အကျိုးမရှိ အပြစ်အတိုသာ ဖြင်ရာ၏၊ ဤ၌ ဂဟဋ္ဌဖြစ်သူ လူတို့ ဝိနည်းကျမ်းဂန်ကို သင်ကြား ဆောင်ရွက်ခြင်းကိုကား ဆတ္တုပါဟန သိဘင်းသည်၊ နန္ဒမာတာ၊ မိလိန္ဒမင်းစသည်တို့ဖြင့် ထင်ရှားစွာ သိအပ်၏။ ထိုသူတို့သည် ပိဋက ၃-ပုံကို ဆောင်သောသူ သင်သောသူတို့ ဟူကုန်၏။ ဓမ္မပဒအဋ္ဌကထာ၊ သုတ္တနိပါတ် အဋ္ဌကထာ၊ မိလိန္ဒပဉှာပါဠိ ကျမ်းကြီးကျမ်းမတို့၌ ဆိုကုန်၏။

မင်္ဂလသုတ် အဋ္ဌကထာ ဋီကာတို့၌ကား စင်စစ်အားဖြင့် ကောင်းစွာသင်အပ် ကျင့်အပ်သော အဂါရိယဝိနယ အနဂါရိယ ဝိနယဟူ၍ ၂-ပါး၊ ထို ၂-ပါးတို့တွင် သုသိက္ခိတအဂါရိယဝိနယကို လူတို့ကျင့်ခြင်း၊သုသိက္ခိတ အနဂါရိယဝိနယကို ရဟန်းတို့ ကျင့်ခြင်းဖြင့် မင်္ဂလာဖြစ်သည်ဟု ပြတော်မူကုန်၏။

**ဝိနယောတိ ကာယ ဝါစာ စိတ္တဝိနယနံ၊ သုသိက္ခိတောတိ သုဋ္ဌု သိက္ခိတော။**

**ဤကား** မင်္ဂလသုတ် အဋ္ဌကထာ ပဒဝဏ္ဏနာတည်း။

**ဝိနယောတိ ကာယဝါစာစိတ္တေဟိ ဝိနယနံ။ သုဋ္ဌု သိက္ခိယတေတိ သုသိက္ခိတော။**

ရင်းမင်္ဂလသုတ်ဋီကာ။

**ဝိနယောတိ၊** ဟူသည်ကား။ ကာယဝါစာစိတ္တဝိနယနံ၊ ကိုယ်နှုတ်စိတ်တို့ဖြင့် ဆုံးမခြင်းတည်း။ **သုသိက္ခိတောတိ၊** ဟူသည်ကား။ သုဋ္ဌု၊ ကောင်းစွာ။ သိက္ခိတော၊ သင်အပ် ကျင့်အပ်သည်တည်း၊ (အဋ္ဌကထာ)အနက်။

ဝိနယောတိ၊ ဟူသည်ကား။ ကာယဝါစာစိတ္တေဟိ၊ ကိုယ်နှုတ်စိတ်တို့ဖြင့်။ ဝိနယနံ၊ ဆုံးမခြင်းတည်း။ သုဋ္ဌု၊ ကောင်းစွာ။ သိက္ခိယတေ၊ သင်အပ် ကျင့်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုသိက္ခိတော၊ မည်၏။

ဝိနယသဒ္ဒါကား ဘာဝသာဓန။ သုသိက္ခိတသဒ္ဒါကား ကမ္မသာဓန။ ဤအဋ္ဌကထာ ဋီကာတို့အလိုအားဖြင့် ဝိနည်းတရားကို ကောင်းစွာသင်ခြင်း ကျင့်ခြင်းဟု မဆိုလို။ကောင်းစွာသင်အပ် ကျင့်အပ်သော ကိုယ်နှုတ်စိတ်တို့ဖြင့် ဆုံးမခြင်းအကျင့် ဝိနည်းတရားဟူလိုသည်။ထို့ကြောင့် ဝိနယော၊ ဝိနည်းတရားကို။ ယော သုသိက္ခိတော စ၊ အကြင်သင်ခြင်း ကျင့်ရခြင်းသည်ရင်းဟူ၍ အနက်မယောဇနာအပ်။ သုသိက္ခိတော၊ ကောင်းစွာ သင်အပ် ကျင့်အပ်သော။ ယော ဝိနယော စ၊ အကြင်ဝိနည်းတရား အကျင့်သည်ရင်း ဟူ၍သာ အနက်ယောဇနာသင့်သည်။ သဒ္ဒနယကို လိမ္မာမှ နားလည်မည်။

ထိုကောင်းစွာ သင်အပ် ကျင့်အပ်သော ဝိနည်း အကျင့်တရားသည်လည်း လူတို့၏ အဂါရိယ ဝိနည်းအကျင့်တရား၊ ရဟန်းတို့၏ အနဂါရိယ ဝိနည်း အကျင့်တရားဟူ၍ နှစ်ပါးရှိ၏။ ထိုတရား နှစ်ပါးတို့တွင် အဂါရိယ ဝိနည်း တရားဟူသည်ကား အကုသလကမ္မပထ တရားဆယ်ပါးကို ကိုယ် နှုတ် စိတ်တို့ ဖြင့် ကြဉ်ခြင်း ကျင့်ခြင်းတည်း။ ထိုသို့ ကောင်းစွာကျင့်အပ်သော အဂါရိယ ဝိနည်း အကျင့်တရားသည် ပစ္စုပ္ပန် တမလွန် စီးပွားချမ်းသာကို ဆောင်တတ် သောကြောင့် မင်္ဂလာမည်၏။ အနဂါရိယ ဝိနည်းတရားဟူသည်ကား အာပတ် ၇-ပုံကို မသင့်စေခြင်းတည်း။ ထို အနဂါရိယ ဝိနည်းတရားသည်လည်း အရ ဟတ္တဖိုလ်သို့ ရောက်အောင် ကျင့်အပ်သော အနဂါရိယ ဝိနည်းတရားသည် လောကီ လောကုတ္တရာ ချမ်းသာ၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာ

မည်၏ဟူ၍ရှင်း၊ မင်္ဂလသုတ်အဖွင့် ခုဒ္ဒကပါဌအဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာတို့၌ ဆိုကုန်သတည်း။

ဝိနယော နာမ အဂါရိယဝိနယော စ အနဂါရိယဝိနယော စ၊ တတ္ထ အဂါရိယဝိနယော ဒသ အကုသလကမ္မပထဝိရမဏံ၊ သော တတ္ထ အသံကိလေသာပဇ္ဇနေန စ အာစာရဂုဏဝဝတ္ထာနေန စ သုသိက္ခိတော ဥဘယလောကဟိတသုခါဝဟနတော မင်္ဂလံ။ အနဂါရိယဝိနယော စ သတ္တာပတ္တိက္ခန္ဓ အနာပဇ္ဇနံ၊ သောပိ ယထာဝုတ္တနယေနေဝ သုသိက္ခိတော၊ စတုပါရိသုဒ္ဓိသီလံ ဝါ၊ အနဂါရိယဝိနယော၊ သော ယထာ တတ္ထ ပတိဋ္ဌာယ အရဟတ္တံ ပါပုဏာတိ ဧဝံ သိက္ခနေန သုသိက္ခိ တော လောကိယလောကုတ္တရသုခါဓိဂမဟေတုတော မင်္ဂလန္တိ ဝေဒိ တဗ္ဗံ။

၎င်းခုဒ္ဒကပါဌအဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာ မင်္ဂလသုတ်အဖွင့်။

အနက်ကား—ဝိနယော နာမ၊ ကိုယ်နှုတ်စိတ်တို့ဖြင့် ဆုံးဖြတ်ခြင်း ဝိနည်း မည်သည်ကား။ အဂါရိယဝိနယော စ၊ လူတို့၏ ဝိနည်းရှင်း။ အနဂါရိယဝိန ယော စ၊ ရဟန်းတို့၏ ဝိနည်းရှင်း၊ ဣတိ၊ သို့။ ဒွေ၊ နှစ်ပါးတို့တည်း။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အဂါရိယဝိနယော၊ လူတို့၏ဝိနည်းအကျင့်သည်။ ဒသ အကုသလကမ္မပထဝိရမဏံ၊ ဆယ်ပါးသော အကုသလကမ္မပထတရားတို့ကို ကြဉ်ခြင်းတည်း။ တတ္ထ၊ ထိုဆယ်ပါးသော အကုသလကမ္မပထတရားတို့၌။ အသံကိလေသာပဇ္ဇနေန စ၊ ညစ်ညူးကြောင်း အကုသိုလ်စေတနာသို့ မရောက်ခြင်း ဖြင့်ရှင်း။ အာစာရဂုဏဝဝတ္ထာနေန စ၊ အကျင့်ဂုဏ် အကျိုးကို ပိုင်းခြားမှတ်သား သဖြင့်ရှင်း။ သုသိက္ခိတော၊ ကောင်းစွာကျင့်အပ်သော။ သော ဝိနယော၊ ထိုလူတို့၏ ဝိနည်းအကျင့်တရားသည်။ ဥဘယလောကဟိတသုခါဝဟနတော၊ နှစ်ပါးစုံသော ပစ္စုပ္ပန် တမလွန်လောက၏ စီးပွားချမ်းသာကို ဆောင်တတ် သောကြောင့်။ မင်္ဂလံ၊ မင်္ဂလာမည်၏။ အနဂါရိယဝိနယော စ၊ ရဟန်းတို့၏ ဝိနည်းအကျင့်သည်လည်း။ သတ္တာပတ္တိက္ခန္ဓေ၊ အာပတ်ခုနစ်ပုံတို့သို့။ အနာ ပဇ္ဇနံ၊ မရောက်စေခြင်းတည်း။ ဝါ၊ မသင့်စေခြင်းတည်း။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော အကုသလ ကမ္မပထတရား ဆယ်ပါးကို ကြဉ်ခြင်းနည်းဖြင့်သာ လျှင်။ သုသိက္ခိတော၊ ကောင်းစွာကျင့်အပ်သော။ သော ဝိနယော၊ ထိုအာ ပတ် ၇-ပုံတို့ကို မသင့်စေခြင်းဟု ဆိုအပ်သော ရဟန်းတို့၏ ဝိနည်းအကျင့် တရားသည်။ ဝါ- တနည်းကား။ စတုပါရိသုဒ္ဓိသီလံ၊ စတုပါရိသုဒ္ဓိ သီလဟု ဆို အပ်သော။ အနဂါရိယဝိနယော၊ ရဟန်းတို့၏ ဝိနည်းအကျင့်တရားတည်း။ သော ဝိနယော၊ ထိုစတုပါရိသုဒ္ဓိသီလဟု ဆိုအပ်သော ရဟန်းတို့၏ ဝိနည်း

အကျင့်သည်။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ တတ္ထ၊ ထိုစတုပါရိသုဒ္ဓိသီလ၌။ ပတိဋ္ဌာယ၊ တည်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ဝါ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဧဝံ တထာပိ၊ ထိုအခြင်းအရာဖြင့်လည်း။ သိက္ခနေန၊ ကျင့်သဖြင့်။ သုသိက္ခိတော၊ ကောင်းစွာ ကျင့်အပ် သင်အပ်သည်ရှိသော်။ လောကိယ လောကုတ္တရသုခါဓိဂမဟေတုတော၊ လောကီ လောကုတ္တရာ ချမ်းသာကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့်။ မင်္ဂလံ၊ မင်္ဂလာမည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤ၌ အသံကိုလေသာပဇ္ဇနေနဖြင့် ကျင့်ခြင်း၊ အာစာရဂေါစရဝတ္တာနေနဖြင့် သင်ခြင်းကိုယူ။

သို့ဖြစ်၍ လူဖြစ်သောသူသည် ကောင်းသောစိတ်ဖြင့် သင်သည်ရှိသော် အပြစ်မရှိ မင်္ဂလာဟူသော အကျိုးရှိရာ၏။ မကောင်းသောစိတ်ဖြင့် သင်သည်ရှိသော် အကျိုးမရှိ အပြစ်အတိသာ ဖြစ်ရာ၏။ အကျင့်မှုကား အာဂါရိယဝိနယကို လူကျင့်မှု၊ အနာဂါရိယဝိနယကို ရဟန်းကျင့်မှု အကျိုးရှိ၏ဟူ၍ ဝိဘင်္ဂဓါဒီအားဖြင့် ခွဲပြား၍ သိရာ မှတ်ရာသတည်း။

**ဝဇီရူပမ ဗျာကရဏ စုဒ္ဒသမ ပုစ္ဆာအဖြေ ပြီးပြီ။**

# ပန္နရသမ ပုစ္ဆာ

(၁၅) ပဗ္ဗဇိတဖြစ်သော ရဟန်းတော်တို့သည် လူဒါယကာတို့အား ဝိနည်းတရားကို ဟောကြားအပ်၊ မဟောကြားအပ်များကိုလည်း အကျိုးအပြစ် ဝတ္ထုသက်သေနှင့်တကွ သိလိုပါသည်ဘုရား။

---

## ဝဇီရူပမ ဗျာကရဏ ပန္နရသမပုစ္ဆာ အဖြေ

(၁၅) ၎င်း ပန္နရသမ လျှောက်ချက်အရ ရဟန်းသာမဏေများသည် အိမ်ရာထောင်သူ လူဒါယကာ ဒါယိကာမတို့အား အကြောင်းအခွင့်နှင့် လျော်သည်ရှိသော် သာသနာနုဂ္ဂဟ သာသနဝိသောဓန အကျိုးငှါ ဝိနည်းတရားကို ပြောဟောသင်ကြား ပို့ချခြင်းငှါ အပ်သည်သာဖြစ်၏၊ မအပ်သည်မဟုတ်။ ရဟန်းတပါးတို့ကို အရှက်ရစေလို၊ ကဲ့ရဲ့ချုပ်ချယ်စေလိုသဖြင့်ကား မပြော မဟောအပ်။ ဘုရားသခင် ရှေးလက်ထက်တော်အခါ၌ ကီဋာဂိရိဇနပုဒ်၌ အဿဇိ ပုနဗ္ဗသုက အလဇ္ဇီရဟန်းဘွဲ့ကို အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလာန်တို့နှင့်တကွ ရဟန်းသံဃာတော်များသည် ပဗ္ဗာဇနီယကံ ပြုသောအခါ ဒါယကာတို့ ဆွမ်းဖိတ် လုပ်ကျွေးရာ ထိုထိုအရပ်၌ အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလာန်မထေရ်တို့သည် ရဟန်းတို့၏ အကျင့်ပဋိပဒါတရားကို ဟောကြားကုန်လျက် ဤသို့သောသူကား ရဟန်းတည်း၊ ဤသို့သောသူကား ရဟန်းမဟုတ် ဟူ၍ လူတို့ကို မှတ်စေကုန်၍ ပဗ္ဗာဇနီယကံပြုကြောင်းကို ဘိက္ခုဝိဘင်းအဋ္ဌကထာ ပဗ္ဗာဇနီယ သိက္ခာပုဒ်အဖွင့်၌ ဆိုကုန်၏။

•

တေန သံဃေန ပဗ္ဗာဇနီယကမ္မံ ကတာတိ၊ ကထံ သံဃော ကမ္မံ အကာသိ န ဂန္တွာ၀ အဇ္ဈောတ္ထရိတွာ အကာသိ၊ အထ ခေါ ကုလေဟိ နိမန္တေတွာ သံဃဘတ္တေသု ကရိယမာနေသု တသ္မိံ တသ္မိံ ဌာနေ ထေရာ သမဏပဋိပဒံ ကထေတွာ အယံ သမဏော အယံ အသမဏောတိ

မနုဿေ သညာပေတွာ ဧကံ ဒွေ ဘိက္ခူ ဌိမံ ပဝေသေတွာ ဧတေနေဝ ဥပါယေန သဗ္ဗေသံ ပဗ္ဗာဇနီယကမ္မံ အကံသူတိ။

ဇင်း ဘိက္ခုဝိဘင်းအဋ္ဌကထာ ပဗ္ဗာဇနီယသိက္ခာပုဒ်အဖွင့်။

အနက်ကား—တေန သံဃေန ပဗ္ဗာဇနီယကမ္မကထာတိ ဧတ္ထ၊ ဟူသော ပါဌ်၌။ကထံ၊ အဘယ်သို့။သံဃော၊ သည်။ ကမ္မံ၊ ပဗ္ဗာဇနီယကံကို။အာကာသိ၊ ပြုသနည်း။ ဂန္တွာဝ၊ သွား၍သာလျှင်။ အဗျောဒ္ဓတ္ထရိတွာ၊ နှိပ်စက်လွှမ်းမိုး၍။ န အကာသိ၊ မပြု။ အထ ခေါ၊စင်စစ်သော်ကား။ကုလေဟိ၊ဒါယကာတို့သည်။ နိမန္တေတွာ၊ ဖိတ်၍။ သံဃဘတ္တေသု၊ သံဃဘတ်တို့ကို။ ကရိယမာနေသု၊ ပြုအပ်ကုန်သည်ရှိသော်။ တသ္မိံ တသ္မိံ ဌာနေ၊ ထိုထိုသို့သောအရပ်၌။ ထေရာ၊ အရှင်သာရိပုတြာအရှင်မဟာမောဂ္ဂလာန်မထေရ်တို့သည်။သမဏပဋိပဒံ၊ရဟန်းတို့၏ အကျင့်တရားကို။ ကထေတွာ၊ ဟောကြား၍။ အယံ၊ ဤသူသည်။ ဤသို့အကျင့်သဘော ရှိသောသူသည်။ သမဏော၊ ရဟန်းတည်း။ အယံ၊ ဤသူသည်၊ ဤသို့အကျင့်သဘောရှိသော သူသည်။ အသမဏော၊ ရဟန်းမဟုတ်။ ဣတိ၊ သို့။မနုဿေ၊ လူတို့ကို။သညာပေတွာ၊မှတ်သိစေကုန်၍၊ ဧကံ၊ တယောက်သော။ ဘိက္ခုံ၊ ရဟန်းကို။ ဒွေ၊ နှစ်ယောက်ကုန်သော။ဘိက္ခူ၊ ရဟန်းတို့ကို။ ဧကံ ဒွေ ဘိက္ခူ၊တယောက်နှင့်နှစ်ယောက် ရောသဖြင့် သုံးယောက်သောရဟန်းတို့ကို။ (မိဿက သင်္ချာယူ၍ ဘိန္နသတ္တိ သမဝတနည်း ယောဇနာ။) ဌိမံ၊ သိမ်ဘွင်းသို့။ ပဝေသေတွာ၊ သွင်းကုန်၍။ ဧတေနေဝ ဥပါယေန၊ ဤသို့သော အသင့်နည်းဖြင့်သာလျှင်။ သဗ္ဗေသံ၊ အလုံးစုံသော ရဟန်းတို့အား။ပဗ္ဗာဇနီယကမ္မံ၊ ပဗ္ဗာဇနီယဝိနည်းကံကို။ အကံသု၊ ပြုကုန်ပြီ။ ဣတိ၊ ဤသို့မှတ်ရာ၏။

ဒုတိယ သင်္ဂါယနာ နိဒါန်း၌လည်း အရှင်မဟာယသ ရဟန္တာမထေရ်သည် ဝေသာလီပြည်သား လူဥပါသကာတို့အား ရွှေငွေသည် သမဏသကျပုတ္တရဟန်းတို့ မအပ်ကြောင်းစသော ဝိနည်းတရားကို ဟောကြားတော်မူသည်ကို စူဠဝါ သတ္တသတိကက္ခန္ဓက ပါဠိတော်၌ ဆို၏။

ဤသို့စသောအားဖြင့် အကြောင်းအခွင့် သင့်ရာလျော်ရာတို့၌ လူဒါယကာတို့အား ဝိနည်းတရားတော်ကို နားလည်လိမ္မာစေခြင်းငှာရင်း၊ သာသနာနုဂ္ဂဟ သာသန ဝိသောဓနေ အကျိုးငှါရင်း စင်စစ်သင်ကြား ပြောဟောအပ်၏။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၌ ပြောဟောကုန်သကဲ့သို့ ဝတ္ထု အာပတ်တို့ကိုစပ်၍ ရဟန်းတပါးတို့ကို အရှက်ရစေခြင်းငှာရင်း၊ ကဲ့ရဲ့ချုပ်ချယ်စေခြင်းငှာရင်း မကောင်းသောစိတ်ဖြင့် ပြောကြားကုန်မူကား စင်စစ် မအပ်

သည်သာတည်းဟူ၍ ကောင်းကောင်းကြီး မှတ်ယူကြကုန်ရာသတည်း။ အကျိုးဝတ္ထုကို မဟာဗေဒိသတ္တတို့ကဲ့သို့၊ အပြစ်ဝတ္ထုကို ကပိလရဟန်းစသည်တို့ကဲ့သို့ မှတ်လေကုန်။

ဝဇီရှုပမ ဗျာကရဏာ ပန္နရသမပုစ္ဆာအဖြေ ပြီးပြီ။

ဤမျှလောက်သော ဧကောအစဉ်ဖြင့် လင်္ဂီ အလင်္ဂီဖြစ်သော ၁၅-ပါးသော ပုစ္ဆာတို့၌ တရားကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း တပေါင်းတည်း လိမ္မာခြင်း ဉာဏ်ရောက်အထူးပြု၍ ရေးသားဆုံးဖြတ် ဖြေဆိုအပ်သော ဝဇီရှုပမ ဗျာကရဏာကျမ်းသည် အပြီးသို့ ရောက်သတည်း။

* * *

# နိဂုံးဂါထာပါဠိ အနက်

၁။ မနံ ရဇ္ဇေဟိ ပတ္တာနံ၊ ဍ္ကာတိ မန်သည်တိ နာမကော။
နဂရေ ရာဇဂါမန္တ-မှဟာဝိဟာရ-မာရမေ။

၂။ ဝသန္တော ယောမဟာထေရော၊ အကာသိ တံ ဝိသဇ္ဇနံ။
တဿ နာမံ ယထာဘူတံ၊ ဇေ၀ံ စိန္တေန္တု ပဏ္ဍိတာ။

၃။ သူရိယာနုဂတံ သီဃံ၊ ဟံသရာဇာန-မာလပ။
ဍ္ကာတိ ဇာနန္တု တံ နာမံ၊ ပဏ္ဍိတာ နယကောဝိဒါ။

၄။ ဇေတရိ ကာရိယေဝါ ယော၊ တာလုဋ္ဌာနေသု ကက္ခရော။
စိတ္တမာလုတနာဂေသု၊ ပစ္စယေ ဗျဥ္ဇနေ စ ယော။
သောပိ ကော ဒန္တဇေသု တု၊ သုဂတော ဗန္ဓနေပိ စ။

၅။ ကာရိယေ သံပုဏ္ဏေခေဝ၊ တျက္ခရမေဝ သဗ္ဗလုံ။
တဿ နာမန္တိ ဇာနန္တု၊ ဂရူဟိ ဂဟိတဗ္ဗကံ။

၆။ မာဃဘာရံ စက္ကေ ပတ္တော၊ ဇိနနိဗ္ဗုတိ ကာလတော။
ဂုတ္တရူပံ သက္ကေ ဝာပိ၊ အာဒျာသင္ဃ ပုရဋ္ဌမေ။

၇။ ဒိနေ ရဝေက ဃဋ္ဋမှိ၊ နိဋ္ဌိတံ တံ သုဒုလ္လဘံ။
ဝဇိရူပမံ တေနေဝ၊ သဒ္ဒါ ဇယန္တု သဇ္ဇနာ တိ။

၁။ ပတ္တာနံ၊ ဆောက်လာကုန်သူ ရှင်လူခပင်းတို့၏။ မနံ၊ စိတ်နှလုံးကို။ ရဇ္ဇေတိ၊ တပ်စွန်းစုံမက် နှစ်သက်မြတ်နိုး စေတတ်၏။ ဍ္ကာတိ ဘသ္မာ၊ ထိုသည့်သကာတ် ထိုဗျုပ္ပတ်နှင့် ပ၀တ္တနိမိတ် ထိုဂုဏ်ဟိတ်ကြောင့်။ မန်လည်တိနာမကေ၊ မန်သည်ဟူသည် ဂုဏ်အမည်ရှိသော။ (မနောရဉ္ဇသဒ္ဒါကို နတံခွန် ရကိုလပြု၍ ဗျဥ္ဇနန္တ မြန်မာဘာသာ သဒ္ဒါနုသာရီအားဖြင့် မန်လည်မည်၏ ဟူလို။ မနောဂိုဆိုး မနောသဒ္ဒါ၏ နကို တံခွန်လွှား၍ မြန်မာဘာသာ သဒ္ဒါနုသာရီ ခေါ်ဝေါ်သော ဝေါဟာရ ထုံးမရှိ ဟူငြားအံ့။ ရှိ၏ဟူခေ၊ အဘယ်နည်းဟူမူ မနောသီလာ ဟူသော မာဂဓ သဒ္ဒါရင်း၌ နကို တံခွန်လွှား၍ မန်သီလာဟု အစဖြစ်ရာ၏။ နောက်မြန်းသီလာဟု မဍ္ဍ ရသံယောဂအသံ ဖြစ်ပြန်ရာ၏၊ နောက် နကို ငပြု၍ မြင်းသီလာခေါ်သကဲ့သို့တည်း။ သတိထား၍ ဆင်ခြင်ကြလေကုန်)။ နဂရေ၊ မြို့၌။ ရာဇဂါမန္တမဟာဝိဟာရမာရမေ၊ ရွေးကဝေါ်ဘာ မင်းကုန်းရွာအနီး မဟာဝိဟာရ နာမသမိုက် ပြာသာဒ်ကျောင်းကြီးတိုက်၌။

၂။ ဝေသန္တရာ၊ သီတင်းသုံး၍ နလုံးကြည်လင် စာသဘင်နှင့် နေဝင်နေထွက် ဆက်ကာ ဆက်ကာ မချော်နေညာ မြနိစ္စဖြင့် ပို့ချကြည့်ရှုကာနေသော။ ယော မဟာထေရော၊ အကြင် ကျမ်းပြုဇာနည် မဟာထေရ်သည်။ ငါ၊ အကြင် ၃၇-ဝါ ပြည့်သိက္ခာနှင့် မဟာထေရ်ပေါက် ပြောင်ရှယ်ထောက်သော မထေရ်ကြီးသည် တံ ဝိသုဒ္ဓနံ၊ ထို ၁၅-ချက် နိုင်ကျယ်ဝန်း မေ ခွန်သိမ်မွေ့ ရှိသမျှကို ကျမ်းတွေ့မစုံ အာဂုံမငှ ကျမ်းမဝသော အပွဲသုဘာ ဒုပ္ပညာတို့ လွန်စွာသိနက် ဆုံးဖြတ်ခက်သော အခဖြောင်းကိုအဘာသိ၊ ကရုဏာကြီးမား အားပါဘာသုဘ် အဟုတ်အဟုတ် ပြုလတ်ပြီ။ ဘယ မဟာထေရသ၊ ထိုကျမ်းပြုဇာနည် မဟာထေရ်၏။ နာမံ၊ အမည်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ ဝါ၊ ဟုတ်မှန်သဖြင့်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝါ၊ ဝိဒါဂဏ္ဌနံ ကျမ်းထူးညဏ်ရိုကုန်သော ပညာရှိအပ်သည်။ ခေါ်၊ ဤသို့ ဝါ၊ ဤသို့ဆိုလတ်သော ဝိဒဂ်နည်းဖြင့် ဝိဇ္ဇန္နူ၊ ကြံကြကုန်သော။ ဝါ၊ ကြံကြကုန်လသေး။

၃။ ဒေဘာ ပဏ္ဍိတာ၊ အို ပဏ္ဍိတ်။ ဝါ၊ အိုပညာရှိ ကဝိကာဝိန် သုခမိန်။ သူရိယာနုဂတာ၊ နေသို့ အစဉ်သိုက်သော။ ဝါ၊ နေနှင့်အပြိုင် ပံ့လိုက်နိုင်သော။ ဝါ၊ လူ့ပြည်ဌာနီ လူ့လောကီတွင် တနာရီဘနာရီသွေးလျှင် ငါးသောင်းငါးသောင်းသော ယူဇနာအစွန့်သို့ မြူးကွန့်ခမ္မဘာ ရောက်နိုင်စွာလျက် ကြေဝဋ္ဋာတိုက်လယ် သုံးသန်းနှယ်ကို ၆ဝ ဆဒ္ဒီ နာရီတိုင်းသော် နေ့ဘိုင်းခတ်သော ရဟတ်ဖမ်ဝါ နေစကြာနှင့် မကွာတူယှဉ် အစဉ်ပံ့လိုက်နိုင်သော။ သီဃံ အတိသီဃံ၊ အလွန်လျင်မြန်ထသော။ ဝါ၊ လေးသမားလေးဦး မကျူးချိန်ကာ လေးမျက်နှာသို့ တခါတည်းပစ်လွှတ်သော မြားလေးစင်းတို့ကို ချက်ချင်းခဏ မြေမကျခင် အရမျက်မှောက် တပြိုင်နက် ကောက်နိုင်အောင် အထောက်မတန် အလွန်မြန်ထသော။ ဟံသရဇာနံ၊ ဟသ်ာမင်းကို။ အာလပ၊ အာလုပ်ဖော်၍ ခေါ်ဘိလော့။ ဣတိဝေ၊ အာလပနေနှ၊ ဤသို့ခေါ်ခြင်းဖြင့်။ တံ နာမံ၊ ထိုကျမ်းပြုဇာနည် မဟာထေရ်၏ အမည်သညာဝေါဟာရပညတ် နာမ်သကတ်ကို။ နယကောဝိဒ၊ ဝိဒဂ်နည်း၌ လိမ္မာကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဇာနာထ၊ သိကြကုန်လော့။ ဝါ၊ သိကြကုန်လသေး။

၄။ ဝါ၊ တနည်းကား။ တာလုဋ္ဌာနေသု၊ တာလုဋ္ဌာန်၌ ဖြစ်ကုန်သော အက္ခရာတို့တွင်။ ယော အက္ခရော၊ အကြင်အက္ခရာသည်။ ဓေတရိ၊ အောင်တတ်သော သူဟူသော အနက်၌ရှင်း။ ကာရိယေ၊ ဝုစ္စုံသဒ္ဒါ၏ ကာရိယ၌ရှင်း။ ပဝတ္တော၊ ဝါစကအားဖြင့် ဖြစ်၏။ သော အက္ခရော၊ ထိုအက္ခရာသည်။ ကော၊ အဘယ်အက္ခရာနည်း။ အာဝဒ၊ ထင်စွာဆိုဘိလော့။ ဝါ၊ ထင်စွာဖော်ဘိလော့။ ဒန္တဇေသု၊ ဒန္တဋ္ဌာန်၌ဖြစ်ကုန်သော အက္ခရာတို့တွင်။ ယော အက္ခရော၊

အကြောင်းအက္ခရာသည်။ စိတ္တမာလုတ နာဂေသု၊ စိတ်ဟူသောအနက် လေဟူသော အနက် နဂါးဟူသောအနက် ဆင်ဟူသော အနက်တို့၌ဖြစ်၏။ ပစ္စယေ စ၊ ပစ္စည်းဟူသော အနက်၌ဖြစ်၏။ ဗျဉ္ဇနေ စ၊ ဗျည်းဟူသော အနက်၌ဖြစ်၏။ ပဝတ္တော၊ ဝါစကအားဖြင့် ဖြစ်၏။ သော ပိ အက္ခရော၊ ထိုအက္ခရာသည်လည်း။ ကော၊ အဘယ်အက္ခရာနည်း။ အာဝဒ၊ ဆိုဘိလော့။ ဝါ၊ ထင်စွာ ဖော်ဘိလော့။ ဝါ အပရော၊ တပါးသော အက္ခရာကား။ ဒန္တဇော၊ ဒန္တဋ္ဌာန်၌ဖြစ်ကုန်သော အက္ခရာတို့တွင်။ ယော အက္ခရော၊ အကြောင်းအက္ခရာသည်။ သုဂတေ၊ ဘုရားဟူသောအနက်။ ဝါ၊ ကောင်းသော အသွားဟူသောအနက်၌ဖြစ်၏။ ဗန္ဓနေပိ၊ နှောင်ဖွဲ့ခြင်းဟူသော အနက်၌ဖြစ်၏။

၅။ ကာရိယေ စ၊ တသဒ္ဒါ၏ကာရိယ၌ဖြစ်၏။ သံပုဏ္ဏေ စ၊ ပြည့်ခြင်းဟူသော အနက်၌ဖြစ်၏။ ပဝတ္တော၊ ဖြစ်၏။ သော ပိ အက္ခရော၊ ထိုအက္ခရာသည်လည်း။ ကော၊ အဘယ်အက္ခရာနည်း။ အာဝဒ၊ ထင်စွာဆိုဘိလော့။ ဝါ၊ ထင်စွာ ဖော်ဘိလော့။ ဧဝံ၊ ဤသို့ဖော်ဆိုသဖြင့်။ တျက္ခရံ၊ အက္ခရာသုံးလုံးရှိသော။ သဗ္ဗလံ၊ အလုံးစုံ လဟုရှိသော။ ဝါ၊ အလုံးစုံ လဟုရှိသော နဂိုဏ်းဖြစ်၍ဖြစ်သော။ တဿ၊ ထိုကျမ်းပြုဇာနည် မဟာထေရ်၏၊ ဂရုဟိ၊ ဆရာတို့သည်၊ ဝါ၊ ကျောက်သီးအတူ လေးမြတ်မှုအပ်သော ဆရာမြတ်တို့သည်။ ဝါ၊ ဆရာသာ မှည မည်ရုံမျှမဟုတ် ပုဒ်စစ် သဒ္ဒါစစ် နည်းလေးဆယ် သံဝဏ္ဏနာ ညဝါဝဏ္ဏှိ အစရှိသော သာသနာ့ပကာရ ကျမ်းထိုမျှနှင့်တကွ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ လောကီကျမ်းတို့ပါ စီရင်ဆုံးဖြတ်တော်မူနိုင်သော လောကဓမ္မ စွယ်စုံပေါက်လှ မကာရလောပ ခေါ်ဝေါ်ကြသော တောင်တွင်းအကျော် ဆရာတော်ဘုရား ကြီးထံ နည်းခံလို့ အာဂုံရသော ဆရာ့ဆရာ ဝံသာလင်္ကာရ ဝံသာနုရက္ခန ပစ္စည်ပြုလျက် တတိယရောက် တဆူပါမောက် ဂုဏ်ထူးမြောက်သဖြင့် ကျောက်ထီးအတူ လေးမြတ်မှုအပ်သောဆရာမြတ်တို့သည်။ ဂဟိတဗ္ဗကံ၊ ပညတ် ကြည်ဖြူ မှည့်ယူခေါ်ဝေါ်တော်မူအပ်သော။ နာမန္တိ၊ အမည်ဟူ၍။ ဇာနန္တိ၊ သိကြကုန်၏။

ဤ ပဋ္ဌမဗျာသတ္တဗန္ဓ၌ သူရိယာနုဂတ အဘိသိဃ ဟသံ့ာမင်းကို ခေါ်လော့ ဟူရာ၌ ဇာန-ဟူလို။ တနည်း-ဒုတိယသမာသ္တ ဗန္ဓ၌ကား တာလုဇအက္ခရာတို့ တွင် အောင်တတ်သောသူဟူသောအနက်၊ ဝုစုသဒ္ဒါ၏ ကာရိယ အနက်ကို ဟောသော အက္ခရာဟူရာ၌ ဇ-အက္ခရာဟူလို။ ၎င်း၌သည်း ဇန္တာဃရဟူသော စရုံးအိမ် မီးတင်းကုပ်ကို ဟောသော သဒ္ဒါ၌ ဇ-အက္ခရာသည် အောင်တတ် သောသူဟူသော အနက်၌ ဖြစ်၏။

ဇတ္တ ဟိ ဇန္တုဿန္တိ အာဒီသု ဇကာရော ဇေတရိ ဟောတိ၊ တွေ ဟိ ဇေ ရာဂဝေရိဇေဘာရေ ဇနေ တာယတီတိ ဇန္တာ၊ ဇန္တာ စ တံ ဿန္ဒေတိ ဇန္တုဿန္တိ အတ္တော။

ဇေက္ခုရကောသ ဋီကာ။

ငှုံသဒ္ဒါ၏ ကားရိုယ်နှင့်ကား ငှုံဿ ဇော ဂူယိဓ္ဓေသု ဟူသော ကစ္စည်း သုတ်ဖြင့် ထင်ရှား၏။ သေဒ္ဒါဖြင့် လျင်စွာသွားတတ်သော သတ္တဝါ ဟူသော ဝေဂိတအနက်ကိုလည်း ယူ။

မိဂေဇလံ မစ္ဆဇလန္တိတွေ ဝေဂိတော၊ တွေ ဟိ ဇေ သီဃဇဝေ ဓာဝန္တေ မိဂါဒယော လာတိ ဂဏှာတိ ဇေတေနာတိ ဇာလန္တိ အတ္တော တိ။ အာစရိယာ ပနေတ္တ ဇာလ ဗာဓနေတိ ဓာတုံပိ ပရိကပ္ပန္တိတိ။

ငင်း ဘေက္ခရကောသဋီကာ။

စိတ္တ မာလုတ နာဂ ငစ္စည်း ဗျည်းဟူသောအနက်ကို ဟောသော အက္ခရာ ဟူရာ၌ ဝ-အက္ခရာဟူလို။

ငင်း၌—

တတ္တ ဒုဋ္ဌဝေါ သင်္ဂတောသာဝံ၊ ဝရာဇ ဇနတာ ဟိတံ။ ကာတုံ သဿ ဝိနာသာယ၊ တတော သဿာဒိ နာသနန္တိတွေ ဝကာရော၊ ယထာက္ကမံ စိတ္တမာလုတနာဂေသု ဟောတိ။

ငင်း ဇေက္ခရကောသဋီကာနှင့်အညီ အစဉ်အတိုင်းယူလေ။

ဋီကာ၏ အနက်ကား—တတ္တ၊ ထိုအနက်တို့တွင်။ ဒုဋ္ဌဝေါ ။ လ။ နာသနန္တိ တွေ၊ ဟူသော ဤဂါထာ၌။ ဝကာရော၊ ဝအက္ခရာသည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ စိတ္တမာလုတနာဂေသု၊ စိတ် လေ နဂါး ဆင်ဟူသော အနက်တို့၌။ ဟောတိ၊ ၏။ ဒုဋ္ဌဝေါ-ဒုဋ္ဌစိတ္တော၊ မကောင်းကြမ်းကြုတ် ယုတ်မာဆိုးရွားသော စိတ်ရှိသော။ ဝရာဇာ-နာဂရာဇာ၊ နဂါးမင်းသည်။ ဆင်မင်းသည်။ ဇနတာဟိတံ-ဇနသမူဟဿ အဟိတံ၊ လူအပေါင်းတို့၏ အစီးအပွားမဲ့ခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ သဿဝိနာသာယ-သဿာနံ ဝိနာသနတ္ထံ၊ ကောက်တို့ကို ပျက်စေခြင်းငှာ။ သာဝံ-ဘုသဝါတံ၊ ပြင်းထန်ဆူဝေ မုန်တိုင်းလေကို။ ဝါ၊ ပြင်းထန်ဆူဝေ နှာခေါင်းလေကို။ သြသဇ္ဇတော၊ လွှတ်၏။ တတော ဘုသဝါတတော၊ ထိုမုန်တိုင်းလေပြင်းကြောင့်။ ဝါ၊ ထိုနှာခေါင်း လေပြင်းကြောင့်။ သဿာဒိ နာသနံ-သဿာဒီနံ နာသနံ ဝိနာသနံ၊ ကောက်စပါးတို့၏ လွင့်ပါး ပျက်စီးခြင်းသည်။ ဟောတိ၊ ၏။

တနည်း—သုဝဟူသော ကျေးသွားအနက်ဟောသော သဒ္ဒါ၌ ဝအက္ခရာသည် စိတ်ကို ဟော၏။

> အပိစ သုဝေါတိဧတ္ထ ဝကာရော စိတ္တဝါစကော၊ တတ္ထ ဟိ သုန္ဒရံ ဆေကစိတ္တံ ယဿာတိ သော သုဝေါ။ သုဆေကောတိ အတ္ထော။ သော ဟိ အညေဟိ ဝိသေသတော ဆေကော။ တေနေဝ ဟိ သိက္ခာပိယမာနေ အဘိဏှံ သုယျမာနေ စ မနုဿဘာသာသု ကုသလာ ဟောန္တိ။ တထာ ဟိ သတ္တိဂုမ္ဗဇာတကာဒီသု သုဝါနံ မနုဿဘာသာယ ဝါစာယ ဘာသနံ အာဂတန္တိ။
>
> ရှင်းကေက္ခရဋ္ဌီကာ။

စူဠနိပ္ဖာဝေါ မဟာနိပ္ဖာဝေါ ဟူသော ပဲ့တက်ငယ် ပဲ့ဘက်ကြီးကို ဟောသော သဒ္ဒါ၌ ဝအက္ခရာသည် လေဟူသောအနက်ကို ဟော၏။

> စူဠနိပ္ဖာဝေါ မဟာနိပ္ဖာဝေါတိ အာဒီသု ဝကာရော ဝါတေ ဟောတိ။ တတ္ထ ဟိ နိပ္ဖာဒိတော ဝေါ ဝါတော ယေနာတိ သော နိပ္ဖာဝေါ။ အပရဏ္ဏဝိသေသော။ တံ ဘုဉ္ဇနကာနဉှိ မနုဿာနံ ကုစ္ဆိ ဝါတုဿန္နတာယ ဖောဋ္ဌာ ဟောန္တီတိ။
>
> ရှင်းကေက္ခရဋ္ဌီကာ။

ဝရုဏော နာဂရာဇာဟူသော ဝရုဏနဂါးမင်းဟော သဒ္ဒါ၌ ဝအက္ခရာသည် နဂါးကို ဟော၏။

> ဝရုဏော နာဂရာဇာတိဧတ္ထ ဝကာရော နာဂေ ဂဇေ ဟောတိ၊ တတ္ထ ဟိ ဝေနာဂေ ရုဏောတိ ဝရတိ ပဿာသတိ အဓိပတိဘာဝေနာတိ အတ္ထော ဟောတိ။
>
> ရှင်း ကေက္ခရဋ္ဌီကာ။

ရှင်းဋ္ဌီကာ၌ ဂဇေဟု ရှိသည်အလိုအားဖြင့် ဆင်ဟူလို၏။ ဝရုဏော နာဂရာဇာ၌ ထောက်ဆမူ နဂါးနှင့်လျော်၏။ ဆင်ခြင်။ ပစ္စည်းအနက် ဗျည်းအနက်တို့၌ကား ကိံသုဝါ ဝေါ၊ ကိံဿကဝေဝ ယရလဝသဟဠစသည် ထင်ရှား၏။ ဘုရား၊ ကောင်းသောသွားခြင်း၊ နှောင်ဖွဲ့ခြင်း သဒ္ဒါတို့၏ ကာရိယပြည့်ခြင်း အနက်ကို ဟောသော အက္ခရာဟူဆု၌ နအက္ခရာဟူလို။ ရှင်း၌—

> တတ္ထ နာမပဒဘူတော နကာရော နမတံ့နှယာ သာဝကာ နာဂန္တု ကေသု နနံ ကရေယျုံ၊ စောရာဒီနံ သပရာဓေနာနံ နံ ကရေယျုံ၊ အနု

> သာသကာ မဟာမစ္စာတိအာဒိသု ယထာက္ကမံ သုဂတော ဘဂဝတိ
> သုန္ဒရဂတိယံ ဝါ ဗန္ဓနေ စပဝတ္တော—

ဟူသော ကေက္ခရုဋ္ဌိကာနှင့်အညီ အစဉ်အတိုင်း ယူလေ။

အနက်ကား—တတ္ထ၊ အနက်တို့တွင်။ နာမပဒဘူတော၊ သုဒ္ဓနာမ်ပုဒ်ဖြစ်၍ ဖြစ်သော။ နကာရော၊ နအက္ခရာသည်။ န မတံ၊ လ။ မဟာမစ္စာတိအာဒိသု၊ အစရှိသည်တို့၌။ ယထာက္ကမံ၊ အစဉ်အတိုင်း။ သုဂတေ ဘဂဝတိ၊ မြတ်စွာဘုရား၌ရင်း။ ဝါ-တနည်းကား၊ သုန္ဒရဂတိယံ၊ ကောင်းသော သွားခြင်း ရောက်ခြင်း၌ ရင်း။ ဗန္ဓနေ စ၊ နှောင်ဖွဲ့ခြင်း၌ရင်း။ ပဝတ္တော၊ ဖြစ်၏။ န မတံ-သမ္မာသမ္ဗုဒ္ဓဿ မတံ အဓိပ္ပာယံ၊ မြတ်စွာဘုရား၏ အလိုတော်ကို။ အနုယာ-အနုဂတာ၊ အစဉ်လိုက်တတ်ကုန်သော။ သာဝကာ၊ တပည့်သားတော်တို့သည်။ နာဂန္တ္ဂာ ကေသု၊ ကောင်းသောသွားခြင်း ရောက်ခြင်းရှိကုန်သော ဩသည်တို့၌။ နံ-ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်းကို။ နု ကရေယျုံ၊ မပြုကုန်ရာ။ အနုသာသကာ၊ အပြစ်အလျောက် ဆုံးမစီရင်တတ်ကုန်သော။ မဟာမစ္စာ၊ အမတ်ကြီးတို့သည်။ စောရာဒီနံ၊ ခိုးသူအစရှိကုန်သော။ သပရာဓေနာနံ၊ အပြစ်ရှိကုန်သော လူတို့ကို။ နံ-ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်းကို။ ကရေယျုံ၊ ပြုကုန်ရာ၏။ (နဂရံဟူသော မြို့ဟောသဒ္ဒါ၌ နအက္ခရာသည် ပြည့်ခြင်းအနက်ကို ဟော၏။)

> နဂရန္တိအာဒိသု နကာရော သမ္ပုဏ္ဏဝါစကော၊တတ္ထ ဟိ နံ သမ္ပုဏ္ဏံ ဃရံ ဧတ္ထာတိ နဂရံ၊ ဒေါဝါရိကစာတိတ္တော စသဒ္ဒေန မဟာပဒေသ သုတ္တေန ဝါ ဃကာရဿ ဂကာရံ ကတွာ နဃရန္တိ ဝတ္တဗ္ဗေ နဂရန္တိ ဝုတ္တန္တိ။ တေနေဝ ဟိ ဗန္ဓုမတိယာ နဂရေ မဟာပူဂဂဏော အဟူတိ အာဒိသု သမာဒကတ္တေရာပဒါနပါဠိယာ အဋ္ဌကထာယံ နေညာဒိဥပဘောဂ ပရိဘောဂဝတ္ထူဟိ ပရိပုဏ္ဏံ ဃရံ ဧတ္ထာတိ နဂရံ၊ ဗန္ဓုမတီ စ တံ နဂရဉ္စာတိ ဗန္ဓုမတိနဂရန္တိ ဝုတ္တန္တိ။

တဿ ဝါ နတ္တံ သဗ္ဗတ္ထဟူသော ကစ္စည်းသုတ်ဖြင့် တသဒ္ဒါ၏ ကာရိယကို သိ။ ဤသို့ သုံးပါးသောပုစ္ဆာအရ အက္ခရာသုံးလုံး လဟုသက်သက်ရှိသော နဂိုဏ်းဖြစ်သော ဇဝန ဟူသော အမည်ဟူလိုသည်။

၆။ ဇိနနိဗ္ဗုတိကာလတော၊ ဘုရားမြတ်စွာ ခေမာပြည်မှန် နိဗ္ဗာန်သို့ စံလွန်ဝင်ကြွတော်မူသော ကာလနောက်မှ။ ဧက္ကော၊ မြတ်စွာဘုရား မိန့်ထားအာဏာ နှစ်စကြာသည်။ မာဃဘာရံ၊ သိကြားမာဃ ဝါသဝ၏ စောင်မစောင့်ရှောက်ရန် ဝန်၏အဖြစ်သို့။ (ဤကား သဒ္ဒတ္ထ။) တနည်း။ မာဃဘာရံ၊

၂၄၄၅-ခုနှစ်သို့။ (ဤကား သင်္ချာ။) ပတ္တေ၊ ရောက်လတ်သည်ရှိသော်၊ သက္ကေ စေပိ၊ သကြွာနတ်စစ် ဗုဒ္ဓရာဇ်သည်လည်း။ ဂုတ္တရူပံ၊ လုံခြုံစွာ စောင့်ရှောက်သော သာသနာသို့။ (ဤလည်း သင်္ချာ။) တနည်း—သက္ကေ စ ပိ၊ သက္ကရာဇ်ဝေါဟာရနှင့်ကောဇာသည်လည်း။ ဂုတ္တရူပံ၊ ၁၂၆၃-ခုသို့။ (ဤကား သင်္ချာ။) ပတ္တေ၊ ရောက်လတ်သည်ရှိသော်။ အာသာဠှ ပဌမေ၊ ပဌမဝါဆိုလဆန်း ၈-ရက်မြောက်သော။

၇။ ဒိနေ၊ နေ့၌။ ရဝိဝါရသ္မိံ၊ တနင်္ဂနွေနေ့ နေတက်တချက်တီးအခါ မင်္ဂလာအချိန်မြတ်၌။ ဇိရူပမံ၊ ဇနေဇိန်တနန်း ဇင်တုံးစိန်ခဲကြီး ဥပမာရှိသော။ ဝါ၊ ဝဇိန်လက်နက် မိုးကြိုးစက်လျှင် ဥပမာရှိသော။ သုဒုလ္လဘံ၊ အလွန်ရခဲ ကြည့်ရှု သံမြင်ရခဲသော။ တံ ဗျာကရဏံ၊ ထိုဝဇိရူပမ ဗျာကရဏ အဖြေကျမ်းသည်။ နိဋ္ဌိတံ နိဋ္ဌံ ဂတံ ပတ္တံ၊ အပြီးအဆုံး နိဂုံးတိုင်မြောက် ရောက်ပြီတည်း။ တေန၊ ထိုဝဇိရူပမ ဗျာကရဏ ကျမ်းဖြင့်။ သဇ္ဇနာ၊ သူတော်ကောင်းတို့သည်။ သဒါဝေ၊ အခါခပ်သိမ်းသည်လျှင်။ ဇယန္တု၊ အောင်ထိုက်သမျှ အဇ္ဈတ္တ၌ ဥပ္ပထ မနသိကာရ အနုပါယနှလုံးသွင်း မှားယွင်းတိမ်းစောင်း မကောင်းသော မိစ္ဆာဝါဒတို့နှင့်တကွ အောင်အင်သမျှ ဗဟိဒ္ဓ၌ ဒုဿီလ အလဇ္ဇီ မညီတရား သူယုတ်မျှားတို့ကို ပယ်ရှားအောင်မြင် နိုင်ကြစေကုန်သတည်း။ ဣတိ၊ ဤကား အကျိုးအဆုံး နိဂုံးကဲ့မှတ် အပြီးသတ်တည်း။

ဝဇိရူပမ ဗျာကရဏကျမ်းအလုံးစုံ ပြီးပြီ။

* * *

# ဝဇိရုတ္တရ ပကာသနီကျမ်း

## နိဒါန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

---

ပျဉ်းမနားမြို့နေ တကာမောင်ထွန်းလှိုင်က ဆုမှန်ဆုကန် သိလိုပါကြောင်း နှင့် သူတော်ကောင်းလက္ခဏာ အကြိမ်ကြိမ်အားဖြင့် လျှောက်ထားပန်ထွာသော ပုစ္ဆာခဲကော် ၁၆-ချက်တို့ကို မန်လည်မြို့မ ပြာသာဒ်ကျောင်းကြီးတိုက်၌ နေရင်းရှိသော ဘဒ္ဒန္တ ဇဝန မဟာထေရ်မြတ်သည် ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိစသော ကျမ်းဂန်အရင်းရပ် ဆုံးဖြတ်မိန့်ဆိုသည့်အတိုင်း အသေအချာ သိမှတ်သာအောင် ဝိသဇ္ဇနာ ဗျာကရဏအားဖြင့် ထင်ရှားစွာ ဖြေဆိုတော်မူအပ်သတည်း။

---

ပဏာမပဋ္ဌက ဂန္ထာရမ္ဘ

၁။ ဝဇီရသမဒန္တေဟိ၊ ဝဇီရကာယေနလင်္ကတော။
ဝဇီရစက္ကသမ္ဗန္ဓော၊ ဝဇီရသံဃာဋသညိတော။

၂။ အစ္ဆရိယမနုဿော လောကေ၊ သဗ္ဗဂါရဝဘာဇနော။
တံ နမံ ဝိပ္ပသန္နေန၊ သဒ္ဓါပေမျ ဂါရဝံ။

၃။ သဘာဝေန သောဥသကံ၊ ပဥ္စ ပုထုသိလာသမံ။
ဝရုတ္တရံ ပဝက္ခာမိ၊ ဝဇီရုတ္တရနာမိကံ။

၁-၂-၃။ လောကေ၊ လေးကျွန်းတမြင်းမိုရ် ထိုထိုနေလ ထွန်းပတည်ရာ ကြွင်ဌာ အနန္တ ဝိသယလုံး သိမ်းကျုံးဘုံသူ့ နတ်လူပြဟ္မာ သတ္တဝါ

အပေါင်း၌၊ အစ္စရိယမနုဿော၊ ရင်သပ်လက်တီး အံ့မပြီးအောင် အံ့ကြီး အံ့ဖွယ် အကယ်စင်စစ် အံ့သြချီးမွမ်းထိုက်သော လူထူးဖြစ်၍ ဖြစ်ထသော။ သဗ္ဗဂါရဝဘာဇနော၊ လောကီလောကုတ် အနုတ္တရ ရုပ်ရှာနှင့် သီလသမာ ပညာဝိမုတ္တိ တုမရှိတို့ကြောင့် သမ္မုတိဥပပတ် ဝိသုဒ္ဓိနတ်ဟူသော အမြတ် သုံးဆူ ခပ်သိမ်းသူတို့၏ ကြည်ဖြူသဒ္ဓါ ရိုသေစွာဖြင့် မြင်ရာဌာန ထင်ရာဌာန အရံပရိဝုဏ်သော ဥပစာရ ယဉ်ပြင်တော်အရပ်ကျောင်း ဖိနပ် ယာဉ် ထီး မစီး မဆောင်း ဦးခေါင်းမဆိုင်ရှိ ခေါင်းငိုက်ပျပ်တုပ် လက်အုပ်ချီမိုး မြတ်နိုးလွန် ပြင်း ရိုသေလေးမြတ်ခြင်းတို့၏ တည်ရာအစစ် ဖြစ်တော်မူသောသော။ ယော နာထော၊ အကြင်မြတ်စွာဘုရားသည်။ ဝဇိရသမဒန္တေဟိ၊ ဝရဇိန်နှစ်၊ စိန်ခဲ စိန်ဆိုင် စိန်တိုင်စိန်ခဲနှင့်အတူရှိုးရဲသိန်ဝင်း သန့်ရှင်းကြည်လင် ဖြူစင်ညီသက်၊ ရောင်စုံပိုးပျက် အထက်-၂၀ အောက်-၂၀ ဟု ဆိုအပ်သော ၄၀-စုံစွာ မဟာပုရိသ လက္ခဏာတော်ကြီးတပါး အသင်အရှား လွန်ထူးခြားသော သွားတော်အစိတ်တို့ဖြင့်။ ဥပလက္ခိတော၊ မှတ်အပ်သော၊ ဝဇိရကာယော၊ ဝရဇိန်ကိုယ်တန်း စိန်တုံးစိန်တိုင် စိန်ဆိုင်စိန်ခဲနှင့်အတူ မကွဲမအက် ရောင်စုံသွက် ၍ ပြိုးပြက်အံ့ဖွယ်၊ လွန်ဘင့်တယ်သော ကိုယ်တော်ရှိတော်မူ၏။ ဝဇိရစက္က သမ္ပန္နော၊ ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ အချက်မရွေး မနှေးလျင်မြန် လွန်ပြင်းထန်သဖြင့် ပဟာန်သုံးမျိုး တန်ခိုးကြီးစွာ ထိန်ထိန်ဖြာလျက် ကိလေသာခပင်း ရန်မကြွင်းအောင် မြစ်ရင်းပြုတ်ကြွ စဉ်းခုတ်ခြေဘတ်သော ကုဋေ ၃-သန်း ၆-သိန်း အရေအတွက် နည်းအမြွက်ရှိသော ဝိပဿနာ မဟာဝဇိရဉာဏ်တော်၊ အရဟတ္တမဂ္ဂ မဟာဝဇိရဉာဏ်တော်၊ သဗ္ဗညုတ မဟာဝဇိရ ဉာဏ်တော် မဟာကရုဏာ သမာပတ် အနန္တ ယမကသမာပတ် အမြတ်နှစ်တွေ ကုဋေ ၂-သန်း ၄-သိန်းသော သဗ္ဗဒိဝသ ဝလဥ္ဇနသမာပတ္တိ မဟာဝဇိရဉာဏ် တော်အပေါင်းတို့နှင့် ကောင်းစွာကုံလုံ ပြည့်စုံတော်မူ၏။ ဝဇိရသံဃာဋသညီ ဘော၊ ရုပ်တော်နာမ်တော် ကိုယ်တော်ဉာဏ်တော် နှစ်ဖော်စလုံး စိန်တုံးစိန်စု ဟူ၍မှတ်အပ်သည်သာဖြစ်တော်မူ၏။ တံနေထံ ထိုသို့ဂုဏ်ထူး ကျေးဇူးဝိသေသ စိန်တုံးစိန်ခဲကြီးသဖွယ် ဖြစ်တော်မူသဖြင့် လူမျိုးလူသား လူထူးခြား၍ လူဘုရား စစ် ဖြစ်၍ဖြစ်တော်မူသော ဗုဒ္ဓဂေါတမ သကျမုနိ အမည်တော်ရှိသော မြတ်စွာ ဘုရားကို။ ဝိပ္ပသန္နေန၊ အထူးလွန်စွာ သဒ္ဓါကြည်ညိုသောစိတ်ဖြင့်။ ဂါရဝံ၊ ရိုသေ လေးမြတ်စွာ။ သဒါ၊ အခါခပ်သိမ်း။ ပဏာမေ-ပဏာမာမိ၊ နှုတ်လည်းဆိုမြွက် လက်လည်းမြှောက်ချီ အဥ္စလီဖြင့် သုံးလီဒွါရပဏာမသုံးဖြာ ရှိခိုးပါ၏။ ပဏာမျှ ပဏာမိတွာ၊ ရှိခိုးပြီး၍။ သဘာဝေန၊ အနက်သဘာဝအားဖြင့်။ ပုထုသီလာသမံ- ပုထုသိလာသမသ၊ ထူထပ်ရှေ တခဲနက် ကြီးကျယ်စွာသော ကျောက်ဖျာ ကျောက်တောင်ကြီးတို့နှင့်တူသော။ သောဋ္ဌသက်- သောဋ္ဌသကသ၊ ၁၆-ပါး

အပေါင်းဖြစ်သော။ပဥ္စ-ပဥ္စသ၊ ပုဉ်းမနားမြို့နေ မေမွန္တေ ဝါသိက နာမမွေးကြိုင် မောင်ထွန်းလှိုင်မည်သော ဒါယကာသည် တိဟိတ်ကလျာဏ ပုဂ္ဂိုလ်စသည်ကို မှချလုံးလျောင်း သိလိုကြောင်းဖြင့် သူတော်ကောင်းလက္ခဏာရှိသေစွာအဖန်ဖန် တောင်းပန်မေးလျှောက်အပ်သော ပြဿနာ၏။ဥတ္တရံ၊ အဖြေဖြစ်သော။ ဝရံ၊ ပညာရှိယောင် ဟန်မဆောင်တတ် ဟုတ်ဟုတ်မှန်ရာ သိလိုစွာသော ကလျာဏ အပေါင်း သူတော်ကောင်းတို့ သောင်းသိန်းကုဋေ ရွှေငွေ ဥစ္စာ ရတနာမက တောင့်တလိုလားအပ် မြတ်သော။ ဝေဇီရုတ္တရနာမိကံ၊ ဝရဇိန်လက်နက် မိုးကြိုး စက်ကဲ့သို့ ဝက်ဝက်ခွဲဖြို ဖြေဆိုရာဖြေဆိုကြောင်း ဖြစ်သောကြောင့် ဝဇီ ရုတ္တရအမည်ရှိသော ဝိသဇ္ဇနာ ဗျာကရဏကျမ်းကို။ ပဝက္ခာမိ၊ ထွေထွေပြား ပြား ကျမ်းဂန်အားဖြင့် ထင်ရှားစွာ တုဝ်ဖော်ဖြေဆိုပေအံ့။

ဤပဏ္ဍာမပဋ္ဌိညာဉ်ဂါထာတို့၌ အနန္တဂုဏ်တော်တို့တွင် သဗ္ဗဂါရဝဘာဇနာ ဂုဏ်တော်ကို အထူးထုတ်ဆိုခြင်းသည် ယခုအခါ ဗုဒ္ဓအဂါရဝစသည် ရဟန်း ရှင်လူတို့၌ အလွန်များစွာ ထင်မြင်ရသည်ဖြစ်၍ရှင်း၊ ဖိနပ်ပန်းတင်ခုံ၌သာ ဖိနပ်စီး ထီးဆောင်း မှုပြုကောင်းဟူသော ဝါဒအားဖြင့် ကျမ်းဂန်အလာ ဆရာ ကြီး သမားကြီးတို့ ဝါဒကိုလွန်၍ ပြောဟောခြင်း အဆုံးအဖြတ် စာပေရေး သားခြင်း ကျူးလွန်၍ ကျင့်ခြင်းရှိကြသည်ဖြစ်၍ရှင်း၊ ထိုအယူ အမူအရာတို့ ကား ဗုဒ္ဓဂါဝရဝစသော သဒ္ဓမ္မဋ္ဌိတိတရား ပျက်ပြားတိမ်မြုပ် သာသနာတော် ဆုတ်ယုတ်ရန် ဖြစ်၍ရှင်း၊ ပါဠိ အဋ္ဌကထာ ဋီကာ အနု ဝတ္တုနိပါတ် ဇာတ် ရာဇဝင် မဟာဝင်စသော ကျမ်းမျိုးဝါဒတို့နှင့် မညီမမျှ စေတီယင်္ဂဏအရာကို ထုတ်ပြရေးသား ကြသည်ဖြစ်၍ရှင်း ပညာရှိသူတော်ကောင်း ရဟန်းရှင်လူတို့ သတိပညာ ဖြစ်ပါစေခြင်းအကျိုးငှါ အထူးထုတ်ပြလိုက်ပါသည်။

## အကျဉ်းသိမှတ်ရန်ကား ဤသို့တည်း

စေတီယင်္ဂဏ ဟူသည်ကား စေတီ၏အစိတ် ဖိနပ်ပန်းတင်ခုံ ပစ္စယာဘုံ အပြင်သာမဟုတ် စေတီမှအခြား စေတီ၏အနီး ဥပစာရ အတွင်း ရှင်းရှင်း လင်းလင်း လွှတ်လပ်သော မြေအရပ်ဟု ဆိုအပ်သော ငိဝဋ္ဋဘူမိပဒေသသည် လည်း စေတီယင်္ဂဏမည်၏၊ စေတီယင်ပြင်ဟူလို၊ အဘယ့်ကြောင့်နည်း၊ရာဇင်္ဂဏ သဒ္ဒါနှင့် စေတီယင်္ဂဏ ဗောဓိယင်္ဂဏ စသော သဒ္ဒါတို့သည် အရသဘော တူကုန်သောကြောင့်တည်း။

ချဲ့၍ပြီးအံ့။ နန်းတော်တံခါး၀အနီး ရှင်းရှင်း လင်းလင်း လွှတ်လပ်သော ရာဇင်္ဂဏ မင်းယင်ပြင်ဖြင့် ကြွသွားသော နိဂြောဓ သာမဏေကို ဓမ္မာသောက မင်းကြီး မြင်သည်ကိုဆိုရာ—

အဒ္ဒသ နိဂြောဓသာမဏေရံ ရာဇင်္ဂဏေန ဂစ္ဆန္တံ—

ဟူသော ပါရာဇိကကဏ်အဋ္ဌကထာပါဠိ၌ ရာဇင်္ဂဏေနပုဒ်ကို ဖွင့်ပြသော သာရတ္ထဒီပနီဋီကာ၌—

ရာဇင်္ဂဏေနာတိ ရာဇနိဝေသနဒွါရေ ဝိဝဋေန ဘူမိပ္ပဒေသေန
အင်္ဂဏန္တိ ဟိ ကတ္ထစိ ကိလေသာ ဝုစ္စန္တိ ရာဂေါ အင်္ဂဏန္တိ အာဒီသု၊ လ။
ကတ္ထစိ တထာရူပေ ဝိဝဋေ ဒေသေ စေတိယင်္ဂဏံ ဗောဓိယင်္ဂဏန္တိ
အာဒီသု အညတ္ထ တတ္ထ ဌိတံ အတိသုန္ဒရဘာဝ အဘိဇ္ဇောတီတိ ဟိ
အင်္ဂဏံ၊ ဝိဝဋော ဘူမိပ္ပဒေသော ဣဓာပိ သောယေဝ အဓိပ္ပေတော—

ဟူ၍ ရာဇင်္ဂဏသဒ္ဒါ၏ အနက်နှင့်တကွ ၎င်းရာဇင်္ဂဏပုဒ်၌ပါသော အင်္ဂဏသဒ္ဒါ၏ အတ္ထုဒ္ဓါရ ဝစနတ္ထ အဘိဓေယျကိုပြ၍ စေတိယင်္ဂဏ ဗောဓိယင်္ဂဏ တို့၌ အင်္ဂဏသဒ္ဒါနှင့် အရဘူ အဓိပ္ပါယတ္ထ ကောက်ပြဒိန့်ဆိုတော်မူသတည်း။

၎င်းဋီကာ၏ အနက်ကား—ရာဇင်္ဂဏေနာတိ၊ ဟူသည်ကား။ ရာဇနိဝေသန ဒွါရေ၊ မင်းနန်းတော်တံခါး၌။ ဝိဝဋေန၊ ဟင်းလင်းသော။ ဘူမိပ္ပဒေသေန၊ မြေအရပ်ဖြင့်။ ဝါ၊ မြေအရပ်၌။ ဟိဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ရာဂေါ၊ ရာဂသည်။ အင်္ဂဏံ၊ အင်္ဂဏမည်၏။ ဣစ္စာဒီသု၊ ဤသို့အစရှိကုန်သော။ ကတ္ထစိ၊ အချို့သော အင်္ဂဏသုတ်ပါဠိတော်တို့၌။ ကိလေသာ၊ ကိလေသာတို့ကို။ အင်္ဂဏန္တိ၊ ဟူ၍။ ဝုစ္စန္တိ၊ ဘုရားမြတ်စွာ ဟောတော်မူအပ်ကုန်၏။ လ။ စေတိယင်္ဂဏံ၊ စေတီယင်ပြင်။ ဗောဓိယင်္ဂဏံ၊ ဗောဓိယင်ပြင်။ ဣစ္စာဒီသု၊ ဤသို့ အစရှိကုန်သော။ ကတ္ထစိ၊ အချို့သော အဋ္ဌကထာပါဠိတို့၌။ တထာရူပေ၊ ထိုသို့လူတို့သွားလာရာ အနာဝဋ္ဋ ဌာနတခွင် အပိတ်အပင်ကင်းသော သဘောရှိသော။ ဝိဝဋ ပဒေသော၊ ဟင်းလင်းအပြင် လွှင်အရပ်ကို။ အင်္ဂဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ အဋ္ဌကထာ ဆရာတို့ ဆိုအပ်၏။ ဟိ သစ္စံ၊ မှန်၏။ တတ္ထ၊ ထိုဟင်းလင်းအပြင် လွှင်အရပ်၌။ ဌိတံ၊ တည်သောသူကို။ ဝါ၊ တည်သောဝတ္ထုကို။ အတိသုန္ဒရဘာဝ၊ ဟင်းလင်း အပြင် လွှင်ဟူသော မိမိ၏ သန့်ရှင်းစင်ကြယ် တင့်တယ်ကောင်းမွန်သည်၏ အဖြစ်ကြောင့်။ အဇ္ဇတိ အဘိဗျဉ္ဇတိ၊ ပြတတ်၏။ တနည်း—ယော ဝိဝဋ ဘူမိပဒေသော၊ အကြင်ဟင်းလင်းသော မြေပြင်အရပ်သည်။ တတ္ထ၊ ၌။ ဌိတံ၊ ကို။ အတိသုန္ဒရဘာဝ၊ ကြောင့်။ အဇ္ဇေတိ အဘိဗျဉ္ဇတိ၊ ထင်ရှားအောင်

ပြတတ်၏။ ဣတိတသ္မာ၊ ထိုသို့တည်သောသူ တည်သော ဝတ္ထုကို ပြုရာဖြစ်သော သတ္တ်ကြောင့်။ ဝါ၊ ပြတတ်သော သတ္တ်ကြောင့်။ သော ဝိဝဋ္ဋဘူမိပဒေသော၊ ထိုဟင်းလင်းသော မြေပြင်အရပ်သည်။ အင်္ဂဏံ၊ အင်္ဂဏမည်၏။ အင်္ဂဏံ၊တည်သောသူ တည်သောဝတ္ထုကို ပြုရာ။ ဝါ၊ ပြတတ်သောနေရာ။ ဝိဝဋ္ဋော၊ ဟင်းလင်းအပြင် လွင်ဖြစ်သော။ ဘူမိပဒေသော၊ နေရာမြေအရပ် ရှ၏။ ဣဓာပိ၊ ဤ ရာဇင်္ဂဏာဟူရာ၌လည်း။ သောယေဝ၊ ထိုစေတိယင်္ဂဏ ဗောဓိယင်္ဂဏ၌ အင်္ဂဏသဒ္ဒါ၏ အနက်ကဲ့သို့ ဝိဝဋ္ဋဘူမိပဒေသဟု ဆိုအပ်သော ဟင်းလင်းအပြင် လွင်တီးခေါင် မြေအရပ်ဖြစ်သော အနက်ကိုသာလျှင်။ အဓိပ္ပေတော။ အလိုရှိအပ်၏။ (အနက်။ဓမ္မိကရဏသာခံ၊ ကတ္တုသာခံ နှစ်ပါးပင် သင့်၏။)

ရာဇင်္ဂဏ မင်းယင်ပြင်ဟူသည်ကို နန်းတော်လက်ရန်း ကြမ်းပြင်မဟုတ်၊ နန်းတော်အနီး ဥပစာရ မြေပြင်ဖြစ်ကြောင်းကိုလည်း နေတ္တိမဟာဋီကာ သီလက္ခန် မဟာဋီကာတို့ကို စီရင်တော်မူသော မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် စီရင်တော်မူအပ်သော ပါရာဇိကဏ် ဂဏ္ဌိ၌ ယခင်ပြခဲ့သော ရာဇင်္ဂဏေန ဟူသောပုဒ်ကို အနက်ပေးရာ ရာဇင်္ဂဏေန၊ မင်းယင်ပြင်ဖြင့် နန်းတော်တခါးဝ၌ ရှင်းရှင်းလင်းလင်း လွတ်လပ်သော မြေအရပ်ကို ယူ။ကိလေသမလ ပဂ် ဝိဝဋ္ဋပဒေသ ဤလေးနက်တို့တွင် ဤ၌ နောက်အနက်သာဟူ၍လည်း မှာတော်မူအပ်ခဲ့၏။ ဤသို့လျှင် ရာဇင်္ဂဏ မင်းယင်ပြင်ဟူသည် နန်းတော်လက်ရန်း ကြမ်းပြင်မဟုတ်၊ နန်းတော်အနီး ဥပစာရ မြေပြင်အရပ် ဟု ဆိုအပ်သော ဝိဝဋ္ဋဘူမိပဒေသ ဟူ၍ ဆိုအပ်သကဲ့သို့ ဝိဝဋ္ဋဘူမိပဒေသချင်း အဘိဓေယျ အနက်ရသဘောတူသော စေတိယင်္ဂဏ ဗောဓိယင်္ဂဏတို့၌ အင်္ဂဏသဒ္ဒါ၏ အနက်ကိုလည်း စေတီဗောဓိပင် မဟုတ်၊ စေတီဗောဓိပင်အနီး ဥပစာရ မြေပြင်အရပ်ဖြစ်သော ဝိဝဋ္ဋဘူမိပဒေသ ဟူ၍သာလျှင် မှတ်အပ်၏။

တပါးလည်း—

> မဟာစေတိယင်္ဂဏေ ကိရ ဒဟရဘိက္ခူ သဇ္ဈာယံ ဂဏှန္တိ။ တေသံ ပိဋ္ဌိပဿေသု ဒဟရဘိက္ခုနိယော ဓမ္မံ သုဏန္တိ။ တတြေကော ဒဟရော ဟတ္ထံ ပသာရေန္တော ကာယသံသဂ္ဂံ ပတွာ တေန ကာရဏေန ဂိဟီဇာတော။ လ။ အပရော စီဝရကုဋ္ဋိဒ္ဒုကေ ပသာရေတိ မဏ်ိသပ္ပေါ ဒံသိ။

သီလက္ခန်သာမညဖလသုတ်အဋ္ဌကထာ၊မူလပဏ္ဏာသမဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၊ မဟာဝဂ္ဂ သတိပဋ္ဌာနသံယုတ် အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ သတိပဋ္ဌာနဝိဘင်း အဋ္ဌကထာပါဠိ။

မဟာစေတိယင်္ဂဏေတိ ဒုဋ္ဌဂါမဏိရညာ ကတဿ ဟေမမာလိ နာမကဿ မဟာစေတိယဿ အင်္ဂဏေ။ လ။ ဘူမိပဒေသော စေတ္ထ အင်္ဂဏံ။ ဥဒင်္ဂဏေ တတ္ထ ပပံ အဝိန္ဒုန္တိ အာဒီသု ဝိယ တသ္မာ ဥပစာရဘူတေ သုသင်္ခတေ ဘူမိပဒေသေတိ အတ္ထော။ မဟာစေတိယင်္ဂဏေတိ စီဝရကုဋ္ဋိံ ကတွာ သဇ္ဈာယံ ကရောန္တီတိ ဝုတ္တံ၊ စီဝရကုဋ္ဋိဒွါရကေတိ စီဝရကုဋ္ဋိယာ စီဝရဆဒနတ္ထာယ ကတဒွါရကောတိ အတ္ထော။

ရင်း သီလက္ခန်မဟာဋီကာပါဠိ။

ဤ အဋ္ဌကထာဋီကာပါဠိတို့ဖြင့် မဟာစေတီသင်ပြင်၌ ရဟန်းငယ်တို့ ပါဠိ သရဇ္ဈာယ်ကြကုန်၏။ ရဟန်းမိန်းမငယ်တို့ တရားနာကြကုန်၏။ ရဟန်းငယ်တို့ သင်္ကန်းကုဋိပြု၍ ပါဠိသရဇ္ဈာယ်ကုန်၏ ဟူ၍ မဟာစေတီယင်္ဂဏ၏ ရဟန်းငယ်တို့ ပါဠိသရဇ္ဈာယ်ရာ ရဟန်းမိန်းမငယ်တို့ တရားနာရာ ရဟန်းငယ်တို့ သင်္ကန်းကုဋိပြု၍ ပါဠိသရဇ္ဈာယ်ရာ အဖြစ်ကို ဆိုသောကြောင့် ဤမဟာစေတီယင်္ဂဏ ဟူသော အရာ၌ အင်္ဂဏသဒ္ဒါ၏ အနက်သည် မဟာစေတီ၏ အစိတ် ဖိနပ် ပန်း တင်ခုံ ပစ္စယာဘုံအပြင် မဟုတ်၊ မဟာစေတီ၏ ဥပစာရ အတွင်း ဟင်းလင်းသော သမံဘလင်းမြေအပြင်၏ အဖြစ်သည် အလွန်ထင်ရှား၏။

သို့ဖြစ်၍ စေတီ၏ ဥပစာရကို စေတီယင်္ဂဏဟုမှတ်၍စေတီ၏ဥပစာရ စေတီယင်္ဂဏ၌ပင် ဖိနပ်စီးခြင်းစသော သတ္ထုအဂါရဝအမှုတို့ကို မပြုမိအောင် သတိထားကြလေကုန် သူတော်ကောင်းတို့။

ဤကား အကျဉ်း၊ အကျယ်ကိုကား နောက်အခါ ရေးရမည်မသိ။

ပဏာမပုဗ္ဗက ဂန္ထာရမ္ဘ ပြီးပြီ။

* * *

# ပဌမ ပုဂ္ဂလ

(၁) ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်နှင့် တိဟိတ်ပုဂ္ဂိုလ် အဖြစ်သည် မည်သည်က ခဲယဉ်းသည်ကို သိလိုပါသည် အရှင်ဘုရား။

---

## ဝဇီရဗုဒ္ဓ ပဌမဝိသဇ္ဇနာ

(၁) ရှင်းပဌမလျှောက်ချက်အရ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်အဖြစ်ဟူသည် တိဟိတ်ပုထုဇဉ် အထူးဝိသေ ဖြစ်သောကြောင့် တိဟိတ်အန္ဓပုထုဇဉ် ပုဂ္ဂိုလ်အဖြစ်ထက် ခဲယဉ်းသည်သာဟူ၍ သိရာမှတ်ရာသတည်း။ အဘယ့်ကြောင့်နည်း၊ ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန်စသည်တို့၌ သင်ခြင်း မေးမြန်းခြင်း နာခြင်း မှတ်ဆောင်ခြင်း ဆင်ခြင်ခြင်း သုတမယ ပညာမရှိ၊ ဤပုဂ္ဂိုလ်သည် အန္ဓပုထုဇဉ် ပုဂ္ဂိုလ်မည်၏။ ထိုခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန် စသည်တို့၌ သင်ခြင်း မေးမြန်းခြင်း နာခြင်း မှတ်ဆောင်ခြင်း ဆင်ခြင်ခြင်း သုတမယပညာ ရှိအံ့၊ ဤပုဂ္ဂိုလ်သည် ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်မည်၏။

ပုထုဇ္ဇနာတိ ဧတ္ထ—

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။

တတ္ထ ယဿ ခန္ဓ ဓာတု အာယတနာဒီသု ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနိ နတ္ထိ အယံ အန္ဓပုထုဇ္ဇနော၊ ယဿ တာနိ အတ္ထိ သော ကလျာဏပုထုဇ္ဇနော။

ဒီဃနိကာယ် သုတ်သီလက္ခန် အဋ္ဌကထာ ဗြဟ္မဇာလသုတ် အဖွင့်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ သဒ္ဓမ္မပကာသိနီ ဉာဏနိဒ္ဒေသအဖွင့်၊ ဇိနာလင်္ကာရဋီကာ။

ဝဇီရဗုဒ္ဓ-၁၆ (က)

ပုထုဇ္ဇနောတိ ဧတ္ထ၊ ပုထုဇ္ဇနောဟူသော ဤပုဒ်၌။ အန္ဓော၊ အဝိဇ္ဇာအားဖြင့် ညာဏ်အမြင်ကန်းသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ဧကော၊ တယောက်။ ကလျာဏော၊ သုတမယညာဏ်ရှိသဖြင့် ကောင်းသော အကျင့်ရှိသော။ ပုထုဇ္ဇနော၊ သည်။ ဧကော၊ တယောက်။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်းအဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို။ ဒွေ၊ နှစ်ပါးတို့ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးပိမ့်။ တတ္ထ၊ ထိုနှစ်ပါးသော ပုထုဇဉ်ပုဂ္ဂိုလ်တို့တွင်။ ယဿ၊ အကြင်ပုထုဇဉ်ပုဂ္ဂိုလ်အား။ ခန္ဓာ ဓာတု အာယတနာဒိသု၊ ခန္ဓာ ဓာတ် အာယတန စသည်တို့၌။ ဥဂ္ဂဟပရိပုစ္ဆာ သဝန ဓာရဏာ ပစ္စဝေက္ခဏာနိ၊ သင်ခြင်း မေးမြန်းခြင်း နာခြင်း မှတ်ဆောင်ခြင်း ဆင်ခြင်ခြင်းတို့သည်။ နတ္ထိ-န သန္တိ၊ မရှိကုန်၊ အယံ၊ ဤပုထုဇဉ်ပုဂ္ဂိုလ်သည်။ အန္ဓပုထုဇ္ဇနော၊ အဝိဇ္ဇာအားဖြင့် ညာဏ်အမြင်ကန်းသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်မည်၏။ ယဿ၊ အကြင်ပုထုဇဉ် ပုဂ္ဂိုလ်အား။ တာနိ၊ ထိုခန္ဓာ ဓာတ် အာယတန စသည်တို့၌ သင်ခြင်း မေးမြန်းခြင်း နာခြင်း မှတ်ဆောင်ခြင်း ဆင်ခြင်ခြင်းတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ သော၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည်။ ကလျာဏပုထုဇ္ဇနော။ ကောင်းသော ပဋိပတ် အကျင့်ရှိသော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်မည်၏။

တပါးသော သုတ္တန်ပါဠိတော်၊ အဘိဓမ္မာ ပါဠိတော်တို့ကား ဤသို့ အဓိပ္ပာယ်ရှိသော ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန် စသည်တို့၌ သင်ခြင်း မေးမြန်းခြင်း စသည်ဖြင့် သုတမယပညာ အာဂုံကျမ်းဂန် ပရိယတ်ရှိသော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ကိုရင်း၊ ရအပ်ပြီးသော မဂ်ဖိုလ် အဓိဂမ သုတရှိသော သောတာပန်စသော အရိယာပုဂ္ဂိုလ်ကိုရင်း၊ သုတဝါ အရိယသာဝကော ဟူ၍ ဟောတော်မူ၏၊ ထိုသုတမယပညာ မဂ်ပညာ ဟူသော အာဂုံ အဓိဂမ သုတကင်းသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်ကို အသုတဝါ ပုထုဇ္ဇနော ဟူ၍ ဟောတော်မူ၏။

ထိုထိုသုတ္တန် အဘိဓမ္မာတို့၏ အဖွင့်သံဝဏ္ဏနာဖြစ်ကုန်သော မဇ္ဈိမနိကာယ် အဋ္ဌကထာ ဋီကာ၊ ခုဒ္ဒက နိကာယ် အဋ္ဌကထာ ဋီကာ၊ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ ဋီကာ၊ သံယုတ္တနိကာယ် အဋ္ဌကထာ ဋီကာကြီးများ၌လည်း ဤဒီဃနိကာယ် အဋ္ဌကထာနှင့် အလားတူ သုတဝါ အရိယသာဝကော အရကို ကလျာဏပုထုဇဉ်ဟူ၍ရင်း၊ အသုတဝါ ပုထုဇ္ဇနော အရကို အန္ဓပုထုဇဉ်ဟူ၍ရင်း များစွာဖွင့်ပြတော်မူကုန်သည်။

အသုတဝါ ပုထုဇ္ဇနောတိ ဧတ္ထ ပန အာဂမာဓိဂမာဘာဝါ ဉေယျော အသုတဝါ ဣတိ၊ ယဿ ဟိ ခန္ဓာ ဓာတု အာယတန သစ္စ ပစ္စ

ယာကာရ သတိပဋ္ဌာနာဒီသု ဥဂ္ဂဟ ပရိပုစ္ဆာ ဝိနိစ္ဆယရဟိတတ္တာ မညနာပဋိဓသေကော နေဝအာဂမော၊ ပဋိပတ္တိယာ အဓိဂန္တဗ္ဗဿ အနဓိဂတတ္တာ န အဓိဂမော အတ္ထိ၊သော အာဂမာဓိဂမာဘာဝါ ဥဒ္ဒယျော အသုတဝါ ကြတိ၊ သွာယံ။

ပုထူနံ ဇနနာဒိဟိ၊ ကာရဏေဟိ ပုထုဇ္ဇနော။
ပုထုဇ္ဇနန္တောဂဓတ္တာ၊ ပုထဝါယံ ဇနောတ္လတိ။ လ။
ဧဝ မေဘောဟိ အသုတဝါ၊ ပုထုဇ္ဇနောတိ ဒွိဟိ ပဒေဟိ။
ယောဘော ဒုဝေ ပုထုဇ္ဇနာ၊ ဝုတ္တာ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ၊
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနောတိ။

ဒွေ ပုထုဇ္ဇနာ ဝုတ္တာ။ တေသု အန္ဓပုထုဇ္ဇနော ဝုတ္တော ဟောတီတိ ဝေဒိတဗ္ဗော။

မူလပဏ္ဏာသ အဋ္ဌကထာ မူလပရိယာယသုတ်အဖွင့်၊ အဋ္ဌသာလိနီ အဋ္ဌကထာ နိက္ခေပကဏ္ဍ ဒဿနတိက်အဖွင့်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ အတ္တာနုဒိဋ္ဌိနိဒ္ဒေသအဖွင့်၊ ဧကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာ ဥပက္ကိလိဋ္ဌသုတ် အဖွင့်၊နိဒါနဝဂ္ဂ နိဒါနသံယုတ်အဋ္ဌကထာ။

အသုတဝါပုထုဇ္ဇနောတိ တွေ ပန၊ အသုတဝါ ပုထုဇ္ဇနော ဟူသော ဤပုဒ်တို့၌ကား။ အာဂမာဓိဂမာဘာဝါ၊ ကျမ်းဂန်သင်ကြားခြင်း အာဂမသုတ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အဓိဂမသုတ မရှိခြင်းကြောင့်။ အသုတဝါ ကြတိ၊ အသုတဝါ ဟူ၍။ ဥဒ္ဒယျော၊ သိအပ်၏။ ဟိ ဝိတ္ထာရေမိ၊ အံ့။ ယဿ၊ အကြင်ပုထုဇဉ်ပုဂ္ဂိုလ်အား။ ခန္ဓာဓာတု အာယတန သစ္စပစ္စယာကာရ သတိပဋ္ဌာနာဒီသု၊ ခန္ဓာ ဓာတ် အာယတန သစ္စာ ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန် စသည်တို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာ ဝိနိစ္ဆယ ရဟိတတ္တာ၊ သင်ခြင်း မေးမြန်းခြင်း ဆုံးဖြတ်ခြင်း ကင်းသည်၏အဖြစ်ကြောင့်။ မညနာ ပဋိသေဓကော၊ တဏှာ မညန မာနမညန ဒိဋ္ဌိမညန သုံးပါးတို့ကို မြစ်တတ်သော။ အာဂမော၊ ကျမ်းဂန်သင်ကြား မေးမြန်းခြင်း အာဂမ သုတသည်။ နေဝအတ္ထိ၊ မရှိသလျှင်ကတည်း။ ပဋိပတ္တိယာ၊ သီလ သမာဓိ ပညာ ပဋိပတ်ဖြင့်။ အဓိဂန္တဗ္ဗဿ၊ ရောက်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို။ အနဓိဂတတ္တာ၊ မရောက်အပ်သည်၏အဖြစ်ကြောင့်။ အဓိဂမော စ၊ မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အဓိဂမသုတသည်လည်း။ န အတ္ထိ၊ မရှိ။ သော၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်ကို။ အာဂမာဓိဂမာဘာဝါ၊ ကြောင့်။ အသုတဝါ ကြတိ၊ ဟူ၍။ ဥဒ္ဒယျော၊ ၏။ သွာယံ–သော အယံ၊ ထို အသုတဝါ ပုဂ္ဂိုလ်သည်။

ပုထုနံ၊ များစွာကုန်သော ကိလေသာတို့ကို။ ဇနနာဒီဟိ၊ ဖြစ်စေခြင်း အစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ် မည်၏။ ပုထုဇ္ဇနန္တောဂဓတ္တာ၊ များစွာကုန်သော အရိယာတို့၏ တရားမှ မျက်ကွယ် ယုတ်ညံ့သော တရားလျှင် အကျင့်ရှိကုန်သော သူတို့၏ အတွင်းစာရင်း မှတ်တင် အကျုံးဝင်ကုန်သည်၏ အဖြစ်ကြောင့်။ ပုထုဇ္ဇနော၊ ၏။ အယံ၊ ဤပုဂ္ဂိုလ်သည်။ ပုထု၀၊ သီလသုတ စသည်အထူး ဂုဏ်ကျေးဇူးတို့နှင့် ယှဉ်ကုန်သော အရိယာပုဂ္ဂိုလ်တို့မှ အသီးအခြား တပါးသက်သက် မရောယှက်အပ်သည် သာလျှင် ဖြစ်သော။ ဇနော၊ ပုဂ္ဂိုလ်သတ္တဝါတည်း။ ဣတိ၊ ထို့ကြောင့်။ ပုထုဇ္ဇနော၊ ၏။ လ။

ဒေါ၊ သို့။ အသုတဝါ ပုထုဇ္ဇနောတိ၊ ဟူကုန်သော၊ ဧတေဟိ ဒွိဟိပဒေဟိ၊ ထိုနှစ်ပုဒ်တို့ဖြင့်။ ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ။ လ။ ကလျာဏကော ပုထုဇ္ဇနောတိ၊ ဟူ၍။ ဒွေ၊ ကုန်သော။ ယေတေ ပုထုဇ္ဇနာ၊ အကြင်ပုထုဇဉ်တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တေသု ပုထုဇ္ဇနေသု၊ ထိုနှစ်ယောက်သော ပုထုဇဉ်တို့တွင်။ အန္ဓပုထုဇ္ဇနော၊ ကို။ ဝုတ္တော၊ ဟောတော်မူအပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ (ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ ဂါထာ၏ အနက်ကား ထင်ရှားပြီ။ ဤကား အသုတဝါအရကို အန္ဓပုထုဇဉ်ဟူ၍ အဋ္ဌကထာ ကြီးတို့ ဖွင့်ပြသည်ကို ပြသည်။)

ဤမှပြန်သော ဗျတိရေကနည်းဖြင့် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စ သမုပ္ပါဒ် သတိပဋ္ဌာန် စသည်တို့၌ သင်ခြင်း မေးမြန်း ခြင်း ဆုံးဖြတ်ခြင်း စသော အာဂမသုတနှင့်ပြည့်စုံသော ပုထုဇဉ်ပုဂ္ဂိုလ်သည်ကား ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် မည်၏။

သုတဝါတိ သုတသမ္ပန္နော ဝိတ္ထာရေဟ ပနေတ္ထ အသုတဝါ ပဋိက္ခေပ ပဘော ဝေဒိတဗ္ဗော။

ဇောနိပါတ် အင်္ဂုတ္တရ အဋ္ဌကထာ ဒုတိယ ဥပက္ကိလိဋ္ဌသုတ်အဖွင့်။

သုတဝါတိ၊ ဟူသည်ကား။ သုတသမ္ပန္နော၊ ကျမ်းဂန်သင်ခြင်း စသော အာဂမသုတနှင့် ပြည့်စုံသော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ် ၆ဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အဓိဂမသုတနှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်တည်း။ ဧတ္ထ၊ ဤ သုတဝါ ဟူသောပုဒ်၌။ ဝိတ္ထာရေဟ ပန၊ အကျယ်ကိုကား။ အသုတဝါ ပဋိက္ခေပဘော၊ အသုတဝါပုဒ် အနက်မှပြန်သော ဗျတိရိက်နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ အတ္ထာနုဒိဋ္ဌ အဖွင့်၌လည်း—

ဒွိဟိ ပဒေဟိ အန္ဓပုထုဇ္ဇနော ဝုတ္တောတိ သမ္ဗန္ဓော၊ ဣတရော ပန တပ္ပဋိပက္ခဝသေန ဝုတ္တော—

ဟူ၍ မိန့်အပ်၏။

ဒွိဟိ၊ နှစ်ပါးကုန်သော။ ပဒေဟိ၊ အသုတဝါ ပုထုဇ္ဇနော ဟူသော ပုဒ်တို့ဖြင့်။ အန္ဓပုထုဇ္ဇနော၊ ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ အဋ္ဌကထာ၌ ပုဒ်စပ်ခြင်းကို။ ဉာတဗ္ဗော၊ ပြုအပ်၏။ ဣတရော ပန၊ ဤအန္ဓပုထုဇဉ် ပုဂ္ဂိုလ်မှတပါး ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ကိုကား။ တပ္ပဋိပက္ခဝသေန၊ ထိုအသုတဝါ၏ ဆန့်ကျင်ဘက် လက္ခဏာ ဗျတိရေကနည်း၏ အစွမ်းဖြင့်။ ဝုတ္တော၊ ဟောတော်မူအပ်၏။

ရှင်း ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ သဒ္ဓမ္မပ္ပကာသနီ၌ ဖွင့်ဆိုသည်မှာ ဤသို့ဖြစ်၏—

ပုထုဇ္ဇနသဒ္ဒေါတိ ဧတ္ထ ပန၊ ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ။ လ။ ကလျာဏော ဧကော ပုထုဇ္ဇနောတိ။ တတ္ထ ယဿ ဟိ ခန္ဓ ဓာတု အာယတနာဒီသု ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာဒီနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော။ လ။ တေသု ကလျာဏပုထုဇ္ဇနော ဣဓာဓိပ္ပေတော၊ န ဣတရဿ ဘာဝနာ ယဓေ အဘာဝါ—

ဟူ၍ မိန့်သတည်း။

ပုထုဇ္ဇနသဒ္ဒေါတိ ဧတ္ထ ပန၊ ပုထုဇ္ဇနသဒ္ဒ ဟူသော ဤပုဒ်၌ကား။ အနေန္ဓာ၊ သော။ ပုထုဇ္ဇနော၊ သည်။ ဧကော၊ တယောက်။ ကလျာဏော၊ သော။ ပုထုဇ္ဇနော၊ သည်။ ဧကော၊ တယောက်။ ဣတိ၊ သို့။ အာဒိစ္စဗန္ဓုနာ၊ သော။ ဗုဒ္ဓေန၊ သည်။ ပုထုဇ္ဇနာ၊ တို့ကို။ ဒုဝေ၊ တို့ဟူ၍။ ဝုတ္တာ၊ ကုန်၏။ ဟိ ဝိတ္ထာရေမိ၊ ပိမ့်။ တတ္ထ၊ တို့တွင်။ ယဿ၊ အား။ ခန္ဓ ဓာတု အာယတနာဒီသု၊ တို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာသဝန ဓာရဏပစ္စဝေက္ခဏာဒီနိ၊ အစရှိသည်တို့သည်။ နတ္ထိ န သန္တိ၊ ကုန်။ အယံ၊ သည်။ အန္ဓပုထုဇ္ဇနော၊ မည်၏။ ယဿ၊ အား။ တာနိ၊ တို့သည်။ အတ္ထိ သန္တိ၊ ကုန်၏။ သော၊ သည်။ ကလျာဏပုထုဇ္ဇနော၊ မည်၏။ လ။ တေသု၊ တို့တွင်။ ကလျာဏပုထုဇ္ဇနော၊ ကို။ ဣဓ၊ ဤသဒ္ဓမ္မပ္ပကာသ ဉာဏ်အရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဣတရဿ၊ ဤကလျာဏ ပုထုဇဉ်မှ တပါးသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်အား။ ဘာဝနာယ၊ သမထဘာဝနာ ဝိပဿနာဘာဝနာ၏။ အဘာဝါ၊ မရှိခြင်းကြောင့်ပင်လျှင်။ ဣဓ၊ ၌။ န အဓိပ္ပေတော၊ အလိုမရှိအပ်။

ဤအဋ္ဌကထာဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်၌ သမထဘာဝနာ ဝိပဿနာဘာဝနာ မရှိခြင်း မဖြစ်ခြင်းကို မုချပြ၏။ ထို့ကြောင့် မုချ သမာဓိကိစ္စ ဝိပဿနာကိစ္စကို မပြီးစေနိုင်သမျှသည် အန္ဓပုထုဇဉ်၊ ပြီးစေနိုင်သမျှသည် ကလျာဏပုထုဇဉ်ဟု မှတ်။ ဤကား သုတဝါ၏ အရကို ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်ဟု အဋ္ဌကထာ ဋီကာ ဂဏ္ဌိတို့ ဖွင့်ဆို ဆုံးဖြတ်ကြသည်ကို ပြသည်။ ဤဒေသနာတို့သည် ပဋိပတ်နှင့် ယှဉ်သော ပုဂ္ဂိုလ်တို့ကို ဟောတော်မူသော ဒေသနာချည်းဖြစ်သည်။ ထို့ကြောင့် ဤအဋ္ဌကထာတို့၌ သုတဝါဟူ၍ ဟောတော်မူသောကြောင့် သုတမယပညာ ရှိကာမျှဖြင့် ကလျာဏပုထုဇဉ် မမည်။ သီလ သမာဓိ နှစ်ပါးရှိကာမျှဖြင့်လည်း ကလျာဏပုထုဇဉ် မမည်၊ ထိုသုတမယပညာနှင့် ပြည့်စုံသဖြင့် သီလ သမာဓိ ပညာ ဟူသော သိက္ခာသုံးပါး ပဋိပတ်တရားတို့ကို အားထုတ်ဖြည့်ကျင့်သော ပုဂ္ဂိုလ်သာ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် မည်သည်။ သို့ဖြစ်၍ သုတသဒ္ဒါဖြင့် ပဋိပတ်သိက္ခာ သုံးပါးတို့ကိုလည်း ယူအပ် သိအပ် လေသတည်းဟု ရှင်းဋီကာတို့ မိန့်ကုန်၏။

> သုတံ အဿ အတ္ထိ သော သုတဝါ။ သံကိလေသ ဝိဒ္ဓံသန သမတ္ထံ ပရိယတ္တိဓမ္မသဝနံ တံ သုတွာ တဒတ္ထာယ ပဋိပတ္တိ စ သုတဝါတိ ဣမိနာ ပဒေန ပကာသိတာ။ သောတဗ္ဗယုတ္တံ သုတွာ ကတ္တဗ္ဗနိပ္ဖတ္တိဝသေန သုဏာတိဝါ သုတဝါ။ တပ္ပဋိက္ခေပေန န သုတဝါတိ အသုတဝါ။

ကေနိပါတ် အင်္ဂုတ္တရဋီကာ၊ မူလပဏ္ဏာသ မူလပရိယာယ သုတ်ဋီကာ၊ နိဒါန်သံယုတ်ဋီကာ။

သုတံ၊ ပရိယတ် ကျမ်းဂန် သင်အံ မှတ်ဆောင်ခြင်းသည်။ အဿ၊ ထိုပုဂ္ဂိုလ်အား။ အတ္ထိ၊ ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ သုတဝါ၊ သုတဝါမည်၏။ သံကိလေသဝိဒ္ဓံသနသမတ္ထံ၊ တဏှာ မာန ဒိဋ္ဌိ ဟု ဆိုအပ်သော ညစ်ညူးကြောင်း သံကိလေသတရားတို့ကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော၊ ပရိယတ္တိဓမ္မသဝနံ၊ ဘုရားမုက္ခပါဌ် ပရိယတ်ကျမ်းဂန်ကို သင်ခြင်း နာခြင်းကိုရင်း။ တံ၊ ထိုပရိယတ်ကျမ်းဂန်ကို။ သုတွာ၊ သင်ကြား နာခံ၍။ တဒတ္ထာယ၊ ထိုတဏှာ မာန ဒိဋ္ဌိ သံကိလေသ တရားတို့ကို ဖျက်ဆီးနိုင်ခြင်း အကျိုးငှါ။ ပဋိပတ္တိ စ၊ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် ပဋိပတ်တို့ကို ဖြည့်ကျင့်ခြင်းကိုရင်း။ သုတဝါတိ ဣမိနာ ပဒေန၊ သုတဝါဟူသော ဤပုဒ်ဖြင့်။ ပကာသိတာ၊ ပြအပ်၏။ ဝါ၊ တနည်းကား။ သောတဗ္ဗယုတ္တံ၊ သင်ကြား နာခံအပ်သည်နှင့်ယှဉ်သော ခန္ဓကထာစသော ပရိယတ် ကျမ်းဂန်ကို။ သုတွာ၊ သင်ကြား နာခံ၍။ ကတ္တဗ္ဗ နိပ္ဖတ္တိဝသေန၊ ပြုအပ်သော သီလ သမာဓိ ပညာ သိက္ခာသုံးရပ် ပဋိပတ်တို့ကို ပြီးစေ ဖြစ်စေခြင်း အစွမ်းဖြင့်။ သုဏာတိ၊ သင်ကြား နာခံပြီ။ ဣတိ တသ္မာ၊ ကြောင့်။ သုတဝါ၊

သုတဝါမည်၏။ တပ္ပဋိက္ခေပန၊ ထိုသုတဝါလက္ခဏာကို ပယ်သဖြင့်။ ဝါ၊ ထိုသုတဝါလက္ခဏာမရှိသဖြင့်။ သုတဝါ၊ ပရိယတ်ကျမ်းဂန်သင်ခြင်း ထေကျာမာန ဒိဋ္ဌိ သံကိလေသ တရားတို့ကို ဖျက်ဆီးနိုင်ခြင်းအကျိုးငှါ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် ပဋိပတ်အကျင့်တို့ကို ဖြည့်ကျင့်ခြင်းရှိသည်။ န၊ မဟုတ်။ က္ကတိ၊ ကြောင့်။ အသုတဝါ၊ အသုတဝါမည်၏။

ဤဋီကာပဌ်တို့တွင် သုတံ အဿ အတ္ထိ သော သုတဝါ ဟူသောပါဌ်ဖြင့် သုတပဒ် ဝန္တုပစ္စည်း အဿတ္ထိဘဒ္ဓိတ်ပုဒ်၏ အဖြစ်ကိုပြ၏။ သံကိလေသ။လ။ ပကာသိတာ ဟူသော ပါဌ်ဖြင့် ၎င်းသုတဝါ ဟူသော ပုဒ်၏အရ အဘိဓေယျတ္ထကိုပြသည်။ ထို့ကြောင့် သုတမယဉာဏ်နှင့်တကွ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် ပဋိပတ်တို့ကို ဖြည့်ကျင့်သောပုဂ္ဂိုလ်ကို သုတဝါဟု ဆိုအပ်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်။

သောတဗ္ဗယုတ္တံ။လ။ သုတဝါ ဟူသောပါဌ်ဖြင့် သုတဝါ တဝန္တုပစ္စည်း ကိတ်ပုဒ်အဖြစ်ကို တနည်းပြ၏။ ၎င်းပါဌ်၌ သောတဗ္ဗယုတ္တံ သုတ္တာ ကတ္တဗ္ဗနိပ္ဖတ္တိဝသေန ဟူသောပုဒ်တို့ဖြင့် သုတံဟူသော ပဌာနပုဒ်၏ ဝိသေသန အတ္တသရုပ်ကို ဖွင့်ပြ၏။ ထို့ကြောင့် သင်ကြားနာခံ၏ဟူသည် ကြားနာအပ်သည်နှင့် ယှဉ်သော ခန္ဓကာဘာစသည်ကို သင်ကြားနာခံခြင်း၊ သုတမယဉာဏ်ကို လေ့ကျက်၍ ပြုအပ်သော သီလ သမာဓိပညာ ကိစ္စကို ဖြစ်စေခြင်းသည်သာ သုတဝါဟု ဆိုအပ်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် ဖြစ်သည်ဟူလို။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌လည်း—

> ပုထုဇ္ဇနော စ ကိလေသာနံ အသမုစ္ဆိန္နတ္တာ ကလျာဏော စ သီလာဒိ
> ပဋိပတ္တိယုတ္တတ္တာ ကလျာဏပုထုဇ္ဇနော—

ဟူ၍ မိန့်၏။

ကိလေသာနံ၊ ကိလေသာတို့ကို။ အသမုစ္ဆိန္နတ္တာ၊ မဖြတ် မပယ်အပ်သည်၏ အဖြစ်ကြောင့်။ ပုထုဇ္ဇနော စ၊ ပုထုဇဉ်မည်သည်လည်း။ ဟောတိ၊ ၏။ သီလာဒိ ပဋိပတ္တိယုတ္တတ္တာ၊ သီလအစရှိသော။ ဝါ၊ သီလသမာဓိ ပညာဟု ဆိုအပ်သော ပဋိပတ်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့်။ ကလျာဏော စ၊ ကလျာဏ်မည်သည်လည်း။ ဟောတိ၊၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ကလျာဏပုထုဇ္ဇနော။ ကလျာဏပုထုဇဉ်မည်၏။

ဝိသုဒ္ဓိမဂ် မဟာဋီကာ သီလနိဒ္ဒေသအဖွင့်၌လည်း—

> ပုထုဇ္ဇနကလျာဏကဿာတိ ပုထုဇ္ဇနေသု ကလျာဏဿ၊ သော
> ဟိ ပုထုဇ္ဇနေသုဝ ဟုတွာ ကလျာဏေဟိ သီလာဒီဟိ သမန္နာဂတော—

ဟူ၍ မိန့်အပ်၏။

ပုထုဇ္ဇနက လျာဏကသားတိ၊ ပုထုဇ္ဇနကလျာဏကသာ ဟူသည်ကား။ ပုထုဇ္ဇနေသု၊ ပုထုဇဉ်တို့၌။ ကလျာဏကသ၊ ကောင်းသော သီလသမာဓိ ပညာ တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား။ ဟိ သစ္စံ၊ မှန်၏။ သော၊ ထိုပုထုဇဉ် ပုဂ္ဂိုလ် သည်။ ပုထုဇ္ဇနေသုဝ၊ ပုထုဇဉ်သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ကလျာဏေဟိ၊ ကောင်းကုန်သော။ သီလာဒီဟိ၊ သီလစသည်တို့နှင့်။ ဝါ၊ သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် ပဋိပတ်တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော ပုဂ္ဂိုလ်တည်း။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနည်းကား ကမ္မဓာရည်း သမာသ်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာနည်းကား သတ္တမီ တပ္ပုရိသ်သမာသ်။ သဒ္ဒါနည်းသာ ထူးကဲသည်။ အနက်နည်းကား မထူးကဲ။

ကေနိပါတ် အင်္ဂုတ္တရ မဟာဋီကာကြီး၌လည်း ပုထုဇ္ဇန ကလျာဏကသာ စာတိ နိဗ္ဗာနဂါမိနိယာ ပဋိပဒါယ ယုတ္တတ္တာ သုန္ဒရဋ္ဌေန ကလျာဏသဒိသာယ ပုထုဇ္ဇနဿ—ဟူ၍ မိန့်၏။ ပုထုဇ္ဇနကလျာဏကသာတိ၊ ဟူသည်ကား။ နိဗ္ဗာန ဂါမိနိယာ၊ နိဗ္ဗာန်ဆောက်ကြောင်း ဖြစ်သော။ ပဋိပဒါယ၊ အကျင့်နှင့်။ ယုတ္တတ္တာ၊ ယှဉ်သည်၏ အဖြစ်ကြောင့်။ သုန္ဒရဋ္ဌေန၊ ကောင်းသော အနက်အားဖြင့်။ ကလျာဏသဒိသာယ။ ကလျာဏဟု မှတ်အပ်သော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ် ပုဂ္ဂိုလ်အား။

ဤသိက္ခာသုံးရပ် ပဋိပတ်ကို ဖြည့်ကျင့်ခြင်း ဟူသည်လည်း ဥက္ကဋ္ဌနည်းမျှ သာ။ သရဏဂုံ ယူသည်ကစ၍ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နပုဂ္ဂိုလ် ဖြစ်သောကြောင့် အနိမ္မကောဋိနည်းအားဖြင့်ကား ရင်းသရဏဂုံ ယူသည်က စ၍ပင် ကလျာဏပုထုဇဉ်ဖြစ်၏ ဟူ၍ မှတ်ရာသည်။

> ယထာဝုတ္တပုဂ္ဂလော ဟိ သရဏဂမနတော ပဋ္ဌာယ သောတာပတ္တိ ဖလသစ္ဆိကိရိယာယ ပဋိပန္နော ကွာစေ့ဝ ဝတ္တဗ္ဗတံ လဗ္ဘတိ။ သွာယ မတ္ထော ဒက္ခိဏဝိသုဒ္ဓိ သုတ္တေန ဒီပေတဗ္ဗော။
>
> အင်္ဂုတ္တရ မဟာဋီကာ၁၂၄။

ဟိ သစ္စံ၊ မှန်၏။ ယထာဝုတ္တပုဂ္ဂလော၊ အကြင်အကြင် ဆိုအပ်ပြီးသော သုတ ဝါ အရိယသာဝက ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်ကို။ သရဏဂမနတော၊ သရဏဂုံ ယူသည်မှ။ ပဋ္ဌာယ၊ စ၍။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ။ ပဋိပန္နောကွာစေ့ဝ၊ ကျင့်သောသူဟူ၍သာလျှင်။ ဝတ္တဗ္ဗတံ၊ ဆိုအပ်သည်၏ အဖြစ်ကို။ လဗ္ဘတိ၊ ရအပ်၏။ သွာယံ သောအယံ အတ္ထော၊ ထိုအနက်ကို။ ဒက္ခိဏဝိသုဒ္ဓိသုတ္တေန၊ ဒက္ခိဏဝိသုဒ္ဓိသုတ်ဖြင့်။ ဒီပေ တဗ္ဗော၊ ပြအပ်၏။

ပုထုဇ္ဇနကလျာဏကောပိ ဟိ ပဋ္ဌာယ ဝုတ္တလက္ခဏော သောတာပတ္တိ ဖလ သစ္ဆိကိရိယာယ ပဋိပန္နော နာမ၊ ဒက္ခိဏာဝိဘင်္ဂ သုတ္တာဒီသု တထာဧဝ ဝုတ္တတ္တာ—

ဟူ၍လည်း သီလက္ခန်မဟာဋီကာမိန့်ဆို၏။

ဤ၌ ဒက္ခိဏဝိဘင်္ဂသုတ်ဟူသည်ကား၊ ဥပရိပဏ္ဏာသ ပါဠိတော် စတုတ္ထ မြောက် ဝိဘင်္ဂဝဂ် ဒွါဒသမသုတ်တည်း။ ထိုသုတ်ကို ၎င်းဥပရိပဏ္ဏာသ ပါဠိ အဋ္ဌကထာ ဋီကာတို့၌ ဒက္ခိဏာဝိဘင်္ဂသုတ်ဟူ၍ ဆိုကုန်၏။ ဤ၌ အင်္ဂုတ္တရမဟာ ဋီကာ၌ကား ဒက္ခိဏာဝိသုဒ္ဓိသုတ်ဟူ၏။ အမည်သာ ကွဲသတည်း။

ဥပရိပဏ္ဏာသ အဋ္ဌကထာ၌လည်း—

> သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နောတိ ဧတ္ထ ဟေဋ္ဌိမ ကောဋိယာ တိသရဏံ ဂတော ဥပါသကောပိ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နော နာမ—

ဟူ၍ မိန့်သတည်း။ ၎င်းအဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့် အနက်ကား ထင်ရှားပြီ။

သရဏဂုံသည် သာသနာအတွင်းသက်ဝင်ခြင်းအစဖြစ်၏။ ၎င်းသာသနာအတွင်းသက်ဝင်ခြင်းမည်သည်ကား ဝဋ်ဆင်းရဲတို့မှ ထွက်မြောက် ထုတ်ဆောင်ခြင်း အကျိုးငှါ ဖြစ်၏။ ထိုဝဋ်ဆင်းရဲတို့မှ ထွက်မြောက်ခြင်းအကျိုးငှါ ဖြစ်ခြင်းသည်လည်း အရိယမဂ်ကို ထိုးထွင်း၍ သိခြင်းဖြင့်သာ ဖြစ်၏။ ထို့ကြောင့် နိဗ္ဗေဓ ဘာဂိယဖြစ်သော သရဏဂုံ၊ နိဗ္ဗေဓဘာဂိယဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ခြင်း၊ နိဗ္ဗေဓဘာဂိယဖြစ်သော သာမဏေပြုခြင်း၊ နိဗ္ဗေဓဘာဂိယ ဖြစ်သော ပဉ္စင်းခံခြင်း၊ နိဗ္ဗေဓ ဘာဂိယဖြစ်သော စတုပါရိသုဒ္ဓိသီလကို ဖြည့်ခြင်း၊ နိဗ္ဗေဓဘာဂိယဖြစ်သော အဓိစိတ္တသိက္ခာ၌ အားထုတ်ခြင်း၊ နိဗ္ဗေဓဘာဂိယဖြစ်သော ဝိပဿနာကို ပွားခြင်းသည်သာလျှင် သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိအကျင့်ဖြစ်သည်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိအကျင့် ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ချည်းပင်ဟူ၍ မှတ်ရာသတည်း။

> သာသနောတရဏံ နာမ ယာဝဒေဝ ဝဋ္ဋဒုက္ခနိဿရဏတ္ထံ၊ တဉ္စ မဂ္ဂပဋိဝေဓေန တသ္မာ နိဗ္ဗေဓဘာဂိယံ သရဏဂမနံ သိက္ခာပဒ သမာဒါနံ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါ သီလပူရဏံ အဓိစိတ္တသိက္ခာနုယောဂေါ ဝိပဿနာဘာဝနာတိ သဗ္ဗာပေသာ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိဧဝ ဟောတီတိ အာဟ သရဏဂတော ဥပါသကောတိအာဒိ။

၎င်းဒက္ခိဏာဝိဘင်္ဂသုတ်ဋီကာပါဌ်။

သာသနာဝတရဏံ နာမ၊ သာသနာသို့ သက်ဝင်သော မည်သည်ကား။ ယာဝဒေဝ၊ အကြင်ရွေ့လောက်၊ ဝဋ္ဋဒုက္ခနိတ္ထရဏတ္ထံ၊ ဝဋ်ဆင်းရဲဘို့မှ ထုတ်ဆောင်ခြင်း အကျိုးငှါ။ ဟောတိ၊ ၏။ တဉ္စ၊ ထိုဝဋ်ဆင်းရဲဘို့မှ ထုတ်ဆောင်ခြင်းသည်လည်း၊ မဂ္ဂပဋိဝေဓေန၊ အရိယာမဂ်၏ ထိုးထွင်း၍ သိခြင်းဖြင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ နိဗ္ဗေဓဘာဂိယံ၊ ထိုးထွင်း၍သိခြင်း အဖို့ရှိသော။ သရဏာဂမနံ၊ သရဏဂုံယူခြင်း။ သိက္ခာပဒသမာဒါနံ၊ ပဉ္စသီလ ဒသသီလကို ဆောက်တည်ခြင်း။ ပဗ္ဗဇ္ဇာ၊ သာမဏေပြုခြင်း။ ဥပသမ္ပဒါ၊ ပဉ္စင်းခံခြင်း။ သီလပူရဏံ၊ စတုပါရိသုဒ္ဓိသီလကို ဖြည့်ခြင်း။ အဓိစိတ္တသိက္ခာနုယောဂေါ၊ အဓိစိတ္တသိက္ခာဟု ဆိုအပ်သော ဈာန်သမာဓိကို အားထုတ်ခြင်း။ ဝိပဿနာဘာဝနာ၊ ဝိပဿနာကို ပွားခြင်း။ ဣတိ၊ သို့။ သောဿဗ္ဗာ၊ ဤအလုံးစုံသည်။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပတ္တိဝေ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သည့်သာလျှင်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သရဏဂမနာဒိ ဥပါသကောတိအာဒိ၊ အစရှိသော။ ယံ ဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ၏။ တံ ဝစနံ၊ ကို။ အာဟ၊ အဋ္ဌကထာဆရာမိန့်ဆိုတော်မူ၏။

အဘယ့်ကြောင့် နိဗ္ဗေဓဘာဂိယ သရဏဂုံစသော ပဋိပတ်အကျင့်ကို သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိအကျင့်ဟူ၍ ဆိုအပ်သနည်း။ နိဗ္ဗေဓဘာဂိယ ဖြစ်သော သမာဓိဘာဝနာ အဆက်ဆက်၏ အရိယမဂ်ကို ရခြင်းအကြောင်း၏ အဖြစ်ကြောင့် ဥပနိဿယ ဖြစ်သကဲ့သို့ ထို့အတူ နိဗ္ဗေဓဘာဂိယဖြစ်သော စတုပါရိသုဒ္ဓိသီလကို ဖြည့်ခြင်း၊ ပဉ္စင်းခံခြင်း၊ သာမဏေပြုခြင်း၊ ဥပါသကာ၏ ဒသသီလ ပဉ္စသီလတို့ဖြင့် တည်ခြင်း၊ အယုတ်အားဖြင့် သရဏဂုံယူခြင်းသည်လည်း အရိယမဂ်ကို ရခြင်း၏ ဥပနိဿယ ဖြစ်သောကြောင့်တည်း။

> တတ္ထ ယထာ နိဗ္ဗေဓဘာဂိယာ သမာဓိဘာဝနာ ပရံပရာယ အရိယမဂ္ဂါဓိဂမဿ ပစ္စယဘာဝတော ဥပနိဿယော၊ တထာ နိဗ္ဗေဓဘာဂိယံ သီလပရိပူရဏံ ဥပသမ္ပဒါ ပဗ္ဗဇ္ဇာ ဥပါသကဿ ဒသသု ပဉ္စသု ဝါ သီလေသု ပတိဋ္ဌာနံ၊ အန္တမသော သရဏာဒိဂမနံ နိဗ္ဗေဓဘာဂိယံ အရိယမဂ္ဂါဓိဂမဿ ဥပနိဿယော ဟောတီတိယောဝါတိ သဗ္ဗာပေ သာ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပတ္တီတိ ဝုတ္တာ။

ဝင်းဒက္ခိဏာဝိဘင်္ဂသုတ် ဋီကာပါဠိ။

တတ္ထ၊ ထိုသရဏဂံတော ဥပါသကော အစရှိသော အဋ္ဌကထာစကား၌။ နိဗ္ဗေဓ ဘာဂိယာ သမာဓိ ဘာဝနာ ပရံပရာယ၊ နိဗ္ဗေဓ ဘာဂိယဖြစ်သော

**သမာဒိဘာဝနာ** အဆက်ဆက်၏။ အရိယမဂ္ဂါဓိဂမာယ၊ အရိယမဂ်ကို ရခြင်း၏။ **ပစ္စယဘာဝတော၊** အထောက်အပံ့၏ အဖြစ်ကြောင့်၊ ဥပနိဿယော၊ အားကြီးသော အကြောင်းဖြစ်သော ဥပနိဿယပစ္စည်းသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ နိဗ္ဗေဓဘာဂိယံ၊ သော၊ သီလပရိပူရဏံ၊ စတုပါရိသုဒ္ဓိသီလကို ပြည့်ခြင်းသည်ရင်း။ ဥပသမ္ပဒါ၊ ပဉ္စင်းခံခြင်းသည်ရင်း။ ပဗ္ဗဇ္ဇာ၊ သာမဏေပြုခြင်းသည်ရင်း။ ဥပါသကာယ၊ ဥပါသကာ၏။ ဒသသု ဝါ သီလေသု၊ ဆယ်ပါးသော သီလတို့၌ရင်း။ ပဉ္စသု ဝါ သီလေသု၊ ငါးပါးသော သီလတို့၌ရင်း။ ပတိဋ္ဌာနံ၊ တည်ခြင်းသည်ရင်း။ အန္တမသော၊ အယုတ်အားဖြင့်။ နိဗ္ဗေဓဘာဂိယံ၊ သော။ သရဏာဓိဂမနံ၊ သရဏဂုံ စသည်သို့ ရောက်ခြင်းသည်ရင်း။ အရိယမဂ္ဂါဓိဂမာယ၊ ၏။ ဥပနိဿယော၊ သည်။ ဟောတိယေဝ၊ ဖြစ်သလျှင်ကတည်း။ ကွတိတသ္မာ၊ ကြောင့်။ သဗ္ဗာပေသာ သောတာပတ္တိဖလ သစ္စိကိရိယာယ ပဋိပတ္တိဘိ၊ ဟူ၍။ ဝုတ္တာ၊ အဋ္ဌကထာဆရာ မိန့်ဆိုအပ်သတည်း။

နိဗ္ဗေဓဘာဂိယဟူသည်ကား သရဏဂုံသီလ တည်ကာမျှဖြင့် မရောင့်ရဲမူ၍ နိဗ္ဗိဒါစသော ဗလဝဝိပဿနာဉာဏ်ကို စိတ်သန်အားထုတ်ခြင်းဖြင့် ဝဋ်၌ ငြီးငွေ့ခြင်းကိုလည်း နှလုံးသွင်းခြင်းတည်း။ ထို့ကြောင့်—

အတုဋ္ဌော သီလမတ္တေန၊ နိဗ္ဗိဒံ ယော မနုယုဉ္ဇတိ။
ဟောတိ နိဗ္ဗေဓဘာဂိယံ၊ သီလမေတဿ ဘိက္ခုနော။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ။

**ယော ဘိက္ခု၊** အကြင်ရဟန်းသည်။ သီလမတ္တေန၊ သီလမျှဖြင့်။ အတုဋ္ဌော၊ **မရောင့်ရဲသည်ဖြစ်၍။** နိဗ္ဗိဒံ၊ ခန္ဓာစသော ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်**စသော** ဗလဝ ဝိပဿနာကို။ အနုယုဉ္ဇတိ၊ **အားထုတ်၏။** ဧတဿ ဘိက္ခုနော၊ **၏။** သီလံ၊ သည်။ နိဗ္ဗေဓဘာဂိယံ၊ လောဘက္ခန္ဓ စသည်များစွာ ကိလေသာ **အစုအခဲ**ကို ဖောက်ခွဲခြင်း အရိယမဂ်အဖို့ရှိသည်။ ဟောတိ၊ ၏။

ဤဂါထာ၌ နိဗ္ဗိဒါစသော ဗလဝ ဝိပဿနာဉာဏ်နှင့် ယှဉ်ခြင်းဟူသည်လည်း ဥက္ကဋ္ဌနည်းမျှသာ။ **စင်စစ်သော်ကား** နာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်း**တတ်သော** ကင်္ခါဝိတရဏာဉာဏ်နှင့် ပြည့်စုံကာမျှပင်လည်း စူဠသောတာပန် မည်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သမ္မောဟ အဋ္ဌကထာတို့၌ မိန့်ဆိုကုန်သည်ကိုရင်း၊ ဥပရိပဏ္ဏာသ ဓာတုဝိဘင်္ဂသုတ် အဋ္ဌကထာ ဋီကာတို့ မိန့်ဆိုကုန်သည်တို့ကိုရင်း ကောင်းစွာထောက်ရှု၍ ခန္ဓာစသော ဝဋ်ဆင်းရဲ၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ဖြင့် ဝဋ်ဆင်းရဲမှ လွတ်ခြင်းငှာ သရဏဂုံယူခြင်း ကျမ်းဂန်သင်ခြင်းက

ဧရှိပင် ကလျာဏ ပုထုဇဉ် မည်၏ဟူ၍ သေသေချာချာ ကောင်းစွာ သန္နိဋ္ဌာန်ကျ မှတ်လေ။

ဤယခု ဆိုခဲ့ပြီးသော နိဗ္ဗေဓဘာဂိယ ဖြစ်သော သရဏဂုံ ပဥ္စသီလယူခြင်း စသည်ရှိသော ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် သမာဓိကိစ္စ ဝိပဿနာ ကိစ္စတို့ကို ဖြစ်စေနိုင်သောကြောင့် တိဟိတ်ပုဂ္ဂိုလ်တို့ချည်းသာ မှတ်လေကုန်။ ၎င်းအကြောင်းကို ဒုတိယ ဝိသဇ္ဇနာ ဗျာကရဏ၌ ထင်ရှားလတ္တံ့။

တိဟိတ်ပုဂ္ဂိုလ်၏ အဖြစ်ဟူသည်ကား ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော ကမ္မဇပညာတည်း။ ယင်းကမ္မဇ ပဋိသန္ဓေ ပညာရှိသော အဖြစ်သည်ပင် တိဟိတ်ပုဂ္ဂိုလ်၏ အဖြစ်မည်၏။ ယင်း ကမ္မဇပညာရှိသော တိဟိတ် ပဋိသန္ဓေကို တိဟိတ်ဥက္ကဋ္ဌ ကာမာဝစရကုသိုလ် မဟဂ္ဂုတ်ကုသိုလ်သည် ဖြစ်စေကုန်၏။ ယင်း တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ဖြစ်စေဟန်ကိုလည်း တိဟေတုကမုက္ကဋ္ဌ စတုက္ကနည်းဖြင့် သိရာ၏။

> တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသဝိပါကာနိ ဝိပစ္စတိ၊ ဒွိဟေတုကမုက္ကဋ္ဌဉ္စ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ တိဟေတုကရဟိတာနိ ဒွါဒသ ဝိပါကာနိ ဝိပစ္စတိ၊ ဒွိဟေတုကမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ ဒေတိ၊ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ။
>
> အဘိဓမ္မတ္ထသင်္ဂဟ လက်သန်း အဋ္ဌကထာပါဠိ။

အနက်သိသာပြီ။

ဤနည်းကို အဘိဓမ္မတ္ထသင်္ဂဟ ဋီကာဟောင်းအလို သောဠသက ဒွါဒသက အဋ္ဌကအားဖြင့် စတုက္ကနည်းဟူ၏။ ဋီကာသစ်ဖြစ်သော ဋီကာကျော်အလိုအား သောဠသက ဒွါဒသက အဋ္ဌကအားဖြင့် တိကနည်းဟူ၏။

တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဟူသည်ကား မိမိဖြစ်သောအခါ ရှေ့ကာလ နောက်တာလ အဖို့တို့၌ ကုသိုလ်အခြံအရံကို ရသောကြောင့် ဥက္ကဋ္ဌမည်၏။ တနည်း နောက်အခါ၌ အဖန်တလဲလဲ မှီဝဲစွဲထုံခြင်း အလေ့အကျင့် ဖြစ်သဖြင့် ထူးသော ကုသိုလ်ကံသည် ဥက္ကဋ္ဌမည်၏။

> ဥက္ကဋ္ဌန္တိ ကုသလပရိဝါရလာဘတော၊ ပစ္ဆာ အာသေဝနပစ္စယာ ဝါ ဝိသိဋ္ဌံ ယံ ဟိ ကမ္မံ အတ္တနော ပဝတ္တိကာလေ ပုရိမ ပစ္ဆာဘာဂ ပဝတ္တေဟိ ကုသလကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာ ဝါ အာသေဝနလာဘေန သမုဒါစိဏ္ဏံ၊ တံ ဥက္ကဋ္ဌံ။
>
> ဋီကာကျော်ပါဠိ။

ဥက္ကဋ္ဌန္တိ၊ ဟူသည်ကား၊ ကုသလပရိဝါရလာဘတော၊ ကုသိုလ်အခြံအရံကို ရခြင်းကြောင့်။ ဝိသိဋ္ဌံ၊ ထူးသောကုသိုလ်သည်။ ဥက္ကဋ္ဌံ၊ ဥက္ကဋ္ဌမည်၏၊ ဝါ၊ တနည်းကား၊ ပစ္ဆာ၊ နောက်အခါ၌၊ အာသေဝနပစ္စယာ၊ အဖန်တလဲလဲ မှီဝဲစွဲထုံခြင်း ဖြစ်ခြင်းဖြင့်။ ဝိသိဋ္ဌံ၊ သည်၊ ဥက္ကဋ္ဌံ၊ ၏။ ဟိ ဝိတ္ထာရေနမိ၊ ချဲ့ဦးအံ့။ ယံ ကမ္မံ၊ အကြင်ကုသိုလ်ကံသည်၊ အတ္တနော၊ မိမိ၏။ ပဝတ္တိကာလေ၊ ဖြစ်သော ကာလ၌။ ဝါ၊ ကာလမှ။ ပုရိမပစ္ဆာဘာဂပဝတ္တေဟိ၊ ရှေ့ကာလအဖို့ နောက်ကာလအဖို့၌ ဖြစ်ကုန်သော။ ကုသလကမ္မေဟိ၊ ကုသိုလ်ကံတို့ဖြင့်။ ပရိဝါရိတံ၊ ခြံရံအပ်သည်။ ဟောတိ၊ ၏။ ဝါ၊ တနည်းကား။ ပစ္ဆာ၊ နောက်အခါ၌။ အာသေဝနလာဘေန၊ အဖန်ဘလဲလဲ မှီဝဲစွဲထုံခြင်းကို ရသဖြင့်။ သမုဒါစိဏ္ဏံ၊ လေ့ကျက်အပ်၏။ တံ ကမ္မံ၊ သည်၊ ဥက္ကဋ္ဌံ၊ ၏။

ဒါနကို ထပ်ကာထပ်ကာ သီလကို ထပ်ကာထပ်ကာ စသည်ဖြင့် ပြုကျင့်ရာ တို့၌ အလယ်အဖို့၌ ဖြစ်သော ကုသိုလ်ကံသည် ဥက္ကဋ္ဌမည်၏၊ ဒါနကို မပြုမီ ပြုပြီး ရှေ့အဖို့ နောက်အဖို့ ကာလတို့၌ သီလကို ခြံရံစေခြင်း သီလမခံမီ ခံယူပြီး ရှေ့အဖို့ နောက်အဖို့ ကာလတို့၌ ဒါနကို အခြံအရံ ပြုခြင်းတို့၌လည်း ဥက္ကဋ္ဌမည်သည်သာတည်း။ ဤကား ရှေ့ဝိကပ်နည်းအလို။ ဩမက ဟူသည်ကား ကံကိုပြုသော အခါ၌ အကုသိုလ်ကံတို့ဖြင့် ခြံရံအပ်သော ကုသိုလ်ကံတည်း။ တနည်းကား နောက်အခါ၌ ငါသည် မကောင်းသဖြင့် ပြုမိ၏ဟူ၍ နှလုံးမသာ မယာကို ဖြစ်စေခြင်းဖြင့် ထိုအပ်သော ကုသိုလ်ကံတည်း။ နောက်ဝိကပ် တနည်း အလိုကား နောက် အခါခါအထပ်ထပ် ပြုအပ်သည်ရှိသော် ရှေ့ရှေ့ကုသိုလ်ကံ သည် ဥက္ကဋ္ဌမည်သတည်း။

ယံ ပန ကရဏကာလေ အကုသလကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာ ဝါ ဒုက္ကဋမေတံ မယာတိ ဝိပ္ပဋိသာရုပ္ပါဒနေန ပရိဘာဝိတံ တံ ဩမကန္တိ ဒဋ္ဌဗ္ဗံ။

ရင်းဒွိကာ၁ကျော်။

ယံ ပန၊ အကြင်ကုသိုလ်ကံကိုကား။ ကရဏကာလေ၊ ပြုသောအခါ၌။ အကုသလကမ္မေဟိ၊ ပါဏာတိပါတ စသော အကုသိုလ်ကံတို့ဖြင့်။ ပရိဝါရိတံ၊ ခြံရံအပ်၏။ ဝါ၊ ကား။ မယာ၊ ငါသည်။ ဧတံ၊ ထိုဒါနသီလ စသောအမှုကို။ ဒုက္ကဋံ၊ မကောင်းသဖြင့် ပြုမိ၏။ ဣတိ၊ သို့။ ဝိပ္ပဋိသာရုပ္ပါဒနေန၊ နှလုံးမသာ မယာခြင်းကို ဖြစ်စေသဖြင့်။ ပရိဘာဝိတံ၊ အဖန်တလဲလဲ ထုံအပ်၏။ တံ၊ ထို ကုသိုလ်ကံကို။ ဩမကန္တိ၊ ဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဉာဏသမ္ပယုတ် တိဟိတ်ထာမဝစရကုသိုလ်ဖြစ်ခြင်း၏ အကြောင်းမှုကား ပညာကို ဖြစ်စေတတ်သော ကံအမှုကို ပြုခြင်း၊ ဗြဟ္မာဘုံ၌ဖြစ်ခြင်း၊ ဣန္ဒြေရင့်ခြင်း၊ ကိလေသာဝေးကွာခြင်း အကြောင်းတို့တည်း။

ကမ္မတော ဥပပတ္တိတော ဣန္ဒြိယပရိပါကတော ကိလေသဒူရိဘာဝတော စ ဉာဏသမ္ပယုတ္တတာ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ။

ပညာကို ဖြစ်စေတတ်သော ကံအမှုကို ပြုခြင်းဟူသည်ကား သူတပါးတို့အား တရားဟောခြင်း၊ အပြစ်မရှိသော အသက်မွေးခြင်း၏ အကြောင်းဖြစ်ကုန်သော ဆင်စီး မြင်းစီး စသောအတတ်၊ အပြစ်မရှိသော လယ်လုပ်ကုန်သွယ်ခြင်း စသော အမှု၊ သက်ကြည့်ဗေဒင် စသော အသိဉာဏ် အရာ၊ အတတ်ပညာတို့ကို သင်စေခြင်း၊ ပြသခြင်း၊ တရားဟောတတ်သော ပုဂ္ဂိုလ်ကို ပူဇော်သက္ကာရပြု၍ တရားစကား ဟောကြားစေခြင်း၊ နောင်အခါ ဉာဏ်ပညာ ရှိရပါအံ့ဟု ဘောင်တဆုပန်၍ အထူးထူးသော အလှူကို ပေးလှူခြင်းတည်း။ ဤသို့သော ပညာကိုဖြစ်စေတတ်သောကံအမှုတို့ကို အမြဲပြု၍ ဖြစ်သော ကုသိုလ်သည် ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်၏။

ယော ဟိ ပရေသံ ဓမ္မံ ဒေသေတိ၊ အနဝဇ္ဇာနိ သိပ္ပါယတန ကမ္မာယတန ဝိဇ္ဇဋ္ဌာနာနိ သိက္ခာပေတိ၊ ဓမ္မကထိကံ သက္ကာရံ ကတွာ ဓမ္မံ ကထာပေတိ၊ အာယတိံ ပညဝါ ဘဝိဿာမီတိ ပတ္ထနံ ပဋ္ဌပေတွာ နာနာပ္ပကာရံ ဒါနံ ဒေတိ၊ တဿ ဝေရူပံ ကမ္မံ ဥပနိဿာယ ကုသလံ ဥပ္ပဇ္ဇမာနံ ဉာဏသမ္ပယုတ္တံ ဥပ္ပဇ္ဇတိ။

ရင်းအဋ္ဌသာလိနီ အဋ္ဌကထာပါဠိ။

ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ယော၊ အကြင်သူသည်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ သိပ္ပါယတန ကမ္မာယတန ဝိဇ္ဇဋ္ဌာနာနိ၊ အတတ် အမှု အသိဉာဏ် အရာတို့ကို၊ သိက္ခာပေတိ၊ သင်စေ၏။ ဓမ္မကထိကံ၊ တရားဟောတတ်သော ပုဂ္ဂိုလ်ကို။ သက္ကာရံ၊ အရိုအသေ ပူဇော်ခြင်းကို။ ကတွာ၊ ၍။ ဓမ္မံ၊ တရားကို။ ကထာပေတိ၊ ပြောဟောစေ၏။ အာယတိံ ၊ နောင်အခါ၌။ ပညဝါ၊ ပညာရှိသည်။ ဘဝိဿာမိ၊ ဖြစ်ရပါအံ့။ ဣတိ၊ သို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ပဋ္ဌပေတွာ၊ ဆုတောင်း၍။ နာနာပ္ပကာရံ၊ အထူးထူး အပြားပြားသော။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ ကမ္မံ၊

ကံကို။ အမှုကို။ ဥပနိဿာယ၊ အမှီပြု၍။ ကုသလံ၊ သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ရှိသော်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏသမ္ပယုတ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။

သပ္ပါယတနဟူသည်ကား အသက်မွေးခြင်း အကြောင်းဖြစ်သော ဆင်စီးမြင်းစီးစသော ကိုယ်အတတ် လက်အတတ်တည်း။ ထို့ကြောင့် မူလဋီကာ၌-ဇီဝိတဝုတ္တိယာ အာယတနဘာဝတော ဟတ္ထာရောဟာဒိသိပ္ပမေဝ သိပ္ပါယတနံ-ဟူ၍ သရူပတ္တဝဏ္ဏနာအားဖြင့် ဖွင့်ပြတော်မူ၏။

ဇီဝိတဝုတ္တိယာ၊ အသက်မွေးခြင်း၏။ အာယတနဘာဝတော၊ အကြောင်း၏ အဖြစ်ကြောင့်။ ဟတ္ထာရောဟာဒိသိပ္ပမေဝ၊ ဆင်စီး အစရှိသော အတတ်သည်ပင်လျှင်။ သိပ္ပါယတနံ၊ သိပ္ပါယတနမည်၏။ ဝါ၊ အသက်မွေးကြောင်း အတတ်မည်၏။

ကမ္မာယတနဟူသည်ကား ၎င်းအသက်မွေးခြင်း၏ အကြောင်းဖြစ်သော လယ်လုပ်ခြင်း ကုန်သွယ်ခြင်းစသော အမှုသည်ပင်လျှင် ကမ္မာယတနမည်၏။ ထို့ကြောင့် ကသိဝါဏိဇ္ဇာဒိကမ္မမေဝ ကမ္မာယတနံ-ဟူ၍ ၎င်းမူလဋီကာ ဖွင့်ဆို၏။ အနက်ထင်ရှား၏။

ဝိဇ္ဇဋ္ဌာနဟူသည်ကား-သက်ကြည့်ဗေဒင်စသော အသိဉာဏ်တည်း။ ထို့ကြောင့် အာယုဗေဒါဒိ ဝိဇ္ဇာဧဝ ဝိဇ္ဇဋ္ဌာနံ-ဟူ၍ ဖွင့်ဆို၏။

ဥပပတ္တိစသည်တို့ကား ဆရာတို့ထံမေးလျှင် သိလွယ်ပြီ။ အလွန်ကျယ်မည်စိုး၍ မရေးပြီ။ ဤမျှဖြင့် ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်ဖြစ်ခြင်းတို့ကို သိရခြင်းအကျိုးရှိပြီ။

ဝတ္ထုအားဖြင့်ကား လင်းနို့သားစား မဟာဒတ္တနွားလား တိပိဂ်လင်ါးစသော အဟိတ်တိရစ္ဆာန် ဇတ္တုတို့ကို ထောက်၍ တိဟိဘ်ဥက္ကဋ္ဌ ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်သည်ကို သိလေ၊ မှတ်လေ၊ နှလုံးသွင်းလေ။

ဤပြဆိုခဲ့ကုန်ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ မ်းအရပ်ရပ်ထို့ဆုံးဖြတ်ဖွင့်ပြတော်မူကြကုန်သည့်အတိုင်း ကလျာဏပုထုဇဉ်အဖြစ်ဟုဆိုအပ်သော အကြောင်းသည် သုတမယဉာဏ်နှင့်တကွသော ၊ သီလ သမာဓိ ပညာ ပဋိပတ်အထူးတို့တည်း။

တိဟိတ်ပုဂ္ဂိုလ်အဖြစ်ဟု ဆိုအပ်သောအကြောင်းမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်နှင့်တကွ ပုညကြိယဝတ္ထုသာမညတို့သာတည်း။ ထို့ကြောင့် တိဟိတ်ပုဂ္ဂိုလ်အဖြစ်ထက် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်၏ ခဲယဉ်းကြောင်းကို အသေအချာ ဟုတ်မှန်စွာ သိလေ၊ မှတ်လေ။

ဝဇီရုတ္တရ ပဋ္ဌမ ဝိသဇ္ဇနာ ဗျာကရဏ ပြီးပြီ။

## ဒုတိယ ပုစ္ဆာ

(၂) ဒွိဟိတ်ပုဂ္ဂိုလ်သည် မုချ ကလျာဏ သေက္ခအဖြစ်သို့ ရောက်မည် မရောက်မည်ကို သိလိုပါသည် အရှင်ဘုရား။

### ဝဇီရဗုဒ္ဓ ဒုတိယ ဝိဿဇ္ဇနာ

(၂) ရှင်းဒုတိယလျှောက်ချက်အရ ဒွိဟိတ်ပုဂ္ဂိုလ်သည် မုချကလျာဏပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်သို့ မရောက်နိုင်။ သေက္ခပုဂ္ဂိုလ် အဖြစ်မှာ ဆိုဖွယ်မရှိ။ အဘယ့်ကြောင့်နည်း၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ဟူသည် ပြဆိုခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ ကျမ်းတို့နှင့်အညီ သုတမယဉာဏ်နှင့်တကွ နိဗ္ဗေဓဘာဂိယဖြစ်သော သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ဖြစ်စေနိုင်သော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်ဘူးသာ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် မည်သောကြောင့်ရှင်း၊ နိဗ္ဗေဓဘာဂိယဖြစ်သော သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ပြီးစေနိုင်ခြင်းသည်လည်း ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် မပြီးစေနိုင်သောကြောင့်ရှင်း မုချ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်သို့ မရောက်နိုင်။ သေက္ခပုဂ္ဂိုလ်၏အဖြစ်မှာကား ဆိုဖွယ်မရှိ ဟူ၍ မှတ်ရာသည်။ စင်စစ်အားဖြင့်ကား ဒွိဟိတ်ပုဂ္ဂိုလ်သည်သမာဓိဘာဝနာ ပညာဘာဝနာ ဟု ဆိုအပ်သော သိက္ခာနှစ်ပါးတို့၏ ပြည့်စုံနိုင်ခြင်း အကြောင်းမရှိ၊ အရိယမဂ် ဈာန်သမာဓိ ဝိပဿနာ ဘာဝနာမပြည့်စုံနိုင်သော ကမ္မာဝရဏ ပုဂ္ဂိုလ်၊ ကိလေသာဝရဏပုဂ္ဂိုလ်၊ ဝိပါကာဝရဏပုဂ္ဂိုလ်၊ အသဒ္ဓပုဂ္ဂိုလ်၊ အစ္ဆန္ဒိကပုဂ္ဂိုလ်၊ ဒုပ္ပညပုဂ္ဂိုလ်-ဤပုဂ္ဂိုလ် ၆-မျိုးတို့တွင် ဝိပါကာဝရဏပုဂ္ဂိုလ်ဖြစ်ချေသည်။

ထို့ကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်သည် သမာဓိဘာဝနာ ပညာဘာဝနာ သိက္ခာနှစ်ပါးတို့၏ ပြည့်စုံနိုင်ခြင်း အကြောင်းမရှိဟူ၍ သိလေ။

ထိုပုဂ္ဂိုလ် ၆-ပါးတို့၏ အကျယ်အခြင်းအရာကို သိသာခြားနားအောင် ကျမ်းဂန်တို့မှ ထုတ်ဆောင်ဦးအံ့။

ယေ စ တေ သတ္တာ ကမ္မာဝရဏေန ဝါ သမန္နာဂတာ၊ ကိလေသာဝရဏေန ဝါ သမန္နာဂတာ၊ ဝိပါကာဝရဏေန ဝါ သမန္နာဂတာ၊ အသဒ္ဓါ အစ္ဆန္ဒိကာ ဒုပ္ပညာ အဘဗ္ဗာ နိယာမံ ဩက္ကမိတုံ ကုသလေသု ဓမ္မေသု သမ္မတ္တံ ဝုတ္တာ၊ တေသမေကာဿပေကကဿိဏေပိ ဘာဝနာ န ဣဇ္ဈတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ။

ကမ္မာဝရဏေန၊ ကံဘားမြစ်ခြင်းနှင့်။ သမန္နာဂတာ ဝါ၊ ပြည့်စုံကုန်သော သူတို့သည်လည်း။ ကိလေသာဝရဏေန၊ ကိလေသာ တားမြစ်ခြင်းနှင့်။ သမန္နာဂတာ ဝါ၊ ကုန်သောသူတို့သည်လည်း။ ဝိပါကာဝရဏေန၊ ဝိပါက်ပဋိသန္ဓေ တားမြစ်ခြင်းနှင့်။ သမန္နာဂတာ ဝါ၊ ကုန်သော သူတို့သည်လည်း။ အသဒ္ဓါ ဝါ၊ သဒ္ဓါတရားကင်းကုန်သော သူတို့သည်လည်း။ အစ္ဆန္ဒိကာ ဝါ၊ အလိုမရှိကုန်သော သူတို့သည်လည်း။ ဒုပ္ပညာ ဝါ၊ ပညာကင်းကုန်သော သူတို့သည်လည်း၊ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ နိယာမံ၊ နိယာမဟုဆိုအပ်သော။ သမ္မတ္တံ၊ သမ္မတ္တဟုဆိုအပ်သော အရိယမဂ်သို့။ ဩက္ကမိတုံ၊ သက်ခြင်းငှါ။ အဘဗ္ဗာ၊ မထိုက်ကုန်၊ ဣတိ၊ သို့။ ယေ စ တေ သတ္တာ၊ အကြင်သတ္တဝါတို့ကိုလည်း။ ဝုတ္တာ၊ ဘုရားမြတ်စွာ ဟောတော်မူအပ်ကုန်၏။ တေသံ၊ ထိုသတ္တဝါတို့တွင်။ ဧကဿာပိ၊ တယောက်သော သတ္တဝါအားလည်း။ ဧကကဿိဏေပိ၊ တခုသော ကသိုဏ်း၌လည်း။ ဘာဝနာ၊ သမာဓိဘာဝနာသည်။ န ဣဇ္ဈတိ၊ မပြည့်စုံနိုင်။

ဘုရားမြတ်စွာ ဟောတော်မူအပ်၏ ဟူသည်မှာ ဉာဏဝိဘင်းပါဠိတော်၊ ပုဂ္ဂလပညတ်ပါဠိတော်၊ အင်္ဂုတ္တရ ပါဠိတော်စသည်တို့၌ ဟောတော်မူအပ်ကုန်သည်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာလည်း ဓမ္မသေနာပတိ အရှင်သာရိပုတြာ မဟာထေရ်မြတ် ဟောတော်မူသည်။

ပုဂ္ဂလပညတ် အဋ္ဌကထာ၌လည်း—

ဝေမိမဿိံ ဒုကေယေ စ ပုဂ္ဂလာ ပဉ္စာနန္တရိကာ။ ယေ စ နိယတမိစ္ဆာဒိဋ္ဌိကာ။ ယေ ဟိ စ အဟေတုက ဒုဟေတုကပဋိသန္ဓိ ဂဟိတာ။ ယေ စ ဗုဒ္ဓါဒိနိ န သဒ္ဒဟန္တိ။ ယေသဉ္စ ကတ္တုကမျတာ ဆန္ဒော နတ္ထိ။ ယေ စ အပရိပုဏ္ဏဘဝင်္ဂပညာ။ ယေသဉ္စ မဂ္ဂဖလာနံ ဥပနိဿယော နတ္ထိ။ တေ သဗ္ဗေပိ သမ္မတ္တနိယာမံ ဩက္ကမိတုံ အဘဗ္ဗာ—

ဟု မိန့်၏။

ရင်းအဋ္ဌကထာအလိုအားဖြင့်ကား အဘဗ္ဗပုဂ္ဂိုလ် ၇-မျိုးတည်း။ပါဠိတော် နည်း ၆-မျိုး၊ အဋ္ဌကထာနည်း ၇-မျိုးဟု ခွဲ၍မှတ်လေ။

၁။ ကံ တားမြစ်သော ပုဂ္ဂိုလ်သတ္တဝါ ဟူသည်ကား အနန္တရိယကံ၅-ပါး တို့တွင် တပါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ် သတ္တဝါတည်း။

ကမ္မာဝရဏေန သမန္နာဂတာတိ အနန္တရိယကမ္မသမင်္ဂိနော။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ။

ကမ္မာဝရဏေန သမန္နာဂတာတိ၊ ဟူသည်ကား။ အနန္တရိယကမ္မသမင်္ဂိနော၊ အနန္တရိယကံနှင့် ပြည့်စုံသောသူတို့တည်း။

ကမ္မာဝရဏေနာတိ ပဉ္စဝိဓေန အနန္တရိယကမ္မေန။

သမ္မောအဋ္ဌကထာ၊ ပုဂ္ဂလပညတ် အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ပါဠိ၊ သုတ်မဟာဝ ဋီကာပါဠိ။

ကမ္မာဝရဏေနာတိ၊ ဟူသည်ကား၊ ပဉ္စဝိဓေန၊ ငါးပါး အပြားရှိသော။ အနန္တရိယကမ္မေန၊ အနန္တရိယကံနှင့်။ သမန္နာဂတာ၊ တို့တည်း။

သမန္နာဂတာတိ သမင်္ဂီဘူတာ။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဖွင့်။

၂။ ကိလေသာ တားမြစ်သော သတ္တဝါတို့ဟူသည်ကား နိယတမိစ္ဆာဒိဋ္ဌိ အယူနှင့် ပြည့်စုံသော သတ္တဝါတို့တည်း။

ကိလေသာဝရဏေနာတိ နိယတမိစ္ဆာဒိဋ္ဌိယာ။

သမ္မောအဋ္ဌကထာ၊ ပုဂ္ဂလပညတ် အဋ္ဌကထာပါဠိ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာပါဠိ၊သုတ်မဟာဝဋီကာပါဠိ။

ကိလေသာဝရဏေနာတိ၊ ဟူသည်ကား။ နိယတမိစ္ဆာဒိဋ္ဌိယာ၊ နိယတမိစ္ဆာ ဒိဋ္ဌိအယူနှင့်။ သမန္နာဂတာ၊ တို့တည်း။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ကား။ နိယတမိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်၊ ဥဘတောဗျည်း၊ ပဏ္ဍုက်တို့သည် ကိလေသာဝရဏပုဂ္ဂိုလ်တို့တည်းဟု မိန့်၏။

ကိလေသာဝရဏေန သမန္နာဂတာတိ နိယတ မိစ္ဆာဒိဋ္ဌိကာစေဝ ဥဘတောဗျဉ္ဇနကပဏ္ဍကာ စ။

ရင်းဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ။

ကိလေသာဝရဏေန သမန္နာဂတာတိ၊ ဟူသည်ကား။ နိယတမိစ္ဆာဒိဋ္ဌိကာစေဝ၊ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်တို့သည်၎င်း။ ဥဘတော ဗျဉ္ဇနက ပဏ္ဍကာ စ၊ ဥဘတောဗျည်း ပဏ္ဍုက်တို့သည်၎င်း။ ဟောန္တိ၊ ကုန်၏၊

ဤ ကမ္မာဝရဏ၊ ကိလေသာဝရဏ နှစ်ပါးတို့သည် သုဂတိဘဝ အရိယမဂ်တို့ကို တားမြစ်တတ်ကုန်၏ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ မိန့်၏။

ကမ္မာနိ ဧဝ သဂ္ဂမဂ္ဂါနံ အာဝရဏတော အာဝရဏာနိ။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာပါဠိ။

ကမ္မာနိ ဧဝ၊ ဤကမ္မာဝရဏ ကိလေသာဝရဏ နှစ်ပါးတို့သည်။ သဂ္ဂမဂ္ဂါနံ၊ သုဂတိဘဝ အရိယမဂ်တို့ကို။ ဝါ၊ သုဂတိလမ်းတို့ကို။ အာဝရဏတော၊ တားမြစ်တတ်သောကြောင့်။ အာဝရဏာနိ၊ တားမြစ်တတ်သော တရားမည်ကုန်၏။

ဘိက္ခုနီဒူသကဲ အစရှိသော ကံတို့ကိုလည်း ကမ္မာဝရဏ၌ သွတ်သွင်း သင်္ဂြိုဟ်အပ်ကုန်၏ဟု ၎င်းပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ မိန့်သတည်း။

ဘိက္ခုနီဒူသကာဒိကမ္မာနိပိ ကမ္မာဝရဏေန သင်္ဂဟိတာနိ။

၎င်း ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာပါဠိ။

ဘိက္ခုနီဒူသကာဒိကမ္မာနိပိ၊ ဘိက္ခုနီဒူသက အစရှိသော ကံတို့ကိုလည်း။ ကမ္မာဝရဏေန၊ ကမ္မာဝရဏဖြင့်သာလျှင်။ သင်္ဂဟိတာနိ၊ ရေတွက်အပ်ကုန်၏။

ဥဘတောဗျည်း ပဏ္ဍုက်တို့သည်လည်း သုဂတိအဟိတ် ပဋိသန္ဓေ နေကုန်သောကြောင့် ဝိပါကာဝရဏ ဖြစ်ကုန်သော်လည်း လွန်သော ထက်သော ကိလေသာရှိကုန်သည်၏ အဖြစ်ကြောင့် ကိလေသာဝရဏဟု ဆိုအပ်ကုန်သတည်း။

> ကာမဉ္စေတေ အဟေတုကပဋိသန္ဓိကတ္တာ ဝိပါကာဝရဏေန သမန္နာဂတာ ဟောန္တိ။ တထာပိ တိဗ္ဗကိလေသတ္တာ ကိလေသာဝရဏေန သမန္နာဂတာ ဝုတ္တာ။

ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ။

စေတေ၊ ထိုဥဘတောဗျည်း ပဏ္ဍုက်တို့သည်။ အဟေတုက ပဋိသန္ဓိကတ္တာ၊ သုဂတိအဟိတ် ပဋိသန္ဓေရှိသည်၏ အဖြစ်ကြောင့်။ ဝိပါကာဝရဏေန၊ ဝိပါက်

ပဋိသန္ဓေတာ မြစ်ခြင်းနှင့်။ သမန္နာဂတာ၊ ကုန်သည်။ ကာမဋ္ဌ ဟောန္တိ၊ အကယ်၍ကား ဖြစ်ကုန်၏ရှင့်။ တထာပိ၊ ထိုသို့ ဝိပါက်ပဋိသန္ဓေတားမြစ်ခြင်းနှင့် ပြည့်စုံကုန်သော်လည်း။ တိဗ္ဗကိလေသတ္တာ၊ ထက်သော ကိလေသာ ရှိသည်၏အဖြစ်ကြောင့်။ ကိလေသာဝရဏေန၊ ကိလေသာ တားမြစ်ခြင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံသောသူတို့ဟူ၍၊ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်၏။

၄။ ဝိပါက် ပဋိသန္ဓေ တားမြစ်သော သတ္တဝါဟူသည်ကား အဟိတ် ပဋိသန္ဓေ ဒွိဟိတ်ပဋိသန္ဓေနေကုန်သော ပုဂ္ဂိုလ်တို့တည်း။

> ဝိပါကာဝရဏေန သမန္နာဂတာတိ အဟေတုက ဒွိဟေတုက ပဋိသန္ဓိကာ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ။

ဝိပါကာဝရဏေန သမန္နာဂတာတိ၊ ဟူသည်ကား။ အဟေတုက ဒွိဟေတုက ပဋိသန္ဓိကာ၊ အဟိတ်ပဋိသန္ဓေ ဒွိဟိတ်ပဋိသန္ဓေ နေကုန်သော ပုဂ္ဂိုလ်တို့တည်း။

> အဟေတုက ဒွိဟေတုက ပဋိသန္ဓိကာတိ အဟေတုကပဋိသန္ဓိကာ စ ဒွိဟေတုကပဋိသန္ဓိကာ စ။ ဒုဟေတုက ပဋိသန္ဓိကာနံပိ ဟိ အရိယမဂ္ဂ ပဋိဝေဓော ဈာနပဋိလာဘော စ နတ္ထိ။ တသ္မာ တေပိ ဝိပါကာ ဝရဏေန သမန္နာဂတာဝ။

ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ။

အဟေတုက ဒွိဟေတုက ပဋိသန္ဓိကာတိ၊ ဟူသည်ကား။ အဟေတုက ပဋိသန္ဓိကာ စ၊ အဟိတ်ပဋိသန္ဓေ နေကုန်သော ပုဂ္ဂိုလ်တို့သည်၎င်း။ ဒွိဟေတုက ပဋိသန္ဓိကာ စ၊ ဒွိဟိတ်ပဋိသန္ဓေ နေကုန်သော ပုဂ္ဂိုလ်တို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ ဝါ- ဟိယသ္မာ၊ အကြင့်ကြောင့်။ ဒုဟေတုက ပဋိသန္ဓိကာနံပိ၊ ဒွိဟိတ်ပဋိသန္ဓေ နေကုန်သော ပုဂ္ဂိုလ်တို့၏လည်း။ အရိယမဂ္ဂ ပဋိဝေဓော စ၊ အရိယမဂ်ကို ထိုးထွင်း၍သိခြင်းသည်၎င်း၊ ဈာနပဋိလာဘော စ၊ ဈာန်ကို ရခြင်းသည်၎င်း။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ တေပိ၊ ထိုဒွိဟိတ် ပုဂ္ဂိုလ်တို့သည်လည်း။ ဝိပါကာဝရဏေန၊ နှင့်။ သမန္နာဂတာဝ၊ ပြည့်စုံကုန်သည်သာတည်း။

ဈာန်မရလျှင်လည်း ဝိပဿနာဉာဏ်ကို မရနိုင်သည်သာဟု မှတ်လေ။

ဝိပါကာဝရဏေနာတိ အဟေတုကပဋိသန္ဓိယာ ယသ္မာ ပန ဒွိဟေတုကာနံပိ အရိယမဂ္ဂပဋိဝေဓော နတ္ထိ။ တသ္မာ ဒွိဟေတုကာ ပဋိသန္ဓိပိ ဝိပါကာဝရဏမေဝါတိ ဝေဒိတဗ္ဗာ။

သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိ၊ သုတ် မဟာဝါဋီကာပါဠိ။

ဝိပါကာဝရဏေနာတိ၊ ဟူသည်ကား။ အဟေတုကာ ပဋိသန္ဓိယာ၊ အဟိတ်ပဋိသန္ဓေနှင့်။ သမန္နာဂတာ၊ တို့တည်း။ ယသ္မာ ပန၊ အကြင့်ကြောင့်ကား။ ဒွိဟေတုကာနံပိ၊ တို့၏လည်း။ အရိယမဂ္ဂပဋိဝေဓော၊ သည်။ နတ္ထိ၊ မရှိ၊ တသ္မာ၊ ကြောင့်။ ဒွိဟေတုကာပဋိသန္ဓိပိ၊ ဒွိဟိတ်ပဋိသန္ဓေကိုလည်း။ ဝိပါကာဝရဏမေဝ၊ ဝိပါကာဝရဏသည်သာတည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။

ဝိပါကာဝရဏေနာတိ အဟေတုက ဒွိဟေတုကာပဋိသန္ဓိယာ၊

ပုဂ္ဂလပညတ် အဋ္ဌကထာပါဠိ။

ဝိပါကာဝရဏေနာတိ၊ ဟူသည်ကား။ အဟေတုကဒွိဟေတုကာပဋိသန္ဓိယာ၊ အဟိတ်ပဋိသန္ဓေ ဒွိဟိတ်ပဋိသန္ဓေနှင့်။ သမန္နာဂတာ၊ တို့တည်း။

ဤအဋ္ဌကထာ ဋီကာတို့ကား အဘဗ္ဗအရာဖြစ်၍ အရိယမဂ္ဂပဋိဝေဓကိုသာ မြစ်ခြင်းကို ပြသည်။ ဈာနပဋိလာဘကိုလည်း မြစ်သည်သာတည်း။

၄။ အသဒ္ဓပုဂ္ဂိုလ် ဟူသည်ကား ဘုရားအစရှိသော ရတနာသုံးပါးတို့၌ ယုံကြည်ခြင်း ကင်းကုန်သော ပုဂ္ဂိုလ်တို့တည်း။

အသဒ္ဓါတိ ဗုဒ္ဓါဒီသု သဒ္ဓါရဟိတာ။

သမ္မောဟအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ သုတ်မဟာဝါဋီကာ။

အသဒ္ဓါတိ၊ ဟူသည်ကား။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိသည်တို့၌။ သဒ္ဓါရဟိတာ၊ ယုံကြည်ခြင်း သဒ္ဓါကင်းကုန်သော သူတို့တည်း။

အသဒ္ဓါတိ ဗုဒ္ဓဓမ္မသံဃေသု သဒ္ဓါရဟိတာ။

ပုဂ္ဂလပညတ် အဋ္ဌကထာပါဠိ။ (အနက်လွယ်၏။)

၅။ အစ္ဆန္ဒိကပုဂ္ဂိုလ်ဟူသည်ကား ပြုလိုသော ဆန္ဒကင်းကုန်သော သူတို့တည်း။

အစ္ဆန္ဒိကာတိ ကတ္တုကမျတာ ဆန္ဒရဟိတာ။

သမ္မောအဋ္ဌကထာ။ ပုဂ္ဂလပညတ် အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ပါဠိ၊ သုတ်မဟာဝါဋီကာပါဠိ။

အစ္စန္တိကာတိ၊ ဟူသည်ကား။ ကတ္တုကမျတာ ဆန္ဒရဟိတာ၊ အနုလောမ အကျင့်ကို ပြုခြင်းငှာ အလိုရှိသည်၏ အဖြစ်ဟုဆိုအပ်သော ဆန္ဒမှ ကင်းကုန် သော သူတို့တည်း။ ကတ္တုကမျတာတိ အနုလောမပဋိပဒံ ကာတုမိစ္ဆာ။ ပဋိသမ္ဘိဒါမဂ်ဋီကာနှင့် ညီ၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ကား အပစ္စနိကပဋိပဒါ၌ အလိုဆန္ဒကင်းကုန်သော သူတို့ဟူ၍ မိန့်၏။

အစ္စန္တိကာတိ အပစ္စနိကပဋိပဒါယ ဆန္ဒဝိရဟိတာ။

ဂင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အစ္စန္တိကာတိ၊ ဟူသည်ကား။ အပစ္စနိကပဋိပဒါယ၊ အပစ္စနိကပဋိပဒါ၌။ ဆန္ဒဝိရဟိတာ၊ သမ္မာဆန္ဒကင်းကုန်သော သူတို့တည်း။

အပစ္စနိကပဋိပဒါဟူသည်ကား အရိယမဂ်အားလျော်သော အကျင့်တည်း။ သစ္စာနုလောမိက ဝိပဿနာဟူ၏။

အပစ္စနိကပဋိပဒါယန္တိ မဂ္ဂဿ အနုလောမပဋိပဒါယ။ သစ္စာနုလောမိကာယ ဝိပဿနာယ။

ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ။

အပစ္စနိကပဋိပဒါယန္တိ၊ ဟူသည်ကား။ မဂ္ဂဿ၊ အရိယမဂ်အား။ အနုလောမပဋိပဒါယ၊ လျော်သောအကျင့်၌။ သစ္စာနုလောမိကာယ၊ သစ္စာလေးပါး အားလျော်သော။ ဝိပဿနာယ၊ ဝိပဿနာပဋိပဒါ၌။ ဆန္ဒဝိရဟိတာ၊ တို့တည်း။

ထိုဆန္ဒကိုလည်း နိဗ္ဗာန်ကိုရခြင်း အကျိုးငှါသာဖြစ်သော သမ္မာဆန္ဒဟူ၍ အတ္ထဝိစယာဟာရ နည်းအားဖြင့် ဝိသုဒ္ဓိမဂ် မဟာဋီကာမိန့်သည်။

တမ္ပိ နိဗ္ဗာနာဓိဂမတ္ထမေဝ ကတ္တုကမျတာဆန္ဒံ သန္ဓာယ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။

ဂင်း ဝိသုဒ္ဓိမဂ် မဟာဋီကာ။

တမ္ပိ၊ ထိုဆန္ဒကိုလည်း။ နိဗ္ဗာနာဓိဂမတ္ထမေဝ၊ နိဗ္ဗာန်ကိုရခြင်း အကျိုးငှါသာလျှင်။ ကတ္တုကမျတာဆန္ဒံ၊ ပြုလိုသည်၏အဖြစ်ဟု ဆိုအပ်သော သမ္မာ ဆန္ဒကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်အပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

မြောက်ကျွန်းသား ဖြစ်ကုန်သော လူတို့သည် အလိုမရှိ အစ္ဆန္ဒိကပုဂ္ဂိုလ်အရာ၌ ဝင်ကုန်၏ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ သုတ်မဟာဝဂ္ဂဋီကာတို့၌ မိန့်ကုန်၏။

ဥတ္တရကုရုကာ မနုဿာ အစ္ဆန္ဒိကဋ္ဌာနံ ပဝိဋ္ဌာ။

ရင်း သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာပါဠိ၊ သုတ်မဟာဝဂ္ဂဋီကာပါဠိ။

ဥတ္တရကုရုကာ၊ မြောက်ကုရုကျွန်း၌ ဖြစ်ကုန်သော။ မနုဿာ၊ လူတို့သည်၊ အစ္ဆန္ဒိကဋ္ဌာနံ၊ အလိုမရှိသော ပုဂ္ဂိုလ်၏အရာသို့။ ပဝိဋ္ဌာ၊ ဝင်ကုန်၏။

မြောက်ကျွန်းသားတို့သည် အဘယ်သူတို့ကဲ့သို့ အဘယ်အကြောင်းကြောင့် အစ္ဆန္ဒိကအရာသို့ ဝင်ကုန်သနည်းဟူမူကား မာရ်နတ်မျိုး စသည်တို့ကဲ့သို့ ဝဋ်ငြိမ်းခြင်းကို အလိုမရှိကုန်သောကြောင့် ဟူ၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ မိန့်ဆို၏။

ဥတ္တရကုရုကာပိ မနုဿာ မာရာဒယောဝိယ အစ္ဆန္ဒိကဋ္ဌာနံ ပဝိဋ္ဌာ၊ နိဗ္ဗုတိစ္ဆန္ဒရဟိတတ္တာ။

ရင်းဝိသုဒ္ဓိမဂ် မဟာဋီကာ။

ဥတ္တရကုရုကာ၊ မြောက်ကျွန်း၌ဖြစ်ကုန်သော။ မနုဿာပိ၊ လူတို့သည်သည်း။ မာရာဒယောဝိယ၊ မာရ်နတ်မျိုး စသည်တို့ကဲ့သို့။ နိဗ္ဗုတိစ္ဆန္ဒရဟိတတ္တာ၊ ဝဋ်ငြိမ်းခြင်းကို အလိုမရှိကုန်သည်၏ အဖြစ်ကြောင့်။ အစ္ဆန္ဒိကဋ္ဌာနံ၊ သို့။ ပဝိဋ္ဌာ၊ ကုန်၏။

ဝိဘင်းမူလဋီကာ၌လည်း—

နိဗ္ဗုတိစ္ဆန္ဒရဟိတတ္တာ အစ္ဆန္ဒိကဋ္ဌာနံ ပဝိဋ္ဌာ—

ဟူ၍ မိန့်သတည်း။

ပုဂ္ဂလပညတ် အဋ္ဌကထာ၌ကား—ဇမ္ဗူဒီပါကျွန်းမှတပါး သုံးကျွန်းသားတို့ကို အစ္ဆန္ဒိကပုဂ္ဂိုလ်တို့ ဟူကုန်၏။

တေ ဥပေတွာ ဇမ္ဗုဒီပံ ဣတရဒီပတ္တယဝါသိနော ဝေဒိတဗ္ဗာ။ တေသု ဟိ မနုဿာ အစ္ဆန္ဒိကဘာဝံ ပဝိဋ္ဌာ နာမ။

ရင်းပုဂ္ဂလပညတ်အဋ္ဌကထာ။

တော၊ ထိုအစ္စန္တိက ပုဂ္ဂိုလ်တို့ကို။ ဇမ္ဗုဒီပံ၊ ဇမ္ဗူဒိပ်ကျွန်းကို။ ဌပေတွာ၊ ထား၍။ ဣတရ ဒီပတ္တယဝါသိနော၊ ဤဇမ္ဗူဒိပ်ကျွန်းမှတပါး သုံးကျွန်းသားတို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ဟိသစ္စံ၊ မှန်၏။ ဝါ- ဟိယသ္မာ၊ ကြောင့်။ တေသု၊ ထိုဇမ္ဗူဒိပ်ကျွန်းမှ တပါးသော သုံးကျွန်းတို့၌။ မနုဿာ၊ တို့သည်။ အစ္စန္တိကဘာဝံ၊ အလိုမရှိသော ပုဂ္ဂိုလ်၏ အဖြစ်သို့။ ပဝိဋ္ဌာ နာမ၊ ဝင်သည်မည်ကုန်၏။ တသ္မာ၊ ကြောင့်။ ဝေဒိတဗ္ဗာ၊ ကုန်၏။

ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ၌လည်း ဥပလက္ခဏနည်း နိဒဿနနည်း ပဓာနနည်းအားဖြင့် ဝါ၊ စတုဗျူဟာရနည်းအားဖြင့် မြောက်ကျွန်းသားတို့နှင့်အတူ အရှေ့ အနောက် နှစ်ကျွန်းသားတို့ကိုလည်း ယူအပ်ကုန်၏ဟု ဖွင့်ပြတော်မူသည်။

ဥတ္တရ။ ပ။ ပဝိဋ္ဌာတိဝစနေန ဣတရဒေသ ဒွယံဝါသိနောပိ ဂဟိ
တာ ဟောန္တိ။

ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပါဠိ။

ဥတ္တရ။ ပ။ ပဝိဋ္ဌာတိဝစနေန၊ ဥတ္တရ။ ပ။ ပဝိဋ္ဌာဟူသောသဒ္ဒါဖြင့်။ ဣတရဒေသဒွယဝါသိနောပိ၊ ဤမြောက်ကျွန်းမှ တပါးသော အရှေ့ကျွန်း အနောက်ကျွန်း နှစ်ကျွန်း၌ နေကုန်သော လူတို့ကိုလည်း။ ဂဟိတာ၊ ယူအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

၆။ ဒုပ္ပညပုဂ္ဂိုလ်ဟူသည်ကား ဘဝင်ပညာချို့ယုတ်သော အဟိတ်၊ ဒွိဟိတ်၊ ဘဝင်ပညာနုံ့သော တိဟိတ်ပုဂ္ဂိုလ်တို့တည်း။

ဒုပ္ပညာတိ ဘဝင်္ဂပညာယ ပရိဟီနာ။

သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ သုတ်မဟာဝါဋီကာပါဠိ။

ဒုပ္ပညာတိ၊ ဟူသည်ကား။ ဘဝင်္ဂပညာယ၊ ဘဝင်ပညာမှ။ ပရိဟီနာ၊ ချို့ယုတ်ကုန်သော ပုဂ္ဂိုလ်တို့တည်း။

ဘဝင်ပညာနှင့်ပြည့်စုံသော တိဟိတ်ပုဂ္ဂိုလ်၏လည်း ဘဝင်သည် စျာန်အားရင်း လောကုတ္တရာမဂ်ဖိုလ်အားရင်း အခြေပါဒကမဖြစ်။ ထိုတိဟိတ်ပုဂ္ဂိုလ်သည်လည်း ဒုပ္ပညပုဂ္ဂိုလ်ပင် မည်ကြောင်းကို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့၌ မိန့်ဆိုကုန်သည်။

ဘဝင်္ဂပညာယ ပန ပရိပုဏ္ဏာယပိ ယဿ ဘဝင်္ဂံ ဈာနဿ ဝါ
လောကုတ္တရဿ ဝါ ပါဒကံ န ဟောတိ၊ သော ဒုပ္ပညာယေဝ နာမ။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ ဈာနဿ ဝါ မပါ။

ပန၊ မုဒုတပါး ဥပစာရကို ဆိုဦး အံ့။ ဝါ၊ အဟေတုက ဒုပ္ပညမှတပါး တိဟေတုတ ဒုပ္ပညကို ဆိုဦးအံ့။ ဘဝင်ပညာယ၊ ဘဝင်ပညာနှင့်။ ပရိပုဏ္ဏာသာဝ၊ ပြည့်စုံသည်လည်းဖြစ်သော။ ယဿ၊ အကြင်တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၏။ ဘဝင်၊ ဘဝင်သည်။ ဝါ၊ ဘဝင်ပညာသည်။ ဈာနဿ ဝါ၊ ဈာန်၏ရင်း။ လောကုတ္တရဿ ဝါ၊ လောကုတ္တရာ မဂ်ဖိုလ်၏ရင်း။ ပါဒကံ၊ အခြေသည်။ န ဟောတိ၊ မဖြစ်။ သော၊ ထိုတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ဒုပ္ပညောယေဝ နာမ၊ ဒုပ္ပညပုဂ္ဂိုလ်မည်သလျှင်ကတည်း။

ပုဂ္ဂလပညတ်အဋ္ဌကထာ၌လည်း ဘဝင်ပညာကင်းသော အဟိတ်ပဋိသန္ဓေ ဒွိဟိတ်ပဋိသန္ဓေ နေကုန်သော ပုဂ္ဂိုလ်၊ မဂ်ဖိုလ်၏ ဥပနိဿယ မရှိသော တိဟိတ် ပုဂ္ဂိုလ်တို့သည် ဒုပ္ပညပုဂ္ဂိုလ်တို့ ဟူ၍ မိန့်၏။

ဒုပ္ပညာတိ ဘဝင်ပညာရဟိတာ အပ္ပဋိလဒ္ဓမဂ္ဂဖလူပနိဿယာ။

ရင်း ပုဂ္ဂလပညတ်အဋ္ဌကထာ။

ဒုပ္ပညာတိ၊ ဟူသည်ကား။ ဘဝင်ပညာရဟိတာ၊ ဘဝင်ပညာကင်းကုန်သော အဟိတ်ပုဂ္ဂိုလ် ဒွိဟိတ်ပုဂ္ဂိုလ်တို့တည်း။ အပ္ပဋိလဒ္ဓမဂ္ဂဖလူပနိဿယာ၊ မရအပ် မရထိုက်သော မဂ်ဖိုလ်ဥပနိဿယရှိသော တိဟိတ်ပုဂ္ဂိုလ်တို့တည်း။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ကား လောကီသမ္မာဒိဋ္ဌိ လောကုတ္တရာသမ္မာဒိဋ္ဌိ ကင်းကုန်သော ပုဂ္ဂိုလ်တို့သည် ဒုပ္ပညပုဂ္ဂိုလ်တို့ ဟူကုန်၏။

ဒုပ္ပညာတိ လောကိယ လောကုတ္တရ သမ္မာဒိဋ္ဌိယာ ရဟိတာ။

ရင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဒုပ္ပညာတိ၊ ဟူသည်ကား။ လောကိယ လောကုတ္တရ သမ္မာဒိဋ္ဌိယာ၊ လောကီသမ္မာဒိဋ္ဌိ လောကုတ္တရာသမ္မာဒိဋ္ဌိမှ။ ရဟိတာ၊ ကင်းကုန်သော ပုဂ္ဂိုလ်တို့တည်း။

ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လောကီသမ္မာဒိဋ္ဌိဟူသည်ကို ဈာနသမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိနှစ်ပါးတို့ကိုသာ ယူအပ်ကုန်၏။ အဘယ့်ကြောင့်နည်း၊ သမာဓိဘာဝနာ ဝိပဿနာဘာဝနာ နှစ်ပါး၏ အရာဖြစ်သောကြောင့်တည်း။ သမ္မောဟ အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ ပုဂ္ဂလပညတ် အဋ္ဌကထာတို့နှင့် အနက်ရသဘောရအားဖြင့် အတူတူသာတည်း။

ဘဝင်ပညာ သက်သက်ကင်းချုံကုန်သော အဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့ကို ဝိပါကာဝရဏဖြင့် ယူအင်ကုန်သည်၏ အဖြစ်ကြောင့် အချုံကုန်သော မဂ်ဖိုလ်၏ ဥပနိဿယမရှိကုန်သော တိဟိတ်ပုဂ္ဂိုလ်တို့ကို ဒုပ္ပညပုဒ်ဖြင့် ယူအပ်ကုန်၏။

ဒုပ္ပညပုဂ္ဂိုလ်အဖြစ်ဖြင့် ယူအပ်ကုန်၏ဟူ၍ ပုဂ္ဂလပညတ် မူလဋီကာ၌ သမ္ဗန္ဓ သံဝဏ္ဏနာနည်းဖြင့် ဖွင့်ပြတော်မူ၏။

ဘဝင်္ဂပညာရဟိတာ ဝိပါကာဝရဏေန သမန္နာဂတာတိ ဣမိနာ ဂဟိဘာတိ တိဟေတုကပဋိသန္ဓိကာ ကေစိ ဒုပ္ပညာတိ ဣမိနာ ဂယှန္တီတိ ဒဿေန္တော အာဟ၊ အပ္ပဋိလဒ္ဓမဂ္ဂဖလူပနိဿယာတိ။

ရင်း ပုဂ္ဂလပညတ်မူလဋီကာ။

ဘဝင်္ဂပညာရဟိတာ၊ ဘဝင်ပညာကင်းကုန်သော အဟိတ် ဒွိဟိတ်ပုဂ္ဂိုလ် တို့ကို။ ဝိပါကာဝရဏေန သမန္နာဂတာတိဣမိနာ၊ ဝိပါကာဝရဏေန သမန္နာ ဂတာဟူသော ဤပါဠိဖြင့်။ ဂဟိတာ၊ ယူအပ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ ကေစိ၊ အချို့ကုန်သော။ တိဟေတုကာ ပဋိသန္ဓိကာ၊ တိဟိတ်ပဋိသန္ဓေနေကုန် သော ပုဂ္ဂိုလ်တို့ကို။ ဒုပ္ပညာတိဣမိနာ၊ ဒုပ္ပညာဟူသော ဤပုဒ်ဖြင့်။ ဂယှန္တိ၊ ယူအပ်ကုန်၏။ ဣတိ၊ သို့။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ ဝါ၊ ပြတော်မူလိုသောကြောင့်။ ဝါ၊ ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည်။ အပ္ပဋိလဒ္ဓမဂ္ဂ ဖလူပနိဿယာတိ၊ ဟူ၍။ အာဟ၊ မိန့်တော်မူ၏။

ဤမူလဋီကာ၌ အချို့သော တိဟိတ်ပုဂ္ဂိုလ်တို့ဟူသည်ကား နုံ့သောပညာ ရှိကုန်သော မန္ဒဗုဒ္ဓိ တိဟိတ်ပုဂ္ဂိုလ်တို့ကိုရည်၍ သန္ဓာယဘာသိတအားဖြင့် ကေစိဟူကြောင်းကို ရင်းပုဂ္ဂလပညတ် အနုဋီကာ၌ ဖွင့်ပြတော်မူသည်။

ကေစီတိ တိဟေတုကပဋိသန္ဓိကေ မန္ဒဗုဒ္ဓိကေ သန္ဓာယာဟ ထေန ဝုတ္တံ ဒုပ္ပညာတိဣမိနာ ဂယှန္တီတိ။

ရင်း ပုဂ္ဂလ ပညတ် အနုဋီကာပါဠိ

ကေစီတိ၊ ဟူသည်ကား။ တိဟေတုကာပဋိသန္ဓိကေ၊ တိဟိတ်ပဋိသန္ဓေ နေကုန်သော။ မန္ဒဗုဒ္ဓိကေ၊ နုံ့သော ပညာရှိကုန်သော တိဟိတ်ပုဂ္ဂိုလ်တို့ကို။ သန္ဓာယ၊ ရည်ရွယ်၍။ အာဟ၊ မူလဋီကာဆရာ မဟာထေရ်ကြော် မိန့်တော် မူ၏။ တေန၊ ထိုကြောင့်။ ဒုပ္ပညာတိဣမိနာ ဂယှန္တီတိ၊ ဟူ၍။ ဝုတ္တံ၊ ဋီကာ၌ပင် ဋီကာရှင်မိန့်အပ်ပြီ။ မိန့်အပ်သကား။

တိဟိတ်ပုဂ္ဂိုလ်အရာ၌ ဒုပ္ပညာဟူသော ပုဒ်တွင် ဒု-ဟူသော ပုဒ်သည် ဒုဗ္ဗလ အနက်ဟု မှတ်ယူရာ၏။ ထို့ကြောင့် ရင်းပုဂ္ဂလ ပညတ် အနုဋီကာဆရာ အရှင် မဟာဓမ္မပါလမထေရ်မြတ်သည် ဒုဗ္ဗလာ ပညာ ယေသန္တေတိ ဒုပ္ပညာ ဟူ၍ ဝစနတ္ထ ပြုတော်မူသတည်း။

ဘဝင်္ဂပညာရဟိတာ ဘဝင်္ဂပညာယ ပရိဟီနာ ဟူသော အဋ္ဌကထာ ရှေ့ဝါကျ သံဝဏ္ဏနာအရာ၌ကား ဒုဟူသောစပုဒ်သည် အဘာဝအနက်ဟု မှတ်၍ နတ္ထိ ပညာ ယေသန္တေတိ ဒုပ္ပညာ ဟူ၍ ဝစနတ္ထ ပြု၏။ ဋီကာရှင်တို့ကား အထူးမပြု။

ဤသို့ ပြဆိုခဲ့ပြီးသော ကမ္မာဝရဏစသော အဘဗ္ဗပုဂ္ဂိုလ် ၇-မျိုးတို့သည် ကား တသိဏ ကမ္မဋ္ဌာန်းအရာ၌သာ ဈာန်သမာဓိကိစ္စ မပြီးနိုင်သည်မဟုတ်။ ထပါးကုန်သော သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့၌လည်း ဘာဝနာ ကိစ္စ မပြီးမပြည့်စုံနိုင်သည်သာတည်းဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်တော် မူ၏။

န ကေဝလဥ္စ ကသိဏေယေဝ အညေသုပိ ကမ္မဋ္ဌာနေသု ဧတေသု ကေမေကဿာပိ ဘာဝနာ န ဣဇ္ဈတိ။

ဧင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ●ါ၌။

စ၊ ဆက်၍ဆိုဦးအံ့။ ကေဝလံ၊ သက်သက်။ ကသိဏေယေဝ၊ ကသိုဏ်း၌ သာလျှင်။ န၊ မဟုတ်သေး။ အညေသုပိ၊ တပါးလည်းဖြစ်ကုန်သော။ ကမ္မဋ္ဌာ နေသု၊ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့၌။ ဧတေသံ၊ ထိုကမ္မာဝရဏ စသော အဘဗ္ဗပုဂ္ဂိုလ်တို့တွင်။ ဧကမေကဿာပိ၊ တယောက်ယောက်သော ပုဂ္ဂိုလ်အားလည်း။ ဘာဝနာ၊ သမာဓိဘာဝနာ ဝိပဿနာဘာဝနာ ကိစ္စ သည်။ န ဣဇ္ဈတိ၊ မပြီးနိုင်။

ယင်းသို့ဖြစ်၍ ဝိပါကာဝရဏကင်းသော အမျိုးကောင်းသော ရဟန်းရှင် လူသည် ကမ္မာဝရဏ ကိလေသာဝရဏတို့ကို မဖြစ်ရအောင် ဝေးစွာကြဉ် ရှောင်၍ သူတော်ကောင်းတို့၏ တရားစကားကိုနာခြင်း သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း စသည်တို့ဖြင့် ဘုရား တရား သံဃာ ရတနာသုံးပါးတို့၌ ယုံကြည် မြတ်နိုးခြင်း သဒ္ဓါ၊ ဝဋ်ဆင်းရဲကို ငြိမ်းစေလိုသောဆန္ဒ၊ ဈာနသမ္မာ ဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိပညာကို ပွားစေ၍ ကမ္မဋ္ဌာန်းကို အားထုတ်ကြိုးပမ်း စီးဖြန်းပွားရှုရာ၏ဟူ၍ ဧင်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မဟာဗုဒ္ဓဃောသသခင် အဋ္ဌကထာရှင် ဆရာမြတ်သည် အနုသာသနီ ပြုတော်မူအပ်သတည်း။

တသ္မာ ဝိဂတဝိပါကာဝရဏေန ပိ ကုလပုတ္တေန ကမ္မာဝရဏဉ္စ ကိလေသာဝရဏဉ္စ အာရကာ ပရိဝဇ္ဇေတွာ သဒ္ဓမ္မသဝနသပ္ပုရိသုပ နိဿယာဒီဟိ သဒ္ဓဉ္စ ဆန္ဒဉ္စ ပညဉ္စ ဝဍ္ဎေတွာ ကမ္မဋ္ဌာနာနုယောဂေ ယောဂေါ ကရဏီယော။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါ၌။

တသွာ၊ ကြောင့်။ ဝိဂတ ဝိပါကာ ဝရဏေနာပိ၊ ကင်းသော ဝိပါကာ ဝရဏဟုဆိုအပ်သော အဟိတ် ဒွိဟိတ်ပဋိသန္ဓေ ရှိသူည်လည်းဖြစ်သော။ ဝါ၊ ဝိပါကာဝရဏဟုဆိုအပ်သော အဟိတ် ဒွိဟိတ် ပဋိသန္ဓေကင်းသော။ ကုသ ပုတ္တေန၊ တိဟိတ်ပဋိသန္ဓေနေသော အမျိုးကောင်းသားသည်။ ကမ္မာဝရဏာဥ္စ၊ ကမ္မာဝရဏဟု ဆိုအပ်သော အနန္တရိယ်အပြား ကံ ၅-ပါးတို့တွင် တပါးပါးသော အကုသိုလ်ဂရုကံကြီးကိုရင်း။ ကိလေသာဝရဏဥ္စ၊ ကိလေသာဝရဏဟု ဆိုအပ်သော နိယတမိစ္ဆာ မြဲစွာယူသီး သုံးပါးသော ဒိဋ္ဌိကြီးကိုရင်း။ အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇိတွာ၊ ရှောင်ကြဉ်ရှောင်၍။ သဒ္ဓမ္မသဝန သပ္ပုရိသုပနိဿယာဒီဟိ၊ အရိယာ သူတော်ကောင်းတို့၏ တရားစကားကို နာခံခြင်း အရိယာ သူတော်ကောင်းတို့နှင့်သာ ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ခြင်း အစရှိသော အကြောင်းတို့ဖြင့်။ သဒ္ဓဥ္စ၊ ဘုရားရတနာ တရားရတနာ သံဃာ ရတနာ ထူးမြတ်စွာဘို့၌ သဒ္ဓါလွန်ပြင်း ယုံကြည်ခြင်းကိုရင်း။ ဆန္ဒဥ္စ၊ ဝဋ္ဋ ဆင်းရဲကို ငြိမ်းစေလိုသော သမ္မာဆန္ဒကိုရင်း။ ပညဥ္စ၊ သမထ ဝိပဿနာ ဉာဏ်ပညာကိုရင်း။ ဝဍ္ဎေတွာ၊ တစတစ ကာလမခြား ထပ်ကာထပ်ကာအားဖြင့် တိုးပွားစေ၍။ ကမ္မဋ္ဌာနာနုယောဂေ၊ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းကို ယှဉ်ခြင်း၌။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏ ပြုရမည် ပြုဘိသေ။

ဤသို့ ပြဆိုခဲ့ကုန်ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိကျမ်းတို့နှင့်အညီ ဈာန် ဝိပဿနာဟု ဆိုအပ်သော သမာဓိ ပညာ သိက္ခာနှစ်ပါးတို့ကို တိဟိတ် ပုထုဇဉ်တို့မှသာလျှင် ပြီးပြည့်စုံစေနိုင်သောကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်သည် မုချ ကလျာဏ ပုထုဇဉ်အဖြစ်သို့ မရောက်နိုင်၊ သေက္ခပုဂ္ဂိုလ်၏ အဖြစ်သို့ကား ဆိုဖွယ်ရာမရှိသည်သာဟူ၍ သိလေမှတ်လေ။

ဝိပါကာဝရဏဖြစ်သော အဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့နှင့်တကွ မန္ဒတိဟိတ် ပုဂ္ဂိုလ်ဖြစ်ကုန်သော ပဒပရမ ပုဂ္ဂိုလ်တို့သည် သီလ သမာဓိ ပညာ သိက္ခာသုံးပါး ပဋိပတ်တရားတို့ကို ဖြည့်ကျင့်ကြကုန်မူ ဤဘဝ၌ ဈာန်ဝိပဿနာမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ထိုးထွင်း၍မသိနိုင် မရနိုင်သော်လည်း ဒုတိယစသော နောင်ဘဝ၌ ဈာန် ဝိပဿနာ မဂ်ဖိုလ်တို့၏ ဥပနိဿယဖြစ်၍ စင်စင်လျှင် ဈာန် ဝိပဿနာ မဂ်ဖိုလ်ကိစ္စတို့သည် ပြီးပြည့်စုံကုန်ရာသတည်း။ လင်းနို့သား၊ ဖား၊ မဟာဒတ္တ နွား၊ တိပိဂ်လင်ါး အစရှိကုန်သော သူတို့ကဲ့သို့တည်း။ သို့ဖြစ်၍ ငါတို့ကား တိဟိတ်ပုဂ္ဂိုလ်မဟုတ်ဟု အားမထုတ်ပဲ မရှိကြစေရာ။ ဤဘဝ၌ပင် ဒွိဟိတ်ဖြစ် သော ဝိပါကာဝရဏမကင်း၍ရင်း၊ ဥပနိဿယကင်းသော မန္ဒတိဟိတ်ဖြစ်၍ရင်း ဈာန် ဝိပဿနာ မဂ်ဖိုလ်အကျိုး မပြီးနိုင်သော်လည်း ဒုတိယစသော ဘဝတို့၌

မှချပြီးပြည့်စုံနိုင်လတ္တံ့ဟု သိလသမားမိ ပြော သိက္ခာသုံးပါး ပင်္ဂိပတ်တရား တို့ကို တတ်အားသမျှ ဖြည့်ကျင့်ကြကုန်ရာသတည်း။

ပဒပရမသ ဟိ ဗုဒ္ဓမသ္မိံ အတ္တဘာဝေ မဂ္ဂံ ဖလံ ဝါ ပဋိဝိဇ္ဈိတုံ အသက္ကောန္တ- ဿာပိ အနာဂတေ ပစ္စယော ဘဝိဿတိ။

ပုဂ္ဂလပညတ်အဋ္ဌကထာ၊ တိကနိပါတ်အင်္ဂုတ္တရအဋ္ဌကထာ ဂိလာနူပမသုတ် အဖွင့်။

ပဒပရမဿ၊ ပဒပရမ ပုဂ္ဂိုလ်အား။ ဗုဒ္ဓမသ္မိံ အတ္တဘာဝေ၊ ဤကိုယ်၏ အဖြစ်၌။ မဂ္ဂံ၊ မဂ်ဖိုလ် လောကုတ္တရာတရားကို။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်း ငှာ။ အသက္ကောန္တဿာပိ၊ မတတ်နိုင်သော်လည်း။ အနာဂတေ၊ ဒုတိယစသော ထဝနောင်လာ ဖြစ်သောအခါ၌။ ပစ္စယော၊ မဂ်ဖိုလ်၏အထောက်အပံ့ဖြစ်သော ဥပနိဿယ ဗလဝအကြောင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဤသို့ ကျမ်းဂန်လာတိုင်း မှတ်လေ သိလေ နှလုံးသွင်းလေ။

ဝဇိရဗုဒ္ဓိ ဒုတိယဝိသဇ္ဇနာ ဗျာကရဏ ပြီးပြီ။

* * *

# တတိယ ပုစ္ဆာ

(၃) ဗောဓိပက္ခိယဓမ္မသည် သာသနာ့တွင်း၌ နှစ်ရပ်တို့၌ ဖြစ်ထိုက်မည် မဖြစ်ထိုက်မည်များကို သိလိုပါသည် ဆရာတော် အရှင်ဘုရား။

## ဝဇီရဗုဒ္ဓ တတိယဝိဿဇ္ဇနာ

(၃) ၎င်း တတိယ လျှောက်ချက်အရ ဗောဓိပက္ခိယ ဓမ္မသည် သာသနာတွင်း၌သာ ဖြစ်ထိုက်၏။ သာသနာပတို့၌ မဖြစ်ထိုက်ဟူ၍သိ၊

မူလ ပဏ္ဏာသ အဋ္ဌကထာ-မဟာသတိပဋ္ဌာနသုတ် အဖွင့်၊ သုတ်မဟာဝါ အဋ္ဌကထာ-မဟာသတိပဋ္ဌာနသုတ် အဖွင့်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ-သတိပဋ္ဌာနနိဒ္ဒေသအဖွင့်၊

သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာနဝိဘင်းအဖွင့် စသည်တို့၌ ဣဓ ဘိက္ခဝေ ဘိက္ခုပုဒ်တို့၏ အဖွင့်တို့တွင် ဣဓသဒ္ဒါ၏အနက်ကို ဖွင့်ရာတို့၌ သတိပဋ္ဌာန်တရားသည် အလုံးစုံ အပြည့်အစုံ အခြင်းအရာအားဖြင့် သာသနာပ ကာလတို့၌ မဖြစ်ကြောင်းကို ဖွင့်ပြမိန့်ဆိုတော်မူကြကုန်သည်။

> ဣဓ ဘိက္ခဝေ ဘိက္ခုတိ ဘိက္ခဝေ ဣမသ္မိံ သာသနေ ဘိက္ခု၊ အယဉ္စေတ္ထ ဣဓသဒ္ဒေါ သဗ္ဗပ္ပကာရကာယာနုပဿနာ နိဗ္ဗတ္တကဿ ပုဂ္ဂလဿ သန္နိဿယဘူတ သာသန ပရိဒီပနော အညသာသနဿ တထာ ဘာဝပဋိသေဓနော စ။ ဝုတ္တဉ္စေတံ ဣဓေဝ ဘိက္ခဝေ သမဏော၊ ပ။ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟီတိ၊ တေန ဝုတ္တံ ဣမသ္မိံ သာသနေ ဘိက္ခုတိ။

၎င်း မူလပဏ္ဏာသအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်အဖွင့်၊ စသည်။

ဣဓ ဘိက္ခဝေ ဘိက္ခုတိ၊ ဟူသည်ကား။ ဘိက္ခဝေ၊ တို့။ ဣမသ္မိံ သာသနေ၊ ဤငါဘုရား၏ သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ သံသာရဘေးကို

ရှသည်ဖြစ်၍ ဘုရားအဆုံးအမ ငွိုငတ်ကို ကျင့်တတ်သော အိမ်ရာထောင်သူ လူချင်ရဟန်းစသော တစုံတယောက်သော သူသည်။ (ဤကား ဣမသဒ္ဒါ၏ ပဒတ္ထဝဏ္ဏနတည်း။) ဟိ သဲစွံ၊ မှန်၏။ တနည်းကား—ဟိ၊ ဆက်၍ဆိုဦးအံ့။ ထွေ၊ ဤ ဣမ ဘိက္ခဝေ ဘိက္ခုဟူသော ပုဒ်တို့၌။ အယံ ဣမသဒ္ဒေါ၊ ဤ ဣမ သဒ္ဒါသည်။ သဗ္ဗထာကာရ ကာယာနုပဿနာ နိဒ္ဒေသ၊ အလုံးစုံသော အခြင်းအရာအားဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဖြစ်စေတတ်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ တန္နိဿယဘူတ သာသန ပရိဒီပနေ၊ မှီရာဖြစ်၍ ဖြစ်သော မြတ်စွာဘုရားရှင်၏ အဆုံးအမ သာသနာတော်ကို ပြကြောင်းဖြစ်သော သဒ္ဒါတည်း။(ဤကား ဣမသဒ္ဒါ၏ ဒီပကတ္ထဝဏ္ဏနာတည်း။) အညသာသန၊ တပါးသော တိတ္ထိပရိဗိုဇ်စသည်တို့၏ အဆုံးအမဖြစ်သော သာသနာ၏။ တထာဘာဝပဋိသေဓနော စ၊ ထိုသို့အလုံးစုံသော အခြင်းအရာအားဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်၏မှီရာအဖြစ်ကို မြစ်ပယ်ကြောင်းလည်း ဖြစ်၏။ (ဤကား ဣမသဒ္ဒါ၏ အညတ္ထပေါဟနအားဖြင့် ရင်း၊ အန္တောဂဓာဝဓာရဏ အားဖြင့်ရင်း၊ ဗျတိရေကတ္ထဝဏ္ဏနာတည်း။) ဟိ တဒေဝသစ္စံ၊ ထိုဖွင့်ဆိုအပ်သော ဒီပကတ္ထ ဗျတိရေကတ္ထအတိုင်း မှန်၏။ တေ၊ ထိုအနက်ကိုပြသော စတုက္က အင်္ဂုတ္တရ သမဏသုတ္တန်ပါဠိတော်ကို။ဝုတ္တံ၊ သုံးလူ ထွတ်ထား ဘုရားရှင်လည်း ဟောတော်မူအပ်၏။ ကိံ ဝုတ္တံ၊ အဘယ်သို့ ဟော တော်မူအပ်သနည်းဟူမူကား။ ဣဓေဝ ဘိက္ခဝေ သမဏော ။ပ။ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟီတိ၊ ဟူ၍။ ဝုတ္တံ၊ စတုက္က အင်္ဂုတ္တရ ပါဠိတော် သမဏသုတ်၊ မူလပဏ္ဏာသ ပါဠိတော် စူဠသီဟနာဒသုတ်တို့၌ ဟောတော်မူ အပ်၏။ (ဤကား အာဝမဒ္ဒဋ္ဌိတည်း။)

သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ် သုဘဒ္ဒဘာဏဝါရ၌လည်း ဤအတူ ဟောတော်မူသည်။

> ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ န ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ။ သမဏော န ဥပလဗ္ဘတိ၊ ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ ဥပလဗ္ဘတိ ။လ။ စတုတ္ထောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ ဣမသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ ဣဓေဝ သုဘဒ္ဒ သမဏော၊ ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ ဣဓ စတုတ္ထော သမဏော သုညာ

ပရပ္ပဝါဒါ သမဏေဟိ အညေဟိ ဣဓေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ၊ ဣဓေဝ ပဌမော သမဏော၊ ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ ဣဓ စတုတ္ထော သမဏော၊ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ ဣဓေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ။

သုတ် မဟာဝါ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်။

သုဘဒ္ဒ၊ သုဘဒ်။ ခေါ၊ စင်စစ်။ ယသ္မိံ ဓမ္မဝိနယေ၊ အကြင် တိတ္ထိ၊ ရဟိုဏ်တို့၏ ဓမ္မဝိနယ၌။ အရိယော၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော။ အဋ္ဌင်္ဂိကော၊ အစိတ် ရှစ်ပါးရှိသော။ မဂ္ဂေါ၊ မဂ်ကို။ န ဥပလဗ္ဘတိ၊ မရအပ် မသိအပ်။ တတ္ထ၊ ထို အညတိတ္ထိယတို့၏ ဓမ္မဝိနယ သာသနာ၌။ သမဏောပိ၊ ပဌမဖြစ်သော သောတာ ပန်သမဏကိုသည်း။ န ဥပလဗ္ဘတိ၊ အပ်။ တတ္ထ၊ ၌။ ဒုတိယော၊ ဒုတိယဖြစ်သော။ သမဏောပိ၊ သကဒါဂါမ်သမဏကိုလည်း။ န ဥပလဗ္ဘတိ၊ အပ်။ တတ္ထ၊ ၌။ တတိယော၊ တတိယဖြစ်သော။ သမဏောပိ၊ အနာဂါမ် သမဏကိုသည်း။ န ဥပလဗ္ဘတိ၊ အင်။ တတ္ထ၊ ၌။ စတုတ္ထော၊ စတုတ္ထဖြစ်သော။ သမဏောပိ၊ အရဟန္တသမဏကိုလည်း။ န ဥပလဗ္ဘတိ၊ အပ်။

ဤဝါရဖြင့် အရိယမဂ်ဘုရားတို့၏ မဖြစ်ရာကို အနိယမအားဖြင့် သာမည ပြတော်မူသည်။

သုဘဒ္ဒ၊ သုဘဒ်။ ခေါ၊ စင်။ ယသ္မိံ ဓမ္မဝိနယေ၊ အကြင်သဗ္ဗညုဘုရား ရှင်တို့၏ အဆုံးအမ သုတ်အဘိဓမ္မာဝိနည်းဟု ဆိုအပ်သော သာသနာတော်၌၊ အရိယော၊ သော။ အဋ္ဌင်္ဂိကော၊ သော။ မဂ္ဂေါ၊ ကို။ ဥပလဗ္ဘတိ၊ ရအပ်၏ သိအပ်၏။ တတ္ထ၊ ထိုသဗ္ဗညုဘုရားရှင်တို့၏ အဆုံးအမ သုတ်အဘိဓမ္မာဝိနည်းဟု ဆိုအပ်သော သာသနာတော်၌။ သမဏောပိ၊ ပဌမဖြစ်သော သောတာပန် သမဏကိုလည်း။ ဥပလဗ္ဘတိ၊ ရအပ်၏။ တတ္ထ၊ ၌။ ဒုတိယော၊ သော။ သမဏောပိ၊ ကိုလည်း။ ဥပလဗ္ဘတိ၊ ၏။ တတ္ထ၊ ၌။ တတိယော။ သော။ သမဏောပိ၊ ကိုလည်း။ ဥပလဗ္ဘတိ၊ ၏။ တတ္ထ၊ ၌။ စတုတ္ထော၊ သော။ သမဏောပိ၊ ကိုသည်။ ဥပလဗ္ဘတိ၊ ၏။

ဤဝါရဖြင့် အရိယမဂ်တရားတို့၏ ဖြစ်ထိုက်ရာကို အနိယမအားဖြင့် သာမည ပြတော်မူသည်။

သုဘဒ္ဒ၊ သုဘဒ်။ ခေါ၊ စင်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤငါဘုရားအဆုံးအမ သုတ် အဘိဓမ္မာ ဝိနည်းဟု ဆိုအပ်သော သာသနာတော်၌။ အရိယော၊ သော။

အဋ္ဌင်္ဂိကော၊ သော။ မဂ္ဂေါ၊ ကို။ ဥပလဗ္ဘတိ၊ ၏။ သုဘဒ္ဒ၊ သုဘဒ်။ ဣဓေဝ၊ ဤ ငါဘုရား၏ သာသနာတော်၌သာလျှင်။ သမဏော၊ ပဌမဖြစ်သော သောတာပန် သမဏသည်။ အတ္ထိ၊ ရှိ၏။ ဣဓ၊ ဤ၌။ ဒုတိယော၊ သော။ သမဏော၊ သည်။ အတ္ထိ၊ ၏။ ဣဓ၊ ဤ၌။ တတိယော၊ သော။ သမဏော၊ သည်။ အတ္ထိ၊ ၏။ ဣဓ၊ ဤ၌။ စတုတ္ထော၊ သော။ သမဏော၊ သည်။ အတ္ထိ၊ ၏။ ပရပ္ပဝါဒါ၊ မိစ္ဆာအယူတို့သည်။ အညေဟိ၊ မိစ္ဆာအယူမှ တပါးကုန်သော။ သမဏေဟိ၊ မဂ်လေးပါးတို့၏ အကျိုးငှါ ဝိပဿနာကို အားထုတ်ကုန်သော ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်ဟု ဆိုအပ်သော တကျိပ် နှစ်ယောက်ကုန်သော သမဏပုဂ္ဂိုလ် တို့မှ။ သုညာ၊ ဆိတ်ကုန်၏။ သုဘဒ္ဒ၊ သုဘဒ်။ ဣမေ စ ဘိက္ခူ၊ ဤတကျိပ် နှစ်ယောက်သော ရဟန်းတို့သည်လည်း။ သမ္မာ၊ ကောင်းစွာ ပြောဟောလျက် သောတာပန် စသည်ကို ပြုကုန်၍။ ဝိဟရေယျုံ၊ နေကုန်ငြားအံ့။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ ဝါ၊ ရဟန္တာတို့ဖြင့်။ အသုညော၊ မဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။

ဤကား ရှေးဒေသနာကို အနိယမအားဖြင့် ဟောတော်မူပြီး၍ ကိုယ်တော် ၏ သာသနာတော်ကို နိယမအားဖြင့် ပြတော်မူသတည်း။

ဣတော၊ ဤငါဘုရား၏ သာသနာတော်မှ။ ဗဟိဒ္ဓာ၊ အပ၌။ သမဏောပိ၊ ဝိပဿနာမဂ်ကို ဖြစ်စေတတ်သော ဝိပဿက ပဌမသမဏဖြစ်သော သောတာ ပန်ပုဂ္ဂိုလ်သည်လည်း။ နတ္ထိ၊ မရှိ။ ဒုတိယော၊ သော။ သမဏောပိ၊ သည်လည်း။ နတ္ထိ၊ မရှိ။ တတိယော၊ သော။ သမဏောပိ၊ သည်လည်း။ နတ္ထိ၊ မရှိ။ စတုတ္ထော၊ သော။ သမဏောပိ၊ သည်လည်း။ နတ္ထိ၊ မရှိ။ ပရပ္ပဝါဒါ၊ မိစ္ဆာအယူတို့သည်။ အညေဟိ၊ တပါးကုန်သော။ သမဏေဟိ၊ တကျိပ်နှစ်ယောက်ကုန်သော သမဏ ပုဂ္ဂိုလ်တို့မှ။ သုညာ၊ ဆိတ်ကုန်၏။ သုဘဒ္ဒ၊ သုဘဒ်။ ဣမေ စ ဘိက္ခူ၊ ဤ တကျိပ်နှစ်ယောက်ကုန်သော ရဟန်းတို့သည်လည်း။ သမ္မာ၊ ကုန်သည်ဖြစ်၍။ ဝိဟ ရေယျုံ၊ ငြားအံ့။ လောကော၊ သည်။ အရဟန္တေဟိ၊ တို့မှ။ အသုညော၊ သည်။ အဿ၊ ရာ၏။

ဤဖြင့်လည်း သာသနာတော်မှအပ အညဝါဒ၌ အရိယမဂ် မရသည်ကို နိယမအားဖြင့် ပြတော်မူသည်။

သမဏောပိ တတ္ထ န ဥပလဗ္ဘတိတိ ပဌမော သောတာပန္န သမဏောပိ တတ္ထ နတ္ထိ ဒုတိယော သကဒါဂါမိသမဏောပိ၊ တတိယော အနာဂါမိသမဏောပိ၊ စတုတ္ထော အရဟန္တသမဏောပိ တတ္ထ နတ္ထီတိ အတ္ထော။

ဝဇီရုပမ-၁၇(က)၊

ငင်း သုတ်မဟာဝါပါရိနိဗ္ဗာနသုတ် အဋ္ဌကထာ၊ ဒွါဒသ သမဏာ သရုပ်ကို လည်း ငင်းအဋ္ဌကထာ၌ပင် ဖွင့်ပြတော်မူသတည်း။

သုဘဒ္ဒ ပရပ္ပဝါဒါ သမဏေဟီတိ စတုန္နံ မဂ္ဂါနံ အတ္ထာယ အာရဒ္ဓ ဝိပဿကေဟိ စတူဟိ မဂ္ဂဋ္ဌေဟိ စတူဟိ ဖလဋ္ဌေဟိ စတူဟီတိ ဒွါဒသဟိ သမဏေဟိ သုညာ တုစ္ဆာ ရိတ္တကာ။

ငင်းအဋ္ဌကထာပါဌ်။

သုညာ ပရပ္ပဝါဒါ သမဏေဟီတိ၊ ဟူသည်ကား။ စတုန္နံ၊ လေးပါးကုန်သော။ မဂ္ဂါနံ၊ မဂ်တို့၏။ အတ္ထာယ၊ အကျိုးငှါ။ အာရဒ္ဓ ဝိပဿကေဟိ၊ အားထုတ်အပ်သော ဝိပဿနာရှိကုန်သော။စတူဟိ၊လေးယောက်သော ဂလျာ ဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှငင်း။ မဂ္ဂဋ္ဌေဟိ၊ မဂ်၌တည်ကုန်သော။ စတူဟိ၊ တို့မှငင်း။ ဖလဋ္ဌေဟိ၊ ဖိုလ်၌တည်ကုန်သော။ စတူဟိ၊ တို့မှငင်း။ ဣတိ၊သို့။ ဒွါဒသဟိ၊ တကျိပ်နှစ်ယောက်ကုန်သော။ သမဏေဟိ၊ သမဏမည်သော ပုဂ္ဂိုလ်တို့မှ။ သုညာ တုစ္ဆာ ရိတ္တကာ၊ဆိတ်ကုန်၏။

ဣတော ဗဟိဒ္ဓါတိ မမ သာသနတော ဗဟိဒ္ဓါ သမဏောပိ နတ္ထီတိ ပဒေသဝတ္တီ ဝိပဿကောပိ နတ္ထိ ပဌမသမဏော သောတာပန္နောပိ နတ္ထီတိ ဝုတ္တံ ဟောတိ။

ငင်းအဋ္ဌကထာ။

ဣတော ဗဟိဒ္ဓါတိ၊ ဟူသည်ကား။ မမ၊ ငါဘုရား၏။ သာသနတော၊ သာသနာတော်မှ။ ဗဟိဒ္ဓါ၊ အပ၌။ သမဏောပိ နတ္ထီတိ၊ ဟူသည်ကား။ပဒေသ ဝတ္တီ၊ ဝိပဿနာမဂ်ကိုဖြစ်စေတတ်သော။ ဝိပဿကောပိ၊ ဝိပဿနာရှုတတ်သော ပုဂ္ဂိုလ်သည်လည်း။ နတ္ထိ၊ မရှိ။ ပဌမသမဏော၊ ပဌမ သမဏဖြစ်သော။ ဝါ၊ ရှေးဦးစွာ ကိလေသာကို ငြိမ်းစေတတ်သော။ သောတာပန္နောပိ၊ သည်လည်း။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။

ဓမ္မပဒပါဠိတော် သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု၌လည်း—

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါန မိဉ္ဇိတံ—

ဟူ၍ ဟောတော်မူသည်။

သုဘဒ္ဒ၊ သုဘဒ်။ အာကာသေ၊ အရေးမထင် မိုးကောင်းကင်၌။ ပဒံ၊ ခြေရာသည်။ နတ္ထိဧဝ၊ မရှိသည်သာတည်း။ ဗာဟိရေ၊ ငါဘုရား၏ သာသနာ တော်မှ အပ၌။ သမဏော၊ကိလေသာကို ငြိမ်းစေတတ်သော မဂ္ဂဋ္ဌာန်ဖလဋ္ဌာန်

ရဟန်းမည်သည်။ နတ္ထိဧဝ၊ မရှိသည်သာတည်း။ သင်္ခါရ၊ အကြောင်းလေးခု ပေါင်း၍ ပြုအပ်သော ငါးခုသောခန္ဓာပဉ္စက သင်္ခါရတို့သည်။ သဿတာ၊ မြဲသောမည်ကုန်သည်။ နတ္ထိ- န သန္တိ ဧဝ၊ မရှိကုန်သည်သာတည်း။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဣဉ္ဇိတံ၊ တဏှာ မာန ဒိဋ္ဌိဟုဆိုအပ်သော တုန်လှုပ်ချောက်ချားတတ်သော တရားသည်။ နတ္ထိဧဝ၊ မရှိသည်သာတည်း။

> ဗာဟိရေတိ မမ သာသနတော ဗဟိဒ္ဓါ။ မဂ္ဂဖလသင်္ခါတ သမဏော နာမ နတ္ထိ၊

ငင်းမေ့ပဒအဋ္ဌကထာ၊ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထုအဖွင့်။

ဤပါဠိ အဋ္ဌကထာတို့၌ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဟောတော်မူကုန်သည်၊ ဓမ္မာဓိဋ္ဌာန်အားဖြင့်ကား သောတာပတ္တိမဂ် စသည်တို့သည် သာသနာပ၌ မဖြစ်ကုန်။ သောတာပတ္တိ အရိယမဂ်တို့သာ မဟုတ်ကုန်၊ မဂ်၏ ပုဗ္ဗဘာဂ ပဋိပဒါဖြစ်ကုန်သော ဝိပဿနာဉာဏ်တို့သည်လည်း မဖြစ်ကုန် ဟူလိုသည်။ ဤပါဠိအဋ္ဌကထာနည်းတို့ကား ဥက္ကဋ္ဌနည်းတို့တည်း။ အဝကံသနည်းအားဖြင့်ကား ဝိပဿနာဉာဏ်တို့သာ မဟုတ်ကုန်သေး။ ဝိပဿနာ ပါဒကဖြစ်သော သီလ သမာဓိတို့သည်လည်း မဖြစ်ကုန်သည်သာလျှင်တည်း။ ယင်းသို့မဖြစ်က သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့သည်လည်း မဖြစ်ကုန်ဟူ၍ စင်စင်မှတ်လေကုန်။

> သုညာ ပရပ္ပဝါဒါ သမဏေဟီတိ ဝစနေန် သမဏဘာဝကရပုဗ္ဗဘာဂကရဏီယသမ္ပဒါ သမ္ပန္နသာပိ အဘာဝံ ဒဿေတိ။

မူလဋီကာ၊ ဗျာနဝိဘင်းအဖွင့်။

> သတိ သမဏဘာဝကရပုဗ္ဗဘာဂကရဏီယသမ္ပတ္တိယံ သမဏဘာဝေါပိ သိဒ္ဓေါယေဝ ဟောတီတိ အာဟ။ သုညာ။ လ။ ဒဿေတီတိ။

ဂျင်း အနုဋီကာ။

သုညာ ပရပ္ပဝါဒါ သမဏေဟီတိ ဝစနေန စ၊ ဟူသောစကားဖြင့်လည်း။ သမဏဘာဝကရ ပုဗ္ဗဘာဂ ကရဏီယသမ္ပဒါ သမ္ပန္နသာပိ၊ ကိလေသာငြိမ်းသည်၏ အဖြစ်ကို ပြုတတ်သော ပုဗ္ဗဘာဂ ကရဏီယ သမ္ပဒါဟု ဆိုအပ်သော သီလ သမာဓိ ပညာ ပြည့်စုံခြင်း၏လည်း။ အဘာဝံ၊ မရှိခြင်းကို။ ဒဿေတိ၊ ပြ၏။ (မူလဋီကာ အနက်။)

သမဏဘာဝကရ ပုဗ္ဗဘာဂ ကရဏီယ သမ္ပတ္တိယံ၊ ကိလေသာငြိမ်းသည်၏ အဖြစ်ကို ပြုတတ်သော ပုဗ္ဗဘာဂ ကရဏီယသမ္ပဒါဟု ဆိုအပ်သော သီလ သမာဓိ

ပညာနှင့် ပြည့်စုံခြင်းသည်။ သတိ၊ ရှိသော်။ သမဏဘာဝေါပိ၊ ကိလေသာ ငြိမ်းသော သမဏပုဂ္ဂိုလ်၏ အဖြစ်သည်လည်း။ သိဒ္ဓေါယေဝ၊ ပြီးပြည့်စုံသည် သာလျှင်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်၊ သုညာ။ လ။ ဒဿေတိတိ၊ ဟူ၍။ အာဟ၊ မူလဋီကာရှင် မိန့်ဆို၏။ (ဤကား အနုဋီကာအနက်။)

အရိယမဂ္ဂဿ အဘာဝတော သုပရိသုဒ္ဓဿ သီလဿ သုပရိသုဒ္ဓါယ သမထ ဝိပဿနာယ ဘာဝနာယ အဘာဝတော ဝေဒိတဗ္ဗာ။ (စတုက အင်္ဂုတ္တရမဟာ ဋီကာ၊ ၎င်း သမဏသုတ်အဖွင့်။) အရိယမဂ္ဂဿ၊ အရိယမဂ်၏။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်။ သုပရိသုဒ္ဓဿ၊ ကောင်းစွာ စင်ကြယ်သော။ သီလဿ၊ သီလ၏။ သုပရိသုဒ္ဓါယ၊ ကောင်းစွာစင်ကြယ်သော။ သမထဝိပဿနာယ၊ သမထဝိပဿနာဖြစ်သော။ ဘာဝနာယ၊ ဘာဝနာ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤမှတပါးသော အကျယ်တို့ကိုကား အင်္ဂုတ္တရမဟာဋီကာ၊ သုတ်မဟာဝါ ဋီကာ၊ မူလပဏ္ဏာသဋီကာတို့၌ ဆိုအပ်ကုန်၏။ ဤဋ္ဌကား သိသာရုံမျှသာတည်း။

ဤဋီကာပါဌ်တို့ကို ထောက်၍ အရိယမဂ်မဖြစ်ခြင်းကို ပုဗ္ဗဘာဂ ကရဏီယ သမ္ဘာရဖြစ်သော နိဗ္ဗေဓဘာဂိယ ပရိသုဒ္ဓသီလ သမာဓိ ပညာမရှိခြင်းကြောင့် ဟူ၍ အမြဲမှတ်ရာ၏။ ပရိသုဒ္ဓ သီလ သမာဓိ ပညာမရှိလျှင် ဗောဓိပက္ခိယ တရား တို့သည် မဖြစ်ကုန်သည်သာဟူ၍ မှတ်ရာ၏။ သတိ ဝီရိယ ပညာ စသောတရား တို့သည်ကား သတိ ဝီရိယ ပညာ မည်ကာမျှသာ ဖြစ်ကုန်၏။ သတိပဋ္ဌာနိကိစ္စ သမ္မပ္ပဓာနိကိစ္စ စသည်တို့ကို မပြီးစေနိုင်သည်သာတည်း။

ထို့ကြောင့် ဗောဓိပက္ခိယာနံ ဓမ္မာနံ ဘာဝနာနုယောဂမနုယုတ္တော တိ ဣဒမဿ ပဋိပတ္တိယာ နိဗ္ဗေဓဘာဂိယတ္တပရိဒီပနံ။

သာ မှ္မာအဋ္ဌကထာ ဈာနဝိဘင်းအဖွင့်။

ဗောဓိပက္ခိယာနံ ဓမ္မာနံ ဘာဝနာနုယောဂမနုယုတ္တောတိ ဣဒံ၊ ဗောဓိ။ လ။ ယုတ္တောဟူသော ဤစကားသည်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ပဋိပတ္တိယာ၊ အကျင့်၏။ နိဗ္ဗေဓဘာဂိယတ္တပရိဒီပနံ၊ နိဗ္ဗေဓဘာဂိယအဖြစ်ကို ပြကြောင်း ဖြစ်သောစကားတည်း။

ဗောဓိပက္ခိယ ဓမ္မတို့ကို ပွားများအားထုတ်ခြင်းသည်လည်း နိဗ္ဗေဓဘာဂိယ ပင်တည်း။ နိဗ္ဗေဓဘာဂိယဟူသည်လည်း ဗောဓိပက္ခိယတရားပင်တည်း။ သို့ဖြစ်၍ ဝေဒေဟရသေ့၊ ဂန္ဓာရ ရသေ့၊ မဃဒေဝစသော ဈာနလာဘီရသေ့တို့၏ သီလ

သမာဓိတို့သည်လည်း ဝိပဿနာပါဒက နိဗ္ဗေဓဘာဂိယ သီလ သမာဓိ မဟုတ်ရကား ဗောဓိပက္ခိယဓမ္မ မထိုက်ကုန်။ ဥပရိမိဖုလ်စသည်တို့၏ အသုဘအာရုံရှိသော ပဌမဈာန်သည်လည်း ဝိပဿနာပါဒက နိဗ္ဗေဓဘာဂိယ မဖြစ်။ စင်စစ် နိဝရဏငြိမ်းကွာရုံသမထမျှသာ ဖြစ်၍ အာနာပါနစတုတ္ထဈာန် အသုဘပဌမဈာန်သတိတို့သည်ကား သမထအဖို့မျှဖြစ်သော ကာယာနုပဿနာတစိတ်သာ ဖြစ်ထိုက်ကုန်၏။ ကာယာနုပဿနာ သတိပဋ္ဌာန် အလုံးစုံမဖြစ်ကုန်ဟူ၍ အသေအချာမှတ်လေ။

ဗာဟိရေသုပိ ကူဋဒန္တေ ကောဒေသဿ သမ္ဘဝတော သဗ္ဗပ္ပကာရဂ္ဂဟဏံ သဗ္ဗပ္ပကာရကာယာနုပဿနာ နိပ္ဖတ္တကဿာတိ။

သုတ်မဟာဝဂ္ဂဋီကာ၊ မူလဋီကာပါဌ်။

ဗာဟိရေသူတိ ကေစ္စေသု တိတ္ထိယေသု ဘောသံပိ ဟိ အာနာပါနာဒိဝသေန သမထပက္ခိကာ ကာယာနုပဿနာ သမ္ဘာဝတိ ဘေနာဟ ကောဒေသဿ သမ္ဘဝတောတိ။

ရှင်း အနုဋီကာပါဌ်။

ဗာဟိရေသုပိ၊ သာသနာပ ကမ္မဝါဒီ တိတ္ထိယပုဂ္ဂိုလ်တို့၌သည်း။ ကူဋဒန္တာ၊ ဤကာယာနုပဿနာအပေါင်း၌။ ကောဒေသဿ၊ တစိတ်သော ကာယာနုပဿနာ၏။ သမ္ဘဝတော၊ ဖြစ်သင့်သောကြောင့်။ သဗ္ဗပ္ပကာရကာယာနုပဿနာနိပ္ဖတ္တကဿာတိ၊ ဟူ၍။ သဗ္ဗပ္ပကာရဂ္ဂဟဏံ၊ သဗ္ဗပ္ပကာရသဒ္ဒါကို။ ဝုတ္တံ၊ မိန့်အပ်၏။ (ဋီကာကြီးတို့အနက်။)

ဗာဟိရေသူတိ၊ ဟူသည်ကား။ ကေစ္စေသု၊ အချို့ကုန်သော။ တိတ္ထိယေသု၊ သာသနာပ ကမ္မဝါဒီ တိတ္ထိတို့၌။ ဟိသစ္စံ၊ ၏။ တေသံပိ၊ ထိုသာသနာပ ကမ္မဝါဒီ ပုဂ္ဂိုလ်တို့အားလည်း။ အာနာပါနာဒိဝသေန၊ အာနာပါန စသည်တို့၏ အစွမ်းဖြင့်။ သမထပက္ခိကာ၊ သမထအဖို့ရှိသော။ ကာယာနုပဿနာ၊ ကာယာနုပဿနာ သတိပဋ္ဌာန်သည်။ သမ္ဘဝတိ၊ ဖြစ်သင့်၏။ တေန၊ ထိုကြောင့်။ ကောဒေသဿ သမ္ဘဝတောတိ၊ ဟူ၍။ အာဟ၊ ပြီ။ (အနုဋီကာအနက်။)

ဤသို့လျှင် သာသနာပ၌ ဗောဓိပက္ခိယတရားတို့သည် မုချစင်စစ် မဖြစ်ကုန်ဟု မှတ်လေ။

ဝဇိရဗုဒ္ဓိ တတိယ ဝိသဇ္ဇနာ ဗျာကရဏ ပြီးပြီ။

* * *

# စတုတ္ထ ပုစ္ဆာ

(၄) မဂ် ၄-ပါးတို့၏ ရှေးအဖို့၌ရအပ်သော ဝိသုဒ္ဓိ ၆-ပါးသည် မဂ္ဂသစ္စာထိုက်မည် မထိုက်မည်များကို သိလိုပါသည် ဆရာတော်အရှင်ဘုရား။

## ဝဇိရုတ္တရ စတုတ္ထဝိဿဇ္ဇနာ

(၄) ၎င်းစတုတ္ထလျှောက်ချက်အရ မဂ်လေးပါးတို့၏ ရှေးအဖို့၌ ရအပ်သော ဝိသုဒ္ဓိ ၆-ပါးသည် လောကီမဂ်၏ အစွမ်းဖြင့် မဂ္ဂသစ္စာ ရထိုက်သည်ဟု မှတ်။ ၎င်းဝိသုဒ္ဓိ ၆-ပါးသည် မဂ္ဂသစ္စာသာမဟုတ်၊ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည်လည်း ရထိုက်ကုန်သည်။ ထိုသို့ ရထိုက်သည်၏ အဖြစ်ကို အဘိဓမ္မတ္ထသင်္ဂဟကျမ်း မဏိမဥ္ဇူကျမ်းတို့၌ လာသောနည်းတို့ဖြင့် သိလွယ်အောင် ထုတ်ပြပေအံ့။

သဗ္ဗေ လောကုတ္တရေ ဟောန္တိ၊ နဝါ သင်္ကပ္ပပီတိယော။
လောကိယေပိ ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ပါဠိ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည်။ လောကုတ္တရေ၊ လောကုတ္တရာစိတ်၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ သင်္ကပ္ပပီတိယော၊ သမ္မာသင်္ကပ္ပ မဂ် ပီတိသမ္ဗောဇ္ဈင် တရားတို့သည်။ ဝါ၊ အချို့သဖြင့်။ န ဟောန္တိ၊ မဖြစ်ကုန်။ လောကိယေပိ၊ လောကီကာမာဝစရကုသိုလ်စိတ် မဟဂ္ဂုတ် ကုသိုလ်စိတ်၌လည်း။ ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ၊ ဝိသုဒ္ဓိခြောက်ပါး ဖြစ်သောအခါ၌။ ဝါ၊ ဝိသုဒ္ဓိခြောက်ပါးဖြစ်သည်ရှိသော်။ ယထာယောဂံ၊ ယှဉ်သင့်သည်အားလျော်စွာ။ ဝိသုံဝိသုံ၊ အသီးအသီး။ ဟောန္တိ၊ ကုန်၏။ (ဝိသုံဝိသုံကား ဋီကာယောဇနာသော ပါဌ်တည်း။)

ဤဂါထာ၌ ယသာဟေဂံဟူသောပါဌ်ဖြင့် ထိုထိုသတိပဋ္ဌာန် အစရှိသော ကိစ္စအားလျော်စွာ အချိုက်ုန်သော ဗောဓိပက္ခိယ တရားတို့၏ ဖြစ်ခြင်းကို ပြ၏။

ဧတေန တံတံ ကိစ္စာနုရူပေန ကောသဋ္ဌိဒေဝ ဗောဓိပက္ခိယဓမ္မာနံ ဘာဝနံ ဒဿေတိ။

မဏိမဉ္ဇူပါဌ်။

ဧတေန၊ ဤယသာဟေဂံဟူသောပါဌ်ဖြင့်။ တံတံကိစ္စာနုရူပေန၊ ထိုထိုသတိပဋ္ဌာန် အစရှိသော ကိစ္စအားလျော်သဖြင့်။ ကောသဋ္ဌိဒေဝ၊ အချိုသာလျှင်ဖြစ်ကုန်သော။ ဗောဓိပက္ခိယဓမ္မာနံ၊ ဗောဓိပက္ခိယတရားတို့၏။ ဘာဝနံ၊ ဖြစ်ခြင်းကို။ ဒဿေတိ၊ ပြ၏။

ထို ဗောဓိပက္ခိယတရားတို့သည် လောကီကုသိုလ်စိတ်၌ ဖြစ်သည်ရှိသော် အဘယ်သို့ ဖြစ်သနည်းဟူ၍ မေးဖွယ်ရှိရကား ထိုအမေးကို ဖြေခြင်းငှါ ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ ဟူသောပါဌ်ကို မိန့်ရသတည်း။

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော လောကီဝိသုဒ္ဓိ ခြောက်ပါး ဖြစ်သည်ရှိသော်သာလျှင် ဖြစ်၏ဟူလိုသည်။ ဤစကားဖြင့် ထိုအချို ကုန်သော ဗောဓိပက္ခိယတရားတို့ ဖြစ်ခြင်း၏ မှတ်ကြောင်းလက္ခဏာ ဖြစ်သော အကြောင်းကို ပြဆို၏။

ဧတေန တေဒတ္ထဝန္တေန တေသံ ကောသဋ္ဌိ ဘာဝနသ္သ လက္ခဏာဘူတံ ကာရဏမာဟ။

ရင်းမဏိမဉ္ဇူပါဌ်။

တေဒတ္ထဝန္တေန၊ ထိုလက္ခဏာအနက်ရှိသော။ ဧတေန၊ ဤဆဗ္ဗိသုဒ္ဓိပဝတ္တိယံ ဟူသောပါဌ်ဖြင့်။ ကောသဋ္ဌိ၊ အချိုက်ုန်သော။ တေသံ၊ ထိုဗောဓိပက္ခိယတရား တို့၏။ ဘာဝနဿ၊ ဖြစ်ခြင်း၏။ လက္ခဏာဘူတံ၊ မှတ်ကြောင်းကြိယာ ဖြစ်ရှိဖြစ် သော။ ကာရဏံ၊ အဓိပတိ အညမည သဟဇာတ နိဿယစသော အကြောင်း ကို။ အာဟ၊ အဋ္ဌကထာဆရာ ပြဆိုတော်မူ၏။

ထနည်း၊ ထိုဗောဓိ ပက္ခိယတရားတို့သည် လောကီစိတ်၌ အဘယ်အခါ ကာလဝယ် ဖြစ်ကုန်သနည်းဟူ၍ မေးဖွယ်ရှိရကား ထိုအမေးကို ဖြေခြင်းငှါ

ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ ဟူသောပါဌ်ကို မိန့်သတည်း။ ၎င်းပါဌ်ဖြင့် ထိုဗောဓိပက္ခိယတရားတို့သည် လောကီစိတ်၌ ဝိသုဒ္ဓိခြောက်ပါးတို့သည် ဖြစ်သော အခါကာလ၌သာ ဖြစ်ကုန်၏ဟူ၍ ဗောဓိပက္ခိယတရားတို့၏ ဖြစ်ချိန်ကာလကို မှတ်၍ပြ၏။ ထိုကာလကို မှတ်၍ပြခြင်းဖြင့်လည်း ဝိသုဒ္ဓိခြောက်ပါးဖြစ်သော ကာလမှ တပါးသော အခါကာလ၌ မဖြစ်ဟု ထိုဗောဓိပက္ခိယတရားတို့၏ တပါးသောကာလ၌ ဖြစ်ခြင်းကို မြစ်ပယ်ခြင်းကို ပြတော်မူ၏ဟူလိုသည်။

> တေန တေဒတ္ထဝန္တေန တေသံ ဘဝနကာလံ နိယမေတိ၊တံ နိယမေန စ ဆဗ္ဗိသုဒ္ဓိပဝတ္တိကာလတော အညသ္မိံကာလေ တေသံ ဘဝနံ နိဝါရေတိ။

မဏိမဉ္ဇူပါဌ်။

တေဒတ္ထဝန္တေန၊ ထိုကာလအနက်ရှိသော။ တေန၊ ဤဆဗ္ဗိသုဒ္ဓိပဝတ္တိယံ ဟူသောပါဌ်ဖြင့်။ တေသံ၊ ထိုဗောဓိပက္ခိယတရားတို့၏၊ ဘဝနကာလံ၊ ဖြစ်ရာကာလကို။ နိယမေတိ၊ မှတ်၏။ မှတ်၍ပြ၏။ တံ နိယမေန စ၊ ထိုဖြစ်ခါကာလကို မှတ်ခြင်းဖြင့်လည်း။ မှတ်၍ပြခြင်းဖြင့်လည်း။ ဆဗ္ဗိသုဒ္ဓိပဝတ္တိကာလတော၊ လောကီ ဝိသုဒ္ဓိခြောက်ပါးဖြစ်သော ကာလမှ။ အညသ္မိံ၊ တပါးသော။ ကာလေ၊ အခါ၌။ တေသံ၊ ထိုဗောဓိပက္ခိယ တရားတို့၏။ ဘဝနံ၊ ဖြစ်ခြင်းကို။ နိဝါရေတိ၊ မြစ်ပယ်၏။ မြစ်ပယ်ခြင်းကို သိစေ၏။

ဝိသုံဝိသုံ ဟူသော ဋီကာ ယောဇနာပါဌ်ဖြင့်ကား လောကီ ဝိသုဒ္ဓိ ခြောက်ပါတို့ ဖြစ်သောအခါ ပုဗ္ဗဘာဂကာလ၌ သတိပဋ္ဌာန်းလေးပါးတို့၏ အထူးထူးသော ကာလရှိသည်၏အဖြစ်၊ သမ္မပ္ပဓာန်လေးပါး၊ဣဒ္ဓိပါဒ်လေးပါး၊ဝိရတီ သုံးပါးတို့၏ အထူးထူးသော ကာလရှိသည်၏အဖြစ်ကို ပြတော်မူ၏။

> ဝိသုံဝိသုန္တိ တေန စတုန္နံ သတိပဋ္ဌာနာနံ နာနာခဏိကတ္တံ ဒဿေတိ၊ တထာ စတုန္နံ သမ္မပ္ပဓာနာနံ စတုန္နံ ဣဒ္ဓိပါဒါနံ တိဿန္နဉ္စ ဝိရတီနံ၊

မဏိမဉ္ဇူပါဌ်။

ဝိသုံဝိသုန္တိ တေန၊ဝိသုံဝိသုံဟူသော ဤပုဒ်ဖြင့်။စတုန္နံ၊လေးပါးကုန်သော။ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့၏။ နာနာခဏိကတ္တံ၊ အထူးထူးသော ကာလ ရှိကုန်သည်၏အဖြစ်ကို။ ဒဿေတိ၊ပြ၏။ တထာ၊ ထို့အတူ။ စတုန္နံ၊လေးပါး ကုန်သော။ သမ္မပ္ပဓာနာနဥ္စ၊ သမ္မပ္ပဓာန်တို့၏၎င်း။စတုန္နံ၊ ကုန်သော။ ဣဒ္ဓိပါဒါ နဉ္စ၊ ဣဒ္ဓိပါဒ်တို့၏၎င်း။ တိဿန္နံ၊ သုံးပါးကုန်သော။ ဝိရတီနဥ္စ၊ ဝိရတီတို့၏ ၎င်း။ နာနာခဏိကတ္တံ၊ ကို။ ဒဿေတိ၊ ၏။

သတိပဋ္ဌာန်လေးပါးတို့သည် အဘယ့်ကြောင့် နာနာခဏိက ဖြစ်ကုန်သနည်းဟူမူကား သတိပဋ္ဌာန် ၄-ပါးတို့သည် ကာယဝေဒနာ စိတ်မေ့တို့ကို သိမ်းဆည်းခြင်း ကိစ္စအာရုံပြားသောကြောင့် ပုဗ္ဗဘာဂကာလ၌ နာနာခဏိကဖြစ်ကုန်၏ဟူလိုသည်။

စတ္တာရော တိ သတိပဋ္ဌာနာ ဘိန္နကိစ္စာလမ္ဗဏတ္တာ နာနာခဏိကာ ဟောန္တိ။

ငင်းမဏိမဉ္ဇူပါဌ်။

ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ ဘိန္နကိစ္စာလမ္ဗဏတ္တာ၊ ပြားသော ကိစ္စအာရုံရှိကုန်သည်၏ အဖြစ်ကြောင့်။ နာနာခဏိကာ၊ အထူးထူးသော ကာလရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။

သမ္မပ္ပဓာန် ၄-ပါးတို့သည် ဥပ္ပန္နပါပကကို ပယ်ခြင်းငှါ အားထုတ်ခြင်းကိစ္စစသည်တို့ဖြင့် ကိစ္စပြားသည်၏အဖြစ်ကြောင့် နာနာခဏိက ဖြစ်ကုန်၏ဟူလို။

စတ္တာရော သမ္မပ္ပဓာနာ ဘိန္နကိစ္စတ္တာ နာနာခဏိကာ။

ငင်းမဏိမဉ္ဇူပါဌ်။ (အနက်လွယ်၏။)

ဣဒ္ဓိပါဒ် ၄-ပါးတို့သည် အဓိပတိမျိုး ဖြစ်သောကြောင့်ငင်း၊ အဓိပတိ ၄-ပါးတို့၏လည်း တခုသော စိတ္တုပ္ပါဒ်၌ အတူမဖြစ်သင့်သောကြောင့်ငင်း နာနာခဏိကတွ ဖြစ်ကုန်၏ဟူလို။

စတ္တာရော ဣဒ္ဓိပါဒါ တေသံ အဓိပတိဘာဝတော၊ စတုန္နဉ္စ အဓိပတီနံ ဧကစိတ္တုပ္ပါဒေ အသမ္ဘဝတော နာနာခဏိကာ။

မဏိမဉ္ဇူပါဌ်။

စတ္တာရော၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့သည်။ တေသံ၊ ထိုဣဒ္ဓိပါဒ်လေးပါးတို့၏။ အဓိပတိဘာဝတော စ၊ အဓိပတိမျိုးဖြစ်ခြင်းကြောင့်ငင်း။ စတုန္နံ၊ ကုန်သော။ အဓိပတီနံ၊ တို့၏။ ဧကစိတ္တုပ္ပါဒေ၊ တခုတည်းသော စိတ္တုပ္ပါဒ်၌။ ဝါ၊ တူသောစိတ္တုပ္ပါဒ်၌။ အသမ္ဘဝတော စ၊ မဖြစ်သင့်သောကြောင့်ငင်း။ နာနာခဏိကာ၊ အထူးထူးသော ကာလရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဝီရတီ ၃-ပါးတို့သည်လည်း ပြားသောအာရုံ ရှိကုန်သည်၏အဖြစ်ကြောင့် နာနာခဏိက ဖြစ်ကုန်၏ဟူလို။

တိဿော ဝိရတိယော ဘိန္နာလမ္ဗဏတ္တာ နာနာခဏိကာ ဟောန္တိ။

ငင်း မဏိမဉ္ဇူပါဌ်။ (အနက်လွယ်၏။)

ကတ္တစိ လောကိယေ ကုသလစိတ္တေန ဟောန္တိဝါ—ဟူသောဝဋ္ဋိကာ ယေဇ နာပါဠ်ဖြင့် ကာမာဝစရကုသိုလ်စိတ်၌ သီလဝိသုဒ္ဓိလေးပါး၌ ပါတိမောက္ခသံ ဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ ၂-ပါးဖြစ်သောအခါ သတိပဋ္ဌာန်လေးပါး တို့သည် မဖြစ်ကုန်။ ဤသို့ စသောအနက်တို့ကို ပြ၏။

> ကတ္တစိ လောကိယေ ကုသလစိတ္တေန ဟောန္တိ ဝါ၊ တေန ကာမာ ဝစရကုသလစိတ္တေ စတုဗ္ဗိဓာယံ သီလဝိသုဒ္ဓိယံ ပဌမတတိယသီလဝိသုဒ္ဓိ ကာလေ စတ္တာရော သတိပဋ္ဌာနာ န ဟောန္တိ။

ဋီ- မဏိမဉ္ဇူပါဌ်။

ဘေန၊ ဤကတ္တစိ လောကိယေ ကုသလစိတ္တေ န ဟောန္တိ ဝါ ဟူသော ပါဌ်ဖြင့်။ ကာမာဝစရကုသလစိတ္တေ၊ ကာမာဝစရ မဟာကုသိုလ်စိတ်၌။ စတုဗ္ဗိဓာယံ၊ လေးပါးအပြားရှိသော။ သီလဝိသုဒ္ဓိယံ၊ သီလဝိသုဒ္ဓိတွင်။ ပဌမ တတိယ သီလဝိသုဒ္ဓိကာလေ၊ ပဌမတတိယဖြစ်သော ပါတိမောက္ခသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလဖြစ်သောအခါ၌။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနာ၊ တို့သည်။ န ဟောန္တိ၊ ကုန်။

အဘယ့်ကြောင့် မဖြစ်ကုန်သနည်းဟူမူ ထိုသတိပဋ္ဌာန် ၄-ပါးတို့တွင် ကာ ယာနုပဿနာ သတိပဋ္ဌာန်ကို သမ္မထ ဝိပဿနာနှစ်ပါး၏ အစွမ်းဖြင့် ဟောအပ် သည်၏ အဖြစ်ကြောင့်၎င်း၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့ကို သက်သက်သော ဝိပဿနာအကျိုးငှါ ဟောအပ်သည်၏ အဖြစ်ကြောင့်၎င်း၊ ထို ပါတိမောက္ခသံဝရသီလ အာဇီဝပါရိသုဒ္ဓိ သီလတို့၏ လည်း သမထဝိပဿနာနှင့် စပ်သဖြင့် မဖြစ်သောကြောင့်၎င်း ထိုသီလဝိသုဒ္ဓိ နှစ်ပါးဖြစ်သောအခါ သတိပဋ္ဌာန်လေးပါးတို့သည် မဖြစ်ကုန်။ ထိုသီလဝိသုဒ္ဓိ နှစ်ပါးတို့သည် သမထဝိပဿနာဟူသော ကိစ္စအာရုံ မရှိကုန်ဟူလိုသည်။

> တေသု ပဌမသတိပဋ္ဌာနဿ သမထဝိပဿနာဝသေန ဝုတ္တတ္တာ တတိယသတိပဋ္ဌာနာဒီနဉ္စ သုဒ္ဓဝိပဿနာဝသေနေဝ ဝုတ္တတ္တာ၊ တာသဉ္စ သမထဝိပဿနာဝသေန အပ္ပဝတ္တနတော။

မဏိမဉ္ဇူပါဌ်။

တေသု၊ ထိုသတိပဋ္ဌာန်လေးပါးတို့တွင်။ ပဌမသတိပဋ္ဌာနဿ၊ ပဌမဖြစ် သော ကာယာနုပဿနာ သတိပဋ္ဌာန်၏။ သမထဝိပဿနာဝသေန၊ သမထ ဝိပဿနာ၏အစွမ်းဖြင့်။ ဝါ၊ သမထဝိပဿနာနှင့်စပ်သဖြင့်။ ဝါ၊ သမထဝိပ ဿနာဖြစ်သောအကျိုးငှါ။ ဝုတ္တတ္တာ စ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် ၎င်း။ တတိယသတိပဋ္ဌာနာဒီနံ၊ တတိယ သတိပဋ္ဌာန် စသည်တို့၏။ ဝါ၊ တို့ကို။

သုဒ္ဓဝိပဿနာ၁ဝသေန၊ သက်သက်သောဝိပဿနာ၏ အစွမ်းဖြင့်။ ဝါ၊ သက်သက်သော ဝိပဿနာနှင့် စပ်သဖြင့်။ ဝါ၊ သက်သက်သော ဝိပဿနာအကျိုးငှာ။ ဝုတ္တတ္တာ စ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်ရင်း။ တာသံ၊ ထိုပါတိမောက္ခသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလဟူသော သီလဝိသုဒ္ဓိ နှစ်ပါးတို့၏။ သမထဝိပဿနာ၁ဝသေန၊ သမထဝိပဿနာ၏ အစွမ်းဖြင့်။ ဝါ၊ သမထဝိပဿနာနှင့် စပ်သဖြင့်။ ဝါ၊ သမထဝိပဿနာအကျိုးငှာ။အပဝတ္တနတော စ။ မဖြစ်ခြင်းကြောင့်ရင်း။ န ဟောန္တိ၊ ကုန်။

သို့ မဖြစ်သော် ပါတိမောက္ခ သံဝရသီလ၏ ဝိရတိစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်၊ အာဇီဝပါရိသုဒ္ဓိ၏ ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်တို့၌ ပါရှိသော သတိစေတသိက်တရားသည် သတိပဋ္ဌာန်မည်ကောင်းသည် မဟုတ်ပါလောဟူမူ ရင်း၌ပါရှိသော သတိစေတသိက်သည်ကား သတိမည်ကာမတ္တသာ ဖြစ်၏။ သတိပဋ္ဌာန် မမည်ဟူလိုသည်။ သတိမတ္တမေဝ ပန ဟောတိ။(ရင်း မဏိမဉ္ဇူမိန့်)။

ထိုမဟာကုသိုလ်စိတ္တုပ္ပါဒ်တို့၌ သမ္မပ္ပဓာန် လေးပါးတို့တွင် ကိစ္စအားလျော်စွာ တပါးပါးသော သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် လေးပါးတို့တွင် ရွေးဖို့၌ သမ္မာဝါယာမပြဋ္ဌာန်းခြင်း ပုဗ္ဗာဘိသင်္ခါရအားလျော်စွာ တပါးပါးသော ဣဒ္ဓိပါဒ်၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ ဝိရတီသုံးပါးတို့တွင် အာရုံအားလျော်စွာ တပါးပါးသော ဝိရတီ၊သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင်ခြောက်ပါးတို့သည် ဖြစ်ကုန်၏။

> တံတံ ကိစ္စာနုရူပေန စေကော သမ္မပ္ပဓာနံ တံတံပုဗ္ဗာဘိသင်္ခါရာနုရူပေန စေကော ဣဒ္ဓိပါဒေါ ပဉ္စိန္ဒြိယာနိ ပဉ္စဗလာနိ သတ္တဗောဇ္ဈင်္ဂါနိ ဧကကာ စ ဝိရတိ သမ္မာဒိဋ္ဌာဒီနိ စ ပဉ္စာတိ ဆ မဂ္ဂင်္ဂါနိ စ ဟောန္တိ။
>
> ရင်း မဏိမဉ္ဇူပါဌ်။

တံတံ ကိစ္စာနုရူပေန၊ ထိုထိုသို့သော ကိစ္စအားလျော်သဖြင့်။ ဧကော၊ တပါးတပါးသော။ သမ္မပ္ပဓာနဉ္စ၊ သမ္မပ္ပဓာန်သည်ရင်း။ တံတံပုဗ္ဗာဘိ သင်္ခါရာနုရူပေန၊ ထိုထိုသို့သော ရှေး၌ပြဋ္ဌာန်းအားထုတ်ခြင်းအားလျော်သဖြင့်။ ဧကော၊ တပါးတပါးသော။ ဣဒ္ဓိပါဒေါ စ၊ သည်ရင်း။ ပဉ္စိန္ဒြိယာနိ စ၊ တို့သည်ရင်း။ ပဉ္စဗလာနိ စ၊ တို့သည်ရင်း။ သတ္တဗောဇ္ဈင်္ဂါနိ စ၊ တို့သည်ရင်း။ ဧကကာ။ အာရုံအားလျော်စွာ တပါးတပါးသော။ ဝိရတိ စ၊ ဝိရတီရင်း။ ပဉ္စ၊ ကုန်သော။ သမ္မာဒိဋ္ဌာဒီနိ စ၊ သမ္မာဒိဋ္ဌိအစရှိသည်တို့ရင်း။ ဣတိ၊ သို့။

ဆ၊ ကုန်သော၊ မဂ္ဂင်၊ စ၊ မဂ္ဂင်ဘိုင်း၊ ဟောန္တိ၊ ကုန်၏။(ဤကား ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ရည်သည်။)

ဉာဏဝိပ္ပယုတ် စိတ္တုပ္ပါဒ်၌ကား ဝိမံသိဒ္ဓိပါဒ်ကြဉ် ဣဒ္ဓိပါဒ်သုံးပါးတို့သာ တပါးပါး။ ပညိန္ဒြေကြဉ် ဣန္ဒြေလေးပါး၊ ပညာဗိုလ်ကြဉ် ဗိုလ်လေးပါး၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကြဉ် ဗောဇ္ဈင်ခြောက်ပါး၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကြဉ် မဂ္ဂင်ငါးပါးတို့သည် ဖြစ်ကုန်၏။

ကဒါစိ ပန ဉပ္ပန္နေ ဉာဏဝိပ္ပယုတ္တေ ဝိမံသိဒ္ဓိပါဒ ပညိန္ဒြိယ ပညာဗလ ဓမ္မဝိစယသမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိမဂ္ဂင်္ဂါ န ဟောန္တိ။

မဏိမဉ္ဇူပါဌ်။

ကဒါစိ၊ တရံတဆစ်ဖြစ်သော အလေ့အကျက်ရသော ပဂုဏအခါ၌၊ ဉာဏဝိပ္ပယုတ္တေ၊ ဉာဏဝိပ္ပယုတ်စိတ်သည်။ ဉပ္ပန္နေ၊ ဖြစ်သည်ရှိသော်၊ ဝိမံသိဒ္ဓိပါဒ ပညိန္ဒြိယ ပညာဗလ ဓမ္မဝိစယ သမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိမဂ္ဂင်္ဂါ၊ တို့သည်၊ န ဟောန္တိ၊ ကုန်။

ဤနှစ်ဝါရတို့ကား သောမနဿမဟာကုသိုလ်စိတ္တုပ္ပါဒ်လေးခုကိုရည်သည်။ ဥပေက္ခာ မဟာကုသိုလ်စိတ္တုပ္ပါဒ် လေးခု၌ကား ပီတိသမ္ဗောဇ္ဈင်ကြဉ် ဗောဇ္ဈင်ခြောက်ပါးတို့သာ ဖြစ်ကုန်၏။

ဉပေက္ခာသဟဂတေ ပီတိသမ္ဗောဇ္ဈင်္ဂေါ န ဟောတိ။

ရင်းမဏိမဉ္ဇူပါဌ်။ (အနက်လွယ်၏။)

ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ နှစ်ပါးတို့ဖြစ်သောအခါ အသုဘပဋ္ဌမဈာန်၏ ဉပစာရသမာဓိဟုဆိုအပ်သော စိတ္တဝိသုဒ္ဓိ၊ အသုဘမှကြွင်းသော ကသိုဏ်းအစရှိသည်တို့၏ ပဋ္ဌမဈာန်၏ ဉပစာရသမာဓိ၊ ဒုတိယဈာန်၏ ဉပစာရသမာဓိ၊ တတိယ စတုတ္ထ ပဉ္စမ ဈာန်၏ ဉပစာရသမာဓိဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်သောအခါ၌ ဝိရတီသုံးပါးလုံးကြဉ် မဂ္ဂင်ငါးပါးတို့ ဖြစ်ကုန်၏။ အကြွင်းဖြစ်သောသမ္ဗုဒ္ဓဝါဒ်စသည်တို့မှာ ရှေးနှင့်အတူဖြစ်ကုန်၏။

ဒုတိယစတုတ္ထ သီလဝိသုဒ္ဓိကာလေ ပန အသုဘပဌမဈာနူပစာရ သမာဓိ အဝသေသကသိဏာဒိပဌမဈာနူပစာရသမာဓိ ဒုတိယဈာနာဒိဉပစာရသမာဓိသင်္ခါတ စိတ္တဝိသုဒ္ဓိကာလေ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏ

ဝိသုဒ္ဓိကာလေ စ ဝိရတိတ္တယဝဇ္ဇိတပဉ္စမဂ္ဂင်္ဂါ ဟောန္တိ၊ သေသံ ဝုတ္တနယမေဝ။

ရင်းမဏိမဉ္ဇူ ပ ၂၅။

ဒုတိယ စတုတ္ထ သီလဝိသုဒ္ဓိကာလေ ပန၊ ဒုတိယ စတုတ္ထဖြစ်သော ဣန္ဒြိယသံဝရသီလ ပစ္စယသန္နိဿိတသီလ နှစ်ပါးဖြစ်သောအခါ၌၎င်း၊ အသုဘပဌမဈာနူပစာရသမာဓိ အဝသေသကသိဏာဒိပဌမဈာနူပစာရသမာဓိ ဒုတိယဈာနာဒိဥပစာရသမာဓိသင်္ခါတစိတ္တဝိသုဒ္ဓိကာလေ စ၊ အသုဘပဌမဈာန်၏ ဥပစာရသမာဓိ ကြွင်းသောကသိုဏ်းစသည်တို့၏ ပဌမဈာန်၏ ဥပစာရသမာဓိ ဒုတိယဈာန်စသည်တို့၏ ဥပစာရသမာဓိဟုဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ၌၎င်း။ ဒိဋ္ဌိဝိသုဒ္ဓိကင်္ခါဝိတရဏဝိသုဒ္ဓိကာလေ စ၊ ဒိဋ္ဌိဝိသုဒ္ဓိကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်သောအခါ၌၎င်း။ ဝိရတိတ္တယဝဇ္ဇိတပဉ္စမဂ္ဂင်္ဂါ၊ ဝိရတိသုံးခု အပေါင်းသည် ကြဉ်အပ်သော မဂ္ဂင်ငါးပါးတို့သည်။ ဟောန္တိ၊ ကုန်၏။ သေသံ၊ ကြွင်းသောသမ္ပယုတ်စသည်သည်။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။

၎င်းနည်း၌ အထူးအားဖြင့်ကား အသုဘပဌမဈာန်၏ ဥပစာရသမာဓိဟုဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ၌ ကာယာနုပဿနာသတိပဋ္ဌာန်သည်သာဖြစ်၏။ အကြွင်းသတိပဋ္ဌာန်သုံးပါးတို့ မဖြစ်ကုန်။

အသုဘပဌမဈာနူပစာရသမာဓိသင်္ခါတ စိတ္တဝိသုဒ္ဓိကာလေ ပန ပဌမ သတိပဋ္ဌာနမေဝ ဟောတိ၊ န သေသာ တီဏိ၊ သေသံ ဒုတိယနယသမံ။

ရင်းမဏိ၊ ဥ္ဇူပ ၂၅။

ပန၊ အထူးကို ဆိုဦးအံ့။ အသုဘပဌမဈာနူပစာရသမာဓိသင်္ခါတ စိတ္တဝိသုဒ္ဓိကာလေ၊ အသုဘပဌမဈာန်၏ ဥပစာရသမာဓိဟုဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ၌။ ပဌမသတိပဋ္ဌာနမေဝ၊ ရှေးဦးစွာသောကာယာနုပဿနာသတိပဋ္ဌာန်သည်သာလျှင်။ ဟောတိ၊ ၏။ သေသာနိ၊ ကြွင်းကုန်သော။ တီဏိ၊ ၃-ပါးကုန်သော သတိပဋ္ဌာန်တို့သည်။ န ဟောန္တိ၊ ကုန်။ သေသံ၊ ကြွင်းသော သမ္ပယုတ်စသည်ကို ဆိုသောနည်းသည်။ ဒုတိယနယသမံ၊ ဝိရတိတ္တယဝဇ္ဇိတပဉ္စမဂ္ဂင်္ဂစသော ဒုတိယနည်းနှင့် တူ၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ၂-ပါးတို့ဖြစ်သော အခါ၌ကား သတိပဋ္ဌာန်လေးပါးလုံးပင် ဖြစ်ကုန်၏။ အကြွင်းဒုတိယနည်းတူ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကာလေ ပန စတ္တာရော သတိပဋ္ဌာနာ ဟောန္တိ၊ သေသံ ဒုတိယနယသမံ။

ငှင်းမကိမဥ္ဇူပါဠိ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကာလေ ပန၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်သောအခါ၌ကား။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနာ၊တို့သည်။ ဟောန္တိ၊ ကုန်၏။ သေသံ၊ ကြွင်းသော သမ္ဗန္ဓခန်းစသည်ကို ဆိုကြောင်းဖြစ်သောစကားသည်။ ဒုတိယနယသမံ၊ ဝိရတိတ္တယဝဇ္ဇိတ ပဉ္စမဂ္ဂင်္ဂစသော ဒုတိယနည်းနှင့် တူ၏။

အချို့သော ကာမာဝစရကုသိုလ်စိတ်၌ ဖြစ်ဟန်ပြီး၏။

အသုဘပဋ္ဌမဈာန်နှင့်ယှဉ်သော မဟဂ္ဂုတ်ကုသိုလ်စိတ်၌ အသုဘပဋ္ဌမဈာန် သမာဓိဟုဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ၌ ကာယာနုပဿနာသတိ ပဋ္ဌာန်တပါးသည်သာလျှင်ဖြစ်၏။ ကြွင်းသော သတိပဋ္ဌာန် ၃-ပါးတို့မဖြစ်ကုန်။ အကြွင်း ရှေးဝိရတိတ္တယဝဇ္ဇိတနည်းအတူ။

အသုဘပဋ္ဌမဈာနိကေ မဟဂ္ဂတကုသလစိတ္တေ အသုဘပဋ္ဌမဈာန သမာဓိသင်္ခါတစိတ္တဝိသုဒ္ဓိကာလေ ပဋ္ဌမသတိပဋ္ဌာနမေဝ ဟောတိ၊ န သေသာနိ တီဏိ၊ သေသံ ပုရိမသမံ။

ငှင်းမကိမဥ္ဇူပါဠိ။

အသုဘပဋ္ဌမဈာနိကေ၊ အသုဘပဋ္ဌမဈာန်နှင့်ယှဉ်သော။ မဟဂ္ဂတကုသလ စိတ္တေ၊ မဟဂ္ဂုတ်ကုသိုလ်စိတ်၌။ အသုဘပဋ္ဌမဈာနသမာဓိသင်္ခါတ စိတ္တဝိသုဒ္ဓိ ကာလေ၊ အသုဘ ပဋ္ဌမဈာန်သမာဓိဟုဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သော အခါ၌။ ပဋ္ဌမသတိပဋ္ဌာနမေဝ၊ ရှေးဦးစွာသော ကာယာနုပဿနာ သတိ ပဋ္ဌာန်သည်သာလျှင်။ ဟောတိ၊ ၏။ သေသာနိ၊ ကြွင်းကုန်သော။ တီဏိ၊သုံးပါး ကုန်သော သတိပဋ္ဌာန်တို့သည်။ န ဟောန္တိ၊ ကုန်။ သေသံ၊ သည်။ ပုရိမသမံ၊ ရှေးနည်းနှင့် တူ၏။

အသုဘမှတပါးသော ကသိုဏ်းအစရှိသော ပဋ္ဌမဈာန်နှင့် ယှဉ်သော မဟဂ္ဂုတ်ကုသိုလ်စိတ်၌ ကသိုဏ်းအစရှိသော ပဋ္ဌမဈာန် သမာဓိဟု ဆိုအပ် သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ သတိပဋ္ဌာန် ၄-ပါးတို့သည်ပင် မဖြစ်ကုန်။ ထိုဈာန်သမာဓိစိတ္တုပ္ပါဒ်၌ပါရှိသော သတိစေတသိက်သည် သတိမည်ကာမျှ သာ ဖြစ်၏။ သတိပဋ္ဌာန်မမည်လေ ဟူလိုသည်။

အညသ္မိံ ပန ကသိဏာဒိ ပဌမဇ္ဈာနိကေ ကသိဏာဒိ ပဌမဇ္ဈာန သမာဓိသင်္ခါတ စိတ္တဝိသုဒ္ဓိကာလေ စတ္တာရော သတိပဋ္ဌာနာ န ဟောန္တိ၊ သတိမတ္တမေဝ ဟောတိ သေသံ ပုရိမသမံ။

ငင်းမဏိမဥ္ဇူပါ၌။

အညသ္မိံ၊ အသုဘမှတပါးသော။ ကသိဏာဒိ ပဌမဇ္ဈာနိကေ ပန၊ ကသိုဏ်း အစရှိသော ပဌမဈာန်နှင့်ယှဉ်သော မဟဂ္ဂုလ်ကုသိုလ်စိတ်၌ကား။ ကသိဏာဒိ ပဌမဇ္ဈာန သမာဓိသင်္ခါတ စိတ္တဝိသုဒ္ဓိကာလေ၊ ကသိုဏ်းအစရှိသော ပဌမဈာန် သမာဓိဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိ ဖြစ်သောအခါ၌။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနာ၊ တို့သည်။ န ဟောန္တိ၊ ကုန်။ သတိမတ္တမေဝ၊ သတိမည်ကာမျှသာ လျှင်။ ဟောတိ၊ ၏။ သေသံ၊ ကြွင်းသော သမ္မပ္ပဓာန်စသည်ကို ထုတ်ဆိုကြောင်း စကားသည်။ ပုရိမသမံ၊ ရှေးနည်းတို့နှင့် တူ၏။

ငင်းကသိုဏ်းအစရှိသော ဒုတိယ တတိယ ဈာန်နှင့်ယှဉ်သော မဟဂ္ဂုတ် ကုသိုလ်စိတ်၌ကား ဒုတိယ တတိယဈာန်သမာဓိဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိ ဖြစ်သောအခါ သမ္မာသင်္ကပ္ပ ဝိရတီသုံးပါးကြဉ် မဂ္ဂင်လေးပါးတို့သည် ဖြစ်ကုန် ၏။ ကြွင်း အခြားမဲ့၌ ဆိုအပ်သောနည်းနှင့်တူသည်။

ဒုတိယတတိယဇ္ဈာနိကေ ပန ဒုတိယတတိယဇ္ဈာန သမာဓိသင်္ခါတ စိတ္တဝိသုဒ္ဓိကာလေ သမ္မာသင်္ကပ္ပ ဝိရတိတ္တယဝဇ္ဇိတာ စတ္တာရော မဂ္ဂင်္ဂါ ဟောန္တိ၊ သေသံ အနန္တရသမံ။

ငင်း မဏိမဥ္ဇူပါ၌။

ဒုတိယတတိယဇ္ဈာနိကေ ပန၊ ဒုတိယတတိယဈာန်နှင့် ယှဉ်သော မဟဂ္ဂုတ် ကုသိုလ်စိတ်၌ကား။ ဒုတိယတတိယဇ္ဈာနသမာဓိသင်္ခါတ စိတ္တဝိသုဒ္ဓိကာလေ၊ ဒုတိယ တတိယ ဈာန် သမာဓိဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ၌။ သမ္မာသင်္ကပ္ပဝိရတိတ္တယဝဇ္ဇိတာ၊ သမ္မာသင်္ကပ္ပ ဝိရတီသုံးခုတို့ အပေါင်းသည် ကြဉ်အပ်ကုန်သော။ စတ္တာရော၊ ကုန်သော။ မဂ္ဂင်္ဂါ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ သေသံ၊ ကြွင်းသောစကားရပ်သည်။ အနန္တရသမံ၊ အခြားမဲ့၌ ဆိုခဲ့ပြီးသော ကသိဏာဒိ ပဌမဈာနသမာဓိ စိတ္တဝိသုဒ္ဓိနည်းနှင့်တူသည်။ ဟောတိ၊ ၏။
သတိပဋ္ဌာန်လေးပါးလုံး မရချင်းတူသည်ဟူလို။

စတုတ္ထဈာန် ပဉ္စမဈာန်နှင့်ယှဉ်သော မဟဂ္ဂုတ်ကုသိုလ်စိတ်၌ကား စတုတ္ထ ဈာန် ပဉ္စမဈာန်သမာဓိဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ၌ ပီတိ သမ္ဗောဇ္ဈင် ကြဉ် ဗောဇ္ဈင်ခြောက်ပါးသာ ဖြစ်ကုန်၏။ ကြွင်းသည် အခြားမဲ့ နည်းနှင့် တူ၏။

စတုတ္ထ ပဉ္စမဈာနိကံ ပန စတုတ္ထ ပဉ္စမဈာနသမာဓိသင်္ခါတေ စိတ္တဝိသုဒ္ဓိကာရဏေ ပီတိသမ္ဗောဇ္ဈင်္ဂေါ န ဟောတိ၊ သေသံ အနန္တရသမန္တိ ဣမမတ္ထံ ဒဿေတိ။

ရင်းမဏိမဉ္ဇူပါဌ်။

စတုတ္ထပဉ္စမဈာနိကေ ပန၊ စတုတ္ထဈာန် ပဉ္စမဈာန်နှင့်ယှဉ်သော မဟဂ္ဂုတ်ကုသိုလ်စိတ်၌ကား။ စတုတ္ထ ပဉ္စမဈာန သမာဓိသင်္ခါတေ စိတ္တဝိသုဒ္ဓိကာရဏေ၊ စတုတ္ထဈာန် ပဉ္စမဈာန်သမာဓိဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ၌။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်သည်။ န ဟောတိ၊ မဖြစ်။ သေသံ၊ ကြွင်းသောစကားရပ်သည်။ အနန္တရသမံ၊ အခြားမဲ့နှင့် တူ၏။ ဣတိ၊ သို့၊ ဣမံ အတ္ထံ၊ ဤအနက်ကို။ ဒဿေတိ၊ ပြ၏။

ဤသို့လျှင် မဂ်လေးပါးတို့၏ ရှေးအဖို့၌ ရအပ်သော ဝိသုဒ္ဓိ ၆-ပါးသည် လောကီမဂ်၏ အစွမ်းဖြင့် မဂ္ဂသစ္စာ ရထိုက်သည်၏အဖြစ်၊ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့ကိုလည်း ရအပ်သည့်အဖြစ်ကို မှတ်လေ။

စိတ္တဝိသုဒ္ဓိဖြစ်သော ဈာန်စိတ်ပုပ္ပါဒ်၌ ဗောဓိပက္ခိယတရားတို့ကို ထုတ်သောကြောင့် ဤစိတ္တဝိသုဒ္ဓိဖြစ်သောဈာန်တို့ကို နိဗ္ဗေဓဘာဂိယ ဝိပဿနာ ပါဒကဈာန်တို့သာဟူ၍ မှတ်လေ။ ကသိဏကမ္မဋ္ဌာန်းစသည်တို့၌လည်း သတိပဋ္ဌာန်ကို ရသည်ချည်းဟု မမှတ်ရသည်ကို သိလေ၊ သတိထားလေ။

ဝဇိရဗုဒ္ဓိ စတုတ္ထဝိဿဇ္ဇနာ ဗျာကရဏာ ပြီးပြီ။

* * *

# ပဉ္စမ ပုစ္ဆာ

(၅) ရှင် ချွန်ရွှေ ဂေါတြဘူ၊ မဂ်ရွှေ ဂေါတြဘူ၊ ဤဂေါတြဘူ နှစ်ရပ်သည် အပယ်အဖြတ် မည်သို့ထူးသည်ကို သိလိုပါသည် ဆရာတော် အရှင်ဘုရား။

## ဝဇီရုတ္တရ ပဉ္စမဝိသဇ္ဇနာ

(၅) ရှင်းပဉ္စာ လျှောက်ချက်အရ ဂေါတြဘူ နှစ်ပါးတို့တွင် လောကီ ချွန်ရွှေ ဂေါတြဘူသည် ကာမာဝစရအနွယ်ကို ဖြတ်ပယ်တတ်၏။ မဟဂ္ဂုတ် အနွယ်ကို ပွားစေတတ်၏။ မဂ်ရွှေဂေါတြဘူသည် ပုထုဇဉ်အနွယ်ကို ပယ်ဖြတ် တတ်၏။ လောကုတ္တရာအနွယ်ကို ပွားစေတတ်၏။ ဤသို့ ထူးသည်၏ အဖြစ်ကို မှတ်ရ၏။ ဂေါတြဘူ၌ ဘူသဒ္ဒါသည် အဘိဘဝနအနက်၊ ဝဍ္ဎနအနက် နှစ်ပါး ကို ဟောသည်ဟူ၍ မှတ်။

> စတုတ္ထံ ပရိတ္တဂေါတ္တာဘိ ပုထုဇ္ဇနဂေါတ္တာဘိ စ အဘိဘဝနတော မဟဂ္ဂတဂေါတ္တာဘိ လောကုတ္တရဂေါတ္တာဘိ စ ဘာဝနတော ဝဍ္ဎန တော ဂေါတြဘူ။

ဋီကာကျော်။

စတုတ္ထံ၊ လေးခုမြောက်သော သမာပတ်ဇော စိတ်သည်။ ပရိတ္တဂေါတ္တာဘိ စ၊ ကာမာဝစရအနွယ်ကိုရင်း၊ ပုထုဇ္ဇနဂေါတ္တာဘိ စ၊ ပုထုဇဉ်အနွယ်ကိုရင်း။ အဘိဘဝနတော၊ လွှမ်းမိုး ပယ်ဖြတ်တတ်သောကြောင့်။ မဟဂ္ဂတဂေါတ္တာဘိ စ၊ မဟဂ္ဂုတ်အနွယ်ကိုရင်း။ လောကုတ္တရဂေါတ္တာဘိ စ၊ လောကုတ္တရာ အနွယ်ကို ရင်း။ ဘာဝနတော ဝဍ္ဎနတော၊ ပွားစေတတ်သောကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူမည်၏။

ဤမျှဖြင့်ပင် ဤဂေါတြဘူ နှစ်ရပ်တို့ ပယ်ဖြတ်ဟန်ကို သိနိုင်လောက်ရကား ဤမျှသာလျှင် မှတ်လေ မခဲလွန်း။

ဝဇီရုတ္တရ ပဉ္စမဝိသဇ္ဇနာ ဗျာကရဏ ပြီးပြီ။

## ဆဋ္ဌ ပုစ္ဆာ

(၆) ဝိပဿနာ၏ ရှေးအဖို့၌ဖြစ်သော သမာဓိနှစ်ရပ်တို့တွင် အပ္ပနာသမာဓိကို မရမူ၍ ဥပစာရသမာဓိဖြင့်သာလျှင် ဝိပဿနာ အဖြစ်သို့ သက်သည် မသက်ကို သိလိုပါသည် ဆရာတော်အရှင်ဘုရား။

## ဝဇီရုတ္တရ ဆဋ္ဌဝိဿဇ္ဇနာ

(၆) ၎င်း ဆဋ္ဌလျှောက်ချက်အရ အပ္ပနာသမာဓိကို မရမူ၍လည်း ဥပစာရသမာဓိဖြင့်သာလျှင် ဝိပဿနာသို့ စင်စစ် သက်နိုင်သည်၏ အဖြစ်ကို အမြဲမုချ သံသယမဲ့ မှတ်ရာ၏။

ဥပစာရသမာဓိ အပ္ပနာသမာဓိစေတိ ဒုဝိဓောပိ သမာဓိ စိတ္တဝိသုဒ္ဓိ နာမ။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ပါဠိ။

ဥပစာရသမာဓိ စ၊ ဗုဒ္ဓါနုဿတိစသော ဥပစာရ ကမ္မဋ္ဌာန်းဆယ်ပါး ကသိုဏ်းစသော အပ္ပနာကမ္မဋ္ဌာန်း ၃၀-၌ ဝိပဿနာ၏ အဖြစ်သို့ ရောက်စေတတ်သော ကာမာဝစရသမာဓိဟု ဆိုအပ်သော ဥပစာရသမာဓိရင်း။ အပ္ပနာသမာဓိ စ၊ ရူပဈာန် အရူပဈာန်ဟု ဆိုအပ်သော အပ္ပနာသမာဓိရင်း။ ဣတိ ဣမိနာပဘေဒေန၊ ဖြင့်။ ဒုဝိဓောပိ၊ နှစ်ပါးအပြားရှိသော သမာဓိသည်လည်း။ စိတ္တဝိသုဒ္ဓိနာမ၊ ဝိမောက္ခ၏ အခဆောက်အဦဖြစ်၍ ဖြစ်သည်၏ အဖြစ်ကြောင့် စိတ္တဝိသုဒ္ဓိမည်၏။

ဥပစာရကမ္မဋ္ဌာနေ အပ္ပနာကမ္မဋ္ဌာနေ စ ဝိပဿနာဘာဝနာပွတ္တော ကာမာဝစရသမာဓိသင်္ခါတော ဥပစာရသမာဓိ စ ရူပါရူပဈာနသင်္ခါတော အပ္ပနာသမာဓိစာတိ ဒုဝိဓောပိ သမာဓိ ဝိမောက္ခသမ္ဘာရဘူတတ္တာ စိတ္တဝိသုဒ္ဓိ နာမ။

အဘိဓမ္မတ္ထ သင်္ဂဟဋီကာဟောင်းပါဠိ။

ဥပစာရကမ္မဋ္ဌာနေ စ၊ ဗုဒ္ဓါနုဿတိစသော ဥပစာရာဝဟကမ္မဋ္ဌာန်း ၁၀-ပါး၌ရှင်း။ အပ္ပနာကမ္မဋ္ဌာနေ စ၊ ကသိုဏ်းစသော အပ္ပနာဝဟ ကမ္မဋ္ဌာန်း ၃၀-၌ ရှင်း။ ဝိပဿနာဘာဝပ္ပတ္တော၊ ဝိပဿနာ၏ ဖြစ်ကြောင်းသို့ ရောက်သော။ ကာမာဝစရသမာဓိသင်္ခါတော၊ ကာမာဝစရသမာဓိဟု ဆိုအပ်သော။ ဥပစာရသမာဓိ စ၊ ဥပစာရသမာဓိရှင်း။ ရူပါရူပဈာနသင်္ခါတော၊ ရူပဈာန် အရူပဈာန် ဟုဆိုအပ်သော။ အပ္ပနာသမာဓိ စ၊ အပ္ပနာ သမာဓိရှင်း။ ဣတိ၊ ဣမိနာပဘေဒေန၊ ဖြင့်။ ဒုဝိဓောပိ၊ လည်းဖြစ်သော။ သမာဓိ၊ သည်။ ဝိမောက္ခသမ္ဘာရဘူတတ္တာ၊ ဝိမောက္ခ အနဆာက်အဦဖြစ်၍ဖြစ်သည်၏ အဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိနာမ၊ မည်၏။ (ဋီကာကျော်ကား အထူးမဖွင့်)။

ဒုဝိဓောယေဝ သာယံ ဣဓ အဓိပ္ပေတော ဥပစာရသမာဓိစေဝ အပ္ပနာသမာဓိ စ၊ တတ္ထ ဒသသု ကမ္မဋ္ဌာနေသု အပ္ပနာပုဗ္ဗဘာဂ စိတ္တေသု စ ဧကဂ္ဂတာ ဥပစာရသမာဓိ အဝသေသကမ္မဋ္ဌာနေသု စိတ္တေကဂ္ဂတာ အပ္ပနာသမာဓိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ။

ဥပစာရသမာဓိစေဝ၊ ဥပစာရသမာဓိရှင်း။ အပ္ပနာသမာဓိ စ၊ ရှင်း။ ဣတိ၊ သို့။ ဒုဝိဓောယေဝ၊ နှစ်ပါးသာလျှင်ဖြစ်သော။ သာယံသမာဓိ၊ ထိုသမာဓိကို။ ဣဓ၊ ဤဝိပဿနာ သမာဓိပသော အကျိုးငှာ ပွားစေအပ်သော သမာဓိအရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဒသသု၊ ဆယ်ပါးကုန်သော။ ကမ္မဋ္ဌာနေသု စ၊ ဥပစာရာဝဟဟု ဆိုအပ်ကုန်သော ဗုဒ္ဓါနုဿတိစသော ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌ရှင်း။ အပ္ပနာပုဗ္ဗဘာဂ စိတ္တေသု စ၊ အပ္ပနာ၏ ပုဗ္ဗဘာဂဖြစ်ကုန်သော ရှစ်ပါးသောဈာန်တို့၏ရှေ့အဖို့၌ ဖြစ်သော စိတ္တုပ္ပါဒ်တို့၌ရှင်း။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာစေတသိက်သည်။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိမည်၏။ အဝသေသ ကမ္မဋ္ဌာနေသု၊ ကြွင်းကုန်သော ၃၀-သော အပ္ပနာဝဟကမ္မဋ္ဌာန်းတို့၌။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာစေတသိက်သည်။ အပ္ပနာသမာဓိ၊ အပ္ပနာသမာဓိမည်၏။

စိတ္တဝိသုဒ္ဓိနာမ သဥပစာရာ အဋ္ဌသမာပတ္တိယော။

ရှင်းဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ။

စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်သည်ကား။ သဥပစာရာ၊ ဥပစာရ သမာဓိနှင့်တကွကုန်သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ သမာပတ္တိယော၊ သမာပတ်တို့တည်း။

ဥပစာရသမာဓိပိ အပ္ပနာသမာဓိဝိယ ဝိပဿနာယ အဓိဋ္ဌာန ဘာဝ တော စိတ္တဝိသုဒ္ဓိယေဝါတိ အာဟ သဉပစာရာတိ။

ရှင်းဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ။

ဥပစာရသမာဓိပိ၊ ဥပစာရသမာဓိသည်လည်း။အပ္ပနာသမာဓိဝိယ၊အပ္ပနာ သမာဓိကဲ့သို့။ ဝိပဿနာယ၊ ဝိပဿနာ၏။ အဓိဋ္ဌာနဘာဝတော၊ တည်ရာ၏ အဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိယေဝ၊ စိတ္တဝိသုဒ္ဓိမည်သည်သာလျှင်တည်း။ ဣတိတသ္မာ၊ ကြောင့်။ သဉပစာရာတိ၊ ၍။ အာဟ၊ အဋ္ဌကထာဆရာ မိန့်ပြီ။

သမထောဝ ယာနံ သမထယာနံ၊ တံ ဧတဿ အတ္ထီတိ သမထ ယာနိကော၊ ဈာနေ ဈာနူပစာရေ ဝါ ပတိဋ္ဌာယ ဝိပဿနံ အနု ယုဉ္ဇန္တဿေတံ နာမံ။

ရှင်းမဟာဋီကာပါဠိ။

သမထောဝ၊ သမထသည်သာလျှင်။ ယာနံ၊ ယာဉ်တည်း။ သမထယာနံ၊ သမထသည်သာလျှင် ယာဉ်။ တံ၊ ထိုသမထယာဉ်သည်။ ဧတဿ၊ထိုပုဂ္ဂိုလ် အား။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ သမထယာနိကော၊ သမထ ယာနိက မည်၏။ တံ၊ ထိုသမထယာနိကဟူသော အမည်သည်။ဝါ၊ ထိုသမထ ယာဉ်ရှိသော ပုဂ္ဂိုလ်ဟူသော အမည်သည်။ ဈာနေ ဝါ၊ ပဌမဈာန်စသော အပ္ပနာဈာန် သမာဓိ၌ဖြစ်စေ။ ဈာနူပစာရေဝါ၊ ပထမဈာန်စသည်၏ ဥပစာရ ဖြစ်သော ကာမာဝစရ သမာဓိ၌ဖြစ်စေ။ ပတိဋ္ဌာယ၊ တည်၍။ ဝိပဿနံ၊ ဝိပဿနာကို။ အနုယုဉ္ဇန္တဿ၊ အားထုတ်သော ယောဂီပုဂ္ဂိုလ်၏။ နာမံ၊ အမည်တည်း။

သမာဓိဘာဝနာ၏အကျိုးသည် ဒိဋ္ဌဓမ္မ သုခဝိဟာရအကျိုး၊ ဝိပဿနာ အကျိုး၊ အဘိညာဉ်အကျိုး၊ ဗြဟ္မာအဖြစ်ကိုရခြင်း ဘဝ ဝိသေသအကျိုး၊ နိရောဓသမာပတ်အကျိုးဟူ၍ ငါးပါးတို့တွင် ဝိပဿနာအကျိုးငှာ အပ္ပနာ သမာဓိ ဥပစာရသမာဓိ နှစ်ပါးပင်ဖြစ်နိုင်၏။ထိုတွင်လည်း ဘဝဝိသေသအကျိုး ငှာ အပ္ပနာသမာဓိ ဥပစာရသမာဓိနှစ်ပါးပင် ဖြစ်နိုင်၏။ အပ္ပနာသမာဓိမှာ ဗြဟ္မာ့ဘဝ၊ ဥပစာရသမာဓိမှာ ကာမာဝစရ သုဂတိဘဝ၊ ဤသို့အထူးမှတ်၊ အကြွင်းအကျိုး သုံးပါး အလို့ငှာကား အပ္ပနာ သမာဓိတပါးသာ ဖြစ်နိုင်၏။ ဤသို့ အကျဉ်းမှတ်လေ။

သေက္ခပုထုဇ္ဇနာနံ သမာပတ္တိဘော ဝုဋ္ဌာယ သမာဟိတေန စိတ္တေန ဝိပဿိဿာမာတိ ဘာဝယတံ ဝိပဿနာယ ပဒဋ္ဌာနတ္တာ အပ္ပနာ သမာဓိဘာဝနာပိ သမ္ဗာဓေ ဩကာသာ ဓိဂမနယေန ဥပစာရသမာဓိ ဘာဝနာပိ ဝိပဿနာနိသံသာ ဟောတိ။ တေနာဟ ဘဂဝါ သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတီတိ။

ရင်းဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ။

**သမာပတ္တိဘော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ သမာဟိတေန၊ တည်ကြည်သော။** စိတ္တေန၊ ဖြင့်။ ဝိပဿိဿာမ၊ ဝိပဿနာရှုကုန်အံ့။ ဣတိ၊ သို့။ ဘာဝယတံ၊ သမာဓိကို ပွားကုန်သော။ သေက္ခပုထုဇ္ဇနာနံ၊ သေက္ခပုထုဇဉ်တို့၏။ အပ္ပနာသမာဓိဘာဝနာပိ၊ အပ္ပနာသမာဓိ ဘာဝနာသည်လည်း။ ဝိပဿနာယ၊ ဝိပဿနာ၏။ ပဒဋ္ဌာနတ္တာ၊ အလွန်နီးသော အကြောင်းရှိသည်၏ အဖြစ်ကြောင့်။ ဝိပဿနာနိသံသော၊ ဝိပဿနာအကျိုးသည်။ ဟောတိ၊ ၏။ သမ္ဗာဓေ၊ တဏှာ သံကိလေသာစသည် ညစ်ပတ်ညစ်ညူးစေအပ်သည်၏အဖြစ်ကြောင့် စင်စစ်လွန်စွာ ကျဉ်းမြောင်းရာဖြစ်သော သံသရာဝဋ်၌။ ဩကာသာဓိဂမနယေန၊ ကိုယ်ခန္ဓာကို ရခြင်း ဘုရားတည်းဟူသော ဆရာ၏ လျှောက်ပတ်ခြင်း နဝမခဏ ကာလကို ရသောနည်းဖြင့်။ ဥပစာရသမာဓိဘာဝနာပိ၊ ဥပစာရသမာဓိဘာဝနာသည်လည်း။ ဝိပဿနာယ၊ ၏။ ပဒဋ္ဌာနတ္တာ၊ ကြောင့်။ ဝိပဿနာနိသံသော၊ ဝိပဿနာအကျိုးရှိသည်။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်။ သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတီတိ၊ ဟူ၍။ အာဟ၊ ပြီ။ ဘိက္ခဝေ၊ တို့။ သမာဓိံ၊ သမာဓိကို။ ဘာဝေထ၊ ပွားကြကုန်လော့။ ဘိက္ခဝေ၊ တို့။ သမာဟိတော၊ ဥပစာရသမာဓိ အပ္ပနာသမာဓိအားဖြင့် တည်ကြည်သော စိတ်ရှိသော။ ဘိက္ခု၊ သည်။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။

ဩကာသာဓိဂမနယဟူသည်ကား အတ္တပဋိလာဘ သတ္ထာရယောဂ္ဂနဝမခဏကို ရခြင်း၏ အလွန်ရခဲသည်၏ အဖြစ်ကြောင့် အပ္ပနာသမာဓိသို့ရောက်ခြင်းကိုလည်း မငံ့မဆိုင်းပဲ လျင်မြန်စွာ သံသရာဆင်းရဲကို လွန်လွယ်စေအံ့ဟု အကြင်ပုဂ္ဂိုလ်သည် ဥပစာရ သမာဓိ၌သာလျှင် တည်၍ ဝိပဿနာအမှုကို ပြု၏ ဟူလိုသည်။

တဿ ဟိ ဒုလ္လဘတာယ အပ္ပနာဓိဂမံ အနာဂမယမာနော ပဓေဝ ယော ပုဂ္ဂလော ဥပစာရသမာဓိမှိယေဝ ဌတွာ ဝိပဿနာယ ကမ္မံ ကရောတိ သီဃံ သံသာရဒုက္ခံ သမတိက္ကမိဿာမီတိ။

ဂဏ်ဌိ မဟာဋီကာမိန့်သတည်း။

ဟိ သစ္စံ၊ မှန်၏။ တဿ၊ ထိုနဝဓေကာအ်။ ဒုလ္လဘတာယ၊ ရခဲသည်၏ အဖြစ်ကြောင့်။ အပ္ပနာဓိဂမံပိ၊ အပ္ပနာကို ရခြင်းကိုလည်း။ အနာဂမယမာနော၊ မငံ့မဆိုင်းပဲ။ ပဓေဝ၊ လက်မှန်ကာလ မဆွကပင်လျှင်။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥပစာရသမာဓိမှိယေဝ၊ ဥပစာရသမာဓိ၌သာလျှင်။ ဌတွာ၊ တည်ရပ်၍။ သီဃံ၊ လျင်စွာ။ သံသာရဒုက္ခံ၊ သံသရာဆင်းရဲကို။ သမတိက္ကမိဿာမိ၊ လွန်လွှယ်စေအံ့။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ ဝိပဿနာယ၊ ဝိပဿနာ၏။ ကမ္မံ၊ အမှုကို။ ကရောတိ၊ ၏။

ဤအဋ္ဌကထာ ဋီကာတို့ဖြင့် ချာန်ရွေ ဥပစာရ သမာဓိဖြင့်လည်း ဝိပဿနာသို့ သက်သည်၏ အဖြစ်ကို ထင်ရှားစွာ ပြတော်မူကုန်သည်။ သို့ဖြစ်၍ ဤအဆုံးအဖြတ်တို့သည် ဤမှတပါးသော ကျမ်းဂန်တို့၌ အထင်အရှား ဖွင့်ပြခြင်း နည်းသောကြောင့် သိခဲသည်ဖြစ်၍ အကျယ်ရေးလိုက်သည်။ ကောင်းကောင်းကြီး သဘောကျ ဝေဘျမှတ်ခလေ၊

ဥပစာရသမာဓိကို မဆိုနှင့်ဦး၊ ခဏိကသမာဓိမျှဖြင့်လည်း ဝိပဿနာသို့ သက်သေး၏။ အဘယ်သို့နည်း။ သမထယာနိကပုဂ္ဂိုလ်သည် ဥပစာရသမာဓိ အပ္ပနာသမာဓိဟု ဆိုအပ်သော သမထံကို အရင်းမူသဖြင့် ဝိပဿနာကို နှလုံးသွင်း၏။ ဝိပဿနာယာနိက ပုဂ္ဂိုလ်အားကား ဥပစာရသမာဓိ အပ္ပနာသမာဓိဟု ဆိုအပ်သော သမထကို မမှီဝဲပဲ ဝိပဿနာကို နှလုံးသွင်း၏။

တတ္ထ သမထယာနိကဿ သမထမုခေန ဝိပဿနာဘိနိဝေသော၊ ဝိပဿနာယာနိကဿ ပန သမထံ အနိဿာယာတိ အာဟ သုဒ္ဓဝိပဿနာယာနိကောတိ သမထဘာဝနာယ အမိဿိတဝိပဿနာယာနဝါတိ အတ္ထော။

ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ။

တတ္ထ၊ ထိုသမထယာနိက ဝိပဿနာယာနိက ပုဂ္ဂိုလ်နှစ်ပါးတို့တွင်။ သမထယာနိကဿ၊ သမထယာနိကပုဂ္ဂိုလ်အား။ ဝါ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိဟု ဆိုအပ်သော သမထဘာဝနာယာဉ်ရှိသော သမထယောဂီပုဂ္ဂိုလ်အား။ သမထမုခေန၊ ဥပစာရသမာဓိ အပ္ပနာသမာဓိဟု ဆိုအပ်သော သမထဘာဝနာ

ကို အရင်းမူသဖြင့်။ ဝိပဿနာဘိနိဝေသော၊ ဝိပဿနာကို နှလုံးသွင်းခြင်းသည်။ ဝါ၊ ဝိပဿနာသို့ ရှေးရှုသက်ဝင်ခြင်းသည်။ ဟောတိ၊ ၏။ ဝိပဿနာယာနိကဿ ပန၊ ဝိပဿနာယာနိက ပုဂ္ဂိုလ်အားကား။ ဝါ၊ သမထဖက်သက်သက်သော ဝိပဿနာဇောက သမာဓိသာလျှင် ယာဉ်ရှိသောပုဂ္ဂိုလ်အားကား။ သမထံ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိဟုဆိုအပ်သော သမထဘာဝနာကို။ အနိဿာယ၊ မမှီမူ၍။ ဝိပဿနာဘိနိဝေသော၊ ဝိပဿနာကို နှလုံးသွင်းခြင်းသည်။ ဝါ၊ ဝိပဿနာသို့ ရှေးရှုသက်ဝင်ခြင်းသည်။ ဟောတိ၊ ၏။ ကုတော၊ အဘယ့်ကြောင့်။ သုဒ္ဓဝိပဿနာယာနိကောတိ၊ ၍၊ အာဟ၊ အဋ္ဌကထာ မိန့်ပြီ။ သမထဘာဝနာယ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိဟု ဆိုအပ်သော သမထဘာဝနာနှင့်။ အမိဿိတ ဝိပဿနာယာန ဝါ၊ မရောမရှက်သက်သက်သော ဝိပဿနာဇောက သမာဓိသာလျှင် ယာဉ်ရှိသော ပုဂ္ဂိုလ်။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ သုဒ္ဓဝိပဿနာယာနိကောဟူသောပုဒ်၏အနက်တည်း။

ဤဋီကာစကားဖြင့် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ နှစ်ပါးတို့တွင် တပါးပါးကို အခြေမပြုပဲ ဇောကသမာဓိမျှဖြင့်သာ ဝိပဿနာသို့ သက်စေနိုင်သည်ကို ပြသည်။ ယင်းသို့ဖြစ်၍ ဝိပဿနာယာနိကပုဂ္ဂိုလ်အား ဇောကသမာဓိကိုကြည့်၍ ဇောကသမာဓိနှင့်ကင်း၍ ဝိပဿနာသို့မသက်နိုင်၊ ဥပစာရသမာဓိ အပ္ပနာသမာဓိကို မရသည်ဖြစ်စေဦး၊ ဇောကသမာဓိမျှဖြင့်လည်း ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်နိုင်သော၏ဟု ကောင်းကောင်းကြီးနှလုံးသွင်းလေ၊ သဘောကျလေ။

ထို့ကြောင့် ရင်းဝိသုဒ္ဓိမဂ် မဟာဋီကာ၌ နာနန္တရိကဘာဝေန ပနေတ္ထ လောကိယာပိ ဂဟိတာဝ ဟောန္တိ လောကိယသမထဝိပဿနာယ ဝိနာ တဒဘာဝတော၊ သမထယာနိကဿ ဟိ ဥပစာရပ္ပနာပဘေဒံ သမာဓိ ဣတရဿ ခဏိကသမာဓိ ဥဘယေသံပိ ဝိမောက္ခမုခတ္တယံ ဝိနာ န ကဒါစိပိ လောကုတ္တရာ ဓိဂမော သမ္ဘဝတိ၊ တေနာဟ သမာဓိံ စေဝ ဝိပဿနဉ္စ အာဘာဝယမာနောတိ ဟူ၍ မိန့်သတည်း။

ဧတ္ထ၊ ဤသမာဓိပညာကို ပွားစေရာ၌။ နာနန္တရိကဘာဝေန၊ အကြောင်းဌာန နိဿယနှင့် မကင်းရာသည်၏ အဖြစ်ဖြင့်။ လောကိယာပိ၊ လောကီသမာဓိ ပညာတို့ကိုလည်း။ ဂဟိတာဝ၊ ယူအပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ လောကိယသမထဝိပဿနာယ၊ လောကီသမထ ဝိပဿနာနှင့်။ ဝိနာ၊ ကင်း၍။ တဒဘာဝတော၊ ထိုလောကုတ္တရာ သမာဓိပညာ မဖြစ်နိုင်သောကြောင်းတည်း။ ဟိ ဝိတ္ထာရမိ၊ ချဲ့ဦးအံ့၊ သမထယာနိကဿ၊ သမထယာနိကပုဂ္ဂိုလ်အား။ ဥပစာရပ္ပနာပဘေဒံ၊ ဥပစာရ

အပ္ပနာအပြားရှိသော၊ သမာဓိ၊ သမာဓိကို၊ ဝိနာ၊ ကြဉ်၍၊ လ္ကတရဲသား၊ ဤသမထ ယာနိကမုဥ္ဆပါး ဝိပဿနာယာနိကပုဂ္ဂိုလ်အား။ ခဏိကသမာဓိ၊ ခဏိက သမာဓိကို။ ဝိနာ၊ ကြဉ်၍။ ဥဘယေသံပိ၊ နှစ်ပါးစုံသော သမထ ယာနိက ပုဂ္ဂိုလ်၊ ဝိပဿနာ ယာနိကပုဂ္ဂိုလ်တို့အားလည်း၊ ဝိမောက္ခမုခတ္တယံ၊ ဝိမောက္ခ မုခဟုဆိုအပ်သော အနုပဿနာ သုံးပါးအပေါင်းကို၊ ဝိနာ၊ ကြဉ်၍၊ ကဒါစိပိ၊ တရံတဆစ်သောအခါ၌လည်း။ လောကုတ္တရာဓိဂမော၊ လောကုတ္တရာ ဖြစ်သော မဂ်ဖိုလ်ကိုရခြင်းသည်။ န သမ္ဘဝတိ၊ မဖြစ်သင့်။ တေန၊ ထိုကြောင့်။ သမာဓိ စေဝ ဝိပဿနဉ္စ အဘာဝယမာနေ့ာတိ၊ ဟူ၍၊ အာဟ၊ အဋ္ဌကထာဆရာ မိန့်ဆိုပြီ၊

ခဏိကသမာဓိနှင့် ပြည့်စုံသည်ရှိသော်ကား ဝိပဿနာမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်းဖြစ်နိုင်၏ဟူလို။

ဤသို့အဋ္ဌကထာ ဋီကာတို့ ပြဆိုသည့်အတိုင်း အပ္ပနာသမာဓိကိုမရပဲ ဥပစာရ သမာဓိဖြင့်ရင်း၊ ဥပစာရသမာဓိကို မရပဲ ခဏိကသမာဓိမျှဖြင့်ရင်း ဝိပဿနာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်နိုင်သည့်၏အဖြစ်ကို စင်စစ်အမှန် သန္နိဋ္ဌာန်ကျကျမှတ်ရာ သည်၊ သို့ဖြစ်လျက် ခက်ခက်ခဲခဲ အပ္ပနာသမာဓိကိုရအောင် အဘယ့်ကြောင့် ပြုသနည်းဟူမူ ယခင်ကပြခဲ့ပြီးသော အကျိုးငါးပါးတို့တွင် တပါးပါးကို ခံစား ရခြင်းစသော ဂုဏ်ထူးဝိသေသ ရှိသောကြောင့် ပြုကြသည်ဟု အကျဉ်းမှတ်ရာ သတည်း၊

> စိတ္တဝိသုဒ္ဓိ နာမ သမထယာနိကဿ သဉပစာရာ အဋ္ဌသမာပတ္တိယော၊ ဝိပဿနာယာနိကဿ ပန ကေဝလမုပစာရသမာဓိ ဝါ တသ္မိံ အသတိ ခဏိကသမာဓိ ဝါ။

သာရတ္ထသင်္ဂဟပါဠိ။

စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်သည်ကား။ သမထယာနိကဿ၊ သမထ ယာနိက ပုဂ္ဂိုလ်အား၊ သဉပစာရာ၊ ဥပစာရ သမာဓိနှင့်တကွ ဖြစ်ကုန်သော။ အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးသော သမာပတ်တို့တည်း။ ဝိပဿနာယာနိကဿ ပန၊ ဝိပဿနာယာနိကပုဂ္ဂိုလ်အားကား၊ ကေဝလံ၊ သက်သက်။ ဥပစာရ သမာဓိ ဝါ၊ ဥပစာရသမာဓိသည်လည်း၊ ဟောတိ၊ ၏။ တသ္မိံ၊ ထိုဥပစာရ သမာဓိသည်။ အသတိ၊ မရှိသော်၊ ခဏိကသမာဓိ ဝါ၊ ခဏိက သမာဓိသည် လည်း၊ ဟောတိ၊ ၏။

ဤသို့ အပ္ပနာသမာဓိ ဥပစာရသမာဓိ မဟုတ်သေး။ ခဏိကသမာဓိဖြင့် လည်း ဝိပဿနာသို့ သက်၏ဟုမှတ်။

ဝဇီရဗုဒ္ဓိ ဆဋ္ဌဝိသဇ္ဇနာ ဗျာကရဏ ပြီးပြီ။

# သတ္တမ ပုစ္ဆာ

(၇) အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းတွင် အာရမ္မဏ သင်္ဂဟ၌ ပဌမစျာန် ကုသိုလ်အဘိညာဉ်၊ ကြိယာအဘိညာဉ် နှစ်ခုကို ထုတ်ဆိုလျက် အဘယ့်ကြောင့် စိတ်ပိုင်းတွင် သွတ်သွင်း၍ ထင်ရှားပြတော်မမူသည်ကို သိလိုပါသည် ဆရာတော်အရှင်ဘုရား။

## ဝဇိရုတ္တရ သတ္တမဝိဿဇ္ဇနာ

(၇) ၎င်း သတ္တမလျှောက်ချက်အရ အာရမ္မဏသင်္ဂဟ၌ ပဌမစျာန် ကုသိုလ် အဘိညာဉ် ကြိယာအဘိညာဉ်နှစ်ခုကို ထုတ်ဆိုလျက် စိတ်ပိုင်း၌ သွတ်သွင်း၍ ထင်ရှားစွာ ပြတော်မမူသည်ဟူရာမှာ စိတ်ပိုင်း၌ ပြခဲ့သော ရူပါဝစရ ကုသိုလ်ပဌမစျာန် ကြိယာပဌမစျာန်ဖြစ်သည်။ ၎င်း ပဌမစျာန် နှစ်ခုသည် အဘိညာဉ်ဖြစ်အောင် မပွားက အဘိညာဉ်ဉာဏ်ထူးမဖြစ်၊ ပွားသော်ကား အဘိညာဉ်ဉာဏ်ထူး ဖြစ်တတ်သည်။ အဘိညာဉ်စိတ်တမျိုး မရှိပြီ။ ထို့ကြောင့် စိတ်ပိုင်းတွင် သွတ်သွင်း၍ အသီးအခြား ပြတော်မမူသည်ဟု မှတ်လေ။ ကိစ္စထူး သတ္တိထူးတပ်နိုင်သော စိတ် စေတသိက် ရုပ်တို့ကို ကိစ္စအတိုင်း သတ္တိအတိုင်း အမည်ထူးရတိုင်း တရားကိုယ် အသီးအခြား ထုတ်၍ပြရလျှင် အဘိညာဉ်သာမဟုတ်၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်၊ တဒါရုံစိတ်စသည် တို့သည်း များစွာ စိတ်ပိုင်းတွင် သွတ်သွင်း၍ ပြရရာ၏။ တရားကိုယ်မထူးပဲ ကိစ္စ သတ္တိစသည်ထူးတိုင်း အမည်ထူးတပ်၍သာ ခေါ်ဆိုသည်။ တရားကိုယ်ကား စိတ်တခုယုတ် (၉၀) အကျယ် (၁၂၁)ပါ၊ စေတသိက် (၅၂)ပါး၊ ရုပ် (၂၈)ပါး၊ နိဗ္ဗာန်(၁)ပါးမျှသာဖြစ်သည်ဟူ၍ အကျဉ်းမျှဖြင့်သာ မှတ်လေ။

ဝဇိရုတ္တရ သတ္တမဝိဿဇ္ဇနာ ဗျာကရဏ ပြီးပြီ။

* * *

# အဋ္ဌမ ပုစ္ဆာ

(၈) ရှင်း အဘိညာဉ်စိတ် နှစ်ခုတို့၏ အာရုံပြုသောတရားကိုယ်နှင့် တကွဖြစ်ဖက် တကွချုပ်ဖက် စေတသိက် အရေအတွက် ဦးရေများကို သိလိုပါသည်ဆရာတော်အရှင်ဘုရား။

## ဝဇိရဗုဒ္ဓ အဋ္ဌမဝိဿဇ္ဇနာ

(၈) ရှင်း အဋ္ဌမ ပုစ္ဆာလျှောက်ချက်အရ အဘိညာဉ်စိတ် နှစ်ခုတို့၏ အာရုံ သမ္ပယုတ် စေတသိက်တရားတို့ကို အသီးအသီး ဝေဖန်ပြဆိုလျှင် အလွန် ကျယ်သည်ဖြစ်ရာ၏။ ၁ ဂိုဏ်ပတ်ဝိထိသင်္ဂြိုဟ်ကို ကြည့်လျှင် သိနိုင်ရာ၏၊ ပါဠိအဋ္ဌကထာ ဋီကာကြီးတို့က ထုတ်ပြမှ မဟုတ်ပြီ။ သမ္ပယုတ်ကား ဝိဘက်၊ ဝိစာရ၊ ပီတိ၊ ဝိရတီသုံးခုကြဉ်သော ဗာတ္တ ံ သပင်ဟု မှတ်။

ဝဇိရဗုဒ္ဓ အဋ္ဌမဝိဿဇ္ဇနာ ဗျာကရဏ ပြီးပြီ။

*　　*　　*

# နဝမပုစ္ဆာ

(၉) ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ ဟူသောအရ လောကုတ္တရာတရား ကိုးပါးအပေါင်းကို ဝိပဿနာသို့ တင်၍ ရှုဆင်ခြင်ထိုက်သည် မထိုက်သည်များကို သိလိုပါသည် ဆရာတော်အရှင်ဘုရား။

## ဝဇီရဗုဒ္ဓ နဝမဝိဿဇ္ဇနာ

(၉) ၎င်း နဝမပုစ္ဆာ လျှောက်ချက်အရ လောကုတ္တရာ တရားအပေါင်းကို ဝိပဿနာသို့တင်၍ ရှုဆင်ခြင်ခြင်းငှါ မထိုက်။ ထိုသို့ မထိုက်သောကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပွားရှုရာ၌ ဝီတရာဂစိတ်စသည်တို့၌ လောကုတ္တရာကုသိုလ်ဝိပါက်တို့ကို မယူမူ၍ လောကီကုသိုလ် ဝိပါက်ကြိယာ-အဗျာကတစိတ်တို့ကိုသာ ယူရမည်ဟု သုတ်မဟာဝါအဋ္ဌကထာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်အဖွင့်၊ သတိပဋ္ဌာနဝိဘင်းအဖွင့်တို့၌ ဖွင့်ဆိုကုန်သည်။

ဝီတရာဂန္တိ လောကိယကုသလာဗျာကတံ ဣဒံ ပန ယသ္မာ သမ္မသနံ
န ဓမ္မသမောဓာနံ တသ္မာ ဣဓ ကေပဒေပိ လောကုတ္တရံ န လဗ္ဘတိ။

၎င်းသုတ် ၎င်းဝိဘင်းအဋ္ဌကထာပါဠိ။

ဝီတရာဂန္တိ၊ ဟူသည်ကား။ လောကိယ ကုသလာဗျာကတံ လောကီကုသိုလ်ဝိပါက် ကြိယာ အဗျာကတဖြစ်သော။ စိတ္တံ၊ စိတ်ကို။ ပန၊ လောကီကိုသာ ယူရသော အဓိပ္ပာယ်ကို အကျယ်သိအောင် ဖွင့်ပြဦးအံ့။ ဣဒံ၊ ဤဝီတရာဂစိတ်စသည်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ သမ္မသနံ၊ ဝိပဿနာသုံးသပ်ရာ တရားတည်း။ န ဓမ္မသမောဓာနံ၊ ဝီတရာဂဓမ္မ ရှိသမျှကို ပေါင်းစုခြင်းမဟုတ်။ တသ္မာ၊ ထိုသို့ ဝီတရာဂတရားရှိသမျှကို ပေါင်းစုခြင်းမဟုတ် ဝိပဿနာ သုံးသပ်ရာ တရားဖြစ်သောကြောင့်။ ဣဓ၊ ဤ စိတ္တာနုပဿနာအရာ၌။ ကေပဒေပိ၊ တပုဒ်၌လည်း။ လောကုတ္တရံ၊ လောကုတ္တရာတရားကို။ န လဗ္ဘတိ၊ မရအပ်။ ဝါ၊ မသိအပ်။ အကျဉ်းမှတ်။

ဝဇီရဗုဒ္ဓ နဝမဝိဿဇ္ဇနာ ဗျာကရဏ ပြီးပြီ။

# ဒသမ ပုစ္ဆာ

(၁၀) ဝိပဿနာကို သုံးသပ်ဆင်ခြင်သောအခါ၌ စောအပ်သော ဇောသည် အကြိမ်မည်မျှ စောသည်ကို သိလိုပါသည် ဆရာတော် အရှင်ဘုရား။

## ဝဇီရဗုဒ္ဓိ ဒသမဝိသဇ္ဇနာ

(၁၀) ၎င်း ဒသမ ပုစ္ဆာစလျှောက်ချက်အရ ဝိပဿနာ သုံးသပ် ဆင်ခြင်သောအခါ၌ စောအပ်သောဇောသည် မုစ္ဆာကာလ မရဏာသန္နကာလ ပစ္စဝေက္ခဏာ လဟုကပဝတ္တိ မဟဂ္ဂုတ် လောကုတ္တရာ အပ္ပနာဝီထိများကဲ့သို့ အထူးမရှိပြီ။ သတ္တက္ခတ္တုံ ပရိတ္တာနိ ဟူသော အဘိဓမ္မတ္ထသင်္ဂဟ လက်သန်း အဋ္ဌကထာပြသည့်အတိုင်း မဟာကုသိုလ် မဟာကြိယာဇော (၇)ချက်သာဟု မှတ်လေ။ သဘောမခဲလွန်း။ မနောဒွါရာဝဇ္ဇနာနန္တရံ ဒွေတိဏိ ဝိပဿနာစိတ္တာနိဟု ဆိုသည်ကား သိခါပတ္တကာလ မဂ္ဂဝီထိကျအံ့သောအခါ တိက္ခပုဂ္ဂိုလ်အား ဥပစာ၊ အနုလုံဟူ၍ ၂-ကြိမ်ရင်း၊ မန္ဒပုဂ္ဂိုလ်အား ပရိကံ၊ ဥပစာ၊ အနုလုံ ဟူ၍ ၃-ကြိမ်ရင်း ဝိပဿနာ သမာဓိဇောစိတ်တို့ ဖြစ်သည်ကို ဆိုသည်သာဟု မှတ်လေ။

ဝဇီရဗုဒ္ဓိ ဒသမဝိသဇ္ဇနာ ဗျာကရဏ ပြီးပြီ။

* * *

# ကောဒသမ ပုစ္ဆာ

(၁၁) ဝိပဿနာဇောဝီထိတွင် ပါဝင်သော သမ္ပယုတ္တ ဓမ္မ စေတသိက်ရများကိုလည်း သိလိုပါသည် ဆရာတော် အရှင်ဘုရား။

**ဝဇီရုတ္တရ ကောဒသမ ဝိဿဇ္ဇနာ**

(၁၁) ၎င်း ကောဒသမ ပုစ္ဆာ လျှောက်ချက်အရ ဝိပဿနာဇော ဝီထိတွင် ပါဝင်သော သမ္ပယုတ်စေတသိက်များလည်း စေတသိက်ပိုင်း သမ္ပယောဂနည်း သင်္ဂဟနည်း၌ ပြဆိုသောအတိုင်း မဟာကုသိုလ်ဇောဖြစ်အံ့၊ စေတသိက်အဋ္ဌတိံသတို့တွင် အနိယတယောဂီ စေတသိက်ငါးပါးကိုပယ်၍ (၃၃)ပါးသော စေတသိက်တို့ကိုသာ ရသင့်သည်ဟူ၍ အကျဉ်းမှတ်လေ၊ မခဲပြီ။ စတုတ္ထ ဝဇီရုတ္တရ၌ ထက်ခြမ်းကွဲပြီ။

**ဝဇီရုတ္တရ ကောဒသမဝိဿဇ္ဇနာ ဗျာကရဏ ပြီးပြီ။**

*　　*　　*

# ဒွါဒသမ ပုစ္ဆာ

(၁၂) ခန္ဓာကိုလည်း အနတ္တဟောတော်မူပါသည်။ နိဗ္ဗာန်ကိုလည်း အနတ္တ ဟောတော်မူပါသည်။ ၎င်းအနတ္တနှစ်ပါးသည် ခြည်းသို့ ထူးသည်ကို သိလိုပါသည် ဆရာတော်အရှင်ဘုရား။

## ဝိဇိရုတ္တရ ဒွါဒသမဝိဿဇ္ဇနာ

(၁၂) ၎င်း ဒွါဒသမပုစ္ဆာ လျှောက်ချက်အရ ခန္ဓာကို အနတ္တဟု ဟောတော်မူခြင်းကား ခန္ဓာတရားတို့သည် အကြောင်းလေးပါး ပြုပြင်စီရင်၍ ဖြစ်သော သင်္ခတ တရားမျိုးဖြစ်သောကြောင့် ဥပါဒ် ဌီ ဘင်နှင့် အစဉ်မပြတ် သဖြင့် အနိစ္စ ဒုက္ခ အနတ္တ စင်စစ် ဖြစ်ကုန်၏။ နိဗ္ဗာန်တရားသည်ကား အကြောင်းလေးပါး မပြုပြင် မစီရင်အပ်သော အသင်္ခတ တရားမျိုးဖြစ်သောကြောင့် ဥပါဒ် ဌီ ဘင် အစဉ်ကင်းသဖြင့် အနိစ္စ ဒုက္ခဟူ၍ မဆိုအပ်၊ နိစ္စ သုခ ဟူ၍သာ ဆိုအပ်၏။ အတ္တဟူ၍လည်း မဆိုအပ်၊ အနတ္တဟူ၍သာ ဆိုအပ်၏။ ထို့ကြောင့် နိဗ္ဗာန်ကိုလည်း အနတ္တဟု ဟောတော်မူသည်ဟု မှတ်လေ။ ဤအရာကို အပ္ပသုတတို့ သိလွယ်အောင် အရာရှိသမျှ ထိုထိုကျမ်းတို့မှ လာသောနည်းကို စုံအောင်ပြမှ သိနိုင်ရာသည်ဖြစ်၍ အကျယ်ပြဦးအံ့။

အနတ္တဟူ၍ ဟောတော်မူခြင်းသည် သင်္ခတ တရားတို့နှင့် တကွ နိဗ္ဗာန်ကိုသာ ဟောသောအရာ၊ လောကီသင်္ခတ တရားတို့နှင့်တကွ ပညတ်ကိုသာ ဟောသောအရာ၊ သင်္ခတတရားတို့ကိုသာ ဟောသောအရာ၊ သင်္ခတ တရားတို့နှင့်တကွ နိဗ္ဗာန် ပညတ်နှစ်ပါးကိုပင် ဟောသောအရာဟူ၍ လေးချက်ရှိသည်။ ထိုလေးချက်တို့တွင် သဗ္ဗေ ဓမ္မာ အနတ္တာတိ သောတာဝဓာနေ ပညာ သုတမယေ ဉာဏံ ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ သင်္ခတတရားနှင့်တကွ နိဗ္ဗာန်ကို အတွင်းပြု၍ အနတ္တဟု ဟောသတည်း။

ထို့ကြောင့် သဗ္ဗေ ဓမ္မာတိ နိဗ္ဗာနံ အန္တောကတွာ ဝုတ္တာ—ဟူ၍ ၎င်း အဋ္ဌကထာ ဖွင့်ပြတော်မူသည်။

သဗ္ဗေ ဓမ္မာတိ၊ ဟူသည်ကား။ နိဗ္ဗာနံ၊ ကို။ အန္တောဂဓတ္ထာ၊ အတွင်းပြု၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ရှင်း၌ ပညတ်မပါ။ မပါကြောင်းကား အတ္ထအစရှိသည်ဖြင့် ကသိုဏ်း ပဋိဘာဂနိမိတ်တို့၌ အတ္တဒိဋ္ဌိစွဲယူခြင်းဖြစ်သင့်သောကြောင့်ရှင်း။ တနည်း ဤအလုံးစုံ ဓမ္မသဘာဝတို့ကို အနတ္တဟူ၍ သင်ကြားနာခံခြင်း သုတမယ ပညာ၏ အရာဖြစ်သောကြောင့်ရှင်း မပါ။ ပညတ်ကား ဓမ္မသဘာဝ မဟုတ် ဟူ၏။

> နိဗ္ဗာနံ အန္တောဂဓတ္ထာတိ ဧတ္ထ ပညတ္တိမဝစနံ အတ္တာတိ အာဒိနာ ကသိဏာဒိသု အတ္တဂါဟသမ္ဘဝါ ကတံ ဣမာယ ဝါ ပညာယ သဘာဝဓိသယတ္တာ တံ ကတံ။
>
> ရှင်းပင္ဍိသမ္ဘိဒါမဂ်ဂဏ္ဌိပါဌ်။

နိဗ္ဗာနံ အန္တောဂဓတ္ထာတိဧတ္ထ၊ ဟူသောပုဒ်တို့၌။ ပညတ္တိ၊ ပညတ်ကို။ အဝစနံ၊ မဆိုခြင်းကို။ အတ္တာတိ အာဒိနာ၊ အတ္တဤသို့အစရှိသည်ဖြင့်။ ကသိဏာဒိသု၊ ကသိုဏ်း ပဋိဘာဂနိမိတ်စသည်တို့၌။ အတ္တဂါဟသမ္ဘဝါ၊ အတ္တ ဒိဋ္ဌိစွဲလမ်းခြင်း၏ ဖြစ်သင့်သောကြောင့်။ ကတံ၊ ပြုအပ်၏။ ဝါ၊ တနည်းကား။ ဣမာယ ပညာယ၊ ဤသုတမယပညာ၏။ သဘာဝဓိသယတ္တာ၊ သဘာဝဓမ္မလျှင် အရာရှိသည်၏ အဖြစ်ကြောင့်။ တံ၊ ထိုပညတ်ကို မဆိုခြင်း ကို။ ကတံ၊ ၏။

ဣမာယ ဝါ ပညာယ သဘာဝဓိသယတ္တာ ဟူသော ဤဋီကာပါဌ်ဖြင့် သဗ္ဗေ ဓမ္မာ အနတ္တာတိ သောတာဝဓာနေ ပညာ သုတမယေ ဉာဏံဟူသော အရာသည် သင်္ခတဓမ္မသဘာဝ အသင်္ခတဓမ္မသဘာဝ တို့ကို အနတ္တအဖြစ်ဖြင့် သင်ကြားနာခံသော အရာဖြစ်၏။ ထိုနှစ်ပါးတို့တွင် သင်္ခတဓမ္မသဘာဝကား ဥပါဒ် ဌီ ဘင်နှင့် စပ်သဖြင့် ကာရက ဝေဒကစသော ပရပရိကပ္ပိတ အတ္တ သဘော ကင်းသောကြောင့် အနတ္တ၊ အသင်္ခတ ဓမ္မသဘာဝကား ဥပါဒ် ဌီ ဘင်နှင့် မစပ်သဖြင့် ကာရက ဝေဒက စသော ပရပရိကပ္ပိတ အတ္တ သဘော ကင်းသောကြောင့်ရှင်း အနတ္တအဖြစ်ကို ပြသောအရာဖြစ်၏။ ဤသို့ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ဓမ္မသဘာဝဖြစ်သောကြောင့် နိဗ္ဗာန်ကို အတွင်း ပြု၍ အနတ္တအရာ၌ ဟောတော်မူသည်၏ အဖြစ်ကို ဗျတိရိက် နည်းဖြင့် ပြတော်မူသည်။ ပညတ်ကား အနတ္တပင် ဖြစ်သော်လည်း ပရမတ္ထအား ဖြင့် ထင်ရှားရှိသော ဓမ္မသဘာဝ မဟုတ်သောကြောင့် ဤအနတ္တအရာ၌ ဟောတော်မမူ။ ဤ အနတ္တဟူသည်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဓမ္မသဘာဝဟူသမျှကိုသာ ပြသည်ဟူလို။ သိမ်မွေ့ခက်ခဲစွ။

လောကီသင်္ခတသဘာဝတရားတို့နှင့် ပညတ်ကိုသာ ဟောသောအရာကား အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကိဉ္စိဓမ္မံ အတ္တတော ဥပဂစ္ဆေယျ၊ နေတံဌာနံ ဝိဇ္ဇတိ ဌာနဉ္စ ခေါ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကိဉ္စိဓမ္မံ အတ္တတော ဥပဂစ္ဆေယျ ဌာနမေတံ ဝိဇ္ဇတိ-ဟူ၍ ဟောတော်မူသော ကေဂုတ္တရ အဋ္ဌာနသုတ်ပါဠိတော်၊ ဉာဏဝိဘင်းပါဠိတော် တို့ကည်း။ ဤပါဠိတော်တို့၌ နိဗ္ဗာန်မပါ။ လောကီသင်္ခတ သဘာဝတရား နှင့်တကွ ပညတ်ကိုသာ ဟောတော်မူ၏။

အတ္တဝါဒေ ကသိဏာဒိပဏ္ဏတ္တိသင်္ဂဟတ္တံ သင်္ခါရန္တိ အဝတွာ ကိဉ္စိဓမ္မန္တိ ဝုတ္တံ။

ရင်းအင်္ဂုတ္တရအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီဉာဏဝိဘင်းအဋ္ဌကထာ။

အတ္တဝါဒေ၊ အတ္တဝါဒ၌။ ကသိဏာဒိပဏ္ဏတ္တိ သင်္ဂဟတ္တံ၊ ကသိုဏ်း အစရှိသော ပဋိဘာဂနိမိတ် ပညတ်ကို ပေါင်းယူခြင်းအကျိုးငှါ။ သင်္ခါရန္တိ၊ သင်္ခါရဟူ၍။ အဝတွာ၊ ရှေးနိစ္စသုခ ဝါရအတိုင်းကဲ့သို့ မဆိုမူ၍။ ကိဉ္စိဓမ္မန္တိ၊ ဟူ၍။ ဝုတ္တံ၊ သဒ္ဒါအထူးအား ဖြင့် ဟောတော်မူအပ်၏။

ဤ၌ နိဗ္ဗာန် အဘယ့်ကြောင့် မပါသနည်း။ မိစ္ဆာဒိဋ္ဌိ၏ အာရုံပြုရာ အရာ မဟုတ်သောကြောင့် မိစ္ဆာဒိဋ္ဌိ၏ အာရုံပြုရာ အရာဖြစ်သော ကသိုဏ်းစသော နိမိတ် ပညတ်ကိုသာ ယူသတည်း။

ထို့ကြောင့် ဒိဋ္ဌိယာ နိဗ္ဗာနဿ အဝိသယဘာဝေါ ဟေဋ္ဌာ ဝုတ္တော ဝေါတိ ကသိဏာဒိပဏ္ဏတ္တိသင်္ဂဟဏတ္ထန္တိ ဝုတ္တံ ဟူ၍ရင်း အင်္ဂုတ္တရမဟာဋီကာကြီး မိန့်သည်။

ဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိ၏။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အဝိသယဘာဝေါ၊ အာရုံပြုရာအရပ် မဟုတ်သည်၏အဖြစ်ကို။ ဟေဋ္ဌာ၊၌။ ဝုတ္တောဝေါ၊ ဆိုအပ်ပြီးသည် သာလျှင်တည်း။ ဣတိတသ္မာ၊ ကြောင့်။ ကသိဏာဒိ ပဏ္ဏတ္တိ သင်္ဂဟဏတ္ထန္တိ၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်ဆိုအပ်၏။

ဤအဋ္ဌာနသုတ်ကား ပုထုဇဉ်တို့ နိစ္စ သုခ အတ္တဟူ၍ မိစ္ဆာဒိဋ္ဌိ စွဲလမ်းရာ လောကီသင်္ခတဓမ္မ သဘာဝတို့နှင့်တကွ ကသိုဏ်းစသော နိမိတ်ပညတ်တို့ကို သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့က အနိစ္စ ဒုက္ခ အနတ္တဟူ၍ ယထာဘူတ သမ္မာဒိဋ္ဌိဉာဏ်အမြင်ဖြင့် မြင်ခြင်းကို ဟောရာဖြစ်သတည်း။ ထို့ကြောင့် နိဗ္ဗာန်ကို ပုထုဇဉ်တို့၏ အရာမဟုတ်၊ မိစ္ဆာဒိဋ္ဌိ၏ အာရုံပြု၍ အတ္တဟု မစွဲလမ်းနိုင်သော ကြောင့်ရင်း၊ အနတ္တဟူ၍ မြေဖွယ်မရှိဖြစ်သဖြင့်ရင်း နိဗ္ဗာန်ကို အတ္တဝါဒ၌ မသွင်းမယူ၊ ပုထုဇဉ်တို့ အတ္တဟု စွဲလမ်းရာ လောကီသင်္ခတသဘာဝတို့နှင့်တကွ

ကသိုဏ်းစသော ပဋိဘာဂနိမိတ်ပညတ်ကိုသာ အရိယာတို့၏ အနတ္တဖြေရန် သွင်းယူပါသတည်း။

နိဗ္ဗာန်သည် အတ္တဖြစ်သောကြောင့် မသွင်းမယူပဲ ချန်ထားသည်မဟုတ်၊ ရှေးက ပြဆိုခဲ့ပြီးသည့်နည်းအတိုင်း အသင်္ခတဓမ္မသဘာဝဖြစ်၍ အနတ္တသာတည်း။ ဤလည်း သိမ်မွေ့စွ။

သင်္ခတဓမ္မသဘာဝတို့ကိုသာ ဟောတော်မူသောအရာကား—

သဗ္ဗေ ဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ—

ဟူသော ဓမ္မပဒဂါထာ၌ တေဘူမကသင်္ခါရဖြစ်သော ခန္ဓာငါးပါးတို့ကိုသာ ဟောတော်မူသတည်း။

ထိုကြောင့် ၎င်းဓမ္မပဒအဋ္ဌကထာ၌ သဗ္ဗေ ဓမ္မာတိ ပဉ္စက္ခန္ဓာယေဝ အဓိပ္ပေတာဟူ၍ ဖွင့်သတည်း။ အဘယ့်ကြောင့် နိဗ္ဗာန်ပညတ်တို့ကို မယူပါသနည်းဟူမူကား ဝိပဿနာ၏အရာဖြစ်သောကြောင့်တည်း။ ထိုနိဗ္ဗာန်ပညတ်တို့သည်ကား သင်္ခတမဟုတ် အသင်္ခတမျိုးဖြစ်သောကြောင့် ဝိပဿနာ၏အရာမဟုတ်သောအားဖြင့် ဤဝိပဿနာအရာ၌ နိဗ္ဗာန်ပညတ်နှစ်ပါးလုံးကိုပင်မယူ၊ လောကီသင်္ခတဓမ္မတို့ကိုသာ ယူသည်ဟူလို။ ဤလည်း သိမ်မွေ့စွ။

သင်္ခတတရားတို့နှင့်တကွ နိဗ္ဗာန်ပညတ် နှစ်ပါးလုံးကိုပင် ဟောသောအရာကား—

အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာဣတိ နိစ္ဆယာ—

ဟူသော ပရိဝါပါဠိတော်တည်း။

ဤပါဠိတော်၌ အလုံးစုံ သင်္ခတသဘာဝတရားတို့သည် အနိစ္စ ဒုက္ခ အနတ္တတို့သာတည်း။ နိဗ္ဗာန်ပညတ်တရားတို့ကား အနိစ္စ ဒုက္ခမမည်ကုန်။ အနတ္တကား မည်ကုန်ရာသတည်း။ အဘယ့်ကြောင့်နည်း။ ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့်၎င်း၊ ဖြစ်ခြင်း ပျက်ခြင်းအားဖြင့်လည်း သဘာဝတရားတို့၏ မြဲသောအမှတ်ကြောင့် အနိစ္စ ဒုက္ခလက္ခဏာနှစ်ပါးနှင့် ယှဉ်၏ဟု ဆိုခြင်းငှါ မသင့်။ ကာရက ဝေဒက စသော သာသနာတော်မှအပ တိတ္ထိတို့ကြံဆအပ်သော အတ္တသဘောမှ ကင်းသောကြောင့်ကား အနတ္တဟု ဆိုခြင်းငှါ သင့်၏။ ထိုကြောင့် သင်္ခတသဘာဝဓမ္မမဟုတ်၊ အသင်္ခတမျိုးဖြစ်သော ဤပညတ်

ကို အသင်္ခတမျိုးချင်းတူသောအားဖြင့် သဘာဝတရားထင်ရှားရှိသော အသင်္ခတ နိဗ္ဗာန်နှင့်တကွ အနတ္တဟူ၍ ဟောပါသတည်း။

ဤအရာကား အနတ္တထိုက်သမျှကို ဖော်ပြဆုံးဖြတ်သော အရာတည်း။ ဤ နိဗ္ဗာန် ပညတ်ကို ဝိဘာဝနာ ရှုစရာ မဟုတ်ဟူလို။

ပါဠိယံ နိဗ္ဗာနဓာတု ပညတ္တိတိ ဧတ္တ ယသ္မာ သင်္ခတဓမ္မေ ဥပါဒါယ ပညတ္တာ သမ္မုတိသစ္စဘူတာ ပုဂ္ဂလာဒိပညတ္တိ ပရမတ္ထတော အဝိဇ္ဇမာနတ္တာ စ ဥပ္ပတ္တိဝိနာသတောပိ ဝတ္ထုမ္မနိယတေန အနိစ္စ ဒုက္ခ လက္ခဏဒွယေန ယုတ္တာတိ ဝတ္တုံ အယုတ္တာ၊ ကာရက ဝေဒကာဒိရူပေန ပန ပရိကပ္ပိတေန အတ္တသဘာဝေန ဝိရဟိတတ္တာ အနတ္တာတိ ဝတ္တုံ ယုတ္တာ၊ တသ္မာ အယံပညတ္တိပိ အသင်္ခတတ္တသာမညတော ဝတ္ထုဘူတေန နိဗ္ဗာနေနေဝ သဟ အနတ္တာဂတာ နိစ္ဆယာတိ ဝုတ္တာ။

ဝိမတိဝိနောဒနီဋီကာပါဌ်။

ပါဠိယံ၊ ပါဠိတော်၌။ နိဗ္ဗာနဓာတု ပညတ္တိတိ ဧတ္တ၊ ဟူသောပုဒ်တို့၌။ ယသ္မာ၊ ကြောင့်။ သင်္ခတဓမ္မေ၊ အကြောင်းလေးပါး ပြုပြင်အပ်သော ရုပ်နာမ် တရားတို့ကို။ ဥပါဒါယ၊ စွဲ၍။ ပညတ္တာ၊ ပညတ်အပ်သော။ သမ္မုတိသစ္စဘူတာ၊ သမ္မုတိသစ္စာဖြစ်၍ ဖြစ်သော။ ပုဂ္ဂလာဒိ၊ ပုဂ္ဂိုလ်အစရှိသော ပညတ်သည်။ ပရမတ္ထတော၊ အားဖြင့်။ အဝိဇ္ဇမာနတ္တာ စ၊ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့် လည်း။ ဥပ္ပတ္တိဝိနာသတောပိ၊ ဖြစ်ပေါ်ခြင်း ပျောက်ပျက်ခြင်းအားဖြင့်လည်း။ ဝတ္ထုမ္မနိယတေန၊ သဘာဝဓမ္မတို့၏ မြဲသော အမှတ်ဖြစ်သော။ အနိစ္စ ဒုက္ခ လက္ခဏဒွယေန၊ အနိစ္စ ဒုက္ခ လက္ခဏာ နှစ်ပါးအပေါင်းနှင့်။ ယုတ္တာတိ၊ ယှဉ်၏ ဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ အယုတ္တာ၊ မသင့်။ ကာရက ဝေဒကာဒိ ရူပေန၊ ကာရက ဝေဒက စသည်သဘောရှိသော။ ပရိကပ္ပိတေန၊ တိတ္ထိတို့ကြံဆအပ် သော။ အတ္တသဘာဝေန၊ အတ္တသဘောမှ။ ဝိရဟိတတ္တာ ပန၊ ကင်းသည်၏ အဖြစ်ကြောင့်ကား။ အနတ္တာတိ၊ ဟူ၍။ ဝတ္တုံ၊ ငှါ။ ယုတ္တာ၊ သင့်၏။ တသ္မာ၊ ကြောင့်။ အယံပညတ္တိပိ၊ ဤအဝိဇ္ဇမာနပညတ်ကိုလည်း။ အသင်္ခတတ္တသာမည တော၊ အသင်္ခတ သဘောချင်း တူသည်၏ အဖြစ်ကြောင့်။ ဝတ္ထုဘူတေန၊ သဘာဝအားဖြင့် ထင်ရှားရှိသော။ နိဗ္ဗာနေန၊ နိဗ္ဗာန်အသင်္ခတတရားနှင့်။ သဟဧဝ၊ တကွသာလျှင်။ အနတ္တာဂတာ၊ ဟူ၍။ နိစ္ဆယာ၊ ဆုံးဖြတ်အပ်၏။ ဣတိ၊ သို့။ ဝုတ္တာ၊ ဟောအပ်၏။

ယသ္မာ။ လ။ အဝိဇ္ဇမာနတ္တာ- ဟူ၍ မိန့်ခြင်းကြောင့် အဝိဇ္ဇမာန သမ္မုတိ ပညတ်သည်သာ အသင်္ခတဖြစ်ရာ၏။ ဝိဇ္ဇမာနသမ္မုတိပညတ်သည်ကား အသင်္ခတ

မဖြစ်ရာဟူသော ဝါကျမှရှင်း အပြစ်တင်ဖွယ် မကောင်းသော အတွင်းငုပ်လိနုဗ္ဗရစောဒနာ တနည်း-အန္တော လိနစောဒနာကို ဋီကာအရှင် ကောင်းစွာမြင်သဖြင့် ပြစ်တင်လွတ်စေ ရှင်းရှင်းကျေအောင် ဖြေတော်မူပြန်လိုသောကြောင့်၊ ဝိဇ္ဇမာနာပိ ဟိ သမ္မုတိ ကေနစိ ပစ္စယေန အကတတ္တာ သင်္ခတာ ဝေါတိ ဟူ၍ ၎င်းဝိမတိ ဋီကာဆရာ မိန့်ပြန်ရှာသတည်း။

ဟိ၊ ရှေးဝါကျတွင် ပြစ်တင်မကောင်း စကားကြွင်းကို ဆိုဦးအံ့။ ဝိဇ္ဇမာနာပိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်လည်းဖြစ်သော။ သမ္မုတိ၊ ဖဿဝေဒနာစသော ပညတ်သည်။ ကေနစိ၊ တစုံတခုသော။ ပစ္စယေန၊ သည်။ အကတတ္တာ၊ မပြုမပြင် မစီရင်အပ်သည်၏ အဖြစ်ကြောင့်။ အသင်္ခတာ ဝေါ၊ အသင်္ခတဖြစ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့မှတ်လေ။

ဤသို့သော ဋီကာပါဌ်ဖြင့် နိဗ္ဗာန် ပညတ်တို့၏ အသင်္ခတအဖြစ်ကိုပြသည်၊ နိဗ္ဗာန် အသင်္ခတသည် အကြောင်းလေးပါးတို့ မပြုမပြင် မစီရင်အပ်၊ ဥပါဒ်ဌီ-ဘင်ကင်းသော သန္တိလက္ခဏာနှင့်ပြည့်စုံသော ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတတရားတည်း။ ပညတ်သည်ကား အကြောင်းလေးပါးတို့ မပြုမပြင် မစီရင်အပ်သော ဥပါဒ်-ဌီ-ဘင်လည်းကင်းသော ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အသင်္ခတတရားတည်းဟု ခွဲ၍ သိလေ မှတ်လေ။ အသင်္ခတ ၂-ပါးလုံးပင် အနုတ္တာချည်းသာဟူ၍လည်း သိလေ မှတ်လေ။

ဤအရာစား ခက်လွန်းသည်ဟူ၍ မမှတ်ရာ၊ လွယ်သည်ဟူ၍လည်း မမှတ်ရာ၊ ကျမ်းဆရာတို့ သဘောကိုထောက်လျှင် ထင်ရှားသောအရာဖြစ်သည်ဟု မှတ်ဖွယ်ရှိ၏။ ထို့ကြောင့် ဤအရာကို ကျယ်စွာတမူ ဖွင့်ပြခြင်းမပြုပဲ အဇ္ဈုပေက္ခနရှုတော်မူကြလေသည်။ သဘောကား ယခင်ပြခဲ့သည့်အတိုင်းပင်တည်း။

ဝင်္ဂရုတ္တရ ဒွါဒသမဝိဿဇ္ဇနာ ဗျာကရဏ ပြီးပြီ။

* * *

# တေရသမပုစ္ဆာ

(၁၃) မဟာသတိပဋ္ဌာန်သုတ်တွင် ဟောတော်မူအပ်သော သမ္မာသမာဓိချာန်ကို လောကီရူပါဝစရဈာန်သို့ သွင်း၍ယူရမည်။ သို့မဟုတ် လောကုတ္တရာဈာန်သို့သွင်း၍ ယူရမည်။ စတုက္ကနည်း မည်သို့ကြောင့် ဖြစ်သည်များကို သေချာစွာခွဲခြား၍ သိလိုပါသည် ဆရာတော်အရှင်ဘုရား။

## ဝိဇ္ဇာရုက္ခ တေရသမဝိဿဇ္ဇနာ

(၁၃) ၎င်းတေရသမ လျှောက်ချက်အရ မဟာသတိပဋ္ဌာန်သုတ်တွင် ဟောတော်မူအပ်သော သမ္မာသမာဓိဈာန်ကား သတိပဋ္ဌာနကမ္မဋ္ဌာနယောဂီ ပုဂ္ဂိုလ်သည် အနုသာဝအားဖြင့် သိမ်းဆည်းအပ်သော မဂ္ဂသစ္စာဖြစ်သောကြောင့် လောကုတ္တရာဈာန် သမာဓိဟူ၍မှတ်လေ။ မဂ္ဂသစ္စာကိုသာ မဟုတ်သေး၊ နိရောဓ သစ္စာကိုလည်း သိမ်းဆည်းရသည်သာတည်း။

ကထံ ပန အာဒိကမ္မိကော နိရောဓမဂ္ဂသစ္စာနိ ပရိဂ္ဂဏှာတီတိ အနုဿဝါတိ သိဒ္ဓမာကာရံ ပရိဂ္ဂဏှာတိ၊ ဝေဒ္ဓ ကတွာ လောကုတ္တရ ဗောဇ္ဈင်္ဂေ ဥဒ္ဒိဿာပိ ပရိဂ္ဂဟော န ဝိရုဇ္ဈတိ။

မူလပဏ္ဏာသဋ္ဌကထာ မဟာသတိပဋ္ဌာန်သုတ်အဖွင့်။

အာဒိကမ္မိကော၊ အစဦး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း အမှုနှင့်ယှဉ်သော ယောဂီ ပုဂ္ဂိုလ်သည်။ နိရောဓ မဂ္ဂသစ္စာနိ၊ နိရောဓသစ္စာ မဂ္ဂသစ္စာတို့ကို။ ကထံ၊အဘယ် သို့သော အခြင်းအရာဖြင့်။ပရိဂ္ဂဏှာတိ၊ သိမ်းဆည်းနိုင်သနည်း။ ဣတိပုစ္ဆာယံ၊ ဤသို့သောအမေးသည်။သတ္တိ၊သော်။ အနုဿဝါတိ သိဒ္ဓံ၊ အဆင့်စကား သုတအားဖြင့် အလွန်ထင်ရှားသော။ အာကာရံ၊ နိရောဓမဂ္ဂတို့၏ အခြင်းအရာကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။ ဝေဒ္ဓကတွာ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။လောကုတ္တရဗောဇ္ဈင်္ဂေ၊ လောကုတ္တရာဗောဇ္ဈင်တို့ကို။

ဥဒ္ဒိဿာပိ၊ သင်ယူ၍လည်း။ ပရိဂ္ဂဟော၊ သိမ်းဆည်းခြင်းသည်။ နဝိရုဇ္ဈတိ၊ မဆန့်ကျင်။ အပြစ်မရှိဟူလို။ (လောကုတ္တရာဗောဇ္ဈင်ကိုလည်း သင်ယူနာခံ၍ သိမ်းဆည်း ပွား များရာသည်၏အဖြစ်ကို ပြသည်။)

စတုက္ကနည်းဖြစ်သည်မှာ သဝိတက္က သဝိစာရသမာဓိ အဝိတက္က အဝိစာရ သမာဓိအားဖြင့် သမာဓိနှစ်ပါကို ဝေဖန်သည်ဖြစ်၍ ဟောသောကြောင့် စတုက္ကနည်း ဖြစ်သည်။ အဝိတက္က ဝိစာရမတ္တ သမာဓိနှင့်တကွ သမာဓိသုံးပါး ကို ပြသည်ဖြစ်၍ ဟောတော်မူသောကြောင့် ပဉ္စကနည်းဖြစ်သည်ဟု အကျဉ်း မှတ်လေ။

> တေသု ဟေဋ္ဌာ သဝိတက္ကသဝိစာရော သမာဓိ အဝိတက္က အဝိစာရော သမာဓိ ဘာဇေတွာ ဒဿိတော၊ အဝိတက္ကဝိစာရမတ္တော န ဒဿိတော၊ တံ ဒဿေတုံ အယံ ပဉ္စကနယော အာရဒ္ဓေါတိ ဝေဒိတဗ္ဗော။
>
> အဋ္ဌသာလိနီအဋ္ဌကထာပါဠိ။

တေသု၊ ထိုသုံးပါးသော သမာဓိတို့တွင်။ ဟေဋ္ဌာ၊ အောက်စတုက္ကနည်း၌။ သဝိတက္က သဝိစာရော၊ သဝိတက္က သဝိစာရဖြစ်သော။ သမာဓိ၊ သမာဓိကိုရင်း။ အဝိတက္က အဝိစာရော၊ အဝိတက္က အဝိစာရဖြစ်သော။ သမာဓိ၊ သမာဓိကိုရင်း။ ဘာဇေတွာ၊ ဝေဖန်၍။ ဒဿိတော၊ပြတော်မူအပ်၏။ အဝိတက္က ဝိစာရမတ္တော၊ အဝိတက္က ဝိစာရမတ္တဖြစ်သော။ သမာဓိ၊ ကို။ န ဒဿိတော၊ မပြအပ်။ တံ၊ ထိုအဝိတက္က ဝိစာရမတ္တ သမာဓိကို။ ဒဿေတုံ၊ ပြခြင်းငှာ။ အယံ ပဉ္စကနယော၊ ဤပဉ္စကနည်းကို။ အာရဒ္ဓေါ၊ အားထုတ်တော်မူအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

ဤသို့ စတုက္ကဈာန် ပဉ္စကဈာန် အထူးကို သိလေ။

ဝဇီရဗုဒ္ဓ တေရသမဝိဿဇ္ဇနာ ဗျာကရဏ ပြီးပြီ။

* * *

## စုဒ္ဒသမ ပုစ္ဆာ

(၁၄) ယခုအခါ သာသနာတော်တွင်း၌ သိက္ခာသုံးပါးကို ကျင့်သုံးဆောက်တည်ကြသော လူရှင်ရဟန်းတို့သည် ယခုဘဝဖြင့် အရဟတ္တဖိုလ်သို့ရောက်မည် မရောက်ပည်များကို သိလိုပါသည် ဆရာတော်အရှင်ဘုရား။

### ဝဇိရဗုဒ္ဓိ စုဒ္ဒသမဝိဿဇ္ဇနာ

(၁၄) ၎င်းစုဒ္ဒသမ လျှောက်ချက်အရ ယခုအခါ သာသနာတော်တွင်း၌ သိက္ခာသုံးပါးကို ကျင့်သုံးဆောက်တည်ကြသော လူရှင်ရဟန်းတို့သည် ရှေးဒုတိယပုစ္ဆာ၏ ဝိဿဇ္ဇနာ၌ ပြဆိုခဲ့ပြီးသော အဘဗ္ဗပုဂ္ဂိုလ် ၆-မျိုးတည်းဟူသော အပြစ်ကင်း၍ ဥပနိဿယနှင့် ပြည့်စုံသဖြင့် ယထာနုသိဋ္ဌ ကျင့်နိုင်ကြကုန်သည်ရှိသော် ယခုဘဝ အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်ဖြစ်ရာ၏ဟူ၍ပင် မှတ်ရာ၏။ အောက်ကပြခဲ့သော သုဘဒ္ဒသုတ် ပါဠိတော်ဖြင့်လည်း သိရာ၏။ ဤအရာကို ခေတ်အားဖြင့်လည်း မဂ်ဖိုလ်ရသည်၏အဖြစ်ကို ၎င်းထူးမှတ်ရာ၏။

ဝဇိရဗုဒ္ဓိ စုဒ္ဒသမဝိဿဇ္ဇနာ ဗျာကရဏ ပြီး၏။

## ပန္နရသမ ပုစ္ဆာ

(၁၅) မဂ်စိတ်၌ ဆတ္တိံသပြပါလျက် သစ္စဝိမုတ်ဟု ဆိုသည်ကို သိလိုပါသည် ဆရာတော်အရှင်ဘုရား။

### ဝဇီရဗုဒ္ဓတ္တရ ပန္နရသမဝိဿဇ္ဇနာ

(၁၅) ၎င်း ပန္နရသမလျှောက်ချက်အရ မဂ်စိတ်၌ ဆတ္တိံသပြခြင်းသည် မဂ္ဂသမ္ပယုတ်စေတသိက်ရတိုင်းကိုပြသည်။ မဂ်စိတ်ခဏ၌ မဂ္ဂသမ္ပယုတ်စေတသိက် ဆတ္တိံသတို့တွင်လည်း ပညာ၊ ဝိတက်၊ ဝိရတီ သုံးခု၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာဟု ဆိုအပ်သော တရားရှစ်ပါးတို့သာလျှင် မဂ္ဂင်ထိုက်ကုန်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် (၂၉) ခုတို့သည်ကား မဂ္ဂင်မထိုက်ကုန်။ ထို့အတူ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခုတို့သည်လည်း မဂ္ဂင်မထိုက်ကုန်။ ထို့ကြောင့် မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စဝိနိဿဋာ ဟူ၍ သင်္ဂြိုဟ်မိန့်သည့်အတိုင်း သစ္စဝိမုတ်ဟု ဆိုသည်ဟူ၍ သိလေ မှတ်လေ။

ဝဇီရဗုဒ္ဓတ္တရ ပန္နရသမဝိဿဇ္ဇနာ ပြီးပြီ။

* * *

# သောဠသမ ပုစ္ဆာ

(၁၆) မဂ္ဂကုဏ္ဍာ၌ စေတသိက်နှင့်တကွ (၂၉) ခုကို ပြပါလျက် အဘယ့်ကြောင့် (၃၆) ခုဆိုသည်ကို သိလိုပါသည် ဆရာတော်အရှင်ဘုရား။

## ဝဇီရဗုဒ္ဓ သောဠသမဝိဿဇ္ဇနာ

(၁၆) ဂုဏ်းသောဠသမ လျှောက်ချက်အရ မဂ်စိတ္တုပ္ပါဒ် (၂၉) သည် မဂ္ဂင်မမည်။ မဂ်စိတ် မဂ္ဂသမ္ပယုတ်စေတသိက်တို့သာ မည်ကုန်၏။ ထို့ကြောင့် ထိုမဂ္ဂင်မမည်သော မဂ်စိတ္တုပ္ပါဒ်တို့ကို ခွဲ၍ (၂၉) ခုပြသည်။ မဂ္ဂင်မည်သော စေတသိက် (၇) ခုကို ရောပြန်သဖြင့် မဂ္ဂသမ္ပယုတ် စေတသိက် (၃၆) ခုဟု ဆိုသည်ဟူ၍ မှတ်လေ။

ဝဇီရဗုဒ္ဓ သောဠသမဝိဿဇ္ဇနာ ဗျာကရဏ ပြီးပြီ။

# နိဂုံးဂါထာ ပါဠိအနက်

၁။ ပဘာ၀ရေ ဇိနစက္ကေ၊ ဓမ္မရူပစ ၀ဿကေ။
ပုဗ္ဗကတ္တိကဇုဏှာယ၊ တတိယေ သီဟနာမိကေ။

၂။ ဝိကာလေ ပဋ္ဌာဘာဂါယ၊ နိဋ္ဌိတန္တံ သုဒုလ္လဘံ။
ယံ ၀ဇိရဗုဒ္ဓိ နာမ၊ နာနာဂန္ထသုနိဋ္ဌိတံ။

၃။ မဟာထေရော ဟိ တက္ကတ္တာ၊ ဘဒန္တ ဇ၀နဝိသုံတော။
မန်လည် ကသာနဂရေသု၊ ၀သံ မဟန္တနာမိသု။
ဒိဋ္ဌိနံ မဟာစေတီယစနံ၊ ဗုဒ္ဓဒန္တံ၀န ပူဇယံ။

၁။ ၂။ ၃။ ပဘာ၀ရေ၊ မြတ်သောရောင်ဝါ သမ္ဘာပြုဖြောင့် (၂၄၃၁) နှစ်ဖြစ်သော။ ဝါ၊ ဥရောပဇာတ် မိနတ်ဒေဝီ ကေရိ၏ ပါရမီဘုန်းဟိတ် ပုည ဇိဒ်ကြောင့် အင်္ဂလိပ်မင်းများ ကြီးမားကျွဒ္ဒိပါဒ် ကမ္ဘာဆုံးအောင် တိုက်လုံးခတ်မျှ ထူးမြတ်သော ဘုန်းလက်ရုံးရောင်နှင့် နှောသဖြင့် မြတ်သောရောင်ဝါသမ္ဘာ ပြုဖြောင့် (၂၄၃၁) နှစ်ဖြစ်သော။ ဇိနစက္ကေ၊ ဗုဒ္ဓဂေါတမ သကျမုနိ မည်ရှိ ဘုန်းခေါင် ငါးမာရ်အောင်သော မြတ်စွာဘုရား၏ သာသနာရောက်သော အခါ၌။ ဓမ္မရူပေ၊ ကုသိုလ်သဘော မနောကြည်လင် လူရှင်အများ တရားယူစောင့် (၁၂၅၉) ခုဖြစ်သော။ ၀ဿကေ၊ ကောဇာသက္ကရာဇ် နှစ်အပေါင်း၌။ ပုဗ္ဗကတ္တိကဇုဏှာယ၊ သီတင်းကျွတ်လဆန်း။ တတိယေ၊ သုံးရက်မြောက်။ သီဟနာမိကေ၊ ခြင်္သေ့နံ အင်္ဂါနေ့။ ဝိကာလေ၊ နေလွဲမွန်းတိမ်း။ ပဋ္ဌာဘာဂါယ၊ နာရီပြန် (၅) ချက် အချိန်၌။ နာနာဂန္ထသုနိဋ္ဌိတံ၊ အထူးထူးသော ပါဠိအဋ္ဌကထာ ဋီကာဂဏ္ဌိကျမ်းတို့ဖြင့် ကောင်းစွာဆုံးဖြတ်အပ်သော။ ၀ဇိရဗုဒ္ဓိ နာမ၊ ၀ရဇိန် လက်နက် မိုးကြိုးစက်ကဲ့သို့ ၀က်၀က်ခွဲဖြို ဖြေဆိုရာ ဖြေဆိုကြောင်း ဖြစ်သောကြောင့် ၀ဇိရဗုဒ္ဓိမည်သော။ ယံ ဗျာကရဏံ၊ အကြင်ဝိသဇ္ဇနာ ဗျာကရဏ်ကျမ်းသည်။ အတ္ထိ၊ ရှိ၏။ တံ ဗျာကရဏံ၊ ထို၀ဇိရဗုဒ္ဓိ နာမသညာ ထင်ရှားစွာသော ဝိသဇ္ဇနာ ဗျာကရဏ်ကျမ်းသည်။ နိဋ္ဌိတံ-နိဋ္ဌံ ဂတံ ပတ္တံ၊ ဖြေပြီး အဆုံး နိဂုံးတိုင်မြောက် ရောက်လတ်သတည်း။ ဟိ၊ ဆိုခွင့်မကုန် ဆိုသင့်ရှိကို စုံအောင်ပြဆိုပေဦးအံ့။ တက္ကတ္တာ၊ ထို၀ဇိရဗုဒ္ဓိ ဗျာကရဏ်ကျမ်းကို ပြုတတ်သော ဆရာသည်။ မဟာထေရော၊ (၃၃) ဝါ မဟာထေရ်ပေါက် ပြောင်ကြီး

မြောက်၏။ ဘဒန္တဇဝနစိဿုတော၊ အရှင်ဇဝနဟု ဂရုဂဟိတ အမည်အားဖြင့် ထင်ရှားစွာ၏။ မန်လည် ကဿ နဂရေသု၊ မဲဇာ ရေဝတီ မြစ်ကမ်းမှီသော မန်လည်မြို့ ကဿမြို့တို့၌။ မဟန္တနာမိသု၊ ကြီးသောအမည်အားဖြင့် ထင်ရှားသော ပြဿဒ်ကျောင်းကြီးတိုက် လေးထပ်ကျောင်းကြီးတိုက်တို့၌။ ဒွိန္နံ၊ နှစ်ဆူ ကုန်သော။ မဟာစေတိယာနံ၊ တောင်စဉ်သတ္တရဗ္ဗဏ် (၇) တန်သီတာ အာလိန် (၅) ဆင့် မြင်းမိုရ်တင့်သို့ စွင့်စွင့်ကြီးကျယ် ကြည်ညိုဖွယ် အခြေအစုံရှိသော ကြောင့် (တာဝတိံသာ မဟာစေတီ) အမည်ပညတ် ဂုဏ်သကတ်ဖြင့် ဗျူပွတ် ညီလျော် ခေါ်ဝေါ်ထင်ရှားသော စေတီတော်ကြီးတို့ကိုရင်း။ ဗုဒ္ဓဒန္တာနံ၊ အနောက်တိုင်းပြည် မဇ္ဈိမဒေသ လက္ခနောင်းမြို့ အထူးအဆန်းထားရာဌာန အစိုးရတဦးဖြစ်သော (ဒေါက်တာ ဖြူရာ) အမည်ရှိသော ဆရာဝန်မင်းကြီး သည် ကပိလဝတ္ထုပြည် သကျသာကီယမင်းတို့ တည်ထားကိုးကွယ်သော စေတီ တော်မှ ထုတ်ဖော်ရသဖြင့် ဗုဒ္ဓဂေါတမ သကျမုနိ ဘုရားသွားတော်ဖြစ်ဘော် မူသော အမည်သညာ အက္ခရာနှင့်တကွ ပေးပို့အပ်သော လက်ယာအထက် (အံတော်မြတ်) (ရိုးတော်ဓာတ်) တို့ကိုရင်း။ ပူဇယံ-ပူဇယန္တော၊ သက်တော် ဝိညာဉ်ရှိစဉ်ကာလ ခါသမယကဲ့သို့ နေ့ညဘောင်ရောင် ပူဇော်ရှိခိုးခြင်းကိုပြုလျက်။ ဝသံ-ဝသန္တော၊ သီတင်းသုံး၍ နှလုံးချမ်းမြေ့စွာ နေသတည်း။ ဣတိ၊ ဤကား အပြီးသတ်တည်း။

ဝဇီရတ္တရ ပကာသနီကျမ်း အလုံးစုံ ပြီးပြီ။

*   *   *

# ဝဇိရနိန္နယ ဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ပဏာမ ပုဗ္ဗကဂန္ထာရမ္ဘ**

၁။ ဝဇိရာဝုဓ ဉာဏိန္ဒံ၊ ဗုဒ္ဓံ ဝန္ဒိယ သာဒရံ။
ဝဇိရတ္ထံ ဓမ္မံ သံဃံ၊ ကဿံ ဝဇိရနိန္နယံ၊

၂။ တေသံ တေသံ ဝိပရိတံ၊ မိစ္ဆာ ဂါဟံ ပဒါလိယ။
သမ္မာဉာဏံ ပဝတ္တေယျ၊ သော နိန္နယော သုဒုလ္လဘော။

အဟံ၊ ငါသည်။ ဝဇိရာဝုဓဉာဏိန္ဒံ၊ ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ ဆန့်ကျင်ဘက်မှု ရန်သူမိစ္ဆာ ကိလေသာတို့ကို ရှယ်ကာဆတ်ဆတ် တချက်တည်းဖြတ်တတ်သော သဗ္ဗညုတဉာဏ်၏ပဒဋ္ဌာန် အရဟတ္တမဂ်ဉာဏ် အရဟတ္တမဂ်ဉာဏ်၏ပဒဋ္ဌာန် သဗ္ဗညုတဉာဏ်ကို အစိုးရတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သာဒရံ၊ ရိုသေခြင်းနှင့်တကွ။ ဝါ၊ အလွန်ရိုသေစွာ။ ဝန္ဒိယ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိယ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဝဇိရတ္ထံ၊ ဝဇိရ-စိန်ခဲ ထိန်ရဲရဲသို့ မကွဲမအက် မပျက်မကျေ မသွေမလှုန် မဖောက်ပြန်သော အနက်သဘောရှိသော။ ဓမ္မဥ္စ၊ ဆယ်ပါးသော တရားတော်ကိုင်း။ သံဃဥ္စ၊ ပရမတ္ထသံဃာတော်ကိုနှင်း။ သာဒရံ၊ ကွ။ ဝါ၊ စွာ။ ဝန္ဒိယ ဝန္ဒာမိ၊ ၏၊ ဝန္ဒိတွာ၊ ၍။ ဝဇိရနိန္နယံ၊ ဝဇိရာစိန်ခဲ ထိန်ရဲရဲသို့ မကွဲမအက် မပျက်မကျေ မသွေမလှုန် ဖောက်ပြန်ဝိပရိ ကင်းမရှိသော ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းလာမယွင်း ဆုံးဖြတ်ခြင်း အနက်ကြောင့် ဝဇိရနိန္နယမည်သော ဝိနိစ္ဆယကျမ်းကို။ ကဿံ၊ ပြုပြင်စီရင်အံ့။ သော နိန္နယော၊ ထိုဝဇိရနိန္နယ မည်သော ဝိနိစ္ဆယကျမ်းသည်။ သုဒုလ္လဘော၊ အလွန်ရခဲ သိရခဲ့သောသဘောရှိ၏။ တေသံ တေသံ၊ ထိုထိုသော ပိဋက သုံးသွယ် နိကာယ်ငါး

ဖြာ အင်္ဂါကိုးတန် ဓမ္မကွန် ရှစ်သောင်းလေးထောင်ဟု ဆိုအပ်သော မဟာသမုဒ် ရေအစုတ်ထက် အဟုတ်နက်ကျယ် အံ့ဖွယ်အတိ အထူးရှိသော ပါဠိတော် မြတ်နှင့်တကွ အဋ္ဌကထာဋီကာ ကျမ်းအရာတို့၌ သေချာပိုင်ပိုင် မသိနိုင်ကုန်သောသူတို့အား၊ ဝိပရိတ်၊ ပါဠိအဋ္ဌကထာဋီကာအမြွက် အနက်အဓိပ္ပာယ် ယှုဖွယ် ယှုနည်း လိတ်လည်းမမှန် ယှုဖောက်ပြန်သော။ မိစ္ဆာဂါဟ်၊ အမှားစွဲသန် မိစ္ဆာဉာဏ်ကို။ ပဒါလိယ၊ ဖောက်ခွဲ ပယ်ဖျက်၍။ သမ္မာဉာဏ်၊ မဖောက်မပြန် သမ္မာဉာဏ်ကို။ ပဝတ္တေယျ၊ ဖြစ်စေနိုင်၏။

ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ ပြီး၏။

* * *

ဤပဋိညာဉ်အတိုင်း ဆုံးဖြတ်အပ်သော ဝဇီရနိဒ္ဒယကား အဘယ်သို့နည်း။

## သဘင်သည်တို့ကို ဟောတော်မူသော ဂါမဏိသံယုတ်ထွက်

နစ္စဂီတဝါဒိတာ အတ္တနာပိ မဒ္ဒန္တိ ပရေသံပိ မဒ္ဒေန္တိ တေ နရာ ပရမ္မရဏာ ဒုဂ္ဂတိံ ဝိနိပါတံ ပဟာသနိရယံ ဥပပဇ္ဇန္တိ၊ ပဟာသော နာမ အဝီစိယာ ဧကော်သံ ပဒေသော တိဋ္ဌတိ။

နစ္စဂီတဝါဒိတာ၊ ကခြင်း သီခြင်း တီးမှုတ်ခြင်းကို ပြုကြကုန်သော။ ယေ နရာ၊ အကြင်သူတို့သည်။ အတ္တာပိ၊ မိမိကိုလည်း။ မဒ္ဒေန္တိ၊ ရစ်စေတတ်ကုန်၏။ ပရေသံပိ၊ သူတပါးတို့ကိုလည်း။ မဒ္ဒေန္တိ၊ ကုန်၏။ တေ နရာ၊ တို့သည်။ ပရမ္မရဏာ၊ သေသည်မှ အခြားမဲ့၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းမှုကိုပြုသောသူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ မကောင်းမှု ပြုသောသူတို့၏ ဖရိုဖရဲ ကျရာဖြစ်သော။ ပဟာသနိရယံ၊ ပဟာသငရဲ၌။ ဥပပဇ္ဇန္တိ၊ ခံကြရကုန်၏။ ပဟာသော နာမ၊ ပဟာသငရဲ မည်သည်ကား။ အဝီစိယာ၊ အဝီစိငရဲ၏။ ဧကသ္မိံ ပဒေသေ၊ တခုသော အဆောင့်အရပ်၌။ တိဋ္ဌတိ၊ တည်၏။

အဓိပ္ပာယ်ကား—သဘင်သည်တို့မှာသာ အပါယ်လားကြောင်းကို ဂါမဏိသံယုတ်၌ တိုက်ရိုက်ကြီး ဟောတော်မူသည်။ ပွဲကြည့်သောသူတို့မပါ။ ပွဲကြည့်သောသူတို့မှာ ပစ္စက္ခ၌ စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ခြင်း၊ ရောဂါဝေဒနာဖြစ်ခြင်း များကိုသာ ပါဠိတော်လာသည်။ ပွဲကြည့်သောသူတို့ အပါယ်လားကြောင်းကို စာမတွေ့ဘူးပါ။ အမိန့်တော်ကို တင်ပြနိုင်လျှင် ယုံပါမည်။ အဒါနဂါဟီဒုပ္ပဋိနိဿဂ္ဂိမဟုတ်ပါ။ မျက်စိကို ထောက်ခံ၍ကြည့်သော်လည်း အပြစ်မရှိ။ သဘင်သည်တို့သာ ကာယကံ ဝစီကံတို့၌ ဖရုသဝါစာ သမ္ဖပ္ပလာပဖြစ်၍ အပါယ်သို့ ပို့သင့်ပါသည်။ ပွဲကြည့်သောသူတို့ကို အဘယ်ကံနှင့် ပို့နိုင်ပါအံ့နည်း။ စာလည်းမလာ ပွဲသာကြည့်ပါဦးမည်။ စာလာလျှင် ရှောင်ကြဉ်ပါမည်။ ပဝတ္တိ အကျိုး အားကိုး၍ မဆိုနှင့်။ အပါယ်သို့ ပို့သင့်သောစာ တထွာခန့် ပြစမ်းပါ။ ပါဠိတော်ရင်း မငြင်းဆန်ဝံ့ပါ။ သက်ကြီးစကား သက်ငယ်ကြားနှင့် ဝါကြွား ပိုမို ဆိုလာသူတို့ကို မှာဆိုသည့်အတိုင်း မဆိုင်းမတွ ပြောဆိုရမည်။

ရေးရင်းမူလအလွှာ၌ အက္ခရာအရစ်အပင့် အဆင့်အသတ်အတိုင်း ရေးကူးသော ပါရင်းစာ။ ရင်းစာနှင့်တကွ မိုးထားမြို့ လက်ပံရွာ မန်ကျည်းပင်ကျောင်းနေ ရှင်ကေတု လျှောက်လာသည်။ လျှောက်လာသည့်စာကား—

တပည့်တော် ရှင်ကေတု လျှောက်ထားဝံ့ပါသည်။ မန်လည်မြို့မ ပြာသာဒ်ကျောင်းကြီးဆရာတော်အရှင်မြတ်ဘုရား။နစ္စဂီတဝါဒိတအရာများကို သဘင်သည်တို့သာ အဝိစိငရဲကစိတ်မှာ ခံရကြောင်း ဟောပြောကြပါသည်။ အနည်းငယ် ဉာဏ်နုသောသတ္တဝါတို့ ယုံကြည်ကြပါသည်၊ အားလပ်သောအခါ ဝိနိစ္ဆယအဆုံးအဖြတ်များကို သိသာရအောင် ရေးသားတော်မူပါ၊ မန်လည်မြို့မ ပြာသာဒ်ကျောင်းကြီးဆရာတော်အရှင်မြတ်ဘုရား။ လျှောက်ထားသောစာ။

ဤသို့ လျှောက်ထားရာ ပါရင်းအရှိ ဂါမဏိသံယုတ်ထက်ဟု ဆိုအပ်သော ပါဠိပုဒ်ပါဌ်များသည် စင်စစ်မူချ သဠာယတနဝဂ် ဂါမဏိသံယုတ်ပါဠိတော် အဋ္ဌကထာဋီကာ ပုဒ်ပါဌ်မဟုတ်၊ ၎င်းပုဒ်ပါဌ်တို့၌ သဒ္ဒနယ အတ္ထနယ လက္ခဏာ လွန်စွာပျက်ယွင်း၏။ ကခြေသဘင်သည်ကို ဟောသော ကတ္တုရုပ်သဒ္ဒါကို အလိုရှိအပ်လျက် နစ္စဂီတ ဝါဒိတာဟု ကမ္မရုပ်နှင့် ရှိခဲ့၏။ ရှုးခြင်း ယစ်ခြင်း မေ့လျော့ခြင်းအနက်ကိုဟောသော မဒဓာတ်ကို အလိုရှိအပ်လျက် မဒ္ဒေန္တိဟု ဒဒွေးဘော်နှင့် မဒ္ဒဓာတ်ဟု ရေးခဲ့၏။ ၎င်း မဒ္ဒဓာတ်၏ အနက်သည် ဘူဝါဒိဂိုဏ်းဖြစ်၍ နှိပ်စက်နင်းနယ်ခြင်းအနက်ကို ဟောရာ၏၊ ယစ်ရှူး မေ့လျော့ခြင်းအနက်သို့ မဟော။ ထိုသို့လျက် မဒ္ဒေန္တိ၊ ယစ်စေတတ်ကုန်၏ဟု အနက်ပေးခြင်းလည်းမသင့်။ မဒ္ဒ မဒ္ဒနေ မဒ္ဒတိ ပမဒ္ဒတိ၊ မာရသေနာ ပမဒ္ဒနော၊ ကဏ္ဍံ မဒ္ဒတိ သဒ္ဒနီတိ ဓာတုမာလာမိန့်၏။ ဘူဝါဒိဂိုဏ်းဖြစ်သော မဒဓာတ်သည်သာလျှင် ယစ်ရှူးတွေဝေ မေ့လျော့ခြင်းအနက်ကို ဟော၏။ မဒ ဥမ္မာဒေ ဥမ္မာဒေါ နာမ မုယှနံ ဝါ သတိဝိပ္ပဝါသော ဝါ၊ စိတ္တက္ခေပေါ ဝါ၊ မဇ္ဇတိ ပမဇ္ဇတိ မဒေတ္တာ သုရာမဒမတ္တော စသည် သဒ္ဒနီတိဓာတုမာလာ မိန့်၏။

စုရာဒိဂိုဏ်း၌ဖြစ်သော မဒဓာတ်သည်ကား နှစ်သက်ခြင်းနှင့် ယှဉ်သော ဝိတ္တိယောဂ အနက်ကိုသာ ဟော၏။ ဥမ္မာဒအနက်ကို မဟော၊ မဒဝိတ္တိယောဂေ မဒေတိ မဒယတိ၊ ၎င်း သဒ္ဒနီတိဓာတုမာလာ။

ကာရိုက်ကံကိုလည်း အတ္တနောဟု တတိယာ၊ ပရေသံဟု ဆဋ္ဌီ တဝါကျတည်း၌ ဝိဘတ်မညီ အစဉ်ကျိုးခဲ့ရကား ဘဂ္ဂရီတိဒေါသ အလင်္ကာနည်း ပျက်၏။

ဤသို့ ပုဒ်ပျက် ပါဌ်ပျက် ဝိဘတ်ပျက်တွေနှင့် သဒ္ဒါပျက် အနက်မှား စိတ်ရှိတိုင်း ရေးစီသည့် နုတ်ပလီပါဌ်များသာ ဖြစ်၏။ မဟုတ်မဟတ်သည့် ပုဒ်ပါဌ်တွေနှင့် ရောက်တတ်ရာရာ ရွတ်လိုရာ ရွတ်၍ ဘရရွတ်အနက် အဓိပ္ပာယ် ပြဆိုရာ၌လည်း မိမိရေးဆိုတိုင်း အနက်အဓိပ္ပာယ်လည်း မဟုတ်၊ ပွဲကြည့်လိုသော မိမိဆန္ဒအလိုနှင့် အရှူးဗိုလ်ပြုလိုသော စကားများကိုသာ ပြသည်ဖြစ်၍ စင်စစ်

အားဖြင့် ဘုရားသခင်နှုတ်တော်နက် ဂါမဏိသံယုတ်ထွက် ပါဠိတော် အဋ္ဌကထာနှင့်တကွ ရေးထုတ်၍ ပြလိုက်မည်။

ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီတရာဂါ ရာဂဗန္ဓနဗန္ဓာ၊ တေသံ နဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ ယေ ဓမ္မာ ရဇ္ဇနီယာ တေ ဥပသံဟရတိ ဘိယျောသောမတ္တာယ၊ ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီတဒေါသာ ဒေါသဗန္ဓနဗန္ဓာ တေသံ နဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ ယေဓမ္မာ ဒေါသနီယာ တေ ဥပသံဟရတိ ဘိယျောသောမတ္တာယ၊ ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီတမောဟာ မောဟဗန္ဓနဗန္ဓာ တေသံ နဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ ယေဓမ္မာ မောဟနီယာ တေ ဥပသံဟရတိ ဘိယျောသောမတ္တာယ၊ သော အတ္တနာ မတ္တော ပမတ္တော ပရေ မဒေတွာ ပမာဒေတွာ ကာယဿ ဘေဒါ ပရံမရဏာ ပဟာသောနာမ နိရယော၊ သော ကတ္ထ ဥပပဇ္ဇတိ၊ သစေ ခေါ ပနဿ ဧဝံ ဒိဋ္ဌိ ဟောတိ၊ ယောသော နဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ သစ္စာလိကေန ဇနံ ဟာသေတိ ရမေတိ သော ကာယဿဘေဒါ ပရံမရဏာ ပဟာသာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇတိတိ သာဿ ဟောတိ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိကဿ ခေါ ပနာဟံ ဂါမဏိ ပုရိသပုဂ္ဂလဿ ဒွိန္နံ ဂတီနံ အညတရဂတိံ ဝဒါမိ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါတိ။

သဠာယတနဝဂ္ဂ ဂါမဏိသံယုတ် ပါဠိတော်။

အနက်ကား—ဂါမဏိ၊ ဂါမဏိ။ သတ္တာ၊ သတ္တဝါတို့သည်။ ပုဗ္ဗေ ခေါ၊ ရှေးမဆွကပင်လျှင်။ အဝီတရာဂါ၊ မကင်းသောရာဂ ရှိကုန်၏။ ရာဂမကင်းကုန်။ ရာဂဗန္ဓနဗန္ဓာ၊ ရာဂဖွဲ့ခြင်းဖြင့် ဖွဲ့ခြင်းရှိကုန်၏။ တေသံ၊ ထိုရာဂမကင်း နှောင်ဖွဲ့ခြင်းဖြင့် ဖွဲ့ရင်းရှိကုန်သော သတ္တဝါတို့အား။ နဋော၊ ကချေသဘင်သည်သည်။ ရင်္ဂမဇ္ဈေ၊ ပွဲအလယ်၌။ သမဇ္ဇမဇ္ဈေ၊ သဘင်အလယ်၌။ ယေ ဓမ္မာ၊ အကြင် အာရုံတရားတို့သည်။ ရဇ္ဇနီယာ၊ တပ်မက်ခြင်း၏ အကြောင်းတို့သည်။ ရာဂဖြစ်ဘို့အကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ဓမ္မေ၊ ထိုရာဂဖြစ်ဘို့ အကြောင်းဖြစ်သော အာရုံတရားတို့ကို။ ဘိယျောသောမတ္တာယ၊ လွန်စွာဖြစ်ခြင်းငှါ၊ အလွန်အကျူး ဖြစ်ပွားအောင်။ ဥပသံဟရတိ၊ ရှေးရှုဆောင်၏။ ရှေးရှုနီးကပ် ဆောင်ပြတတ်၏။ ဂါမဏိ၊ ဂါမဏိ။ သတ္တာ၊ တို့သည်။ ပုဗ္ဗေ ခေါ၊ ကပင်လျှင်။ အဝီတဒေါသာ၊ မကင်းသော ဒေါသရှိကုန်၏။ ဒေါသမကင်းကုန်၊ ဒေါသ ဗန္ဓနဗန္ဓာ၊ ဒေါသဖွဲ့ခြင်းဖြင့် ဖွဲ့ခြင်းရှိကုန်၏။ တေသံ၊ ထိုဒေါသမကင်း နှောင်ဖွဲ့ရင်းရှိကုန်သော သတ္တဝါတို့အား။ နဋော၊ သည်။ ရင်္ဂမဇ္ဈေ၊ ၌။ သမဇ္ဇမဇ္ဈေ၊ ၌။ ယေဓမ္မာ၊ တို့သည်။ ဒေါသနီယာ၊ ဖြစ်ပွားခြင်း၏အကြောင်းတို့

သည်။ ဒေါသဖြစ်ဘို့အကြောင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ တေ ခမ္မေ၊ ထို ဒေါသဖြစ်ဘို့ အကြောင်းတို့ကို။ သိယျောသောမတ္တာယ၊ ငှါ။ အောင်။ ဥပ သံဟရတိ၊ ၏။ ဂါမဏိ၊ ဏိ။ သတ္တာ၊ တို့သည်။ ပုဗ္ဗေ ခေါ်ကပင်လျှင်။ အဝိ တမောဟာ၊ မကင်းသော မောဟရှိကုန်၏။ မောဟမကင်းကုန်၊ မောဟ ဗန္ဓနဗန္ဓာ၊ မောဟမ ယ်င် ခြင်းဖြင့် ဖွဲ့ခြင်းရှိကုန်၏။ တေသံ၊ ထိုမောဟမကင်း နှောင်ဖွဲ့ရင်းရှိကုန်သော သတ္တဝါတို့အား။ နဓ္ဓော၊ သည်။ ရဂ်မဇ္ဈေ၊ ၌။ သမင္ဇမဇ္ဈေ၊ ၌။ ယေ ဓမ္မာ၊ တို့သည်။ မောဟနိယာ၊ တွေဝေမိုက်မဲခြင်း၏ အကြောင်းတို့သည်။ မောဟဖြစ်ဘို့အကြောင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ တေ ခမ္မေ၊ ထိုမောဟဖြစ်ဘို့ အကြောင်းတို့ကို၊ ဘိယျောသောမတ္တာယ၊ ငှါ။ အောင်။ ဥပသံဟရတိ၊ ၏။ သော၊ ထိုသဘင်သည်သည်။ မတ္တော၊ မိမိစိတ် ပေါ့ မေ့လျော့ယစ်မူးသည်၊ ဟောတိ၊ ၏။ ဝမတ္တော၊ ပြင်းစွာ စိတ်ပေါ့ မေ့လျော့ယစ်မူးသည်။ ဟောတိ၊ ဖြစ်၏။ ပရေ၊ ပွဲကြည့်တတ်သူ ရှင်လူအများ တို့ကို။ မဒေတွာ၊ မေ့လျော့စေ၍။ ပမာဒေတွာ၊ ပြင်းစွာ မေ့လျော့စေ၍။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်အခြားမဲ့ဘဝ၌။ ပဟာသော နာမ၊ ပဟာသမည်သော။ နိရယော၊ ငရဲသည်။ အတ္ထိ၊ ၏။ တတ္ထ၊ ထို ပဟာသငရဲ၌။ သော၊ ထိုသဘင်သည်သည်။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။ သစေ ခေါ် ပန၊ အကယ်နည်း တပါးလည်း။ အဿပုဂ္ဂလဿ၊ ထိုတစုံတယောက်သောပုဂ္ဂိုလ်အား။ ဧဝံဒိဋ္ဌိ၊ ဤသို့သော အယူသည်။ ဟောတိ၊ ဖြစ်အံ့။ ကိံ၊ အသို့ဖြစ်အံ့နည်း။ ယောသော နဋ္ဌော၊ အကြင်သဘင်သည် သည်။ ရဂ်မဇ္ဈေ၊ ၌၊ သမဇ္ဇမဇ္ဈေ၊ ၌။ သစ္စာလိကေန၊ အမှန်အမှားဖြင့်။ ဇနံ၊ လူအပေါင်းကို။ ဟာသေတိ၊ ရွှင်လန်းစေ၏။ ရမေတိ၊ မွေ့လျော်ပျော် ပါးစေ၏။ သော နဋ္ဌော၊ ထိုသဘင်သည်သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ မရဏာ၊ မှ။ ပရံ၊ ၌။ ပဟာသာနံ၊ ပဟာသမည်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ သဟဗျတံ၊ ပေါင်းဖော်တူနေ မိတ်ဆွေအဖြစ်သို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်ရ၏။ ဣတိ၊ သို့။ ဒိဋ္ဌိ၊ အယူသည်။ ဟောတိ၊ ဖြစ်အံ့။ အဿ၊ ထိုပုဂ္ဂိုလ်၏။ သာ၊ ထိုအယူသည်။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူသည်။ ဟောတိ၊ ၏။ ဂါမဏိ၊ ဏိ။ ခေါ် ပန၊ စင်စစ်သော်ကား။ မိစ္ဆာဒိဋ္ဌိကဿ၊ မှားသောအယူရှိသော။ ပုရိသပုဂ္ဂလဿ၊ ပုဂ္ဂိုလ်သတ္တဝါအား။ နိရယံ ဝါ၊ ငရဲသို့ရင်း။ တိရစ္ဆာနယောနိံ ဝါ၊ တိရစ္ဆာန်အမျိုးသို့ရင်း။ ဒွိန္နံ၊ နှစ်ပါးကုန် သော။ ဂတီနံ၊ အလားတို့တွင်။ အညတရံ၊ တပါးပါးသော။ ဂတိံ၊ အလား ကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဤပါဠိတော်၌ ရာဂဖြစ်ဘို့ အကြောင်းတို့ဟူသည်ကား အာခံတွင်းမှ အဆင်းငါးထွေ ချည်မျှင်ချည်ထွေးတို့ကို ထုတ်ပြခြင်း၊ လေတိုက်ဟန် မိုးရွာ

ဟန်ပြခြင်း စသည်တို့တည်း။ တပါးလည်း ကာမတဏှာ သာယာဘပ်မက်ခြင်းနှင့် စပ်ယှဉ်ဘန် ဆဏ္ဍာန်အခြင်းအရာတို့ကို ပြတတ်ကုန်သော နှစ်သက်မက်မောဖွယ် အာရုံတို့တည်း။

> ရဇ္ဇနီယာတိ ရာဂပစ္စယာ မုခတော ပဋ္ဌဝဏ္ဏ သုတ္တနီဟရဏာ ဝါတဝုဋ္ဌိဒဿနာဒယော၊ အဥ္ဍ စ ကာမဿာဒ ယုတ္တာကာရ ဒဿနကာ ဘိနယာ။

ဝှင်းဂါမဏိသံယုတ် အဋ္ဌကထာပါဠိ။

ရဇ္ဇနီယာတိ၊ ရဇ္ဇနီယာဟူသည်ကား။ ရာဂပစ္စယာ၊ ရာဂဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ မုခတော၊ အာခံတွင်းမှ။ ပဋ္ဌဝဏ္ဏသုတ္တနီဟရဏာ ဝါတဝုဋ္ဌိဒဿနာဒယော၊ အဆင်းငါးထွေ ချည်ကိုထုတ်ဆောင်ခြင်း လေတိုက်ဟန် မိုးရွာဟန် ပြခြင်းစသည်တို့တည်း။ အဉ္ဍေ စ၊ တပါးလည်းဖြစ်ကုန်သော။ ကာမဿာဒ ယုတ္တာကာရ ဒဿနကာဘိနယာ၊ ကာမတဏှာ၏ သာယာခြင်းနှင့် စပ်ကုန်သော အခြင်းအရာတို့ကို ပြတတ်သောအာရုံတို့ကို ရွှေ့ရှုဆောင်ခြင်းတို့တည်း။

ဒေါသဖြစ်ဖို့ အကြောင်းတို့ဟူသည်ကား ခြေဖြတ်ခြင်း လက်ဖြတ်ခြင်း စသည်တို့ကို ပြသောအခြင်းအရာ အာရုံတို့တည်း။

> ဒေါသနီယာတိ ဒေါသပစ္စယာ ဟတ္ထပါဒစ္ဆေဒါဒိ ဒဿနာကာရော။

ဝှင်း အဋ္ဌကထာပါဠိ။

ဒေါသနီယာတိ၊ ဟူသည်ကား။ ဒေါသပစ္စယာ၊ ဒေါသဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ ဟတ္ထပါဒစ္ဆေဒါဒိ ဒဿနာကာရော၊ လက်ကိုဖြတ်ခြင်း ခြေကိုဖြတ်ခြင်း စသည်တို့ကို ပြသောအခြင်းအရာတည်း။

မောဟဖြစ်ဘို့အကြောင်းတို့ ဟူသည်ကား ရေကိုယူ၍ ဆီပြုခြင်း၊ ဆီကိုယူ၍ ရေပြုခြင်းစသော မျက်လှည့်အတတ် အထူးတို့တည်း။

> မောဟနီယာတိ မောဟပစ္စယာ ဥဒကံ ဂဟေတွာ တေလကရဏံ တေလံ ဂဟေတွာ ဥဒကကရဏန္တိ ဧဝမာဒယော မာယာပဘေဒါ။

ဝှင်း အဋ္ဌကထာပါဠိ။

မောဟနီယာတိ၊ ဟူသည်ကား။ မောဟပစ္စယာ၊ မောဟဖြစ်ခြင်း အကြောင်းဖြစ်ကုန်သော။ ဥဒကံ၊ ရေကို။ ဂဟေတွာ၊ ယူ၍။ ကိုင်၍။ တေလကရဏံ၊ ဆီပြုခြင်း။ တေလံ၊ ဆီကို။ ဂဟေတွာ၊ ၍။ ဥဒကကရဏံ၊ ရေပြု

ခြင်း။ဣတိဝေမာဒယော၊ ဤသို့ အစရှိကုန်သော၊ မာယာပဘေဒါ၊ မျက်လှည့် အတတ်ပြခြင်း အပြားတို့တည်း။

ပဟာသ ငရဲမည်သည်လည်း မဟာအဝီစိငရဲကြီး၏ တခုသော အဖို့၌ ကကုန် သီကုန်သကဲ့သို့ ကချေသဘင်သည်တို့ အသွင်ဟန်ကို ယူကုန်၍ ခံရာငရဲ ဟု ရှင်းအဌကထာ မိန့်သတည်း။

> ပဟာသော နာမ နိရယောတိ ဝိသုံ ပဟာသနာမကော နိရယော နတ္ထိ၊ အဝီစိယေဝ ပန ကေသိံ ကောဋ္ဌာသေ နစ္စန္တာ ဝိယ ဂါယန္တာ ဝိယ စ နဋဝေသံ ဂဟေတွာဝ ပစ္စန္တိ တံ သန္ဓာယေတံ ဝုတ္တံ။

ရှင်းအဋ္ဌကထာပါဠိ။

ပဟာသော နာမ နိရယောတိ တွေ၊ ဟူသောပါဠိတော်၌။ဝိသုံ၊ အသီး။ ပဟာသနာမကော၊ ပဟာသအမည်ရှိသော။ နိရယော၊ ငရဲသည်။ နတ္ထိ၊ မရှိ။ အဝီစိယေဝ၊ မဟာအဝီစိငရဲကြီး၏သာလျှင်။ ကေသိံ၊ တခုသော။ ကောဋ္ဌာသေ၊ အဖို့၌။ နစ္စန္တာဝိယ စ၊ ကကုန်ကုန်သကဲ့သို့ရှင်း။ ဂါယန္တာ ဝိယ စ၊ သီကုန်သကဲ့သို့ရှင်း။ နဋဝေသံ၊ ကချေသဘင်သည်တို့ အသွင်အဟန်ကို။ ဂဟေတွာဝ၊ ယူကုန်၍သာလျှင်။ ပစ္စန္တိ၊ ကျက်ရကုန်၏၊ ခံရကုန်၏။ တံ၊ ထိုသို့ ခံရခြင်းကို။ သန္ဓာယ၊ ရည်၍။ ဧတံ၊ ထိုပဟာသ ငရဲမည်သည်ကို။ ဝါ၊ ထို ပဟာသော နာမ နိရယော ဟူသောစကားကို။ ဝုတ္တံ၊ ဘုရားသခင် ဟောတော် မူအပ်၏။

ဤပါဠိတော်၌ သဘင်သည်တို့ ပဟာသငရဲ၌ ကျရသည်ကို သဘင်အမှုသည် ဖရုသဝါစာ သမ္ဖပ္ပလာပ ကမ္မပထဖြစ်သောကြောင့် အပါယ်ကျသည် ဟူ၍ရှင်း၊ ကမ္မပထမြောက်သော အကုသိုလ်မှ အပါယ်ကျသည် ဟူ၍ရှင်း ယူလေ့မှတ်လေ့ရှိကုန်သောသူတို့ ပြောဆိုကြကုန်၏။ သို့ဖြစ်သော် သဘင်သည် တို့ နတ်ပြည်ရောက်ရ၏ဟူ၍ ယူမှားသောသူတို့အား ငရဲတိရစ္ဆာန် အတန်တန်ဟု ဟောတော်မူရာ၌ကား ထိုသို့ ဖောက်ပြန်ရုံမျှသော မိစ္ဆာအယူသည် အဘယ်မှာ ကမ္မပထမြောက်သော ဒိဋ္ဌိနည်း၊ ကမ္မပထမြောက်သော ဒိဋ္ဌိကား နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ ဤသုံးပါးတို့သာတည်း။ ထိုအကြောင်းကို ဒိဋ္ဌိ ဝိသောဓနေ ဝဇီရဗုဒ္ဓိပနီကျမ်း၌ ငါတို့ အကျယ်ထုတ်ဆောင်ပြခဲ့ပြီ။ သဘင် သည်တို့အား သမ္ဖပ္ပလာပ ကမ္မပထမြောက်၍ စင်စစ် အပါယ်ကျရလျှင် ပွဲကြည့်သူတို့အားလည်း အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ကမ္မပထမြောက်သူတို့ မြောက်ရာသည်သာဖြစ်၏။ ကမ္မပထမြောက်လျှင်လည်း အဘယ်မှာ အပါယ် မကျပဲ ရှိအံ့နည်း၊ စင်စစ်ကျရာသည်သာတည်း။ ရာဂ ဒေါသ မောဟ ဖြစ်

အောင်ပြုတတ်သော သဘင်သည်တို့ပင် အပါယ်ကျရောက်ကုန်လျက် ရာဂ ဒေါသ မောဟ စင်စစ်ဖြစ်၍ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်သော ပွဲကြည့်သူတို့အားလည်း အပါယ်မကျကောင်းသည်ဖြစ်အံ့နည်း။ ဤသို့ စိမ့်စိမ့် ဆင်ခြင်ရာ၏။

စင်စစ်သော်ကား မေ့လျော့သည် ပြင်းစွာမေ့လျော့သည် ဟူရာ၌ ကုသိုလ်စိတ်မဖြစ်။ ရာဂ ဒေါသ မောဟ အကုသိုလ်သာဖြစ်သည်ကို ပြတော်မူသည်။ ကမ္မပထမြောက် မမြောက်ကို ပြတော်မူသည်မဟုတ်၊ မှန်၏။ ကမ္မပထမြောက်သော အကုသိုလ်စေတနာဖြစ်စေ၊ ကမ္မပထ မမြောက်သော အကုသိုလ်စေတနာပင်ဖြစ်စေ အပါယ်သို့ ဆောင်တတ်သည်သာ ဖြစ်၏။ အပါယ်သို့ ကျရောက်စေတတ်သည်သာဖြစ်၏။ ကမ္မပထမြောက်သော အကုသိုလ်စေတနာ ဖြစ်မူ အပါယ်ပဋိသန္ဓေ နာမ်ရုပ်ခန္ဓာသစ်ကို ဇနကသတ္တိဖြင့် ဖြစ်စေတတ်၏။ ကမ္မပထမမြောက်သော အကုသိုလ်စေတနာဖြစ်မူ ဥပနိဿယသတ္တိဖြင့် အပါယ်၌ ဖြစ်စေတတ်၏။ ဤသို့သာ ထူးသတည်း။ ထိုအကြောင်းကို ဣတိဝုတ်ပါဠိ အဋ္ဌကထာ၊ သံယုတ်ပါဠိတော်အဋ္ဌကထာ၊ မူလဋီကာ၊ မဟာဋီကာ စသည်တို့ဖြင့် ထင်ရှားသိရအောင် ထုတ်ဆောင်၍ ပြဦးအံ့။

ကာယဒုစ္စရိတံ ကတွာ၊ ဝစီဒုစ္စရိဘာနိ စ။
မနောဒုစ္စရိတံ ကတွာ၊ ယဉ္စညံ ဒေါသသဉ္ဟိတံ။

အကတွာ ကုသလံ ဓမ္မံ၊ ကတွာနာ’ ကုသလံ ဗဟုံ။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

ဣတိဝုတ် ဒုကနိပါတ် တပနီယသုတ်ပါဠိတော်၊ ၎င်း ဣတိဝုတ် တိကနိပါတ် ဒုစ္စရိတသုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဒုပ္ပညော၊ အကြင်ပညာမဲ့သောပုဂ္ဂိုလ်သည်။ ကာယဒုစ္စရိတံ၊ ကမ္မပထမြောက်သော ကာယဒုစရိုက်သုံးပါးတို့တွင် တပါးနှစ်ပါး စသည်ကို၊ ကရောတိ၊ ပြု၏။ ကတွာ၊ ပြု၍။ ဝစီဒုစ္စရိတာနိ စ၊ ကမ္မပထမြောက်သော ဝစီဒုစရိုက်လေးပါးတို့တွင် တပါးနှစ်ပါး စသည်တို့ကိုလည်း။ ကတွာ၊ ပြု၍။ မနောဒုစ္စရိတံ၊ ကမ္မပထမြောက်သော မနောဒုစရိုက်သုံးပါးတို့တွင် တပါးနှစ်ပါး စသည်ကို။ ကတွာ၊ ပြု၍။ ပြုသောကြောင့်။ အညံ၊ ကမ္မပထမြောက်သောကာယကံ ဝစီကံ မနောကံမှတပါးသော။ ဒေါသသဉ္ဟိတံ၊ ရာဂစသော ကိလေသာ အပြစ်တို့နှင့်တကွဖြစ်သော။ ယဉ္စ၊ အကြင်ကမ္မပထ မမြောက်သော အကုသိုလ်ဒုစရိုက်တရားသည်လည်း။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထိုကမ္မပထ မမြောက်သော ရာဂစသော ကိလေသာတို့နှင့်တကွဖြစ်သော အကုသိုလ်ဒုစရိုက်

တရားကိုလည်း၊ ကတွာ၊ ပြု၍၊ ကြောင့်၊ ကုသလံ၊ ကုသိုလ်ဖြစ်သော၊ ဓမ္မံ၊ တရားကို၊ အကတွာ၊ မပြုပဲ၊ အကုသလံ၊ အကုသိုလ်ဖြစ်သော၊ ဓမ္မံ၊ တရားကို၊ ဗဟုံ၊ များစွာ၊ ကတွာန၊ ပြု၍၊ ပြုသောကြောင့်၊ သော ဒုပ္ပညော၊ ထိုပညာမဲ့သောပုဂ္ဂိုလ်သည်၊ ကာယဿ၊ ကိုယ်ခန္ဓာ၏၊ ဘေဒါ၊ ပျက်သော နောက်မှ၊ နိရယံ၊ ငရဲသို့၊ ဥပပဇ္ဇတိ၊ ရောက်တတ်၏။

ဤပါဠိ၌ကား ကာယဒုစရိုက်စသည်တို့ကို ကမ္မပထမြောက်သောကံတို့ဟူ၍ မှတ်အပ်ကုန်၏။ ထို့ကြောင့် ရှင်းကွတ်ဝတ်အဋ္ဌကထာ၌ ကာယဒုစ္စရိတာဒီနိ ကမ္မာထာနိ အဓိပ္ပေတာနိ–ဟူ၍ အဓိပ္ပာယသံဝဏ္ဏနာ စတုဗျူဟာဟာရနည်း အားဖြင့် ဖွင့်တော်မူသည်။

ကာယဒုစ္စရိတာဒီနိ၊ ကာယဒုစရိုက်စသည်တို့ကို၊ ကမ္မပထာနိ၊ ကမ္မပထ မြောက်သည်တို့ကို၊ အဓိပ္ပေတာနိ၊ အလိုရှိအပ်ကုန်၏။

> ယံ့ည့် ဒေါသသဥ္စိဘ်ဟူသော စကားကိုကား ကမ္မပထ မမြောက်သော အကုသိုလ်တို့ဟူ၍ မှတ်အပ်ကုန်၏။ ထို့ကြောင့် ရှင်းအဋ္ဌကထာ၌ ယံ န ကမ္မပထပ္ပတ္တံ အကုသလံ တံ သန္ဓာယာဟ ယဥ္စည့် ဒေါသသဥ္စိတန္တိ—

ဟူ၍ သမ္ဗန္ဓသံဝဏ္ဏနာနည်း ဖွင့်ပြတော်မူသည်။

န ကမ္မပထပ္ပတ္တံ၊ ကမ္မပထမမြောက်သော၊ ယံ အကုသလံ၊ အကြင်အကုသိုလ် သည်၊ အတ္ထိ၊ ၏။ တံ အကုသလံ၊ ထိုကမ္မပထမမြောက်သော အကုသိုလ်ကို၊ သန္ဓာယ၊ ရည်၍၊ ယဥ္စည့် ဒေါသသဥ္စိတန္တိ၊ ဟူ၍၊ အာဟ၊ ဘုရားသခင် ဟော တော်မူပြီ။

ထိုပါဠိ၏ အတ္ထယောဇနာနည်းကိုလည်း တဿတ္ထော ယံပိစ အည့် ကမ္မပထ ဘာဝံ အပ္ပတ္တတ္တာ နိပ္ပရိယာယေန ကာယကမ္မာဒိသင်္ခံ န လဘတိ၊ ရာဂါဒိ ကိလေသသံသဋ္ဌတ္တာ ဒေါသသံဟိတံ အကုသလံ တံပိ ကတွာတိ အတ္ထော– ဟူ၍ ဝုတ္တသမ္ဗန္ဓသံဝဏ္ဏနာနည်း၊ ဝါ – ဟောတ္ထယောဇနာနည်း ဖွင့်ပြတော် မူသည်။

တဿ၊ ထိုယဥ္စည့် ဒေါသသဥ္စိတံ ဟူသောပါဠိ၏၊ အတ္ထော၊ အနက်ကား၊ ဝါ၊ သမ္ဗန္ဓသောအနက်ကို၊ ဝေ၊ သို့၊ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ အည့်၊ ကမ္မပထ မြောက်သော ကံမှတပါးသော၊ ယံပိစ၊ အကြင် အကုသိုလ်သည်လည်း၊ ကမ္မ ပထဘာဝံ၊ ကမ္မပထအဖြစ်သို့၊ အပတ္တတ္တာ၊ မရောက်သည်၏ အဖြစ်ကြောင့်၊ နိပ္ပရိယာယေန၊ မုချစင်စစ်အားဖြင့်၊ ကာယကမ္မာဒိသင်္ခံ၊ ကာယကံစသော ခေါ်ဝေါ်ခြင်းကို၊ န လဘတိ၊ မရ၊ ရာဂါဒိကိလေသသံသဋ္ဌတ္တာ၊ ရာဂအစရှိ

သော ကိလေသာတို့နှင့် ရောနှောသည်၏အဖြစ်ကြောင့်။ ဒေါသ သံဟိတံ၊ အပြစ်နှင့်တကွဖြစ်သော။ အကုသလံ၊ အကုသိုလ်သည်။ ဟောတိ၊ ၏။ တံပိ၊ ထိုကမ္မပထ မမြောက်သောကြောင့် ကာယကံစသည် မခေါ်ရ ရာဂစသော ကိလေသာတို့နှင့် ရောနှောသည်၏အဖြစ်ကြောင့် အပြစ်နှင့်တကွဖြစ်သော အကုသိုလ်ကိုလည်း။ ကတွာ၊ ပြု၍။ ပြုသောကြောင့်။ ဣတိအယံ၊ ဤဆိုအပ်ပြီးသည် ကား။ အတ္ထော၊ အနက်သည်း။ ဝါ- ဣတိအတ္ထော၊ ဤသို့သောအနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ (ဤကား ၎င်းဣတိဝုတ် ဒုကနိပါတ် တပနီယသုတ် အဋ္ဌကထာတည်း။)

တိကနိပါတ် ဒုစ္စရိတသုတ် အဋ္ဌကထာ၌သည်း—

> တထာယံ ကမ္မပထပတ္တာယေဝ ဒုစ္စရိတာဒိဘာဝေန ဝုတ္တာတိ တဒညံ ပါပဓမ္မံ သင်္ဂဏှိတုံ ယဉ္စညံ ဒေါသသဉ္ဟိတန္တိ ဝုတ္တံ၊ တတ္ထ ဒေါသ သဉ္ဟိတန္တိ ရာဂါဒိကိလေသသံဟိတံ—

ဟူ၍ ပိဋကတ္တယအဝယဝတ္ထ ဖွင့်ပြတော်မူသည်။

တသာ၊ ထိုအခြင်းအရာဖြင့်။ အယံ ကမ္မပထ ပတ္တာယေဝ၊ ဤကမ္မပထ မြောက်သော အကုသိုလ်တရားကိုသာလျှင်။ ဒုစ္စရိတာဒိဘာဝေန၊ ဒုစရိုက် စသောအဖြစ်ဖြင့်။ ဝုတ္တာ၊ ဘုရားမြတ်စွာ ဟောတော်မူအပ်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ တဒညံ၊ ထိုကမ္မပထမြောက်သော ဒုစရိုက် အကုသိုလ်မှတပါး။ ပါပဓမ္မံ၊ မကောင်းမှုအကုသိုလ်တရားကို။ သင်္ဂဏှိတုံ၊ ပေါင်းယူရေတွက်ခြင်းငှါ။ ယဉ္စညံ ဒေါသသဉ္ဟိတန္တိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တတ္ထ၊ ထိုစနေ၊ ထိုပါဠိတော်၌၊ ဒေါသသဉ္ဟိတန္တိ၊ ဟူသည်ကား။ ရာဂါဒိကိလေသသံဟိတံ၊ ရာဂစသော ကိလေသာတို့နှင့်တကွ ယှဉ်စပ်သော အကုသိုလ်တရားကို။

ထို့ကြောင့် ကမ္မပထမြောက်သော ဒုစရိုက် အကုသိုလ်ဖြစ်စေ၊ ကမ္မပထ မမြောက်သော အကုသိုလ်ဖြစ်စေ အပါယ်သို့ ပို့ဆောင်ကျရောက်စေတတ်သည် သာဟူ၍ မှတ်ကြလေ။

အကြိမ်များစွာ ဖြစ်ပေအပ်သော အကုသိုလ် ဒုစရိုက်ကို မဆိုနှင့်ဦး၊ အလွန် အားနည်းသော သေခါနီးကာလ၌ မရဏာသန္နအခါ ရာဂ ဒေါသ မောဟ စိတ်ဖြင့် ညစ်ညူးပျက်စီးသော အကုသိုလ် မရဏာသန္နဇောသည်မျှသည်း အပါယ်ငရဲသို့ ပို့ဆောင်တတ်သည်သာတည်း ဟူ၍ ၎င်း ဣတိဝုတ်ပါဠိတော် ၌ပင် ဘုရားသခင် ဟောတော်မူသည်။

> ဣဓာဟံ ဘိက္ခဝေ ဧကစ္စံ ပုဂ္ဂလံ ပဒုဋ္ဌစိတ္တံ ဧဝံ စေတသာ စေတော ပရိစ္စ ဇာနာမိ ဣမမှိ စာယံ သမယေ ပုဂ္ဂလော ကာလံ ကရေယျ

ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ တံ ကိဿဟေတု၊ စိတ္တဉှိဿ ဘိက္ခဝေ ပဒုဋ္ဌံ စေတောပဒေါသဟေတု ခေါ ပန ဘိက္ခဝေ ဧဝမိဓေ ကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

ဣမမှိစာယံ သမယေ၊ ကာလံ ကယိရာထ ပုဂ္ဂလော။
နိရယံ ဥပပဇ္ဇေယျ၊ စိတ္တဉှိဿ ပဒုဿိတံ။
ယထာ နိဟရိတွာ နိက္ခိပေယျ၊ ဧဝမေဝ တထာဝိဓော။
စေတောပဒေါသဟေတူ ဟိ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ဣတိဝုတ် ပါဠိတော်။ ယင်းသုတ်ကို သုတ္တသင်္ဂဟ အဋ္ဌကထာ၌ နိရယူပပတ္တိသုတ်ဟု ဆို၏။

ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသတ္တလောက၌ပဒုဋ္ဌစိတ္တံ၊ ပြစ်မှားငြူစူ ရန်ငြိုးမူသဖြင့် အမျက်ထွက်သော စိတ်ရှိသော။ ဝါ၊ ရာဂစသော ကိလေသာ အပြစ်တို့ဖြင့် ဖျက်ဆီးအပ်သော စိတ်ရှိသော။ ဧကစ္စံ၊ အချို့သော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဧဝံ၊ သို့။ စေတော၊ ထိုပုဂ္ဂိုလ်၏စိတ်ကို။ စေတသာ၊ ငါဘုရား၏ စေတောပရိယအဘိညာဉ်စိတ်ဖြင့်။ ပရိစ္စ၊ ပိုင်းခြား၍၊ အဟံ၊ ငါဘုရားသည်။ ဇာနာမိ၊ သိတော်မူ၏။ ကထံ၊ အဘယ်သို့ သိတော်မူသနည်း။ ဣမမှိ သမယေ၊ ဤရာဂစသော ကိလေသာတို့ဖြင့် ဖျက်ဆီး၍ ပျက်စီးသော အကုသိုလ် မရဏာသန္နဇဝနဝီထိ၏ နောက်အခါ၌။ စေ၊ အကယ်၍။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ကာလံ၊ သေခြင်းကို၊ ကရေယျ၊ ပြုရငြားအံ့။ ဧဝံသတိ၊ ဤသို့ရာဂစသော ကိလေသာတို့ဖြင့် ဖျက်ဆီး၍ ပျက်စီးသော အကုသိုလ် မရဏာသန္နဇဝနဝီထိ၏ နောက်အခါ၌ သေရသည်ရှိသော်။ အာဘတံ၊ ပခုံး ဦးခေါင်း စသည်ဖြင့် ဆောင်အပ်သော တစုံတခုသော ဝတ္ထုကို။ နိက္ခိတ္တော ယထာ။ လွှတ်ချပစ်ထားသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ ဝါ၊ သာယာခြင်းကင်းသော အပါယ်လေးဘုံ၌။ နိက္ခိတ္တော၊ ပစ်ချ၍ထား၏။ တံ၊ ထိုသို့ အပါယ်ငရဲ၌ ပစ်ချ၍ထားခြင်းသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ တို့။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ သေခါနီးကာလ မရဏာသန္နဇောစိတ်သည်။ ဟိယသ္မာ၊ အကြင့်ကြောင့်။ ပဒုဋ္ဌံ၊ ရာဂစသော ကိလေသာတို့ဖြင့် ဖျက်ဆီးအပ်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ နိရယေ၊ ၌။ နိက္ခိတ္တော၊ ၏။ ဘိက္ခဝေ၊ တို့။ ခေါ၊ စင်စစ်။ စေတော၊ စိတ်၏။ ပဒေါသဟေတု၊ ပျက်စီးခြင်းဟူသော အကြောင်းကြောင့်။ ဧဝံ၊ သို့။ ဣဓ၊ ၌။ ဧကစ္စေ၊ ကုန်သော။ သတ္တာ၊ တို့သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ မရဏာ၊ မှ။ ပရံ၊ ၌။ အပါယံ၊ သော။ ဒုဂ္ဂတိံ၊ သော၊ ဝိနိပါတံ၊ သော။ နိရယံ၊ သို့။ ဥပပဇ္ဇန္တိ၊ ကုန်၏။ (ဂါထာအနက်လွယ်ပြီ။)

## ဝဇီရူပမဗျာကရဏကျမ်း ၏ အမှားအမှန် ပြင်ဆင်ချက်

| စဉ်။ | အမှား | အမှန် | စာမျက်နှာ။ | ကြောင်းရေ။ |
| --- | --- | --- | --- | --- |
| ၁။ | သမနာဂတံ | သမန္နာဂတံ | ၅ | ၄။ |
| ၂။ | ပူပန်တော်မူတတ် | ပူပန်တော်မူစေတတ် | ၉ | ၁၁။ |
| ၃။ | အနိပ္ဖန္န | နိပ္ဖန္နမှတ် | ၁၁ | ၃။ |
| ၄။ | မနောဒွါရဖြင့် | မနောဒွါရတို့ဖြင့် | ၁၁ | ၁၆။ |
| ၅။ | မဟန္တာ | မဟန္တော | ၁၃ | ၁၁။ |
| ၆။ | မသင်စေ | မသင့်စေ | ၂၁ | ၇။ |
| ၇။ | သင်၍ | သင့်၍ | ၂၁ | ၉။ |
| ၈။ | အလားများရာ | အလာများရာ | ၂၃ | ၅။ |
| ၉။ | ယကာသက | ယထာသက | ၃၀ | ၄။ |
| ၁၀။ | ပကတတိ | ပကတတ် | ၄၉ | ၁၃။ |
| ၁၁။ | အကျင်သဘော | အကျင့်သဘော | ၇၂ | ၂၂။ |
| ၁၂။ | ခတ္တိယမဟာလာလ | ခတ္တိယ မဟာသာလ | ၈၀ | ၁၂။ |
| ၁၃။ | လက်အပ် | လက်အုပ် | ၁၀၁ | ၃။ |
| ၁၄။ | မျက်မှောင် | မျက်မှောက် | ၁၁၄ | ၁၂။ |
| ၁၅။ | ရှုကြလေကုန်၏ | ရှုကြလေကုန် | ၁၁၉ | ၂၂။ |
| ၁၆။ | ပုဂ္ဂလောဓိဋ္ဌာန် | ပုဂ္ဂလာဓိဋ္ဌာန် | ၁၂၁ | ၅။ |
| ။ | ပုဂ္ဂလာဒိသ | ပုဂ္ဂလောဒိဿ | ။ | ။ |
| ၁၇။ | သံကြိုး | သံကြိုး | ၁၂၅ | ၃။ |
| ၁၈။ | ကိုသည် | တို့သည် | ၁၂၇ | ၂။ |
| ၁၉။ | စေတ္တလျှ | စေတုလျှ | ၁၂၇ | ၂၄။ |
| ၂၀။ | တတ္တာန | ကတ္တာန | ၁၂၇ | ၂၆။ |
| ၂၁။ | သာမဏေယတ္တံ | သာမဏေရတ္တံ | ၁၃၀ | ၂၂။ |
| ၂၂။ | ဝါပဂရဟိ | ပါပဂရဟိ | ၁၃၆ | ၂၂။ |
| ၂၃။ | ပရဝဇ္ဇနုပဃီ | ပရဝဇ္ဇာနုပဃီ | ၁၃၆ | ၃၀။ |
| ၂၄။ | အနက်ချုပ်၍ | အနက်ချုပ်၍ | ၁၃၉ | ၁၂။ |
| ၂၅။ | အရိယူပပါဒကမ္မံ | အရိယူပဝါဒကမ္မံ | ၁၄၃ | ၁၈။ |
| ၂၆။ | (မပါ-ကျ) | ပဏ္ဏာသအဋ္ဌကထာ | ၁၅၂ | ၂၉။ |
| ၂၇။ | ချွေချွတ် | ချွေချွတ် | ၁၆၁ | ၂၈။ |
| ၂၈။ | (သမ္ပဇ္ဇလိတံ) (ပို) | အာဒိတ္တော၊၏။သဇောတိဘူတော၊၏။ | ၁၆၃ | ၁၆။ |

| စဉ်။ | အမှား | ။ | အမှန် | ။စာမျက်နှာ ။ | ကြောင်းရေ။ |
|---|---|---|---|---|---|
| ၂၉။ | (သမ္ပဇ္ဇလိတံ) (လို) | ။ | အာဒိတ္တံ-ဏ်။ သမ္ပဇ္ဇလိတံ၊ဏ်။ | ။ ၁၆၃ ။ | ၁၇။ |
| ၃၀။ | ကိလမန္တော | ။ | ကိလန္တော | ။ ၁၈၆ ။ | ၂၇။ |
| ၃၁။ | အကိလမန္တော | ။ | အကိလန္တော | ။ ၁၈၆ ။ | ၂၈။ |
| ၃၂။ | ကိလမန္တော | ။ | ကိလန္တော | ။ ၁၈၇ ။ | ၄။ |
| ၃၃။ | အကိလမန္တော | ။ | အကိလန္တော | ။ ၁၈၇ ။ | ၈။ |
| ၃၄။ | ကိလမန္တော | ။ | ကိလန္တော | ။ ၁၈၇ ။ | ၂၄။ |
| ၃၅။ | အကိလမန္တော | ။ | အကိလန္တော | ။ ၁၈၇ ။ | ၂၆။ |
| ၃၆။ | ကိလမန္တော | ။ | ကိလန္တော | ။ ၁၈၈ ။ | ၅။ |
| ၃၇။ | အကိလမန္တော | ။ | အကိလန္တော | ။ ၁၈၈ ။ | ၁၂။ |
| ၃၈။ | ဂိလာနုဋ္ဌာက | ။ | ဂိလာနုပဋ္ဌာက | ။ ၁၉၀ ။ | ၁၁။ |
| ၃၉။ | ဘတ်ထမင်းကို | ။ | ဘတ်ကို။ထမင်းကို။ | ။ ၁၉၃ ။ | ၉။ |
| ၄၀။ | ဂါရေန | ။ | ဝါရေန | ။ ၁၉၅ ။ | ၂၀။ |
| ၄၁။ | မနုဿာ | ။ | မနုဿော | ။ ၂၂၅ ။ | ၁၄။ |
| ၄၂။ | ဇာနန္တု | ။ | ဇာနာထ | ။ ၂၂၇ ။ | ၇။ |
| ၄၃။ | ရာဂဝေရိဇေ | ။ | ရောဂဝေရိဇေ | ။ ၂၃၀ ။ | ၂။ |
| ၄၄။ | သီတ | ။ | သီလ | ။ ၂၄၃ ။ | ၂၆။ |
| ၄၅။ | ပါဏာတပါတ | ။ | ပါဏာတိပါတ | ။ ၂၅၃ ။ | ၂၆။ |
| ၄၆။ | ကသ္မာပန | ။ | ယသ္မာပန | ။ ၂၆၁ ။ | ၇။ |
| ၄၇။ | သောတာဝန် | ။ | သောတာပန် | ။ ၂၇၃ ။ | ၃။ |
| ၄၈။ | ဖြစ်ရာကာလကို | ။ | ဖြစ်ခါကာလကို | ။ ၂၈၀ ။ | ၁၂။ |
| ၄၉။ | အာရုံပြုရာ အရပ် | ။ | အာရုံပြုရာ အရာ | ။ ၃၀၄ ။ | ၂၁။ |

ဤပါဠိတော်၌ ဒေါသသည်တို့ဖြင့် ဖျက်ဆီး၍ ပျက်စီးသော စိတ်ရှိသော ပုဂ္ဂိုလ်ဟူသည် အကုသိုလ်စိတ်ဖြစ်သည်မှ စိတ်ကိုမြစ်တားး၍ ကုသိုလ်နှင့်စပ်၍ စိတ်ကိုချခြင်းငှါ မတတ်နိုင်။ အကုသိုလ် စိတ်နှင့်သာ မရဏာသန္နဇော ကျ၍ သေရသောပုဂ္ဂိုလ်တည်း။ ထိုပုဂ္ဂိုလ်သည် မချွတ်အပါယ်ငရဲ စသည်သို့သာ ကျရတော့သည်သာဟူ၍ မှတ်ရာ၏။

> ယဿ အကုသလပ္ပဝတ္တိတော စိတ္တံ နိဝတ္တိတွာ ကုသလဝသေန ဩတာရေတုံ န သက္ကာ၊ ဝေ ံ အာသန္နမရဏော။
>
> ငင်းနိရယူပပတ္တိသုတ် အဋ္ဌကထာပါဠိ။

ယဿ၊ အကြင်သူအား။ အကုသလပ္ပဝတ္တိတော၊ အကုသိုလ်စိတ် ဖြစ်သည်မှ။ စိတ္တံ၊ စိတ်ကို။ နိဝတ္တိတွာ၊ နှစ်၍။ ဝါ၊ ပြန်လှည့်၍။ ကုသလဝသေန၊ ကုသိုလ်၏အစွမ်းဖြင့်။ ဩတာရေတုံ၊ သက်စေခြင်းငှါ၊ န သက္ကာ၊ မတတ်နိုင်။ ဝေ ံ၊ ဤသို့။ အာသန္နမရဏော၊ နီးသော သေခြင်းရှိသောပုဂ္ဂိုလ်တည်း။

ယင်းသို့လျှင် အလွန်အားနည်းသော မရဏာသန္န အကုသိုလ်ဇောသည်မျှလည်း အပါယ်ငရဲသို့ ပို့ဆောင်ကျရောက်စေတတ်သည်၏ အဖြစ်ကို သိရာ မှတ်ရာ၏။

တပါးလည်း ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ကာမဂုဏ် အာရုံငါးပါးတို့၌ လက်ခြေစသော အင်္ဂါ အစိတ်အစိတ်တို့ကို သာယာမက်မောခြင်း အနုဗျဉ္ဇနသာဒဂမိတ၊ မိန်းမယောကျ်ား စသည်ဖြင့် တကိုယ်လုံးကို သိမ်းကျုံးစွဲလမ်းကာ သာယာမက်မောခြင်း နိမိတ္တဿာဒ ဂမိတဟူသော သာယာမက်မောခြင်းနှစ်ပါးတို့တွင် တပါးပါးဖြင့် ငါးပါး သောအာရုံ ကာမဂုဏ်တို့ကို ခုံခုံခင်မင် ရှုမြင် ကြားနာ နမ်းရှုကာနှင့် စား ကာထိတွေ့ မက်မော၍လျှင် စုတေညစ်ညူး ဘဝကူးရသည်ဖြစ်အံ့။ ထိုသို့ သာ ယာမက်မောစဉ်အခါ စုတေရသည်ရှိသော် ငရဲ တိရစ္ဆာန် ဤနှစ်တန်သော အလားတို့တွင် တပါးပါးသောအလားသို့ မမှားမချွတ် မလွတ်နိုင်ရာ လားမြဲ သာဟု အနာဝရဏ သမန္တစက္ခု သဗ္ဗညု ဉာဏ်ေတာ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သဠာယတနသံယုတ်ပါဠိတော်၌ ဟောတော်မူသည်။

> ၁။ ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော၊ နိမိတ္တဿာဒ ဂမိတံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ အနုဗျဉ္ဇနဿာဒဂမိတံ ဝါ၊ တသ္မိံ စေ သမယေ ကာလံ ကရေယျ ဌာနမေတံ ဝိဇ္ဇတိ၊

ယံ ဒွိန္နံ တိန္နံ အညတရံ ဂတိံ ဂစ္ဆေယျ၊ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ၊ ဣမံ ခွါဟံ ဘိက္ခဝေ အာဒီနဝံ ဒိသွာ ဧဝံ ဝဒါမိ။

၂။ ဝရံ ဘိက္ခဝေ တိကျေန အယောသင်္ကုနာ အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန သောတိန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ သောတဝိညေယျေသု သဒ္ဒေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။ လ။ ဝဒါမိ။

၃။ ဝရံ ဘိက္ခဝေ တိကျေန နခစ္ဆေဒနေန အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန ဃာနိန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ ဃာနဝိညေယျေသု ဂန္ဓေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။ လ။ ဝဒါမိ။

၄။ ဝရံ ဘိက္ခဝေ တိကျေန ခုရေန အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန ဇိဝှိန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ ဇိဝှါဝိညေယျေသု ရသေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။ လ။ ဝဒါမိ။

၅။ ဝရံ ဘိက္ခဝေ တိကျာယ သတ္တိယာ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ ကာယိန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ ကာယဝိညေယျေသု ဖောဋ္ဌဗ္ဗေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။ လ။ ဝဒါမိ။

သဠာယတနသံယုတ် အာဒိတ္တသုတ်ပါဠိတော်။

၁။ ဘိက္ခဝေ၊ တို့။ တတ္တာယ၊ ရဲရဲပူသော။ အာဒိတ္တာယ၊ ရဲရဲပြောင်သော။ သမ္ပဇ္ဇလိတာယ၊ ရဲရဲညီးသော။ သဇောတိဘူတာယ၊ အလျှံနှင့်တကွ ဖြစ်သော။ အယောသလာကာယ၊ သံချောင်းဖြင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေဟု ဆိုအပ်သော မျက်စိကို။ ဝါ၊ စက္ခုန္ဒြေ၏ တည်ရာမျက်စိကို။ ဝါ၊ စက္ခုန္ဒြေနှင့် တကွ မျက်စိကို။ သမ္ပလိမဋ္ဌံ၊ ပြင်းစွာပုတ်ခတ်နှိပ်စက်ခြင်းသည်။ ဝရံ၊ ကောင်း မြတ်၏။ စက္ခုဝိညေယျေသု၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ရူပေသု၊ အဆင်းဟူသော ရူပါရုံတို့၌။ အနုဗျဉ္ဇနသော၊ အစိတ်အားဖြင့်။ ဝါ၊ အစိတ် ရှိသော။ နိမိတ္တဂ္ဂါဟော၊ သုဘနိမိတ်ကို ယူခြင်းသည်။ နတွေဝ ဝရော၊ မကောင်း မြတ်သည်သာတည်း။ ဘိက္ခဝေ၊ တို့။ နိမိတ္တဿာဒဂဓိတံ ဝါ၊ ကိုယ်လုံး ကောင်း လုံး ပေါင်းရုံးမပြား ယောကျ်ား မိန်းမ ပျိုအိုစသော သုဘနိမိတ်ကို သာယာ သောရာဂဖြင့် ဖွဲ့အပ်သည်ဖြစ်၍ရင်း။ အနုဗျဉ္ဇနဿာဒဂဓိတံ ဝါ၊ ကြီးငယ်အင်္ဂါ အစိတ်ဖြာ၍ သာယာသောရာဂဖြင့်ဖွဲ့အပ်သည်ဖြစ်၍ရင်း။ ဝိညာဏံ၊ ကမ္မဝိညာဉ် သည်။ တိဋ္ဌမာနံ၊ တည်သည်ဖြစ်၍။ တိဋ္ဌေယျ၊ တည်ရာ၏။ တသ္မိံ သမယေ၊ ထိုအပေါင်းအစိတ် နိမိတ်အနုဗျဉ္ဇနရူပါရုံဟူသမျှ၌ သုဘသညာ သာယာတပ် စွန်းခြင်းရာဂဖြင့် ဖွဲ့တည်သောအခါ၌။ စေ၊ အကယ်၍။ ကာလံ၊ သေခြင်းကို။

ကရေယျ၊ ပြုရှငြားအံ့။ နိုရယံ ဝါ၊ ရေသို့ငင်း။ တိရစ္ဆာနယောနိံ ဝါ၊ တိရစ္ဆာန်အမျိုးသို့ငင်း။ ဒိန္နံ၊ နှစ်ပါးကုန်သော။ ဂတိနံ၊ အလားတို့တွင်။ အညတရံ၊ တပါးပါးသော။ ဂတိံ၊ အလားသို့။ ယံ ယေန ဌာနေန၊ အကြင့်ကြောင့်။ ဂစ္ဆေယျ၊ ရောက်ရာ၏။ တေံ ဌာနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ဘိက္ခဝေ၊ တို့။ ခေါ၊ စင်စစ်။ ကာမံ အာဒီနဝံ၊ ဤသို့ တပါးမက များလှစွာသော နှစ်အသိန်းတို့ပတ်လုံး အပါယ်ငရဲ၌ ခံရလတ့်သော ဆင်းရဲအပြစ်ကို။ ဒိသွာ၊ မြင်တော်မူ၍။ မြင်တော်မူသောကြောင့်။ ဧဝံ၊ ဤသို့။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ကာမံခွါပဟံ ဘိက္ခဝေ အာဒီနဝန္တိ ကာမံ အနေကာနိ ဝဿသတသဟဿာနိ နိရယေ အနုဘဝိတဗ္ဗံ ဒုက္ခံ သမ္ပဿမာနော ဧဝံ ဝဒါမိ—

ဟူ၍ ဖွင့်သောအဋ္ဌကထာနှင့်အညီ ကာမံခွါပဟံ အာဒီနဝံကို အနက်ပေးသည်။ နောက်နောက် လေးဝါရတို့၌လည်း နည်းတူများ၏။ လိင်မျှသာ ထူး၏၊အထူးမျှကိုသာ အနက်ရေးအံ့သတည်း။

၂။ ဘိက္ခဝေ၊ တို့။ အာဒိတ္တေန၊ ရဲရဲပြောင်သော။ လ။ တိကျေန၊ မြမြထက်သော။ အယောသင်္ကုနာ၊ သံတံစို့ဖြင့်။ ဝါ၊ သံတံသင်းဖြင့်။ ဝါ၊ သံမယ်နဖြင့်။ သမ္ပလိမဋ္ဌံ၊ နားနှစ်ပေါက်တွင် ထုတ်ချင်းထွင်းဖောက်၍ အောက်မြေပြင်ထက် စိုက်နှက်ခြင်းဖြင့် ပြင်းစွာနှိပ်စက်ခြင်းသည်။ ဝရံ၊ မြတ်၏။ လ။ ဝဒါမိ၊ ဟောတော်မူ၏။

အယောသင်္ကုနာတိ အယသူလေန သမ္ပလိမဋ္ဌန္တိ ဒွေပိ ကဏ္ဏဆိဒ္ဒါနိ ဝိနိဝိဇ္ဈိတွာ ပထဝိယံ အကောဋနဝသေန သမ္ပလိမဋ္ဌံ။

ဋ္ဌင်းအဋ္ဌကထာပါဠိ။

၃။ ဘိက္ခဝေ၊ တို့။ အာဒိတ္တေန၊ သော။ လ။ တိကျေန၊ သော။ နခစ္ဆေဒနေန၊ လက်သည်းစောင်း ဓားငယ်ဖြင့်။ ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေဟုဆိုအပ်သော နှာခေါင်းကို။ သမ္ပလိမဋ္ဌံ၊ သွင်း၍ကောင်ထိုး နှာခေါင်းရိုးနှင့်တကွ ဖြတ်ချခြင်းဖြင့် ပြင်းစွာနှိပ်စက်ခြင်းသည်။ ဝရံ၊ ၏။ လ။ ဝဒါမိ၊ ၏။

တတိယဝါရေ သမ္ပလိမဋ္ဌန္တိ နခစ္ဆေဒနံ ပဝေသေတွာ ဥက္ခိပိတွာ သဟဋ္ဌိနာ ဆိန္ဒိတွာ ပါတနဝသေန သမ္ပလိမဋ္ဌံ။

ဋ္ဌင်းအဋ္ဌကထာ။

၄။ ဘိက္ခဝေ၊ တို့။ အာဒိတ္တေန၊ သော။ လ။ တိကျေန၊ သော။ ခုရေန၊ ထင်ဓုန်းဓားငယ်ဖြင့်။ ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေဟုဆိုအပ်သောလျှာကို။ သမ္ပလိမဋ္ဌံ၊

ဖွဲ့ရာအညာအရင်းကို ဖြတ်ခြင်းဖြင့် ပြင်းစွာနှိပ်စက်ခြင်းသည်။ ဝရုံ၊ ၏။ လ။ ဝဒါမိ၊ ၏။

> စေတုတ္ထဝါရေ သမ္ပလိမင္ဂန္တိ ဗန္ဓနမူလံ ဆေတွာ ပါတနဝသေန အမ္ပလိမင္ဂံ။

ရင်းအဋ္ဌကထာ။

၅။ ဘိက္ခဝေ၊ တို့။ အာဒိတ္တံ၊ သော။ လ။ တိကျံ၊ သော။ သတ္တိယာ၊ ကြီးသေစအရိုးရှိသော ပဲခွပ်ဖြင့်။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေဟု ဆိုအပ်သော ကိုယ်ကို။ သမ္ပလိမင်္ဂ၊ အလွှာအလွှာ လှီးခွာဖြတ်ချခြင်းဖြင့် ပြင်းစွာနှိပ်စက်ခြင်းသည်။ ဝရုံ၊ ၏။ လ။ ဝဒါမိ၊ ၏။

> ပဉ္စမဝါရေ သမ္ပလိမင္ဂန္တိ တိဏှာယ သတ္တိယာ ကစ္ဆယပဿာဒိဥပ္ပါဋေတွာ ပါတနဝသေန သမ္ပလိမင္ဂံ။ သတ္တိယာတိတ္တေ မဟာတိဒဏ္ဍကဝါသိ ဝေဒိတဗ္ဗာ။

ရင်းအဋ္ဌကထာ။

ဤသုံ့ငါးဘော်၌ သာယာမက်မောသော ရာဂစိတ်ဖြင့်သေသော် ငရဲတိရစ္ဆာန် အတန်တန်ဟု ဘုရားသခင် ဟောတော်မူသော်လည်း ရာဂစိတ်ဖြင့်သာ မဟုတ်၊ ဒေါသမောဟစိတ်ဖြင့်သေသော်လည်း ငရဲတိရစ္ဆာန် အတန်တန်သာ ဟူ၍ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်။

> သမယဝသေန စေါ ဝေ ဝုတ္တံ စက္ခုဒွါရသ္မိံ ဟိ အာပါထဂတေ အာရမ္မဏေ ရတ္တစိတ္တံ ဝါ ဒုဋ္ဌစိတ္တံ ဝါ မူဠှစိတ္တံ ဝါ အာရမ္မဏရသံ အနုဘဝိတွာ ဘဝင်္ဂံ ဩတရတိ ဘဝင်္ဂေ ဌတွာ ကာလံကိရိယံ ကရောတိ၊ တသ္မိံ သမယေ ကာလံ ကရောန္တဿ ဒွေဝ ဂတိယော ပါဋိကင်္ခါ ကမ္မဿ သမယဿ ဝသေနေတံ ဝုတ္တံ။

ရင်းအဋ္ဌကထာ။

ဝါ၊ တနည်းကား။ သမယဝသေန၊ အခါ၏အစွမ်းဖြင့်။ ဝေ၊ ဤသို့ ထာယာမက်မောသောအခါ၌ သေအံ့ဟူ၍။ ဝုတ္တံ၊ ဘုရားသခင် ဟောတော်မူအပ်၏။ ဟိသစ္စံ၊ မှန်၏။ ဝါ၊ ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့၊ စက္ခုဒွါရသ္မိံ၊ စက္ခုဒွါရ၌။ အာပါထဂတေ၊ ထင်ခြင်းသို့ရောက်သော။ အာရမ္မဏေ၊ ရူပါရုံ၌။ ရတ္တစိတ္တံ ဝါ၊ တပ်သော လောဘမူစိတ်သည်ရင်း။ ဒုဋ္ဌစိတ္တံ ဝါ၊ ပြစ်မှားသော ဒေါသမူစိတ်သည်ရင်း၊ မူဠှစိတ္တံ ဝါ၊ တွေဝေသော မောဟမူစိတ်သည်ရင်း။ အာရမ္မဏရသံ၊ အာရုံ၏ အရသာကို။ အနုဘဝိတွာ၊ ခံစား၍။ ဘဝင်္ဂံ၊ ဘဝင်သို့။

ဩတရတိ၊ သက်၏။ ဘဝဂ်ေ၊ ဘဝင်အရာ၌။ ဌတွာ၊ တည်၍။ ရပ်၍။ ကာလံ ကိရိယံ၊ သေခြင်းကို။ ကရောတိ၊ ပြု၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ကာလံ၊ သေခြင်းကို။ ကရောန္တဿ၊ ပြုသောပုဂ္ဂိုလ်အား။ ဒွေဝ။ နှစ်ပါးသာလျှင် ဖြစ်ကုန်သော။ ဂတိယော၊ အလားတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ (မချွတ်ဖြစ်တတ်၏ဟူသည်။) ဣမဿ သမယဿ၊ ဤအခါ၏။ ဝသေန၊ အစွမ်းဖြင့်။ ဝါ၊ ထိုတသ္မိံ သမယေ ကာလံကရေယျ စသောကောကို။ ဝုတ္တံ၊ သမ္ဗိုပ္ပစာရ ကေတ္တနည်းအားဖြင့် ဘုရားသခင် ဟောတော်မူအပ်၏။

လောဘ ဒေါသ မောဟစိတ်ဖြစ်စဉ်အခါ သေသည်မဟုတ်၊ လောဘ ဒေါသ မောဟဇောအဆုံး၊ တဒါရုံအဆုံး၊ ဘဝင်အဆုံးတို့၌သာ သေတတ်သည် ဟုပြ၏။ ဤသို့ အဌကထာ၌ ဒေါသ မောဟ စိတ်ပါဖွင့်ပြခြင်းသည် လက္ခဏာ ဟာရနည်းဖြင့် ဟောတော်မူကြောင်းကို သိစေသည်ဟူ၍လည်း မှတ်ရာ၏။ တနည်း—ဥပလက္ခဏနည်း နိဒဿနနည်းဖြင့် ဟောတော်မူကြောင်းကို သိစေ သည်ဟူ၍လည်း မှတ်ရာ၏။

ထိုကြောင့် ဒုဂ္ဂတိပဋိသန္ဓေ နေအံ့သောသူ၏ စုတေသောခါ မရဏာသန္န ဇောတို့သည် အကုသိုလ်ဇောတို့သာ ဖြစ်ကုန်၏။ သုဂတိပဋိသန္ဓေနေအံ့သော သူ၏ စုတေသောအခါ မရဏာသန္နဇောတို့သည် ကုသိုလ်ဇောတို့သာ ဖြစ်ကုန် ၏ဟု ဝိဘင်းမူလဋီကာ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာကြီးတို့ မိန့်ဆိုဆုံးဖြတ်တော် မူကြကုန်သတည်း။

သဗ္ဗတ္ထ ပန ဒုဂ္ဂတိပဋိသန္ဓိနိန္နာယ စုတိယာ ပုရိမဇဝနာနိ အကု သလာနိ၊ ဣတရာယ စ ကုသလာနီတိ နိစ္ဆနန္တိ၊ တသ္မာ အကုသလံ ဒုဂ္ဂတိယံ ကုသလံ သုဂတိယံ ဥပနိဿယော ဟောတိ။

ပဋိစ္စသမုပ္ပါဒ ဝိဘင်းမူလဋီကာ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်။

သဗ္ဗတ္ထ ပန၊ အလုံးစုံသော ဒုဂ္ဂတိ သုဂတိ ပဋိသန္ဓေတို့၌ကား။ ဒုဂ္ဂတိ ပဋိသန္ဓိနိန္နာယ၊ ဒုဂ္ဂတိပဋိသန္ဓေသို့ညွတ်သော။ စုတိယာ၊ စုတိ၏။ ပုရိမ ဇဝနာနိ၊ ရှေးအဘို့ မရဏာသန္နဇောတို့သည်။ အကုသလာနိ၊ အကုသိုလ်ဇော တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတရာယ၊ ဤမှတပါး သုဂတိပဋိသန္ဓေသို့ ညွတ်သော စုတိ၏လည်း။ ပုရိမဇဝနာနိ၊ တို့သည်။ ကုသလာနိ၊ မဟာကုသိုလ် ဇောတို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ နိစ္ဆနန္တိ၊ ဆုံးဖြတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အကုသလံ၊ ကမ္မပထမမြောက် အလွန်အားနည်းသော မရဏာသန္န အကုသိုလ်ဇောသည်။ ဒုဂ္ဂတိယံ၊ အပါယ်ဘုံ၌။ ဥပနိဿယော၊ အားကြီးသောအကြောင်းသည်။ ဝါ၊ ဥပနိဿယ ပစ္စည်းပြုတတ်သည်။

ဟောတိ၊ ၏။ ကုသလံ၊ ကမ္မပထမမြောက် အလွန်အားနည်းသော မရဏာသန္နမဟာကုသိုလ်စေတနာသည်။ သုဂတိယံ၊ လူ နတ် သုဂတိဘုံ၌။ ဥပနိဿယော၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။

ယင်းသို့ဖြစ်၍ ပဋိသန္ဓေကို ဧကန်စင်စစ် ဖြစ်စေတတ်သော ကုသိုလ် ကံ အကုသိုလ်ကံတို့ကို ကမ္မပထတရားဟု ဟောတော်မူအပ်ကုန်၏။ ပဋိသန္ဓေကို ဧကန်စင်စစ် ဖြစ်စေတတ်သည်မဟုတ်၊ အနေကန်ဖြစ်စေတတ်ကုန်သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ကမ္မပထတရားဟု ဟောတော်မမူအပ်ကုန်ဟူ၍ မှတ်အပ်ကြောင်းကို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူ၏။

ကုသလာကုသလာပိ စ ပဋိသန္ဓိဇနကာယေဝ ကမ္မပထာ ဝုတ္တာ၊ ဝုတ္တာဝသေသာ ပဋိသန္ဓိဇနနေ အနေကန္တိကတ္တာ ကမ္မပထာတိ န ဝုတ္တာ။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဓမ္မနာနတ္တနိဒ္ဒေသအဖွင့်။

ကုသလာကုသလာပိ စ၊ ကုသိုလ် အကုသိုလ်တို့ကိုသည်း။ ပဋိသန္ဓိဇနကာယေဝ။ ပဋိသန္ဓေကို ဧကန်စင်စစ် ဖြစ်စေတတ်ကုန်သော ကုသိုလ် အကုသိုလ်တို့ကိုသာလျှင်။ ကမ္မပထာ၊ ကမ္မပထတရားတို့ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဝုတ္တာဝသေသာ၊ ကမ္မပထဟု ဟောတော်မူအပ်ကုန်သော ပါဏာတိပါတာ ဝေရမဏီစသော ကုသိုလ် အကုသိုလ်တို့မှ ကြွင်းကုန်သော ကုသိုလ် အကုသိုလ်တရားတို့ကို။ ပဋိသန္ဓိဇနနေ၊ ပဋိသန္ဓေကို ဖြစ်စေခြင်း၌။ အနေကန္တိကတ္တာ၊ ဧကန်မဟုတ် အနေကန်တို့၏ အဖြစ်ကြောင့်။ ကမ္မပထာတိ၊ တို့ဟူ၍၊ န ဝုတ္တာ၊ ဟောတော်မမူအပ်ကုန်။

ဤအဋ္ဌကထာ၏ အဓိပ္ပာယ်ကား ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရဟူသော ကာယဒုစရိုက်သုံးပါး။ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဟူသော ဝစီဒုစရိုက်လေးပါး၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူသော မနောဒုစရိုက်သုံးပါး။ ဤဆယ်ပါးသော အကုသိုလ်တရားတို့ကိုသာ အပါယ်ပဋိသန္ဓေကို ဧကန်စင်စစ် ဖြစ်စေနိုင်သောကြောင့် အကုသလကမ္မပထ၊ ၎င်း အကုသလကမ္မပထတို့မှ ကြဉ်ရှောင်ခြင်း ကုသိုလ်တရားတို့ကို သုဂတိပဋိသန္ဓေကို ဧကန်စင်စစ် ဖြစ်စေနိုင်သောကြောင့် ကုသလကမ္မပထဟူ၍ ဟောတော်မူအပ်ကုန်၏။ ထိုကမ္မပထအမည်ဖြင့် ဟောတော်အပ်ကုန်သော ကုသိုလ် အကုသိုလ်တို့မှ ကြွင်းကုန်သော ကုသိုလ် အကုသိုလ်တရားတို့ကိုကား ပဋိသန္ဓေကို ဖြစ်စေခြင်း၌ ဧကန်မဟုတ် အနေကန်ဖြစ်စေတတ်သောကြောင့် ကမ္မပထဟု ဟောတော်မမူအပ်ကုန်ဟူလိုသည်။

ထင်းအဋ္ဌကထာ၌ ကမ္မပထမြောက်သော တရားဆယ်ပါးတို့မှ ကြွင်းကုန်သော ကမ္မပထဟု ဟောတော်မမူအပ်ကုန်သော တရားတို့၏ သရုပ်ကို သုရာပါန စသော တရားတို့ဟူ၍ ရှင်း ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်၌ ထုတ်ပြဖွင့်ဆိုတော်မူသည်။

ဝုတ္တာဝသေသာတိ ကမ္မပထတော အာဝသေသာ သုရာပါနာဒယော။

ရှင်း ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပါဌ်။

ဝုတ္တာဝသေသာတိ၊ ဟူသည်ကား။ ကမ္မပထတော၊ ကမ္မပထတရားတို့မှ။ အဝသေသာ၊ ကြွင်းကုန်သော။ သုရာပါနာဒယော၊ သေသောက်ခြင်းစသော ကံတို့တည်း။

အချို့သောသူတို့သည် ဤဂဏ္ဌိပုဒ်ကိုစွဲ၍ သုရာပါနကံကို ကမ္မပထမမြောက်၊ ထိုသို့ မမြောက်သောကြောင့်လည်း အပါယ်ပဋိသန္ဓေကိုမပေးနိုင်၊ မျက်မှောက် အပြစ်မျှသာ ရှိသည်ဟု ယူမှားပြောဆိုလေ့ရှိကြကုန်၏။ သို့ပင်ဖြစ်သော်လည်း မိမိတို့အယူမျှ မတိမတ္တသာတည်း။ ဤဂဏ္ဌိပုဒ်သည် သုရာပါနကံကို ကမ္မပထ မမြောက်ဟူ၍မဆိုပေ။ ကမ္မပထဟု မဟောသည်ကိုသာ ဆိုပေ၏။ အပါယ်ပဋိသန္ဓေကို သက်သက်မပေးဟူ၍လည်း မဆိုပေ။ ပဋိသန္ဓေဖြစ်စေခြင်းအရာ၌ အနေကန်ဟူ၍သာ အဋ္ဌကထာအတိုင်းပင် ယောဇနာပေသည်၊ ကောင်းကောင်း ကြီး သတိမူကြကုန်။

ပဋိသန္ဓေကိုဖြစ်စေခြင်း၌ အနေကန်ဟူသည်ကား ဤ သုရာပါနကံသည် ဥပကာရတ္တဖြစ်မူ တပါးသော အကုသိုလ်ကံတို့သည်သာ ပဋိသန္ဓေကို ဖြစ်စေကုန်၏။ သဘာဂတ္တဖြစ်မူကား ကာမေသုမိစ္ဆာစာရကံကဲ့သို့ မိမိသည်ပင် ပဋိသန္ဓေကို ဖြစ်စေ၏။ ထို့ကြောင့် သုရာပါနကံသည် ပါဏာတိပါတစသော အကုသိုလ်ကံတို့ကဲ့သို့ ကေန်အားဖြင့် ပဋိသန္ဓေကို မဖြစ်စေ၊ အနေကန်အားဖြင့်သာ ပဋိသန္ဓေကို ဖြစ်စေတတ်၏။ ထိုသို့ကေန်မဟုတ် အနေကန်သာ ပဋိသန္ဓေကို ဖြစ်စေတတ်သဖြင့် ကမ္မပထတရားတို့၌ ကမ္မပထတပါး အသီးထား၍ဘုရားသခင် ဟောတော်မမူသောကြောင့် ဂဏ္ဌိပုဒ်ဆရာသည် ဝုတ္တာဝသေသာတိ။ လ။ သုရာပါနာဒယော—ဟူ၍မိန့်သတည်း။

သုရာပါနကံကို ကမ္မပထအတွင်း မသွင်းသည်၏အဖြစ် သဘာဂတ္တ ဥပကာရတ္တအဖြစ်ကို သိက္ခာပဒဝိဘင်းမူလဋီကာ အနုဋီကာတို့၌ ရှေးဒနာ သောမနာ လဒ္ဓဂုဏ်နှင့်တကွ ဖွင့်ပြဆုံးဖြတ်တော်မူကုန်၏။ ထိုအဆုံးအဖြတ် စကားရပ်ကို ဒိဋ္ဌိဝိသောဓနီ ဝဇိရဗုဒ္ဓိပနီ၌ ငါတို့ရေးထားပြီ၊ အလိုရှိသူတို့သည် ထိုစာအုပ်၌ ကြည့်လေကုန်၊

ဤဂဏ္ဌိပုဒ်၌ ဆာဒိသဒ္ဒါ၏အရကို ဤကခေျသည် သဘင်သည် မျက်လှည့်သည်တို့နှင့်တကွ ပွဲကြည့်သူ စစ်ဘိုက်သူ စင်ပွဲကြည့်သူစသည်တို့၏ ကမ္ဘပထ မခေမြာက်သမျှ ဒုစရိုက်အကုသိုလ်တရားတို့၏လည်း အပါယ်လေးပါးသို့ အနေကန်ဖြစ်၏။ဥပနိဿယ သတ္တိဖြင့် ဆောင်တတ် ချဘတ်သည်၏အဖြစ်ကို စင်စစ်သိသေ မှတ်လေကုန်၊ တွေ့ သက်သေချားနှင့်တကွ သိလိုကုန်လျှင်လည်း ဂတိဝိသောဓနေကျမ်း၌ အကျဉ်းမျှရေးသား ငါတို့ထုတ်၍ထားသည်ကို ကြည့်ကြလေကုန်။

ဤမျှလောက်သော စကားအစဉ်ဖြင့် ဝဇီရနိုနွယ ဝိနိစ္ဆယကျမ်းသည် အပြီးအဆုံးရောက်သတည်း။

---

နိဂုံးဂါထာ ပါဠိ အနက်

ဥဒ္ဓရိတွာ နာနာဂန္ထေဟိ၊ ကတော ဝဇီရနိုနွယော။
တေန စ တေ မိစ္ဆာဉာဏော၊ သဒါ ဇယန္တု ပဏ္ဍိတာ။

မယာ၊ ငါသည်။ နာနာဂန္ထေဟိ၊ အထူးထူးသော ပါဠိ အဋ္ဌကထာဋီကာ ဂဏ္ဌိကျမ်းတို့မှ။ ဥဒ္ဓရိတွာ၊ ထုတ်၍။ အယံ ဝဇီရနိုနွယော၊ ဤဝဇီရနိုနွယ မည်သော ဝိနိစ္ဆယကျမ်းကို။ ဝါ၊ ဝဇီရစိန်ခဲ ထိန်ထိန်ရဲသို့ မကွဲမအက် မပျက်မယွင်း မချွတ်အမှန် ဖောက်ပြန်ဝိပရိ ကင်းမရှိသော ပါဠိအဋ္ဌကထာ ဋီကာကျမ်းလာမယွင်း ဆုံးဖြတ်ခြင်းအနွတ္ထဖြင့် ဝဇီရနိုနွယမည်သော ဝိနိစ္ဆယကျမ်းကို။ ဝါ၊ ဝဇီရစိန်လက်နက် မိုးကြိုးစက်ကဲ့သို့ ဆန့်ကျင်ဘက်မူ ရန်သူပဋိပက္ခတွေ့သမျှတို့ကို ထိပ်ကဖြိုခွဲ ဝက်ဝက်ကွဲ၍ ပွဲတိုင်းကျော်အောင် ထင်ပေါ်မပြတ် အောင်မြင်တတ်သော အဆုံးအဖြတ် ဖြစ်သောကြောင့် ဝဇီရနိုနွယမည်သော ဝိနိစ္ဆယကျမ်းကို။ ကတော၊ ပြုအပ်ပြီ။ တေန၊ ထိုဝဇီရနိုနွယကျမ်းဖြင့်။ တေ မိစ္ဆာဉာဏော စ၊ ထိုပါဠိအဋ္ဌကထာ ဋီကာဂဏ္ဌိ ကျမ်းရိုးရှိကို ဝိပရိတ်ဉာဏ် ဖောက်ပြန်အယူ မိစ္ဆာမူကုန်သော ရှင်လူအပေါင်းတို့ကိုလည်း။ ပဏ္ဍိတာ၊ သုတဗုဒ္ဓ များလှကြွားမြင် ပညာသျှင်ဖြစ်ကုန်သော ဝိဒူ ဝိညူ ရှင်လူအများ ယောက်ျားကြံဘက် ဉာဏ်စက်ဝရဇိန် ကဝိဘဝိန် သုခမိန်တို့သည်။ သဒါ၊ အခါခပ်သိမ်း၊ ဇယန္တု၊ အောင်ကြစေကုန်သတည်း။ ဝါ၊ အောင်ကြစေကုန်သော်။ ဝါ၊ အောင်ကြစေခလို။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ပု ဒိ အာ နှင့် ပြည့်စုံပါလို၏။

ဝဇီ[illegible]နိုနွယ ဝိနိစ္ဆယကျမ်း အသုံးစုံပြီးပြီ။

# စာမူပေးက စာအုပ်ကောင်း-ရမည်

**စာအုပ်ရှင်က စာအုပ်အတွက် လုံးဝ ကြောင့်ကြစိုက်စရာမလို။**

စာမူကို လက်နှိပ်စက်ဖြင့် လေးမူပွားခြင်း၊ စာပေစိစစ်ရေးတင်ပြခြင်း၊ ခေတ်မီ ပန်းချီ ဒီဇိုင်း ဘလောက်များဖြင့် ရောင်စုံအဖုံးရိုက်၍ ချုပ်လုပ်ပြီး ကုန်သွယ်ရေးအစစ်ခံခြင်းအထိ အင်နှံ့သူစိတ်တိုင်းကျ တာဝန်ယူ ဆောင်ရွက်ပေးနေပြီ။

စာတည်းချုပ် ဦးသောင်းလွင် (ဘီ-အေ၊ ဓမ္မာစရိယ ဝင့်သကာ)နှင့် ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနမှ ဝါရင့်အငြိမ်းစား စာပြင်ဆရာကြီးဖြစ်သော မြန်အောင်-ဦးဘသန်း၊ ဦးတင်လှိုင် (ကျုံပျော်)တို့က ပြင်ဆင်တည်းဖြတ် ပေးဖတ်ကာ လှပသေသပ်စွာ ပုံနှိပ်ပေးနေပါပြီ။


နေလင်း ပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

## ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

မန်လည် ဆရာတော်ဘုရား ကြီး၏

တိုင်းပြု ပြည်ပြု သာသနာပြု စာပေများကို

- တိမ်းပါး မှားယွင်းခြင်း မရှိစေရန် စောင့်ရှောက်မည်။
- ပျက်စီး ချွတ်ယွင်းခြင်း မရှိစေရန် ထိန်းသိမ်းမည်။
- တိမ်မြုပ် ပျောက်ကွယ်ခြင်း မရှိစေရန် ဖော်ထုတ်မည်။
- တဦးတယောက် အမြတ်အစွန်း ရရှိရေးအတွက်မဟုတ်၊ တိုင်းပြည်နှင့် သာသနာ ကြီးပွားရေး အတွက်သာ ရိုက်နှိပ်ထုတ်ဝေမည်။

မန်လည်စာပေ–စောင့်ရှောက်ရေးအဖွဲ့

မြို့မကျောင်း–အင်းတော်မြို့။